စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ မတ်လ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် – ၉ မှ ၁၃/၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၉ / ၂၀၂၂)  ၂၀၂၂ ခုနှစ်၊ မတ်လ(၃) ရက်


| ၃-၃-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၁၉၇၀.၂ |
| စင်္ကာပူဒေါ်လာ | ၁၃၀၈.၈ |
| စတာလင်ပေါင် | ၂၃၇၈.၅ |
| ဂျပန်ယန်း (၁၀၀) | ၁၅၃၆.၄ |
| တရုတ်ယွမ် | ၂၈၁.၃၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၅၅ |
| အိန္ဒိယရူပီး | ၂၃.၄၃၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၃၁ |
| မလေးရှား ရင်းဂစ် | ၄၂၄.၇၀ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၄၁၆ |
| ထိုင်းဘတ် | ၅၄.၅၂၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၈၆၅ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- စားအုံးဆီ ထောက်ပံ့မှုကိုအတည်ပြုခြင်း (ထိုင်းနိုင်ငံ)
- ပဲတီစိမ်းတင်သွင်းမှုအပေါ် အိန္ဒိယအစိုးရက ကန့်သတ်ချက်များဖြင့် ဖြေလျှော့ပေးခြင်း
- အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၂ ခုနှစ် သီးနှံစိုက်ပျိုးထွက်ရှိနိုင်မှု ဒုတိယအကြိမ်ခန့်မှန်းချက်ထုတ်ပြန်
- ရုရှား-ယူကရိန်း ပဋိပက္ခက ဩစတြေးလျ၏ လယ်ယာစိုက်ပျိုးမှုစရိတ်များ တရိုန်ထိုးမြင့်တက်လာမှုအပေါ် ဖိအားများ တိုးလာနိုင်ခြင်း
- ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအတွက် "အထွက်နှုန်းမြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း" ဆောင်ရွက်လျက်ရှိခြင်း
- ဇီဝလုံခြုံမှုဆိုင်ရာ အထွေထွေစောင့်ကြည့်ရေး အစီအစဉ် လမ်းညွှန်ချက်များ (**General Surveillance Program Guidelines**) ထုတ်ပြန်ခြင်း
- ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးတန်ဖိုးသည် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဩစတြေးလျ ဒေါ်လာ ၈၁ ဘီလီယံ စံချိန်သစ် ရရှိနိုင်ခြင်း
- နွေဦးပွဲတော်ပြီးနောက် ဝက်ဈေးနှုန်းများ ဆက်လက်ကျဆင်းနေ (တရုတ်နိုင်ငံ)
- ဟောင်ကောင်ဒေသဆိုင်ရာ မွေးမြူရေးသတင်းများ

- **အထွေထွေသတင်းများ**

➢ ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

➢ ယူကရိန်းနိုင်ငံအတွင်း ရုရှားတပ်များ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ ရုတ်ချည်းမြင့်တက်

➢ ဘယ်လ်ဂျီယံနိုင်ငံ မြန်မာသံရုံးမှ တင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ

➢ ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေး အခြေအနေများ

➢ မဟာပင်လယ်ကွေ့ဒေသ လေကြောင်းလိုင်းသည် ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံဒေသများစွာသို့ ခရီးစဉ်လမ်းကြောင်း (၁၀၄) ကြောင်း စတင်ပြေးဆွဲမည်ဖြစ်ကြောင်း

➢ ဟောင်ကောင်ဒေသ၌ အလုပ်လက်မဲ့နှုန်း (၃.၉) ရာခိုင်နှုန်းတွင်ဆက်လက်ရှိနေခြင်း

➢ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့

➢ ဇန်နဝါရီလအတွင်း ဂျပန်၏ သွင်းကုန်တန်ဖိုး သိသိသာသာမြင့်တက်လာခဲ့ကြောင်းသိရ

➢ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

➢ ကျောက်မျက်နှင့် လက်ဝတ်ရတနာကုန်သည်များ အနေဖြင့် ၂၀၂၂ ခုနှစ်တွင် စီးပွားရေးပြန်လည် ကောင်းမွန်မည်ဟု မျှော်လင့်လျက်ရှိခြင်း (ထိုင်းနိုင်ငံ)

➢ ၂၀၂၄ ခုနှစ်တွင် မော်တော်ကားထုတ်လုပ်မှု အစီးရေ (၂) သန်းကျော် ရှိလာနိုင် ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ခန့်မှန်းခြင်း

➢ ရုရှားကယူကရိန်းနှင့် ညှိနှိုင်းမှုများပြုလုပ်မည်ဟု သဘောတူညီပြီးနောက် အမေရိကန်စတော့တန်ဖိုးများ ပြန်လည်မြင့်တက်

➢ အမေရိကန်၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရုရှားဘဏ်များအပေါ် အရေးယူသည့် ကြေညာချက်ထုတ်ပြန်

## စားအုံးဆီ ထောက်ပံ့မှုကိုအတည်ပြုခြင်း (ထိုင်းနိုင်ငံ)

၂၀၂၁/၂၀၂၂ရာသီအတွက် နိုင်ငံတော်မှကမကထပြုသော ဆီအုန်းဈေးနှုန်း အာမခံအစီအစဉ်အတွက်ဘတ်ငွေ(၇.၆၆)ဘီလီယံကို အစိုးရအဖွဲ့မှ (၂၂.၂.၂၀၂၂)ရက်နေ့တွင် အတည်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

အစိုးရ၏ဒုတိယပြောရေးဆိုခွင့်ရှိသူ Rachada Dhnadirekက အဆိုပါအစီအစဉ်ဖြင့် လယ်သမားများအတွက် ဝင်ငွေပိုမိုရရှိစေရေးဆက်လက်၍ လုပ်ဆောင်သွားရန်လိုအပ်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

လတ်ဆတ်သော ဆီအုန်းစေ့များအတွက် အာမခံဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင်(၄) ဘတ် နှုန်းဖြင့်သတ်မှတ်ခဲ့ကြောင်း၊ တစ်အိမ်ထောင်လျှင် မြေကေ(၂၅)ရိုင်(Rai) အထိ သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါ အစီအစဉ်သည် ၂၀၂၁ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ခုနှစ် ဩဂုတ်လ အထိဖြစ်ပြီး စိုက်ပျိုးသူ တောင်သူ (၃၈၀,၀၀၀) အတွက် အကျိုးရှိစေလိမ့်မည်ဖြစ်ကြောင်း သိရှိရပါ သည်။

အဆိုပါအစီအစဉ်အတွက် အကျုံးဝင်စေရန် စိုက်ပျိုးသူများအနေဖြင့် စိုက်ပျိုးရေးတိုးချဲ့မှုဌာနတွင် မှတ်ပုံတင်ရန်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေး သမဝါယမဘဏ်တွင် စာရင်းဖွင့်လှစ်ရန်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်အရ လယ်သမားများအား သတ်မှတ်စံနှုန်းဈေးအောက်သို့ ကျဆင်းသွားပါက ကွာခြားချက်ကို ပေးချေမည်ဖြစ်ကြောင်း သိရှိရပါသည်။

လတ်ဆပ်သော ဆီအုန်းစေ့ဈေးနှုန်းမှာ အာမခံချက်ထက်များစွာ မြင့်မားနေကြောင်း၊ တစ်ကီလိုဂရမ်လျှင် ပျမ်းမျှအားဖြင့် ဘတ်ငွေ(၆.၉၀) ခန့်ရှိနေသဖြင့် အဆိုပါအစီအစဉ်ကို မစဖြစ်သေးကြောင်း၊ စားသုံးမှုမြင့်မားလာမှုနှင့် ဇီဝဒီဇယ်ဆီထုတ်လုပ်ရန် လိုအပ်ချက်မြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း သူမကပြော ကြားခဲ့ပါသည်။

အခြား ဆက်စပ်တိုးတက်မှုအဖြစ် အစိုးရအဖွဲ့မှ ရာဘာလုပ်ငန်းရှင်များအား (၃%) အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးရန် ဘတ်ငွေသန်း(၆၀၀)အားအတည်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ထောက်ပံ့ကြေးအစီအစဉ်အရ ရာဘာခြောက်လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးသူများနှင့် ရာဘာလုပ်ငန်းသမဝါယမများထံမှ သဘာဝရာဘာများကို ဆွဲဆောင်ဝယ်ယူနိုင်ရန် ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရအနေဖြင့် ရာဘာလုပ်ငန်းရှင်များအား ယခုနှစ်ရာဘာရာသီတွင် သဘာဝရာဘာ

Agribusiness & Trade

တန်ချိန်(၃၅၀,၀၀၀) ဝယ်ယူစေလိုကြောင်း၊ အစိုးရအဖွဲ့မှ ရာဘာသစ်နှင့် ရာဘာလုပ်ငန်းရှင်များအား လုပ်ငန်းများချဲ့ထွင်ရန်နှင့် စက်ကရိယာများဖြင့် အဆင့်မြှင့်တင်စေလိုကြောင်း၊ ဝင်ငွေအာမခံချက် အစီအစဉ်သည် ဆန်၊ ပီလောပီနံ၊ ရာဘာ၊ ဆီအုန်းနှင့်ပြောင်း စိုက်ပျိုးသူများအား ကပ်ရောဂါကြောင့်ဖြစ်ပေါ်နေသော စီးပွားရေးအခက်အခဲများကို ကျော်လွှားနိုင်စေရန်အတွက် အရေးကြီးသောကရိယာတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post

https://www.bangkokpost.com/business/2268435/oil-palm-subsidy-approved#:~:text=The%20cabinet%20on%20Tuesday%20approved,continued%20to%20ensure%20farmers'%20income.

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

……………………………………………………………………………………

## ပဲတီစိမ်းတင်သွင်းမှုအပေါ် အိန္ဒိယအစိုးရက ကန့်သတ်ချက်များဖြင့် ဖြေလျော့ပေးခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်အတွင်း HS Code 07133190 အောက်ရှိ ပဲတီစိမ်းများအား ၃၁-၃-၂၀၂၂ နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုလျက် ၎င်းနေ့ရက်မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းများ ကို ၃၀-၆-၂၀၂၂ နေ့အထိ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ၂၀နေ့၌ ကြေညာချက်ထုတ်ပြန်ထားခဲ့ပါသည်။ ၂၀၂၁-၁၂- သို့ရာတွင် ပဲတီစိမ်းအား ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒပြင်ဆင်သတ်မှတ်ကြောင်းနှင့် ကြေညာချက် ထုတ်ပြန်ချိန်မှ လက်ငင်းအကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် S.O. )624E) ကို ၂၀၂၂-၂-၁၁ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါအိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဌာန )DGFT-၁၁သည် (၂နေ့မတိုင်မီ စာချုပ်ချုပ်ဆိုထားရှိသော အိန္ဒိယသို့ ပဲတီ ၂၀၂၂-စိမ်းတင်သွင်းမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ၂၈ ၂၀၂၂-၂-

Agribusiness & Trade

ရက်နေ့တွင် ကုန်သွယ်ရေး အသိပေးချက်အမှတ် ဖြင့် 22–2021/37လက်အောက်ဌာနများနှင့် အကောက်ခွန်ကော်မရှင်နာရုံးများသို့ ထုတ်ပြန်အကြောင်းကြားခဲ့ပါသည်။

အဆိုပါ ညွှန်ကြားစာတွင် အိန္ဒိယအစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် S.O. )624E) ထုတ်ပြန်မှုအပေါ် ၁၁ပဲတီစိမ်းတင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်ဖိုးငွေ နေ့မတိုင်မီ ၂၀၂၂-၂- အပြေပေးချေပြီးမှု၊ တစ်ပိုင်းတစ်စပေးချေထားရှိမှုနှင့် စာချုပ်စာတမ်းများအရ ငွေပေးချေရန်ကျန်မှုများ ဖော်ပြပါရှိသည့် နယ်ပယ်အသီးသီးထံမှ တောင်းဆိုချက်များကို လက်ခံရရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းများအား တင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိမှုနှင့် စပ်လျဉ်း၍ DGFT သည် အောက်ပါ စည်းကမ်းချက်များနှင့်အတူ တင်သွင်းခွင့်ပြုရန် ဖြေလျှော့ပေးလိုက်ကြောင်း ဖော်ပြထားပါသည်-

(က) တင်သွင်းခွင့်ရရှိမည့် ပမာဏသည် ၁၁ထား နေ့မတိုင်မီ ကြိုတင်ပေးချေ ၂၀၂၂-၂- သည့် ကုန်စည်တန်ဖိုးနှင့် အချိုးကျ ညီညွတ်မှုရှိရမည်။ အကယ်၍ စာချုပ်ပါ အရေအတွက်အတိုင်း ကုန်ဖိုးငွေ အပြည့်အဝပေးချေပြီးပါက ၎င်းပမာဏအတိုင်း တင်သွင်းခွင့်ရမည်ဖြစ်သည်။ အကယ်၍ တစ်ပိုင်းတစ်စသာ ငွေပေးချေပြီးပါက ၎င်းကြိုတင်ငွေနှင့် အချိုးညီသည့် ကုန်စည်ပမာဏကိုသာ ခွင့်ပြုရန် ကန့်သတ်သည်။

(ခ) စာရွက်စာတမ်း အထောက်အထားများ တင်သွင်းရာတွင် ငွေပေးချေထားကြောင်း သက်သေခံမည့် အရောင်းစာချုပ်၊ ကုန်အမှာစာ၊ ငွေလက်ခံရှိသည့်ဘဏ်မှ ထုတ်ပေးသော SWIFT transaction စနစ်ဖြင့် ငွေပေးပြေစာနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ ပါရှိရမည်။

(ဂ) ပဲတင်သွင်းရန်စာချုပ်များသည် အမိန့်ကြော်ငြာစာအမှတ် S.O. )624E) ထုတ်ပြန်သည့်နေ့ မတိုင်မီ ချုပ်ဆိုထားခြင်းဖြစ်ရမည်။ ထို့အပြင် ငွေပေးချေမှုသည်လည်း ၁၁- နေ့ မတိုင်မီ ဆောင်ရွက်ထားခြင်း ဖြစ်ရမည်။ ၂၀၂၂-၂

(ဃ) အချိုးကျတင်သွင်းမည့် ကုန်စည်ပမာဏသည် အဆိုပါအမိန့်ကြော်ငြာစာ ထုတ် ပြန်မှု မတိုင်မီ အကျိုးသက်ရောက်မှုမရှိကြောင်း တင်သွင်းခွင့်လျှောက်ထားသူက တာဝန်ယူရမည်။

(င) ယခုကဲ့သို့တင်သွင်းရန် ခွင့်ပြုချက်သည် ၂၀၂၁ ၂၀၂၂-၃-၃၁ ဘဏ္ဍာနှစ်အတွင်း ၂၂- နေ့ မတိုင်မီ သို့မဟုတ် ၎င်းနေ့ရက်နောက်ဆုံးထား၍ ထုတ်ပေးသော ကုန်ပို့လွှာ

Agribusiness & Trade

)Bill of Ladingအတွက်သာ ဖြစ်ရမည်။ သက်တမ်းတိုးမြှင့်ပေးရန် မည်သည့် ( တောင်းဆိုမှုကိုမှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

အိန္ဒိယရှိ ပဲတီစိမ်းတင်သွင်းသည့် ကုန်သည်များအနေဖြင့် အထက်ဖော်ပြပါ အရောင်းအဝယ် စာချုပ်များအတွက် Delhi, Mumbai, Kolkata, Chennai, Bengaluru, Hyderabad, Ahmedabad နှင့် Ludhiana တို့ရှိ DGFT ဒေသဆိုင်ရာရုံးများတွင် ၁၅ရက် နောက်ဆုံး ၂၀၂၂-၃-ထား၍ မှတ်ပုံတင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး ၎င်းရုံးများအနေဖြင့် အချက်အလက် ပြည့်စုံသည့် အမှုတွဲအား လက်ခံ ရရှိချိန်မှ ၃ ရက်အတွင်း ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်ပါသည်။

ယခင်လ၌ အိန္ဒိယအစိုးရက ပဲတီစိမ်းတင်သွင်းခွင့်မူဝါဒပြောင်းလဲချမှတ်ချိန်တွင် မြန်မာနိုင်ငံ ကဲ့သို့သော ပင်ရင်းဒေသများမှ ပဲတီစိမ်း တန်ချိန် ၅၀၀၀၀ ခန့်မှာ မတ်လ ၃၁ ရက်နေ့အတွင်း အိန္ဒိယ သို့ တင်ပို့ရန် ပြင်ဆင်ထားရှိပြီးဖြစ်သည်ဟု အိန္ဒိယ ပဲကုန်သည်အသိုင်းအဝိုင်း၌ ပြောဆိုကြကြောင်း၊ ယခင် ၂၀၂၀ဘဏ္ဍာနှစ်၌ အိန္ဒိယ၏ ပဲတီစိမ်းတင်သွင်းမှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁- သန်းရှိပြီး ယခု ဘဏ္ဍာနှစ်တွင် ဧပြီလမှ ၁၄.၇၇ စက်တင်ဘာလအထိ ၆ လအတွင်း တန်ဖိုး အမေရိ ကန်ဒေါ်လာ ၇၆.၉ သန်းအထိ ပဲတီစိမ်းများ တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် အိန္ဒိယ Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

Source: 1. Trade Notice No: 37/2021–22 dated 28th February 2022 of the Directorate General of Foreifn Trade of India

2. Relief for moong importers as DGFT relaxes policy to permit shipments, 1–3–2022, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………

## အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ခုနှစ် သီးနှံစိုက်ပျိုးထွက်ရှိနိုင်မှု ဒုတိယအကြိမ် ခန့်မှန်းချက်ထုတ်ပြန်

အိန္ဒိယ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေး ဝန်ကြီးဌာနသည် ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ် (ဇွန်-ဇူလိုင်) အတွက် အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မည့်အခြေအနေ

ဒုတိယအကြိမ် ခန့်မှန်းချက်ကို ၁၆၂၀၂၂-၂- နေ့၌ ထုတ်ပြန်ရာတွင် တစ်နိုင်ငံလုံး၌ ယခင်နှစ် စိုက်ပျိုးထုတ်လုပ်မှုထက် တန်ချိန် ၅ကောက်ပဲ သန်း ပိုမိုလျက် ၃၂.သီးနှံများ စုစုပေါင်းတန်ချိန် ၃၁၆ ၀၆.သန်းခန့် ထွက်ရှိနိုင်မည်ဖြစ်ပြီးကြောင်း ဖော်ပြခဲ့ပါသည်။ အဆိုပါ ပမာဏသည် ၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၀-၂၁ ခုနှစ်အထိ ၅ နှစ်ကာလအတွင်း ကောက်ပဲသီးနှံ ပျမ်းမျှထုတ်လုပ်နိုင်မှုထက် တန်ချိန် ၂၅.၃၅ သန်း ပိုမိုမည်ဖြစ်ပါသည်။

ယခုနှစ် မိုးသီးနှံရာသီ စိုက်ပျိုးထုတ်လုပ်မှုမှ ကောက်ပဲသီးနှံ တန်ချိန် ၁၅၃သန်းနှင့် ၅၄. သန်း ထွက်ရှိမည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းထား ရှိ ၅၃.၁၆၂ ဆောင်းသီးနှံစိုက်ပျိုးမှုမှ တန်ချိန် ခု ၂၁-၂၀၂၀ သည်။ သို့ဖြစ်ရာနှစ် ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက မိုးသီးနှံတွင် ၂% ခန့်နှင့် ဆောင်း သီးနှံ၌ ၁၅.% ခန့် တိုးတက်မှုရှိပြီး စုစုပေါင်းထုတ်လုပ်မှုတွင် ၁၇.% တိုးတက်မှုရရှိမည်ဖြစ်သည်။

၂၀၂၁ခုနှစ် ဆန်စပါးထုတ်လုပ်မှု ၂၂- ခန့်မှန်းချက်မှာ တန်ချိန် ၁၂၇၉၃. သန်းဖြစ်ရာ ယခင် နှစ်ထက် ၃၅၆. သန်းပိုမိုမည်ဖြစ်ပြီး လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း ပျမ်းမျှ ဆန်စပါး ထုတ် လုပ်နိုင်မှုထက် တန်ချိန် ၁၁၄၉. သန်း ပိုမိုကြောင်းတွေ့ရှိရသည်။ အလားတူ ဂျုံစိုက်ပျိုးထုတ် လုပ်မှုကို ယခင်နှစ်ထက် တန်ချိန် ၁သန်း ပိုမိုလျက် အထွက် ၇၃.တန်ချိန်ပေါင်း ၁၁၁သန်း ရရှိ ၃၂. ရန်အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ယခင် ၅ နှစ်ကာလ ပျမ်းမျှ ဂျုံစိုက်ပျိုး ထွက်ရှိမှုမှာ တန်ချိန် ၁၀၃၈၈. သန်း ဖြစ်ရာ ယခုခန့်မှန်းချက်မှာ တန်ချိန် ၇၄၄. သန်း ပိုမို တိုးတက်မည်ဖြစ်သည်။ အခြားနှံစားသီးနှံများအား တန်ချိန် ၄၉သန်း ထွက်ရှိနိုင်ကြောင်း ၈၆. သန်းခန့် လျော့နည်းမည်ဖြစ်သော် ၄၆.၁ အောက် တန်ချိန်ခန့်မှန်းထားရာ ယခင်နှစ်ထုတ်လုပ်မှု သန်း ပိုမိုနေဦးမည်ဖြစ်သည်။ ၂၈.၃ နှစ်အတွင်း ပျမ်းမျှထုတ်လုပ်မှုထက် တန်ချိန် ၅ လည်း

၂၀၂၁ခုနှစ်အတွက် ပဲမျိုးစုံထွက်ရှိနိုင်မှုအား ယခင်နှစ ၂၂-ထုတ်လုပ်မှုထက် တန်ချိန် ၁.၅ သန်း ပိုမိုလျက် စုစုပေါင်းတန်ချိန် ၂၆ သန်းအထိ ၉၆.ထွက်ရှိမည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး ဌာနက ဖော်ပြထားသည်။ သို့ဖြစ်ရာ ၅ နှစ်အတွင်း ပျမ်းမျှ စိုက်ပျိုးထုတ်လုပ်မှုထက် ပဲမျိုးစုံ တန်ချိန် ၃.၁၄ သန်း ပိုမိုတိုးတက်မှုရရှိမည်ဟု မျှော်မှန်းထားခြင်းဖြစ်သည်။

ပဲစင်းငုံအား ယခင်နှစ် စိုက်ပျိုးထုတ်လုပ်မှုအောက် တန်ချိန် ဝသန်း လျော့နည်းလျက် ၃၂. ယခုနှစ်တွင်တန်ချိန် ၄ သန်း ထွက်ရှိမည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းထားသည်။ မိုးနှင့်ဆောင်း ရာသီနှစ်ခုလုံးတွင် စိုက်ပျိုးလေ့ရှိသော မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ၂၀၂၀ခု ၂၁-နှစ်၌ ထုတ်လုပ်မှု ထက် တန်ချိန် ၀.၄၃ သန်းနှင့် ၀.၀၃ သန်း အသီးသီး ပိုမိုလျက် ယခု ၂၀၂၁ သီးနှံစိုက်ပျိုးရေးနှစ် တွင် ၂၂- တန်ချိန် ၂.၆၆ သန်းနှင့် ၃၀၆. သန်း ထွက်ရှိရန် ခန့်မှန်းထားသည်။ ဆောင်းသီးနှံအဖြစ်သာ

Agribusiness & Trade

စိုက်ပျိုးသည့် ကုလားပဲကို တန်ချိန် ၁၃၁၂. သန်း ထွက်ရှိရန် ခန့်မှန်းထားရာ ယခင်နှစ်ကထက် တန်ချိန် ၁၂၁. သန်း ပိုမိုမည်ဖြစ်သည်။ ထို့အတူ ပဲနီလေးကိုလည်း ယခင်နှစ်ထက် တန်ချိန် ၀ ၀၉. သန်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း တွေ့ရှိရသည်။ ၅၈.၁ သန်း ပိုမိုလျက် ယခုနှစ်၌ တန်ချိန်

ဆီထွက်သီးနှံ ၉ မျိုး စိုက်ပျိုးထုတ်လုပ်မှုအား ယခင်နှစ်ထက် တန်ချိန် ၁–၂၀၂၁ သန်းပိုမို၍ ၂. သန်း ရရှိနိုင်ကြောင်း၊ ကြံစိုက်ပျိုးမှုမှာလည်း ၁၅.၃၇ ခုနှစ်၌ အထွက်ပမာဏ တန်ချိန် ၂၂ သန်းအထိ ထွက်ရှိနိုင် ၀၄.၄၁၄ သန်းပိုမိုပြီး စုစုပေါင်းတန်ချိန် ၆၄.၈ ယခင်နှစ်ထက် တန်ချိန် ကြောင်း၊ သို့ရာတွင် ဝါဂွမ်းထုတ်လုပ်မှုမှာ ၁၇၀ ကီလိုဂရမ်ဝင် ဘေထုပ်ပေါင်း ၃၄သန်း ခန့် ၀၆. သန်းခန့် လျော့နည်းဖွယ် ၁၈.၁ ခုနှစ် ထုတ်လုပ်မှုပမာဏအောက် ဘေထုပ် ၂၁–၂၀၂၀ ထွက်ရှိပြီး သန်း ၂၁.၀ ကီလိုဂရမ်ဝင် ဘေထုပ် ၁၈၀ ရှိကြောင်း၊ ဂုန်လျှော်စိုက်ပျိုးမှုမှာ ယခင်နှစ်ကထက် ပိုမိုလျက် ယခုနှစ်၌ ဘေထုပ် ၉ကာင်း အိန္ဒိယစိုက်ပျိုးရေး သန်းခန့် ထုတ်လုပ်နိုင်ဖွယ်ရှိြေ၅၇. ဝန်ကြီးဌာနက ဖော်ပြပါသည်။

Source: Second Advance Estimates of Production of Major Crops for 2021-22 Released, 16-2-2022, Press Information Bureau of India

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

## ရုရှား–ယူကရိန်း ပဋိပက္ခက ဩစတြေးလျ၏ လယ်ယာစိုက်ပျိုးမှုစရိတ်များ တရိုန်ထိုးမြင့်တက်လာမှုအပေါ် ဖိအားများ တိုးလာနိုင်ခြင်း

ဩစတြေးလျ စိုက်ပျိုးရေးကဏ္ဍက ယခုနှစ်ကို ယင်း၏အမြတ်အစွန်း အများဆုံးနှစ်များထဲမှ တစ်ခုဟုကြေညာထားသော်လည်း ယူကရိန်းနိုင်ငံရှိ ပဋိပက္ခနှင့် ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများသည် လယ်ယာစိုက်ပျိုးမှုစရိတ်များကို ဖိအားများပိုမိုတိုးလာနိုင်ကြောင်း မျှော်လင့်ရသည်။ လယ်သမားများအနေဖြင့် တွေ့ကြုံခံစားနေရလျက်ရှိသည့် ဓာတ်မြေဩဇာဈေးနှုန်း မြင့်တက်ခြင်းနှင့် ပေါင်းသတ်ဓာတုဆေး၊ ဒီဇယ်လောင်စာဆီပါဝင်သည့် ယူရီးယားကဲ့သို့သော ထုတ်ကုန်များပြတ်တောက်မှုများနှင့်အတူ ထောက်ပံ့မှုကွင်းဆက်မှာ ခက်ခဲသောအခြေအနေ သို့ရောက်ရှိနေပြီဖြစ်ပါသည်။

Agribusiness & Trade

ရုရှားနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းတွင် တန်ဖိုးနည်းမြေဩဇာများကို အဓိကပံ့ပိုးပေးနေသည့် နိုင်ငံဖြစ်ပြီး၊ သီးနှံနှင့်ထွက်ကုန်များအတွက် အဓိကအာဟာရဖြစ်သည့် ပိုတက်ဓာတ်မြေဩဇာ (Potash) ဒုတိယအကြီးဆုံး ထုတ်လုပ်သူဖြစ်သည်။ ဓာတုဗေဒနှင့် ဓာတ်မြေဩဇာများ ဈေးတက်ခြင်းနှင့်အတူ လယ်သမားများသည် ကြီးမားသောစိုက်ပျိုးစရိတ်နှင့် ရင်ဆိုင်ရလျက်ရှိပြီး၊ ဩစတြေးလျအရှေ့ပိုင်း လယ်သမားများသည် ပိုမိုကောင်းမွန်သော ရာသီဥတုကြောင့် ကြီးမားသောဆောင်းသီးနှံအထွက်နှုန်းအတွက် ပြင်ဆင်နေသော်လည်း စိုက်ပျိုးစရိတ်က မြင့်မားဆဲဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလကတည်းက အပင်ဖျန်းပေါင်းသတ်ဆေး Glyphosate ဈေးနှုန်းမှာ ၃ ဆ ခန့်မြင့်တက်ခဲ့ကြောင်းနှင့် (၁၂) လတာကာလအတွင်း ဓာတ်မြေဩဇာဈေးနှုန်းမှာ ၇၅ % မှ ၈၅ % အထိ တက်လာခဲ့ပြီး၊ လောင်စာဆီမှာ ၅၀ % နီးပါး တက်လာခဲ့ကြောင်း သိရှိရသည်။ စိုက်ပျိုးရေးကုန်ကျစရိတ်မှာ ၃၀ % ခန့်မြင့်တက်လာခဲ့ရာ နိုင်ငံအဝှမ်းရှိ စိုက်ပျိုးသူများအတွက် စရိတ်စကကြီးလာကြောင်း သိရှိရသည်။ နိုက်ထရိုဂျင် မြှင့်တင်ပေးသည့် ဓာတ်မြေဩဇာယူရီးယား၏ ကုန်ကျစရိတ်မြင့်တက်လာခြင်းသည် ဂျုံ ပြောင်းနှင့် ပဲပုပ်များအတွက် နိုင်ငံတကာ ဈေးနှုန်းကြီးမြင့်မှုတို့က အစပိုင်းတွင် တွန်းအားဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ထောက်ပံ့မှု အကျပ်အတည်းဖြစ်ပေါ်စေခဲ့သည်။

တရုတ်နိုင်ငံက ပို့ကုန်များအပေါ် ကန့်သတ်ထားပြီး၊ အီးယူနိုင်ငံများ၏ သဘာဝဓာတ်ငွေ့အကြပ်အတည်းကြောင့် ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်ခြင်းက ယူရီးယားထုတ်လုပ်မှုကို သက်ရောက်စေသည်။ Glyphosate ထောက်ပံ့မှုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးက တရုတ်နိုင်ငံအပေါ်အလွန်အမင်းမှီခိုရလျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ glyphosate ထုတ်လုပ်မှု စုစုပေါင်း၏ ၆၅ % ခန့်ကို ထုတ်လုပ်လျက်ရှိပြီး၊ ကျန် ၃၅ %ကို အမေရိကန်နိုင်ငံက ထုတ်လုပ်ခြင်းဖြစ်သည်။ သို့သော် အမေရိကန်နိုင်ငံမှာလည်း ထုတ်လုပ်မှုအတွက် ကုန်ကြမ်းများကို တရုတ်နိုင်ငံမှ တင်သွင်းရလျက်ရှိကြောင်း သိရှိရသည်။ တရုတ်နိုင်ငံတွင် မကြာသေးမီကဖြစ်ပွားခဲ့သော စွမ်းအင်အကျပ်အတည်းအပြင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် မီးခိုးမြူအဆင့်များ လျှော့ချရာတွင် အကူအညီဖြစ်စေရန် တရုတ်အစိုးရက စက်ရုံများကို ပိတ်ပစ်ခဲ့ကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ကမ္ဘာလုံးဆိုင်ရာ ဂျုံထောက်ပံ့မှုအတွက် ကြီးမားသော အင်အားကြီးနိုင်ငံများဖြစ်ကြပြီး၊ ယူကရိန်း၏ အလယ်ပိုင်းဒေသများတွင် ကောက်ပဲသီးနှံအများစုကို စိုက်ပျိုးသော်လည်း ပို့ကုန်အတွက် အရေးကြီးဆုံးဒေသမှာ တောင်ဘက်ရှိ ဆိပ်ကမ်းများဖြစ်ကြောင်း သိရှိရ

Agribusiness & Trade

သည်။ ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံစလုံးသည် ကမ္ဘာလုံးဆိုင်ရာ မုယောစပါး၊ ဂျုံ၊ပြောင်းနှင့် နေကြာဆီ ထောက်ပံ့မှုအတွက် အရေးပါသည်ဖြစ်ရာ စားနပ်ရိက္ခာဈေးများ တက်လာနိုင်ဖွယ်ရှိကြောင်း သိရှိရ သည်။

လယ်ယာစိုက်ပျိုးမှုစရိတ်စကများ မြင့်တက်လာသည်နှင့်အမျှ ဩစတြေးလျ စိုက်ပျိုးသူများ က ဓာတုဗေဒပစ္စည်းများနှင့် ဓာတုဓာတ်မြေဩဇာများအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်မည့် နည်းလမ်းများကို ပိုမိုရှာဖွေလာကြကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………

## ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်သူများအတွက် "အထွက်နှုန်း မြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း" ဆောင်ရွက်လျက်ရှိခြင်း

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကောက်ပဲသီးနှံစိုက် တောင်သူများသည် နိုင်ငံအ ဆင့်ပျမ်းမျှစိုက်ပျိုးမှုထက် ငါးဆခန့်ရှိသော ဂျုံသီးနှံအမြောက်အမြားကို စိုက်ပျိုးသည့်အလေ့အထ ရှိပြီး၊ မကြာသေးမီနှစ်များအတွင်း ဂျုံသီးနှံအထွက်နှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ တောင်ပိုင်းဩစတြေးလျပြည်နယ် Rendelsham တွင် ဂျုံအထွက်နှုန်းမှာ တစ်ဧကလျှင် ၁၁.၇ တန် ရရှိနေပြီး၊ ယင်းသို့ အထွက်နှုန်းမြင့်တက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ "အထွက်နှုန်းမြင့်မား သော ကောက်ပဲသီးနှံစီမံကိန်း" ၏ ပံ့ပိုးမှုကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ကောက်ပဲသီးနှံသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ကော်ပိုရေးရှင်း၏ ရန်ပုံငွေဖြင့် သုတေသန ပြုထားသည့်နေရာသည် မိုးရွာသွန်းမှုမြင့်မားသောဒေသများ၏ အလားအလာကို အမြင့်ဆုံးဖြစ်စေ ရန်အတွက် ရည်ရွယ်ပါသည်။ ဩစတြေးလျနိုင်ငံတစ်ဝှမ်းရှိ နေရာ(၅) ခုတွင် မိုးရွာသွန်းမှုမြင့်မား သော သီးနှံစိုက်ပျိုးသည့်ဒေသများ၏ အလားအလာကို မည်သို့မည်ပုံ မြှင့်တင်ရန် သုတေသနပြု လျက်ရှိကြောင်း သိရှိရသည်။

စီမံကိန်းဦးဆောင်သူ၏ ပြောကြားချက်အရ ဒေသအတွင်း အထွက်နှုန်းအများဆုံး၊ ဈေး အသက်သာဆုံး၊ ရေရှည်တည်တံ့မှုအရှိဆုံး စိုက်ပျိုးနိုင်သော မျိုးစိတ်များကိုရှာဖွေရန် ဂျုံနှင့် မုယော စပါး စမ်းသပ်စိုက်ပျိုးထားသည့် အကွက် (၁၀၀၀) ခန့်ရှိကြောင်း သိရှိရသည်။ စီမံကိန်း၏ ဦးစားပေး

လုပ်ဆောင်ရမည့်အချက်မှာ အအေးပို၍ စိုစွတ်သောရာသီဥတုနှင့် လိုက်ဖက်သော မျိုးကွဲများကို ရှာဖွေရန်ဖြစ်သည်။

သုတေသီများသည် ရာသီဥတုနှင့် ကိုက်ညီသော ဥရောပမျိုးကွဲများကို စိုက်ပျိုးထားကြပြီး၊ ယခုနှစ် ပထမဆုံးအကြိမ် စမ်းသပ်မှုတွင် ပြင်သစ်မုယောစပါးသည် တစ်ဧကလျှင် (၁၀) တန်နှင့် ဂျုံအထွက်နှုန်း တစ်ဧကလျှင် (၁၂) တန်ကျော်ထွက်ရှိကြောင်း သိရှိရသည်။ စီးပွားဖြစ်မထုတ်လုပ်ရသေးသော်လည်း စိုက်ပျိုးသူများအနေဖြင့် အားတက်စရာရလဒ်များကို မြင်တွေ့နေရပြီဖြစ်သည်။

ထို့အပြင် ကုန်ကျစရိတ်လျှော့ချခြင်းသည် အထွက်နှုန်းမြင့်မားသော သီးနှံစီမံကိန်း၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည်။ အထွက်နှုန်းတိုးရန် နိုင်ထရိုဂျင်ပမာဏများစွာကို အသုံးပြုရသည်ဖြစ်ရာဓာတ်မြေဩဇာဈေးများ ကြီးမြင့်လာသည်နှင့်အမျှ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာနိုင်သည်။ စိုက်ပျိုးသူအများစုသည် ၎င်းတို့အနေဖြင့် ကိုင်တွယ်နိုင်ရန် ကောက်ပဲသီးနှံအပင်များကို တိုတောင်းပြီး၊ သန်မာစေရန် အပင်အားတိုးဆေးများဖြန်းသည့်အပြင် မှိုသတ်နည်းမျိုးစုံကိုလည်း အားကိုးလျက်ရှိကြောင်း သိရှိရသည်။

ကောက်ပဲသီးနှံစိုက်ပျိုးသူများ အမှန်တကယ်လိုအပ်သော အထွက်နှုန်းမြင့်မားခြင်း၊ ရောဂါခံနိုင်ရည်ရှိရုံသာမက ရေရှည်ရပ်တည်နိုင်စွမ်းတို့ကို ယခုဆောင်ရွက်လျက်ရှိသော "အထွက်နှုန်းမြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း" မှ ရရှိရန် မျှော်မှန်းထားကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

...........................................................................................

## ဇီဝလုံခြုံမှုဆိုင်ရာ အထွေထွေ စောင့်ကြည့်ရေး အစီအစဉ် လမ်းညွှန်ချက်များ (General Surveillance Program Guidelines) ထုတ်ပြန်ခြင်း

ဩစတြေးလျ စိုက်ပျိုးရေးနှင့် အရင်းအမြစ်စီးပွားရေးနှင့် သိပ္ပံဗျူရို (Australian Bureau of Agricultural and Resource Economics and Sciences – ABARES) က ၁၆-၂-၂၀၂၂ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ဇီဝလုံခြုံရေးအတွက် လမ်းညွှန်ချက်များသည် အထွေထွေစောင့်ကြည့်ရေး အစီအစဉ်၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုကိုပံ့ပိုးနိုင်ရန် လက်တွေ့ကျသော ထိုးထွင်းအမြင်များကို ပြဋ္ဌာန်းထားသည်။

Agribusiness & Trade

ABARES အမှုဆောင်ဒါရိုက်တာ Dr.Jared Greenville က စောင့်ကြည့်ရေး အစီအစဉ်သည် ဩစတြေးလျနိုင်ငံ၏ ဇီဝလုံခြုံရေးစနစ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး၊ ဩစတြေးလျ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်နှင့် လူနေမှုဘဝပုံစံအတွက် ဇီဝလုံခြုံရေးအန္တရာယ်များကို လျှော့ချရန်ပံ့ပိုး ပေးသည်ဟု ပြောကြားခဲ့သည်။

အထွေထွေစောင့်ကြည့်ရေးအစီအစဉ်များသည် ပိုးမွှားများ၊ ပေါင်းပင်များနှင့် ရောဂါအသစ် များကို ရှာဖွေတွေ့ရှိနိုင်ပြီး၊ ရှိပြီးသားအရာများ မည်သို့ပျံ့နှံ့သွားသည်ကို နားလည်နိုင်မည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် ထူးခြားဆန်းပြားသော ပိုးမွှားများ၊ ပေါင်းပင်များနှင့် ရောဂါများကင်းစင် ကြောင်း အထောက်အထားများ ပံ့ပိုးပေးခြင်းဖြင့်လည်း အရေးကြီးသော ဈေးကွက်များသို့ဝင် ရောက်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

ဤလမ်းညွှန်ချက်များကို အစီအစဉ်ညှိနှိုင်းရေးမှူးများ၊ အထွေထွေစောင့်ကြည့်ရေးအစီ အစဉ်များနှင့်ပတ်သက်သော မူဝါဒရေးရာ ဆုံးဖြတ်ချက်များချသူများနှင့် ရန်ပုံငွေပံ့ပိုးသူများ၊ အစီ အစဉ်များကို စောင့်ကြည့်အကဲဖြတ်ရန် တာဝန်ရှိသူများအတွက် အဆင့်မြင့်အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန် ရေးဆွဲထားကြောင်း သိရှိရသည်။ အစီအစဉ်များသည် ကဏ္ဍအသီးသီးရှိ ဖြစ်ရပ်လေ့ လာမှု (၉) ခုအပေါ် အခြေခံပြီး၊ အထွေထွေစောင့်ကြည့်ရေး အစီအစဉ်များမည်သို့လုပ်ဆောင်ရမည် ကို လက်တွေ့ကျသော ထိုးထွင်းအမြင်များ ပံ့ပိုးပေးထားသည်။

လမ်းညွှန်ချက်များသည် အထွေထွေစောင့်ကြည့်ရေးအစီအစဉ်များ၏ အမျိုးမျိုးသော ရှုထောင့်များနှင့် ၎င်းတို့အချင်းချင်း အပြန်အလှန်တုံ့ပြန်ပုံနှင့် ပိုမိုကျယ်ပြန့်သော အကြောင်းအရာ တို့ကို ထည့်သွင်းစဉ်းစားထားပြီး၊ လမ်းညွှန်ချက်များ ထုတ်ပြန်ရခြင်း ရည်ရွယ်ချက်မှာ ၎င်းတို့သည် ပိုမိုအောင်မြင်ပြီး၊ ကုန်ကျစရိတ်သက်သာသော အထွေထွေစောင့်ကြည့်ရေး အစီအစဉ်များကို ပံ့ပိုး ပေးနိုင်ရန်ဖြစ်ကြောင်း သိရှိရသည်။

အထွေထွေစောင့်ကြည့်ရေး အစီအစဉ်များအတွက် လမ်းညွှန်ချက်များကို https://www.awe.gov.au/abares/research-topics/social-sciences/making-general-surveillance-work/guidelines တွင် ကြည့်ရှုနိုင်ပါသည်။

Source: www.awe.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………….

Agribusiness & Trade

## ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးတန်ဖိုးသည် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဩစတြေးလျဒေါ်လာ ၈၁ ဘီလီယံ စံချိန်သစ် ရရှိနိုင်ခြင်း

ဩစတြေးလျ စိုက်ပျိုးရေးနှင့် အရင်းအမြစ်စီးပွားရေးနှင့် သိပ္ပံဗျူရို (Australian Bureau of Agricultural and Resource Economics and Sciences –ABARES) က လယ်ယာစိုက်ပျိုးရေးတန်ဖိုးသည် ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ဩစတြေးလျဒေါ်လာ ၈၁ ဘီလီယံအထိ ရောက်ရှိရန်မျှော်လင့်ထားပြီး၊ ယင်းမှာ ယမန်နှစ်က သတ်မှတ်ထားသော ယခင်စံချိန်ထက် ဒေါ်လာ ၁၂ ဘီလီယံကျော်မြင့်တက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စံချိန်တင် ကောက်ပဲသီးနှံရိတ်သိမ်းမှုနှင့် ဩစတြေးလျ ထုတ်ကုန်များအတွက် ၃၂ နှစ်အတွင်း အမြင့်ဆုံးဈေးရရှိမှုကြောင့် တန်ဖိုးမြင့်တက်လာခြင်း ဖြစ်သည်ဟု ABARES က ယူဆထားသည်။ ABARES အမှုဆောင်ဒါရိုက်တာ Jarred Greenville က ယမန်နှစ်က ထူးခြားသောနှစ်ဖြစ်ခဲ့ပြီး၊ ယခုနှစ်က ဩစတြေးလျ လယ်ယာစိုက်ပျိုးရေးအတွက် ပိုမိုထူးခြားသော နှစ်ဖြစ်ကာ ၂၀၂၁-၂၀၂၂ ခုနှစ်အတွက် ပျမ်းမျှလယ်ယာဝင်ငွေသည် ယခင်နှစ်ထက် သိသိသာသာ မြင့်မားလာမည်ဟု ပြောကြားခဲ့သည်။

ပျမ်းမျှအားဖြင့် လယ်ယာတစ်ခုလုံး၏ ဝင်ငွေမှာ ဩစတြေးလျဒေါ်လာ ၂၇၈,၀၀၀ အထိ ၃၄ % မြင့်တက်ခဲ့ပြီး၊ နို့နှင့် နို့ထွက်ပစ္စည်းမှာ ဩစတြေးလျဒေါ်လာ ၃၃၇,၀၀၀ အထိ ၃၅ % နှင့် ကောက်ပဲသီးနှံမှာ ဩစတြေးလျဒေါ်လာ ၅၇၂,၀၀၀ အထိ ၄၀ % မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ထုတ်လုပ်မှုစံချိန်တင်အမြင့်ဆုံးနှင့် အမြင့်ဆုံးဈေးနှုန်းများနှင့် ဝင်ငွေတိုးတက်မှုတို့က လောင်စာဆီ၊ ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းများနှင့် အလုပ်သမား စသည့်သွင်းအားစု ကုန်ကျစရိတ်၏ ဖိအားထက် သာလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယနေ့ (၁-၃-၂၀၂၂) ရက်နေ့ထုတ်ပြန်သည့် ယင်း၏နှစ်စဉ် ကုန်စည်မျှော်မှန်းချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် ABARES က ဆောင်းရာသီသီးနှံထုတ်လုပ်မှုသည် ၂၀၂၁-၂၀၂၂ ခုနှစ်အတွက် စံချိန်တင်တန်ချိန် ၆၁.၉ သန်းအထိ ရောက်ရှိခဲ့သည်ဟု ဆိုသည်။ နိုင်ငံတစ်ဝှမ်းရှိ တောင်သူလယ်သမားများသည် ၎င်းတို့၏ထွက်ကုန် ဈေးနှုန်းကြီးမြင့်မှုကြောင့် အကျိုးခံစားလျက်ရှိကြောင်း၊ ယခုအချိန်တွင် ကျွဲ၊ နွားဈေးသည် ထူးထူးခြားခြားဖြစ်နေပြီး၊ ကောက်ပဲသီးနှံဈေးမှာ အလွန်အားကောင်း

Agribusiness & Trade

လျက်ရှိသည့်အပြင် သိုးမွေးဈေးနှုန်းမှာ ကပ်ရောဂါအစကတည်းက ခိုင်မာလျက်ရှိကာ သိုးဈေးကို လည်းထိန်းထားနိုင်ခဲ့ကြောင်း သိရှိရသည်။

သို့သော် ဈေးနှုန်းနိမ့်ကျပြီး ထုတ်လုပ်မှုနည်းခြင်းကြောင့် စပျစ်ဝိုင်ထုတ်လုပ်မှုတန်ဖိုး ၂၈ % ကျဆင်းသွားခဲ့ရာ သြစတြေးလျဝိုင်အပေါ် တန်ပြန်စုပုံတင်သွင်းခွန်စည်းကြပ်ရန် တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်ကြောင့် ကျဆင်းသွားခြင်းဖြစ်သည်ဟု ABARES က ယူဆထားသည်။

Dr. Greenville က လယ်ယာကဏ္ဍသည် ကောင်းမွန်သောအချိန်များကို အကန့်အသတ်မရှိ မမျှော်လင့်နိုင်ကြောင်းနှင့် လာမည့်နှစ်တွင်ဈေးနှုန်းများ အားပျော့လာဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ လာမည့်ဘဏ္ဍာရေးနှစ်တွင် လယ်ယာထွက်ကုန် စုစုပေါင်းတန်ဖိုးသည် ဒေါ်လာ ၇၆ ဘီလီယံအထိ ၆ % ကျဆင်းရန် မျှော်မှန်းထားကြောင်းနှင့် ယင်းသည်စံချိန်တင် ဒုတိယတန်ဖိုးအမြင့်ဆုံးနှစ်ဖြစ်လာမည်ဖြစ်ပြီး၊ ၂၀၃၀ ပြည့်နှစ်တွင် သြစတြေးလျ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှဝင်ငွေ သြစတြေးလျဒေါ်လာ ဘီလီယံ ၁၀၀ ရရှိရန် အစိုးရမှ အတည်ပြုထားသော လုပ်ငန်းကဏ္ဍ ရည်မှန်းချက်ထက်လျော့နည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကွင်းစလန်ပြည်နယ်အရှေ့တောင်ဘက်နှင့် နယူးဆောက်ဝေးလ်ပြည်နယ် မြောက်ပိုင်းတို့တွင် ရေလွှမ်းမိုးမှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုကို တွက်ဆရန် စောလွန်းသေးကြောင်း၊ သို့သော် ဥရောပအရှေ့ပိုင်းရှိ ဖြစ်ရပ်များသည် စိုက်ပျိုးရေး၏ အခြေခံအချက်အပေါ်သက်ရောက်မှုရှိနိုင်ဖွယ်ရှိကြောင်း Dr. Greenville က ပြောကြားခဲ့သည်။

ကောက်ပဲသီးနှံဈေးကွက်တွင် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဂျုံတင်ပို့မှု၏ ၃၀ % ခန့်နှင့် မုယောစပါးတင်ပို့မှု၏ ၂၀ % ခန့်ရှိပြီး၊ လောလောဆယ်တွင်အမေရိကတွင် မိုးခေါင်ရေရှားအခြေအနေကြောင့် ဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း သိရှိရသည်။ မြေသြဇာနှင့် စွမ်းအင်သွင်းအားစုဈေးနှုန်းများသည် ယခုအချိန်တွင်မြင့်မားနေပြီး၊ ဆက်လက်၍ ကြာရှည်စွာ ဆက်လက်တည်ရှိနေနိုင်သည့် ပဋိပက္ခများနှင့် အနှောင့်အယှက်များ ရှိနေနိုင်သည်ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကဏ္ဍအပေါ် အဓိကသက်ရောက်မှုဖြစ်လာနိုင်ကြောင်းသိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## နွေဦးပွဲတော်ပြီးနောက် ဝက်ဈေးနှုန်းများ ဆက်လက်ကျဆင်းနေ (တရုတ်နိုင်ငံ)

တရုတ်နိုင်ငံတွင် နွေဦးပွဲတော်အားလပ်ရက်ရှည်ပြီးနောက် ပြည်တွင်းဝက်ဈေးနှုန်းများ ဆက်လက်ကျဆင်းနေပါသည်။ ဖေဖော်ဝါရီလလယ်ရောက်ရှိချိန်၌ ဝက်အရှင်များကို ရောင်းလိုအားများနေပြီး၊ ဝယ်လိုအားနည်းနေသည့်ပြဿနာမှာ ဖြေရှင်းမရနိုင်ဘဲ ဖြစ်နေဆဲဖြစ်ပါသည်။ ဖေဖော်ဝါရီလ (၁၈)ရက်နေ့ရှိ ဝက်ပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၁၂.၆၇)ယွမ်ဖြစ်ပြီး အားလပ်ရက်မတိုင်မီကထက် (၉.၆၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ရေတိုကာလတွင် တရုတ်ပြည်တွင်း ဝက်ဈေးနှုန်းဆက်လက်ကျဆင်းနေနိုင်ပြီး၊ ဈေးနှုန်းတည်ငြိမ်သွားမည်ကိုလည်း မျှော်လင့်နေကြကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.............................................................................................................................................

## ဟောင်ကောင်ဒေသသို့ တင်သွင်းလာသော အမဲသားနှင့် ဝက်သားထုပ် ပါကင်ထုပ်များအား နမူနာကောက်ယူစစ်ဆေးခဲ့ရာတွင် ကိုဗစ်–၁၉ ရောဂါပိုင်းရပ်စ်ပိုးများတွေ့ရှိခဲ့ခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသသည် ဒေသသို့ တင်သွင်းလာသော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ရန် ကြေညာခဲ့ပြီးနောက် ဘရာဇီးလ်နိုင်ငံမှ တင်သွင်းလာသော အေးခဲအမဲသားနှင့် ပိုလန်နိုင်ငံမှ တင်သွင်းလာသော အေးခဲဝက်သား ပါကင်ထုပ်တို့အား နမူနာစစ်ဆေးခဲ့ရာတွင် ကိုဗစ်–၁၉ ရောဂါ ပိုင်းရပ်စ်ပိုးများ တွေ့ရှိခဲ့ကြောင်း ၂၂–၂–၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Covid found in samples from packaging of imported pork, beef” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ကမ္ဘာ့ငွေကြေး အချက်အချာကျသည့် ဟောင်ကောင်ဒေသသည် တရုတ်ပြည်မကြီးနှင့် အလားတူ ကိုဗစ်–၁၉ ရောဂါ လုံးဝကင်းစင်ရေးနည်းဗျူဟာ ကျင့်သုံးလျက်ရှိသောကြောင့် ကိုဗစ်–၁၉ ရောဂါ အမြစ်ပြတ်ကင်းစင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအကြိမ်ကူးစက်မှုအသစ်ဖြစ်ပွားသည့် ပဉ္စမလှိုင်းမှာထိန်းချုပ်ရန်ခက်ခဲသည်ဟု ဟောင်ကောင်ဒေသ အာဏာပိုင်

များမှ ပြောကြားလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း နေ့စဉ် ကူးစက်မှုနှုန်းမှာ မြင့်မားပြီး ၂၁-၂-၂၀၂၂ ရက်နေ့တွင် ကူးစက်မှုနှုန်းမှာ (၇,၅၃၃) ဦးရှိကြောင်း၊ ဟောင်ကောင်ဒေသ အစားအစာဘေးကင်းလုံခြုံရေးစင်တာ ( The Centre for food Safety-CFS)သည် ဘရာဇီးလ်နိုင်ငံမှ ပင်လယ်ရေကြောင်းဖြင့် တင်သွင်းလာသော အေးခဲအမဲသားထုပ်များ ထည့်သွင်းထားသည့် စုစုပေါင်းတန်ချိန် (၂၉) တန်ရှိသော သေတ္တာ (၁,၁၀၀) လုံးခန့်မှ နမူနာ (၃၆) ထုပ်ယူ၍ စစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ အထုပ်များမှ နမူနာတစ်ထုပ်တွင် ပါကင်ထုပ်၏ အပြင်ဘက်အလွှာတွင် တွေ့ရှိခဲ့ရပြီး နမူနာ(၂) ထုပ်တွင် ပါကင်ထုပ်၏ အတွင်းဘက်အလွှာတွင် တွေ့ရှိခဲ့ကြောင်း၊ ထို့ပြင် ပိုလန်နိုင်ငံမှ ပင်လယ်ရေကြောင်းဖြင့် တင်သွင်းလာသော စုစုပေါင်းတန်ချိန် (၇) တန်ရှိသော အေးခဲဝက်သားသေတ္တာ (၃၀၀) ခန့်မှ နမူနာ (၁၂) ခုအား စစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

သို့ဖြစ်ရာ အဆိုပါ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့သည့်အုပ်စုမှ အေးခဲအမဲသားနှင့် ဝက်သားတို့၏ အရေပြားများအားစွန့်ပစ်ရန် သွင်းကုန်တင်သွင်းသူများအား CFS ကညွှန်ကြား ထားကြောင်း၊ CFS အနေဖြင့် အလားတူ ကုန်ပစ္စည်းများအား နမူနာယူကာ ထပ်မံ၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နှစ်လယ်ပိုင်းမှစတင်၍ အေးခဲအစားအစာများ တင်သွင်းလာမှုအပေါ် ကိုဗစ်-၁၉ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် pomfret ငါးထုပ်များတွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ တွင် cuttlefish အထုပ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါများ အသီးသီးတွေ့ရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် အရည်အစက်ကလေးများကျရာမှ ကူးစက်သောကြောင့် အစားအစာ (သို့မဟုတ်) အထုပ်၏ အပေါ်ယံလွှာတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခြင်းဖြင့် ကူးစက်နိုင်ခြင်း မရှိသောကြောင့် လူသားများအနေဖြင့် အစားအသောက်များ စားသုံးခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မရှိနိုင်ကြောင်း၊ သို့သော် ပြည်သူများအနေဖြင့် အသားစိမ်းများအား သီးခြားစီခွဲခြား၍ ကိုင်တွယ်ရန် ဒေသအာဏာပိုင်များမှ ပြောကြားထားကြောင်း၊ အစားအစာများကိုလည်း ကျက်အောင်ချက်၍ စားသုံးရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသည် အစားအစာများ တင်သွင်းသည့် မူဝါဒများကိုလည်း တရုတ်ပြည်မကြီး၏ မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အခြားနိုင်ငံများနှင့်မတူညီဘဲ အေးခဲအသားများ ထုပ်ပိုးခွံများတွင် ကိုဗစ်-၁၉ ပျံ့နှံ့မှုနှင့် ပတ်သက်၍ ကိုးကားဆောင်ရွက်လျက်ရှိကြောင်း၊ အေးခဲအသား ထုပ်ပိုးခွံများအပေါ်တွင် ကိုဗစ်-၁၉ ရောဂါများ ဗိုင်းရပ်စ်များ တွေ့ရှိခဲ့သည်ဟု တရုတ်နိုင်ငံမှ ကြေညာခဲ့ကြောင်း၊ ကုန်ပစ္စည်းများအား ငြင်းပယ်ရန် တိုက်တွန်းပြောကြားခဲ့ပြီး ပို့ကုန်တင်ပို့သူများထံမှလည်း တိုင်ကြား

Agribusiness & Trade

မှုများ လက်ခံရရှိခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြောကြားရာတွင် အစားအသောက်နှင့် ထုပ်ပိုးခွံများမှ ကိုဗစ်-၁၉ရောဂါကူး စက်မှုလမ်းကြောင်းမရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထား ပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.......................................................................................

## ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သားသတ်ရုံများ ရက်ပိုင်းအတွင်း ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ဖြစ်ပွားမှုကြောင့် မကြာမီ ကာလအတွင်းက လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ပြတ်လပ်ခဲ့ပြီးနောက် ရက်ပိုင်းအတွင်း သားသတ်ရုံများ၌ လတ်ဆတ်သောအသားများ ထုတ်လုပ်မှုသည်လည်း လျော့ကျသွားမည်ဖြစ် ကြောင်း၊ ဝက်သား၊ ကြက်သားနှင့် ဆိတ်သားများထုတ်လုပ်သည့် Sheung Shui ရှိ သားသတ်ရုံ Slaughterhouse အား ၂၆-၂-၂၀၂၂ ရက်ညလယ်ပိုင်းမှ စတင်၍ ယာယီပိတ်သိမ်းသွားမည်ဖြစ် ကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Fresh meat supply may be slashed within days as Covid shutters slaughterhouse” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ သားသတ်ရုံအား ယာယီပိတ်သိမ်းထားသော်လည်း အသားများ အားပုံမှန်ရောင်းရချနိုင်ရန် ပံ့ပိုးဖြည်းဆည်းသွားနိုင်ရန် သင့်လျော်သော လုပ်ဆောင်မှုများဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ သားသတ်ရုံ၌ လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားလေးပုံတစ်ပုံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ့ရှိခဲ့ကြောင်း တင်ပြခဲ့ပြီးနောက် လတ်ဆတ်သောအသားများကြာ ရှည်စွာဆက်လက်ပံ့ပိုးနိုင်တော့မည် မဟုတ်သောကြောင့် သားသတ်ရုံများ ယာယီပိတ်သိမ်းခြင်းဖြစ် ကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည်မကြီးမှ အသားများ အဓိကတင်သွင်းသူ Ng Fung Hong ကုမ္ပဏီသည်လည်း အလုပ်သမားများ မရှိသောကြောင့် အသားများတင်သွင်းမှု ရပ်ဆိုင်းခဲ့ရကြောင်း၊ Traders’ group Fresh Meat United ၏ Vice-chairman ဖြစ်သူ Mr. Kwan Kwok-wa ကပြောကြားရာတွင်

ဟောင်ကောင်ဒေသ၌ နေထိုင်သူများအနေဖြင့် လတ်ဆတ်သော အသားများအစား အေးခဲအသားများကို စားသုံးကြသင့်သည်ဟု အကြံပြုပြောကြားထားကြောင်း၊ ဟောင်ကောင်ဒေသ wet markets ရှိ လတ်ဆတ်သော အသားရောင်းချသူများသည် ၂၅-၂-၂၀၂၂ ရက်နေ့အထိ ဆိုင်များဆက်လက်ဖွင့်ထားဆဲဖြစ်သော်လည်း ဆိုင်များပိတ်သိမ်းရန် မကြာမီပြောကြားလာနိုင်သည့် အခြေအနေများရှိလာနိုင်ကြောင်း၊ ၂၅-၂-၂၀၂၂ ရက်နေ့တွင် ပထမဆုံးအကြိမ်ရရှိခဲ့သည့် လတ်ဆတ်သောအသားများမှာ နောက်ဆုံးအကြိမ်ရရှိခြင်း ဖြစ်သွားပြီး လက်ကျန်အားလုံး ရောင်းချ၍ကုန်သွားလျှင် ဆိုင်များပိတ်သိမ်းသွားမည်ဖြစ်သည်ဟု ရောင်းချသူတစ်ဦးမှ ပြောကြားခဲ့ကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………

## ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သားသတ်ရုံများ ယာယီပိတ်သိမ်းမည်ဖြစ်သောကြောင့် တရုတ်ပြည်မကြီးမှ သားသတ်သမားများ ခေါ်ယူရန် အကူအညီ တောင်းခံမည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ ဖြစ်ပွားမှုကြောင့် သားသတ်ရုံ၌လုပ်ကိုင်လျက်ရှိသည့် အလုပ်သမား လေးပုံတစ်ပုံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ့ရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ သားသတ်ရုံ(၂)ရုံအား ယာယီပိတ်သိမ်းမည်ဖြစ်သော ကြောင့် ဟောင်ကောင်ဒေသ အာဏာပိုင်များအနေဖြင့် တရုတ်ပြည်မကြီးမှ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သော သားသတ်သမားများအားခေါ်ယူရန် အကူညီတောင်းခံမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Butchers call for help amid slaughterhouse closure” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြ ထားပါသည်။

အဆိုပါသတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသ အာဏာပိုင်များအနေဖြင့် လတ်ဆတ်သောအစားအစာများနှင့် အသားများအား စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရန် လုပ်ငန်းများအတွက် တရုတ်ပြည်မကြီးမှ တာဝန်ရှိသူများနှင့် အတူတကွပူးတွဲ လုပ်ကိုင်လျက်ရှိကြောင်း၊ ပင်လယ်ရေကြောင်း ကုန်ပစ္စည်းပို့ဆောင်ရန် လမ်းကြောင်း (၃) ခု ဖွင့်လှစ် ပြီးနောက် တရုတ်ပြည်မကြီးမှ ကုန်

ပစ္စည်းများအား Lo Wu မှ တစ်ဆင့် ရထားဖြင့်ပို့ဆောင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသတွင်း၌ လတ်ဆတ်သော အသားများပြန်လည် ထုတ်လုပ်နိုင်ရေး ကူညီနိုင်ရန် အတွေ့ကြုံရှိပြီး ကျွမ်းကျင်သော သားသတ်သမားများအား အသုံးပြုနိုင်ရန် တရုတ်ပြည်မကြီးမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၏ အကြီးမားဆုံးဖြစ်သည့် သားသတ်ရုံဖြစ်သည့် Sheung Shui ၌ (၈၆၆) ဦးအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ကူးစက်မှု (၁၈၃) ဦး တွေ့ရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ Sheung Shui သားသတ်ရုံနှင့် ၎င်းထက်သေးငယ်သည့် အခြားသားသတ်ရုံတို့အား ကြေညာချက် ထပ်မံမထုတ်မပြန်မချင်း ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ သားသတ်ရုံများ ပိတ်သိမ်းမှုကြောင့် အသားရောင်းသည့်ဆိုင်များ ပိတ်သိမ်းရန် တွန်းအားပေးခံရမည် ဖြစ်သောကြောင့် ၎င်းတို့အတွက် ဒေသအစိုးရအနေဖြင့် ငွေကြေးထောက်ပံ့သင့်သည်ဟု များစွာသော အသားရောင်းသူများကလည်း ပြောကြားလျက်ရှိကြောင်း ရေးသားဖော်ပြ ထားပါသည်။

ဟောင်ကောင်ဒေသ၌ ကူးစက်မှုနှုန်းမှာ မြင့်တက်လျက်ရှိရာ ၂၅-၂-၂၀၂၂ ရက်နေ့ တွင်ကူးစက်မှု (၂၂,၀၀၀) ဦးရှိခဲ့ပြီး အစားအသောက်များ ပံ့ပိုးဖြည့်ဆည်းမှုမှာလည်း လျော့ကျလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌကပြောကြားရာတွင် ရှန်းကျန့်မှ ဝင်ရောက်ခွင့်ပိတ်ပင်ထားသည့် နယ်စပ်ဖြတ်ကျော် ကုန်ကားမောင်းနှင်သူ (၈၈၂) ဦး၏ (၉၀) ရာခိုင်နှုန်းမှာ ဟောင်ကောင်ဒေသမှ ယာဉ်မောင်း များဖြစ်ကြောင်း၊ အဆိုပါ တားမြစ်မှုကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများအား ကုန်းလမ်းမှတင်သွင်းမှုအပေါ် ပြင်းထန်စွာရိုက်ခတ်လျက်ရှိကြောင်း၊ ရှန်းကျန့်၏ တင်းကြပ်သည့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းသတ်မှတ်မှုများကြောင့် ယာဉ်မောင်းများစွာမှာလည်း လုပ်ငန်းမှ နုတ်ထွက်ကြမည်ဖြစ်ကြောင်း၊ ကူးစက်မှုမရှိသော ယာဉ်မောင်းများကိုပင်လျှင် ရှန်းကျန့်သို့ ဝင်ရောက်ရန် တားမြစ်ပိတ်ပင်ထားကြောင်း၊ ဟောင်ကောင်ဒေသ၏ ဝက်သားနှင့် အမဲသားရောင်းချမှု၏ (၉၀) ရာခိုင်နှုန်းမှာ နိုင်ငံပိုင် လုပ်ငန်းဖြစ်သည့် Ng Fung Hong မှ ထုတ်လုပ်ခြင်းဖြစ် ကြောင်း၊ Kowloon Beef and Mutton Merchants Association ဥက္ကဋ္ဌက ကပြောကြားရာတွင် အသားထုတ်လုပ် ရောင်းချခြင်း ရုတ်တရက် ယာယီရပ်တန့်မှုကြောင့် အသားကုန်သည်အများစုမှာ ဆုံးရှုံးမှု များရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အသားရောင်းချသူများ အနေဖြင့် ပုံမှန်ဝယ်ယူ စားသုံးသူများအပေါ် မှီခိုရောင်းချနေရသောကြောင့် ကုန်ပစ္စည်းများအပေါ် ဈေးနှုန်းမြှင့်တင်ရောင်းချရန် မဖြစ်နိုင်ကြောင်း၊ အချို့သော အသားရောင်းသည့်ဆိုင်များမှာ ၂၄-၂-၂၀၂၂ ရက်နေ့က လက်ကျန်များကို ရောင်းချခြင်းဖြစ်ပြီး ၂၅-၂-၂၀၂၂ ရက်နေ့တွင် အသားများထပ်မံရရှိခြင်း မရှိကြောင်း၊ အချို့သော အသားရောင်းသည့်ဆိုင်များမှာ

Agribusiness & Trade

အသားရရှိခြင်းမရှိသောကြောင့် ပိတ်သိမ်း သွားမည်ဖြစ်ကြောင်း၊ အမဲသားများအား(၆၀) ကျပ်သား လျှင် ဟောင်ကောင်ဒေါ်လာ (၁၀၀) မှ (၃၀၀) ဒေါ်လာအကြား ရောင်းချလျက်ရှိကြောင်း၊ စီးပွားရေး လုပ်ငန်းများ မည်သည့်အချိန်တွင် ပြန်လည်စတင်လည်ပတ်နိုင်မည်ကို မခန့်မှန်းနိုင်ကြောင်း၊ အသား ရောင်းသည့်ဆိုင်များအား (၁၀) ရက်ကြာ ပိတ်ထားလျှင် အသားရောင်းသူများအနေဖြင့် ဆိုင်ခန်း ငှားခပေးနိုင်မည် မဟုတ်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက ဝင်ငွေမှာ ထက်ဝက် ခန့် လျော့ကျလျက်ရှိကြောင်း၊ သို့ဖြစ်ရာဒေသအစိုးရအနေဖြင့် ပံ့ပိုးငွေထောက်ပံ့ သင့်ကြောင်း၊ လတ် ဆတ်သော ဝက်သားနှင့် အမဲသားများအစား အအေးခဲအသားနှင့် ငါးများကို အစားထိုး စားသုံးကြမည် ဖြစ်ကြောင်း၊ ၂၄-၂-၂၀၂၂ ရက်နေ့က တရုတ်ပြည်မကြီးမှ ဟင်းသီးဟင်းရွက် (၂,၁၀၀) တန် ဟောင် ကောင်သို့ တင်သွင်းခဲ့ကြောင်း၊ အဆိုပါပမာဏမှာ ယခင်နှစ်က နေ့စဉ်တင်သွင်းခဲ့မှု၏ (၉၀) ရာခိုင် နှုန်းရှိကြောင်း၊ အအေးခဲကြက်သားများနှင့် အသားများတင်သွင်းမှုမှာ ယခင်နှစ်က နေ့စဉ်တင်သွင်းခဲ့မှု၏ (၇၀) ရာခိုင်နှုန်းသာရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အအေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

........................................................................................................

**ရုရှား၏ စွမ်းအင်ကိုလက်နက်အဖြစ် အသုံးချရန် ကြိုးပမ်းမှုက ဥရောပကို ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်များဆီသို့ အမြန်ပြောင်းရွှေ့နိုင်ရာ သြစတြေးလျစွမ်းအင်ကဏ္ဍအတွက် အလားအလာကောင်းများဖြစ်ပေါ်စေခြင်း**

ဥရောပ ဓာတ်ငွေ့ထောက်ပံ့မှုကို ဖြတ်တောက်ရန် ရုရှား၏ ကြိုးပမ်းမှုသည် ဥရောပတိုက် ၏ ရုပ်ကြွင်းလောင်စာများမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆီသို့ အမြန်ပြောင်းသွားသည့် ရလဒ်ထွက် ပေါ်ဖွယ်ရှိကြောင်း စွမ်းအင်ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ သို့သော် ယူကရိန်းစစ်ပွဲ တွင်ရုရှားသည် စွမ်းအင်ကို အသုံးချရန်ရွေးချယ်ပါက ဥရောပသည် ရေတိုတွင် စီးပွားရေး ထိခိုက်နစ်နာ နိုင်သည်ဟု စွမ်းအင်လုပ်ငန်းကဏ္ဍ လေ့လာသုံးသပ်သူများက သတိပေးထား သည်။

ရုရှားသည် ယမန်နေ့ (၂၄-၂-၂၀၂၂) က ယူကရိန်းကို အပြည့်အဝ ကျူးကျော်ဝင်ရောက်လာ သောကြောင့် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဥရောပသို့ ရုရှားနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုကြီးကို ထိန်းချုပ်ထားနိုင်ကြောင်း စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။ ရုရှားသည် ယူကရိန်း

အပါအဝင် နိုင်ငံများကို ဖြတ်ကျော်သည့် ပိုက်လိုင်းများမှတစ်ဆင့် ဥရောပ၏ ဓာတ်ငွေ့လိုအပ်ချက်၏ ၄၀ % ခန့်ကို ထောက်ပံ့ပေးနေပြီး၊ ဥရောပနိုင်ငံများ၏ ရေနံ၏ သုံးပုံတစ်ပုံခန့်ကိုလည်း ထောက်ပံ့ပေးလျက်ရှိနေသည်။

ရုရှား၏ ရန်လိုမှုအပြီးတွင် ဂျာမနီသည် Nord Stream 2 ဟုခေါ်သော အငြင်းပွားဖွယ် ရုရှား ဓာတ်ငွေ့ပိုက်လိုင်းအတွက်ခွင့်ပြုချက်ကို ဖျက်သိမ်းလိုက်ပြီးနောက် ရုရှားသမ္မတဟောင်း ဒီမီထရီ မက်ဗီဒက်က မိုးထိအောင် ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာသည်ဟု သတိပေးခြင်းဖြင့် ဥရောပကို ကဲ့ရဲ့ပြစ်တင်ခဲ့သည်။

ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ Dr Aisbett က ဥရောပသည် ရုရှား၏စွမ်းအင် တင်သွင်းမှုအပေါ် မှီခိုနေရမှုကြောင့် ဥရောပသည် စီးပွားရေးအရ ထိခိုက်လွယ်ခြင်းမှာ သံသယအနည်းငယ်မရှိကြောင်း၊ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန် ကြိုးပမ်းမှုဖြင့် ဥရောပနိုင်ငံများသည် ၎င်းတို့၏ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို ပိတ်လိုက်ခြင်းကြောင့် မကြာသေးမီနှစ်များအတွင်း စွမ်းအင်တင်သွင်းမှုများအပေါ် မှီခိုအားထားမှု ကြီးထွားခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဖူကူရှီးမားဘေးအန္တရာယ်ကြောင့် ဂျာမနီ၏ နျူကလီးယား ဓာတ်ပေါင်းဖိုများကို ဖျက်သိမ်းရန်ဆုံးဖြတ်ချက်အတွက် နောင်တရဖွယ်ရှိကြောင်း၊ သက်ရောက်မှုများ ကြာရှည်လာပါက အထူးသဖြင့် နောက်ဆောင်းရာသီတွင် ကြီးမားပြင်းထန်သော နာကျင်မှုကို ခံစားရမည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ၏ လျှပ်စစ်ဓာတ်အားမှာ ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးဖြစ်ပြီး၊ အလွန်မြင့်မားသော ဓာတ်ငွေ့ဈေးနှုန်းများကို ထည့်သွင်းပါက အထူးသဖြင့် ပိုမိုအေးသောရာသီဥတုများတွင် စွမ်းအင်ဆင်းရဲမွဲတေမှုပြဿနာများ ရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စွမ်းအင်သုတေသီ Mr Kavonic က ယူကရိန်းမှတစ်ဆင့် ထောက်ပံ့ရေး လမ်းကြောင်းတွင် အနှောင့်အယှက်များရှိသော်လည်း ယူကရိန်းမှတစ်ဆင့် ဓာတ်ငွေ့များ ဥရောပသို့ဆက်လက် စီးဆင်းသွားမည်ကြောင်း၊ ဥရောပအနေဖြင့် သဘာဝဓာတ်ငွေ့သိုလှောင်ခြင်းနှင့် ကာတာနှင့် အမေရိကန်နိုင်ငံတို့ကဲ့သို့ ပြည်ပတင်သွင်းသူများထံမှ သဘာဝဓာတ်ငွေ့ရည်များ ဝယ်ယူခြင်းတို့ဖြင့် ယခုအခြေအနေကို စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ရုရှားက ဥရောပသို့ ဓာတ်ငွေ့ထောက်ပံ့မှု အားလုံးကို ဖြတ်တောက်လိုက်သည့် အဆိုးရွားဆုံးအခြေအနေတွင် စီးပွားရေးနှင့် အိမ်ထောင်စုများအတွက် ဆိုးရွားသော အကျိုးဆက်များ ရှိလာနိုင်ကြောင်းနှင့် နိုင်ငံတကာဓာတ်ငွေ့ဈေးနှုန်းများသည် ကြီးမားအနှောင့်အယှက်ကာလတွင် "မကြုံစဖူး" အမြင့်ဆုံးသို့ ရောက်ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

Agribusiness & Trade

ဥရောပသည် အမေရိကန်မှ ဓာတ်ငွေ့တင်သွင်းမှုဖက် လှည့်သွားနိုင်သော်လည်း အမေရိကန်သည် ရုရှား၏ ထောက်ပံ့မှုများကို အစားထိုးနိုင်သည့် စွမ်းရည်မရှိသလို မည်သည့်အခြေအနေတွင်မဆို ပိုမိုဈေးကြီးနိုင်ကြောင်း ခန့်မှန်းထားသည်။ ရုရှားသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းချမှုဝင်ငွေအပေါ် မှီခိုနေရသည်ဖြစ်ရာ ရုရှားသည် ဥရောပ၏ သဘာဝဓာတ်ငွေ့ ထောက်ပံ့မှုများကို ဖြတ်တောက်ခြင်းမှ အလွန်သိသာထင်ရှားသော ထိခိုက်မှုကို ခံရမည်ဖြစ် သည်။ ထို့အပြင် ရုရှားသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရင်းနှီးမြှုပ်နှံမှုတွင် (၂) ဆ ကျဆင်းနေသောကြောင့် စီးပွားရေးအရအားလျော့သွားနိုင်ဖွယ်ရှိနေကြောင်းနှင့် အမြင်အရ ကြံ့ခိုင်သည့် အနေအထားရှိနေသော်လည်း ဥရောပထက်ပိုမိုဆုံးရှုံးနိုင်ကြောင်း သိရှိရသည်။

ဥရောပသည် ၎င်း၏ စွမ်းအင်အမှီအခိုကင်းရေးအတွက် နှစ်ပေါင်းများစွာ အချိန်ယူရမည်ဖြစ်သော်လည်း ရုရှား၏ လုပ်ဆောင်ချက်များက ယင်းကာလကို သိသာထင်ရှားစွာ တိုတောင်းစေနိုင်ကြောင်း သိရှိရသည်။

ဥရောပသည် သဘာဝဓာတ်ငွေ့နှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများအစား ဘက်ထရီနှင့် ဟိုက်ဒရိုဂျင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ အရင်းအမြစ်များဖြင့် အစားထိုးနိုင်သောကြောင့် သြစတြေးလျသည် ဥရောပအတွက် အဓိက စွမ်းအင်ထောက်ပံ့သူဖြစ်လာနိုင်ရာ နိုင်ငံ၏ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍအတွက် အလားအလာကောင်းများ ရှိလာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………………

## အင်ဒိုနီးရှား နည်းပညာကုမ္ပဏီကြီးက သြစတြေးလျတွင် ပထမဆုံး Technology Hub တည်ထောင်ခြင်း

အင်ဒိုနီးရှားနည်းပညာကုမ္ပဏီကြီးBukalapak သည်ဗစ်တိုးရီးယားပြည်နယ်၊ မဲလ်ဘုန်းမြို့တွင် ကုမ္ပဏီ၏ ပထမဆုံးသော နိုင်ငံတကာအခြေစိုက်စခန်းဖြစ်သည့် Technology Hub တစ်ခုကို ထူထောင်လျက်ရှိကြောင်း သိရှိရသည်။ Bukalapak သည် အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးစာရင်းဝင်

နည်းပညာကုမ္ပဏီဖြစ်ပြီး၊ ၎င်း၏ Online နှင့် Offline Platforms သုံးစွဲသူ သန်း ၁၀၀ ကျော်ကိုဝန်ဆောင်မှုပေးလျက်ရှိသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

Technology Hub သည် ကြီးမားသောဒေတာ၊ Internet of Things နှင့် ဉာဏ်ရည်တုကို အဓိကထားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းသည် အသေးစား၊ မိသားစုပိုင် စီးပွားရေး လုပ်ငန်းများကို အွန်လိုင်းတွင်ရောင်းချရန် Bukalapak ၏ လုပ်ငန်းလည်ပတ်မှုကို ပံ့ပိုးကူညီမည်ဖြစ်သည်။

Bukalapak ၏ ဥက္ကဋ္ဌ Teddy Oetomo က မဲလ်ဘုန်း၏ နည်းပညာဂေဟစနစ်သည် Bukalapak အတွက် Technology Hub တည်ထောင်ရန် အကောင်းဆုံးအခြေခံဖြစ်ကြောင်းနှင့် ယင်းသည် အင်ဒိုနီးရှား၏ နည်းပညာစွမ်းရည်များကို ဩစတြေးလျနှင့် ကမ္ဘာတစ်ဝှမ်းမှ နည်းပညာကျွမ်းကျင်သူများနှင့် လက်တွဲလုပ်ဆောင်နိုင်စေပါကြောင်း ပြောကြားခဲ့သည်။

Bukalapak ကုမ္ပဏီ ဩစတြေးလျနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရာတွင် လွယ်ကူချောမွေ့စေရန် Austrade က လုပ်ငန်းကဏ္ဍစွမ်းဆောင်ရည်ဆိုင်ရာ နောက်ဆုံးအချက်အလက်များ၊ အခွန်နှင့် ရင်းနှီးမြှုပ်နှံမှုမက်လုံးဆိုင်ရာ အချက်အလက်များ ထောက်ပံ့ပေးခြင်း၊ ဝန်ဆောင်မှုထောက်ပံ့သူများနှင့် မိတ်ဆက်ပေးခြင်း၊ ပြည်နယ်အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ပြီး၊ Austrade ရှိ ရင်းနှီးမြှုပ်နှံမှု ကျွမ်းကျင်သူများက Stakeholders များနှင့် မိတ်ဆက်ပေးခြင်း၊ ဩစတြေးလျစီးပွားရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အချက်အလက်များ၊ ဈေးကွက်ထောက်လှမ်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ထောက်ပံ့ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုမက်လုံးများအကြောင်း အချက်အလက်များကို ပံ့ပိုးပေးခဲ့ကြောင်း သိရှိရသည်။

မဲလ်ဘုန်းသည် ကြွယ်ဝသောနည်းပညာ၊ ဆန်းသစ်တီထွင်မှုစွမ်းရည်များနှင့် အရည်အသွေးမြင့်နည်းပညာဆိုင်ရာ စွမ်းရည်များကို ပေးဆောင်လျက်ရှိပြီး၊ ယင်းသည် Bukalapak အတွက် ကမ္ဘာ့အဆင့်မီ ဗစ်တိုးရီးယားတက္ကသိုလ်များနှင့် လက်တွဲ၍ စူးစမ်းရှာဖွေရန် အခွင့်အလမ်းများလည်း ရရှိကြောင်း သိရှိရသည်။ Bukalapak သည် ဩစတြေးလျတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်နေသော အခြားကမ္ဘာ့နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဩစတြေးလျနိုင်ငံသည် တန်ဖိုးမြင့်စီးပွားရေးလုပ်ငန်းများနှင့် ထူးထူးခြားခြား လူတစ်ဦးချင်းစီအတွက် Global Talent ဗီဇာကို အမြန်လမ်းကြောင်း ဆောင်ရွက်ပေးခြင်းနှင့် အမြဲတမ်းနေထိုင်ခွင့်ကိုပါ ပေးထားကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ဩစတြေးလျက ဟိုက်ဒရိုဂျင်အရည်များကို ကမ္ဘာ့ပထမဆုံးတင်ပို့မှုအဖြစ် ဂျပန်နိုင်ငံသို့ တင်ပို့မည်

ဩစတြေးလျက ဟိုက်ဒရိုဂျင်အရည်များကို ကမ္ဘာ့ပထမဆုံးတင်ပို့မှုအဖြစ် ဂျပန်နိုင်ငံသို့ တင်ပို့တော့မည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းသည် ဩစတြေးလျဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိ ဟိုက်ဒရိုဂျင်စွမ်းအင် ထောက်ပံ့မှုကွင်းဆက် (Hydrogen Energy Supply Chain –HESC) ရှေ့ပြေး စီမံကိန်း၏ အဓိကမှတ်တိုင် တစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းသည် ကမ္ဘာ့ပေါ်တွင် ဟိုက်ဒရိုဂျင် အရည်ကို ထုတ်ယူကာ အရည်အဖြစ် ပင်လယ်ရေကြောင်းမှ နိုင်ငံတကာဈေးကွက်သို့ ပို့ဆောင် ပေးသည့် ပထမဆုံးသော စီမံကိန်းဖြစ်သည်။

Suiso Frontier သည် ဗစ်တိုးရီးယားပြည်နယ်ဆိပ်ကမ်း Hastings မှ ဂျပန်နိုင်ငံ၊ ကိုဘေးမြို့ သို့အထူးအအေးခံထားသော ဟိုက်ဒရိုဂျင်အရည်များကို ပို့ဆောင်ပေးမည်ဖြစ်သည်။ (၁၁၆) မီတာ ရှည်သောသင်္ဘောသည် ဟိုက်ဒရိုဂျင်အရည် သယ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ပထမဆုံး တည်ဆောက်ထားသော သင်္ဘောဖြစ်ကြောင်း သိရှိရသည်။

HESC စီမံကိန်းတွင် ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့မှ ထိပ်တန်းစွမ်းအင်နှင့် အခြေခံ အဆောက်အအုံကုမ္ပဏီများ၏ လုပ်ငန်းစုတစ်ခုပါဝင်ပါပြီး၊ ယင်းတို့မှာ ကာဝါဆာကီ အကြီးစား စက်မှုလုပ်ငန်း၊ J-Power၊ အီဝါတနီကော်ပိုရေးရှင်း၊ မာရူဘဲနီကော်ပိုရေးရှင်း၊ ဆူမီတိုမိုကော်ပိုရေး ရှင်းနှင့် AGL တို့ပါဝင်သည်။ အဆိုပါစီမံကိန်းကို ဩစတြေးလျနှင့် ဂျပန်အစိုးရ၊ ဗစ်တိုးရီးယားပြည် နယ်အစိုးရတို့က ပံ့ပိုးပေးကြောင်း သိရှိရသည်။

လုပ်ငန်းစုသည် Latrobe တောင်ကြားရှိ ဩစတြေးလျစွမ်းအင်ကုမ္ပဏီ AGL ၏ Loy Yang လုပ်ငန်းနေရာတွင် ဟိုက်ဒရိုဂျင် ထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်ထားပြီး၊ စက်ရုံသည် အညို ရောင်ကျောက်မီးသွေးနှင့် ဇီဝလောင်စာများကို အသုံးပြု၍ ဟိုက်ဒရိုဂျင် ၉၉.၉၉% ကို သန့်စင်စွာ ထုတ်လုပ်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံ၊ စက်မှု၊ စွမ်းအင်နှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ဝန်ကြီးဌာန၊ ဝန် ကြီး Angus Taylorက HESC စီမံကိန်းသည် သန့်ရှင်းသောစွမ်းအင်၏ အဓိကအရင်း အမြစ်ဖြစ်လာ ရန်အလားအလာရှိပြီး၊ ယင်းသည် ဩစတြေးလျနှင့် ဂျပန်နှစ်နိုင်ငံစလုံး၏ ၂၀၅၀ ပြည့်နှစ်တွင်

Agribusiness & Trade

အသားတင် ထုတ်လွှတ်မှုသုည ပန်းတိုင်သို့ ရောက်ရှိရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စီမံကိန်းသည် လာမည့်နှစ်နှစ်အတွင်း စီးပွားဖြစ်အဆင့်စီမံကိန်းတစ်ခုအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လိုအပ်ချက်များကို သုတေသနပြုပြီး၊ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အဆင့်သို့ရောက်ရှိပါက ခန့်မှန်းခြေအားဖြင့် ကာဗွန်–ဟိုက်ဒရိုဂျင်အရည် တန်ချိန် ၂၂၅,၀၀၀ အထိထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းက ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုကို တစ်နှစ်လျှင် တန်ချိန် ၁.၈ သန်းခန့် လျှော့ချနိုင်မည်ဖြစ်ရာဓာတ်ဆီကား ၃၅၀,၀၀၀ မှ ထုတ်လွှတ်သည့် ပမာဏနှင့် ညီမျှမည်ဖြစ်သည်။

ဩစတြေးလျသည် ယင်း၏ ဟိုက်ဒရိုဂျင်စက်မှုလုပ်ငန်းကို အရှိန်မြှင့်ရန်အတွက် ဩစတြေးလျဒေါ်လာ ၁.၃ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားပြီး၊ ယင်းတွင် ဒေသတွင်း ဩစတြေးလျ၌ သန့်ရှင်းသော ဟိုက်ဒရိုဂျင်စက်မှုဇုန်များ တည်ဆောက်ရန် ဩစတြေးလျ ဒေါ်လာ ၄၆၄ သန်း ပါဝင်သည်။ ဩစတြေးလျ ဒေါ်လာသန်း ၁၅၀ တန်ဖိုးရှိ ဩစတြေးလျ သန့်ရှင်းသော ဟိုက်ဒိရိုဂျင်ကုန်သွယ်မှု အစီအစဉ် (Australian Clean Hydrogen Trade Program) ကိုဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါအစီအစဉ်သည် နိုင်ငံရပ်ခြားအစိုးရ (သို့) ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို ဘေးကင်းလုံခြုံစေမည့် ဩစတြေးလျအခြေစိုက် ဟိုက်ဒရိုဂျင် ထောက်ပံ့ရေးကွင်းဆက် စီမံကိန်းများကို ပံ့ပိုးပေးမည်ဖြစ်သည်။

Austrade သည် HESC စီမံကိန်းကို ၂၀၁၁ ခုနှစ်ကတည်းက ထိရောက်စွာ ပံ့ပိုးကူညီလျက်ရှိကြောင်း သိရှိရသည်။ Austrade သည် ဩစတြေးလျနိုင်ငံ၏ ဟိုက်ဒရိုဂျင်လုပ်ငန်းကဏ္ဍကို ပံ့ပိုးပေးလျက်ရှိပြီး၊ သန့်ရှင်းသော ဟိုက်ဒရိုဂျင်ရင်းနှီးမြှုပ်နှံမှုအတွက် ဩစတြေးလျကို ကမ္ဘာ့အဆင့်မီနေရာတစ်ခုအဖြစ်နှင့် အနာဂတ်တွင် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့သူအဖြစ် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………….

AgriBusiness & Trade

## ယူကရိန်းကို ရုရှားက ကျူးကျော်ဝင်ရောက်မှုကြောင့် သြစတြေးလျ ခေတ်ဆီဈေး တက်လာနိုင်ဖွယ်ရှိခြင်း

ယူကရိန်းနိုင်ငံကို ရုရှားကကျူးကျော်ဝင်ရောက်မှုကြောင့် ခေတ်ဆီတစ်လီတာလျှင် သြစတြေးလျဒေါ်လာ ၁.၈ မှ သြစတြေးလျဒေါ်လာ ၂.၁၀ အထိ တက်သွားနိုင်ကြောင်း ခန့်မှန်းထားကြသော်လည်း အမှီအခိုကင်းသောစွမ်းအင်နှင့် ခေတ်ငွေ့ထုတ်လွှတ်မှု လုံးဝကင်းစင်သော အမြန်လမ်းကြောင်းအပါအဝင် ကောင်းကျိုးတချို့ရရှိနိုင်ကြောင်း ABC သတင်းက ရေးသားဖော်ပြထားသည်။

လွန်ခဲ့သောနှစ်လ၊ ၂၀၂၂ ခုနှစ်အစတွင် ဆစ်ဒနီနှင့် မဲလ်ဘုန်းမြို့တို့တွင် အောက်တိန်း 95 နှင့် 98 ခေတ်ဆီတစ် လီတာလျှင် သြစတြေးလျ ဒေါ်လာ ၁.၆၀ ဖြစ်ပြီး၊ ၂၀၂၁ ခုနှစ် အစောပိုင်းတွင် တစ်လီတာလျှင် သြစတြေးလျ ဒေါ်လာ ၁.၂၀ ဖြစ်ခဲ့သည်။ ယင်းမှာ (၁၄) လအတွင်း ဒေါ်လာ ၁.၂၀ မှ ဒေါ်လာ ၁.၆၀ သို့ မြင့်တက်ခဲ့ခြင်းဖြစ်ရာ ၅၀ % ခုန်တက်ခဲ့ခြင်းဖြစ်သည်။

၁၉၇၀ ခုနှစ်များအတွင်း ခေတ်ဆီဈေးနှုန်းများတက်လာသောအခါ အများစုမှာ သြစတြေးလျထုတ်မဟုတ်သော ကားအသေးစားများဆီသို့ ပြောင်းလဲခဲ့ကြပြီး၊ သြစတြေးလျ ကားလုပ်ငန်းကျဆင်းလာမှုကိုအစပြုခဲ့သည်။ ၂၀၀၈ ခုနှစ်ဝန်းကျင်တွင် ဈေးများကျဆင်းသွားသော အခါတွင်ခေတ်ငွေ့သုံး SUV ကားများဆီသို့ ပြောင်းရွှေ့သွားကြသည်။ ၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များအစောပိုင်းများတွင် သြစတြေးလျနိုင်ငံတွင် ခေတ်ဆီလုံလောက်စွာ ဖူလုံခဲ့ပြီး၊ Bass ရေလက်ကြားတွင် ရေနံအမြောက်အမြားရှိခဲ့ရာ ပြည်တွင်း၌ သန့်စင်မှုများပြုလုပ်ခဲ့သည်။ ယနေ့ခေတ်တွင် ခေတ်ဆီ ၆၀ % ကို တင်သွင်းနေပြီး၊ ၄၀ % အနက် အများစုကို တင်သွင်းသည့်ရေနံများမှ ပြည်တွင်းတွင်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ခေတ်ဆီဈေးနှုန်းများမှာ ထောက်ပံ့နိုင်စွမ်းပေါ်မူတည်၍ နိုင်ငံတကာဈေးနှုန်းများနှင့် လိုက်၍ပြောင်းလဲလျက်ရှိသည်။ ရောင်းလိုအားမှာ ရေနံတင်ပို့သည့် နိုင်ငံကြီးများက ဈေးနှုန်းမြင့်မားနေစေရန် ရည်ရွယ်ချက်ဖြင့် သဘောတူညီချက်များချုပ်ဆိုခြင်းဖြင့် တစ်စိတ်တစ်ပိုင်းအားဖြင့် သတ်မှတ်ခံရသော်လည်း ဝယ်လက်များ၏ လျော့နည်းဝယ်ယူမှုကြောင့် ရောင်းလိုအား မြင့်မားမှုမရှိခြင်းဖြစ်သည်။ ရေနံတင်ပို့မှုအကြီးမားဆုံးနိုင်ငံများမှာ ဆော်ဒီအာရေဗျ (ရေနံစိမ်း ပို့ကုန်၏ ၁၇ %)၊ ရုရှား (၁၁ %) နှင့် အီရတ် (၇.၇ %) တို့ ဖြစ်သည်။

ရုံဖန်ရုံခါ ၎င်းတို့သည် အဆိုပါ သဘောတူညီချက်များကို ဖောက်ဖျက်လေ့ရှိကြောင်းနှင့် ၂၀၀၉ ခုနှစ်တွင် ရုရှားက မျှော်လင့်ထားသည်ထက် အဆပေါင်းများစွာ ပိုမိုဈေးကွက်ထဲသို့ ရေနံတင်ပို့ခဲ့ရာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၄၀ မှ အမေရိကန်ဒေါ်လာ ၄၀ သို့ ကျဆင်းသွားခြင်းဖြင့် အမြင့်ဆုံးဈေးနှုန်းမှာ စံချိန်တင်ထိုးကျသွားခဲ့ကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.......................................................................................

## ရုရှားက ယူကရိန်းကို ကျူးကျော်မှု မငြိမ်မသက်ဖြစ်နေချိန်တွင် The Reserve Bank of Australia က အတိုးနှုန်းကို ၀.၁ % တွင်ထိန်းထားခြင်း

ရုရှား၏ ယူကရိန်းကို ကျူးကျော်ဝင်ရောက်မှု၏ နောက်ဆက်တွဲ စီးပွားရေးကျဆင်းမှုကို စောင့်ကြည့်နေသောကြောင့် The Reserve Bank of Australia သည် ယင်း၏ အတိုးနှုန်းထားကို ၀.၁ % ထားရှိထားကြောင်း ABC သတင်းကရေးသားဖော်ပြထားသည်။ ဆိုလိုသည်မှာ စံသတ်မှတ်ထားသော တရားဝင်အတိုးနှုန်းသည် (၁၇) လအတွင်း ၀.၁ % ဖြင့် တည်ငြိမ်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်လတွင် RBA သည် မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်သောစီးပွားရေး အချက်အလက်များနှင့်ငွေကြေးဖောင်းပွမှုမြင့်တက်မှုကိုကိုးကား၍ ၎င်း၏သြစတြေးလျဒေါ်လာ ၃၅၀ ဘီလီယံတန်ဖိုးရှိ ငွေချေးစာချုပ်များ ဝယ်ယူခြင်းအစီအစဉ်ကို အပြီးသတ်ခဲ့သည်။ ဆစ်ဒနီအိမ်ရာ တန်ဖိုးများသည် (၁၇)လအတွင်း ယင်းတို့၏ပထမဆုံး အနည်းငယ်ကျဆင်းမှုကို ၀.၁ % ဖြင့်မှတ်တမ်းတင်ထားသော်လည်း နိုင်ငံတွင်းအိမ်ခြံမြေဈေးနှုန်းများသည် ပြီးခဲ့သည့်လတွင် ၀.၆ % ဖြင့် ထပ်မံမြင့်တက်ခဲ့ကြောင်း CoreLogic Data ဖော်ပြချက်များ ပေါ်ထွက်လာချိန်တွင် ၁-၃-၂၀၂၂ ရက်နေ့တွင် The Reserve Bank of Australia ၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

CoreLogic၏ သြစတြေးလျသုတေသနအကြီးအကဲ Eliza Owen က အိမ်ချေးငွေစာချုပ်ပျမ်းမျှတန်ဖိုးအဆင့်မှာ ဒေါ်လာ၁,၀၀၀ ခန့်နှင့် ညီမျှရာကျဆင်းမှုသိပ်မရှိသော်လည်း ဈေးကွက်တွင် ရောင်းသူထံမှဝယ်သူဈေးကွက်သို့ အနည်းငယ်ပြောင်းသွားသည်မှာ သေချာပါကြောင်း ပြောကြားခဲ့သည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## အချို့သောထုတ်ကုန်များအပေါ် ဩစတြေးလျ၏ကုန်သွယ်ရေးကုစားမှုအတွက် တရုတ်နိုင်ငံ၏စိန်ခေါ်မှုကို ဖြေရှင်းရန် WTO တွင် ခုံရုံးအဖွဲ့တည်ထောင်ခြင်း

ဩစတြေးလျနိုင်ငံ၏ သံမဏိကန်များ၊ ရထားဘီးနှင့် Wind Towers များအပေါ် တန်ပြန်စုပုံတင်သွင်းခွန် ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံက WTO တွင် အရေးဆိုခဲ့မှုအပေါ် ကြားနာစစ်ဆေးရန် WTO တွင် ခုံရုံးတစ်ရပ် တည်ထောင်လိုက်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၁-၃-၂၀၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယင်းကဲ့သို့ ခုံရုံးတစ်ရပ် ထူထောင်ခြင်းသည် ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကော်မတီတစ်ခုဖွဲ့စည်းရန် တရုတ်နိုင်ငံ၏ ပထမဆုံးတောင်းဆိုမှုအပြီး၊ ၂၀၂၁ ခုနှစ်၊ ဖွန်လတွင် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီးနောက် WTO အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်၏ နောက်တစ်ဆင့်ဖြစ်သည်။

ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan က "ဩစတြေးလျ၏ ကုန်သွယ်ရေးကုစားမှုစနစ်သည် အမှီအခိုကင်းပြီး၊ ပွင့်လင်းမြင်သာမှုရှိကာ ခွဲခြားမှုမရှိဘဲ စည်းမျဉ်းအခြေခံစနစ်ဖြစ်ကြောင်း၊ ဩစတြေးလျသည် WTO အဖွဲ့ရှေ့မှောက်တွင် ယင်းကိစ္စကိုအပြင်းအထန် ခုခံကာကွယ်သွားမည်ဖြစ်ကြောင်း၊ စုပုံတင်သွင်းမှုနှင့် ထောက်ပံ့တင်သွင်းမှုများအတွက် တရားဝင်ပြန်လည်ကုစားနိုင်ရန် ဆောင်ရွက်မှုမှာ WTO စည်းမျဉ်းအောက်တွင် ပေးထားသည့် အဖွဲ့ဝင်များ၏အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အရေးကြီးသောချိန်ခွင်လျှာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံသည် စည်းမျဉ်း အခြေခံသော နိုင်ငံစုံကုန်သွယ်မှုစနစ်အား ခိုင်မာစွာထောက်ခံအားပေးသူဖြစ်ပြီး၊ WTO အဖွဲ့ဝင်တိုင်းက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို WTO သို့ တင်ပြခွင့်အတွက် လေးစားပါကြောင်း၊ ဩစတြေးလျအနေဖြင့် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံထပ်မံ ဆွေးနွေးမှုများမှတစ်ဆင့် အဆိုပါကိစ္စကို ဖြေရှင်းရန် အဆင်သင့်ရှိနေကြောင်း သိရှိရသည်။

www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.......................................................................................................

## ယူကရိန်းနိုင်ငံအတွင်း ရုရှားတပ်များ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ ရုတ်ချည်းမြင့်တက်

ယူကရိန်းနိုင်ငံအတွင်းသို့ဝင်ရောက်၍ စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရုရှနိုင်ငံ၏ကြေညာချက်ထွက်ထွက်ပေါ်ခဲ့ပြီးနောက် ကမ္ဘာ့ဈေးကွက်ရှိ စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများအပါအဝင် ကမ္ဘာ့လောင်စာစွမ်းအင်ကြိုပွဲဂ်ဈေးနှုန်းများ ရုတ်ချည်းထိုးတက်သွားခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင်ယနေ့ဖြစ်ပေါ်ခဲ့သည့် ဘရန့်ရေနံစိမ်း ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက်သို့ ကျော်လွန်ရောက်ရှိမှုသည် ၂၀၁၄ ခုနှစ်ကာလနောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ဘရန့်ရေနံစိမ်းအပါအဝင် Crude Oil WTI (West Texas Intermediate) ဈေးနှုန်းများမှာလည်း တစ်ရက်အတွင်း ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ ခုန်တက်သွားခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ထို့အပြင် ရုရှစစ်တပ်များ ယူကရိန်းနယ်စပ်သို့ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးနောက် ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ ရုတ်ချည်းထိုးတက်သွားခဲ့ကြောင်း၊ ထို့အပြင် သဘာဝဓာတ်ငွေ့ဈေးနှုန်းများလည်း ၆.၁ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင်လည်း ရွှေနှုန်းများ ၃.၃ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့ပြီး ရွှေအလေးချိန် ၁ ပေါင်လျှင် ၁၉၇၀.၂၀ အထိ ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်သတင်းတွင် ဖော်ပြထားသည်။

အစောပိုင်းလများကတည်းက ရုရှနှင့် ယူရိန်းနယ်စပ်တစ်လျှောက်တွင် ရုရှတပ်များအား နေရာချထားခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၂၄ ရက်နေ့နံနက်အစောပိုင်းတွင် ရုရှတပ်များအား ယူကရိန်းနိုင်ငံအတွင်းသို့ဝင်ရောက်ရန် ရုရှသမ္မတ Vladimir Putin က အမိန့်ပေးခဲ့ကြောင်း၊ ရုရှကိုလိုလားသော ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ နယ်မြေ( ၂ ) ခု၏ ကိုယ်ပိုင်နိုင်ငံအဖြစ်သီးခြား ခွဲထွက်မှုအပေါ် ရုရှနိုင်ငံမှ အသိအမှတ်ပြုကြောင်း လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးနောက်တွင် ရုရှတပ်များ၏တိုက်ခိုက်မှုများ စတင်ပေါ်ပေါက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံ၏မြို့တော် Kiev မြို့တွင် ပေါက်ကွဲသံများကြားနေရပြီး မြို့တော်၏လေဆိပ်ကိုလည်း ပိတ်ထားလိုက်ပြီဖြစ်ကြောင်း ဒေသခံပြည်သူအများစုသည် မြို့တော်မှထွက်ခွာရန် ကြိုးစားနေကြကြောင်း ဒေသတွင်းသတင်းဌာန၏ထုတ်လွှင့်ချက်ကို သတင်းတွင် ဖော်ပြထားသည်။

ရုရှနိုင်ငံ၏တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ရုရှတို့၏ ကျူးကျော်ရန်စသည့် စစ်ပွဲသည် စတင်ခဲ့ပြီဖြစ်ကြောင်းနှင့် ရုရှတို့၏ဝင်ရောက်တိုက်ခိုက်မှုအပေါ် ရုရှသမ္မတထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ချက်ချင်းတားမြစ်ပေးရန်တောင်းဆိုကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Dmytro Kuleba

Agribusiness & Trade

က ၎င်း၏တွစ်တာစာမျက်နှာတွင်ရေးသားထားမှုအား သတင်းတွင်ဖော်ပြခဲ့သည်။ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် ရုရှနိုင်ငံ၏ဘဏ်များနှင့် တစ်ဦးချင်းပိုင်ဆိုင်မှုများအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအဆင့်အနေဖြင့် ပိတ်ဆို့မှုများအား များမကြာမီကာလအတွင်း ကျယ်ပြန့်စွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်၊ ကနေဒါ၊ ဗြိတိန်၊ ဥရောပသမဂ္ဂနှင့်ဩစတေးလျ တို့အပြင် ဂျပန်နိုင်ငံတို့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စစ်ဖြစ်နိုင်မည့်သတိပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့သော်လည်း ရုရှတပ်များက ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ရန် မျှော်လင့်မထားကြကြောင်း၊ လောင်စာစွမ်းအင်နှင့်ပတ်သက်၍ ဥရောပနိုင်ငံများနှင့်ရုရှနိုင်ငံတို့သည် တစ်ဦးကိုတစ်ဦး အမှီသဟဲပြုနေရကြောင်း၊ ရုရှနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အကြား ဆိုးရွားသည့်စစ်ရေးအခြေအနေ ဖြစ်ပေါ်နေသော်လည်း အခြေအနေများပြန်လည်တည်ငြိမ်နိုင်မည့် ကမ်းလှမ်းချက်များထွက်ပေါ်လာရန် မျှော်လင့်လျက်ရှိနေကြကြောင်း ကမ္ဘာ့အရေးလေ့လာသူ Oanda က သတင်းဌာနသို့ပြောကြားခဲ့သည်။ ထို့အပြင် ယခုစစ်ပွဲ၏ အကျိုးဆက်ကြောင့် စွမ်းအင်ကဏ္ဍအပေါ်တွင် ဆိုးကျိုးရိုက်ခတ်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြောင့် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးကွက်အပေါ်တွင် ထိခိုက်မှုများကြီးထွားလာမည်ကို ကမ္ဘာ့နိုင်ငံများကစိုးရိမ်လျက်ရှိကြကြောင်း သတင်းတွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံ၏ အခြေအနေဆိုးရွားလာသည်နှင့်အမျှ ကမ္ဘာ့လောင်စာစွမ်းအင်ဈေးကွက်အပေါ်တွင် ရိုက်ခတ်မှုများရှိလာမည်ဖြစ်ကြောင်း၊ ဥရောပနိုင်ငံအများစုသည် ရုရှနိုင်ငံမှထုတ်လုပ်သော သဘာဝဓာတ်ငွေ့အပေါ်တွင် အဓိကမှီခိုရလျက်ရှိရာ ပိတ်ဆို့မှုများကြောင့်ဖြစ်ပေါ်လာမည့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်အား သဘာဝဓာတ်ငွေ့များတင်ပို့နေသည့် အမေရိကန်နိုင်ငံက ဝင်ရောက် ဖြေရှင်းပေးနိုင်ပါက သဘာဝဓာတ်ငွေ့ ရရှိနိုင်မှုအပေါ်တွင် အထိုက်အလျောက်ပြေလည်မှု ရှိနိုင်မည်ဖြစ်ကြောင်း Wall Street Bank မှ သုသေတနပညာရှင် Goldman Sachs က ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ဘရာဇီးလ်နိုင်ငံစံတော်ချိန် နံနက် ၉ နာရီအချိန်တွင် ကမ္ဘာ့ဈေးကွက်အတွင်းရှိ WTI ရေနံစိမ်း ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉၉.၁၃ ဈေးနှုန်း ဖြစ်ပေါ်ခဲ့သဖြင့် ယခင်နေ့ကထက် ၇.၆၃ ရာခိုင်နှုန်းမြင့်တက်သွားခဲ့ကြောင်း၊ ဘရန့်ရေနံစိမ်းဈေးနှုန်းများသည် ICE platform (the Intercontinental Exchange Inc.)အပေါ်တွင် ဖြစ်ပေါ်လျက်ရှိရာ ဧပြီလ

အတွက်ကြိုပွိုင့်ရေနံစိမ်း ၁ စည်တန်ဖိုးသည် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တစ်ရက်တည်းအတွင်း ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ အဆိုပါဈေးနှုန်းရုတ်ချည်းမြင့်တက်မှုသည် ၂၀၁၄ ခုနှစ်နောက်ပိုင်းကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ရေနံစိမ်း ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၀ အထက်သို့ ကျော်လွန်သွားခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br, bloomberg.com, noticiasagricolas.com
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………………………………………

## ဘယ်လ်ဂျီယံနိုင်ငံ၏ ပြည်ပကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်တွင် မကြုံစဖူး တိုးတက်မှုရရှိခဲ့ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းခဲ့ရာမှ ပြန်လည်နာလန်ထူလာမှုနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်ပို့မှု တိုးတက်ခဲ့ခြင်းတို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ပြည်ပကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်တွင် မကြုံစဖူးတိုးတက်ခဲ့ပြီး၊ စံချိန်တင်သည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း သိရပါသည်။ ၂၀၂၀ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ပြည်ပကုန်သွယ်မှုသည် သမိုင်းဝင်ကျဆင်းခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ပြန်လည်တိုးတက်ကောင်းမွန်လာခဲ့ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားဘဏ်က ဖော်ပြထားပါသည်။

၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ပြည်ပပို့ကုန် (၇.၄) ရာခိုင်နှုန်းနှင့် သွင်းကုန် (၉.၂) ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ၂၀၀၉ ခုနှစ်၊ စီးပွားရေးကျကပ်နောက်ပိုင်း အနိမ့်ဆုံးရလာဒ်တစ်ခု ဖြစ်ခဲ့ပါသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံသည် ပို့ကုန်တင်ပို့မှု (၂၄.၅) ရာခိုင်နှုန်းနှင့် သွင်းကုန်တင်သွင်းမှုတွင် (၂၃.၇) ရာခိုင်နှုန်းတို့ဖြင့် အသီးသီးပြန်လည်တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဘယ်လ်ဂျီယံနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတိုးတက်နှုန်းသည် သမိုင်းတွင် မကြုံစဖူးသည့် နှုန်းထားဖြစ်ခဲ့ကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်က ဆိုသည်။ ထိုသို့ တိုးတက်ခဲ့သည့် အဓိကအကြောင်းရင်းမှာ ကပ်ရောဂါကြောင့် ဆိုးရွားစွာကျဆင်းခဲ့သည့် စီးပွားရေးမှ ပြန်လည်နာလန်ထူလာခြင်း၊ တွင်းထွက်လောင်စာနှင့် ဓါတုဗေဒပစ္စည်း (အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်

ဆေးများ) ကဲ့သို့သော အရေးပါသည့် ထုတ်ကုန်များ၏ စျေးနှုန်းမြင့်တက်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ စာရင်းဇယားများအရ ဘယ်လ်ဂျီယံနိုင်ငံ၊ အန့်တ်ဝပ်မြို့၌ Pfizer ၏ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်မှုသည် ၂၀၂၁ ခုနှစ်၊ ဒုတိယ သုံးလပတ်တစ်ခုတည်း၌ပင် ဘယ်လ်ဂျီယံနိုင်ငံ၏ စုစုပေါင်းပို့ကုန်ဝင်ငွေ၏ ထက်ဝက်နီးပါးကို ထည့်ဝင်အကျိုးပြုခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ပို့ကုန်/သွင်းကုန် တိုးတက်မှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ခုနှစ်၊ ကာလတူနှင့်နှိုင်းယှဉ်လျှင် ပို့ကုန် (၃၃.၈) ရာခိုင်နှုန်း၊ သွင်းကုန် (၄၁.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင်မူ ဘယ်လ်ဂျီယံနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတိုးတက်မှုမှာ ပို့ကုန် (၃၁.၅) ရာခိုင်နှုန်းနှင့် သွင်းကုန် (၃၆.၄) ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ သွင်းကုန်တိုးတက်ရသည့် အကြောင်းရင်းမှာ စွမ်းအင်စျေးနှုန်း မြင့်တက်လာမှုနှင့် ပထဝီနိုင်ငံရေးအခြေအနေများကြောင့် ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် နော်ဝေနိုင်ငံမှ ဓါတ်ငွေ့များကို ပိုမိုဝယ်ယူတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ပို့ကုန်အပိုင်းတွင် အချို့သော အစိတ်အပိုင်းများ ပြတ်လပ်မှုကြောင့် သယ်ယူပို့ဆောင်ရေးပစ္စည်းများတင်ပို့မှု အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/belgium/206519/unprecedented-growth-2021-was-record-year-for-belgian-foreign-trade

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

……………………………………………………………………………

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အီးယူ၌ ကားအသစ်ရောင်းချရမှု စံချိန်တင်ကျဆင်းခဲ့ခြင်း

ကမ္ဘာတစ်ဝန်း မိုက်ခရိုချစ်ပ် မလုံလောက်သည့်အခက်အခဲ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အီးယူရှိ ကားရောင်းချသည့်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ကားအရောင်းပြခန်းများ၌ ကားသစ်များ ဖြည့်တင်းနိုင်ရေး ရုန်းကန်နေကြရကြောင်းနှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကားသစ်ရောင်းချရမှုသည်လည်း သမိုင်းဝင်ကျဆင်းခဲ့ကြောင်း သိရပါသည်။

Agribusiness & Trade

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အီးယူရှိ ကားရောင်းချသည့်လုပ်ငန်းများမှ ကားအသစ် (၆၈၂,၅၉၆) စီး ရောင်းချခဲ့ရပြီး၊ ယခင်နှစ် ကာလတူထက် (၆) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဥရောပ မော်တော်ယာဉ်ထုတ်လုပ်သူများအသင်း (European Automobile Manufacturers Association – ACEA) က ထုတ်ပြန်ထားပါသည်။ semiconductor ရှားပါးမှုပြဿနာ ဆက်လက်ဖြစ်ပေါ်နေခြင်းသည် အီးယူတစ်ဝန်း၌ ကားရောင်းချရမှုအပေါ် ဆိုးကျိုးသက်ရောက်နေဆဲဖြစ်သည်ဟု ACEA က ဆိုသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ ကားအရောင်းလုပ်ငန်းများသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကားအသစ် (၃၃,၉၄၇) စီးသာ ရောင်းချခဲ့ရပြီး၊ ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် (၁၀) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အလားတူ အီးယူအဖွဲ့ဝင်နိုင်ငံအများစု၌ ယခုနှစ်၊ ဇန်နဝါရီလတွင် ကားသစ်ရောင်းချရမှုကျဆင်းခဲ့ပြီး၊ ဥရောပအလယ်ပိုင်း နိုင်ငံအချို့၌သာ အရောင်းမြင့်တက်ခဲ့ကြောင်း၊ ကားသစ် ရောင်းချရမှုသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလနှင့် နှိုင်းယှဉ်လျှင် ချက်သမ္မတနိုင်ငံ၌ (၉.၉) ရာခိုင်နှုန်း၊ ရိုမေးနီးယားနိုင်ငံ၌ (၅၅.၅) ရာခိုင်နှုန်းနှင့် ဆလိုဗက်ကီးယားနိုင်ငံ၌ (၇၂.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရပါသည်။

အနောက်ဥရောပနိုင်ငံများအနက် BMW၊ Mercedes Benz နှင့် Volkswagen ကားအမျိုးအစားများထုတ်လုပ်သည့် ဂျာမနီနိုင်ငံ၌သာ ကားသစ်စီးရေ (၁၈၄,၁၁၂) စီးရောင်းချခဲ့ရပြီး၊ ယခင်နှစ် ကာလတူထက် (၈.၅) ရာခိုင်နှုန်း အရောင်းမြင့်တက်ခဲ့ပါသည်။ အီးယူပြင်ပနိုင်ငံများအနက် ဗြိတိန်နိုင်ငံ၌ ကားသစ်ရောင်းချရမှု တိုးတက်ခဲ့သော်လည်း အမေရိကန်နိုင်ငံတွင် ကျဆင်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဗြိတိန်နိုင်ငံရှိ ကားအရောင်းလုပ်ငန်းများမှ ကားသစ်ရောင်းချမှုသည် ယခင်နှစ်ကထက် (၂၇.၅) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံ၌ အလားတူကာလအတွင်း ကားသစ်ရောင်းချရမှုသည် (၈.၃) ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့သည်ဟု မော်တော်ယာဉ်ဆိုင်ရာ သုတေသနလုပ်ငန်း J.D. Power က ခန့်မှန်းထားကြောင်း သိရပါသည်။

ရင်းမြစ် – (https://www.brusselstimes.com/belgium/206784/record-low-january-sales-for-new-cars)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

……………………………………………………………..

## ကာကွယ်ဆေးထိုးနှံပြီးသူ အီးယူပြင်ပနိုင်ငံသားများအတွက် ခရီးသွားကန့်သတ်ချက်များ ဖြေလျှော့သွားရန် အီးယူက ဆောင်ရွက်နေခြင်း

၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစတင်၍ အီးယူပြင်ပတတိယနိုင်ငံများမှ ခရီးသွားများ (non-essential travellers) အတွက် ခရီးသွားဆိုင်ရာ ကန့်သတ်ချက်များကို အီးယူအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ထပ်မံဖြေလျှော့သွားနိုင်ရေး အီးယူကောင်စီက လိုလားနေကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အဆိုပါခရီးသွားများ၏ တသီးပုဂ္ဂလအခြေအနေကိုသာ ထည့်သွင်းစဉ်းစား၍ ခရီးသွားလာခွင့်ပြုရေးကို အီးယူကောင်စီကဆောင်ရွက်လိုခြင်းဖြစ်ကြောင်း သိရပါသည်။

အီးယူပြင်ပနိုင်ငံသား ခရီးသည်များသည် မည်သည့်နိုင်ငံမှလာရောက်သည်ဖြစ်စေ အီးယူနယ်မြေသို့ မရောက်ရှိမီ ရက်ပေါင်း (၂၇၀) အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသူ (သို့မဟုတ်) Booster dose ထိုးနှံပြီးသူဖြစ်လျှင် ၎င်းတို့အပေါ် အီးယူအဖွဲ့ဝင်နိုင်ငံများက ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ မထားရှိရန် အီးယူကောင်စီက အကြံပြုခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ခရီးသည်အနေဖြင့် အီးယူသို့မလာမီ ရက်ပေါင်း (၁၈၀) အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူဖြစ်လျှင်လည်း ၎င်းအပေါ် ထပ်ဆောင်းကန့်သတ်ချက်များမရှိဘဲ အီးယူသို့ ဝင်ရောက်ခွင့်ပြုသင့်ကြောင်း အီးယူကောင်စီက အကြံပြုထားပါသည်။

အီးယူပြင်ပနိုင်ငံများမှ ခရီးသည်များဝင်ရောက်ခြင်းနှင့် စပ်လျဉ်းသည့် ဥရောပကော်မရှင်၏ "White list" အမည်ရှိ နိုင်ငံအမည်စာရင်းမှာ ဆက်လက်အသုံးဝင်ခြင်း ရှိ/မရှိနှင့် လူပုဂ္ဂိုလ်အခြေပြုနည်းလမ်း (person-based approach) သို့ အလုံးစုံပြောင်းလဲဆောင်ရွက်ရန် သင့်/ မသင့်ကို ကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလမကုန်မီတွင် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ထို့နောက် ဥရောပကော်မရှင်သည် ဆောင်ရွက်မည့်အခြေအနေကို အီးယူကောင်စီသို့ အစီရင်ခံတင်ပြရမည် ဖြစ်ပြီး၊ "White list" စာရင်းအားပယ်ဖျက်ရန်သင့်လျော်ပါက ယင်းအတွက် အဆိုပြုချက် တင်သွင်းရမည်ဖြစ်ကြောင်း သိရပါသည်။

လက်ရှိအချိန်တွင် အီးယူအဖွဲ့ဝင် ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် အီးယူပြင်ပခရီးသွားများ နိုင်ငံအတွင်းသို့ ဝင်ရောက်မှုဆိုင်ရာ စည်းမျဉ်းများကို ၁၈-၂-၂၀၂၂ ရက်မှစတင်၍ ပြောင်းလဲထားပြီးဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် လာရောက်မည့်ခရီးသည်၏ ပင်ရင်းနိုင်ငံဆိုင်ရာ colour codes အား ထည့်သွင်းစဉ်းစားခြင်းမပြုတော့ဘဲ ခရီးသည်၏ ကာကွယ်ဆေးထိုးနှံပြီးမှုအခြေအနေ၊

Agribusiness & Trade

ကိုဗစ်-၁၉ စစ်ဆေးမှုရလာဒ်နှင့် ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာမှုအခြေအနေ တို့ကိုသာ ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံက ပြောင်းလဲလိုက်သည့် အဆိုပါ ခရီးသွားဆိုင်ရာ စည်းမျဉ်းများသည် အီးယူနှင့် Schengen နိုင်ငံများမှ ဘယ်လ်ဂျီယံနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများနှင့် အီးယူ မဟုတ်သော တတိယနိုင်ငံများမှ ခရီးသွားများအတွက်ပါ အကျုံးဝင်မည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/world-all-news/207694/eu-to-lift-travel-restrictions-for-vaccinated-non-europeans-from-1-march

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

................................................................................................

## ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု တည်ငြိမ်သည့်အခြေအနေတွင် ရှိခဲ့ခြင်း

၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံခြင်းနှင့် လက်ရှိလုပ်ငန်း ကိုချဲ့ထွင်ခြင်းပြုလုပ်ခဲ့သည့် ပြည်ပကုမ္ပဏီပေါင်း (၄၂၃) ခုရှိခဲ့ပြီး၊ နယ်သာလန်နိုင်ငံ၏ ပြည်ပရင်းနှီး မြှုပ်နှံမှုမှာ တည်ငြိမ်သည့်အခြေအနေတွင် ရှိခဲ့ကြောင်း၊ Brexit ကြောင့် နယ်သာလန်၌ ဥရောပ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်ခဲ့ကြောင်း နယ်သာလန် ပြည်ပရင်းနှီးမြှုပ်နှံမှု အေဂျင်စီ (Dutch Foreign Investment Agency-NFIA) ၏ သတင်းထုတ်ပြန်ချက်အရ သိရပါသည်။

နယ်သာလန်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုကိန်းဂဏန်းများအရ စီးပွားရေးလုပ်ငန်း ရင်းနှီး မြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ်က အဆင့်သို့ ပြန်လည်ရောက်ရှိခဲ့သည်ဟုဆိုသည်။ ၂၀၂၁ ခုနှစ်တွင် နယ်သာလန်၌ ရင်းနှီးမြှုပ်နှံသည့် ပြည်ပကုမ္ပဏီများ၏ စီမံကိန်းများမှ အလုပ်အကိုင်နေရာသစ် (၁၃,၄၀၀) နီးပါးကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး၊ ပထမ(၃) နှစ်အတွင်း ယူရို (၂.၃) ဘီလျံခန့် တန်ဖိုးရှိ သည့် ရင်းနှီးမြှုပ်နှံမှုဝင်ငွေကို ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း NFIA က မျှော်မှန်းထားပါသည်။ ၂၀၂၀ ခုနှစ်တွင်မှ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်ပကုမ္ပဏီလုပ်ငန်းများက ရင်းနှီးမြှုပ်နှံမှုကို ဆိုင်းငံ့

Agribusiness & Trade

ထားသည့် အခြေအနေများနှင့်အတူ နယ်သာလန်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှု ကျဆင်းခဲ့ကြောင်း သိရပါသည်။

နယ်သာလန်နိုင်ငံ၌ ထိုသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ လုပ်ငန်းအရေအတွက် တိုးတက်လာခြင်းသည် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုကို ပိုမိုအားကောင်းစေပြီး၊ နယ်သာလန်နိုင်ငံ၏ လူမှုစီးပွားရေး ရည်မှန်းချက်များဖြစ်သည့် တီထွင်ဆန်းသစ်မှု၊ ဒစ်ဂျစ်တယ်မှုပြုခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့အား အကျိုးပြုကြောင်းကိုလည်း NFIA ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုသည် နယ်သာလန်နိုင်ငံ၏ စီးပွားရေးတွင် အရေးပါသောထည့်ဝင်မှုများရှိကြောင်း၊ ဥပမာအားဖြင့် နယ်သာလန်နိုင်ငံ၌ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကသုံးစွဲမှု၏ (၃၀) ရာခိုင်နှုန်းခန့်ကို ၎င်းကုမ္ပဏီများက ကိုယ်စားပြုထားကြောင်း နယ်သာလန်နိုင်ငံ၊ စီးပွားရေးရာနှင့် ရာသီဥတုမူဝါဒဆိုင်ရာ ဝန်ကြီးဖြစ်သူ Micky Adriaansens က ပြောကြားပါသည်။

၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် ပြည်ပကုမ္ပဏီများတွင် ဥရောပဒေသမှကုမ္ပဏီများ၏ ဝေစုမှာ ယခင်နှစ်ကထက် တိုးတက်လာကြောင်းသိရပါသည်။ ပြည်ပကုမ္ပဏီ (၄၂၃) ခု အနက် (၃၂) ရာခိုင်နှုန်းခန့်သည် ဥရောပမှဖြစ်ပြီး၊ တောင်နှင့်မြောက်အမေရိကဒေသမှ (၃၀) ရာခိုင်နှုန်း၊ အာရှဒေသမှ (၃၀) ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။ ဥရောပဒေသမှ ကုမ္ပဏီများ၏ အရေအတွက် တိုးတက်လာခြင်းမှာ Brexit ကြောင့် နယ်သာလန်နိုင်ငံ၌ လုပ်ငန်းတည်ထောင်လိုသည့် ကုမ္ပဏီအရေအတွက် ပိုများလာ၍ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်၊ Brexit referendum ပြုလုပ်ပြီးနောက်ပိုင်းတွင် ပြည်ပကုမ္ပဏီ (၃၁၆) ခုသည် Brexit ကြောင့် နယ်သာလန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် – https://investinholland.com/news/foreign-investment-in-the-netherlands-stabilized-in-2021/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

……………………………………………………………………………………………

Agribusiness & Trade

## ဂျာမနီနိုင်ငံ၏စီးပွားရေး၊ကုန်သွယ်ရေးအခြေအနေများ

ဂျာမနီနိုင်ငံသည် ကမ္ဘာ့တန်ဘိုးကွင်းဆက်ဖြစ်စဉ်များနှင့် ကုန်စည်စီးဆင်းမှုများတွင် ခိုင်မာစွာပေါင်းစည်းဆောင်ရွက်နေပြီး နိုင်ငံ၏စီးပွားရေးသည် ပြည်ပကုန်သွယ်ရေးပေါ်တွင် များစွာအားထား ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ပါသည်။ ဂျာမနီနိုင်ငံ၏ အီးယူပြင်ပနိုင်ငံများသို့ ပို့ကုန်သည် ၂၀၂၂ခုနှစ်ဇန်နဝါရီလတွင် ယူရို ၅၆.၃ဘီလီယံသို့ ရောက်ရှိခဲ့ရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလထက် ၉.၄ ရာခိုင်နှုန်းပိုမိုတိုးတက်မှု ရရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုကြောင့်ကန့်သတ်ထိန်းချုပ်မှုများ မစတင်မီကာလဖြစ်သည့် ၂၀၂၀ခုနှစ်ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် ၁၉.၃ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပါသည်။ အီးယူပြင်ပနိုင်ငံများအနက် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတိုးတက်လာခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမှရရှိငွေသည် ၁၅.၁ ရာခိုင်နှုန်းတိုးတက်မှုရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ ပို့ကုန်အများစုသည် အမေရိကန်နိုင်ငံသို့ဖြစ်ပြီးသွင်းကုန်အများစုသည် တရုတ်နိုင်ငံမှဖြစ်ကာ တရုတ်နိုင်ငံသည် အရေးပါသောကုန်သွယ်ဖက်နိုင်ငံအဖြစ် ၆ နှစ် ဆက်တိုက်နေရာယူထားခြင်း ဖြစ်သည်။ ယူနိုက်တက်ကင်းဒမ်းနိုင်ငံက အီးယူအဖွဲ့ဝင်နိုင်ငံအဖြစ်မှ နှုတ်ထွက်ခဲ့ပြီးနောက် ဂျာမနီနိုင်ငံမှ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ပို့ကုန်များကျဆင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ယူရို ၆၅.၄ ဘီလီယံ တင်ပို့မှုရှိခဲ့ရာ ၂၀၂၀ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၂.၅ ရာခိုင်နှုန်းကျဆင်းမှု ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အလုပ်အကိုင်ရရှိမှုပိုင်းတို့တွင်လည်း တိုးတက်မှုများ အသီးသီးရရှိခဲ့ပါသည်။

ဂျာမနီနိုင်ငံတွင် ၂၀၂၁ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းကြီးများ (၁၂၆၉၀၀) ကျော်လုပ်ငန်းစတင်လုပ်ကိုင်နိုင်မှုရှိခဲ့ရာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါမဖြစ်ပွားမီကာလ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၃.၅ ရာခိုင်နှုန်းနှင့် ၂၀၂၀ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၈.၄ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး လုပ်ငန်းငယ်များမှာမူ ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂.၈ ရာခိုင်နှုန်း ကျဆင်းမှုရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ဂျာမနီနိုင်ငံ၏ Automotive Industry တွင် ချစ်ပ်များ ထုတ်လုပ်မှုကျဆင်းခြင်းနှင့် ဖြန့်ဖြူးမှုအပိုင်းများ အားနည်းခြင်းတို့ကြောင့် ကျဆင်းမှုရှိခဲ့ပြီး ပြည်ပကုန်သွယ်မှုကို ထိခိုက်မှုရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း Passenger Cars များတင်ပို့မှု ယူရို ၁၁၇.၆ ဘီလီယံရှိခဲ့ရာ တရုတ်နိုင်ငံသို့ တင်ပို့မှု ယူရို ၁၆.၇ ဘီလီယံ ရှိခဲ့ပြီး အခြားအများဆုံးတင်ပို့သည့်နိုင်ငံ

Agribusiness & Trade

များမှာအမေရိကန်နိုင်ငံ (ယူရို ၁၅.၉ ဘီလီယံ)နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ (ယူရို ၉.၄ ဘီလီယံ) တို့ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း ရုရှားနိုင်ငံနှင့်ကုန်သွယ်မှုမှာ ယူရို၅၉.၈ဘီလီယံရှိခဲ့ရာ ၂၀၂၀ ခုနှစ်ထက် ၃၄ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ပြီး အထူးသဖြင့် သွင်းကုန်ပိုင်းတွင် စွမ်းအင်ဈေးနှုန်းမြင့်တက်မှုများကြောင့် တိုးတက်ခဲ့ခြင်းဖြစ်ကာ ရေနံနှင့်သဘာဝဓါတ်ငွေ့တင်သွင်းမှုများက စုစုပေါင်းသွင်းကုန်၏ ၅၉ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လက်ကားရောင်းဝယ်မှုဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ်နှစ်ဆန်းပိုင်းနှင့် နှိုင်းယှဉ်လျှင် ၁၆.၂ ရာခိုင်နှုန်းအားဖြင့် တိုးတက်ခဲ့ပါသည်။ စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းနှင့် ခရီးသွားလာတည်းခိုမှုလုပ်ငန်းများမှ ရရှိငွေသည် ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂.၂ ရာခိုင်နှုန်းကျဆင်းမှုရှိခဲ့ပြီး ၂၀၁၉ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၄၀.၃ ရာခိုင်နှုန်းကျဆင်းမှုရှိခဲ့ရာ ကိုဗစ်ကပ်ရောဂါကာလ ကန့်သတ်ချက်များကြောင့် ဖြစ်ကြောင်း Federal Statistical Office က ထုတ်ပြန်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပေါင်း(၆၂၆၀) ခန့်က စုစုပေါင်းဟင်းသီးဟင်းရွက်တန်ချိန် ၄.၃ သန်းကိုရိတ်သိမ်းပြီးစီးခဲ့ရာ ၂၀၂၀ ခုနှစ်ကထက် ၁၅ ရာခိုင်နှုန်းပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုကောင်းမွန်ခြင်းသည် အကြောင်းတစ်ချက်ဖြစ်ပြီး ၁၃၁၉၀၀ ဟက်တာသို့ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကာ အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ပျိုးရေိယာ(၁၈၅၀၀) ဟက်တာ (စုစုပေါင်းစိုက်ဧက၏ ၁၄ရာခိုင်နှုန်း) မှ တန်ချိန်(၄၇၆၇၀၀) စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း Federal Statistical Office က ထုတ်ပြန်ခဲ့ပါသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကာလအတွင်း အွန်လိုင်းဈေးရောင်းဝယ်မှုများသည် New Normal တစ်ခုအနေဖြင့်တိုးတက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အွန်လိုင်းမှဝယ်ယူမှုများ ၂၀ ရာခိုင်နှုန်းနီးပါးရောက်ရှိခဲ့ပြီး အီးကောမတ်စ်ကုန်စည်ရောင်းချမှုများသည် ယူရို ၉၉.၁ ဘီလီယံ ရရှိခဲ့သည်။ လက်လီရောင်းဝယ်မှုကဏ္ဍကို ၂၀၂၂ခုနှစ်တွင် ကိုဗစ် ၁၉ အတွက် 2G rule ကန့်သတ်ချက်ကိုဆက်လက်ထားရှိ၍ စုစုပေါင်းရောင်းရငွေ ယူရို ၆၀၀ ဘီလီယံနှင့် တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်း ရရှိရန် ခန့်မှန်း ထားရှိပါသည်။

Agribusiness & Trade

အီးယူက အဖွဲ့ဝင်နိုင်ငံများ၏ အနိမ့်ဆုံးလုပ်ခလစာ (Minimum wage) ကို အနည်းဆုံး သက်ဆိုင်ရာ အလယ်အလတ်ဝင်ငွေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းရှိစေရန် ကြိုးပမ်းဆောင်ရွက် လျှက်ရှိရာအီးယူနိုင်ငံပေါင်း(၂၁) နိုင်ငံတွင်(၁၉) နိုင်ငံက အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ချက် နှုန်းထားများကိုမြှင့်တင်ခဲ့ကြပါသည်။ ဂျာမနီနိုင်ငံတွင် အနိမ့်ဆုံးလုပ်ခလစာမှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ ၁ နာရီလျှင် ယူရို (၉.၈၂) သတ်မှတ်ထားရှိပြီး အဆိုပါသတ်မှတ်မှုသည် နိုင်ငံ တွင်း စုစုပေါင်းအချိန်ပြည့်အလုပ်သမားများ အလယ်အလတ်ဝင်ငွေစုစုပေါင်း၏ ၄၈ ရာခိုင်နှုန်း ခန့်ရှိပြီး ဆက်လက်၍ ၂၀၂၂ ခုနှစ်ဇူလိုင်လမှစ၍ ၁ နာရီလျှင် ယူရို(၁၀.၄၅) သို့လည်းကောင်း၊ အောက်တိုဘာလမှစ၍ ၁ နာရီလျှင်(၁၂.၀၀) ယူရို သို့လည်းကောင်း သတ်မှတ်ထားရှိမည်ဖြစ်ပါ သည်။ ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် စီးပွားရေး ထိခိုက်ခံစားရမှုများသည် ယခင်မျှော်လင့်ထားသည်ထက် လျော့နည်းပြီး ဖက်ဒရယ်အစိုးရ၏ အစောပိုင်းကာလများမှစ၍ ကဏ္ဍအလိုက် ထောက်ပံ့ဆောင်ရွက်ပေးမှုများကြောင့်ဖြစ်ပြီး ဥရောပကော်မရှင်က ဥရောပနိုင်ငံ များ၏ ဂျီဒီပီတိုးတက်မှုနှုန်းများကို ခန့်မှန်းထုတ်ပြန်ရာတွင် ဂျာမနီနိုင်ငံကို ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များအတွက် ၃.၆ ရာခိုင်နှုန်းနှင့် ၂.၆ ရာခိုင်နှုန်း အသီးသီးခန့်မှန်းထားရှိပါသည်။ ဂျာမနီနိုင်ငံ၏ စီးပွားရေးကို ၂၀၂၂ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါမဖြစ်ပွားမီအခြေ အနေကို ပြန်လည်ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားရှိနေပါသည်။

Source: https://www.destatis.de/EN/Home/_node.html

https://www.gtai.de/gtai-en/invest

https://www.euronews.com/2022/02/23/germany-to-raise-hourly-minimum-wage-to-12-by-october

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

.................................................................................................................

**မဟာပင်လယ်ကွေ့ဒေသလေကြောင်းလိုင်းသည် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နိုင်ငံဒေသများစွာသို့ ခရီးစဉ်လမ်းကြောင်း (၁၀၄) ကြောင်း စတင်ပြေးဆွဲမည်ဖြစ်ကြောင်း**

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အစိုးရသည် ဒေသ၏အောင်မြင်ကျော်ကြားသည့် Cathay Pacific လေကြောင်းလိုင်းအား ယှဉ်ပြိုင်နိုင်မည့် မဟာပင်လယ်ကွေ့ဒေသလေကြောင်းလိုင်း

(Greater Bay Airline) အား နိုင်ငံနှင့်ဒေသများစွာသို့ ခရီးစဉ်လမ်းကြောင်း (၁၀၄) ကြောင်းဖြင့်စတင် ပြေးဆွဲရန် ခွင့်ပြုလိုင်စင်ပေးအပ်ထားပြီးဖြစ်ကြောင်း၂၂-၂-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ "Greater Bay Airlines to fly 104 regional routes from Hong Kong Airport" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြ ထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ Greater Bay Airline အား Commercial Flight အနေဖြင့် ပြေးဆွဲနိုင်ရန် (၅) နှစ်ကာလ ခွင့်ပြုပေးထားကြောင်း၊ အဆိုပါ ခွင့်ပြုလိုင်စင်တွင် Greater Bay Airline Company Limited အနေဖြင့် ဟောင်ကောင်ဒေသမှ ခရီးသွားများ၊ ကုန်ပစ္စည်းများနှင့် အမြန်ချောပို့ စာပေးပို့ခြင်းများအတွက် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နိုင်ငံနှင့်ဒေသများစွာသို့ ခရီးစဉ် လမ်းကြောင်း (၁၀၄) ကြောင်းဖြင့် အကြိမ်ရေအကန့်အသတ်မရှိ အသုံးပြုပေးပို့နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ခရီးစဉ်လမ်းကြောင်း (၁၀၄) ကြောင်းတွင် တရုတ်ပြည်မကြီး၊ ထိုင်ဝမ်၊ ဂျပန်၊ ကိုရီးယား သမ္မတနိုင်ငံနှင့် အာရှ-ပစိဖိတ်ဒေသရှိ အခြားသောဒေသများလည်း ပါဝင်ကြောင်း၊ Greater Bay Airline သည် လေကြောင်းပျံသန်းခွင့် အသိအမှတ်ပြုလက်မှတ်အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ လကရရှိထားပြီးဖြစ်ကြောင်း၊ လေကြောင်းလိုင်း လိုင်စင်မှာ ခရီးသည်တင် လေယာဉ်များနှင့် ကုန်တင်လေယာဉ်များ ပြေးဆွဲရေးအစီအစဉ် ရေးဆွဲရန်အတွက် လိုအပ်ကြောင်း၊ လိုင်စင်ရရှိပြီးနောက် တွင် လေကြောင်းလိုင်း ပျံသန်းပြေးဆွဲရန် သတ်မှတ်ထားသောနိုင်ငံများနှင့် ဒေသများမှ လေကြောင်းပြေးဆွဲ ပျံသန်းခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာလေကြောင်း အာဏာပိုင်များထံသို့ လျှောက်ထားခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ Greater Bay Airline သည် ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလ ပတ်တွင် စတင်ပြေးဆွဲနိုင်ရန် မူလကစီစဉ်ထားသော်လည်း Air Licence မရရှိသေးသောကြောင့် ယာယီရွှေ့ဆိုင်းထားခြင်းဖြစ်ကြောင်း၊ Greater Bay Airline သည် ၎င်း၏ပထမဆုံး လေယာဉ် Boeing 737 အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလက ရရှိထားပြီး ဒုတိယမြောက်နှင့် တတိယမြောက် လေယာဉ်တို့အား မကြာမီရရှိရန် စီစဉ်ထားကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၏ အောင်မြင်ကျော်ကြားသည့် Cathay Pacific လေကြောင်းလိုင်း၏ ပြောရေးဆိုခွင့်ရှိသူမှ ပြောကြားရာတွင် Cathay Pacific သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ မတိုင်မီ ကလေကြောင်းလိုင်း (၁၀၀) ကျော်နှင့် ယှဉ်ပြိုင်လုပ်ကိုင်ခဲ့ရကြောင်း၊ နိုင်ငံတကာလေကြောင်း လိုင်း အချက်အချာကျသည့် ဟောင်ကောင်ဒေသနှင့် မဟာပင်လယ်ကွေ့ဒေသ၌ လေကြောင်းလိုင်း ပြေးဆွဲရန် အခွင့်အလမ်းများ ရရှိခဲ့ခြင်းဖြင့် စိတ်အားထက်သန်တက်ကြွစွာ ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုလက်ရှိတွင် ကမ္ဘာ့ကပ်ရောဂါကြောင့် လေကြောင်းလိုင်းလုပ်ငန်းအတွက် စိန်ခေါ်မှုများနှင့် ရင်

ဆိုင်ကြုံတွေ့လျက်ရှိသော်လည်း ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ မကြုံတွေ့မီက Cathay Group သည် ၎င်း၏ လက်အောက်ခံဖြစ်သည့် ယခုအခါ ပြေးဆွဲမှုရပ်ဆိုင်းခဲ့သည့် Cathay Dragon လေကြောင်းပါဝင်မှုဖြင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံနှင့် ဒေသ (၉၃) ခုသို့ ပျံသန်းပြေးဆွဲခဲ့ကြောင်း၊ သို့သော် ယခုလက်ရှိတွင် မြို့ကြီး (၄၁) မြို့သို့ ပြေးဆွဲရန်စီစဉ်ထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Greater Bay Airline နှင့် Cathay Pacific Airline တို့၏ ဈေးကွက်မှာ တူညီမှုမရှိနိုင်ကြောင်း၊ Greater Bay Airline ၏ အသစ်ဝင်ရောက်မှုမှာ ၎င်း၏ကိုယ်ပိုင်ပုံစံနှင့် နည်းဗျူဟာတို့ဖြင့် ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ အဆိုပါလေကြောင်းလိုင်း နှစ်ခုအနေဖြင့် ပြေးဆွဲသည့်လမ်းကြောင်းများ ထပ်နိုင်သော်လည်း Cathay Pacific ၌ ယခင်ကတည်းက စီးနင်းလိုက်ပါသည့် ခရီးသည်များရှိသောကြောင့် အဆိုပါ လေကြောင်းလိုင်းအပေါ် ရိုက်ခတ်မှုမရှိနိုင်ကြောင်း၊ Greater Bay Airline အနေဖြင့် အခြားသောလေကြောင်း လိုင်းလုပ်ငန်းများစွာဖြင့် ယှဉ်ပြိုင်မှုများ ကြုံတွေ့ရမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………………………………………

## ဟောင်ကောင်ဒေသ၌ အလုပ်လက်မဲ့နှုန်း (၃.၉) ရာခိုင်နှုန်းတွင် ဆက်လက်ရှိနေခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ အလုပ်လက်မဲ့နှုန်းမှာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထိ ၃.၉ ရာခိုင်နှုန်းတွင် ဆက်လက်ရှိနေပြီး ပြောင်းလဲမှုမရှိကြောင်း၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းများတွင် အလုပ်အကိုင်များ ပိုမိုဆုံးရှုံးလျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ထုတ် The Standard သတင်းစာ၌“Unemployment rate remains at 3.9 percent ” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသ၏ အလုပ်လက်မဲ့နှုန်းမှာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလအတွင်း ဖြစ်ပေါ်ခဲ့သည့် အလုပ်လက်မဲ့နှုန်းနှင့် တူညီဆဲဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း အချိန်ပိုင်းအလုပ်လက်မဲ့နှုန်းမှာ ၁.၇ ရာခိုင်နှုန်းမှ ၁.၈ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း၊ အလုပ်လက်မဲ့ဦးရေမှာ (၁၄၃,၃၀၀) ဦးမှ (၁၃၅,၂၀၀) ဦးသို့ လျော့ကျ

သွားရာ စုစုပေါင်း (၈,၁၀၀) ဦး လျော့ကျခဲ့ကြောင်း၊ အချိန်ပိုင်းအလုပ်လက်မဲ့ဦးရေမှာ (၆၆,၈၀၀) ဦးမှ (၆၉,၈၀၀) ဦးသို့ မြင့်တက်ခဲ့ရာ စုစုပေါင်း (၃,၀၀၀) ဦးကျော် မြင့်တက်ခဲ့ကြောင်း၊ အနုပညာလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့် အပန်းဖြေလုပ်ငန်း၊ အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းကဏ္ဍများတွင် ပုံမှန်နှင့် အချိန်ပိုင်း အလုပ်လက်မဲ့နှုန်း မြင့်တက်လာကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် အလုပ်လက်မဲ့နှုန်း လျော့ကျခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ အလုပ်သမားနှင့် လူမှုဖူလုံရေးအတွင်းဝန် (ဝန်ကြီး) Mr. Law Chi-kwong ကပြောကြားရာတွင် အလုပ်လက်မဲ့နှုန်းမှာ ယခင်သုံးလတာကာလနှင့် တူညီဆဲဖြစ်သော်လည်း အချိန်ပိုင်းအလုပ်လက်မဲ့နှုန်းမှာ မြင့်တက်လျက်ရှိပြီး အလုပ်အကိုင်ရရှိမှုမှာလည်း လျော့ကျလျက်ရှိကြောင်း၊ စုစုပေါင်းအလုပ်အကိုင်ရရှိမှု (၄,၂၀၀) ဦးလျော့ကျခဲ့ရာ (၃.၆၈) မီလီယံသို့ လျော့ကျသွားပြီး လုပ်သားအင်အားမှာ ၁၂,၃၀၀ ဦး လျော့ကျခဲ့ရာ (၃.၈၁)မီလီယံသို့လျော့ကျသွားကြောင်း၊ ဆဋ္ဌမအကြိမ်မြောက် Anti-epidimic Fund ပံ့ပိုးမှုတွင် စီးပွားရေးလုပ်ငန်း (၆၇,၀၀၀) ခု၊ ပို့ဆောင်ရေးလုပ်ငန်း (၄၀,၀၀၀)နှင့် တစ်ဦးချင်း စီးပွားရေးလုပ်ငန်းရှင် (၇၅၀,၀၀၀) ဦးအတွက် အကျိုးခံစားမှုများရရှိရန် ခန့်မှန်းထားကြောင်း၊ သို့သော် အလုပ်သမားဈေးကွက်မှာ ဟောင်ကောင်ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအပေါ် မူတည်လျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.......................................................................................................

## ရုရှား- ယူကရိန်းစစ်ပွဲကြောင့် ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့

ယူကရိန်းနယ်စပ်တစ်ဝိုက်တွင် ရုရှား၏ စစ်ရေးအင်အား တိုးချဲ့မှုစတင်ခဲ့သည့်အချိန်မှစ၍ သွင်းကုန်အပေါ် အဓိကအားထားနေရသည့် ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်လာနိုင်မှုကို စိုးရိမ်မှုများ ဖြစ်ပေါ်နေချိန်တွင် ရုရှားနှင့်ယူကရိန်းအကြား စစ်ပွဲဖြစ်ပွားမှုကြောင့် ရေနံစိမ်းနှင့် ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာနိုင်သည် စီးပွားရေးပညာရှင်များကသုံးသပ်ခန့်မှန်းကြပါသည်။

Agribusiness & Trade

ရုရှား- ယူကရိန်းပြဿနာသည် တိုကျိုစတော့ရှယ်ယာဈေးကွက်အပေါ် မသေချာမရေရာမှုများ ဖြစ်ပေါ်စေပြီး လတ်တလောရှိခဲ့သည့် နစ်ကေးရှယ်ယာအညွှန်းကိန်း ၂၇,၀၀၀ ၏ အောက်သို့ ကျဆင်းကာ ၂၆,၀၀၀ ခန့်တွင် ရပ်တည်နေနိုင်ကြောင်း စတော့ရှယ်ယာဆောင်ရွက်သူများက ခန့်မှန်းထားပါသည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ရုရှားအား တုန့်ပြန်သောအားဖြင့် ဓာတ်ငွေ့၊ ရေနံနှင့် အခြားစွမ်းအင်ထောက်ပံ့မှုများကို ဖြတ်တောက်ရန် တွန်းအားပေးသည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

ပထဝီနိုင်ငံရေး တင်းမာမှုများသည် မကြာသေးမီက ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုတို့ကြောင့်ဖြစ်သည်ဟု Mitsubishi UFJ Morgan Stanley Securities Co. မှ အကြီးတန်း ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာဆိုင်ရာ သုတေသီ Norihiro Fujito က ပြောကြားခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် ဂျပန်ကုမ္ပဏီများ၏ အမြတ်အစွန်းရရှိမှုသည် ကျဉ်းမြောင်းသွားနိုင်ပြီး ကုန်ပစ္စည်းဈေးနှုန်းများ တိုးမြှင့်ရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလာနိုင်ကြောင်း၊ ယူကရိန်းအကျပ်အတည်းသည် လာမည့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင်စတင်မည့် ဘဏ္ဍာနှစ်အသစ်တွင် ဂျပန်ကုမ္ပဏီအချို့အား ၎င်းတို့၏ အမြတ်အစွန်းအလားအလာများကို ပြန်လည်သုံးသပ်ရန် တွန်းအားပေးစေလိမ့်မည်ဟု Norihiro Fujito ကသုံးသပ်ခဲ့ပါသည်။

အနောက်အုပ်စုနိုင်ငံများနှင့် ရုရှားတို့အကြား သဘောထားတင်းမာမှုများကြောင့် အရှေ့အလယ်ပိုင်းဒေသမှ အနာဂတ်ရေနံစိမ်းဈေးနှုန်းများသည် ၁ ကီလိုလီတာလျှင် ယန်း ၆၂,၈၂၀ (အမေရိကန်ဒေါ်လာ ၅၅၀ ခန့်) အထိ တိုကျိုကုန်စည်ဈေးကွက်တွင် ယခု ဖေဖော်ဝါရီလဝက်ခန့်တွင် စတင်မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း သိရပါသည်။

ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီနှင့် လောင်စာဆီဈေးနှုန်းများ သိသိသာသာမြင့်တက်မှုမှ ကာကွယ်ရန် ကြိုးပမ်းမှုအဖြစ် ဂျပန်ဝန်ကြီးချုပ် Fumio Kishida ဦးဆောင်သည့်အစိုးရအဖွဲ့သည် ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်ကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

Agribusiness & Trade

သို့သော်လည်း ဂျပန်နိုင်ငံမှ ရေနံအသင်းအနေဖြင့် ရုရှား- ယူကရိန်းစစ်ပွဲ၏ သက်ရောက်မှုကြောင့် ရေနံစိမ်းဈေးနှုန်းများ ထပ်မံမြင့်တက်လာမည်ကို စိုးရိမ်နေပြီး အစိုးရအား ရေနံကဏ္ဍဆိုင်ရာပံ့ပိုးမှုအစီအစဉ်များကို ထပ်မံဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသည်။

ဂျပန်အနေဖြင့် ရုရှားနိုင်ငံမှ ရေနံစိမ်းများကို ၄ % ခန့်သာတင်သွင်းနေသော်လည်း ဂျပန်နိုင်ငံရေနံအသင်း၏ အကြီးအကဲဖြစ်သူ Tsutomu Sugimori က ကမ္ဘာ့ရေနံစိမ်း၏ ၁၀ % ခန့်သည် ရုရှားနိုင်ငံမှတင်ပို့နေခြင်းဖြစ်သဖြင့် ရုရှားနိုင်ငံအပေါ် ကုန်သွယ်မှုနှင့်ရောင်းလိုအားကို ကန့်သတ်လိုက်မည်ဆိုပါက ဈေးနှုန်းအပေါ် များစွာသက်ရောက်လာမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

ထို့အပြင် ယူကရိန်းနိုင်ငံသည် ဂျုံနှင့်ပြောင်းအပါအဝင် ကောက်ပဲသီးနှံများကို ထိပ်တန်းထုတ်လုပ်တင်ပို့နေသည့်နိုင်ငံဖြစ်ပြီး ရုရှား-ယူကရိန်းစစ်ပွဲ၏အကျိုးဆက်ကြောင့် ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပံ့ပိုးမှုကွင်းဆက်တွင် အဟန့်အတားများအဖြစ် သက်ရောက်စေနိုင်သည်ဟု စီးပွားရေးသုတေသီများက သုံးသပ်ကြပါသည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ယူကရိန်းနိုင်ငံရှိ မြေယာများ၏ ၇၀ % ခန့်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုဆောင်ရွက်နေကြောင်း သိရပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ရေနံစိမ်းနှင့် ဂျုံတင်သွင်းမှုအပေါ် အဓိကမှီခိုနေရသည့်အတွက် အဆိုပါကုန်ပစ္စည်းများ ဈေးတက်လာခြင်းသည် ဂျပန်ကုမ္ပဏီများအပေါ် တိုက်ရိုက်ထိခိုက်မည့် သက်ရောက်မှုများရှိလာမည်ဟု သုတေသီ Norihiro Fujito က ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံ၌ Cup Noodle နှင့် အခြား ခေါက်ဆွဲခြောက်ထုတ်ကုန်များ ထုတ်လုပ်သည့် Nissin Food Products Co. သည် လာမည့်ဇွန်လ ၁ ရက်နေ့မှစ၍ ၎င်း၏ ထုတ်ကုန်များ၏ ဈေးနှုန်းကို ယန်း ၁၈၀ ခန့် တိုးမြှင့်မည်ဖြစ်ကြောင်း ယခုလအစောပိုင်းတွင် ကြေငြာခဲ့ပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်ကတည်းက ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းမြင့်တက်လာမှုများကြောင့် အိမ်ထောင်စုများ၏ အသုံးစရိတ်များလျော့ကျသွားစေနိုင်မည့် အလားအလာရှိကြောင်း Nomura Securities Co. မှ Maki Sawada က သုံးသပ်ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ https://japantoday.com/
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

Agribusiness & Trade

## ဇန်နဝါရီလအတွင်း ဂျပန်၏ သွင်းကုန်တန်ဖိုး သိသိသာသာ မြင့်တက်လာခဲ့ကြောင်းသိရ

ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ကုန်သွယ်မှုစာရင်းဇယားများအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ သွင်းကုန်တန်ဖိုးသည် ယန်း ၈.၅၂ ထရီလီယံကျော်ရှိပြီး တစ်လတာအတွင်း အမြင့်ဆုံးဖြစ်ကြောင်း သိရပါသည်။ အဓိကအကြောင်းအရင်းမှာ ရေနံစိမ်းကဲ့သို့သောစွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ဇန်နဝါရီလ၏ ကုန်သွယ်မှုစာရင်းဇယားများအရ ဇန်နဝါရီလ၏ သွင်းကုန်တန်ဖိုးသည် ယမန်နှစ်၏ အလားတူကာလထက် ၃၉.၆ % တိုးမြင့်လာခဲ့ပြီး တန်ဖိုးအားဖြင့် ယန်း ၈၅၂၃.၁ ဘီလီယံ အထိရှိခဲ့ပါသည်။ ၁၉၇၉ ခုနှစ်နောက်ပိုင်း လစဉ်သွင်းကုန်တန်ဖိုးများအား နှိုင်းယှဉ်ကြည့်လျှင် အများဆုံးဖြစ်ကြောင်း သိရပါသည်။

အကြောင်းအရင်းမှာ ရေနံစိမ်းတင်သွင်းမှုဈေးနှုန်းသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၆ % မြင့်တက်လာပြီး ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ရည် (LNG) ကဲ့သို့သော စွမ်းအင်ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

ထို့အပြင် တောင်ကိုရီးယားသို့ သံမဏိထုတ်ကုန်များ တင်ပို့မှုတန်ဖိုးသည် ယမန်နှစ်၏ အလားတူကာလထက် ၉.၆ % မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် ယန်း ၆၃၃၂ ဘီလီယံအထိ ရှိခဲ့ပါသည်။

ကုန်သွယ်မှုလက်ကျန်တန်ဖိုးမှာ လိုငွေ ယန်း ၂,၁၉၁.၁ ဘီလီယံဖြစ်ကြောင်း တွေ့ရပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ခြောက်လဆက်တိုက် ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်နေပြီး ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း ဒုတိယမြောက် အကြီးဆုံးအနေအထားဖြစ်ခဲ့သည်ဟု သိရပါသည်။

ရင်းမြစ်။ https://asia.nikkei.com/, https://www.japantimes.co.jp/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

……………………………………………………………………………………………

## လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုများအတွက် ပံ့ပိုးကူညီပေးရန် တရုတ်ဝန်ကြီးချုပ် အလေးအနက်ပြောကြား

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နှစ်စဉ်ကောက်ပဲသီးနှံထွက်ရှိမှုကို ကီလိုဂရမ် (၆၅၀) ဘီလီယံ ထက်ကျော်လွန်စေရန် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုများအတွက် ပိုမို၍ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မစ္စတာလီခကျင်းက ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ရှန်တုန်းပြည်နယ်၌ ကျင်းပခဲ့သည့် နွေဦးရာသီလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှု အမျိုးသားအဆင့်ညီလာခံ၌အလေးအနက် ပြောကြားခဲ့ပါသည်။

လက်ရှိအချိန်တွင် ဂျုံပျိုးပင်ပေါက်များ ဖွံ့ဖြိုးမှုမှာ အားနည်းနေသေးကြောင်း၊ အပင်ရောဂါများ၊ ပိုးမွှားကျရောက်မှုများနှင့် ရာသီဥတုဆိုးရွားပြင်းထန်မှုများကို ကြိုတင်သိမြင် ကာကွယ်၍ နွေရာသီအထွက်နှုန်း ပိုလျှံစေရန် ဆောင်ရွက်သင့်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုအတွက် ပံ့ပိုးကူညီမှုပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများကို အာမခံပေးမှုများနှင့် ၎င်းတို့၏ ဈေးနှုန်းများကို တည်ငြိမ်စေခြင်းနှင့် နွေဦးကာလ လယ်ယာစိုက်ပျိုးရေးကို ကောင်းမွန်စွာ စတင်ဆောင်ရွက်နိုင်ရန် သေချာစေခြင်းတို့ဖြင့် ပိုမိုအားထုတ်ကြိုးပမ်းသွားရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ညီလာခံတွင် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါညီလာခံတွင် တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ် မစ္စတာဟူချွန်းဟွာကလည်း စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးမှုများ တည်ငြိမ်စေရေးပံ့ပိုးကူညီပေးရန် မျိုးစေ့နှင့် လယ်ယာစိုက်ပျိုးရေးသွင်းအားစုများကို သေသေချာချာပံ့ပိုးပေးရန် အရေးကြီးကြောင်း အလေးအနက် ပြောကြားခဲ့ပြီး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ဆုံးရှုံးရခြင်းကို လျော့ပါးသက်သာစေရန်နှင့် ပဲပုပ်နှင့် ဆီထွက်သီးနှံများကို တိုးမြှင့်ထုတ်လုပ်ရန် ယခုနှစ် လယ်ယာစိုက်ပျိုးရေးရည်မှန်းချက်ဖြစ်သည့် ပျိုးပင်များကို အပြည့်အဝစိုက်ပျိုးရေးအား ပြည့်မီစေရန် အားထုတ်ကြိုးပမ်းသင့်ကြောင်း တိုက်တွန်းခဲ့ပါသည်။

ရင်းမြစ်၊ Xinhua

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

Agribusiness & Trade

## တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန် လက်ကားဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိ

တရုတ်နှစ်သစ်ကူးကာလအပြီး ပထမရက်သတ္တပတ်ဖြစ်သည့် ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန် လက်ကားဈေးနှုန်းများမှာ အကျဘက်သို့ ဦးတည်နေကြောင်း တရုတ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရပါသည်။ ၎င်းနေ့တွင် လယ်ယာစိုက်ပျိုးရေးထွက်ကုန် လက်ကားဈေးနှုန်းအညွှန်းကိန်းမှာ (၁၃၄.၅၉)မှတ်ရှိခဲ့ကာ ယခင်နေ့ကထက် (၀.၈၆) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

၎င်းနေ့တွင် ဝက်သားလက်ကားဈေးနှုန်းတွင် (၀.၇) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ဆိတ်သားနှင့် အမဲသားဈေးနှုန်းများမှာမူ (၀.၄)ရာခိုင်နှုန်းစီ မြင့်တက်ခဲ့ကြောင်း သိရပါသည်။ ဟင်းသီးဟင်းရွက် (၂၈) မျိုးတို့၏ ပျမ်းမျှဈေးနှုန်းမှာ (၀.၉) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ သစ်သီးဝလံ (၆) မျိုးတို့၏ ဈေးနှုန်းမှာလည်း (၀.၆) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

အဆိုပါလက်ကားဈေးနှုန်းအညွှန်းကိန်းမှာ တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေး လက်ကားဈေးကွက်ရှိ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစသည့် ကုန်စည်အမျိုးအမယ်ပေါင်း (၂၀၀) ခန့်၏ အခြေခံအချက်အလက်များအပေါ် စုစည်းတွက်ချက်ထား ခြင်းဖြစ်ပြီး၊ နေ့စဉ်အပြောင်းအလဲများအပေါ် အခြေခံ၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.............................................................................

## တရုတ်-ဗီယက်နမ်နယ်စပ်တွင် ကုန်စည်ကြန့်ကြာမှုများကြောင့် ရေထွက်ကုန်ဈေးနှုန်းများ ကျဆင်းလာ

ဗီယက်နမ်မြောက်ပိုင်းပြည်နယ်ဖြစ်သည့် Lang Son တွင် တရုတ်ဘက်မှ ကိုဗစ် ကာကွယ်ထိန်းချုပ်ရေးကန့်သတ်ချက်များအရ အကောက်ခွန်ရှင်းလင်းချိန် ကြာမြင့်နေသည့်အတွက် ကုန်တင်ယာဉ်များတန်းစီနေရသည်မှာ လအနည်းငယ်ကြာမြင့် လာပြီဖြစ်ပါသည်။

တရုတ်နိုင်ငံမှာ ဗီယက်နမ်မှ ရေထွက်ကုန်များကို အဓိကဝယ်ယူသည့်နိုင်ငံဖြစ်ရာ ယခုကြုံတွေ့နေရသည့် အခြေအနေကြောင့် ဗီယက်နမ်မှ ရေထွက်ကုန်ဈေးနှုန်းများ သိသာစွာကျဆင်းလာပါသည်။

ဗီယက်နမ်တောင်ပိုင်းမှ ကဏန်းမွေးမြူသူတစ်ဦး၏ ပြောကြားချက်အရ ကဏန်းဈေးနှုန်းမှာ ယခုအခါ အကောင်းဆုံးအမျိုးအစားဖြစ်လျှင်သော်မှ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် (၆) သိန်း (အမေရိကန်ဒေါ်လာ ၂၆.၂၈ ဒေါ်လာခန့်) သာရရှိပြီး၊ ဖေဖော်ဝါရီ လဆန်းကထက် ထက်ဝက်ကျဆင်းသွားကြောင်း၊ ဝယ်ယူရန်လာရောက်ကြည့်ရှုသည့် ကုန်သည်ဦးရေမှာလည်း တဖြည်းဖြည်းကျဆင်းလာကြောင်း၊ အခွံမာရေထွက်ကုန်များအတွက် ပြည်တွင်းဈေးကွက်ဝယ်လိုအားမှာလည်း များစွာမရှိသဖြင့် ဈေးနှုန်းဆက်လက် ကျဆင်းနိုင်ကြောင်း သိရပါသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံ၌ ပုစွန်ဈေးနှုန်းမှာလည်း အမျိုးအစားပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် (၁၅၀,၀၀၀)မှ (၂၀၀,၀၀၀) ကြားတွင်သာ ရှိပြီး၊ ဖေဖော်ဝါရီလဆန်းကထက် (၁၀)ရာခိုင်နှုန်းမှ (၄၅) ရာခိုင်နှုန်းကြား ကျဆင်းလာသည်ဟု သိရပါသည်။

တရုတ်နိုင်ငံဘက်သို့ နယ်စပ်မှတစ်ဆင့်ရေထွက်ကုန်များ တင်ပို့ရာတွင် အခက်အခဲများဖြစ်နေခြင်းနှင့် ဗီယက်နမ်ပြည်တွင်း၌ ရေထွက်ကုန်များကို ဝယ်လိုအား ပိုမိုနည်းပါးလာခြင်းတို့က ဈေးနှုန်းများလျင်မြန်စွာကျဆင်းလာသည့် အကြောင်းရင်း(၂)ရပ်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်မှ တင်ပို့သည့်ရေထွက်ကုန်များ၏ ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်ပြီး၊ ယခင်နှစ် ပထမ (၁၁)လအတွင်း ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ် လာ (၈၈.၄) ဘီလီယံရရှိခဲ့ကာ၊ ဗီယက်နမ်၏ စုစုပေါင်းလယ်ယာစိုက်ပျိုးရေး ပို့ကုန်တင်ပို့မှုတွင် (၁၉.၂) ရာခိုင်နှုန်း ပါဝင်ဖြည့်ဆည်းခဲ့ပါသည်။

ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ဗီယက်နမ်၏ Lao Cai ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်ဘက်မှ Hekou Yao တွင် Covid-19 ဖြစ်ပွားမှုများကို စတင်တွေ့ရှိခဲ့ပြီးနောက် ဗီယက်နမ်၏ Kim Thanh နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်နေခြင်းကို ဆိုင်းငံ့လိုက်ရာ၊ ကုန်တင်ယာဉ်အစီးရေ (၃၅၀) ခန့်ပေါ်မှ ကုန်စည်များမှာ တစ်ဖက်နိုင်ငံသို့ မရောက်ရှိဘဲ ကြန့်ကြာနေခဲ့ပါသည်။ ၎င်းဂိတ်ကို မည်သည့်အချိန်၌ ပြန်လည်ဖွင့်လှစ်မည်ဟူသည်ကိုလည်း ရှင်းရှင်းလင်းလင်း သိရှိထားခြင်း မရှိသေးပါ။ အခြားနယ်စပ်ဂိတ်များဖြစ်ကြသည့် Huu Nghi International ၊ Dong Dang၊ Tan Thanh နှင့် Chi Ma International Railway Stations တို့၌မူ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ကို ပြန်လည်စတင်နေပြီ ဖြစ်ပါသည်။

Agribusiness & Trade

သို့ရာတွင် တရုတ်နိုင်ငံဘက်မှ ကပ်ရောဂါကာကွယ်ရေးနှင့် အရည်အသွေးထိန်းချုပ်ရေးစီမံဆောင်ရွက်မှုများကြောင့် ကုန်တင်ယာဉ်တစ်စီးလျှင် အကောက်ခွန်ရှင်းလင်းချိန် မိနစ် (၄၀)မှ (၅၀) ကြား ကြာမြင့်ပြီး တစ်နေ့လျှင် အစီးရေ (၅)စီးမှ (၆၉)စီးကြားသာ ရှင်းလင်းပေးနိုင်ရာ၊ ယခုကဲ့သို့ ကုန်သွယ်မှုအတားအဆီးများ ဆက်လက်ဖြစ်ပေါ်နေ ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ **Vnexpress**
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………………………………………………

## ရပ်ဝန်းနှင့်ပိုးလမ်းမ ရင်းနှီးမြှုပ်နှံသူ အပတ်စဉ်သတင်း

ယခုရက်သတ္တပတ်အတွင်း ရုရှားနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများ ပြုလုပ်ရန်အတွက် ဖိအားများမြင့်တက်လာရာ၊ ဒေသတစ်ခုလုံးအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဥရောပနှင့် အာရှကို ဆက်သွယ်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးချိတ်ဆက်မှုများတွင်လည်း သိသိသာသာ ကိစ္စရပ်များ ဖြစ်ပေါ်လာပါသည်။

ဥရောပနှင့် အာရှ ကုန်သွယ်ရေးစင်္ကြံများနှင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များအတွက် ပါဝင်ပတ်သက်မှုများနှင့်အတူ ဥရောပ–အာရှ ကုန်သွယ်စီးပွားစနစ်သစ်တစ်ရပ် ပေါ်ထွန်းလာပါသည်။

ရုရှား၏ နိုင်ငံပိုင်ရေနံကုမ္ပဏီကြီးဖြစ်သည့် Rosneft သည် တရုတ်၏ နိုင်ငံပိုင် ရေနံကော်ပိုရေးရှင်းကြီးဖြစ်သည့် China's National Petroleum Corporation (CNPC) ထံသို့ ရေနံဆီမကထရစ်တန်ချိန် သန်း (၁၀၀) (သို့မဟုတ်) တစ်နေ့လျှင် ရေနံဆီစည်ပေါင်း (၂)သိန်း ပံ့ပိုးပေးမည့် အမေရိကန်ဒေါ်လာ (၈၀)ဘီလီယံတန်ဖိုးရှိ (၁၀)နှစ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ တရားဝင်ထုတ်ပြန်ချက်အရ ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ အခြားနည်းလမ်းများဖြင့် ရေနံစိမ်းတင်ပို့မှုများနှင့်အတူ တရုတ်နိုင်ငံ၊ ရှင်းကျန်းပြည်နယ်ရှိ ရေနံချက်စက်ရုံသို့ ကာဇက်စတန်နိုင်ငံမှတစ်ဆင့်လည်း ရေနံဆီတင်ပို့သွားမည်ဟု သိရပါသည်။

၂၀၂၂ ခုနှစ်တွင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် တရုတ်နိုင်ငံနှင့် ဆာဘီးယားနိုင်ငံတို့ ဆွေးနွေးနေကြသည်ဟု သိရပါသည်။ လက်ရှိအချိန်တွင် ၎င်းနှစ်နိုင်ငံ၏ ကုန်သွယ်ရေးတွင် most favorable nation (MFN) နည်းဖြင့် အခွန်နှုန်းထားကို

Agribusiness & Trade

(၁၀)ရာခိုင်နှုန်းမှ (၃၅)ရာခိုင်နှုန်းအကြား အပြန်အလှန် ထားရှိပေးထားပါသည်။ သို့ရာတွင် ၎င်းနှုန်းထားများမှာ FTA နှုန်းထားများနှင့်ယှဉ်လျှင် မြင့်မားနေသေးသည့်အတွက် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုရေးကို ဆွေးနွေးနေကြကြောင်း သိရပါသည်။

RCEP လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကြောင့် ၂၀၂၁ ခုနှစ်၊ နောက်ဆုံးကာလများအတွင်း အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအပေါ် သိသာစွာ သက်ရောက်ခဲ့ပါသည်။ အဆိုပါကာလအတွင်း အမေရိကန်၊ ဥရောပနှင့် ဗြိတိန်တို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ တရုတ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ အိုမန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ထိုင်း၊ တူရကီနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပိုမိုပြုလုပ်ခဲ့ပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမပေါ်တွင် အရှေ့နှင့် အနောက် ဆုံမှတ်နေရာတစ်ခုအဖြစ် ပါဝင်သည့် အဇာဘိုင်ဂျန်နိုင်ငံသည် အခြေခံအဆောက်အအုံနှင့် စက်မှုကုန်ထုတ်လုပ်မှုဇုန်များ တည်ဆောက်၍ ဖွံ့ဖြိုးရာတွင် အလွန်တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။ ၎င်းနိုင်ငံသည် အာရှတိုက်အလယ်ပိုင်းနှင့် တရုတ်နိုင်ငံတို့ကို Baku ၌ Caspian ပင်လယ်ဆိပ်ကမ်းမှတစ်ဆင့် ရေကြောင်းလမ်းများဖြင့် ဆက်သွယ်ထားပြီး၊ ရုရှား၊ အီရန်၊ ပင်လယ်ကွေ့၊ အရှေ့ အာဖရိကနှင့် အိန္ဒိယသို့ အပြည်ပြည်ဆိုင်ရာ မြောက်-တောင် နည်းလမ်းစုံသယ်ယူပို့ဆောင်ရေး ကွန်ရက်ဖြင့် ဆက်သွယ်ထားပါသည်။ ၎င်းနိုင်ငံမှ အနောက်ပိုင်းရှိ ဥရောပဈေးကွက်များနှင့် တူရကီသို့ ပင်လယ်နက်ဆီသို့ ဦးတည်သည့် ရထားလမ်းများဖြင့် ဆက်သွယ်ထားပါသည်။

အပြည်ပြည်ဆိုင်ရာ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြံမှာ စူးအက်တူးမြောင်းအပြင် အခြားရွေးချယ်စရာလမ်းကြောင်းအဖြစ် အီရန်နိုင်ငံ၏ Chabahar ဆိပ်ကမ်းနှင့် ကာတာနိုင်ငံ၏ Hamad ဆိပ်ကမ်းတို့အကြား ဆက်သွယ်မှုများကို အချိန်တိုအတွင်း ဖန်တီးပေးသွားမည် ဖြစ်ပါသည်။ ယခုအခါ ၎င်းနှစ်နိုင်ငံသည် ရေကြောင်းနှင့် လေကြောင်းဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးလျက်ရှိကြပါသည်။

၂၀၂၁ ခုနှစ်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံမှ စုစုပေါင်းပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၁၂.၅) ဘီလီယံအထိ ရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် (၃၄.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၎င်းနိုင်ငံ၏ ပို့ကုန်အဓိကဈေးကွက်များမှာ အများမှ အနည်းအလိုက် တရုတ်၊ ရုရှား၊ တူရကီ၊ ကာဇက်စတန်၊ ခရုကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် တာဂျစ်ကစ္စတန် တို့ဖြစ်ပါသည်။ ၎င်းနိုင်ငံအုပ်စုထံသို့

Agribusiness & Trade

ပို့ကုန်တင်ပို့မှုမှာ စုစုပေါင်းတင်ပို့မှု၏ (၅၆.၅) ရာခိုင် နှုန်းခန့်ရှိပြီး၊ အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ဘဲလာရုစ်၊ ဂျော်ဂျီယာ၊ မော်လ်ဒိုဗာ၊ တာ့ခ်မန် နစ္စတန်နှင့် ယူကရိန်းသို့ တင်ပို့မှုမှာ (၃၂.၆) ရာခိုင်နှုန်းခန့်ရှိပါသည်။

တာ့ခ်မန်နစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ရှိ Serhetabat စီရင်စုတွင် စက်မှုထွက်ကုန်ပြုပြင်ထုတ်လုပ်ရေးဇုန်အသစ်ကို တည်ထောင်သွားရန် စဉ်းစားနေပါသည်။ ထိုသို့တည်ထောင်ခြင်းဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမ အခြေခံအဆောက်အအုံများကို ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ လက်လှမ်းမီရရှိစေရန် ရည်ရွယ်ပါသည်။ ၎င်းနေရာမှာ အာဖဂန်နစ္စတန်နိုင်ငံ၏ အဓိကစီးပွားရေးအချက်အချာမြို့ဖြစ်သည့် Herat သို့ ဦးတည်သည့် အဓိကလမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ အဆိုပါ Herat မြို့တွင် အီရန်သို့ ချိတ်ဆက်ထားသော လမ်းများ၊ Caspian ပင်လယ်ပေါ်ရှိ Turkmenbashi ဆိပ်ကမ်းသို့ တိုက်ရိုက်လမ်းများလည်း ရှိပါသည်။ Herat မြို့သည် အပြည်ပြည်ဆိုင်ရာ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြံနှင့် ရုရှားနှင့် အိန္ဒိယဈေးကွက်များသို့ အာဖဂန်နစ္စတန်နိုင်ငံအား သွယ်ဝိုက်၍ ချိတ်ဆက်ပေးထားပါသည်။

ကာဇက်စတန်နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ဖူးသည့် Almaty မြို့တွင် လက်လီရောင်းချရမှုမှာ တစ်နိုင်ငံလုံး ရောင်းချရမှုများ၏ (၃၁.၅) ရာခိုင်နှုန်းခန့် ရှိပါသည်။ အာရှအလယ်ပိုင်း နိုင်ငံများ၏ အကြီးဆုံးမြို့တော်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် Almaty မြို့တွင် e-commerce အခွင့်အလမ်းများ ရှိနေပြီး၊ တရုတ်နိုင်ငံ၊ ရှင်းကျန်းဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ မြို့တော် Urumqi နှင့် ဘဏ္ဍာရေးဆိုင်ရာဆက်သွယ်မှုများ တိုးမြင့်လာသဖြင့် အာရှအလယ်ပိုင်းအတွက် ရင်းနှီးမြှုပ်နှံမှုအခြေစိုက်ရန် ထပ်မံတိုးတက်ဖြစ်ပေါ်မှုများ ဖြစ်လာနိုင်ပါသည်။

ဥရောပသမဂ္ဂသည် ဘဲလာရုစ်နိုင်ငံအပေါ် ပိတ်ပင်တားဆီးမှုများကြောင့် ဘဲလာရုစ်က အရှေ့သို့မျှော်သည့် မူဝါဒကို ကျင့်သုံးလျက် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံအသစ်များကို ရှာဖွေလာပါသည်။ လက်ရှိအချိန်တွင် ရုရှားနိုင်ငံမှာ ဘဲလာရုစ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်မှု မိတ်ဖက်နိုင်ငံဖြစ်လာပါသည်။

ရင်းမြစ်၊ China Briefing

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

……………………………………………………..

AgriBusiness & Trade

## နှစ်သစ်ကူးပွဲတော်ပြီးနောက် ကုန်အမှာစာရရှိမှုမြင့်တက်လာသဖြင့် လုပ်သားများ ပိုမိုခန့်ထားနေသည့် ဗီယက်နမ်မှ စက်ရုံများ

နှစ်သစ်ကူးပွဲတော်ပြီးနောက် စက်မှုထုတ်ကုန်များအတွက် ကုန်အမှာစာရရှိမှုများ မြင့်တက်လာသဖြင့် ဗီယက်နမ်မှစက်ရုံများက လုပ်သားအသစ်များကို ငှားရမ်းရန် ဗီယက်နမ်ဒေါင် ဘီလီယံနှင့်ချီ၍ သုံးစွဲနေကြသည်ဟု သိရပါသည်။ ဗီယက်နမ်ဒေါင် (၁)ဘီလီယံလျှင် အမေရိကန်ဒေါ်လာ (၄၃,၀၀၀)နှင့် ညီမျှပါသည်။

Bien Hoa 2 စက်မှုဇုန်အတွင်းရှိ ဖိနပ်ကုမ္ပဏီတစ်ခုဖြစ်သော Taekwang Vina Industrial JSC တွင် အလုပ်သမားပေါင်း (၅)ထောင် လိုအပ်နေပြီး၊ အလုပ်သမား ငှားရမ်းသည့်စာချုပ် လက်မှတ်ထိုးပါက လူတစ်ဦးလျှင် ဗီယက်နမ်ဒေါင် (၁၅) သန်းပေးရန် ပြင်ဆင်နေသည်ဟု သိရပါသည်။ အသစ်ဝင်ရောက်လာသည့် လုပ်သားများအနေဖြင့် စာချုပ်တွင် လက်မှတ်ထိုးသည့်အခါ ဆုကြေးငွေအဖြစ် ဗီယက်နမ်ဒေါင် (၂) သန်းမှ (၃)သန်းကြား ရရှိမည်ဖြစ်ပြီး၊ (၁၂)လအတွက် လစဉ်ဆုကြေးငွေ ဗီယက်နမ်ဒေါင် (၄)သိန်းနှင့် ကုမ္ပဏီမှ ငှားရမ်းပေးသည့်အိမ် စသည့်ခံစားခွင့်များကို ရရှိမည်ဖြစ်ပါသည်။ လုပ်သားအသစ်များကို ထိုကဲ့သို့ ဆွဲဆောင်ရသဖြင့် စုစုပေါင်းကုန်ကျစရိတ် ဗီယက်နမ်ဒေါင် ဘီလီယံ (၁၀၀)ခန့်ရှိမည်ဟု သိရပါသည်။

ဗီယက်နမ်ရှိ စက်ရုံများမှာ ကိုဗစ်ရောဂါဖြစ်ပွားခဲ့မှုနှုန်း အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သောကြောင့် (၃) လကြာမျှ ပိတ်ထားခဲ့ရပြီး၊ ယခုပြန်လည်ဖွင့်လှစ်သည့်အခါ ယခင်အမှာစာများကို အချိန်မီပြီးစီးရန်အပြင် နောက်ထပ်အမှာစာများကိုပါ လက်ခံရရှိခြင်းကြောင့် အလုပ်သမားများကို အပူတပြင်းရှာဖွေလာရခြင်း ဖြစ်ပါသည်။ ထိုသို့ လုပ်သားရှာဖွေလာသည့် လုပ်ငန်းများတွင် ဖိနပ်စက်ရုံများနှင့် အထည်အလိပ်စက်ရုံများ အများအပြား ပါဝင်ပါသည်။

နောက်ထပ်ဆွဲဆောင်မှုအဖြစ် အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အလုပ်သမားငှားရမ်းမှုအတွက် အထောက်အပံ့အဖြစ် ဗီယက်နမ်ဒေါင် (၆.၆) ထရီလီယံ တန်ဖိုးရှိ (၃)လ လူမှုဖူလုံရေးအစီအစဉ်ကို အဆိုပြုခဲ့ပါသည်။ လက်ရှိလုပ်သားများနှင့် စာချုပ်ဖြင့် အသစ်ငှားရမ်းထားသည့် လုပ်သားများသည် (၃)လအထိ ကာလအတွက် ဗီယက်နမ်ဒေါင် (၅)သိန်းမှ (၁) သန်းကြားကို အသီးသီး လက်ခံရရှိကြမည် ဖြစ်ပါသည်။

ရင်းမြစ်၊ vnexpress

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

## ဖေဖော်ဝါရီလ တတိယရက်သတ္တပတ်အတွင်း နီကယ်ဒြပ်စင်ဈေးနှုန်း သိသိသာသာ မြင့်တက်ခဲ့

ဖေဖော်ဝါရီလ တတိယရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ၏ နီကယ်ဒြပ်စင် ဈေးနှုန်းများမှာ အစပိုင်းတွင် ကျဆင်းခဲ့သော်လည်း၊ ရက်သတ္တနှောင်းပိုင်းတွင် ပြန်လည်မြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ ဖေဖော်ဝါရီလ (၁၈) ရက်နေ့၌ ဖြစ်ပေါ်ခဲ့သည့် နီကယ်ဒြပ်စင်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၇၉,၃၃၃.၃၃) ဖြစ်ပြီး၊ ရက်သတ္တအစောပိုင်း ကထက် (၀.၉) ရာခိုင်နှုန်း၊ ယခင်နှစ်ကထက် (၂၈.၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

SunSirs မှ အချက်အလက်များအရ ပြီးခဲ့သည့် ရက်သတ္တပတ် (၁၂)ပတ်အတွင်း (၇) ပတ်တွင် ဈေးနှုန်းမြင့်တက်ခဲ့က၊ (၃)ပတ်တွင် ဈေးနှုန်းကျဆင်းခဲ့ပြီး၊ ကျန်(၁)ပတ်တွင် ဈေးနှုန်းတန့်နေခဲ့ပါသည်။ ထို့ကြောင့် မကြာသေးမီကာလအတွင်း နီကယ်ဈေးနှုန်း လမ်းကြောင်းမှာ အားကောင်းနေသည်ကို တွေ့ရပါသည်။

ကွမ်ရှီး၊ တီရန်ကျင်းနှင့် ရှန်တုန်းပြည်နယ်များရှိ လုပ်ငန်းများမှာ ၂၀၂၂ ခုနှစ်မှစ၍ ထုတ်လုပ်မှုကိုရပ်ဆိုင်းထားကြပြီး၊ ဂန်းဆု၊ ကျိုလင်နှင့် ရှင်းကျန်းပြည်နယ်များမှ လုပ်ငန်းများမှာမူ နွေဦးရာသီပွဲတော်ကာလအတွင်း ပုံမှန်ထုတ်လုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ယခုနှစ် ဇန်နဝါရီလအတွင်း သန့်စင်ပြီးနီကယ်ထုတ်လုပ်မှုမှာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလကထက် (၁၃.၈၆) ရာခိုင်နှုန်းနှင့် ယခင်နှစ်ကထက် (၃.၉၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း 300 series သံမဏိအကြမ်းထုတ်လုပ်မှုမှာ တန်ချိန် (၁.၂၅၆၆)သန်းရှိခဲ့ပြီး၊ ဇန်နဝါရီလကထက် (၁.၁) ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ယခင်နှစ်အလားတူကာလကထက် (၁၁) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း သတ္တုစပ်ထုတ်လုပ်မှုမှာ တန်ချိန် (၆၄,၅၀၀)ခန့်ရှိမည်ဟုခန့်မှန်းရပြီး ယခင်လကထက် (၁.၁) ရာခိုင်နှုန်းနှင့် ယခင်နှစ်ကထက် (၅၁) ရာခိုင်နှုန်း ပိုမိုနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လက်ရှိအချိန်၌ နီကယ်သတ္တုရှားနေပြီး၊ စွမ်းအင်အသစ်သုံးယာဉ်များကို ပိုမိုထုတ်လုပ်လာသဖြင့် ဘက်ထရီများအတွက် နီကယ်သတ္တုဝယ်လိုအား ကောင်းနေပါသည်။ သတ္တုဈေးနှုန်းအားကောင်းနေခြင်းကြောင့် ကုန်ချောထုတ်လုပ်သည့်ဘက်၌ အမြတ်ရရှိမှုနည်းပါးလာနိုင်ပြီး၊ မတ်လအတွင်း နီကယ်ဘက်ထရီဓာတုပစ္စည်းအဖြစ် အသုံးပြုနိုင်မည့် nickel matte တန်ချိန် (၁)ထောင်ခန့်ကို ဈေးကွက်အတွင်း ရရှိနိုင်မည်ဟု ခန့်မှန်းထားကြပါသည်။ သို့ရာ

Agribusiness & Trade

တွင် nickel matte ပမာဏများများကို မရနိုင်သဖြင့် နီကယ်ဒြပ်စင်လိုအပ်ချက်ကြောင့် ဈေးနှုန်းမှာ အမြင့်ပိုင်း၌ပင် ဆက်လက်ရှိနေဦးမည် ဖြစ်ပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာဌေးစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

………………………………………………………………..

## တရုတ်ပြည်တွင်း ဓာတ်မြေသြဇာဈေးကွက်အခြေအနေ

SunSirs မှ ရရှိသည့် စာရင်းများအရ တရုတ်ပြည်တွင်း ပိုတက်ဆီယမ်ဆာလ်ဖိတ် ဈေးကွက်မှာ ဖေဖော်ဝါရီလလယ်တွင် ဆက်လက်မြင့်တက်နေပြီး၊ လက်ငင်းအရောင်းအဝယ် ဈေးနှုန်းမှာလည်း အတိုင်းအတာတစ်ခုအထိ မြင့်တက်နေပါသည်။ ဖေဖော်ဝါရီ (၁၇) ရက်နေ့တွင် ပြည်တွင်းပိုတက်ဆီယမ်ဆာလ်ဖိတ် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၄,၃၃၃.၃၃)ဖြစ်ပြီး၊ ဖေဖော်ဝါရီလဆန်းကထက် (၄.၈၄) ရာခိုင်နှုန်း မြင့်တက်လာပါသည်။

လက်ရှိအချိန်တွင် ပြည်တွင်းပိုတက်ရှ်ဓာတ်မြေသြဇာဈေးကွက်မှာ အရှိန်မြင့်နေပါသည်။ ပြည်တွင်း ပိုတက်ရှ်ဓာတ်မြေသြဇာရောင်းချသူများ များပြားလာပြီး၊ ဆားကန် (salt lake)နှင့် Zangge potassium chloride တို့၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကာ၊ ပမာဏမှာလည်း တဖြည်းဖြည်းတိုးမြင့်လာပါသည်။ သို့သော်ငြားလည်း ဈေးကွက်ရောင်းလိုအားတွင် အကန့်အသတ်ရှိနေဆဲဖြစ်ကာ၊ ရောင်းလိုအား အတန်အသင့် ကြပ်နေဆဲဖြစ်ပါသည်။

Potassium chloride မှာမူ Mannheim လုပ်ငန်းများအတွက် ပံ့ပိုးမှုအချို့ ရရှိထားရာ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် အပြုသဘောသက်ရောက်မှုရှိပါသည်။ လက်ရှိအချိန်တွင် ပြည်တွင်းလုပ်ငန်းများ၏ ထုတ်လုပ်မှုမှာ အထိုက်အလျောက် နည်းပါးနေပြီး၊ စုစုပေါင်း လည်ပတ်နေသည့်နှုန်းမှာ (၅၀) ရာခိုင်နှုန်းအောက်တွင်သာရှိနေရာ ဈေးအမြင့်ပိုင်းတွင် အတက်အကျရှိနေပါသည်။ potassium sulfate ကို လက်ငင်းရောင်းချမှုမှာလည်း ရောင်းလိုအားဆက်လက် တင်းကြပ်နေဆဲဖြစ်ပြီး၊ ဝယ်လိုအားဘက်မှလည်း ဆောင်းရာသီ လိုအပ်ချက်ကြောင့် ဝယ်လိုအား ပြန်လည်မြင့်တက်လာသည့် အနေအထားဖြစ်သောကြောင့် ဖေဖော်ဝါရီလလယ်ပိုင်းတွင် ဈေးကွက်မြင့်မားနေပါသည်။

ဆောင်းရာသီအစပိုင်းတွင် သိုလှောင်ထားသည့် ခါတ်မြေသြဇာများကို ကုန်သည်များက အသုံးပြုပြီးနောက် ပြည်တွင်းပိုတက်ရှိခါတ်မြေသြဇာစာချုပ်အချို့ကို မကြာသေးမီက ချုပ်ဆို၍ ဆောင်ရွက်နေပြီး၊ ဈေးကွက်အခြေအနေအပေါ် အကောင်းဘက်မှရှုမြင်လျက်ရှိကြကာ၊ ရေတိုကာလတွင် ဈေးနှုန်းဆက်လက်မြင့်တက်နေနိုင်ပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

……………………………………………………………………………………………………

## ကျောက်မျက်နှင့် လက်ဝတ်ရတနာကုန်သည်များအနေဖြင့် ၂၀၂၂ခုနှစ်တွင် စီးပွားရေးပြန်လည်

ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမှု၊ စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများ တိုးတက်လာမှုတို့ကြောင့် ယခုနှစ်တွင်ရွှေမပါဝင်သည့် ထိုင်းနိုင်ငံ၏ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ပြည်ပတင်ပို့မှုမှာ(၁၅-၂၀%)အထိ တိုးတက်လာမည်ဟု မျှော်လင့်လျှက်ရှိကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံကျောက်မျက်နှင့် ကျောက်မျက်သိပ (GIT) ၏ ညွှန်ကြားရေးမှူးဖြစ်သူ Sumeth Prasongphongchaiက ထိုင်းနိုင်ငံ၏ ကုန်သွယ်ဖက်အများစုမှ ကုန်သွယ်မှုကိုပိုမိုဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ဘေးကင်းရေးအစီအမံများကို ပြန်လည်ချိန်ညှိခဲ့ကြကြောင်း ပြောကြားခဲ့ပါ သည်။

ထို့အပြင် ကမ္ဘာတစ်ဝှမ်း ကာကွယ်ဆေးထိုးမှုပိုမိုများပြားလာမှုနှင့် အိုမီခရွန်မျိုးကွဲရပ်စ် အမျိုးအစားသည် ပြင်းထန်သောလက္ခဏာများကို ထုတ်ပေးပုံမရှိခြင်းတို့ကြောင့် စီးပွားရေးဆိုင်ရာလှုပ်ရှား ဆောင်ရွက်မှုများ တိုးတက်လာခဲ့ပြီး ကျောက်မျက်နှင့် လက်ဝတ်ရတနာ ထုတ်ကုန်များ၏ ဝယ်လိုအား မြင့်တက်လာခဲ့ကြောင်း Mr. Sumethက ပြောကြားခဲ့ပါသည်။

ယခုနှစ်တွင် ရွှေမပါဝင်ဘဲ ထိုင်းနိုင်ငံ၏ ကျောက်မျက်နှင့်လက်ဝတ်ရတနာတင်ပို့မှု အနေဖြင့် ယမန်နှစ်ကရှိခဲ့သည့် အမေရိကန်ဒေါ်လာ(၆.၁၆)ဘီလီယံထက်(၁၅-၂၀%)ခန့် တိုးတက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။ ရွှေအပါအဝင်ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၏ ပြည်ပတင်ပို့မှုမှာယခင်နှစ်က(၄၄.၈%)ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ(၁၀) ဘီလီယံ ရှိခဲ့ကြောင်းသိရှိရပါသည်။

အဓိကပို့ကုန်တင်ပို့မှု အားကောင်းခဲ့သောဈေးကွက်များတွင် ယူကေ (ယမန်နှစ်ကထက် ၁၃၅% မြင့်တက်)၊ ဆွစ်ဇာလန် (ယမန်နှစ်ကထက်၇၀.၄%မြင့်တက်)၊ အိန္ဒိယ (ယမန်နှစ်ကထက် ၆၀.၇%မြင့်တက်)၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယမန်နှစ်ကထက် ၂၉.၈%မြင့်တက်)၊ ဘယ်ဂျီယမ်(ယမန်နှစ်ကထက်၂၁.၂%မြင့်တက်)၊ ဩစတြေးလျ(ယမန်နှစ်ကထက် ၁၀.၇%မြင့်တက်)၊ ဂျပန်(ယမန်နှစ်ကထက်၆.၄၉%မြင့်တက်)ခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပတင်ပို့မှု မြင့်တက်ခဲ့သော ထုတ်ကုန်များတွင် ပလက်တီနမ်လက်ဝတ်ရတနာ (၅၁.၉%မြင့်တက်) ၊ Polished hard gems(၃၈.၅%မြင့်တက်)၊ Polished and cut Diamond(၃၅.၁%မြင့်တက်) ၊ ရွှေပါဝင်သောကျောက်မျက်(၃၁.၈%မြင့်တက်) ၊ ငွေ(၂၄.၁% မြင့်တက်) ၊ ငွေနှင့် ပြုလုပ်ထားသောကျောက်မျက် (၂၁.၇% မြင့်တက်) ၊ နီလာ(၁၇.၄% မြင့်တက်)၊ Polished artificial jewellery (9.7% မြင့်တက်) ခဲ့ကြောင်းသိရှိရပါသည်။

ယမန်နှစ်က ပြည်ပတင်ပို့မှုတွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာ တင်ပို့မှုတန်ဖိုးမှာ စုစုပေါင်း တင်ပို့မှု၏ အဆင့် (၅) နေရာတွင်ရှိကြောင်း၊ မော်တော်ကားများနှင့် အစိတ်အပိုင်းများ၊ ကွန်ပျူတာများနှင့် အစိတ်အပိုင်းများ၊ ရာဘာထုတ်ကုန်ပစ္စည်းများနှင့် ပလပ်စတစ် ထုတ်ကုန်များတို့၏ နောက်မှလိုက်နေကြောင်း၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာလုပ်ငန်းတွင် လုပ်သားစုစုပေါင်း (၇၀၀,၀၀၀) ကျော်ရှိကြောင်း သိရှိရပါသည်။

ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ပြပွဲခင်းကျင်းပြသသူ (၂၅၀) ဦးတို့ဖြင့် ကျင်းပခဲ့သည့် International Chanthaburi Gems and Jewellery Festival 2021–2022 ပြပွဲတွင် ပြည်တွင်းကုန်သည်များအတွက် ဝင်ငွေဘတ်သန်း(၆၀)ကျော်ရရှိနိုင်မည်ဟု ခန့်မှန်းခဲ့ကြောင်း Mr.Sumeth ၏ အဆိုအရသိရှိရပါသည်။ GIT အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ဌာနနှင့် ကျောက်မျက်ရတနာ ထုတ်လုပ်သူများ ပူးပေါင်း၍ ဗန်ကောက်ကျောက်မျက်ရတနာပြပွဲကို Impact Muang Thong Thani တွင် ယခုနှစ်စက်တင်ဘာလတွင်ကျင်းပရန်စီစဉ်နေကြောင်းသိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………..

Agribusiness & Trade

## ၂၀၂၄ ခုနှစ်တွင်မော်တော်ကားထုတ်လုပ်မှုအစီးရေ (၂) သန်းကျော်ရှိလာနိုင်ကြောင်းထိုင်းစက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကခန့်မှန်းခြင်း

ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ နှစ်စဉ်မော်တော်ကား ထုတ်လုပ်မှုသည် (၂)နှစ်အတွင်း အစီးရေ (၂)သန်းကျော်အထိ တိုးလာနိုင်မည်ဖြစ်ကြောင်း ထိုင်းစက်မှု လုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industries ( FTI) ၏ ခန့်မှန်းချက်အရသိရှိရ ပါသည်။

လျှပ်စစ်မော်တော်ကားများ (EVs) အတွက် အစိုးရ၏ မက်လုံးပေးမှုအစီအစဉ်တွင် ဘက်ထရီ လျှပ်စစ်ကား Battery electric Vehicles များအတွက် အကောက်ခွန် (၄၀%) အထိ လျှော့ချခြင်း ပါဝင်ပြီး ၎င်းက ကားတင်သွင်းမှုကို မြှင့်တင်ပေးလိမ့်မည်ဖြစ်သော်လည်း၊ ရေရှည်တွင် ပြည်တွင်း မော်တော်ကားထုတ်လုပ်မှုကို ထိခိုက်လိမ့်မည်မဟုတ်ကြောင်း FTI ဥက္ကဌနှင့် မော်တော်ကားကလပ် အသင်းပြောရေးဆိုခွင့်ရှိသူ Surapong Paisitpatanapong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအစဉ်မှနေ၍ မော်တော်ကား တင်သွင်းသူများအနေဖြင့် အကျိုးအမြတ်များ ရရှိနိုင်သော်လည်း အစိုးရအနေဖြင့် လျှပ်စစ်မော်တော်ကား EVs များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီး မြှုပ်နှံမှုများ ပိုမိုလုပ်စေချင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ဒေသတွင်း EVs ထုတ်လုပ်မှုဗဟိုချက်ဖြစ်လာစေရေး ရည်မှန်းချက်၏ တစ်စိတ် တစ်ပိုင်းဖြစ်သော၂၀၃၀ခုနှစ်တွင် ပြည်တွင်းထုတ်ကားများ၏ (၅၀%)ကိုလျှပ်စစ်ကား EVs များအ ဖြစ် မြင်တွေ့လိုကြောင်း အမျိုးသားလျှပ်စစ်မော်တော်ကား မူဝါဒကော်မတီက ပြီးခဲ့သည့် မတ်လတွင် ထုတ်ပြန်ကြေငြာခဲ့ကြောင်း သိရှိရပါသည်။

FTI အနေဖြင့် အဓိကအားဖြင့် ကိုဗစ်-၁၉ ကိုထိန်းချုပ်ရန် အစီအမံဆောင်ရွက်ချက်များ ကြောင့် ထိုင်းမော်တော်ကားလုပ်ငန်းအနေဖြင့် နှေးကွေးသောရောင်းအားမှ ပြန်တက်လာစေရန် မျှော်လင့်ထားပြီး ကပ်ရောဂါမဖြစ်ပွားမီက နိုင်ငံ၏ မြင့်မားသောထုတ်လုပ်မှုအဆင့်သို့ ပြန်လည် ရောက်ရှိစေရန် မျှော်လင့်ထားကြောင်းသိရှိရပါသည်။

၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုမှာ အစီးရေ (၂,၁၆၇,၆၉၄) စီးရှိခဲ့ပြီး အစီးရေ (၁,၁၄၂,၇၃၃) မှာ ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ အနေဖြင့် ကမ္ဘာတစ်ဝှမ်းသို့ ကားများတင်ပို့ရောင်းချနေသော မော်တော်ကားထုတ်လုပ်သူ၊ မော်တော်

Agribusiness & Trade

ကားတပ်ဆင်သူနှင့် အစိတ်အပိုင်းများထုတ်လုပ်သူ၊ ကမ္ဘာတစ်ဝှမ်းသို့ကားတင်ပို့သူသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း Mr.Surapongက ပြောကြားခဲ့ပါသည်။

ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း ယမန်နှစ်က မော်တော်ကားထုတ်လုပ်မှု အနေဖြင့် အစီးရေ (၁.၆၈) သန်းအထိ တိုးမြှင့်နိုင်ခဲ့ပြီး နှစ်အလိုက်တွင် (၁၈.၁%) တိုးတက်ခဲ့ကြောင်း၊ အဆိုပါ ကိန်းဂဏန်းများသည် FTI ကရည်မှန်းထားသည့် အစီးရေ (၁.၆) သန်းကို ကျော်လွန်ခဲ့ကြောင်း သိရှိရပါသည်။ FTI အနေဖြင့် ယခုနှစ်အတွက် အစီးရေ(၁.၈)သန်းအထိ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် အစီးရေ (၉၀၀,၀၀၀) မှ (၉၅၀,၀၀၀) ခန့် ပြည်ပသို့တင်ပို့နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းသိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

………………………………………………………………………………………………………

## ရုရှားကယူကရိန်းနှင့် ညှိနှိုင်းမှုများပြုလုပ်မည်ဟု သဘောတူညီပြီးနောက် အမေရိကန်စတော့တန်ဖိုးများ ပြန်လည်မြင့်တက်

ရုရှားက ယူကရိန်းနှင့် ညှိနှိုင်းမှုပြုလုပ်မည်ဟု သဘောတူပြီးနောက် ၂၅-၂-၂၀၂၂ရက်နေ့၊ သောကြာနေ့တွင် အမေရိကန်၏ အဓိကစတော့တန်ဖိုးများ ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ ငွေကြေးမူဝါဒတင်းကြပ်ရန် အမေရိကန်၊ ဗဟိုဘဏ်၏အစီအစဉ်များကြောင့် စတော့တန်ဖိုးမြင့် တက်နေရာမှ ပြန်လည်၍ ဒယီးဒယိုင်ဖြစ်လျက်ရှိနေသည့် S&P 500 သည် ရုရှား၊ ယူကရိန်းနှင့် အနောက်ဥရောပနိုင်ငံတစ်ချို့၏ တင်းမာမှုများကြောင့် နှစ်နှစ်အတွင်း ၎င်းတန်ဖိုးသည် တစ်ဝဲလည်လည် ဖြစ်လျက်ရှိကြောင်း ၂၅-၂-၂၀၂၂ ရက်နေ့ ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

အမေရိကန်စတော့များဖြစ်ကြသည့် S&P 500 သည် ၂၅-၂-၂၀၂၂ ရက်နေ့တွင် ယမန်နေ့ကထက် ၁.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ Dow Jones Industrial Average သည် ၅၅၀ ပွိုင့်နှင့် Nasdaq Composite သည် ၀.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ စတော့တန်ဖိုးများ မြင့်တက် လာသော်လည်း ယူကရိန်းအခြေအနေသည် ပြန်လည်ပြေလည်သွားရန် အခြေအနေနှင့် ဝေးနေသေး သည်ဟု ရင်းနှီးမြှုပ်နှံသူများက ပြောကြားခဲ့ကြကြောင်း ဖော်ပြထားပါသည်။

ယနေ့ထိ အမေရိကန်နှင့် မဟာမိတ်နိုင်ငံတစ်ချို့သည် ရုရှားအပေါ် ပြင်းထန်သည့် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ထားကြကြောင်း၊ ဥရောပသမဂ္ဂက ရုရှားသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးတို့၏ ဥရောပရှိပိုင်ဆိုင်မှုများကို ၂၅-၂-၂၀၂၂ ရက်နေ့တွင် ပိတ်ထားလိုက်ကြောင်း၊ ဒုတိယအဆင့်အနေနှင့် ရုရှားနိုင်ငံ၊ ဘဏ်စနစ်၏ ၇၀ ရာခိုင်နှုန်းအား ကမ္ဘာ့ငွေကြေးဈေးကွက်မှ ဖယ်ရှားရန်အရေးယူမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

နည်းပညာဆိုင်ရာစတော့များဖြစ်ကြသည့် Apple တန်ဖိုးက ၀.၃ ရာခိုင်နှုန်း၊ Meta Platforms (Facebook ) က ၁.၂ ရာခိုင်နှုန်း၊ Russia၏ Moex stock-market gauge က ၁၉ ရာခိုင်နှုန်း အသီးသီး ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ ရုရှားငွေကြေး ရူဘယ်တန်ဖိုးသည် ၃ ရာခိုင်နှုန်းနီးပါး၊ အမေရိကန်တစ်ဒေါ်လာလျှင် ၈၂ ရူဘယ်ထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ Stoxx Europe 600 သည် ၂.၈ ရာခိုင်နှုန်း၊ ဂျပန်၏ Nikkei 225 သည် ၂ ရာခိုင်နှုန်းနှင့် CSI 300 သည် ၁ ရာခိုင်နှုန်း အသီးသီး ပြန်လည်မြင့်တက်ခဲ့ပါသည်။

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် လောင်စာဆီဈေးနှုန်းသည် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ မြင့်တက်ရောက်ရှိခဲ့ကြောင်း၊ ဂျုံအကြိုရောင်းဝယ်မှုဈေးနှုန်းလည်း မြင့်တက်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် အစိုးရငွေတိုက်စာချုပ်များ ရောင်းချကြပြီး ဆယ်စုနှစ် အတွင်း အမြင့်ဆုံးရောင်းချကြခြင်းဖြစ်ပြီး အစိုးရဘဏ္ဍာသို့ ၂ ရာခိုင်နှုန်းပြန်လည် ဝင်ရောက်ခဲ့ကြောင်း၊ ယခုအခါ ရုရှားနှင့် ယူကရိန်း ညှိနှိုင်းမှုများပြုလုပ်ရန် သဘောတူညီပြီးနောက် စွမ်းအင်ဈေးကွက်တွင် Brent crude အကြိုရောင်းဝယ်မှုတွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၄.၄၅ ဖြင့် ၁ ရာခိုင်နှုန်း ဈေးပြန်ကျခဲ့ကြောင်း၊ Brent crude ဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော်ထိ ဈေးမြင့်တက်ခဲ့ပြီးနောက် ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/global-stocks-markets-dow-update-02-25-22-11645771218

ခင်မြမြထွေး၊ စီးပွားရေးသံမှူး

ဝါရှင်တန်

..........................................................................................

Agribusiness & Trade

## အမေရိကန်၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရုရှားဘဏ်များအပေါ် အရေးယူသည့် ကြေညာချက်ထုတ်ပြန်

အမေရိကန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး (Office of Foreign Assets Control – OFAC) သည် အမေရိကန်နိုင်ငံသားများအား ရုရှားနိုင်ငံ၏ ဗဟိုဘဏ် (Central Bank of Russian Federation)၊ အမျိုးသားစနေဘဏ် (National Wealth Fund of the Russian Federation) နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (Ministry of Finance of the Russian Federation) တို့နှင့် ငွေပေးငွေယူ လုပ်ငန်းဆောင်ရွက်မှုများအား တားဆီးပိတ်ပင်သည့် ကြေညာချက်ကို ယနေ့ ၂၈-၂-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်နိုင်ငံသည် အနောက်နိုင်ငံများမှ ရုရှားနိုင်ငံသို့ စီးပွားရေးအရေးယူမှုကြောင့် ထိခိုက်လာမည့် ဖိအားများမှ ရုရှားအနေနှင့် ၎င်း၏ အရန်ငွေကြေးသုံးစွဲ၍ အကာအကွယ်ရယူကာ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိစေရေးအတွက် ရုရှားနိုင်ငံ၏ ဗဟိုဘဏ်၊ အမျိုးသားစနေဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား အရေးယူခဲ့ခြင်းဖြစ်သည်ဟု တနင်္လာနေ့၊ အမေရိကန် ဈေးကွက်အဖွင့်တွင် အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း ၂၈-၂-၂၀၂၂ ရက်နေ့ ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

ရုရှားနိုင်ငံသုံးငွေကြေး ရူဘယ် ငွေတန်ဖိုးတည်ငြိမ်စေရန် ရုရှားအနေနှင့် ၎င်း၏ ဗဟိုဘဏ်၊ အရန်ငွေကြေးမှ အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် အခြားနိုင်ငံငွေကြေးများ အသုံးပြုခြင်းကို အရေးယူ ပိတ်ဆို့ခံခဲ့ရသည့်အတွက် ငွေကြေးဖောင်းပွမှုများ ဆက်လက်ဖြစ်ပေါ်လာမည် ဖြစ်သည်ဟု အဆိုပါ အရာရှိက ပြောကြားခဲ့ကြောင်း၊ အမေရိကန်က ဥရောပနိုင်ငံများနှင့် ၎င်း၏ မဟာမိတ်နိုင်ငံများနှင့် အတူ အရေးယူမှုသည် ရုရှားအစိုးရကို ယူကရိန်းအား ကျူးကျော်တိုက်ခိုက်မှု ရပ်တန့်အောင် မဟာမိတ်များနှင့် အတူ ပူးပေါင်းဆောင်ရွက်မှုများမှ ဆောင်ရွက်မှု တစ်ခုဖြစ်ကြောင်း၊ ရုရှားအနေနှင့် ၎င်း၏ ဗဟိုဘဏ်တွင် စစ်ပွဲအတွက်အသုံးပြုရန် အမေရိကန်ဒေါ်လာ ၆၃၀ ဘီလီယံ အရန်ထားရှိမှု အပါအဝင် အနောက်နိုင်ငံများ၏ စီးပွားရေးအရေးယူ၊ ပိတ်ဆို့မှုများကို ကြံ့ကြံ့ခံပြီး ၎င်းတို့စီးပွားရေး တိုးတက်ရန် မကြာမီနှစ်များကပင် ကြိုတင်ပြင်ဆင်ထားရှိခဲ့ခြင်းအား ရုရှားခံတပ်ကြီးသည် အကာအကွယ်မဲ့ကာ ဒဏ္ဍာရီသဖွယ် ဖြစ်လာမည်ဟု အရာရှိတစ်ဦးက ဝေဖန်တိုက်ခိုက်ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

ရုရှားနိုင်ငံက နိုင်ငံရပ်ခြားရှိ ၎င်းတို့ပိုင်ဆိုင်မှုများကို မရွှေ့ပြောင်းနိုင်ခင် ရုရှားဗဟိုဘဏ်အား တားဆီးရန် ဈေးကွက်မဖွင့်ခင် အမေရိကန်၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြင်းထန်သည့် ဤကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ ငွေကြေးဈေးကွက်များသည် ယနေ့တွင် အပြင်းအထန် ထိခိုက်လာကြောင်း၊ ရုရှားရူဘယ်တန်ဖိုးသည် သောကြာနေ့ ၂၅-၂-၂၀၂၂ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၈၃ ရူဘယ်တန်ဖိုးရှိခဲ့ရာမှ ယနေ့ ၂၈-၂-၂၀၂၂ ရက်နေ့တွင် ၁၁၁ ရူဘယ်ထိ၊ ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်း တန်ဖိုးထိုးကျလာကြောင်း ဖော်ပြထားပါသည်။

အမေရိကန်သည် ကမ္ဘာ့ထိပ်တန်း လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖြန့်ဖြူးသည့် ရုရှားနိုင်ငံမှ တင်ပို့မှုများ ပိတ်ပင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွမှုများကြောင့် ဥရောပနှင့် ကမ္ဘာ့နိုင်ငံများ ခံနိုင်ရည်ရှိစေရန်ရည်ရွယ်၍ စွမ်းအင်အတွက် ငွေပေးချေမှုများကို ချွင်းချက် ကင်းလွတ်ခွင့်ပေးထားသေးကြောင်း၊ အမေရိကန်နှင့် ၎င်းမဟာမိတ် ဥရောပနိုင်ငံများသည် ကမ္ဘာ့ငွေပေးချေမှုစနစ် - Swift မှ ဖယ်ရှားသွားမည့် ရုရှားဘဏ်စာရင်းအား ပြုစုလျက်ရှိပြီး တစ်ချို့သော ဘဏ်များကို လာမည့်သီတင်းပတ်တွင် အရေးယူသွားရန် ရည်ရွယ်ထားကြောင်း၊ အဆိုပါ အရေးယူမည့် ဘဏ်စာရင်းပြီးမြောက်သည့်အခါ ဥရောပနိုင်ငံများမှ ကမ္ဘာ့ဘဏ်များနှင့် ချိတ်ဆက်ထားသည့် ဘယ်လဂျီယံအခြေစိုက် Swift စနစ်မှ ထုတ်ပယ်သည့် အဆိုပါဘဏ်စာရင်းကို ကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအရေးယူမှုတွင် အဆိုးဆုံး စီးပွားရေးဒဏ်ခတ်မှုအတွက်သာ အသုံးပြုရန် စွမ်းအင်အတွက် ငွေပေးချေမှုကိုပါ ထည့်သွင်း အရေးယူသွားမည်ဖြစ်သည်ဟု အမေရိကန်၊ အရာရှိတစ်ဦး က ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://home.treasury.gov/news/press-releases/jy0612

https://www.wsj.com/articles/u-s-is-levying-sanctions-against-russias-central-bank-11646052061

**ခင်မြမြထွေး၊ စီးပွားရေးသံမှူး**

**ဝါရှင်တန်**

……………………………………………………………………………………………………

Agribusiness & Trade

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၁၀ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ မတ်လ(၁၀) ရက်


| ၁၀-၃-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၁၉၆၃.၆ |
| စင်္ကာပူဒေါ်လာ | ၁၃၀၈.၀ |
| စတာလင်ပေါင် | ၂၃၄၀.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၅၃၃.၆ |
| တရုတ်ယွမ် | ၂၈၁.၂၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၃၈ |
| အိန္ဒိယရူပီး | ၂၃.၃၁၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၄.၈၁ |
| မလေးရှား ရင်းဂစ် | ၄၂၄.၅၀ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၀၆၁ |
| ထိုင်းဘတ် | ၅၃.၇၁၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၈၀၃ |


လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အောက်တိုဘာလမတိုင်မီအချိန်အထိ ခတ်မြေသြဇာလုံလောက်မှုရှိကြောင်း ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး ပြောကြား

➢ စားသုံးဆီ တင်သွင်းနိုင်မည့် အရင်းအမြစ်များ အိန္ဒိယအစိုးရကလေ့လာလျက်ရှိ

➢ ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ လတ်ဆတ်သောအသားထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ရောက်ရှိလာခြင်း

➢ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပို့ကုန်ထိန်းချုပ်ရေး စည်းမျဉ်းများကို ဩစတြေးလျအစိုးရက ပြင်ဆင်လိုက်ခြင်း

➢ နယူးဆောက်ဝေးလ်ပြည်နယ် မြောက်ပိုင်းမှ လယ်သမားများသည် နေရာအနှံ့ရေကြီးပြီးနောက် သီးနှံဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရခြင်း

➢ ကုန်သွယ်မှုကို တိုးတက်ခေတ်မီစေခြင်းက စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် ကောင်းမွန်သောရလဒ် ဖြစ်ပေါ်စေခြင်း

- **အထွေထွေသတင်းများ**

➢ Brent crude ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၀ ထိ မြင့်တက်ခဲ့ပြီးနောက် စတော့တန်ဖိုးများ ဆက်လက်ကျဆင်း (အမေရိကန်)

➢ ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

- အပြုသဘောဆောင်သောအချက်များက ပို့ကုန်တိုးတက်မှုအတွက်တွန်းအားဖြစ်စေခြင်း (ထိုင်းနိုင်ငံ)
- ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာမှုကြောင့် ပီလောပီနံပြည်ပတင်ပို့မှု အလားအလာကောင်းမွန်မည်ဟု မျှော်လင့်လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ

  သတင်းများ
- ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ
- Uniqlo သည် ရုရှားနိုင်ငံရှိ ၎င်း၏ အဝတ်အထည်ဆိုင်များကို ဆက်လက်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရ (ဂျပန်နိုင်ငံ)
- ရေနံဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ယန်း ၃၆၀ ဘီလီယံခန့်ရှိသည့် ပြည်တွင်းစီးပွားရေး ပံ့ပိုးမှုအစီအမံများဆောင်ရွက်ရန် ဂျပန်ပြင်ဆင်နေ

## စိုက်ပျိုးရေးလုပ်ငန်းများအတွက် အောက်တိုဘာလမတိုင်မီအချိန်အထိ ဓာတ်မြေသြဇာလုံလောက်မှု ရှိကြောင်း ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး ပြောကြား

စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သောဓာတ်မြေသြဇာများ ဝယ်ယူတင်သွင်းထားနိုင်ရန် အစိုးရကစီစဉ်ဆောင်ရွက်ခဲ့သဖြင့် အောက်တိုဘာလမတိုင်မီအချိန်အထိ ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေသြဇာလုံလောက်မှုရှိကြောင်း ဓာတ်မြေသြဇာအဓိက တင်ပို့သည့် ရုရှနှင့်ယူကရိန်းနိုင်ငံတို့၏ပဋိပက္ခဖြစ်ပွားမှုကြောင့် ကမ္ဘာ့စျေးကွက်၌ ဓာတ်မြေသြဇာများပြတ်လပ်မှုများဖြစ်ပေါ်နေချိန်တွင် စိုက်ပျိုးရေးဝန်ကြီး Tereza Cristina က ပြောကြားခဲ့သည်။

အစာကုန်ကြမ်းအတွက် ပြည်တွင်းတွင်ပြောင်းစေ့လိုအပ်ချက်များ မြင့်တက်လျက် ရှိကြောင်း၊ ထို့ကြောင့် သီးနှံစိုက်ပျိုးချိန်တွင် ဓာတ်မြေသြဇာလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် အစိုးရကအာမခံချက်ပေးထားကြောင်း၊ နွေသီးနှံများရိတ်သိမ်းမည့် စက်တင်ဘာလနှင့်အောက်တို ဘာလတို့တွင် သီးထပ်သီးနှံ ထပ်မံစိုက်ပျိုးနိုင်ရေးအတွက်ပြင်ဆင်ရမည်ဖြစ်ရာ အောက်တိုဘာလမတိုင်မီ ဓာတ်မြေသြဇာဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဝန်ကြီး Tereza Cristina က သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ဓာတ်မြေသြဇာတင်သွင်းရာတွင် ရုရှနိုင်ငံနှင့်ဘီလာရုနိုင်ငံတို့ကို မှီခိုအားထားရမှုမှလျှော့ချနိုင်ရန်အတွက် အခြားဓာတ်မြေသြဇာထုတ်လုပ်သည့်နိုင်ငံများအား ရှာဖွေလျက်ရှိကြောင်း၊ ဓာတ်မြေသြဇာထုတ်လုပ်သည့်နိုင်ငံများ၊ ဓာတ်မြေသြဇာအမျိုးအစားများနှင့် သယ်ယူပို့ဆောင်မှုစရိတ်များကို လေ့လာတွက်ချက်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် စိုးရိမ်မှုမလွန်ကဲရန်နှင့် ဖြစ်ပေါ်နိုင်သည့်အရာများအတွက် အချိန်ယူဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ဓာတ်မြေသြဇာအနည်းဆုံးအသုံးပြုသည့် သီးနှံစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နည်းစနစ်များပြောင်းလဲကျင့်သုံးနိုင်ရေး သုတေသနများပြုလုပ်လျက်ရှိကြောင်း Brazilian Agricultural Research Corporation(Embrapa) ကပြောကြားခဲ့သည်။ Nanotechnology တိုးတက်ရေး၊ ပေါင်းစည်းလယ်ယာစနစ်ကျင့်သုံး၍ ဇီဝမြေသြဇာအသုံးပြုနိုင်ရေး၊ Digital Agriculture စနစ်ပိုမိုကျယ်ပြန့်လာရေးတို့အတွက် ငွေကြေးထောက်ပံ့ခြင်းများနှင့် မဟာဗျူဟာများချမှတ်ဆောင်ရွက်ခြင်းများဖြင့် လုပ်ဆောင်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ဘရာဇီးလ်နိုင်ငံအတွက်အလွန်အရေးပါပြီး နိုင်ငံခြားဝင်ငွေများအဓိကရရှိလျက်ရှိကြောင်း ဝန်ကြီး Cristina က ပြောကြားခဲ့သည်။

ပြည်ပနိုင်ငံများမှတင်သွင်းသည့် ဓာတ်မြေဩဇာအပေါ် မှီခိုရမှုလျှော့ချနိုင်ရေးအတွက်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်း၍ National Fertilizer Plan ကို မကြာမီရက်များတွင်စတင်လုပ်ဆောင်နိုင်ရန် အစိုးရကဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွက် ဓာတ်မြေဩဇာလုံလောက်စွာရရှိမှုသည် အမျိုးသားလုံခြုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဲ့သို့ အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်လိုအပ်သည့်ဓာတ်မြေဩဇာပမာဏ၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိအား ပြည်တွင်းတွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း ဝန်ကြီး Cristina က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာ့ဓာတ်မြေဩဇာထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းကိုသုံးစွဲပြီး ကမ္ဘာပေါ်တွင် စတုတ္ထမြောက်ဓာတ်မြေဩဇာအများဆုံးသုံးစွဲသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတွင်သုံးစွဲသည့် ဓာတ်မြေဩဇာပမာဏ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှဝယ်ယူတင်သွင်းလျက်ရှိပြီး ပိုတက်စီယံဓာတ်မြေဩဇာလိုအပ်ချက်၏ ၉၅ ရာခိုင်နှုန်းအား ပြည်ပနိုင်ငံများမှတင်သွင်းရကြောင်း၊ ဓာတ်မြေဩဇာတင်သွင်းမှုပမာဏ၏ ၂၅ ရာခိုင်နှုန်းကို ရုရှနိုင်ငံမှဝယ်ယူတင်သွင်းရလျက်ရှိကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှနိုင်ငံသည် ကမ္ဘာ့ဓာတ်မြေဩဇာဈေးကွက်သို့ အများဆုံးတင်ပို့နေသည့်နိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဓာတ်မြေဩဇာတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇ ဘီလီယံတန်ဖိုး ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဘရာဇီးလ်နိုင်ငံသို့ဓာတ်မြေဩဇာတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၈.၀၃ ဘီလီယံတန်ဖိုးရှိခဲ့ရာ ၎င်းတို့အနက် အမေရိကန်ဒေါ်လာ ၁.၇၉ ဘီလီယံတန်ဖိုးအား ရုရှနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ရုရှနိုင်ငံ၏ ပိုတက်စီယံဓာတ်မြေဩဇာထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းရှိပြီး အမိုးနီးယမ်းနိုက်ထရိတ်ဓာတ်မြေဩဇာထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှု ပမာဏ၏ ၂၁ ရာခိုင်နှုန်းရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် ပိုတက်စီယံဓာတ်မြေဩဇာလိုအပ်ချက်၏ ၂၈ ရာခိုင်နှုန်းနှင့် အမိုးနီးယမ်းနိုက်ထရိတ်ဓာတ်မြေဩဇာလိုအပ်ချက်တို့အား ရုရှနိုင်ငံမှ အဓိက ဝယ်ယူတင်သွင်းရလျက်ရှိကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးနှင့်အကြံပေးကုမ္ပဏီ Conab ၏ သတင်းတွင်ဖော်ပြထားသည်။

ဘီလာရုစ်နိုင်ငံအား အမေရိကန်ဦးဆောင်သောဥရောပနိုင်ငံများမှ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစတင်၍ ဘီလာရုစ် ပို့ကုန်များ

Agribusiness & Trade

အား လစ်သူရေးနီးယားဆိပ်ကမ်းကိုအသုံးပြု၍တင်ပို့ခွင့်ကို ပိတ်ပင်ခဲ့သဖြင့် ဘီလာရုစ် နိုင်ငံမှဘရာဇီးလ်နိုင်ငံသို့ ဓာတ်မြေဩဇာတင်ပို့မှုအား ယာယီရပ်ဆိုင်းထားခဲ့သည်။ ထို့ကြောင့် ဘရာဇီးလ်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍအတွက်အဓိကလိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများ ဝယ်ယူတင်သွင်းနိုင်ရေးအတွက် နည်းလမ်းများရှာဖွေလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး Tereza Cristina ဦးဆောင်သောအဖွဲ့သည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရုရှနိုင်ငံသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အီရန်နိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့ပြီး ဓာတ်မြေဩဇာများဝယ်ယူတင်သွင်းနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း၊ ဝန်ကြီး၏ အီရန်ခရီးစဉ်အတွင်း ဘရာဇီးလ်နိုင်ငံသို့ ယူရီးယားဓာတ်မြေဩဇာတန်ချိန် ၂ သန်းအား နှစ်စဉ်ရောင်းချပေးရန် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ထို့အပြင် လာမည့်မတ်လ ၁၂ ရက်နေ့တွင်လည်း ဘရာဇီးလ်နိုင်ငံသို့ ပိုတက်စီရမ်ဓာတ်မြေဩဇာများ ဝယ်ယူတင်သွင်းနိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဦးဆောင်သောအဖွဲ့ဖြင့် ကနေဒါနိုင်ငံသို့ သွားရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ကြီး Cristina က ပြောကြခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

## စားသုံးဆီ တင်သွင်းနိုင်မည့် အရင်းအမြစ်များ အိန္ဒိယအစိုးရက လေ့လာလျက်ရှိ

ပြည်တွင်းသို့ နေကြာဆီများ အဓိကဝယ်ယူတင်သွင်းသည့် ကုန်သွယ်ဘက်နိုင်ငံဖြစ်သော ယူကရိန်းနိုင်ငံထံမှ သွင်းအားစုပြတ်လပ်မှုနှင့် ကြုံတွေ့နေရချိန်၌ စားသုံးဆီ ဖူလုံမှုရှိစေရေးအတွက် အိန္ဒိယအစိုးရသည် တောင်အမေရိကဒေသနှင့် အရှေ့တောင်အာရှဒေသရှိနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်း၌ အရန်စားသုံးဆီများ စုဆောင်းထားရှိသော်လည်း အစိုးရအနေဖြင့် စားသုံးဆီတင်သွင်းရန်အတွက် အခြားသော အရင်းအမြစ်များကို လေ့လာရှာဖွေလျက်ရှိသည်ဟု အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားကြောင်း အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြပါသည်။

AgriBusiness & Trade

နိုင်ငံတကာနေကြာဆီအသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Sandeep Bajoria က အိန္ဒိယနိုင်ငံ၏ လစဉ် နေကြာဆီစားသုံးမှုမှာ တန်ချိန် ၂ သိန်းခန့်ရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်း အိန္ဒိယသို့တင်ပို့သည့် နေကြာဆီပမာဏမှာ တန်ချိန် ၁.၅ သိန်းခန့်ရှိသော်လည်း မတ်လအတွက်မူ မှန်းဆရန်ခက်ခဲကြောင်း၊ အိန္ဒိယနိုင်ငံအတွက် နေကြာဆီ ပိုမိုဝယ်ယူတင်သွင်းရန် ရွေးချယ်နိုင်သည့် အခြားသောဈေးကွက်မှာ အာဂျင်တီးနားနိုင်ငံဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အာဂျင်တီးနားမှ နေကြာဆီတင်သွင်းရန် စာချုပ်များချုပ်ဆိုမှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အကယ်၍ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရူပီး-ရူဘယ် ငွေကြေးစနစ်ဖြင့် ကုန်သွယ်နိုင်ပါက ရုရှားထံမှ နေကြာဆီတင်သွင်းရယူနိုင်ချေရှိကြောင်း၊ ရုရှား-ယူကရိန်း နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲခဲ့ပါက ယူကရိန်းနိုင်ငံထံမှ နေကြာဆီများ သင်္ဘောတင်ပို့မှုကို ပြန်လည်စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။

ရုရှား-ယူကရိန်း စစ်ပွဲဖြစ်ပေါ်မှုကြောင့် နေကြာဆီသွင်းအားစုအပိုင်း ပိုပျက်ယွင်းမှုနှင့်အတူ အိန္ဒိယပြည်တွင်း၌ နေကြာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး စားအုန်းဆီနှင့် ပဲပုတ်ဆီတို့၏ ဈေးနှုန်းများသည်လည်း လွန်ခဲ့သောရက်သတ္တပတ် အနည်းငယ်ကစတင်၍ မြင့်တက်လာခဲ့သည်။ သို့ရာတွင် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှုရှိသော မုံညင်းဆီနှင့် မြေပဲဆီ၏ဈေးနှုန်းများမှာ အထိုက်အလျောက်တည်ငြိမ်လျက်ရှိသည်။

အိန္ဒိယ ဆီကြိတ်ခွဲထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်ဒါရိုက်တာ Mr. B V Mehta က ပြည်တွင်းဈေးကွက်၌ ဆီမုံညင်းတန်ချိန် သိန်း ၁၁၀ ခန့် ထွက်ရှိနိုင်ဖွယ်ရှိကြောင်း၊ ထို့အပြင် ဆီကြိတ်ပဲပုတ်သည်လည်း တန်ချိန် သိန်း ၇၀ မှ သိန်း ၈၀ အထိ ရရှိနိုင်ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပေါ်မှုက ပြည်တွင်းဈေးကွက်၌ စားသုံးဆီများ ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေသော်လည်း ကုန်စည်ပြတ်လပ်မှု ဖြစ်ပေါ်နိုင်မည်မဟုတ်ကြောင်း၊ နေကြာဆီအား အစားထိုးသုံးစွဲနိုင်မည့် စားအုန်းဆီများမှာမူ အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှုကြောင့် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်းဖြင့် ပြောဆိုပါသည်။

Source: Government mulls edible oil import options, 8-3-2022, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

……………………………………………………………………………………….

## ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ လတ်ဆတ်သော အသားထုတ်လုပ်မှု တိုးမြှင့်နိုင်ရန် တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ရောက်ရှိလာခြင်း

ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ လတ်ဆတ်သော အသားထုတ်လုပ်မှုအား ကူညီပံ့ပိုးပေးနိုင်ရန် တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ဟောင်ကောင်ဒေသသို့ ၂-၃-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) တွင် ရောက်ရှိလာကြောင်း၊ ယခုရက်သတ္တပတ်အကုန်တွင် လတ်ဆတ်သောအသားများထုတ်လုပ်မှု တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် -၁၉ ကြောင့် သားသတ်လုပ်သားများ အရေအတွက်မှာ နည်းပါးဆဲဖြစ်သဖြင့် အသားဈေးနှုန်းမှာ ဆက်လက်မြင့်မား လျက်ရှိမည်ဖြစ်ကြောင်း ၂-၃-၂၀၂၂ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ “Mainland workers arrive to help increase meat supply” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသ၊ Shung Shui နှင့် Tsuen Wan တို့ရှိသားသတ်ရုံ (၂) ရုံမှ လုပ်သားများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ့ရှိခဲ့သဖြင့် အဆိုပါ သားသတ်ရုံ (၂) ရုံအား ၂၆-၂-၂၀၂၂ ရက်နေ့ညမှ စတင်၍ ယာယီပိတ်သိမ်းခဲ့ ကြောင်း၊ သို့သော် Tsuen Wan ရှိ သားသတ်ရုံအား ၂၇-၂-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ဝက်ကောင်ရေ (၃၀၀) ကျော်မျှသာ အသားထုတ်လုပ်နိုင်ခဲ့ရာ လုံလောက်မှုမရှိကြောင်း၊ Shung Shui သားသတ်ရုံလည်း ပြန်လည် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သားသတ်ရုံများ ဖွင့်လှစ်ထားသည့် Ng Fong Hong သည် ၂-၃-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) တွင် တရုတ်ပြည်မကြီးမှ သားသတ်လုပ်သား (၃၈) ဦး ခေါ်ယူခဲ့ပြီး ဟောင်ကောင်၌ လုပ်သားပြတ်လပ်နေမှုအား ကူညီပံ့ပိုးပေးရန် (၂) လကြာ နေထိုင်သွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ကူညီပံ့ပိုးပေးသော်လည်း ယခင်ထုတ်လုပ်သည့် ပမာဏအတိုင်း အသားများထုတ်လုပ်နိုင်ရန် မဖြစ်နိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

Shung Shui သားသတ်ရုံ၌ စုစုပေါင်း လုပ်သား (၁၅၀) ဦး ရှိသော်လည်း ယခုလက်ရှိတွင် (၄၀) ဦးသာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ကူညီပံ့ပိုးပေးလျှင်ပင် လူအင်အား(၇၈) ဦး (သို့မ ဟုတ်) မူလလူဦးရေ (၁၅၀) ၏ ထက်ဝက်ခန့်သာလျှင် ရှိနိုင်ကြောင်း၊ သားသတ်ရုံများ ပြန်လည်ဖွင့်လှစ်ပြီးလျှင် ကောင်ရေ (၁,၈၀၀) ခန့်မှ အသားထုတ်လုပ်နိုင်ရန် Ng Fong Hong က ခန့်မှန်းထားကြောင်း၊ ဈေးနှုန်းတိုးမြှင့်မှုနှင့်ပတ်သက်၍ စည်းမျဉ်းများ ထုတ်ပြန်ထားမှု မရှိသောကြောင့်လေလံဆွဲမှု ရလဒ်အပေါ် မူတည်မည်ဖြစ်ကြောင်း၊

Agribusiness & Trade

Pork Trade General Association ဥက္ကဋ္ဌကလည်း ဟောင်ကောင်ဒေသရှိ လတ်ဆတ်သောအသား များထုတ်လုပ်မှုမှာ ၆-၇-၂၀၂၂ ရက်နေ့ (တနင်္ဂနွေနေ့) မှ စတင်၍ ပုံမှန်အခြေအနေသို့ ရောက်ရှိနိုင်ရေးတဖြေးဖြေးချင်း ပြန်လည်စတင်နိုင်ရန် မျှော်မှန်းထားကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ကူညီပံ့ပိုးပေးသော်လည်း ဟောင်ကောင်ဒေသခံ လုပ်သားများ ကိုဗစ်-၁၉ ရောဂါကင်းစင်မှသာလျှင် ဒေသရှိသားသတ်ရုံများ ပုံမှန်လည်ပတ်နိုင်ပြီး အသားများပုံမှန်ပမာဏအတိုင်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..............................................................................................................

## စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပို့ကုန်ထိန်းချုပ်ရေး စည်းမျဉ်းများကို ဩစတြေးလျအစိုးရက ပြင်ဆင်လိုက်ခြင်း

ဩစတြေးလျအစိုးရသည် ဩစတြေးလျ၏ ပို့ကုန်ထိန်းချုပ်ရေးစည်းမျဉ်းများ ၂၀၂၁ (စည်းမျဉ်းများ)ကို ပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း Austrade ကသတင်းထုတ်ပြန်ထားသည်။ အများပြည်သူနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကာ ပို့ကုန်ဥပဒေများကို ပြန်လည်သုံးသပ်ပြီးနောက် ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပြင်ဆင်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြောင်းလဲမှုရှိသည့် ပြဋ္ဌာန်းချက်များတွင် တိရစ္ဆာန်၊ အသား၊ အထွေထွေ၊ အော်ဂဲနစ်ကုန်စည်များ၊ အပင်၊ ကြက်၊ ဘဲ၊ ယုန်နှင့် ခြေတံရှည်ငှက်အုပ်စု (ratite) နှင့် အမဲလိုက်ခြင်း (Wild Game) တို့ပါဝင်ပြီး၊ ဥများ၊ငါး၊ နွားနို့နှင့် သစ်သားဆိုင်ရာ စည်းမျဉ်းများမှာ ပြောင်းလဲမှုမရှိကြောင်းသိရှိရသည်။ စည်းမျဉ်းများဆိုင်ရာ ပြောင်းလဲမှုအများစုသည် အသေးအဖွဲဖြစ်သော်လည်း အသားနှင့် အသားထုတ်ကုန်များ၊ အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် သိသိသာသာပြောင်းလဲမှုများပြုလုပ်ထားကြောင်းသိရှိရသည်။

အသားနှင့် အသားထုတ်ကုန်များအတွက် အစားအသောက်ဘေးကင်းရေးဆိုင်ရာ အသားအကဲဖြတ်သူများ (Food Safety Meat Assessors) သည် တင်သွင်းသည့်နိုင်ငံတစ်ခုမှ လိုအပ်သည့်အခါတွင် အသားစစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးမည်ဖြစ်သည်။ ဤချဉ်းကပ်မှုကို လုပ်ငန်းကဏ္ဍနှင့် သဘောတူညီထားပြီး၊ အကယ်၍ ဩစတြေးလျအစိုးရ၏ အခွင့်အာဏာရှိ အရာရှိ

များက စစ်ဆေးမှု လုပ်ဆောင်နိုင်ပါက အစားအသောက်ဘေးကင်းရေးဆိုင်ရာ အသားအကဲဖြတ်သူများက အဆိုပါဝန်ဆောင်မှုကို ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း သိရှိရသည်။

စိုက်ပျိုးရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် ဩစတြေးလျနိုင်ငံမှ အပင်နှင့် အပင်ထွက်ကုန်များ (စပါးကဲ့သို့သော) တင်ပို့သည့် သင်္ဘောများကို စစ်ဆေးခြင်းအတွက် စည်းမျဉ်း၊ စည်းကမ်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ စစ်ဆေးရေးအလေ့အကျင့်များသည် မျှော်မှန်းထားသည့်စံနှုန်းများနှင့် ကိုက်ညီကြောင်းသေချာမှု ရှိစေရန်အတွက် ပိုမိုထိရောက်သော အပြန်အလှန်ထိန်းကျောင်းမှုများ ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုပြုပြင်မှုများသည် ပို့ကုန်ဥပဒေ ရည်ရွယ်ချက်အတွက် အံဝင်ခွင်ကျဖြစ်နေပြီး၊ တိုးတက်မှုနှင့်ဆန်းသစ်တီထွင်မှုကို ပံ့ပိုးပေးကြောင်းသေချာစေသည့်အပြင် ၎င်းတို့သည်ခိုင်မာသော စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်မှုကိုထိန်းသိမ်းထားကာကုန်တင်သွင်းသည့် နိုင်ငံများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.................................................................................

## နယူးဆောက်ဝေးလ်ပြည်နယ် မြောက်ပိုင်းမှ လယ်သမားများသည် နေရာအနှံ့ ရေကြီးပြီးနောက် သီးနှံဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရခြင်း

ဩစတြေးလျနိုင်ငံ၊ နယူးဆောက်ဝေးလ်ပြည်နယ်မြောက်ပိုင်းရှိ သီးနှံစိုက်တောင်သူများသည် ရေလွှမ်းမိုးမှုကြောင့် ပဲပုပ်၊ စပါး၊ ကြံနှင့် မက်ကဒေးမီးယား စိုက်ခင်းဧကရာနှင့်ချီ ရေနစ်မြုပ်ပြီးနောက် ကောက်ပဲသီးနှံတစ်ခုလုံး ဆုံးရှုံးမည်ဟု ခန့်မှန်းထားသည်။

မြောက်ပိုင်းမြစ်များတွင် ပဲပုပ်စိုက်ခင်းများကျယ်ကျယ်ပြန့်ပြန့် ပျက်စီးမှုသည် လုပ်ငန်းကဏ္ဍအတွက် အဓိကစိုးရိမ်စရာဖြစ်ပြီး၊ ပဲပုပ်တောင်သူအများအပြားမှာ သီးနှံစုစုပေါင်း ပျက်စီးဆုံးရှုံးမှုကို သတင်းပို့ထားပြီးဖြစ်ကြောင်း သိရှိရသည်။ Fairy Hill ပဲပုပ်နှင့် စပါးစိုက်ပျိုးသူ Brett Slater က၎င်းသည်အပြင်းအထန် ထိခိုက်ခဲ့ရသော်လည်း သီးနှံပျက်စီးမှု အတိုင်းအတာကို အကဲဖြတ်ရန် စောလွန်းသည်ဟုဆိုသည်။

Agribusiness & Trade

ဩစတြေးလျ မက်ကဒေးမီးယားအဖွဲ့အစည်း အမှုဆောင်အရာရှိချုပ်က ဒေသတွင်းရှိ မက်ကဒေးမီးယားသီးနှံ ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးခဲ့ကြောင်း၊ အစေ့အဆံများသည် သစ်ပင်ပေါ်မှ မြေကြီးပေါ်သို့ကျနေပြီဖြစ်ရာ စတင်ရိတ်သိမ်းတော့မည့်အချိန်တွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြောက်ပိုင်းမြစ်များသီးနှံမှာ နိုင်ငံအဆင့်သီးနှံ၏ ၃၆ % ခန့်ရှိပြီး၊ တန်ဖိုးအားဖြင့် ဩစတြေးလျဒေါ်လာ ၁၀၀ ဘီလီယံထက် ကျော်လွန်ကြောင်း သိရှိရသည်။ မက်ကဒေးမီးယားစိုက်ပျိုးသူများမှာ ကြီးမားသောဆုံးရှုံးမှုကို ရှောင်ရှားနိုင်ရန် သီးနှံရိတ်သိမ်းနိုင်ရေးဦးစားပေးပြင်ဆင်လျက်ရှိကြောင်း သိရှိရသည်။

ဆန်စပါးစိုက်ပျိုးသူ Sue Higginson က Lismore ၏ တောင်ဘက် Pelican Creek တွင် သူမ၏စပါးစိုက်ခင်းတစ်ခုလုံးသည် ရေကြီးနစ်မြုပ်သွားကြောင်း၊ သီးနှံသည် အစေ့အဆင့်သို့ အပြည့်အဝ မရောက်ရှိသေးသောကြောင့် ပြန်လည်ကောင်းမွန်လာနိုင်သည့် အလားအလာရှိသော်လည်း အဆိုးဆုံးအတွက် ပြင်ဆင်နေပါကြောင်း ပြောကြားခဲ့သည်။

ကြံစိုက်ပျိုးသူများအသင်းနှင့် နယူးဆောက်ဝေးလ်ပြည်နယ် ကြံစိုက်ပျိုးသူများကောင်စီဥက္ကဋ္ဌ Ross Farlow က ပြည်နယ်၏ ကြံစိုက်ပျိုးသည့်ဒေသသည် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားကြောင်း၊ သို့သော်နှစ်နှစ်သားသီးနှံများ အဓိကထား၍ စိုက်ပျိုးထားသောကြောင့် နှစ်နှစ်သားသီးနှံအများစုမှာ ရေလွှမ်းမိုးမှုမှလွတ်မြောက်နိုင်ကြောင်း၊ နှစ်နှစ်သား ကောက်ပဲသီးနှံအဖြစ်သို့ကြီးထွားမည့်အပင်ငယ်များအတွက် ဆိုးရွားစွာ ထိခိုက်မည့်အချိန်က လာမည့်နှစ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အပင်၏ခံနိုင်ရည်ရှိသော်လည်း ကြံသီးနှံ အမြောက်အမြားဆုံးရှုံးရန် ခန့်မှန်းထားပြီး၊ စိုက်ပျိုးသူများသည် ၎င်းတို့၏ စိုက်ပျိုးမြေတွင် ကြံ ၅၀ % အထက် ဆုံးရှုံးနိုင်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ကုန်သွယ်မှုကို တိုးတက်ခေတ်မီစေခြင်းက စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် ကောင်းမွန်သောရလဒ်ဖြစ်ပေါ်စေခြင်း

ဩစတြေးလျ စိုက်ပျိုးရေးနှင့် အရင်းအမြစ် စီးပွားရေးနှင့် သိပ္ပံဗျူရို (ABARES) အရ စိုက်ပျိုးမွေးမြူရေးပို့ကုန်သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စံချိန်တင် ဩစတြေးလျ ဒေါ်လာ ၆၁ ဘီလီယံသို့

ရောက်ရှိရန် လမ်းကြောင်းပေါ်တွင် ရှိနေသည်။ ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများသည် COVID–19 ကပ်ရောဂါကာလအတွင်း မကြုံစဖူးသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်ငြားလည်း အဓိကပို့ကုန်အမယ်တိုင်းနီးပါးအတွက် ပိုမိုမြင့်မားသော ပို့ကုန်ပမာဏနှင့် ဈေးနှုန်းများကို ခန့်မှန်းထားကြောင်း သိရှိရသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ ပို့ကုန်တိုးတက်မှုကိုပံ့ပိုးပေးခြင်းသည် ကြီးမားသော အသွင်ကူးပြောင်းရေးအစီအစဉ်၏ အဓိကအချက်ဖြစ်သည်။ စိုက်ပျိုးရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ စီမံကွပ်ကဲသည့် အဆိုပါအစီအစဉ်သည် စိုက်ပျိုးမွေးမြူရေး ကုန်သွယ်မှုစည်းမျဉ်းကို ခေတ်မီအောင် လုပ်ဆောင်ခြင်းဖြစ်သည်။

စိုက်ပျိုးရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန် David Hazlehurst က ဒစ်ဂျစ်တယ်နည်းပညာအသစ်များနှင့် လုပ်ငန်းစဉ်တိုးတက်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ရေရှည်အကျိုးခံစားခွင့်များကို ပေးဆောင်နိုင်ကြောင်း၊ သြစတြေးလျစိုက်ပျိုးမွေးမြူရေး ပို့ကုန်များ၏ ဆက်လက်တိုးတက်မှုကို ပံ့ပိုးနိုင်ရန်အတွက် စနစ်များကို ခေတ်မီအောင်ဆောင်ရွက်ပေးလျက်ရှိပြီး၊ ဈေးကွက်ထောက်လှမ်းရေး ဝန်ဆောင်မှုများကို တိုးချဲ့လုပ်ဆောင်နေပါကြောင်း၊ ပို့ကုန်ဥပဒေကို အဆင့်မြှင့်တင်ခြင်းနှင့် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ထားပြီး၊ သိသာထင်ရှားသော တိုးတက်မှုများ ပြုလုပ်ထားပြီးဖြစ်ပါကြောင်း၊ ထုတ်လုပ်သူများအား ပိုမိုအခွင့်အလမ်းများပေးနိုင်ရန် စိုက်ပျိုးမွေးမြူရေးသံမှူးများ ကွန်ယက်ကိုလည်း မြှင့်တင်ထားပါကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်မှု ပြုပြင်ပြောင်းလဲရေး အစီအစဉ်၏ အခြေခံအုတ်မြစ်မှာ ပို့ကုန်ဝန်ဆောင်မှုဖြစ်ပြီး၊ အနာဂတ်တွင် ၎င်းသည် လယ်ယာထွက်ကုန် အရောင်းအဝယ်များကို အွန်လိုင်းတွင် စီမံခန့်ခွဲရန် တစ်ခုတည်းသောနေရာ ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ကုန်တင်သွင်းနိုင်ငံလိုအပ်ချက်များလမ်းညွှန် (Manual of Importing Country Requirements –Micor) စနစ်တွင်သိသာထင်ရှားသော မြှင့်တင်မှုများပြုလုပ်ထားကြောင်းနှင့် အသုံးပြုသူများသည် ကုန်တင်သွင်းနိုင်ငံလိုအပ်ချက်များနှင့် စပ်လျဉ်းသည့် အပတ်စဉ်နောက်ဆုံးအချက်အလက်များ လက်ခံရယူနိုင်ရေးအတွက် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

Source: Austrade

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## Brent crude ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၀ ထိ မြင့်တက်ခဲ့ပြီးနောက် စတော့တန်ဖိုးများ ဆက်လက်ကျဆင်း (အမေရိကန်)

ရုရှားနိုင်ငံမှ လောင်းစာဆီတင်သွင်းမှုကို ပိတ်ပင်နိုင်သည့် အလားအလာကြောင့် စွမ်းအင်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးတိုးတက်မှုအပေါ် ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်မှုများဖြစ်ပေါ်လာကြသည့်အတွက် အမေရိကန်စတော့တန်ဖိုးများလည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း၊ ယနေ့ ၇-၃-၂၀၂၂ ရက်၊ တနင်္လာနေ့တွင် S&P 500 သည် ၁.၄ ရာခိုင်နှုန်း၊ Dow Jones Industrial Average သည် ၁.၂ ရာခိုင်နှုန်းနှင့် Nasdaq Composite သည် ၁.၇ ရာခိုင်နှုန်း အသီးသီးတန်ဖိုးကျဆင်းခဲ့ကြောင်း ၇-၃-၂၀၂၂ ရက်နေ့ ထုတ် The Wall Street Journal တွင် ဖော်ပြ ထားပါသည်။

ရုရှား - ယူကရိန်းစစ်ပွဲသည် ယနေ့ဆိုလျှင် ၁၂ ရက်ကြာမြင့်ပြီဖြစ်ပြီး ကုန်စည်ဈေးကွက်ကိုလည်းထိခိုက်၊ ပျက်ဆီးစေခဲ့ပြီး ကမ္ဘာ့ငွေကြေးစနစ်များကိုလည်း ထိခိုက်မှုတိုးလာစေကြောင်း၊ Brent crude အမျိုးအစား ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၃.၃ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၁၂၂.၀၇ ထိ ကမ္ဘာ့စံချိန်တင်မြင့်တက်လာခဲ့ကြောင်း၊ ယနေ့ တနင်္လာနေ့ အစောပိုင်းတွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၀ ထိ မြင့်တက်ခဲ့ကာ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်းအမြင့်ဆုံးအဆင့် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်၊ West Texas Intermediate ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၁.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၇.၇၄ ထိ မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်နှင့် ဥရောပမိတ်ဖက်နိုင်ငံများသည် ရုရှားနိုင်ငံမှ တင်သွင်းမှုကိုပိတ်ပင်ရပ်ဆိုင်းရန် ဆွေးနွေး လျက်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီး Mr. Antony Blinkenက ၆-၃-၂၀၂၂ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

ရုရှား - ယူကရိန်းစစ်ပွဲကြောင့် ပုံမှန်ဈေးကွက်များသို့ ကုန်စည်ဖြန့်ဖြူးမှုများတွင်လည်း ရှုတ်ထွေးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လောင်စာဆီဈေး၊ သဘာဝဓာတ်ငွေ့ဈေးနှင့် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ငွေဖောင်းပွမှုလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း၊ စီးပွားရေးနေးကွေးကျဆင်းမှုကို ထိန်းချုပ်နိုင်ရန် ဗဟိုဘဏ်၏ လုပ်ကိုင်နိုင်စွမ်းလည်း အကန့်အသတ်ရှိနေကြောင်း၊ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁,၉၈၄ ထိ မြင့်တက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနောက်ပိုင်း အမြင့်ဆုံးမြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဥရောပဘဏ်များ၏ ရှယ်ယာတန်ဖိုးများလည်း ကျဆင်းလျက်ရှိကြောင်း၊ Euro Stoxx banking subindex သည် ယခင်သီတင်းပတ်က ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယနေ့ ၃.၅ ရာခိုင်နှုန်းဆက်

လက်ကျဆင်းခဲ့ကြောင်း၊ ရုရှားစတော့များဖြစ်သည့် Raiffeisen သည် ၃.၇ ရာခိုင်နှုန်း၊ ING သည် ၃.၆ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း၊ ထို့အတူ အာရှ-ပစိဖိတ်ဒေသမှ စတော့တန်ဖိုးများ သိသိသာသာ စံချိန်တင်ကျဆင်းခဲ့ကြောင်း၊ တောင်ကိုရီးယား၏ Kospi Composite သည် ၂ ရာခိုင်နှုန်းကျော်၊ ဂျပန်၏ Nikkei 225 သည် ၂.၉ ရာခိုင်နှုန်း၊ တရုတ်၏ CSI 300 နှင့် ဟောင်ကောင်၏ Hang Seng Index တို့သည် ၃ ရာခိုင်နှုန်းကျော်စီ အသီးသီး တန်ဖိုးကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/global-stocks-markets-dow-update-03-07-2022-11646622021?mod=hp_lead_pos1

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

............................................................................................................

## ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

### ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ကျောက်မီးသွေးဈေးနှုန်း မကြုံစဖူးအဆင့်အထိ မြင့်တက်လာခြင်း

ရုရှားနှင့် ယူကရိန်းကြား ပဋိပက္ခတွင် ဥရောပနိုင်ငံအချို့မှ ရုရှားကျောက်မီးသွေးကို ပိတ်ပင်ရန်ကြိုးပမ်းနေသောကြောင့် အပူကျောက်မီးသွေးဈေးနှုန်းမှာတစ်ရိုန်ထိုး မြင့်တက်လာခဲ့သည်။ နယူးဆောက်ဝေးလ်ပြည်နယ်ရှိ Newcastle ဆိပ်ကမ်းမှထွက်ခွာသည့် သင်္ဘောတင်ပို့မှု ဈေးနှုန်းသည် ပြီးခဲ့သည့် သီတင်းပတ်နှောင်းပိုင်းတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ (ဩစတြေးလျဒေါ်လာ ၅၆၄) အထိ မြင့်တက်ခဲ့ရာ လွန်ခဲ့သည့်လေးလက သတ်မှတ်ထားခဲ့သည့် ယခင်စံချိန်တင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၆၉ (ဩစတြေးလျ ဒေါ်လာ ၃၆၂) ကို ကျော်လွန်သွားခဲ့ခြင်းသည်။

Fat Prophets မှ အရင်းအမြစ်လေ့လာသူ David Lennox က တစ်တန်လျှင် ဒေါ်လာ ၄၀၀ သည်ကျောက်မီးသွေးအတွက် ရှုပ်သွပ်သော ဈေးနှုန်းတစ်ခုသာဖြစ်ပြီး၊ ၎င်း၏ နောက်ဆုံးစံချိန်ကို ဖြတ်ကျော်သွားသည်ကို မြင်တွေ့ရကြောင်း ပြောကြားခဲ့သည်။

ရုရှားသည် ဥရောပ၏ အပူကျောက်မီးသွေးတင်ပို့မှု၏ ၇၀ % ခန့်ကို ထောက်ပံ့ပေးလျက်ရှိနေပြီး၊ မည်သည့်ပိတ်ပင်မှုမျိုးမဆို ပြုလုပ်ခြင်းက ဩစတြေးလျအပါအဝင် အခြားသောတင်ပို့သူကြီးများထံမှ ဝယ်လိုအားတိုးလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

Wood Mackenzie မှ ကျောက်မီးသွေး လေ့လာဆန်းစစ်သူ Rory Simington က ဈေးနှုန်းသည် ကမ္ဘာ့အပူကျောက်မီးသွေးထောက်ပံ့မှု အလွန်တင်းကျပ်နေခြင်းကို ညွှန်ပြနေခြင်းဖြစ်ကြောင်း၊ ရုရှား၏ပို့ကုန်များသည် ယနေ့ခေတ်ဈေးကွက်တွင် အစားထိုး၍မရနိုင်ကြောင်း၊ အချို့သော ကျောက်မီးသွေးဝယ်သူများသည် အခြားဈေးကွက်များမှ ပြောင်းလဲဝယ်ယူသော်လည်း အခြေခံအားဖြင့်လိုအပ်သောကြောင့် အခြားဝယ်လက်အများအပြားမှာ နဂိုအတိုင်းဆက်လက်ဝယ်ယူနေကြမည်ဖြစ်ကြောင်း၊ ဈေးကွက်က များစွာတင်းကျပ်နေပြီဖြစ်ရာ ဩစတြေးလျ (သို့) တောင်အာဖရိက (သို့) ကိုလံဘီယာ ကျောက်မီးသွေးအတွက် မဖြစ်စလောက် အပိုဝယ်လိုအားသာရှိပါက အဆိုပါအပိုထပ်တိုးဝယ်လိုအားက အချိန်အတော်ကြာသည်အထိ ဈေးနှုန်းကြီးမြင့်မှုကို ပံ့ပိုးပေးနိုင်ကြောင်း ခန့်မှန်းပြောကြားခဲ့သည်။

စာချုပ်များတွင် အတိုးအလျှော့အပိုဒ်များပါဝင်လေ့ရှိသော်လည်း ကာလရှည်စာချုပ်များအရ ဩစတြေးလျကျောက်မီးသွေးတစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့် ရောင်းချသည့် ပမာဏမှာ အလွန်နည်းပါးသွားဖွယ်ရှိနေသည်။ မကြာသေးမီကဝယ်လိုအား အလွန်မြင့်မားသောကြောင့် ဩစတြေးလျထုတ်လုပ်သူအများစုသည် စာချုပ်များကို ကတိကဝတ်ပြုထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဈေးနှုန်းကြီးမြင့်ခြင်းသည် ကျောက်မီးသွေးထုတ်လုပ်သူများအတွက် ကာလတိုတွင် ကောင်းမွန်သော်လည်း ကာလရှည်တွင် အပြုသဘောမဆောင်ပေ။ ရုပ်ကြွင်းလောင်စာများတွင် ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်တော့သည့်အတွက် ကမ္ဘာလုံးဆိုင်ရာကျောက်မီးသွေးထောက်ပံ့မှုပြတ်တောက်ခြင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ကျောက်မီးသွေးထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းကြောင့်ဖြစ်သည်။ ကျောက်မီးသွေးဈေးနှုန်း အဆမတန်မြင့်တက်ပါက ဈေးကွက်တွင် မျှော်လင့်ထားသည်ထက် မြန်မြန်ဆန်ဆန်အပြောင်းအလဲဖြစ်သွားနိုင်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## ဩစတြေးလျနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စီးပွားရေးအခြေအနေ အစီရင်ခံစာ

အတိုးနှုန်း အလွန်နိမ့်ကျနေစေရန် ကြိုးပမ်းမှုအနေဖြင့် The Reserve Bank of Australia (RBA) သည် အစိုးရငွေချေးစာချုပ်များကို တစ်ပတ်လျှင် ဒေါ်လာ ၄ ဘီလီယံ ဝယ်ယူလျက်ရှိသည့် အစီအစဉ်ကို မေလတွင်ရပ်တန့်မည့် စီစဉ်ထားသော်လည်း မျှော်လင့်ထားသည်ထက်ပိုမိုအား ကောင်းသည့်အလုပ်အကိုင်နှင့် ငွေကြေးဖောင်းပွမှုအချက်အလက်များကြောင့် ၁၀-၂-၂၀၂၂ ရက်နေ့ တွင် အစီအစဉ်ရပ်ဆိုင်းလိုက်ပါသည်။ စီးပွားရေးပညာရှင်များက RBA သည် အတိုးနှုန်းမြင့်တင် လိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းထားခဲ့ကြပြီး၊ တရားဝင်ငွေကြေးဖောင်းပွမှု အချက်အလက်များ မြင့်တက်လာခြင်းနှင့်အတူ စားသုံးသူများ၏ နေ့စဉ်လူနေမှုစရိတ်များ မြင့်တက်လာခြင်းနှင့် ဩစ တြေးလျ၏ လုပ်သားဈေးကွက်တွင် ပြင်းထန်စွာတင်းကျပ်လာခြင်းတို့ ကြောင့်ယခုနှစ်တွင် လုပ်အား ခကန့်သတ်ခြင်းက လုံးဝပြိုလဲသွားနိုင်ဖွယ်ရှိကြောင်း သတိပေးထားပါသည်။

၂၀၂၂ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် အိုမီခရွန်ကူးစက်ပျံ့နှံ့မှုကြောင့် လက်လီရောင်းချမှု စီးပွားရေး လုပ်ငန်းများ၏ ၆၅ % က ယင်းတို့၏ လုပ်သားအင်အားထက်ဝက်ခန့်မှာ သီးခြားခွဲနေထိုင်ရပြီး၊ ၆၂ % သော စီးပွားရေးလုပ်ငန်းများ၏ လက်ရှိရောင်းဝယ်ဖောက်ကားမှု အခြေအနေမှာ ဆိုးရွားလျက်ရှိ ရာလာမည့်သုံးလအတွင်း လက်လီရောင်းချမှုကဏ္ဍ၏ လုပ်ငန်းစွမ်းဆောင်ရည် နှင့်စပ်လျဉ်း၍ စိုးရိမ် ပူပန်လျက်ရှိကြပါသည်။ လုပ်ငန်းများနှင့် လုပ်သားများကို အထောက်အပံ့ပေးသည့် Jobkeeper နှင့် JobSaver အစီအစဉ်များ ရပ်ဆိုင်းသွားပြီဖြစ်ရာ အစိုးရအကူအညီ မရှိတော့သည့် လက်လီကဏ္ဍ အတွက် ရုန်းကန်ရတော့မည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

ဩစတြေးလျနိုင်ငံသည် ကပ်ရောဂါ၏ အစောပိုင်းအဆင့်တွင် ယင်း၏ နိုင်ငံတကာဝင်ထွက် ပေါက်များကို ထိထိရောက်ရောက်ပိတ်ထားခဲ့သည်မှာ (၂) နှစ်နီးပါး ကြာမြင့်ပြီးနောက် ဖေဖော်ဝါရီ လ(၂၁) ရက်နေ့မှစတင်ကာ ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသည့် နိုင်ငံတကာ ခရီးသွားများကို ဝင်ရောက်ခွင့်ပြုလိုက်ပြီဖြစ်ပါသည်။ နယူးဇီလန်၊ စင်္ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ခရီးသွားဧည့်သည်များကို လွန်ခဲ့သည့် လအနည်းငယ်ကတည်းက ကန့်သတ်ချက်များမှ ကင်းလွတ် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ သို့သော် ဆိုက်ရောက်သူအားလုံးသည် နိုင်ငံသို့ မရောက်ရှိမီ ကိုဗစ်ကူးစက်မှု မရှိကြောင်း စစ်ဆေးရန်လိုအပ်ပြီး၊ ခရီးသွားများသည် သီးခြားနေထိုင်ခြင်းမရှိဘဲ နိုင်ငံ့ရှိပြည်နယ်နှင့် နယ်မြေအားလုံးသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ရရှိမည် မဟုတ်ကြောင်း အစိုးရက သတင်းထုတ်ပြန် ထားပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်သူများသည် ယခုရာသီတွင် ဒုတိယအများဆုံးစံချိန်တင်သီးနှံအဖြစ် စံချိန်တင်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး၊ ပို့ကုန်တန်ဖိုးသည်လက်ရှိပေါက်ဈေးအရ ဩစတြေးလျဒေါ်လာ ၃.၅ ဘီလီယံအထိ ရောက်ရှိမည်ခန့်မှန်းထားပါသည်။ အဓိကဖြစ်သည့် တရုတ်နိုင်ငံနှင့် ဈေးကွက်မှာ ပြိုလဲနေသော်လည်း ဗီယက်နမ်၊ ကိုရီယား၊ အင်ဒိုနီးရှားနှင့်တူရကီနိုင်ငံတို့၏ ဝါဂွမ်းဝယ်ယူမှုများကြောင့် ဩစတြေးလျ ဝါဂွမ်းဈေးကွက်မှာ ကွဲပြားသော အခြားဈေးကွက်များသို့ အောင်မြင်စွာလမ်းကြောင်းလွှဲ တင်ပို့နိုင်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံကယင်းနိုင်ငံထဲသို့ ပဲနီလေးတင်သွင်းမှုအပေါ်ကောက်ခံသည့်အကောက် ခွန်နှုန်းထားကို ပယ်ဖျက်ပေးလိုက်ရာ ရိတ်သိမ်းမှုပြီးစီးသွားသည့် ဩစတြေးလျ စိုက်ပျိုးရေးသမားများအတွက် အခွင့်အလမ်းများကို ဖြစ်ပေါ်စေပါသည်။ ဂျုံစိုက်ပျိုးသူများကလည်း လတ်တလောဖြစ်ပေါ်နေသည့် ယူကရိန်းကိုရုရှား၏ ကျူးကျော်ဝင်ရောက်မှုကြောင့် ကမ္ဘာ့ဂျုံဈေးအပေါ် သက်ရောက်မှုများကို စောင့်ကြည့်လျက်ရှိပါသည်။ ကောက်ပဲသီးနှံ စိုက်ပျိုးသည့်နိုင်ငံအချို့ရှိ ရာသီဥတုညံ့ဖျင်းမှုကြောင့် ကောက်ပဲသီးနှံဝယ်လိုအား မြင့်တက်လာချိန်တွင် ဩစတြေးလျနိုင်ငံ၏ မကြာသေးမီနှစ်များအတွင်း ကောင်းမွန်သော စိုက်ပျိုးမှုအခြေအနေများက လယ်သမားများအတွက် အခြေအနေကောင်းများကို ဖြစ်ပေါ်စေရာ ယခုဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးမွေးမြူရေးတန်ဖိုးကို ဩစတြေးလျဒေါ်လာ ၈၁ ဘီလီယံရရှိရန် မျှော်မှန်းထားပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အစိုးရက အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးဗီဇာ အစီအစဉ်အသစ်ကို ကနဦးတွင် တစ်နိုင်ငံလျှင်လူဦးရေ ၁,၀၀၀ ဖြင့် ကန့်သတ်ထားနိုင်သော်လည်း နောင်တွင် ယင်းအရေအတွက်ထပ်တိုး၍ခေါ်ယူသွားမည်ဖြစ်ပါသည်။ အစိုးရသည် စိုက်ပျိုးမွေးမြူရေးဗီဇာကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး၊ ၂၀၂၂ ခုနှစ်တွင် ဗီဇာအစီအစဉ်ကို မတိုးချဲ့မီစနစ်နှင့် လုပ်ငန်းစဉ်များကို စမ်းသပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍတွင် နိုင်ငံ၏ အဓိကစွမ်းအင်ထောက်ပံ့သူများအနက် တစ်ဦးဖြစ်သည့် Origin Energy သည်နယူးဆောက်ဝေးလ်ပြည်နယ်၊ Hunter ဒေသရှိဩစတြေးလျ၏ ကျောက်မီးသွေးသုံးအကြီးဆုံးဓာတ်အားပေးစက်ရုံကို ယခင်ရည်မှန်းထားသည်ထက်စောစီးစွာ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင်ပိတ်မည်ဖြစ်ကြောင်း Australia Energy Market Operator (AEOM) ထံသို့ အသိပေးအကြောင်းကြားခဲ့ပါသည်။ ကုမ္ပဏီသည် ပြန်လည်ပြည့်ဖြိုးမြဲနှင့် သဘာဝဓာတ်ငွေ့ ပေါင်းစပ်မှုမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားမည်ဖြစ်သော်လည်း ယခုကဲ့သို့ ၂၈၈၀ မဂ္ဂါဝပ် ဂျင်နရေတာကို

Agribusiness & Trade

ရုတ်တရက်စောစီးကွား ပိတ်သိမ်းရန် ရည်ရွယ်ခြင်းက အမျိုးသားစွမ်းအင် ဈေးကွက်တွင် သိသာ သောလျှပ်စစ်ခေတ်အား ကွာဟချက်ကို ဖြစ်ပေါ်နိုင်ပါသည်။

ဖြစ်ပွားလျက်ရှိသည့် ရုရှား၏ယူကရိန်းကျူးကျော်မှုတွင် ရုရှားကခေတ်ငွေ့အပေါ်အလွန် အမင်းမှီခိုနေရသော ဥရောပနိုင်ငံများသို့ စွမ်းအင်ထောက်ပံ့မှုကို ဖြတ်တောက်ရန် ကြိုးပမ်းပါက ဥရောပရှိ မိတ်ဆွေများနှင့်မဟာမိတ်များထံသို့ သဘာဝခေတ်ငွေ့အရည်ကို ထပ်တိုးထောက်ပံ့ ပေးရန် ဩစတြေးလျက ကမ်းလှမ်းထားပါသည်။ ရုရှားသည် ယူကရိန်းအပါအဝင်နိုင်ငံများကို ဖြတ် ကျော်သည့် ပိုက်လိုင်းများမှတစ်ဆင့် ဥရောပ၏ ခေတ်ငွေ့လိုအပ်ချက်၏ ၄၀ % ကို ထောက်ပံ့ပေး နေပြီး၊ ဥရောပနိုင်ငံများ၏ ရေနံသုံးစွဲမှု၏သုံးပုံတစ်ပုံကိုထောက်ပံ့ပေးလျက်ရှိရာ ရုရှား၏ စွမ်းအင်ကို လက်နက်အဖြစ် အသုံးချရန် ကြိုးပမ်းမှုသည် ဥရောပတိုက်၏ သဘာဝ ခေတ်ငွေ့နှင့်ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများအစား ဘက်ထရီနှင့် ဟိုက်ဒရိုဂျင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များဖြင့် အစားထိုးနိုင်သောကြောင့် အနာဂတ်တွင် ဩစတြေးလျသည် ဥရောပအတွက် အဓိကစွမ်းအင်ထောက်ပံ့သူဖြစ်လာနိုင်ရာ နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် အလားအလာကောင်းများကို ဖြစ်ပေါ်စေပါသည်။

ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့သည် သန့်ရှင်းသောစွမ်းအင်ကဏ္ဍတွင် ရေရှည်ယုံကြည် စိတ်ချရသည့် စွမ်းအင်မိတ်ဖက်များအဖြစ် တည်ထောင်ထားရာ ဩစတြေးလျဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ ဟိုက်ဒရိုဂျင်စွမ်းအင် ထောက်ပံ့မှုကွင်းဆက် (Hydrogen Energy Supply Chain –HESC) ရှေ့ပြေးစီမံကိန်း၏ အဓိကမှတ်တိုင်တစ်ခုအဖြစ် ဩစတြေးလျက ဟိုက်ဒရိုဂျင်အရည်များကို ကမ္ဘာ့ ပထမဆုံးတင်ပို့မှုအဖြစ် ဂျပန်နိုင်ငံသို့ တင်ပို့တော့မည်ဖြစ်ပါသည်။ HESC စီမံကိန်း တွင်ဩစတြေး လျနှင့် ဂျပန်နိုင်ငံတို့မှ ထိပ်တန်းစွမ်းအင်နှင့် အခြေခံအဆောက်အအုံကုမ္ပဏီများ၏ လုပ်ငန်းစုတစ်ခု ပါဝင်ပါပြီး၊ အဆိုပါစီမံကိန်းကို ဩစတြေးလျနှင့် ဂျပန်အစိုးရ၊ဗစ်တိုးရီးယား ပြည်နယ်အစိုးရတို့က ပံ့ပိုးပေးလျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အင်ဒိုနီးရှားနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Bukalapak သည်ဗစ်တိုးရီးယားပြည်နယ်၊ မဲလ်ဘုန်းမြို့တွင် ကုမ္ပဏီ၏ ပထမဆုံးသော နိုင်ငံတကာအခြေစိုက် စခန်းဖြစ်သည့် Technology Hub တစ်ခုကို ထူထောင်လျက်ရှိပြီး၊ ကြီးမားသောဒေတာ၊ Internet of Things နှင့်ဉာဏ်ရည်တုဆိုင်ရာ နည်းပညာများကိုအဓိက ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မဲလ်ဘုန်းသည် ကြွယ်ဝသောနည်းပညာ၊ ဆန်းသစ်တီထွင်မှုစွမ်းရည်များနှင့် အရည်အသွေးမြင့်

Agribusiness & Trade

နည်းပညာဆိုင်ရာစွမ်းရည်များကို ပေးဆောင်လျက်ရှိပြီး၊ ယင်းသည် Bukalapak အတွက် ကမ္ဘာ့အဆင့်မီ ဗစ်တိုးရီးယားတက္ကသိုလ်များနှင့် လက်တွဲ၍ စူးစမ်းရှာဖွေရန် အခွင့်အလမ်းများကို ရရှိစေမည်ဖြစ်ပါသည်။ အစိုးရသည် နိုင်ငံ၏ အရေးပါသော ဓာတ်သတ္တုလုပ်ငန်းကဏ္ဍကို ကြီးထွားလာစေရန်၊ နိုင်ငံအတွင်း အလုပ်အကိုင်များဖန်တီးပေးနိုင်ရန် ရည်ရွယ်ကာ အနောက်သြစတြေးလျနှင့် တောင်းပိုင်းသြစတြေးလျတွင် အလွန်သန့်စင်သော ဂရပ်ဖိုက်များထုတ်လုပ်နိုင်ရန် ကုမ္ပဏီများအတွက် Critical Minerals Facility အစီအစဉ်အရ ချေးငွေများအတည်ပြုပေးလိုက်ခြင်းဖြင့် အရေးပါသော ဓာတ်သတ္တုလုပ်ငန်းကဏ္ဍအတွက်ရင်းနှီး မြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိပါသည်။

နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လစ်သူအေးနီးယားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ သြစတြေးလျနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအားပေးရန်နှင့် မဟာဗျူဟာကျသော အကျိုးစီးပွားမျှဝေမှုကို တိုးတက်လာစေရန် သဘောတူညီခဲ့ကြပြီး၊ သြစတြေးလျနိုင်ငံက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် လစ်သူအေးနီးယားနိုင်ငံ၏ မြို့တော် Vilnius တွင် Austrade ရုံးခွဲတစ်ခု တည်ထောင်မည်ဖြစ်ပါသည်။ သြစတြေးလျကုန်သွယ်ရေးဝန်ကြီးသည် သြစတြေးလျနှင့် အိန္ဒိယနှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်မှုဒေသသဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ပြီး၊ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ခရီးသွားလာရေးနှင့် ခရီးသွားလုပ်ငန်းပိုမို မြှင့်တင်နိုင်ရန် နားလည်မှုစာလွှာကို သက်တမ်းတိုး လက်မှတ်ရေးထိုးခဲ့ပါသည်။

သြစတြေးလျနိုင်ငံ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို နိုင်ငံရပ်ခြားတွင် ပိုမိုမြှင့်တင်နိုင်ရန် နိုင်ငံကိုယ်စားပြုအမျိုးသားအမှတ်တံဆိပ်အသစ်နှင့် စာတန်း (tagline) ကို ၁၅-၂-၂၀၂၂ ရက်နေ့တွင်စတင်ခဲ့ပြီး၊ ခိုင်မာသောအမှတ်တံဆိပ်က အရည်အသွေး၊ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုတို့အတွက် နိုင်ငံ၏ဂုဏ်သတင်းကို ချဲ့ထွင်နိုင်မည်ဖြစ်ပါသည်။ အစိုးရ၏ သြစတြေးလျဒေါ်လာ ၇၂.၇ သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန် တိုးချဲ့မှုအစီအစဉ်ဖြင့် သြစတြေးလျမြောက်ပိုင်းရှိ သရက်သီးစိုက်ပျိုးထုတ်လုပ်သူ Manbulloo Ltd နှင့် Walmart's Sam's Club တို့အကြား သရက်သီးတင်ပို့မှုအတွက် သဘောတူညီချက်ရရှိခဲ့ပါသည်။ အစိုးရက မက်မွန်သီးများကို ဗီယက်နမ်နိုင်ငံဈေးကွက်ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များနှင့် နည်းပညာဆိုင်ရာညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ သြစတြေးလျ အသားထုတ်လုပ်ရေးကဏ္ဍကမူ တရုတ်နိုင်ငံ၏ တင်ပို့မှုများ

Agribusiness & Trade

တားမြစ်ပိတ်ပင်ခံရသည့်အတွက် တရုတ်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရန် အစိုးရထံသို့ တောင်းဆိုထား ပါသည်။

## သုံးသပ်တင်ပြချက်

များစွာကောင်းမွန်သော စီးပွားရေးအချက်အလက်များနှင့် ငွေကြေးဖောင်းပွမှုမြင့်တက်လာမှုတို့ကြောင့် RBA ကယင်း၏ ဒေါ်လာ ၃၅၀ တန်ဖိုးရှိ ငွေချေးစာချုပ်ဝယ်ယူခြင်း အစီအစဉ်ကို အပြီးသတ်လိုက်ခြင်း ဖြစ်ပါသည်။ ဩစတြေးလျ အိမ်ရာစျေးနှုန်းများမှာ ၂၀၂၂ ခုနှစ်တွင် ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းထားပါသည်။ လက်လီရောင်းချမှုကဏ္ဍတွင် နိုင်ငံတစ်ဝှမ်းရှိ ပြည်နယ်များနှင့် နယ်မြေများရှိ ရုန်းကန်နေရသောစီးပွားရေးလုပ်ငန်းငယ်များအတွက် တိုးချဲ့ဆောင်ရွက်သင့်သည့် အချိန်အခါဖြစ်ရာလုပ်ငန်းကဏ္ဍသည် အစိုးရ၏ ကိုဗစ်ဆိုင်ရာအထောက်အပံ့များ ဆက်လက်လိုအပ်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

၂၁-၂-၂၀၂၂ ရက်နေ့မှစတင်၍ နိုင်ငံတကာ ဝင်ထွက်ပေါက်များကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ရုန်းကန်နေရသော ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်သောအလှည့်အပြောင်းတစ်ခု ဖြစ်သော်လည်း လုပ်ငန်းကဏ္ဍ ပြန်လည်ကောင်းမွန်လာမှုအတွက် တိုးတက်မှုနှေးကွေး နိုင်ကြောင်း သုံးသပ်ရရှိပါသည်။

ဩစတြေးလျ သဘာဝဓာတ်ငွေ့ရည်တင်ပို့သူများသည် ရုရှား- ယူကရိန်းစစ်ပွဲကြောင့် စိန်ခေါ်မှုများနှင့် ရှုပ်ထွေးမှုရှိသည့် ပထဝီဝင်မဟာဗျူဟာဝန်းကျင်ရှိ မဟာမိတ်နိုင်ငံများကို ပံ့ပိုးရန် အဆင်သင့်ဖြစ်နေပြီး၊ ကမ္ဘာတစ်ဝှမ်းတွင် ဖြစ်ပေါ်လာနိုင်သည့် မည်သည့်ဝယ်လိုအားကို မဆိုဖြည့်ဆည်းပေးနိုင်သည့် အနေအထားတွင် ရောက်ရှိနေကြောင်းသုံးသပ်ရရှိပါသည်။ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကမ္ဘာ့ဦးဆောင် ထုတ်လုပ်တင်ပို့သူတစ်ဦးအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ပထဝီနိုင်ငံရေးဖြစ်ရပ်များက ဩစတြေးလျပို့ကုန်လုပ်ငန်းရှင်များအတွက် ယခုအချိန်သာမက အနာဂတ်တွင်ပါ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဖြစ်ပေါ်စေပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ကောက်ပဲသီးနှံ စံချိန်တင်ရိတ်သိမ်းရရှိမှုနှင့် နှစ်ပေါင်း (၃၂) နှစ်အတွင်း ကောက်ပဲသီးနှံများအတွက် အမြင့်ဆုံးစျေးနှုန်း ရရှိမှုတို့ကြောင့် ယခု ဘဏ္ဍာရေးနှစ်၏ စိုက်ပျိုးမွေးမြူရေးတန်ဖိုးမှာ ယခင်နှစ် ဝင်ငွေစံချိန်ထက် ဩစတြေးလျ ဒေါ်လာ ၁၂ ဘီလီယံမြင့်တက်ကာ ၈၁ ဘီလီယံအထိ သိသိသာသာ မြင့်တက်ခဲ့ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါ သည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

Agribusiness & Trade

## ဩစတြေးလျကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများက ရုရှားနှင့် အဆက်အဆံဖြတ်တောက်ရန် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိခြင်း

ရုရှားနိုင်ငံကိုသီးခြားခွဲထုတ်ရန် ကမ္ဘာလုံးဆိုင်ရာတွန်းအားက အရှိန်အဟုန်ဖြင့် စုစည်းသည့်အနေဖြင့် ဩစတြေးလျ မိုင်းတွင်းလုပ်ငန်းများနှင့် သက်ပြည့်ရန်ပုံငွေများသည် ယင်းတို့၏ ရုရှားနှင့်ဆက်ဆံရေးကို ဖြတ်တောက်ရန် စတင်နေပြီဖြစ်သည်။

ရုရှားစီးပွားရေးလုပ်ငန်းရှင် Maxim Mayorets သည် ဩစတြေးလျနိုင်ငံ၊ မြောက်ပိုင်းနယ်မြေရှိ Origin Energy ၏ Beetaloo Basin ဓာတ်ငွေ့စီမံကိန်းတွင် ပါတနာဖြစ်သည့် Falcon Oil and Gas ဘုတ်အဖွဲ့မှ နုတ်ထွက်ရန် သဘောတူညီခဲ့သည်။

သို့သော် အရင်းအမြစ် ကုမ္ပဏီကြီးဖြစ်သည့် Rio Tinto သည် ဩစတြေးလျ၏ အကြီးဆုံး အလူမီနာ သန့်စင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် Queensland Alumina Limited (QAL) ကို ရုရှားအလူမီနီယံလုပ်ငန်းကြီးဖြစ်သည့် Rusal နှင့် ပူးတွဲပိုင်ဆိုင်ထားသည်။ Rio Tinto ပြောရေးဆိုခွင့်ရှိသူက ယူကရိန်းအခြေအနေနှင့် ဆက်စပ်ပိတ်ဆို့ အရေးယူမှုများကို အနီးကပ်စောင့် ကြည့်နေပါကြောင်း၊ QAL ၏လုပ်ငန်းဆောင်တာများ အနှောင့်အယှက်မဖြစ်ကြောင်း သေချာစေသည့် သင့်လျော်သော ဖွဲ့စည်းပုံများရှိပါကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျ၏ အချုပ်အခြာအာဏာပိုင်အနာဂတ်ရန်ပုံငွေ(Future Fund) နှင့် နိုင်ငံ၏ ဒုတိယအကြီးဆုံးသက်ပြည့်ရန်ပုံငွေ Aware Super တို့သည်ရုရှားပိုင်ဆိုင်မှုများကို စွန့်ပစ်တော့မည်ဟုကြေညာခဲ့သည်။ Future Fund က ဈေးကွက်အခြေအနေအရ ခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပိတ်ဆို့အရေးယူမှုတွင် လက်ရှိမလုပ်ဆောင်နိုင်သည့် ပိုင်ဆိုင်မှုများ အပါအဝင် ရုရှားနှင့်ထိတွေ့မှုကို တစ်စတစ်စလျှော့ချမည်ဟု ဆိုသည်။ The sovereign wealth fund သည် ရုရှားနိုင်ငံ စတော့အိတ်ချိန်းရှိ Listed Companies များတွင် ဝ.၁ % (သို့) ဩစတြေးလျ ဒေါ်လာသန်း ၂ဝဝ ပိုင်ဆိုင်ထားသော်လည်း ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ကြွေးမြီ (သို့) အခြားပုံသေဝင်ငွေပိုင်ဆိုင်မှု မရှိကြောင်း သိရှိရသည်။

ဩစတြေးလျသည် ဒေါ်လာ ၈ ဘီလီယံတန်ဖိုးရှိ ဩစတြေးလျငွေချေးစာချုပ်များကို ရုရှားဘဏ်မှ ငွေသားမပြုလုပ်နိုင်ရေး တားဆီးရာတွင်လည်း ဩစတြေးလျသည် ဗဟိုဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ ပြီးခဲ့သည့် သီတင်းပတ်က ယူကရိန်းကို ကျူးကျော်ဝင်ရောက်ပြီးနောက် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထိန်းသိမ်းထားသည့် ဘဏ္ဍာရေး ဒဏ်ခတ်ပိတ်ဆို့မှုများ

ပြုလုပ်သည့် "ပေါင်းစည်းစာရင်း" တွင် ရုရှားလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းပေါင်း (၄၀၀) ကျော်ကို ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရှိရသည်။ သို့သော် Rusal သည် Gladstone ရှိ QAL ရေနံချက်စက်ရုံ၏ ငါးပုံတစ်ပုံကို ပိုင်ဆိုင်သော်လည်း ဒဏ်ခတ်ပိတ်ဆို့ထားသော အဖွဲ့အစည်းစာရင်းတွင် မပါဝင်ကြောင်းနှင့် Falcon ၏ Mr Mayorets နှင့် ၎င်းကိုယ်စားပြု ရုရှား oligarch ဖြစ်သည့် Viktor Vekselberg တို့လည်း ဒဏ်ခတ်ပိတ်ဆို့ထားသော စာရင်းတွင်မပါဝင်ကြောင်း သိရှိရသည်။

ဩစတြေးလျနိုင်ငံ၏ ပိတ်ဆို့အရေးယူမှုများ ချမှတ်အပြီး တွင်ငွေကြေးဆိုင်ရာထောက်လှမ်းရေးအေဂျင်စီ AUSTRAC နှင့် အဓိကဘဏ်များသည် သံသယဖြစ်ဖွယ် Transactions များကို သတိထားရန် သတိပေးထားသည်။ ရွေးချယ်ထားသော ရုရှားဘဏ်များကိုလည်း နိုင်ငံတကာငွေပေးချေမှုစနစ် SWIFT မှဖယ်ရှားခဲ့ပြီးနောက် ရုရှား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ကုမ္ပဏီများအတွက် ငွေလွှဲပြောင်းရန် ခက်ခဲစေကြောင်း သိရှိရသည်။

ဩစတြေးလျအစိုးရသည် ယူကရိန်းအခြေအနေကို များစွာစိုးရိမ်လျက်ရှိပြီး၊ ဖြစ်ပေါ်တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်ကာ အထောက်အပံ့များပေးလျက်ရှိသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ရုရှားအပေါ် ပြင်းထန်သော ပိတ်ဆို့အရေးယူမှုများသည် ဩစတြေးလျ၏ စီးပွားရေးကို နည်းလမ်းအမျိုးမျိုးဖြင့် သက်ရောက်မှုရှိနိုင်ကြောင်း စီးပွားရေးပညာရှင်များက

ရုရှားအပေါ် ကုန်သွယ်ရေးပိတ်ဆို့အရေးယူမှုသည် ဩစတြေးလျထုတ်လုပ်သူများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု အနည်းငယ်သာရှိလိမ့်မည်ဖြစ်သော်လည်း မြင့်မားသောဈေးနှုန်းများကြောင့် ခံစားရဆဲဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ဆိုသည်။

ယူကရိန်းကို ရုရှား၏ တိုက်ခိုက်မှုများကြောင့် ကမ္ဘာ့ရေနံဈေးသည် နှစ်များအတွင်း မမြင်နိုင်သောအဆင့်အထိ ထိုးတက်သွားခဲ့ပြီး ကောက်ပဲသီးနှံနှင့် အခြားကုန်ဈေးနှုန်းများ လည်းတက်လာခဲ့သည်။ ဈေးကွက်အနှောင့်အယှက်များသည် ထောက်ပံ့ရေးကွင်းဆက်များမှ တဆင့်ဖြစ်ပေါ်လာသောကြောင့် ဩစတြေးလျနိုင်ငံသည်လည်း သက်ရောက်မှုကိုအမျိုးမျိုးသော နည်းလမ်းများဖြင့်

ခံစားလာရလိမ့်မည်ဟု လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။ ပျမ်းမျှခေတ်ဆီဈေးသည် တစ်လီတာလျှင် ၂.၁၀ ဒေါ်လာအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ ဩစတြေးလျထုတ်လုပ်သူများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်မည်ဟု မျှော်လင့်ရသည်။

ရုရှားသည် ဩစတြေးလျ၏ ကုန်သွယ်ကုန်သွယ်မှု၏ ၀.၁ %သာ ရှိပြီး၊ ကုန်သွယ်ဖက်နိုင်ငံများစာရင်းတွင် အဆင့် ၄၂ ရှိသည်။ ဩစတြေးလျ၏ ကုန်စည်တင်ပို့မှုအတွက် တန်ဖိုး ဩစတြေးလျဒေါ်လာ ၇၂၃ သန်း ဖြင့် အဆင့် ၂၉ ရှိပြီး၊ ကုန်စည်တင်သွင်းမှုတွင် တန်ဖိုး ဩစတြေးလျ ဒေါ်လာ ၂၅၀ သန်း ဖြင့် အဆင့် ၅၆ တွင်ရှိသည်။ Rabobank မှ စီးပွားရေးပညာရှင် Wouter van Eijkelenburg က ရုရှားနှင့် နှစ်နိုင်ငံကုန်သွယ်မှုသည် အလွန်နည်းပါးသောကြောင့် ရုရှားအပေါ် ကုန်သွယ်မှုကန့်သတ်ချက်များသည် ဩစတြေးလျထုတ်လုပ်သူများကို တိုက်ရိုက်သက်ရောက်မှုရှိမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၉-၂၀၂၀ ခုနှစ်တွင် ဩစတြေးလျက ရုရှားနိုင်ငံသို့ ဩစတြေးလျဒေါ်လာ ၄၉၉ သန်း တန်ဖိုး တင်ပို့ရောင်းချခဲ့ရာတွင် လျှို့ဝှက်ပစ္စည်းများနှင့် အထူးအရောင်းအဝယ်များအဖြစ် အလူမီနာအများစုပါဝင်မည်ဟု ခန့်မှန်းထားသည်။ သို့သော် ပွင့်လင်းမြင်သာမှုရှိသော ကုန်စည်များအနက် အများဆုံးမှာ သက်ရှိတိရစ္ဆာန်တင်ပို့မှု (ဒေါ်လာ ၉၈ သန်း) နှင့် ခေတ်မြေဩဇာတင်သွင်းမှု(ဒေါ်လာ ၇၁ သန်း) တို့ဖြစ်ပြီး၊ ၎င်းနှစ်ခုစလုံးတန်ဖိုးမှာ အနည်းငယ်သာဖြစ်သည်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံက ရုရှားနိုင်ငံမှ အဓိကတင်သွင်းခဲ့သော ကုန်စည်များမှာခေတ်မြေဩဇာ(ဒေါ်လာ ၇၁ သန်း)၊ ရေနံစိမ်း (ဒေါ်လာ ၅၉ သန်း)၊ သစ်အခြေခံပစ္စည်းများ (ဒေါ်လာ ၂၅ သန်း)၊ ဆားနှင့် သတ္တုများ (ဒေါ်လာ ၁၇ သန်း) တို့ဖြစ်ကြပြီး၊ ဩစတြေးလျနိုင်ငံမှ ရုရှားနိုင်ငံသို့ တိရစ္ဆာန်အရှင်များ (ဒေါ်လာ ၉၈ သန်း)၊ ကစီဓာတ်၊ inulin နှင့် wheat gluten (ဒေါ်လာ ၁၇ သန်း)၊ စက်ပစ္စည်းနှင့် အစိတ်အပိုင်း (ဒေါ်လာ ၉ သန်း) နှင့် အသား (ဒေါ်လာ ၇ သန်း) တို့ကို အဓိကတင်ပို့ခဲ့ပါသည်။

ရုရှားနိုင်ငံသည် စွမ်းအင်၊ အစေ့အဆန်များ၊ ဓာတ်မြေဩဇာနှင့် သတ္တုများအပါအဝင် ကမ္ဘာတစ်ဝှမ်းတွင် အဓိကကုန်ပစ္စည်းများစွာကို တင်ပို့လျက်ရှိသည့် ပို့ကုန်တင်ပို့သူဖြစ်သည်။ အဆိုပါကုန်ပစ္စည်းများကို ရုရှားနိုင်ငံမှတင်ပို့မှုရပ်တန့်သွားခြင်း (သို့) မသေချာမရေရာဖြစ်လာခြင်းတို့ကြောင့် အဆိုပါ အဓိကကုန်ပစ္စည်းများ၏ ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာမည် ဖြစ်သည်။ ရုရှားအပေါ် တင်းတင်းကျပ်ကျပ် ကုန်သွယ်မှု ကန့်သတ်မှု၏ အကျိုးသက်ရောက်မှုသည် ဈေးနှုန်းကြီးမြင့်မှုမှတစ်ဆင့် ဩစတြေးလျတွင် ခံစားရဖွယ်ရှိနေပြီး၊ ထိုဈေးနှုန်းများ မြင့်တက်လာခြင်းသည်

Agribusiness & Trade

ဩစတြေးလျတွင် "အနိုင်ရသူများ" နှင့် "ရှုံးသူများ" များဆီသို့ ဦးတည်သွားနိုင်ကြောင်း၊ "အနိုင်ရသူများ" မှာကုန်ဈေးနှုန်းများ မြင့်တက်ခြင်းမှ အကျိုးအမြတ်ရရှိသည့် ထုတ်လုပ်သူများဖြစ်ကြောင်းနှင့်၎င်းတို့ထဲတွင်သတ္တုတူးဖော်ရေးကုမ္ပဏီများ(သံရိုင်း၊ ခဲတတ်ငွေ့) နှင့် ဂျုံနှင့်ပြောင်းထုတ်လုပ်သူများဖြစ်ပြီး၊ ထောက်ပံ့မှုလျော့ချခြင်းကြောင့် ဈေးနှုန်းများမြင့်တက်ခြင်းမှ အကျိုးအမြတ်ရရှိနိုင်သူများဖြစ်သည်။ တစ်ဖက်တွင်လည်း မြင့်မားသော ခဲတတ်ဆီနှင့် ခဲတတ်မြေဩဇာဈေးနှုန်းများကအစားအစာနှင့် စိုက်ပျိုးရေးကုန်စည်ထုတ်လုပ်သူများအတွက် ကန့်သတ်ချက်များ ဖြစ်ပေါ်စေနိုင်သည်။ “ရှုံးသူများ” အတွက် အနုတ်လက္ခဏာသက်ရောက်မှု အများစုသည် ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းထုတ်လုပ်သူများကို ထိခိုက်စေသည့် သွင်းကုန်ဈေးနှုန်းများ သိသိသာသာ မြင့်မားလာမှုဖြစ်သည်။

ထုတ်လုပ်သူများသည်၎င်းတို့၏သွင်းအားစု ကုန်ကျစရိတ် ပိုမိုမြင့်မားလာခြင်းကြောင့် အကျိုးသက်ရောက်မှုများသည် ထောက်ပံ့ရေး ကွင်းဆက်များတစ်လျှောက် ဩစတြေးလျစားသုံးသူများကိုသွယ်ဝိုက်ရိုက်ခတ်သွားနိုင်ကြောင်း ခန့်မှန်းထားသည်။ ရလဒ်အနေဖြင့်ငွေကြေး ဖောင်းပွမှုတိုးလာကာ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလာပြီး၊ အိမ်ထောင်စုသုံး ဝယ်ယူမှုစွမ်းအားမှာလည်း ပိုမိုဆိုးရွားလာခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ကန့်သတ်ချက်များ ဖြစ်ပေါ်လာစေနိုင်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.............................................................................

## နိုင်ငံအတွင်းသို့ Khapra ပိုးတောင်မာ ဝင်ရောက်မှုအန္တရာယ်မှ ကာကွယ်ရန် ဩစတြေးလျအစိုးရက အရေးပေါ်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိခြင်း

ဩစတြေးလျနိုင်ငံသည် နိုင်ငံအတွင်းသို့ Khapra ပိုးတောင်မာဝင်ရောက်မှုအန္တရာယ်မှကာကွယ်နိုင်ရန် အဆင့်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နောက်ထပ်အဆင့် (၂) ဆင့်ဖြစ်သည့် Phase – 4 နှင့် Phase – 5 ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေး၊ ရေနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အကောင်အထည်ဖော်ဆောင်မည့်အဆင့်များအရ ၂၈-၄-၂၀၂၂ ရက်နေ့မှစတင်၍ နိုင်ငံများအားလုံးမှ ဩစတြေးလျနိုင်ငံသို့ တင်ပို့မည့် အပင်ထွက်ကုန်များနှင့် စိုက်ပျိုးရန် မျိုးစေ့များသည် ကုန်တင်ပို့နိုင်ငံ၏ အစိုးရအရာထမ်းက စစ်ဆေးထားပြီးဖြစ်ရန်နှင့် Phytosanitary Certificate တွင် သတ်မှတ်ထားသော ထပ်တိုးကြေညာချက်ပါဝင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ဩစတြေးလျနိုင်ငံသို့ ဆိုက်ရောက်လာသော ကုန်စည်များနှင့် ကွန်တိန်နာများကို ပြန်လည်တင်ပို့မည်ဖြစ်ကြောင်း စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လအတွင်းက နိုင်ငံ၏ဆိပ်ကမ်းများတွင် အရှေ့တောင်အာရှမှ တင်သွင်းလာသည့် ကုန်စည်များ၌ Khapra ပိုးတောင်မာ တွေ့ရှိသည့်အတွက် တင်ပို့သူ၊ တင်သွင်းသူများကို နိုးနိုးကြားကြားရှိကြရန် အစိုးရကနှိုးဆော်ခဲ့ပြီး၊ လိုအပ်သော စီမံဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့သည်။ Khapra ပိုးတောင်မာသည် စိုးရိမ်ရပြီး၊ ထိုးဖောက်ပြန့်ပွား နှောင့်ယှက်တတ်သော ပိုးမွှားတစ်မျိုးဖြစ်ရာ ဩစတြေးလျနိုင်ငံ၏ အခြေခံထုတ်လုပ်မှု၊ ဇီဝလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အဓိက ခြိမ်းခြောက်လျက်ရှိကြောင်း သိရှိရသည်။

Khapra ပိုးတောင်မာသည် နှံစားသီးနှံများ၊ သစ်သီးခြောက်၊ ဆန်နှင့် အစေ့အဆံများတွင် တွေ့ရှိရသော ပိုးမွှားဖြစ်ပြီး၊ ကုန်စည်များ သယ်ယူပို့ဆောင်စဉ်တွင်လည်း ပါလာလေ့ရှိကြောင်းနှင့် နိုင်ငံအတွင်း Khapra ပိုးတောင်မာ ပေါက်ဖွားပါက ဈေးကွက်ဆုံးရှုံးနိုင်ခြင်း (သို့) ကန့်သတ်ခံရခြင်းများဖြစ်ပေါ်နိုင်ကြောင်း သိရှိရသည်။

နိုင်ငံအတွင်းသို့ Khapra ပိုးတောင်မာ ဝင်ရောက်မှုအန္တရာယ်ကို ကာကွယ်နိုင်ရန် ဩစတြေးလျနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေး၊ ရေနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက အရေးပေါ်ဆောင်ရွက်ချက်များကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကတည်းက အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံ၏ Khapra ပိုးတောင်မာ ဝင်ရောက်မှုအန္တရာယ်ကို ကာကွယ်နိုင်ရန် အရေးပေါ်အစီအမံဆိုင်ရာလိုအပ်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပါဝင်သည့် SPS Notification (G/SPS/N/AUS/502/Add.16)ကို https://docs.wto.org/ imrd/ directdoc.asp?DDFDocuments/t/G/SPS/NAUS502A16.DOCX တွင်ရယူနိုင်ပြီး၊ Khapra ပိုးတောင်မာဆိုင်ရာ အရေးပေါ်ဆောင်ရွက်မှုအစီအမံများကို https://www.awe.gov.au/ khapra-urgent-actions တွင် ကြည့်ရှုနိုင်ပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## အပြုသဘောဆောင်သောအချက်များက ပို့ကုန်တိုးတက်မှုအတွက်တွန်းအားဖြစ်စေခြင်း (ထိုင်းနိုင်ငံ)

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှု၊ ကွန်တိန်နာမလုံလောက်မှု နှင့်ကုန်သွယ်မှုမြှင့်တင်ရေးတို့အတွက် သက်ဆိုင်ရာများ၏ဆောင်ရွက်ချက်များကြောင့် ထိုင်းပို့ကုန်များအနေဖြင့် ၎င်းတို့၏ တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားလျှက်ရှိကြောင်းနှင့် ယခုနှစ်ဇန်နဝါရီလတွင် နှစ်အလိုက်၌ပို့ကုန်တိုးတက်မှု(၈%) ရရှိခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏(၂.၃.၂၀၂၂) ရက်နေ့ထုတ်ပြန်ချက်အရ အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုမှာအမေရိကန်ဒေါ်လာ(၂၁.၃)ဘီလီယံ ရရှိခဲ့ကြောင်း သွင်းကုန်တင်သွင်းမှုမှာလည်း(၂၀.၅%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၃.၇) ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၂.၅၂) ဘီလီယံ ရရှိခဲ့ကြောင်းသိရှိရပါသည်။

ကွန်တိန်နာမလုံလောက်မှုသည် အထူးသဖြင့် လန်ချာဘန်ဆိပ်ကမ်း၊ ဗန်ကောက်ဆိပ်ကမ်းနှင့် အမေရိကန်ဆိပ်ကမ်းများတွင် လျှော့ပါးသွားခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် အားလပ်ရက်များတွင် အလုပ်ချိန်တိုးမြှင့်ရန်နှင့် ညပိုင်းအလုပ်ချိန်တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်းသိရှိရပါသည်။

ရုရှားနှင့် ယူကရိန်းတို့အကြား ပြင်းထန်သောပဋိပက္ခများကြောင့် ရေနံဈေးနှုန်းများမြင့်တက်လာခြင်းကဲ့သို့သော အန္တရာယ်ရှိသည့် အချက်များရှိနေသော်လည်း ဝန်ကြီးဌာနအနေဖြင့် ၎င်း၏ ပို့ကုန်တိုးတက်မှုရည်မှန်းချက်ကို ယခုနှစ်အတွက်(၃-၄%) တွင် ဆက်လက်ထိန်းသိမ်းထားလျှက်ရှိနေကြောင်း သိရှိရပါသည်။

ဝန်ကြီးမစ္စတာဂျူရင်ကဝန်ကြီးဌာန၏ အကြီးတန်းအရာရှိများနှင့် ပုဂ္ဂလိကများအကြားပူးတွဲတွေ့ဆုံမှုအပြီးတွင် ယူကရိန်းပဋိပက္ခမှာ ထိုင်းကုန်သွယ်မှုအပေါ် များစွာသက်ရောက်မှုမရှိသေးကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ထိုင်းကုန်သည်ကြီးများအသင်းနှင့် ထိုင်းအမျိုးသားကုန်စည်ပို့ဆောင်ရေးကောင်စီတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ယူကရိန်းနှင့် ရုရှားသို့ ထိုင်းပို့ကုန်များတင်ပို့မှုမှာ သိပ်အရေးမပါလှဟုယူဆရကြောင်း၊ ယမန်နှစ်က ရုရှားသို့ တင်ပို့မှုမှာ စုစုပေါင်း ပို့ကုန်တင်ပို့မှု၏ (၀.၃၈%) (သို့မဟုတ်) အမေရိကန်

Agribusiness & Trade

ဒေါ်လာ(၁.၀၂)ဘီလီယံ ခန့်သာရှိကြောင်း၊ ယူကရိန်းသို့ ပို့ကုန်တင်ပို့မှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ(၁၃၅)သန်း(သို့မဟုတ်) ထိုင်းနိုင်ငံ၏ပြည်ပတင်ပို့မှုစုစုပေါင်း၏ (၀.၀၅%)သာရှိကြောင်း သိရှိရပါသည်။ ရုရှားနှင့်ယူကရိန်းနိုင်ငံများသို့ တင်ပို့မှုများအနက် တာယာများ၊ ပြုပြင်ထားသော အစားအစာများ၊ ကျောက်မျက်နှင့် အလှကုန်များတင်ပို့မှုတွင်သက်ရောက်မှု အနည်းငယ်ရှိနိုင်ကြောင်း သိရှိရပါသည်။

ရေရှည်တွင် ရုရှားနှင့် ယူကရိန်းပဋိပက္ခကြောင့် ရေနံဈေးကြီးမြင့်ခြင်း၊ ငွေကြေးလွှဲပြောင်းမှုနှင့်ကုန်စည်ပို့ ဆောင်မှုကုန်ကျစရိတ်များကို ထိခိုက်နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါ ပဋိပက္ခ၏သွယ်ဝိုက်သက်ရောက်မှုကြောင့် ထိုင်းနိုင်ငံအနေဖြင့်စွမ်းအင်ဈေးနှုန်း မြင့်မားမှု(သို့မဟုတ်) သံဖူးများနှင့် ဆောက်လုပ်ရေးပစ္စည်းများအတွက် တင်သွင်းလာသောသံမဏိဈေးနှုန်းများ မြင့်မားလာနိုင်ကြောင်း မစ္စတာဂျူရင်၏ အဆိုအရသိရှိရပါသည်။

တိရစ္ဆာန်အစာအတွက် တင်သွင်းသောဂျုံနှင့် ပြောင်းတင်သွင်းမှု ဈေးနှုန်းများမြင့်တက်လာနိုင်ကြောင်း၊ ရုရှားနှင့်ယူကရိန်းမှာ ကမ္ဘာ့အကြီးဆုံးဂျုံထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူများဖြစ်ကြကြောင်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့် အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် လက်တင်အမေရိက ကဲ့သို့သော အစားထိုးဈေးကွက်သစ်များ ရှာဖွေခြင်းဖြင့်အဆိုပါသက်ရောက်မှုများကို ထေမိစေရန် စီမံချက်များကိုပြင်ဆင်ထားပြီးဖြစ်ကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

Agribusiness & Trade

## ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာမှုကြောင့် ပီလောပီနံပြည်ပတင်ပို့မှု အလားအလာကောင်းမွန်မည်ဟု မျှော်လင့်လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)

ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာမှုနှင့် သီးနှံဈေးနှုန်းများမြင့်တက်မှုတို့ကြောင့် ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ပီလောပီနံပြည်ပတင်ပို့မှုအလားအလာမှာ ကောင်းမွန်မည်ဟု မျှော်လင့်ရကြောင်း သိရှိရပါသည်။

ပီလောပီနံမူဝါဒနှင့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ဥက္ကဌအဖြစ် ဆောင်ရွက်ပြီးနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်က ၂၀၂၁ခုနှစ်တွင်ပြည်ပသို့ ပီလောပီနံတင်ပို့မှု(၄၈.၄၁%)တိုးတက်ခဲ့ပြီး ဘတ်ငွေအားဖြင့်(၁၂၃.၂)ဘီလီယံရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ပီလောပီနံပြည်ပတင်ပို့မှုအနေဖြင့် အရှိန်အဟုန်ဖြင့်တိုးတက်လာရန်မျှော်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ပတင်ပို့မှုမှာအရေအတွက်အားဖြင့်(၄၅.၅၈%) တိုးတက်ခဲ့ပြီးတန်ချိန်(၁၀.၃၈)သန်းတင်ပို့နိုင်ခဲ့ကြောင်း၊ ၎င်းမှာ လွန်ခဲ့သော(၁၄)နှစ်အတွင်း အမြင့်မားဆုံး တိုးတက်မှုဖြစ်ကြောင်းနှင့် ကမ္ဘာ့သီးနှံဈေးနှုန်းမြင့်မားခဲ့မှုနှင့် အီသနော၊ အယ်လ်ကိုဟောနှင့် ဆေးဘက်ဆိုင်ရာထုတ်ကုန်များအတွက်ဝယ်လိုအား မြင့်မားခဲ့မှုတို့ကြောင့် ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံ၏ ပီလောပီနံပို့ကုန်အတွက် အကြီးမားဆုံးသော ဈေးကွက်ကြီးမှာ တရုတ်ဈေးကွက်ဖြစ်ပြီး ၎င်းမှာပြည်ပတင်ပို့မှုစုစုပေါင်း၏ (၇၀%)ရှိကြောင်း၊ ၎င်းနောက်တွင် ဂျပန်က (၈%) ၊ အင်ဒိုနီးရှားက(၃%)၊ တောင်ကိုရီးယားက(၂%)နှင့် အခြားနိုင်ငံများက (၁၇%) ရှိကြောင်း သိရှိရပါသည်။

လက်ရှိလတ်ဆပ်သော ပီလောပီနံဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ပျမ်းမျှအားဖြင့် (၂.၅၀-၂.၆၀) ဘတ်ရှိကြောင်း၊ ၎င်းမှာအစိုးရကလယ်သမားများအတွက်ဝင်ငွေအာမခံချက်ပေးထားသည့်ဈေးနှုန်းနှင့်နီးစပ်မှုရှိကြောင်း သိရှိရပါသည်။ မစ္စတာဂျူရင်က၎င်းအနေဖြင့်တရုတ်ပြည်တွင် အီသနောထုတ်လုပ်မှုအတွက် ဝယ်လိုအားများဆက်တိုက်တိုးလာမှုကြောင့် ပီလောပီနံဈေးနှုန်းအနေဖြင့် ပိုမိုတိုးတက်လာရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၂၁-၂၀၂၂ သီးနှံရာသီအတွက် ကမ္ဘာ့ပီလောပီနံ ထုတ်လုပ်မှုအနေဖြင့် (၁.၂၁%)တိုးတက်နိုင်ပြီးတန်ချိန်(၃၀၂) သန်း ရှိနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။ သို့ရာတွင် ၂၀၂၁/၂၀၂၂ သီးနှံရာသီအတွက် ထိုင်းနိုင်ငံ၏ ပီလောပီနံထုတ်လုပ်မှုမှာ ယခင်နှစ်ကရရှိခဲ့သော တန်ချိန်(၃၅.၀၉)သန်းထက်(၁%) ခန့်ကျဆင်းနိုင်ပြီး တန်ချိန်(၃၄.၆၉)သန်းရရှိနိုင်ကြောင်း၊ အကြောင်းမှာအလယ်ပိုင်းဗဟိုဒေသများတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ခြင်းနှင့် အချို့စိုက်ပျိုးဒေသများတွင် မိုးခေါင်မှုများကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ပြည်တွင်းလိုအပ်ချက်မှာ တန်ချိန်(၁၂.၇) သန်းခန့်ရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ပြည်ပတင်ပို့မှုအနေဖြင့် တန်ချိန်(၂၉.၇)သန်းခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ကော်မတီအနေဖြင့် ဘတ်ငွေ(၄၇၄)သန်းတန်ဖိုးရှိ စီမံကိန်း ပရောဂျက်(၁၀)ခုကိုအတည်ပြုပေးခဲ့ကြောင်း၊ အဓိက အားဖြင့် ၂၀၂၃ မှ ၂၀၂၇ ခုနှစ်အတွင်း ပီလောပီနံပိုးမွှားရောဂါ ပပျောက်ရေးအပေါ် အဓိကဦးတည် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ပီလောပီနံမူဝါဒနှင့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနဆိုင်ရာတို့အား ပီလောပီနံပင်များ အားကောင်းလာစေရန်၊ လယ်သမားများ၏ အလေအလွင့်များ လျှော့နည်းစေရန်နှင့်သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D) လုပ်ငန်းတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ ပီလောပီနံ ရောဂါကင်းစင်စေရေး(R&D) လုပ်ငန်းအတွက် ဘတ်ငွေ(၂၅) သန်း ခွဲဝေပေးမည်ဟုအစိုးရကကတိပြုထားကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

........................................................................................................................

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

**တရုတ်နိုင်ငံတွင် မတ်လ ပထမအပတ်တွင် ကျင်းပပြုလုပ်သော ဆွေးနွေးပွဲနှစ်ခုကို ကမ္ဘာ့နိုင်ငံများက အနီးကပ်စောင့်ကြည့်ခဲ့ခြင်း**

တရုတ်နိုင်ငံ၏ ဆွေးနွေးပွဲနှစ်ခု two sessions သည် မတ်လတွင် နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး တရုတ်လွှတ်တော်အမတ် ထောင်ပေါင်းများစွာသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ သာယာဝပြောရေး ကဏ္ဍအသီးသီးတွင် အနာဂတ်လုပ်ဆောင်မှု လမ်းကြောင်းပုံဖော်ရာတွင်ပါဝင်ဆောင်ရွက်နေချိန် တနည်းအားဖြင့် နိုင်ငံရေးရာသီ ဖြစ်ပါသည်။ ဆွေးနွေးပွဲများအပြင် အနာဂတ်တိုးတက်မှုနှင့် မူဝါဒဆိုင်ရာ အစီအမံများ ဆက်တိုက်ပြုလုပ်ရန် ဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း ၁၃ ကြိမ်မြောက် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (Chinese People's Political Consultative Conference –CPPCC) ၏ ပဥ္စမနှစ်ပတ်လည် အစည်းအဝေးကို

ယခုနှစ် မတ်လ ၄ ရက်နေ့တွင် စတင်ကျင်းပခဲ့ကြောင်း၊ မတ် ၅ ရက်တွင် ၁၃ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress –NPC) ၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖွင့်လှစ်ခဲ့ကြောင်း ဤအရေးကြီး အစည်းအဝေးများသည် အစိုးရ၏ တိုးတက်မှု၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် အမျိုးသားအဆင့်မူဝါဒ အစီရင်ခံစာများကို အလုံးစုံပြန်လည်သုံးသပ်ခြင်းနှင့်အတူ နိုင်ငံ၏အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အပြီးသတ် အကောင်အထည်ဖော်ရန် အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်နှင့် ဒေသအဆင့်တွင် ၂၀၂၂ ခုနှစ်အတွက်ဗဟိုနှင့် ဒေသဆိုင်ရာ ဘတ်ဂျက်များကိုလည်း ဆန်းစစ်ရေးဆွဲမည်ဖြစ်ပါသည်။

အဆိုပါ ဆွေးနွေးပွဲနှစ်ခုသည် တရုတ်နိုင်ငံ၏ နိုင်ငံရေးစနစ်အတွက် အလွန်အရေးကြီးသည့် အခမ်းအနားဖြစ်ပြီး နောက်နှစ်များအတွင်း နိုင်ငံ၏ဆောင်ရွက်မှုလမ်းကြောင်းကို နားလည်ရန် ကမ္ဘာကအမြဲတမ်း အနီးကပ်စောင့်ကြည့်နေကြောင်း တရုတ်နိုင်ငံတွင် ဖြစ်ပျက်နေသည့် အရာများသည် ကမ္ဘာ့စီးပွားရေးတစ်ခုလုံးနှင့် ကမ္ဘာတစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကျယ်ပြန့်စွာသက်ရောက်မှုရှိမည်ကို ကောင်းစွာနားလည်ကြကြောင်း တရုတ်နိုင်ငံသာအောင်မြင်ပါက ကမ္ဘာ့စီးပွားရေးသည်လည်း အပြုသဘောဆောင်သည့် လမ်းကြောင်းအတိုင်း လိုက်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံဖွံ့ဖြိုးလာပါက ကမ္ဘာ့စီးပွားရေးနှင့် ကမ္ဘာတဝှမ်းဖွံ့ဖြိုးတိုးတက်ရေးတွင် တရုတ်နိုင်ငံကအဓိကပံ့ပိုးကူညီသည့်အနေဖြင့် ကမ္ဘာ့စီးပွားရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း တရုတ်၏အရေးကိစ္စများကို အချိန်နှင့်တပြေးညီသိရှိနိုင်ရန် ကူညီပေးသောကြောင့် ဆွေးနွေးပွဲနှစ်ခုကို အလွန်အာရုံစိုက်ပါသည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုးတက်မှုကို ကမ္ဘာကစောင့်ကြည့်လေ့လာရန် ပြတင်းပေါက်တစ်ခုအနေဖြင့် အဆိုပါ ဆွေးနွေးပွဲနှစ်ခုသည် နိုင်ငံတော်၏ အမျိုးသား စည်းလုံးညီညွတ်မှုနှင့် ရှင်းလင်းပြတ်သားမှုဆိုင်ရာ အလုံးစုံသောအမြင်နှင့် ရည်မှန်းချက်များတွင် မြှင့်တင်ရန်အတွက် အရေးကြီးပါကြောင်း ဤအစည်းအဝေးများသည် အမျိုးသားရေးစိတ်အားထက်သန်မှုကို အားကောင်းစေကြောင်း တရုတ်တစ်ဝှမ်းလုံးမှအသံများက ဖော်ပြလျှက်ရှိပါကြောင်း ဤဆွေးနွေးပွဲများ၏ရလဒ်များသည် တရုတ်နိုင်ငံ၏အမျိုးသားအဆင့်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပိုမိုကျယ်ပြန့်သော ကမ္ဘာကြီး၏ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်သောကြောင့် ၎င်းတို့သည် သိသာထင်ရှားပါသည်။

Agribusiness & Trade

ကပ်ရောဂါနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် ပထမဆုံး COVID–19 ၏ သားကောင်ဖြစ်ခဲ့သော်လည်း ၎င်း၏တင်းကျပ်သောမူဝါဒများကြောင့် COVID–19 ဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့ပါကြောင်း မှန်ကန်သောမူဝါဒများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ခဲ့သော အမြော်အမြင်ကြီးမားသော ခေါင်းဆောင်မှုနှင့် တရုတ်ပြည်သူများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ တရုတ်သိပ္ပံပညာရှင်များသည် COVID–19 ကိုတိုက်ဖျက်ရန်ချဉ်းကပ်မှု၊ နည်းပညာများနှင့် စက်ကိရိယာအသစ်များစွာကို တီထွင်ကြိုးပမ်းခဲ့ပါကြောင်း တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် ကပ်ရောဂါကာကွယ်ရေးတွင် ထူးချွန်ပြီးဗိုင်းရပ်စ်ကိုတိုက်ဖျက်ရာတွင် ထိရောက်သော ကာကွယ်ဆေးများတီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အခြားနယ်ပယ်များကဲ့သို့ပင်၊ တရုတ်နိုင်ငံသည် မြင့်မားသောနည်းပညာနှင့် ဆန်းသစ်တီထွင်မှုတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး ရလဒ်အနေဖြင့် နယ်ပယ်များစွာတွင်မှတ်တိုင်များစွာကို အောင်မြင်ခဲ့ပါကြောင်း၊ ဆွေးနွေးပွဲနှစ်ခုတွင် ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုတို့ကို ပိုမိုအာရုံစိုက်လာမည်ဟု ယုံကြည်ပါကြောင်း တရုတ်နိုင်ငံသည်အဆိုပါနယ်ပယ်များ၏ အရေးပါမှုကို အသိအမှတ်ပြုပြီး လိုချင်သောရလဒ်များကို ထုတ်ပေးနိုင်သည့် ကြီးမားသောစွမ်းရည်ကို ပိုင်ဆိုင်ထားပါကြောင်း ၎င်းသည် ကြီးမားသောအောင်မြင်မှုများအတွက် အလားအလာရှိပြီး ဆွေးနွေးပွဲနှစ်ခုသည် ဤကဏ္ဍတွင် တိုးတက်မှုများကို ဦးစားပေးလုပ်ဆောင်ရန်အတွက် မူဘောင်နှင့် လိုအပ်သောဘတ်ဂျက် ပံ့ပိုးပေးနိုင်ပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပေါ်ထွက်လာပြီး နိုင်ငံ့ခေါင်းဆောင်များသည် ၎င်း၏ပြည်သူများ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးမူဝါဒများ ချမှတ်ရန် ခိုင်မာသောအနေအထားတွင်ရှိနေပါကြောင်း ထို့အပြင် တရုတ်နိုင်ငံသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း  တရုတ်နိုင်ငံသည် ပြင်ပအနှောက်အယှက်များ၏ လွှမ်းမိုးမှုမှကင်းလွတ်ခွင့်မရှိသော်လည်း နိုင်ငံ၏ အမြော်အမြင်ရှိသော ခေါင်းဆောင်မှုမှာ ယခုနှစ်အစည်းအဝေးနှစ်ခုအတွင်း ဖြစ်နိုင်သမျှ စိန်ခေါ်မှုအားလုံးကို ဖြေရှင်းရန် အသင့်ရှိပါကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် http://english.yunnan.cn/html/2022/latestnews_0304/28522.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………

Agribusiness & Trade

## ဗီယက်နမ်-တရုတ်လမ်းကြောင်းများကိုဗစ်ထိန်းချုပ်နိုင်၍ ပြန်ဖွင့်ခြင်းကြောင့် ဗီယက်နမ်တွင် အာရှဆန်စျေးနှုန်း တိုးလာခြင်း

ယူကရိန်းအကျပ်အတည်းကြောင့် တရုတ်သို့ ကုန်သွယ်မှုလမ်းကြောင်းများ ပြန်ဖွင့်လာခြင်းကြောင့် ဗီယက်နမ်မှ တင်ပို့သည့် ဆန်စျေးသည် ယခုမတ်လ ပထမအပတ်အတွင်း မြင့်တက်ခဲ့ပါသည်။ ဗီယက်နမ်၏ ၅ မှတ်ဆန်ကို ဖေဖော်ဝါရီလကုန်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀ ဖြင့် ကမ်း လှမ်းခဲ့ပြီး ယင်းမတိုင်မီတစ်ပတ်က ကန်ဒေါ်လာ ၃၉၅ မှ ၄၀၀ စျေးရှိခဲ့သည်။ ကိုရိုနာဗိုင်းရပ် ထိန်းချုပ်နိုင်၍ တရုတ်-ဗီယက်နမ် နယ်နိမိတ်များကို ပြန်ဖွင့်သည့်အတွက် တရုတ်နိုင်ငံကို တင်ပို့မှု တိုးလာမယ်လို့ မျှော်လင့်ထားကြောင်းနှင့် ဆက်လက်ဖြစ်ပွားနေသော ယူကရိန်းစစ်ပွဲသည် ဗီယက် နမ်အပါအဝင် အာရှမှဝယ်ယူသူများကို ဆန်ပိုမိုတင်သွင်းရန် လှုံ့ဆော်မှုဖြစ်စေနိုင်ကြောင်း ဟိုချီမင်း မြို့မှ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ဘန်ကောက်အခြေစိုက်ကုန်သည်တဦးကလည်း ယူက ရိန်းအခြေအနေသည် ကုန်စည်ပို့ဆောင်ခ အနည်းငယ်တိုးလာနိုင်သည်ဟု ပြောပါသည်။

ထိုင်းနိုင်ငံ၏ ၅ မှတ်ဆန်စျေးသည် ဖေဖော်ဝါရီလကုန်တွင် ကန်ဒေါ်လာ ၄၀၀ မှ တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၃ မှ ၄၀၀ သို့ အနည်းငယ် တိုးလာကြောင်းနှင့် မတ်လတွင် အမေရိကန်ဒေါ်လာနှင့် ဘတ်ငွေကြေးအတက်အကျကို သတိပြုမိကြောင်းသို့သော် ရုရှားနှင့် ယူကရိန်းတို့သည် ၎င်း၏အဓိက ကုန်သွယ်ဖက်များထဲတွင် မရှိသောကြောင့် အကျပ်အတည်းသည် ထိုင်းဆန်တင်ပို့မှုအပေါ်သက် ရောက်မှုမရှိဟု အခြားကုန်သည်တစ်ဦးက ပြောပါသည်။ ယူကရိန်းစစ်တပ်သည် ၎င်း၏ဆိပ်ကမ်း များတွင် စီးပွားဖြစ်တင်ပို့မှုကို မကြာသေးမီက ရပ်ဆိုင်းခဲ့ရာ ယင်းက ဆန်နှင့် ဆီထွက်သီးနှံများ တင်ပို့မှုကို ခြိမ်းခြောက်ခဲ့ကြောင်း ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယ၏ ဆန်ဝယ်လိုအားတိုးတက်လာ သော်လည်း ရူပီတန်ဖိုး ကျဆင်းမှုကြောင့် ယင်း၏ ၅ မှတ်ပြုတ်ဆန်စျေးနှုန်းများမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၇၀ မှ ၃၇၆ ဒေါ်လာအထိ ကျဆင်းသွားကာ ပြည်ပသို့ရောင်းချသည့် ကုန်သည်များ အတွက်အမြတ်အစွန်း ပိုမိုမြင့်မားစေခဲ့ပါသည်။ အိန္ဒိယတွင်ပြောင်းစျေးများတက်လာသည်နှင့် အမှု ဆန်ကွဲဝယ်လိုအားတိုးတက်လာပါကြောင်း အချို့ဝယ်လက်များက ပြောင်းကို အစားထိုးရန်ရှာဖွေ နေကြောင်း Andhra Pradesh, Kakinada အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တဦးက ပြောပါသည်။ အိန္ဒိယ လယ်သမားများသည် လွန်ခဲ့သည့်နှစ်က ၁၂၄ ဒသမ ၃၇ သန်းရိတ်သိမ်းခဲ့ပြီး ယခုနှစ် တန်ချိန် ၁၂၇ ဒသမ ၉၃ သန်းနှင့် စံချိန်တင်ရိတ်သိမ်းနိုင် လိမ့်မည်ဖြစ်ကြောင်းသိရှိရသည်။ တစ်ချိန်တည်း တွင် ဘင်္ဂလားဒေ့ရှ်တွင်အရန်ဆန်များ ကောင်းမွန်သော်လည်း ပြည်တွင်းဆန်စျေးမြင့်မားနေခဲ့ ကြောင်း တာဝန်ရှိသူများကပြောပါသည်။ ယူကရိန်း အကျပ်အတည်းကြောင့် ကုန်စည်ပို့ဆောင်မှု

နှုန်းအနည်းငယ်မြင့်တက်လာပြီး စပါးများအတွက် တင်သွင်းမှုကုန်ကျစရိတ် မြင့်မားနေကြောင်း ကုန်သည်တစ်ဦးကပြောကြားခဲ့သည်။

ရင်းမြစ် https://www.reuters.com/markets/asia/asia-rice-vietnamese-rates-gain- china-routes-reopen-post-covid-curbs-2022-03-03/

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

.................................................................

## လန်ချန်းနှင့် မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု LMC တွင် တရုတ်နိုင်ငံ၏ ထိပ်တန်းဆောင်ရွက်ချက်များ

တရုတ်နိုင်ငံနှင့် မဲခေါင်ငါးနိုင်ငံတို့သည် နီးကပ်သော အိမ်နီးချင်းနိုင်ငံများနှင့် တောင်များနှင့် မြစ်ချောင်းများဖြင့် ရေမြေကြောအလိုက် ဆက်သွယ်ထားသော သဘာဝပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များဖြစ်ကြ၍ ရာစုနှစ်တစ်ခုအတွင်း မကြုံတွေ့ဘူးသော COVID-19 ရောဂါဖြစ်ပွားမှုတိုက်ဖျက်ရေးတွင်လည်း တရုတ်နိုင်ငံသည် မဲခေါင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ဆောင်ရွက်ကာ ကမ္ဘာ့နိုင်ငံအားလုံး၏ စီးပွားရေးပြန်လည် ဦးမော့လာစေရန်နှင့် ဒေသတွင်းပြန်လည်နိုးကြားလာစေရန် ၂၀၂၁ ခုနှစ်အတွင်း အပြုသဘောဆောင်သော ပံ့ပိုးမှုများပြုလုပ်ခဲ့ပါသည်။

ဒေသတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို ပြသရန်နှင့် ဒေသတွင်း ခြောက်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို မီးမောင်းထိုးပြရန်ရည်ရွယ်၍ Lancang-Mekong Cooperation for China Secretariat (LMC) သည် China Report ASEAN of China International Communications Group နှင့် The Mekong River of Yunnan Daily Press Group တို့ ပူးပေါင်း၍ ၂၀၂၁ ခုနှစ် LMC နှင့် မဲခေါင်မြစ်ဝှမ်းအတွင်း တရုတ်နိုင်ငံ၏ဆောင်ရွက်ခဲ့သော ထိပ်တန်းဆောင်ရွက်ချက် ၁၀ ချက်ကို (၂၇-၁-၂၂) ရက်နေ့တွင်ထုတ်ပြန်ခဲ့ရာ ယင်းတို့မှာ- အိမ်နီးချင်းနိုင်ငံများနှင့် မျှဝေထားသော အနာဂတ်တွင် အသိုက်အဝန်းတစ်ခု တည်ဆောက်ခြင်းနောက်ပိုင်း အခန်းကဏ္ဍအတွက် နိုင်ငံတော်အကြီးအကဲ သံတမန်ရေးရာ လမ်းစချမှတ်ခြင်း၊ လန်ချန်း-မဲခေါင်ခြောက်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှုခိုင်မာစေမည့် စဉ်ဆက်မပြတ်အဆင့်မြင့် ဖလှယ်မှုများဆောင်ရွက်ခြင်း၊ Lancang-Mekong ကပ်ရောဂါ တိုက်ပွဲသည် ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုတွင် ကြီးမားသောတိုးတက်မှုများကို သယ်ဆောင်လာခြင်း၊ တရုတ်-လာအို

ရထားလမ်းဖွင့်လှစ်ပြီး ဒေသတွင်း ဆက်သွယ်မှုကို အားကောင်းစေခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွား နေသည့် အကြားတွင်ပင် စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုရရှိပြီး ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှုများ မှန်မှန်တိုးတက်နေစေခြင်း၊ Lancang-Mekong ပူး ပေါင်းဆောင်ရွက်မှုသည် ဒေသန္တရအစိုးရများအကြား အရှိန်အဟုန်တိုးမြင့်လာစေခြင်း၊ ကုန်သွယ်မှု ပမာဏ စံချိန်တင်မြင့်မားလာသည်နှင့်အမျှ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှ အသီးအပွင့် ရလဒ်များကိုရရှိစေခြင်း၊ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးအတွက် ထူးထူးခြားခြားရလဒ်များ၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင် ရွက်ခြင်းသည် သန်းပေါင်းများစွာသော မိသားစုများကို အကျိုးပြုခြင်းနှင့် လူသားအချင်းချင်းယှဉ် ကျေးမှုဖလှယ်မှုများတွင် အထင်ကြီးဖွယ် ရလဒ်များရရှိခြင်း တို့ဖြစ်ပါသည်။

ရင်းမြစ် English.yunnan.cn/html/2022/consulgeneral_0128/27978.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………………………

## လန်ချန်း-မဲခေါင်ဒေသတွင်း ကူးလူးဆက်နွယ်မှု Regional Connectivity အတွက် တရုတ်နိုင်ငံ၏ ဦးစီးဆောင်ရွက်ချက်များ

၂၀၂၁ ခုနှစ်အတွင်း ဒေသတွင်း လန်ချန်း-မဲခေါင်မြစ်ဝှမ်းအတွင်း တရုတ်နိုင်ငံမှ ဦးစီးဆောင် ရွက်ခဲ့သော ထိပ်တန်းဆောင်ရွက်ချက် ၁၀ အနက်တစ်ခုဖြစ်သော ဒေသတွင်း ကူးလူးဆက်သွယ်မှု regional connectivity အားကောင်းစေရန် တရုတ်နိုင်ငံနှင့် မဲခေါင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ် မှုများသည် ဒေသခံပြည်သူများ တိုက်ရိုက်အကျိုးရှိစေမည့် အဆင့်အတန်းမြင့် ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံ ချိတ်ဆက်မှု ပရောဂျက်များတွင် သိသာထင်ရှားသော တိုးတက်မှုကိုဖြစ်ပေါ် စေပြီး သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပိတ်ဆို့မှုများကို ဖယ်ရှားခြင်းဖြင့် ပေါင်းစည်းဒေသဖွံ့ဖြိုးတိုး တက်ရေးကို မြှင့်တင်ပေး ပါသည်။

ဆောင်ရွက်ချက်များအနက်တစ်ခုမှာ တရုတ်-လာအိုရထားလမ်း ဖွင့်လှစ်ခြင်းဖြစ်၍ ၂၀၂၁ ခု နှစ်ဒီဇင်ဘာလ ၃ ရက်နေ့တွင် တရုတ်-လာအို မီးရထားလမ်းကို ဗီဒီယိုလင့်ခ် မှတစ်ဆင့် နှစ်နိုင်ငံ အကြီးအကဲများထံမှ ဆုမွန်ကောင်းတောင်းရင်း တရားဝင်ဖွင့်လှစ်ခဲ့ပါသည်။ ချုံကင်းနှင့် ဗီယင်ကျန်း ကြား နယ်စပ်ဖြတ်ကျော် အဝေးပြေးကုန်တင်ကုန်ချ ဝန်ဆောင်မှုများနှင့်အတူ တရုတ်နှင့် လာအိုနိုင်

ငံကြား နိုင်ငံတကာကုန်တင်ရထားများ ပုံမှန်ပြေးဆွဲပေးခြင်းဖြင့် ဒေသခွဲချိတ်ဆက်မှု ပိုမိုတိုးတက်စေမည် ဖြစ်ပါသည်။

တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သည် China Southern Power Grid နှင့် လာအိုအစိုးရလည်ပတ်သည့် Electricite du Laos တို့အကြား ဖက်စပ်ပူးပေါင်း ဆောင်ရွက်သည့် Electricite du Laos Transmission Company Limited (EDL–T) သည် franchise လုပ်ပိုင်ခွင့်ဖြင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကာ ပူးပေါင်းဆောင်ရွက်မှုတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းပြီး သိသိသာသာတိုးတက်မှု ရရှိခဲ့ပါသည်။

Lancang–Mekong နိုင်ငံခြောက်နိုင်ငံမှ ပူးပေါင်းစီစဉ်သည့် မီးရထားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဆက်သွယ်မှုဆိုင်ရာ နည်းပညာနှီးနှောဖလှယ်ပွဲများသည် စီမံကိန်းပူးပေါင်းဆောင်ရွက်မှုအတွက် ပလပ်ဖောင်းများကို ပံ့ပိုးပေးပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တရုတ်နိုင်ငံ မြို့ပြလေကြောင်းပျံသန်းမှုတက္ကသိုလ်သည် LMC မူဘောင်အောက်တွင် မဲခေါင်နိုင်ငံများမှ လေကြောင်း ထိန်းချုပ်သူများ၊ လေကြောင်းပို့ဆောင်ရေးမှူးများနှင့် မြို့ပြလေယာဉ် ထိန်းသိမ်းခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် လေ့ကျင့်ရေးအစီအစဉ်များကို ပံ့ပိုးပေးခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အမှတ် ၁၁ နိုင်ငံအဆင့် အဝေးပြေးလမ်းမကြီး ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ပရောဂျက်ကို တရုတ်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုကာ ပြီးစီးခဲ့ပြီး ကမ္ဘောဒီးယားအစိုးရထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ တရုတ်နိုင်ငံမှရင်းနှီးမြုပ်နှံသည့် ဖနွမ်းပင်– Sihanoukvi–lle အမြန်လမ်းမကြီး၏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် မန္တလေး–ကျောက်ဖြူ ရထားလမ်းစီမံကိန်းအတွက် ဖြစ်နိုင်ခြေလေ့လာရေးနားလည်မှု စာချွန်လွှာ (MoU) ကို တရုတ်–မြန်မာ နှစ်နိုင်ငံ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ပြီး ရထားတွဲများသည် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတွင် တရုတ်ကုမ္ပဏီတစ်ခု တည်ဆောက်ထားသော ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးမြို့ပြမီးရထား urban light rail ကို ဖွင့်လှစ်ပြေးဆွဲနေပြီဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် တရုတ်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုထားသည့် တရုတ်–ထိုင်း ရထားလမ်း၏ ပထမအဆင့်နှင့် ဘန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်တွင် လေဆိပ်ဂိတ်အသစ် တည်ဆောက်မှုနှစ်ခုစလုံး ပြီးစီးနေပြီဖြစ်ပါသည်။

ရင်းမြစ် English.yunnan.cn/html/2022/consulgeneral_0128/27978.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

## လန်ချန်း-မဲခေါင်ဒေသတွင်း စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ ဦးစီးဆောင်ရွက်ချက်များ

၂၀၂၁ ခုနှစ်အတွင်း ဒေသတွင်း လန်ချန်း-မဲခေါင်မြစ်ဝှမ်းအတွင်း တရုတ်နိုင်ငံ၏ ထိပ်တန်းဆောင်ရွက်ချက် ၁၀ အနက်တစ်ခုမှာ စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုများဖြစ်ပါကြောင်း ကူးစက်ရောဂါများ ဖြစ်ပွားနေသည့် အကြားတွင်ပင် တိုးတက်မှုရရှိပြီး ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှုများ မှန်မှန်တိုးတက်နေစေ၍ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများသည် နယ်ပယ်အသီးသီးတွင် စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာမြှင့်တင်ရန်နှင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်အတွက် COVID-19 မှ ဖြစ်ပေါ်လာသော စိန်ခေါ်မှုအမျိုးမျိုးကို ကျော်ဖြတ်ခဲ့ကြရာ ၂၀၂၁ ခုနှစ်တွင် တရုတ်နှင့် မဲခေါင်နိုင်ငံများ၏ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၃၉၈ ဘီလီယံအထိ ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၃ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်း လုပ်ငန်းစဉ်များ ပြီးမြောက်ခဲ့ပြီး ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နားလည်မှုစာချွန်လွှာကို မွမ်းမံပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် မေလ ၇ ရက်နေ့တွင် ကမ္ဘောဒီးယား စိုက်ပျိုးရေးဝန်ကြီး Veng Sakhon သည် ဖနွမ်းပင်တွင် တရုတ်နိုင်ငံသို့ ပထမဆုံး ကမ္ဘောဒီးယား လတ်ဆတ်သော သရက်သီးများတင်ပို့မှုအခမ်းအနားကို တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအပေါ် ယုံကြည်မှုရှိကြောင်း ပြသခဲ့ပါကြောင်း ငှက်ပျောသီးပြီးနောက် လတ်ဆတ်သော သရက်သီးများသည် တရုတ်ဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယမြောက် လတ်ဆတ်သောသစ်သီးများဖြစ်ပါသည်။

တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား တရုတ်-လာအို စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မတီတည်ထောင်ရေး နားလည်မှုစာချွန်လွှာနှင့် ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး တတိယအကြိမ်မြောက် အဓိကပရောဂျက်များကို အတည်ပြုခြင်းနှင့် ပူးတွဲမြှင့်တင်ခြင်းဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်-လာအို ရထားလမ်းသည် တရုတ်-လာအို စီးပွားရေးစင်္ကြံ တည်ဆောက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် တိုက်ရိုက်နယ်စပ်ကုန်သွယ်ရေး အခြေချရန်အတွက် တရုတ်နှင့် မြန်မာငွေများကို သုံးစွဲခွင့်ပြုမည်ဟု ကြေညာခဲ့ပြီး

တရုတ်-မြန်မာနယ်စပ်ရှိ ဝိမ်တိန်ဆိပ်ကမ်းသည် သွင်းကုန်နှင့် ပို့ကုန်များကို အကောက်ခွန်ကင်းရှင်းကြောင်း တရားဝင် ပြန်လည်စတင်လိုက်ပြီဖြစ်သည်။

နိုင်ငံတကာ ကုန်းလမ်း၊-ပင်လယ် ကုန်သွယ်ရေးစင်္ကြံသစ်တစ်လျှောက် သယ်ယူပို့ဆောင်ရေး ထိရောက်မှုပိုမိုတိုးတက်ကောင်းမွန်လာစေရန် တရုတ်-ဗီယက်နမ် ကုန်တင်ရထားများအတွက် အကောက်ခွန်ရှင်းလင်းရေး အရှိန်မြှင့် ဆောင်ရွက်နေပြီဖြစ်ပါသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲအတွင်း Lancang-Mekong နိုင်ငံများသည် ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်နှင့် စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဒစ်ဂျစ်တယ် E-commerce ပူးပေါင်းဆောင်ရွက်မှု သင်တန်းအစီအစဉ် အပါအဝင် လှုပ်ရှားမှု များကို ဆက်တိုက်ပြုလုပ်ခဲ့ပါသည်။

ရင်းမြစ် English.yunnan.cn/html/2022/consulgeneral_0128/27978.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

.......................................................................................

## ပြင်ပကမ္ဘာနှင့် ပိုမိုချိတ်ဆက်မှုများဆောင်ရွက်ရန် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကြေညာခဲ့ခြင်း

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သည် ပြင်ပကမ္ဘာနှင့် အဓိကကျသောနယ်ပယ်များနှင့် အဓိကချိတ်ဆက်မှုများတွင် ပြုပြင်ပြောင်းလဲရေးကို နက်ရှိုင်းစွာလုပ်ဆောင်မည်ဖြစ်ပြီး၊ ပွင့်လင်းမြင်သာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် နယ်ပယ်သစ်များတွင် ပိုမိုကျယ်ပြန့်စွာဖွင့်လှစ်သွားမည်ဟု ပြည်နယ်အစိုးရ၏ ပဉ္စမအကြိမ် ပြည်သူ့ကွန်ဂရက်၏ ၁၃ ကြိမ်မြောက် အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပြည်နယ်အစိုးရ လုပ်ငန်းအစီရင်ခံစာအရ သိရှိရပါသည်။

တရုတ်-လာအို ရထားလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးနှစ်တာ စီမံချက်ကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ထောက်ပံ့ပို့ဆောင်ရေးစနစ်များဖွံ့ဖြိုးတိုးတက်ရေးတွင်ပါဝင်ကာ တရုတ်-လာအို နိုင်ငံတကာ ကုန်စည်ပို့ဆောင်ရေးရထားများ အကြီးစားလည်ပတ်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ တရုတ်-မြန်မာ အိန္ဒိယသမုဒ္ဒရာ လမ်းကြောင်းသစ်အောက်တွင် ပင်လယ်၊ မီးရထားနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ယူနန်ပြည်နယ်သည် နိုင်ငံခြားကုန်သွယ်မှု၏ ပုံစံသစ်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး၊ နိုင်ငံတွင်းကုန်သွယ်မှုဝန်ဆောင်မှုများတွင် ဆန်းသစ်တီထွင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် စမ်းသပ်မှုများ၊ ပြည်ပတွင် သိုလှောင်ရုံများချဲ့ထွင်ရန်၊ သွင်းကုန် ထုတ်ကုန် ဖြန့်ဖြူးရေးဆိုင်ရာ ပလပ်ဖောင်းများနှင့် အချက်အချာကျသောနေရာများ တည်ဆောက်ကာ အင်ဒို-တရုတ် ကျွန်းဆွယ်ရှိနိုင်ငံများနှင့်ကုန်သွယ်မှုတိုးချဲ့ မည်ဖြစ်သည်။ ပွင့်လင်းသောပူးပေါင်းဆောင်ရွက်မှုအတွက် ယူနန်သည် အရည်အသွေးမြင့်ပလပ်ဖောင်းများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ (ယူနန်) ရှေ့ပြေးစမ်းသပ်သော လွတ်လပ်သည့် ကုန်သွယ်မှုဇုန် Pilot Free trade zone-PFTZ တွင် ရှေ့ပြေးပြုပြင်ပြောင်းလဲရေးလုပ်ငန်း ၁၅၉ ခုကို အကောင်အထည်ဖော်ရာတွင် ယူနန်ပြည်နယ် အပြည့်အဝတိုးတက်မှုရှိလာမည် ဖြစ်သည်။ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့်တရုတ်နိုင်ငံတကာ ခရီးသွားလာရေးပြပွဲတို့ကို အဆင့်အတန်းမြင့်မြင့် ကျင်းပမည်ဖြစ်ပြီး ယူနန်ပြည်နယ် အဆင့်ပြပွဲများနှင့် နိုင်ငံတကာပွဲများ ပိုမိုကျင်းပခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်သည် ပြုပြင်ပြောင်းလဲရေးကို နက်နက်ရှိုင်းရှိုင်း ဆက်လက်လုပ်ဆောင်ခဲ့ပြီး ပွင့်လင်းမြင်သာမှုချဲ့ထွင်ကာ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုမြှင့်တင်ခဲ့သည်။ ယင်းနှစ်အတွင်းတွင် တရုတ်-လာအို မီးရထားလမ်းသည် ကောင်းမွန်စွာ စတင်နိုင်ခဲ့ပြီး တရုတ်-မြန်မာ အိန္ဒိယသမုဒ္ဒရာ ရေလက်ကြားလမ်းသစ် စမ်းသပ်မှု အောင်မြင်ခဲ့ပါသည်။

ယူနန်သည် နိုင်ငံခြားကုန်သွယ်မှု အသွင်ကူးပြောင်းမှုနှင့် အဆင့်မြှင့်တင်ရေး အခြေစိုက်စခန်းအသစ်နှစ်ခုကို နိုင်ငံတော်အဆင့်တည်ဆောက်နိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ပြည်နယ်၏ GDP သည် ယွမ် ၂.၇၁ ထရီလီယံ (ဒေါ်လာ ၄၂၆.၂ဘီလီယံ) ရှိပြီး တစ်နှစ်ထက် တစ်နှစ် ၇.၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော် e-commerce ကုန်သွယ်မှုပမာဏသည် ၃၁၇.၄ ရာခိုင်နှုန်း တိုးလာပြီး စုစုပေါင်း သွင်းကုန်နှင့် ပို့ကုန်ပမာဏသည် ၁၆.၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ပွင့်လင်းသော ပူးပေါင်းဆောင်ရွက်မှုအတွက် အရည်အသွေးမြင့် ပလပ်ဖောင်းများလည်းတည်ဆောက်မည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်သည်ပြုပြင် ပြောင်းလဲရေးကို နက်နက်ရှိုင်းရှိုင်းဆက်လက် လုပ်ဆောင်ခဲ့ပြီး ပွင့်လင်းမြင်သာမှုကိုချဲ့ထွင်ကာ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုမြှင့်တင်ခဲ့ကြောင်းသိရ ရပါသည်။

ရင်းမြစ် htpps://englishyunnan.cn/html/2022/consulgeneral_0129/27996.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

## ၂၀၂၂ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ အကြီးမားဆုံး စားသုံးသူဦးတည်ရာကြောင်းများ

World Economic Forum က ၂၀၂၈ ခုနှစ်တွင် တရုတ်နိုင်ငံက အမေရိကန်ပြည်ထောင်စုကို ကျော်လွန်၍ ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးနိုင်ငံဖြစ်လာမည်ဟု ခန့်မှန်းထားပါသည်။ တရုတ်နိုင်ငံမှ ကုန်အမှတ်တံဆိပ်များက အနောက်နိုင်ငံဈေးကွက်များတွင် နေရာရလာစေရန် အွန်လိုင်းရောင်းဝယ်ရေးလမ်းကြောင်းများမှတစ်ဆင့် တစ်စိုက်မတ်မတ်ကြိုး စားလာကြပြီး၊ ၎င်းတို့ပစ်မှတ်ထားသည့် နိုင်ငံများရှိဖောက်သည်များထံ ပိုမိုရောက်ရှိစေရန် အာရုံထားဆောင်ရွက်လာကြပါသည်။ တရုတ်နိုင်ငံရှိ ဝင်ငွေအလယ်အလတ်တန်းမှ အမြင့်တန်းရှိသည့် အုပ်စုများအကြား သုံးစွဲနိုင်မှုပုံစံများနှင့် စားသုံးသူဖွံ့ဖြိုးမှုအတွက် အလားအလာများရှိသည့်ကဏ္ဍများကို လေ့လာကြည့်ရာတွင် အောက်ဖော်ပြပါအတိုင်း တွေ့ရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံ၌ ကျင့်သုံးနေသည့် တင်းကြပ်သော zero-COVID မူဝါဒကြောင့် နိုင်ငံမှာပိုမို၍ သီးသန့်ဆန်လာပြီး၊ မမျှော်မှန်းနိုင်သည့် စီးပွားရေးစိန်ခေါ်မှုများ ရှိလာပါသည်။ ထို့ပြင် တရုတ်နိုင်ငံသားအများအပြားမှာလည်း နောက်ကျမှ အိမ်ထောင်ပြုခြင်း (သို့မဟုတ်) အိမ်ထောင်လုံးဝမပြုတော့ခြင်းနှင့် ကလေးယူရန်နောက်ကျခြင်း (သို့မဟုတ်) ကလေးလုံးဝမယူတော့ခြင်းတို့ကြောင့် လူဦးရေနှင့်စပ်လျဉ်း၍လည်း အကျပ်အတည်းဖြစ်လာပါသည်။ ထိုအချက်များအပြင် လက်ရှိ အမေရိကန်အပါအဝင် အနောက်နိုင်ငံများနှင့် တင်းမာမှုများ ရှိနေခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် လျော့ရဲလစ်ဟာမှုများ ဖြစ်ပေါ်လာကာ ကုန်ထုတ်လုပ်မှုကွင်းဆက်များ၊ နည်းပညာယှဉ်ပြိုင်မှုများ စသည်တို့တွင် သက်ရောက်မှုများ ဖြစ်ပေါ်လာပါသည်။ တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုကို ကျော်လွန်၍ ပထမစီးပွားရေးအင်အားကြီးနေရာယူရန် ရည်ရွယ်ထားသော်လည်း ၎င်းစိန်ခေါ်မှုများကြောင့် ဒုတိယနေရာတွင် ရပ်တည်နေရဆဲဖြစ်ပါသည်။

တရုတ်နိုင်ငံသည် လူဦးရေ (၁.၄) ဘီလီယံ မီတင်းနေထိုင်နေကြသည့်နိုင်ငံကြီးဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် ပြည်ပမှ ဒုတိယအများဆုံးသွင်းကုန်တင်သွင်းနေသည့် နိုင်ငံကြီးဖြစ်သဖြင့် ၎င်းလူဦးရေ၏ ဆုံးဖြတ်ချက်များနှင့် ဦးတည်ရာလမ်းကြောင်းများက တရုတ်သို့ ပို့ကုန်တင်ပို့နေသည့် နိုင်ငံများအပေါ် မည်ကဲ့သို့သက်ရောက်နိုင်မည်ကို ကြိုတင်လေ့လာထားရန် လိုအပ်ပါသည်။

တရုတ်နိုင်ငံမှ လူလတ်တန်းစားများ ဖွံ့ဖြိုးများပြားလာမှုမှာ ကမ္ဘာကသိကြသော်လည်း ဖွံ့ဖြိုးမှုနှုန်းမှာ နှေးကွေးလာပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် တရုတ်လူမျိုး (၁.၂) ဘီလီယံသည် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ (၁၁) ဒေါ်လာမျှ ပမာဏကို သုံးစွဲနိုင်ရန် လုံလောက်သော ဝင်ငွေမရှိခဲ့ကြပါ။ ၂၀၃၀ ပြည့်နှစ်၌မူ ၎င်းလူဦးရေအရေအတွက်တွင် ဝင်ငွေများတိုးပွားလာပြီး၊ လူတန်းစားအလွှာအသီးသီးသို့ လက်လှမ်းမီရောက်ရှိလာစေရန် မျှော်မှန်းထားပါသည်။ တရုတ်နိုင်ငံ၏ လူတန်းစားအလွှာများ ဖွံ့ဖြိုးလာမှုက ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုအတွက် မောင်းနှင်အား ဖြစ်ပါသည်။

၂၀၃၀ ပြည့်နှစ်တွင် မြို့ပြဒေသမှ စားသုံးမှု၏ (၆၀) ရာခိုင် နှုန်းကို ပိုမိုဝင်ငွေကောင်းသည့် လူလတ်တန်းလွှာစားသုံးသူများ (နှစ်စဉ်အိမ်ထောင်စုဝင်ငွေ ယွမ် ၁၆၀,၀၀၀/ အမေရိကန်ဒေါ်လာ ၂၅,၂၀၀ မှ ယွမ် ၃၄၅,၀၀၀/ အမေရိကန်ဒေါ်လာ ၅၄,၄၀၀ ကြားရှိသူများ)မှ တွန်းအားပေးသွားဖွယ်ရှိပါသည်။ နောက်ထပ် (၂၀) ရာခိုင်နှုန်းမှာ ၎င်းတို့အထက်ရှိ (နှစ်စဉ်အိမ်ထောင်စုဝင်ငွေ ယွမ် ၃၄၅,၀၀၀/ အမေရိကန်ဒေါ်လာ ၅၄,၄၀၀ နှင့်အထက်ရှိ) ဝင်ငွေမြင့်စားသုံးသူများထံမှ ရရှိဖွယ်ရှိပါသည်။

ပြီးခဲ့သောဆယ်စုနှစ်က တရုတ်နိုင်ငံတွင် ဝင်ငွေများသူ ပိုမိုများပြားလာမှုနှင့်အတူ ဈေးကွက်များလည်း အရှိန်ရရှိခဲ့ပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေမြင့်စားသုံးသူအလွှာနှင့် ပိုမိုဝင်ငွေကောင်းသည့် လူလတ်တန်းလွှာများမှ အိမ်ထောင်စုပေါင်း သန်း (၄၀၀)ခန့် ရှိလာနိုင်ပြီး၊ ၎င်းအရေအတွက်မှာ ဥရောပနှင့် အမေရိကန် နှစ်နိုင်ငံမှ အလားတူအိမ်ထောင်စုများကို ပေါင်းစည်းထားသည့် အရေအတွက်နှင့် အကြမ်းဖျဉ်းတူညီနိုင်ပါသည်။

လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံရှိ သန်းကြွယ်သူဌေးအရေအတွက်မှာ နှစ်ဆတိုးလာနိုင်ပြီး ယနေ့လက်ရှိ (၅) သန်းဝန်းကျင်ခန့်မှ ၂၀၂၅ ခုနှစ်တွင် (၁၀) သန်းဝန်းကျင် ရှိလာနိုင်ပါသည်။ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံက ကမ္ဘာ့ GDP ၏ (၁၇) ရာခိုင်နှုန်းခန့်ကို ပါဝင်ဖြည့်ဆည်းနေပြီး၊ ကဏ္ဍအမျိုးမျိုးရှိ စားသုံးမှုတွင် ပိုမိုကြီးမားသည့် ရာခိုင်နှုန်းပါဝင် လျက်ရှိပါသည်။ ဤအချက်ကို တစ်ဖက်ဖော်ပြပါပုံတွင် တွေ့မြင်နိုင်ပါသည်။

တစ်ဖက်ဖော်ပြပါပုံတွင် တရုတ်နိုင်ငံ GDP ၌ ဝေစုတစ်ခုအဖြစ် အချိုးကျပါဝင်နေမှု အရ တရုတ်နိုင်ငံ၌ ဖက်ရှင်၊ တွဲဖက်အသုံးအဆောင်ပစ္စည်းများ (accessories)၊ လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်ယာဉ်များကဲ့သို့နယ်ပယ်များ၌ စားသုံးမှုပုံစံ မြင့်မားသည်ကို တွေ့ရပါသည်။ အထူးသဖြင့် လျှပ်စစ်ယာဉ်များ ဝယ်ယူရာတွင် အစိုးရ၏ပံ့ပိုးမှုများရရှိသဖြင့်၊ တရုတ်နိုင်ငံ၏ လျှပ်စစ်ယာဉ်အသုံး

ပြုမှုမှာ တစ်ကမ္ဘာလုံးအသုံးပြုမှု၏ (၄၀) ရာခိုင်နှုန်း ပါဝင်နေပါသည်။ ၎င်းထုတ်ကုန်များ၌ ရင်းနှီး မြှုပ်နှံမှုမှာ ပျမ်းမျှကမ္ဘာ့နှုန်းထားထက် တရုတ်နိုင်ငံ၏နှုန်းက (၇) ရာခိုင်နှုန်း ပိုမိုမြန်ဆန်နေပါသည်။

တရုတ်နိုင်ငံရှိ လူလတ်တန်းလွှာမှ အထက်တန်းလွှာအထိ စားသုံးသူများမှာ ဇိမ်ခံပစ္စည်းများ၊ အကောင်းစား အလှကုန်များနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အကောင်းစား မော်တော်ယာဉ်များကို သုံးစွဲကြသဖြင့် ၎င်းပစ္စည်းများကို ထုတ်လုပ်နေသူများ၏ အဓိကဈေးကွက်တစ်ခု ဖြစ်ပါသည်။ သို့ရာတွင် ကြွယ်ဝမှုစီမံခန့်ခွဲရေးနှင့် အပျော်စီးသင်္ဘော ဝန်ဆောင်မှုများကဲ့သို့ အဆင့်မြင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်ဝယ်လိုအားမှာမူ ကမ္ဘာ့ ပျမ်းမျှဝယ်လိုအားအောက် လျော့နည်းနေပါသေးသည်။ ထို့ကြောင့် ၎င်းဝန်ဆောင်မှုကဏ္ဍများအတွက် ဈေးကွက်ဖွံ့ဖြိုးရန် အလားအလာများ ရှိနေပါသည်။

မကြာသေးမီနှစ်များအတွင်း ကြွယ်ဝမှုစီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများမှာ စတင်အကောင်အထည်ပေါ်လာပြီး၊ တစ်နှစ်လျှင် (၉)ရာခိုင်နှုန်းဖြင့် ဖွံ့ဖြိုးလာနေရာ၊ တစ်ကမ္ဘာလုံးရှိ ဖွံ့ဖြိုးမှုနှုန်းထက် (၃)ဆခန့် ပိုမိုမြန်ဆန်လာပါသည်။ တရုတ်ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများကလည်း ဘဏ္ဍာရေးဝန်ဆောင်မှုများကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးလုပ်ငန်းများ အနက်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်လာကြပါသည်။

ထိုကဲ့သို့ တရုတ်နိုင်ငံသားများက ဝင်ငွေအဆင့်ပိုမိုမြင့်မားစွာရရှိသည့် အုပ်စုများအတွင်း ပိုမိုပါဝင်လာကြသောလည်း consumer packaged goods အောက်တွင်ပါဝင်သည့် ထုပ်ပိုးထားသောအစားအသောက်များ၊ အိမ်သုံးပစ္စည်းများ၊ အလှအပပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် အခြားကျန်းမာရေးပစ္စည်းများကို သုံးစွဲမှုမှာ ကမ္ဘာ့ GDP တွင် တရုတ်၏ပါဝင်မှုအောက် နည်းပါးနေဆဲဖြစ်ပါသည်။ ၎င်းပစ္စည်းများကို အသုံးပြုမှုမှာ တရုတ်နိုင်ငံ GDP ၏ (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းမျှသာ ရှိနေသေးရာ တရုတ်နိုင်ငံက ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှု၏ အရေးပါသောမောင်းနှင်အား ဆက်လက်ဖြစ်နေဦးမည် ဖြစ်ပါသည်။

**တရုတ်တံဆိပ်များ၏ အနာဂတ်**

၂၀၂၁ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ရောင်းချရာ၌ တရုတ် တံဆိပ် "Shein" မှာ လူကြိုက်အများဆုံး တံဆိပ်ဖြစ်ခဲ့ပြီး ဖက်ရှင်ရောင်းချမှု၏ (၂၈) ရာခိုင်နှုန်းခန့် နေရာယူခဲ့ပါသည်။ ၎င်းတံဆိပ်ကို တရုတ် e-commerce ကုမ္ပဏီက ၂၀၀၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကုမ္ပဏီတန်ဖိုး အမေရိကန်ဒေါ်လာ (၁၅) ဘီလီယံဖြင့် E financing ကို အပြီးသတ်ဆောင်ရွက်ခဲ့

Agribusiness & Trade

ပါသည်။ ၎င်းအမှတ်တံဆိပ်၏ လူမှုကွန်ယက်များစွာတွင် အားပေးသူဦးရေ သန်း (၃၀၀) နီးပါးရှိပါသည်။

တရုတ်တံဆိပ်များ၏ နောက်ထပ်ရေစီးကြောင်းမှာ သက်ဆိုင်ရာနိုင်ငံ၌ ပြည်တွင်းတံဆိပ်ဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတိုးပွားလာခြင်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျင်းပခဲ့သော Chinese Brands Overseas Summit Forum ၌ သီးသန့်ပစ်မှတ်ထားသူများနှင့် လိုက်လျောညီထွေရှိစေရန် ပြည်ပဈေးကွက်များတွင် တရုတ်တံဆိပ်များ၏ အောင်မြင်မှုစေရေးသော့ချက်မှာ မဟာဗျူဟာဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့ပြင် အွန်လိုင်းရောင်းဝယ်ရေး စံပုံစံနှင့် ရင်းနှီးလာကြသည်ကို အသုံးပြု၍ တရုတ်တံဆိပ်များအား ပြည်တွင်းမှုပြုထားသည့် ဈေးကွက်အသစ်များတွင် တရုတ်တံဆိပ်များ၏ မျက်နှာစာကို ဖွင့်လှစ်လာကြပါသည်။ တရုတ်ရှေးရိုးအဆန်ဆုံးပုံစံဖြစ်သည့် တရုတ် အလှကုန်ကုမ္ပဏီ Florasis မှာ ၎င်းတံဆိပ်များအနက် တစ်ခုဖြစ်ပါသည်။ ၎င်း၏ ဈေးကွက် ထိုးဖောက်မှုကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ကမ္ဘာ့အမှတ်တံဆိပ်တစ်ခုအဖြစ် လျင်မြန်စွာ ဖြစ်တည်လာကာ မြောက်အမေရိက၊ ဥရောပ၊ ရုရှားနှင့် အိုရှန်းနီးယားဒေသများရှိ ဈေးကွက်များတွင် အလွန်လူကြိုက်များလာပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် Florasis က နိုင်ငံခြား ကုန်စည်လိုင်းအသစ်ကို စတင်ရန်စီစဉ်ခဲ့ပြီး၊ လူမှုကွန်ယက်နှင့် ဈေးကွက်လွှမ်းမိုးသူများ၏ အင်အားကို အသုံးပြုခဲ့ပါသည်။ စတင်ခြင်းမပြုမီ follower 200k ရှိထားသူ micro-TikTok influencer တစ်ဦးက Florasis အလှကုန်များကို အသုံးပြု၍ မိတ်ကပ်လိမ်းခြယ်နည်း ဗီဒီယိုကိုပြုလုပ်ခဲ့ပါသည်။ ၎င်းဗီဒီယိုကို တင်လိုက်သည်နှင့် ကြည့်ရှုသူဦးရေ (၅) သန်းကျော်အထိရှိခဲ့ပါသည်။ ဗီဒီယိုရိုက်ကူးခဲ့သည့် influencer တွင် ယခုအခါ follower (၁၄) သန်းကျော်ရှိသွားပြီဖြစ်ပါသည်။ တရုတ်နှင့် အမေရိကန်တို့အကြား တင်းမာမှုများ ရှိနေသော်ငြားလည်း တရုတ်နိုင်ငံမှ Florasis နှင့် အခြားလူသိများသည့် တံဆိပ်များမှာ အမေရိကန်ဈေးကွက်၌ ထင်ရှားစွာရောက်ရှိနေပြီဖြစ်ပါသည်။

**စားသုံးမှုဆက်လက်မြင့်တက်မည်ဖြစ်**

ယခုအခါ တရုတ်နိုင်ငံ၌ နိုင်ငံခြားဖြစ်ပစ္စည်းများကို သုံးစွဲသူဖြစ်လာရုံမျှသာမက ၎င်းတို့၏ ကိုယ်ပိုင်ကုန်စည်များကို ရောင်းချသူများနှင့် အရောင်းမြှင့်တင်သူများဖြစ်လာစေရန် အခြေခံအဆောက်အအုံများနှင့် အထောက်အကူများရှိနေပြီး ဖြစ်ပါသည်။ တရုတ်နိုင်ငံ ၏ e-commerce ၊

Agribusiness & Trade

ကုန်စည်သယ်ယူပို့ဆောင်မှုများနှင့် ဈေးကွက်ရှာဖွေနိုင်စွမ်းရည်များဖြင့် အနောက်နိုင်ငံမှ စွမ်းဆောင်နိုင်မှုထက် ကျော်လွန်နေပြီ ဖြစ်ပါသည်။

မေခရိုအဆင့်၌ တရုတ်နိုင်ငံမှာ ကမ္ဘာ့စားသုံးမှုတွင် များစွာပါဝင်ဖြည့်ဆည်းပြီးသား ဖြစ်နေသော်လည်း ဆက်လက်ဖွံ့ဖြိုးနေဦးမည် ဖြစ်ပါသည်။ တရုတ်အိမ်ထောင်စုများ၏ စားသုံးမှုမှာ နိုင်ငံ၏ GDP တွင် (၃၈) ရာခိုင်နှုန်းခန့် အကြမ်းဖျဉ်းပါဝင်နေသော်လည်း၊ ၎င်းနှုန်းထားမှာ ရာခိုင်နှုန်း (၅၀) ရှိသည့် အာရှ-ပစိဖိတ်ဒေသ၊ (၅၂) ရာခိုင်နှုန်းရှိသည့် ဥရောပသမဂ္ဂနှင့် (၆၈) ရာခိုင်နှုန်းရှိသည့် အမေရိကန်ပြည်ထောင်စုတို့ထက် နည်းပါးနေဆဲ ဖြစ်ပါသည်။ ၎င်းကွာဟဟချက်မှာ အခြားနိုင်ငံများထက် တရုတ်စားသုံးသူများက ပိုမိုစုဆောင်းတတ်သောကြောင့်ဖြစ်ပြီး၊ တရုတ်အိမ်ထောင်စု အများအပြားမှာအိမ်ခြံမြေများ၌ ရင်းနှီးမြှုပ်နှံမှုပြုတတ်ကြပါသည်။ ယခုအခါ ဘဏ္ဍာရေးစနစ်မှာ ပိုမိုခေတ်မီဆန်းပြားလာကာ၊ မူဝါဒအသစ်များ၏ လမ်းကြောင်းများက တရုတ်စားသုံးသူများကို အခြားနည်းလမ်းဖြင့် ရင်းနှီးမြှုပ်နှံနိုင်မှုများနှင့် စားသုံးမှုများဆီသို့ လမ်းပြခေါ်ဆောင်သွားနိုင်ဖွယ်ရှိပါသည်။

ရင်းမြစ်၊ China Briefing
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.................................................................................

## ကိုဗစ်ရောဂါဖြစ်ပွားမှုများ စံချိန်တင်မြင့်တက်နေသည့် ဗီယက်နမ်နိုင်ငံနှင့် လတ်တလော စီးပွားရေးရာ အကြောင်းအရာများ

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်ရောဂါစတုတ္ထလှိုင်းဖြစ်ပွားမှု စံချိန်တင်လောက်အောင် မြင့်မားနေသည့် ကာလဖြစ်ပြီး၊ မြောက်ပိုင်းပြည်နယ်များဖြစ်သည့် Quang Ninh နှင့် Bac Ninh ပြည်နယ်များ၌ ရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ပါသည်။ မတ်လ (၁)ရက်နေ့အထိ ရောဂါဖြစ်ပွားနေသူ (၉၆၅,၄၈၆) ဦးရှိပြီး၊ ၎င်းတို့အနက် (၃,၈၅၁) ဦးမှာ စိုးရိမ်ရသည့် အခြေအနေဖြစ်ပါသည်။ သို့ရာတွင် ဗီယက်နမ်နိုင်ငံက ကိုဗစ်ရောဂါနှင့် ယှဉ်တွဲနေထိုင်သည့်မူဝါဒကို ကျင့်သုံးနေပြီး၊ စီးပွားရေးလုပ်ငန်းဆောင်တာများအားလုံးကို ပြန်လည်စတင်လျက်ရှိပါသည်။ မတ်လ (၁၅) ရက်နေ့မှစ၍ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများကို အပြည့်အဝ ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုကမူ ဗီယက်နမ်၌ ကိုဗစ်ဖြစ်ပွားမှု မြင့်မားနေခြင်းကြောင့် ဗီယက်နမ်နိုင်ငံကို ခရီးသွားလာမှုသတိထားရမည့် အမြင့်ဆုံးအဆင့်ဖြစ်သည့် အဆင့်(၄) သတ်မှတ်ထားပြီး၊

၎င်း၏ နိုင်ငံသားများကို ဗီယက်နမ်သို့ ခရီးသွားလာခြင်းမှ ရှောင်ရှားရန် တိုက်တွန်းထားပါသည်။ ဗီယက်နမ်နိုင်ငံတွင် ကပ်ရောဂါဖြစ်ပွားမှုစတင်တွေ့ရှိခဲ့သည့် ၂၀၂၀ ပြည့်နှစ်မှ ယနေ့အချိန်အထိ ကူးစက်ခံရသူဦးရေ (၄.၁၅) သန်းကျော် ရှိနေပြီ ဖြစ်ပါသည်။

ရောဂါဖြစ်ပွားမှုနှုန်းအမြင့်ဆုံးဖြစ်နေသည့် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းပြည်နယ်များရှိ နိုင်ငံခြားစက်ရုံများတွင်လည်း ရောဂါဖြစ်ပွားသည့် ဝန်ထမ်းဦးရေများပြားနေသဖြင့် ကုန်ထုတ်လုပ်မှုကို ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်ရန် လုပ်သားအသစ် အများအပြားကို ထပ်မံငှားရမ်းနေရပါသည်။ သို့ရာတွင် လုပ်သားအသစ်များ၏ လုပ်ငန်းကျွမ်းကျင်မှုလိုအပ်ချက်များကြောင့် ထုတ်လုပ်မှုကျဆင်းကြောင်း သိရပါသည်။

ဗီယက်နမ်၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအနေဖြင့် ၂၀၂၂ ခုနှစ် ပထမ (၂)လ အတွက် ပို့ကုန်တန်ဖိုးတွင် (၁၀.၂) ရာခိုင်နှုန်းတိုးတက်ခဲ့ကာ အမေရိကန်ဒေါ်လာ (၅၃.၇၉) ဘီလီယံအထိ ရရှိခဲ့သော်လည်း၊ သွင်းကုန်ပိုင်းတွင် (၁၅.၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၅၄.၇၃) ဘီလီယံအထိရှိလာခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာသန်း (၉၄၀) ရှိလာခြင်း ဖြစ်ပါသည်။ ဖေဖော်ဝါရီလ တစ်လတည်းအတွင်း၌ပင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၂၂.၉၅) ဘီလီယံ ရှိခဲ့ကာ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၂၅.၂၈) ဘီလီယံ ရှိခဲ့သည်ကို တွေ့ရပါသည်။ ၎င်းလအတွင်း ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ (၂.၃၃) ဘီလီယံမှာ မှတ်တမ်းတင်ရလောက်အောင် မြင့်တက်လာခြင်း ဖြစ်ပါသည်။

ဖေဖော်ဝါရီလအတွင်း ဗီယက်နမ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုအညွှန်းကိန်းမှာ ယခင်နှစ်ကထက် (၈.၅) ရာခိုင်နှုန်းတိုးတက်ခဲ့ကာ၊ စားသုံးသူဈေးနှုန်းများမှာလည်း ယခင်နှစ်ကထက် (၁.၄၂) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်၊ Vnexpress

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..........................................................................................

## ရပ်ဝန်းနှင့်ပိုးလမ်းမ ရင်းနှီးမြှုပ်နှံသူ အပတ်စဉ်သတင်း

ယခုရက်သတ္တပတ်အတွင်း ယူကရိန်းနိုင်ငံသို့ ရုရှားနိုင်ငံဝင်ရောက်ပြီးနောက် ဖြစ်ပေါ်လာသည့် ကုန်သွယ်ရေးအလားအလာ အခြေအနေများ၊ အာရှဆီသို့ ရုရှားနိုင်ငံ၏ မိတ်ဖက်ပြုဆောင်ရွက်မှု၊ ရုရှားအတွက် SWIFT ဆိုင်းငံ့မှုကြောင့် စီးပွားရေးလုပ်ငန်းအပေါ် သက်ရောက်မှု၊ တတိယအဖွဲ့ဝင် EU ကုန်သွယ်ရေးသဘောတူညီချက်များကို တရုတ်နိုင်ငံက ပါးနပ်စွာအသုံးပြုမှု၊ အချိန်တိုအတွင်း အဓိကစူးအက်တူးမြောင်းယှဉ်ပြိုင်သူဖြစ်လာရန် အပြည်ပြည်ဆိုင်ရာ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြံတစ်လျှောက် အပေးအယူဆောင်ရွက်မှုကြီးများကို လွှမ်းခြုံလေ့လာခဲ့ကြပါသည်။

ယူကရိန်းနိုင်ငံသို့ ရုရှားနိုင်ငံက ဝင်ရောက်ခဲ့မှုကြောင့် ကာလကြာရှည်သက်ရောက်မှုများရှိလာနိုင်ပြီး၊ ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်များကို လုံးဝပြောင်းလဲပစ်နိုင်ပါသည်။ EU နှင့် ကုန်သွယ်မှုမရှိတော့သည့်နောက် ကုန်သွယ်ရေးစင်္ကြံအသစ်များနှင့် ဈေးကွက်များကို လျင်မြန်စွာဖွံ့ဖြိုးလာနိုင်ပါသည်။

ဥရောပသို့ ရောင်းချရန် လျှပ်စစ်ယာဉ်များနှင့် ဘက်ထရီများ ထုတ်လုပ်ရေးအတွက် တရုတ်နိုင်ငံက ဂျော်ဂျီယာနိုင်ငံ၏ EU ကုန်သွယ်ရေးသဘောတူညီချက်များအပေါ် ပါးနပ်စွာ အလေးထားလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ မြောက်-တောင် ကုန်သွယ်ရေးစင်္ကြံ (INSTC) ကုန်သွယ်ရေး ပြင်ဆင်မှုများစတင်လာသဖြင့် အီရန်နှင့် အိန္ဒိယနိုင်ငံတို့သည် မွန်ဘိုင်းနှင့် Chabahar အကြား သင်္ဘောလိုင်းပြေးဆွဲရေးနှင့် ကုန်သေတ္တာများကို ပူးတွဲထုတ်လုပ်ရန် ဆွေးနွေးနေကြပါသည်။ အီရန်နိုင်ငံမှာ INSTC မှတစ်ဆင့် ဥရောပနှင့် အာရှအကြား အဓိကဆက်သွယ်မှုလမ်းကြောင်းဖြစ်သဖြင့်၊ Bandar Abbas နှင့် Chabahar ၌ အိန္ဒိယနှင့် အီရန် ပင်လယ်ကွေ့ဆိပ်ကမ်းများကို နည်းလမ်းစုံသယ်ယူပို့ဆောင်မှုများဖြင့် ချိတ်ဆက်သွားနိုင်မည့် အခွင့်အလမ်းများ ရှိပါသည်။ ကုန်စည်များသည် ၎င်းနေရာများမှတစ်ဆင့် အီရန်မြောက်ပိုင်းသို့ ရထားလမ်းဖြင့် တစ်ထောက်နားပို့ဆောင်ကာ Anzali ၌ Caspian ပင်လယ်ဆိပ်ကမ်းများဆီသို့ ရောက်ရှိမည်ဖြစ်ပြီး၊ ၎င်းနောက် အဇာဘိုင်ဂျန်ရှိ Baku ဆိပ်ကမ်းသို့ ဆက်လက်ပို့ဆောင်မည် ဖြစ်ပါသည်။ အဇာဘိုင်ဂျန်၏ အနောက်ဘက်တွင် တူရကီသို့ ရထားဖြင့်လည်းကောင်း၊ ဥရောပသို့ ပင်လယ်နက်မှလည်းကောင်း၊ မြောက်ပိုင်းတွင် Lagan ဆိပ်ကမ်း၌ ရုရှားသို့လည်းကောင်း၊ အရှေ့ပိုင်းတွင် တာ့ခ်မန်နစ္စတန်နှင့် ကာဇက်စတန်သို့လည်းကောင်း

Agribusiness & Trade

ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ နည်းလမ်းစုံ သယ်ယူပို့ဆောင်မှုများမှာ လက်ရှိစူးအက်တူးမြောင်း ဆက်သွယ်မှုထက် ပိုမိုမြန်ဆန်မည်ဖြစ်ပါသည်။ ကာတာနိုင်ငံသို့ ချိတ်ဆက်မှုမှာ INSTC ၏ လက်တံကို ပိုမိုရှည်လျား လာစေပါသည်။

အီရန်-အာဖဂန်နစ္စတန် ရထားလမ်းမှာ တရုတ်နိုင်ငံနှင့် ချိတ်ဆက်ရန် စီမံကိန်းများပြုလုပ်နေပြီး၊ ၎င်းလမ်းကြောင်းမှာ အီရန်၊ အာဖဂန်နစ္စတန်၊ တာဂျစ်ကစ္စတန်၊ ခရစ် ကစ္စတန်နိုင်ငံများကို တရုတ်နိုင်ငံ၏ ရှင်းကျန်းပြည်နယ်နှင့် ဆက်သွယ်ပေးသွားနိုင်ပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမပေါ်တွင် အရှေ့နှင့် အနောက် ဆုံမှတ်နေရာတစ်ခုအဖြစ် ပါဝင်သည့် အဇာဘိုင်ဂျန်နိုင်ငံသည် အခြေခံအဆောက်အအုံနှင့် စက်မှုကုန်ထုတ်လုပ်မှုဇုန်များ တည်ဆောက်၍ ဖွံ့ဖြိုးရာတွင် အလွန်တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။ ၎င်းနိုင်ငံသည် အာရှတိုက်အလယ်ပိုင်းနှင့် တရုတ်နိုင်ငံတို့ကို Baku ၌ Caspian ပင်လယ်ဆိပ်ကမ်းမှတစ်ဆင့် ရေကြောင်းလမ်းများဖြင့် ဆက်သွယ်ထားပြီး၊ ရုရှား၊ အီရန်၊ ပင်လယ်ကွေ့၊ အရှေ့ အာဖရိကနှင့် အိန္ဒိယသို့ အပြည်ပြည်ဆိုင်ရာ မြောက်-တောင် နည်းလမ်းစုံသယ်ယူပို့ဆောင် ရေးကွန်ရက်ဖြင့် ဆက်သွယ်ထားပါသည်။ ၎င်းနိုင်ငံမှ အနောက်ပိုင်းရှိ ဥရောပဈေးကွက်များနှင့် တူရကီသို့ ပင်လယ်နက်ဆီသို့ ဦးတည်သည့် ရထားလမ်းများဖြင့် ဆက်သွယ်ထားပါသည်။

အပြည်ပြည်ဆိုင်ရာ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြံမှာ စူးအက် တူးမြောင်းအပြင် အခြားရွေးချယ်စရာလမ်းကြောင်းအဖြစ် အီရန်နိုင်ငံ၏ Chabahar ဆိပ်ကမ်းနှင့် ကာတာနိုင်ငံ၏ Hamad ဆိပ်ကမ်းတို့အကြား ဆက်သွယ်မှုများကို အချိန်တိုအတွင်း ဖန်တီးပေးသွားမည် ဖြစ်ပါသည်။ ယခုအခါ ၎င်းနှစ်နိုင်ငံသည် ရေကြောင်းနှင့် လေကြောင်းဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးလျက်ရှိကြပါသည်။

ပါကစ္စတန်ဝန်ကြီးချုပ်၏ ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း ရုရှားနှင့် ပါကစ္စတန်တို့အကြား ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးတည်ဆောက်သွားရန်ကိုလည်း ဆွေးနွေးထားသည်ဟု သိရပါသည်။

ရင်းမြစ်၊ China Briefing

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

Agribusiness & Trade

## သကြားပွင့်အဖြူစျေးနှုန်း အမြင့်တန်း၌ တည်ငြိမ်နေ

မတ်လ (၁) ရက်နေ့တွင် သကြားပွင့်အဖြူလက်ငင်းစျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၇၂၄) ဖြစ်ပြီး၊ ယခင်နှစ်ကထက် (၄.၄၅) ရာခိုင်နှုန်း မြင့်တက်လာပါသည်။

ဖေဖော်ဝါရီလအတွင်း ပြည်တွင်းလက်ငင်းစျေးကွက်ပေါက်စျေးမှာ ကျဆင်းခဲ့ရာ တရုတ်တောင်ပိုင်းဒေသရှိ စက်ရုံများ၏ ကုန်ကျစရိတ်နီးပါးအထိပင် ရှိခဲ့သော်လည်း ဆက်လက်ကျဆင်းမည့်အရိပ်အယောင်များ နည်းပါးလာသည်ကို တွေ့ရပါသည်။

အစောပိုင်းတွင် ရောင်းလိုအားအလွန်အကျွံဖြစ်ခဲ့သော်လည်း တဖြည်းဖြည်း အခြေအနေပြန်လည်ကောင်းမွန်လာပြီး၊ နိုင်ငံတကာ သကြားယှဉ်ပြိုင်မှုမရှိခြင်းကြောင့် ပြည်တွင်းသကြားလက်ငင်းစျေးကွက်အပေါ် ဖြစ်ပေါ်နေသည့် အရောင်းဖိအားများ ဆက်လက်လျော့ကျလာဖွယ်ရှိပါသည်။

ထို့ကြောင့် ရေတိုကာလတွင် သကြားပွင့်အဖြူစျေးနှုန်းလမ်းကြောင်းမှာ အမြင့်ပိုင်း၌ အတက်အကျအနည်းငယ်မျှသာဖြင့် တည်ငြိမ်နေမည်ဟု ခန့်မှန်းရပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

.......................................................................................

## ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် တရုတ်ပြည်တွင်း ရာဘာစျေးကွက်အခြေအနေများ

ဖေဖော်ဝါရီလအတွင်း တရုတ်ပြည်တွင်း Styrene Butadiene Rubber (SBR) ရာဘာတုစျေးကွက်မှာ အစပိုင်း၌ စျေးနှုန်းမြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင်ပြန်လည်ကျဆင်းခဲ့ပါသည်။ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် SBR 1502 ၏ စျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၂,၄၀၀) စျေးအထိကျဆင်းခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဖေဖော်ဝါရီလအတွင်း တရုတ်ပြည်တွင်း SBR ရောင်းလိုအားမှာ အတိုင်းအတာတစ်ခုအထိ လျော့တိလျော့ရဲဖြစ်ခဲ့ပြီး၊ ဝယ်လိုအားဘက်မှလည်း အားနည်းခဲ့ပါသည်။ SBR ထုတ်လုပ်သူများ၏ စက်ရုံစျေးနှုန်းမှာ ကျဆင်းခဲ့ပြီး၊ ကုန်သည်များဘက်မှ ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်စျေးနှုန်းမှာလည်း ကျဆင်းခဲ့ပါသည်။ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် တရုတ်အရှေ့မြောက်ပိုင်း PetroChina ၏ Jihua/Fushun စက်ရုံမှ စက်ရုံစျေးဖြင့် ရောင်းချသည့် SBR စျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၂,၂၀၀) ဖြစ်ခဲ့ကြောင်း တွေ့ရပါသည်။

Agribusiness & Trade

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် Yangzi Petrochemical ၏ SBR စက်ရုံကို ယာယီရပ်နားထားပြီး၊ ပြည်တွင်း SBR လုပ်ငန်းများမှာ ပုံမှန်လည်ပတ်နေသည့်အတွက် ရောင်းလိုအားဘက်တွင် လျော့ကျနိုင်ဖွယ်ရှိကာ၊ အလုံးစုံရောင်းလိုအား လျော့ရဲနေသည်ကို တွေ့ရပါသည်။

ဖေဖော်ဝါရီလအတွင်း butadiene ကုန်ကြမ်း လျင်မြန်စွာ မြင့်တက်ခဲ့ကာ၊ styrene မှာ အနည်းငယ်မြင့်တက်ခဲ့ရာ SBR စျေးကွက်အတွက် ကုန်ကျစရိတ်များ မြင့်လာပါသည်။ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် butadiene စျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၈,၃၇၂) ဖြစ်ပါသည်။ ၎င်းစျေးနှုန်းမှာ ဖေဖော်ဝါရီလ အစောပိုင်းကထက် (၃၀.၁၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းနေ့တွင် styrene စျေးနှုန်းမှာ တစ်တန်လျှင် (၈,၉၈၀) ဖြစ်ခဲ့ပြီး၊ ဖေဖော်ဝါရီလ အစောပိုင်းကထက် (၀.၇၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

ဖေဖော်ဝါရီလအတွင်း သဘာဝရာဘာစျေးကွက်မှာ အတက်အကျများစွာဖြစ်ပေါ်ခဲ့ကာ ဆက်လက်ကျဆင်းလျက်ရှိပါသည်။ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ရှိ စျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၃,၁၁၄) ဖြစ်ခဲ့ကာ၊ လအစောပိုင်းကထက် (၁.၁၀) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည့် စျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၃,၈၈၀) ဖြစ်ပါသည်။

ယခုလတ်တလောတွင် နိုင်ငံတကာရေနံစိမ်းစျေးနှုန်းများ အတက်အကျများလွန်းနေပြီး၊ ၎င်းရေနံစိမ်းမှာ ရာဘာတုထုတ်လုပ်ရန်အတွက် အခြေခံကုန်ကြမ်းဖြစ်ပါသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်များ များပြားလာသဖြင့် ရောင်းလိုအားဘက်မှ လျော့ရဲနေပါသည်။ တစ်ချိန်တည်းမှာပင် ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဝယ်လိုအားမှာလည်း အားပျော့နေသဖြင့် ရေတိုကာလတွင် ရာဘာစျေးနှုန်းများ ကျနေဦးမည်ဟု ခန့်မှန်းရပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..............................................................................................................................

Agribusiness & Trade

## ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ

### ဟောင်ကောင်ဒေသ၌ Full-Scale LockDown ချမှတ်မည်ကို စိုးရိမ်ပူပန်လျက်ရှိသဖြင့် ကုန်ပစ္စည်းများ အထိတ်တလန့် ဝယ်ယူလျက်ရှိခြင်း

ဟောင်ကောင်ဒေသ၌နေထိုင်သူများအားလုံးအနေဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်အရ မဖြစ်မနေ ကိုဗစ်-၁၉ ရောဂါ (၃) ကြိမ်စစ်ဆေးရမည့် universal testing ပြုလုပ်နိုင်ရန် ဟောင်ကောင်ဒေသ၌ ကျယ်ပြန့်သည့် Lockdown ပြုလုပ်နိုင်ချေ ရှိသောကြောင့် အစားအသောက်နှင့် နေ့စဉ်သုံးပစ္စည်းများ ရောင်းချသည့်ဆိုင်များတွင် ပစ္စည်းများပြတ်လပ်လျက်ရှိကြောင်း၊ ထောင်ပေါင်းများစွာသော ဝယ်ယူသူများသည်လည်းအွန်လိုင်းမှအစုလိုက် အပြုံလိုက် ဝယ်ယူလျက်ရှိကြောင်း၁-၃-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Panic buying As Fears Grow of A Full-Scale LockDown” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၌ လူအများအပြားသွားလာမှု လျှော့ချနိုင်ရန် တစ်မြို့လုံးအား ကန့်သတ်ပိတ်ဆို့ခြင်း Lockdown ချရန် နည်းလမ်းအား ဒေသအစိုးရအနေဖြင့် မဆောင်ရွက်ဟု ယတိပြတ်ပြောကြားနိုင်ခြင်းမရှိကြောင်း ကျန်းမာရေးဝန်ကြီးမှ ရေဒီယိုအစီအစဉ်၌ပြောကြားခဲ့ပြီးနောက်အစားအသောက်နှင့် နေ့စဉ်သုံးပစ္စည်းများ ထိတ်လန့်တကြား ကြိုတင်ဝယ်ယူမှုများရှိခဲ့သဖြင့် ဆိုင်များ၌ ကုန်ပစ္စည်းပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ လတ်ဆတ်သော အသားများ၊ ဟင်းသီးဟင်းရွက်များ၊ ဆေးဝါးများ၊ ပေါင်မုန့်၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များမှာ ရောင်းချ၍ ပြတ်လပ်သွားကြောင်း၊ စည်သွပ်ဘူးအစားအစာများ၊ အေးခဲဖက်ထုပ်နှင့် ပေါက်စီများ ဖြည့်ဆည်းပေးမှုမှာလည်း လျော့ကျခဲ့ကြောင်း၊ ဆန်၊ ခေါက်ဆွဲနှင့် သန့်စင်ခန်းသုံး တစ်ရှူးစက္ကူများမှာယခင်အကြိမ် အထိတ်တလန့် ဝယ်ယူစဉ်က ပြတ်လပ်ခဲ့သော်လည်း ယခုအကြိမ်တွင် ဆိုင်များ၌ လက်ကျန် အနည်းငယ်ရှိသေးကြောင်း၊ ဝယ်ယူသူများမှာ ဝက်ဘ်ဆိုဒ်မှ ပြောင်းလဲဝယ်ယူလျက်ရှိကြပြီး အွန်လိုင်းပလက်ဖောင်းမှ ရောင်းချလျက်ရှိသည့် ParkNshop သည် ဝယ်ယူသူများအား စောင့်ဆိုင်းရန် နံပါတ်များပေး၍ စောင့်ဆိုင်းခိုင်းထားကြောင်း၊ ၂၈-၂-၂၀၂၂ ရက်နေ့တွင် ဝယ်ယူသူ(၇,၀၀၀) ဦးကျော်မှာအွန်လိုင်း၌ စောင့်ဆိုင်းလျက်ရှိကြပြီး ခန့်မှန်းခြေစောင့်ဆိုင်းချိန်မှာ (၄၀) မိနစ်ခန့် ကြာမြင့်ကြောင်း၊ ဝယ်ယူသည့်ပစ္စည်းများအား (၁၂) ရက်အတွင်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ ဆေးဆိုင်များ၌လည်း ဆေးဝါးများမှာ ရောင်းကုန်သွားပြီး ပြတ်လပ်လျက်ရှိကြောင်း၊ ပါရာစီတမော အာနိသင်ပါဝင်သည့် Panadol ဆေးဝါးများမှာ ရောင်းကုန်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ရောဂါခံစားရမှု ပြင်းထန်မှုမရှိသည့် လူနာများအနေဖြင့် နေအိမ်များတွင် နေထိုင်ပြီး Panadol အားသောက်သုံးပြီး ရေများများ သောက်ခြင်းအားဖြင့် ပြန်လည်နာလန်ထူလာနိုင်ကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ရှိ ဆေးဆိုင်များ၌ Panadol ဆေးဝါးလက်ကျန်များမှာ ယခင်ရက်သတ္တပတ် ကျော်ကတည်းက ပြတ်လပ်သွားကြောင်း၊ Watson နှင့် Manning အွန်လိုင်း ဆေးဆိုင်များတွင်လည်း Panadol ဆေးဝါး ပြတ်လပ်လျက်ရှိကြောင်း၊ ဆေးဆိုင်များ၌ ပါရာစီတမော၊ Coltain cold tablets နှင့် ပိုးသတ်ရန် အရက်ပျံပါဝင်သည့် ပိတ်စများမှာ ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့မှုကြောင့် လတ်ဆတ်သောအသားများရောင်းလိုအားမှာ လျော့ကျလျက်ရှိကြောင်း၊ လတ်ဆတ်သော အသားများ ပြတ်လပ်လျက်ရှိသောကြောင့် အသားဆိုင် (၃) ဆိုင်တွင် (၁)ဆိုင်သာလျှင် ဖွင့်လှစ်နိုင်သည့်အခြေအနေတွင်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်ကုန်တင်ကား မောင်းနှင်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့လျှင်(သို့မဟုတ်) ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူနှင့် နီးကပ်စွာထိတွေ့ခဲ့လျှင် (၂၁) ရက်ကြာ နယ်စပ်ဖြတ်ကျော်မှုကို ခွင့်ပြုမည် မဟုတ်ဟု ရှန်းကျန့်မြို့ အာဏာပိုင်များမှ ကြေညာခဲ့ရာ ဟောင်ကောင်သို့ ကုန်ပစ္စည်းများ ဖြည့်ဆည်းပေးမှုအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.................................................................

## ဟောင်ကောင်ဒေသရှိ ParknShop အပါအဝင် အချို့သော စူပါမားကတ်နှင့် စတိုးဆိုင်များသည် ၂-၃-၂၀၂၂ ရက်နေ့မှစတင်၍ ဆိုင်ဖွင့်ချိန် လျှော့ချမည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိသဖြင့် ParknShop ဆိုင်သည် ၂-၃-၂၀၂၂ ရက်နေ့မှ စတင်၍ ဆိုင်ဖွင့်ချိန် လျှော့ချမည်ဖြစ်ကြောင်း အချို့သော ဆိုင်ခွဲ(၁၂)ဆိုင်အား ညနေ (၀၃:၀၀) နာရီတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း ၂-၃-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “ParknShop shortens operation hours for supermarkets” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၌နေထိုင်သူအားလုံး ကိုဗစ်-၁၉ ရောဂါ စစ်ဆေးနိုင်ရန် ၁၇-၃-၂၀၂၂ ရက်နေ့မှစတင်၍ကျယ်ပြန့်သည့် Lockdown ပြုလုပ်နိုင်ချေရှိသောကြောင့် ဒေသခံများသည်စားသောက်ကုန်များနှင့် ဆေးဝါးများအား အလုအယက် ကြိုးပမ်းဝယ်ယူလျက်ရှိကြောင်း၊ ဒေသခံအာဏာပိုင်များအနေဖြင့် လိုအပ်သော စားသောက်ကုန်ပစ္စည်းများ ဝယ်ယူရန် နေအိမ်ပြင်ပသို့ ထွက်ခွာခွင့်ပြုရန် စဉ်းစားလျက်ရှိကြောင်း၊ သို့သော် ဒေသခံများသည် ဆေးဝါး၊ ပေါင်မုန့်၊ အသား၊ ဆန်၊ ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံ၊ ခေါက်ဆွဲ၊ စည်သွပ်ဘူး၊ အေးခဲအသားနှင့် သန့်စင်ခန်းသုံး တစ်ရှူးစက္ကူများအား ဝယ်ယူလျက်ရှိပြီး ဆိုင်များ၌ ပြတ်လပ်လျက်ရှိကြောင်း၊ ဝယ်ယူသူများအနေဖြင့် ဆိုင်များ၌ ငွေပေးချေရန် နာရီဝက် (သို့မဟုတ်) ၁ နာရီခန့် စီတန်းစောင့်ဆိုင်းလျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ အချို့သော စူပါမားကတ်များမှာ ညနေ (၁၅:၀၀) နာရီတွင် လည်းကောင်း၊ အချို့ဆိုင်များမှာ ညနေ ( ၁၈ : ၃၀) နာရီတွင်လည်းကောင်း၊ အချို့သောဆိုင်များမှာ ယခင်ပုံမှန်ဖွင့်ချိန်ထက် (၂) နာရီစော၍လည်းကောင်း အသီးသီးဆိုင်များ ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ Watsons စတိုးဆိုင်သည်လည်း ဆိုင်ဖွင့်ချိန်များကို ချိန်ညှိဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုသူများ အနေဖြင့် စတိုးဆိုင်မန်နေဂျာ သို့မဟုတ် ဆေးပညာရှင်နှင့် တိုက်ရိုက်ချိတ်ဆက်ရန် တိုက်တွန်းပြောကြားထားကြောင်း၊ လူစွမ်းအားပြတ်လပ်လျက်ရှိသဖြင့် ၁-၃-၂၀၂၂ ရက်နေ့မှ ၁၆-၃-၂၀၂၂ ရက်နေ့အတွင်း ကုန်ပစ္စည်းပို့ဆောင်သည့် ဝန်ဆောင်မှုနှောင့်နှေးကြန့်ကြာမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းမပို့ဆောင်မီ နောက်ဆုံးအခြေအနေအား SMS Message ပို့၍ အကြောင်းကြားမည်ဖြစ်ကြောင်း၊ အွန်လိုင်းဆိုင်များတွင် ဝယ်ယူရန် ကြိုတင်မှာယူမှုများဖြင့် ပြည့်လျက်ရှိကြောင်း၊ Watsons အနေဖြင့် အွန်လိုင်းဈေးဝယ်ယူမှုများနှင့် ကုန်ပစ္စည်း ပို့ဆောင်မှုများအား Watsons app ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပစ္စည်းမှာယူ သည့်နေ့မှာပင် (၁၄:၀၀) နာရီ မတိုင်မီ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ Watsons ဆိုင်ခွဲ (၆၀)သည် Foodpanda Mall ၌ ကုန်ပစ္စည်း (၁,၄၀၀)ကျော်အားရောင်းချလျက်ရှိပြီး ဟောင်ကောင်ဒေါ်လာ (၆) ဒေါ်လာအထက်ဝယ်ယူသူများအား အခမဲ့ ပို့ဆောင်ပေးမည်ဖြစ် ကြောင်း၊ Mannings စတိုးဆိုင်သည်လည်း (၅၃) ဆိုင်အား ယာယီပိတ်သိမ်းထားမည် ဖြစ်ကြောင်းကြေညာခဲ့ပြီး အခြားသော (၃၈) ဆိုင်တွင်လည်း အွန်လိုင်းဈေးဝယ်ယူမှုများအတွက် ပစ္စည်းရွေးယူခြင်းဝန်ဆောင်မှုအား ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

Agribusiness & Trade

## ဟောင်ကောင်ဒေသ၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပုံမှန်တင်သွင်း ရောင်းချနိုင်ရေး အာမခံခဲ့ခြင်း

ဟောင်ကောင်ဒေသ၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနိုင်ရေး ဒေသအာဏာပိုင်များအနေဖြင့် ကုန်းလမ်း၊ ရေလမ်း၊ ရထားလမ်းအစရှိသည့် လမ်းကြောင်းအားလုံးကို အသုံးပြု၍တရုတ်ပြည်မကြီးမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအား ပုံမှန်တင်သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Food, goods supply guaranteed” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ပို့ဆောင်ရေးနှင့် အိုးအိမ်ဝန်ကြီး Mr. Frank Chan Fan က ပြောကြားခဲ့ရာတွင် ရှန်းကျန့်ဒေသမှ ဟောင်ကောင်ဒေသသို့ ၂-၃-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) မှ စတင်၍တရက်လျှင် ရထားတစ်စင်း ပြေးဆွဲလျက်ရှိပြီး နောင်တွင် နယ်စပ်ဖြတ်ကျော် ရထား(၄) စင်းနှင့်အထက်၊ ပင်လယ်ရေကြောင်းမှ သင်္ဘောလမ်းကြောင်း(၃) ခုဖြင့် ကွန်တိန်နာ (၃,၀၀၀) ကိုလည်း ကောင်းနေ့စဉ် ဟောင်ကောင်ဒေသသို့ တင်သွင်းမည်ဖြစ်ကြောင်း၊ ပုံမှန်တင်သွင်းမှု၏ ၉၀ ရာခိုင်နှုန်းရှိသော အေးခဲဝက်သား (၁၀၀) တန်နှင့် ပုံမှန် တင်သွင်းမှု၏ (၁၀) ရာခိုင်နှုန်းရှိသော ဟင်းသီးဟင်းရွက်(၂,၅၀၀)တန်တို့ကို တရုတ်ပြည်မကြီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ တင်သွင်းလျက်ရှိရာ မကြာမီကာလအတွင်း ကုန်ဈေးနှုန်းမှာပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ဟောင်ကောင် ဒေသရှိ နယ်စပ်ဖြတ်ကျော် ကုန်တင်ကား မောင်းနှင်သူ (၈,၀၀၀) ဦးအနက် လေးပုံတစ်ပုံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရလျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ရှန်းကျန့်ဒေသ အာဏာပိုင်များနှင့် ဆွေးနွေးခဲ့ရာ၌ Man Kam To control point အား လတ်ဆတ်သော စားသောက်ကုန်များ ပို့ဆောင်ရန်သတ်မှတ်ထားပြီး Lin Tong/ Hueng Yuen Wai port အား အရန်ထားရှိမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးမှ ယာဉ်မောင်းများနှင့် ဟောင်ကောင်ဒေသမှ ယာဉ်မောင်းများ ထိတွေ့ခြင်းမရှိဘဲ ကုန်ခြောက်ပစ္စည်းများ လွှဲပြောင်းပေးနိုင်ရန် ဟောင်ကောင်ဒေသ ပို့ဆောင်ရေးနှင့် အိုးအိမ်ဗျူရိုသည် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ Kwai Chung Container terminals နှင့် Tuen Mun River Trade Terminal တို့ကို ယာယီအသုံးပြုလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရန် Lockdown ချခဲ့လျှင်ပင်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပုံမှန်ဖြည့်ဆည်းပေးနိုင်ရန် ဒေသအာဏာပိုင်များ အနေဖြင့်အာမခံကြောင်း၊ ဟောင်ကောင်ရှိ သားသတ်ရုံ၌ လုပ်သား(၈၀၀) ဦးခန့်ရှိရာ (၁၇၀) ဦးမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရလျက် ရှိသောကြောင့် သားသတ်ရုံများအား ၂၈-၂-၂၀၂၂ ရက်နေ့မှ စတင်၍

ယာယီပိတ်ထားခဲ့ရပြီး လတ်ဆတ်သော အသားများထုတ်လုပ်မှု ယာယီရပ်တန့်ခဲ့ကြောင်း၊ သို့ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်မှုခံရခြင်းမရှိသော သားသတ်သမား (၂၀) ရာခိုင်နှုန်းခန့်သာ သားသတ်ရုံ၌ဆက်လက်လုပ်ကိုင်နိုင်သောကြောင့် တရုတ်ပြည်မကြီးမှ သားသတ်သမား (၃၈) ဦးကို ဟောင်ကောင်သို့ ခေါ်ဆောင်ခဲ့ရကြောင်း၊ ယခင်ကSheung Shui သားသတ်ရုံ၌ နေ့စဉ် ဝက်ကောင်ရေ (၃,၀၀၀) မှ အသားထုတ်လုပ်နိုင်ပြီး Tsuen Wan ၌ ဝက်ကောင်ရေ (၄၀၀) မှ (၅၀၀) အကြားမှ အသားထုတ်လုပ်နိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ထုတ်လုပ်မှု ယာယီရပ်ဆိုင်းခဲ့ရရာ လက်လီဈေးကွက်သို့ ဝက်သားရောင်းချပေးမှု (၉၀) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ဝိုင်နှင့် အဖျော်ယမကာဖြန့်ဖြူးရောင်းချသူအသင်းမှ ဥက္ကဋ္ဌမှ ပြောကြားရာတွင် စည်သွပ်အသားဘူးများမှာ (၃) လစာအတွက် လုံလောက်စွာ ရှိသောကြောင့် စားသုံးသူများ အနေဖြင့် အထိတ်တလန့် ဝယ်ယူရန် မလိုအပ်ကြောင်း၊ ဟောင်ကောင်ဒေသ၏သို့ တင်သွင်းသည့် စည်သွပ်ဘူး (၈၀) ရာခိုင်နှုန်းကျော်မှာ Sichuan၊ Henan နှင့် Anhui ပြည်နယ်တို့မှဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသို့ ကုန်ပစ္စည်းများ ဆက်လက်ရောက်ရှိနေမည်ဖြစ်ကြောင်း၊ အရောင်းဆိုင်များ၌ ပြတ်လပ်ခြင်းမှာ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းရှိ အလုပ်သမားများမှာ ကိုဗစ်-၁၉ ကူးစက်ခံရလျက်ရှိသောကြောင့် ပို့ဆောင်ရေးစွမ်းရည်မှာ ကုန်ပစ္စည်းများအား လုံလောက်စွာ ဖြည့်ဆည်းမပေးနိုင်ခြင်းဖြစ်ကြောင်း၊ နံ့စားသီးနှံများ၊ ဆန်နှင့် စားသုံးဆီမှာ လုံလောက်စွာ ရှိမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသရှိစားသုံးသူများ ကုန်ပစ္စည်းများ အထိတ်တလန့်ဝယ်ယူမှုများကြောင့် ဆိုင်၌ကုန်ပစ္စည်း ပြတ်လပ်ခဲ့ခြင်းမှာ ကုန်ပစ္စည်းများ လက်ကျန်ပြတ်လပ်ခြင်းကြောင့် မဟုတ်ဘဲ အလုပ်သမားများ ကိုဗစ်-၁၉ ကူးစက်ခံရသောကြောင့် လုပ်ငန်းခွင်သို့ ပုံမှန်ဝင်ရောက်နိုင်ခြင်း မရှိသောကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

Agribusiness & Trade

……………………………………………………………

## ဟောင်ကောင်ဒေသ၌ စိုးရိမ်ကြောင့်ကြမှုဖိအားများ အလွန်ကြီးမားလျက် ရှိသောကြောင့် လက်လီရောင်းချမှုမှာ (၆) လအတွင်း နေးကွေးလျက်ရှိကြောင်း

ဟောင်ကောင်ဒေသ လက်လီရောင်းချမှုမှာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှစတင်၍ နှေးကွေးလျက်ရှိပြီး ဒေသအစိုးရ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် ဖိအားများ ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့ထုတ် The Standard သတင်း

စာ၌“Hong Kong retail slows to six-month as immense stress looms” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ယခုနှစ် ဇန်နဝါရီလတွင် လက်လီရောင်းချမှု (၄.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ တရုတ်နှစ်သစ်ကူးတွင် ပုံမှန်အားဖြင့် သုံးစွဲမှုများပြီး ကုန်ပစ္စည်းများလက်လီ ရောင်းချမှု မြင့်တက်နိုင်သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ဖော်ဖေါ်ဝါရီလ (၁) ရက်နေ့မှ စတင်၍ လက်လီရောင်းချမှုများ လျော့ကျခဲ့ကြောင်း၊ ထို့ပြင် ဒေသအစိုးရ၏ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်မှုဆိုင်ရာကန့်သတ်ချက်များအား ပိုမိုတင်းကျပ်စွာ ချမှတ်ခဲ့သောကြောင့် မကြာမီကာလ အတွင်း လက်လီရောင်းချမှုအပေါ် ဖိအားများ ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ရေးသားဖော်ပြထား ပါသည်။

အာရှဒေသ၏ ငွေကြေးအချက်အချာကျသော ဟောင်ကောင်အနေဖြင့် စီးပွားရေးကဏ္ဍတွင် ဖိအားများဖြင့် ရင်ဆိုင်ရလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖေါ်ဝါရီလအတွင်း ဟောင်ကောင်ဒေသ၏ စီးပွားရေးကျဆင်းမှုမှာ (၂၂) လအတွင်း အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ စီးပွားရေး မှာ ပထမသုံးလပတ်အတွင်း လျော့ကျမည်ဟု ခန့်မှန်းထားကြောင်း၊ ဟောင်ကောင်ဘဏ္ဍာရေး အတွင်းဝန် (ဝန်ကြီး) Mr. Paul Chan ကလည်း ဘဏ္ဍာရေးစီမံချက် ရှင်းလင်းပွဲတွင် ဟောင်ကောင် ဒေသလက်လီရောင်းချမှု မြင့်တက်ရန် ဒေသအစိုးရအနေဖြင့် ဒေသခံများကို ထပ်မံ၍ ဟောင်ကောင် ဒေါ်လာ (၁၀,၀၀၀) တန်ဖိုးရှိ Consumption Voucher များ ပံ့ပိုးသွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ယခုလက်ရှိ ဟောင်ကောင်ဒေသ၌ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ပဥ္စမလှိုင်းမှာ ပြင်းထန် လျက်ရှိသဖြင့် လက်လီရောင်းချမှုအပေါ် ထိခိုက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူး စက်မှုပြင်းထန်လျက်ရှိသောကြောင့် ဟောင်ကောင်ဒေသရှိ စတိုးဆိုင် (၅၃) ဆိုင်ကို ပိတ်သိမ်းသွား မည်ဖြစ်ကြောင်း၊ အွန်လိုင်းမှ ရောင်းချသူများအနေဖြင့်လည်း ၎င်းတို့၏ ဝန်ထမ်းများ၏ (၂၀) ရာခိုင် နှုန်းမှာ Quarantine ဝင်ရောက်လျက်ရှိသောကြောင့် အမှာစာများ ပြည့်မီစေရေး ဖြည့်ဆည်းပေးနိုင် ရန်ခက်ခဲလျက်ရှိကြောင်း၊ ဒေသအစိုးရ အနေဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများ ချမှတ်ရာတွင် စီးပွားရေးကဏ္ဍအတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြ ထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………

Agribusiness & Trade

## ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ဟောင်ကောင်ဒေသရှိ စူပါမားကတ်များနှင့် ဆေးဆိုင်များတွင် ဝန်ထမ်းများ လျော့နည်းလျက်ရှိပြီး ပစ္စည်းများ အထိတ်တလန့်ဝယ်ယူလျက်ရှိသောကြောင့် ဝယ်ယူမှုပမာဏအား အကန့်သတ်ဖြင့်ဝယ်ယူရန် သတ်မှတ်ခဲ့ခြင်း

ဟောင်ကောင်ဒေသရှိ အကြီးမားဆုံး စူပါမားကတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ParkNshop နှင့် ဆေးဝါးများရောင်းချသည့်ကုမ္ပဏီ Watsons တို့တွင် ဝန်ထမ်းများအကြား ကိုဗစ်-၁၉ ကူးစက်မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဝန်ထမ်းအင်အား လျော့နည်းလျက်ရှိသဖြင့် အချို့သောစားသောက်ကုန်များနှင့် ဆေးဝါးများအား အကန့်အသတ်ဖြင့် ဝယ်ယူရန်သတ်မှတ်ခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Covid-19 Hong Kong supermarket and pharmacy chain impose purchase limits amid staff shortage and panic buying" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ParkNshop တွင် ၄-၃-၂၀၂၂ ရက်နေ့ (သောကြာ နေ့) မှ စတင်၍ ဝယ်ယူသူတစ်ဦးလျှင် ဆန်၊ စည်သွပ်ဘူး၊ ခေါက်ဆွဲထုပ်၊ ကြက်ဥ၊ တစ်ရှူး စက္ကူများနှင့် ဆေးဝါးအစရှိသည့် ကုန်ပစ္စည်း (၅) မျိုးအတွက် ပစ္စည်းတစ်ခုစီသာလျှင် ဝယ်ယူရန် ခွင့်ပြုမည်ဖြစ်ကြောင်း၊ Watson တွင် အကိုက်အခဲပျောက်ဆေး၊ အဖျားပျောက်ဆေး၊ အအေးမိပျောက်ဆေး (သို့မဟုတ်) တုပ်ကွေးပျောက်ဆေးအား တစ်ဦးလျှင် အများဆုံး (၅) မျိုးသာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ်၊ Mrs. Carrie Lam မှ citywide lockdown အကောင်အထည်ဖော်ဆောင်ရွက်မည် မဟုတ်ကြောင်း၊ ကောလဟာလသတင်းများကို မယုံကြည်ကြရန်နှင့်ဒေသခံများအနေဖြင့် ကုန်ပစ္စည်းများ အထိတ်တလန့် ဝယ်ယူရန်မလိုအပ်ဟု ပြောကြားခဲ့ကြောင်း၊ ParkNshop ၌ ကုန်ပစ္စည်း အမျိုးအစားများစွာ၏ ဝယ်လိုအားမြင့်တက်လာသောကြောင့် လိုအပ်ချက်အား ဖြည့်ဆည်းပေးရန်ပစ္စည်း ဝယ်ယူဖြည့်ဆည်းမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ပစ္စည်းများ လက်ကျန်ရှိသော်လည်း အလုပ်သမားများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသောကြောင့်လုပ်သားအင်အား လျော့နည်းပြတ်လပ်လျက်ရှိကြောင်း၊ ကုန်ပစ္စည်းများ ပိုမိုဖြည့်ဆည်းနိုင်ရေး လုပ်သားအင်အားပိုမိုရရှိရန် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အအေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## ကိုဗစ်–၁၉ ကူးစက်မှုများကြောင့် ဝယ်ယူသူများ၏ အမှာစာများ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း HKTV mall ကပြောကြားခဲ့ခြင်း

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများကြောင့် အွန်လိုင်းမှ ရောင်းချသူများအနေဖြင့် လုပ်ငန်းလည်ပတ်ရန် ဖိအားများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဝယ်ယူသူများ၏ အမှာစာများကို ပယ်ဖျက်သွားမည်ဟု အွန်လိုင်းဈေးဝယ်ခြင်း ဝန်ဆောင်မှုကုမ္ပဏီ HKTV mall က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Covid–19 Hong Kong supermarket and pharmacy chain impose purchase limits amid staff shortage and panic buying” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ကိုဗစ်–၁၉ ကူးစက်မှုများ ရုတ်တရက် မြင့်တက်လျက်ရှိသောကြောင့် ဝန်ထမ်းအင်အားလျော့နည်းလျက်ရှိကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများမှာလည်း လုပ်ငန်းယာယီရပ်ဆိုင်းထားရာ အချို့သောကုန်သည်များမှာလည်း ကုန်အမှာစာများ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

......................................................

## ကွမ်တုံးပြည်နယ်၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများမှာ ဟောင်ကောင်ဒေသမှ ကူးစက်ဝင်ရောက်လာခြင်း ဖြစ်ကြောင်း

ကွမ်တုံးပြည်နယ်၌ ၂၈–၂–၂၀၂၂ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု အရေအတွက်အမြင့်ဆုံး ဖြစ်ခဲ့ခြင်းမှာ ဟောင်ကောင်ဒေသမှ ကူးစက်မှုများဝင်ရောက်လာခြင်းကြောင့် ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌“Guangdong bears brunt of infections flowing from HK” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ တရုတ်ပြည်မကြီးမှ ကျန်းမာရေးဝန်ထမ်းများမှ ပြောကြားခဲ့ရာ၌ ကူးစက်မှု (၈၇) ခုမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး (၁၄၇) ခုမှာ ပြည်ပမှ ကူးစက်မှုများဖြစ်ကြောင်း၊ ကွမ်တုံးပြည်နယ်တွင် ပြည်ပမှ ကူးစက်မှု (၅၃) ခုရှိပြီး ဟောင်ကောင်ဒေသမှ အများဆုံးကူးစက်ခြင်းဖြစ်ကြောင်း၊ ရှန်းကျန်း၌ ကူးစက်မှု (၃၁) ခု ရှိပြီး ကူးစက်မှုအားလုံးမှာ ဟောင်ကောင်ဒေသမှ ကူးစက်လာခြင်းဖြစ်ကြောင်း ရေးသား ဖော်ပြထားပါသည်။

Agribusiness & Trade

ဟောင်ကောင်ဒေသ၌ အိုမီခရွန် ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ကွမ်တုံး ပြည်နယ်သို့ ကူးစက်မှုများ ဝင်ရောက်လာသောကြောင့် ကွမ်တုံးပြည်နယ်သည်လည်း ကိုဗစ်-၁၉ ရောဂါကာ ကွယ်ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များ တင်းကျပ်ခဲ့ပြီး ဟောင်ကောင်နှင့် ကွမ်တုံးပြည်နယ် အကြားနယ်စပ်ဖြတ်ကျော် ကုန်တင်ကားမောင်းနှင်သူများအား တင်းကျပ်သည့် စည်းမျဉ်းများသတ်မှတ်ခဲ့ကြောင်း၊ ၂၄-၂-၂၀၂၂ ရက်နေ့က ကုန်တင်ကား မောင်းနှင်သူ (၈၈၂) ဦးမှာ နယ်စပ်ဖြတ်ကျော် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုဥပဒေအား ရှန်းကျန့်မြို့၌ ဖောက်ဖျက်ခဲ့ခြင်းအတွက် ပြစ်ဒဏ်ပေးခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.....................................................................................................

**Uniqlo သည် ရုရှားနိုင်ငံရှိ ၎င်း၏ အဝတ်အထည်ဆိုင်များကို ဆက်လက်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရ (ဂျပန်နိုင်ငံ)**

ဂျပန်နိုင်ငံမှ အဝတ်အစားကုမ္ပဏီကြီးဖြစ်သည့် Uniqlo သည် ၎င်း၏ပြိုင်ဖက်များဖြစ်သည့် Zara နှင့် H&M တို့က ရုရှား - ယူကရိန်းပဋိပက္ခကြောင့် ရုရှားနိုင်ငံရှိ ဆိုင်ခွဲများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ကြေငြာခဲ့ကြသော်လည်း Uniqlo ကမူ ၎င်း၏ ဆိုင်ခွဲများကို ဆက်လက်ဖွင့်လှစ်သွားမည်ဟု မတ်လ ၇ ရက် (တနင်းလာနေ့) တွင် ပြောကြားခဲ့ပါသည်။

Uniqlo ကုမ္ပဏီ၏ ဥက္ကဋ္ဌ၊ Tadashi Yanai က ယခုဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ရုရှားနိုင်ငံသားများအနေဖြင့် အခြေခံလူ့လိုအပ်ချက်ဖြစ်သည့် အဝတ်အစားများကို ဆုံးရှုံးခြင်းမျိုးမဖြစ်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

အဝတ်အစားဟူသည် လူသားတိုင်းအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အတွက် ရုရှားနိုင်ငံသားများသည်လည်း တူညီသည့်အခွင့်အရေးကို ရရှိခံစားခွင့်ရှိပါသည်ဟု Yanai က ပြောကြားခဲ့ပါသည်။ ရုရှားနိုင်ငံတွင် Uniqlo အဝတ်အထည်ဆိုင်ပေါင်း ၄၉ ဆိုင်ရှိပြီး Uniqlo ကုမ္ပဏီအနေဖြင့် လတ်တလောအနေအထားကို စောင့်ကြည့်နေမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းမည့်အစီအစဉ်မရှိကြောင်း သိရပါသည်။

Uniqlo ကုမ္ပဏီမှ အိမ်နီးချင်းနိုင်ငံများသို့ တိမ်းရှောင်ကြသည့် ယူကရိန်းလူမျိုးများအတွက် အမေ ရိကန်ဒေါ်လာ ၁၀ သန်းနှင့် အဝတ်အထည်ပေါင်း ၂၀၀,၀၀၀ ကို ပံ့ပိုးလှူဒါန်းသွားမည်ဖြစ် ကြောင်း မတ်လ ၄ ရက်နေ့ (သောကြာနေ့) တွင် ပြောကြားခဲ့ပါသည်။

Zara အမှတ်တံဆိပ်ကိုပိုင်ဆိုင်သည့် စပိန်နိုင်ငံမှ အဝတ်အထည်ကုမ္ပဏီကြီး Inditex သည် ရုရှားနိုင်ငံရှိ ၎င်း၏ ရာနှင့်ချီသောဆိုင်ခွဲများနှင့် အွန်လိုင်းမှ ရောင်းချမှုများအား ယာယီပိတ်သိမ်း သွားမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ Inditex ကုမ္ပဏီအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စီးပွားရေးအခြေအနေများ ဆက်လက်တည်တံ့ခိုင် မြဲမှုအပေါ် အာမခံချက် ပေးနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။ အလားတူ ဆွီဒင်နိုင်ငံမှ အဝတ်အထည်ကုမ္ပဏီ Hennes and Mauritz (H&M) ကလည်း ရုရှားနိုင်ငံရှိ ၎င်းတို့၏ လုပ်ငန်းများ ကိုဆိုင်းငံ့ထားမည်ဟု ကြေငြာခဲ့ပါသည်။

ရင်းမြစ်။ https://www.japantimes.co.jp/
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

……………………………………………………………………

**ရေနံဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ယန်း ၃၆၀ ဘီလီယံခန့်ရှိသည့် ပြည်တွင်းစီးပွားရေး ပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ရန် ဂျပန်ပြင်ဆင်နေ**

ယူကရိန်းအကျပ်အတည်း၏ သက်ရောက်မှုကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာသည့် အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို ပံ့ပိုးရန် ဂျပန်ယန်း ၃၆၀ ဘီလီယံခန့်ရှိသည့် စီးပွား ရေးပံ့ပိုးမှုအစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် Fumio Kishida က မတ်လ ၃ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ရေနံအဓိကထုတ်လုပ်သည့် ရုရှားနိုင်ငံနှင့် အိမ်နီးချင်း ယူကရိန်းနိုင်ငံတို့အကြား ဖြစ်ပွားနေ သည့်ပဋိပက္ခကြောင့် မကြာသေးမီရက်များအတွင်းက ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် နှစ်ပေါင်းများစွာ အတွင်း အမြင့်ဆုံးသို့ မြင့်တက်သွားခဲ့ပါသည်။

ဂျပန်အစိုးရအနေဖြင့် မြင့်မားသည့် စွမ်းအင်ဈေးနှုန်းများကြောင့် ဖြစ်ပေါ်လာသည့် ပြည်သူ ပြည်သားတို့၏ လူမှုဘဝများနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအပေါ် အနှုတ်သဘောဆောင်

သည့် သက်ရောက်မှုများအား တတ်အားသမျှ လျှော့ချနိုင်စေရန်ရည်ရွယ်၍ အဆိုပါ စီးပွားရေးပံ့ပိုးမှု အစီအမံများကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ရင်းမြစ်။ https://japantoday.com/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

………………………………………………………………………………………………………..

Agribusiness & Trade

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၁ / ၂၀၂၂)　　　　　　　　　　၂၀၂၂ ခုနှစ်၊ မတ်လ(၁၇) ရက်

| ၁၇-၃-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၁၉၆၃.၉ |
| စင်္ကာပူဒေါ်လာ | ၁၃၁၁.၇ |
| စတာလင်ပေါင် | ၂၃၄၃.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၄၉၈.၃ |
| တရုတ်ယွမ် | ၂၈၀.၀၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၃၅ |
| အိန္ဒိယရူပီး | ၂၃.၄၅၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၉၄ |
| မလေးရှား ရင်းဂစ် | ၄၂၃.၈၄ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၀၆၁ |
| ထိုင်းဘတ် | ၅၃.၅၃၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၇၅၂ |

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဂျာမနီနိုင်ငံ၏ လက်ဖက်ခြောက်ဈေးကွက်ကို လေ့လာတင်ပြခြင်း

➢ မတ်လအတွင်း ဘရာဇီးလ်နိုင်ငံမှ ပြောင်းနှင့် ပဲပုတ်စေ့တင်ပို့နိုင်ရန်မျှော်မှန်းထားသည့် အခြေအနေများ

➢ ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့တင်ပို့မှုသည် ၂၀၂၂ ခုနှစ်၏ ပထမ ၂ လတာကာလအတွင်း ၂၆၀ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့

➢ ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း ဘရာဇီးလ်နိုင်ငံ၏ ဝက်သားတင်ပို့မှု ၁.၃ ရာခိုင်နှုန်း တိုးတက်

➢ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ၅၄ ရာခိုင်နှုန်းသည် ၎င်းလုပ်ငန်းတွင် Drone များအား တွင်ကျယ်စွာအသုံးပြုရန် ဆန္ဒရှိနေကြကြောင်း သုတေသနစစ်တမ်းတွင်ဖော်ပြ (ဘရာဇီးလ်)

➢ ထိုင်းကြက်သားစက်ရုံများသည် ဆော်ဒီသို့တင်ပို့ရန်ခွင့်ပြုချက်ရရှိခြင်း

- **အထွေထွေသတင်းများ**

➢ ရုရှား-ယူကရိန်းစစ်ပွဲသည် ငွေကြေးဖောင်းပွမှုလိုင်းသစ်များနှင့် အတိုးနှုန်းမြင့်တက်လာနိုင်ကြောင်း The Reserve Bank of Australia က သတိပေးလိုက်ခြင်း

➢ ရုရှား၏ ယူကရိန်းသို့ ကျူးကျော်မှုကြောင့် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ရုရှားသို့ ရေနံတင်သွင်းခွင့် တားမြစ်ကြောင်း ကြေညာလိုက်ခြင်း

- Brent ရေနံစိမ်းဈေးကျဆင်းမှုကြောင့် ပြည်တွင်းရေနံကုမ္ပဏီများကို ထိခိုက်စေပြီး ဩစတြေးလျငွေတန်ဖိုး ကျဆင်းသွားခြင်း

- ဩစတြေးလျအစိုးရက အပျော်စီးသင်္ဘောများ ဆိုက်ရောက်၊ ထွက်ခွာခြင်းများကို ဧပြီလ ၁၇ ရက်အထိ တားမြစ်ထားမည်

- ဩစတြေးလျခရီးသွားများတွက် နယူးဇီလန်နိုင်ငံက နိုင်ငံတကာဝင်ထွက်ပေါက်များကို ပြန်လည်ဖွင့်လှစ်တော့မည်

- ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ

- လောင်စာဆီကုန်ကျစရိတ်များ မြင့်တက်လာသည်နှင့်အမျှ စက်သုံးဆီဈေးနှုန်းများ ပြန်လည်ပြင်ဆင်ရန် ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်(FTI) က တောင်းဆိုခြင်း

- လောင်စာဆီဝယ်ယူမှုအား ယွမ်ငွေဖြင့် စာချုပ်ချုပ်ဆိုနိုင်ရေး တရုတ်နိုင်ငံနှင့် ဆောင်ဒီနိုင်ငံ ဆွေးနွေးညှိနှိုင်းမှု အရှိန်အဟုန် မြင့်တက်

## ဂျာမနီနိုင်ငံ၏ လက်ဖက်ခြောက်ဈေးကွက်ကို လေ့လာတင်ပြခြင်း

ဂျာမနီနိုင်ငံသည် အီးယူဒေသတွင် ဒုတိယအကြီးဆုံး လက်ဖက်ခြောက်တင်သွင်းသူနှင့် ပြုပြင်ပြီးပြန်လည်တင်ပို့သူအနေနှင့် ထိပ်ဆုံးအဆင့်တွင်ရှိပါသည်။ ဂျာမနီနိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဟမ်းဘတ်မြို့သည် Tea Capital အဖြစ် ကျော်ကြားမှုရှိပြီး လက်ဖက်ခြောက်ကုန်သွယ်မှုပြုလုပ်သော ကုမ္ပဏီများ၊ ဓာတ်ခွဲခန်းများကဲ့သို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ၊ German Tea Association တို့ တည်ရှိရာ မြို့လည်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် လက်ဖက်ခြောက်ဈေးကွက်သည် ကိုဗစ်နာဗိုင်းရပ်စ်ရောဂါကာလအတွင်း ကန့်သတ်ထိန်းချုပ်မှု များရှိသော်လည်း သက်ဆိုင်ရာမူလတင်သွင်းသည့်နိုင်ငံများရှိ Suppliers များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းကြောင့် တင်သွင်းဖြန့်ဖြူးခြင်းများကို ကောင်းမွန်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ကပ်ရောဂါကာလအတွင်း စူပါမားကက်များ၊ စတိုးဆိုင်များမှ ဝယ်လိုအားမှာ သိသာစွာပြောင်းလဲ သွားခြင်းမရှိသော်လည်း ဟိုတယ်များ၊ စားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်းများမှ ဝယ်လိုအားကျဆင်းခြင်းများရှိခဲ့ပြီး ယခုအခါ ပြန်လည် လည်ပတ်နိုင်စပြုလာပြီဖြစ်သည်။

ဂျာမနီနိုင်ငံသည် တင်သွင်းသည့် လက်ဖက်ခြောက်များကို ပြည်တွင်းစားသုံးမှုနှင့် နိုင်ငံပေါင်း (၁၀၀)ကျော်သို့ ပြည်လည်တင်ပို့မှုများပြုလုပ်လျှက်ရှိရာ ပို့ကုန်၏ ၆၅ရာခိုင်နှုန်းသည် အီးယူနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး ပြင်သစ်နိုင်ငံက ထိပ်ပိုင်းတွင် ရပ်တည်လျှက်ရှိသည်။ အီးယူ ပြင်ပနိုင်ငံများအနက် အမေရိကန်နိုင်ငံသည် ကြီးမားသောဈေးကွက်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် အမေရိကန်နိုင်ငံက (၂၉၀၂)တန်ကို ဂျာမနီနိုင်ငံမှတင်သွင်းခဲ့သည်။ အခြား တင်ပို့သည့်နိုင်ငံများမှာ ရုရှားနှင့် ကနေဒါနိုင်ငံတို့ ဖြစ်ကြပါသည်။ တင်သွင်းမှုအပိုင်းတွင် တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အာဖရိကနှင့် အီးယူနိုင်ငံများ(နယ်သာလန်၊ အီတလီ၊ ပိုလန်) စသည်တို့မှ တင်သွင်းမှုများပြုလုပ်ပါသည်။

၂၀၁၉ခုနှစ်အတွင်း (၄၆၆၄၃) တန်နှင့် ၂၀၂၀ ခုနှစ်အတွင်း (၄၀၉၈၅)တန် တင်သွင်းခဲ့ရာတွင် အိန္ဒိယနိုင်ငံက Black tea နှင့် တရုတ်နိုင်ငံက Green tea တို့တွင် ဈေးကွက် ဝေစုအများဆုံး ရရှိကြပါသည်။ ၂၀၂၀ခုနှစ် တင်သွင်းခဲ့မှုတွင် Black tea ဈေးကွက်ဝေစုတွင် အိန္ဒိယနိုင်ငံကဈေးကွက်ဝေစု၏၂၉ ရာခိုင်နှုန်းကိုလည်းကောင်း၊ သီရိလင်္ကာနိုင်ငံက ၁၉.၆၇ ရာခိုင်နှုန်းကိုလည်းကောင်း၊ Green tea ဈေးကွက်ဝေစုတွင် တရုတ်နိုင်ငံက ဈေးကွက်ဝေစု၏ ၆၃ ရာခိုင်နှုန်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံက ၁၀ ရာခိုင်နှုန်းကို လည်းကောင်း၊ ရရှိကြပါသည်။ ၂၀၂၀ ခုနှစ်အတွင်း (၄၀၉၈၅.၆) တန်ကို နိုင်ငံပေါင်း(၇၁) နိုင်ငံမှတင်သွင်းခဲ့သည့်အနက် ၂၁၈၁၇.၈ တန်ကို နိုင်ငံပေါင်း

Agribusiness & Trade

(၁၀၈) နိုင်ငံသို့ ပြန်လည်တင်ပို့ခဲ့ပါသည်။ အီးယူဒေသအတွင်း ပြန်လည်တင်ပို့မှုပြုသည့်နိုင်ငံများမှာ နယ်သာလန်၊ ပြင်သစ်၊ပိုလန်၊ ဩစတြီးယားစသည့်နိုင်ငံများ ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် အများအားဖြင့် Green teaနှင့် Black tea ကို သောက်သုံးလေ့ရှိကြပြီး ၂၀၂၀ ခုနှစ်အတွင်း လူတစ်ဦးပျမ်းမျှ ၂၈ လီတာ သောက်သုံးမှုရှိခဲ့ပါသည်။ ဂျာမန် ပြည်သူများက Black tea ကို ပိုမိုနှစ်သက်သောက်သုံးမှုရှိကြပြီး သဘာဝဆေးဘက်ဝင်အပင်များ၊ သစ်သီးများမှထုတ်ယူရရှိသည်များကို ပေါင်းစပ်၍လည်း ကျန်းမာရေးအတွက် အဓိကထား၍ သောက်သုံးလာကြသည်။

Speciality teas များကိုလည်း အရည်အသွေးမြင့်မားပြီး ထူးခြားကောင်းမွန်သော အနံ့အရသာရှိသည့် လက်ဖက်ခြောက်များအဖြစ် ဂျာမန်ကုမ္ပဏီများက ဦးတည်တင်သွင်းလာကြပြီး ဈေးကွက်တွင်ရွေးချယ် သောက်သုံးလာကြပါသည်။ ယခုအခါ စားသုံးသူများက ကော်ဖီအစား လက်ဖက်ခြောက်သောက်သုံးမှုများကို ပိုမိုစိတ်ဝင်စားလာကြပါသည်။ Speciality tea များအတွက် အော်ဂဲနစ်လက်မှတ်ရရှိရန် အရေးပါပြီး Fair Trade Certificate သည်လည်း ဈေးကွက်လိုအပ်ချက် တစ်ခုဖြစ်လာပါသည်။ ဂျာမနီနိုင်ငံသည် အီးယူဒေသတွင် Speciality tea များအတွက် အရေးပါသောဝင်ပေါက်တစ်ခုလည်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံ၏ လက်ဖက်ခြောက်ဈေးကွက်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း (၃.၉၂) ရာခိုင်နှုန်းတိုးတက်မှုရှိနိုင်ကြောင်းနှင့် လူတစ်ဦးတစ်နှစ်စားသုံးမှု ၀.၃ ကီလိုဂရမ် ရှိနိုင်ကြောင်း ခန့်မှန်းထားရှိသည်။

German Tea and Herbal Infusions Association ကို German Tea Association နှင့် Herbal Infusions Association နှစ်ခုအားပေါင်းစည်း၍ ၂၀၂၀ ခုနှစ်မှ စတင်၍ အသင်းအဖွဲ့တစ်ခုတည်းအဖြစ် ပေါင်းစည်းဆောင်ရွက်ထားရှိပါသည်။ မြန်မာနိုင်ငံမှ လက်ဖက်ခြောက်များကို ဂျာမန်ကုမ္ပဏီများဖြစ်သည့် Teegschwendner Company, Chardo Company စသည့် ကုမ္ပဏီများက ဝယ်ယူတင်သွင်းလျက်ရှိပြီး ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်နိုင်ငံ ကုမ္ပဏီများကလည်း လက်ဖက်ခြောက်နှင့်လက်ဖက်အစို (Fermented Tea) များကို တင်သွင်းလျက်ရှိပါသည်။ အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံမှပို့ကုန်မှာ များစွာနည်းပါးလျက်ရှိနေပါသည်။ ယခုအခါ မြန်မာ Fermented Tea ထုတ်ကုန်များကို ဂျာမန် အွန်လိုင်းဈေးကွက်(www.teafood.de)တွင် ရောင်းချလာခြင်းများရှိလာပြီး အခြားမြန်မာ လက်ဖက်ကုမ္ပဏီများကလည်း ဂျာမန်လက်လီဈေးကွက်နှင့် အွန်လိုင်းဈေးကွက်တို့တွင် ကျယ်ပြန့်စွာ ဝင်ရောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှ လက်ဖက်ထုတ်ကုန်များသည် Speciality tea အဆင့်မီထုတ်ကုန်များဖြစ်ပြီး ဈေးကွက်ဝယ်လိုအားရှိသည့် ဂျာမနီနှင့်ဥရောပဈေးကွက်သို့ပိုမိုတင်ပို့နိုင်ရေးနှင့် ဂျာမနီနိုင်ငံရှိ

BIOFACH အော်ဂဲနစ်ထုတ်ကုန်ပြပွဲ၊ Anuga – Food and Beverage ပြပွဲ၊ COTECA ပြပွဲ စသည်တို့တွင် ပါဝင်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

Sources: https://www.cbi.eu/market-information/tea/germany/germany
https://www.teeverband.de
Teereport_2021_ES_EN.pdf
https://www.statista.com/outlook/cmo/hot-drinks/tea/germany

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

………………………………………………………………………...

## မတ်လအတွင်း ဘရာဇီးလ်နိုင်ငံမှ ပြောင်းနှင့် ပဲပုတ်စေ့တင်ပို့နိုင်ရန် မျှော်မှန်းထားသည့် အခြေအနေများ

### ကမ္ဘာ့ဈေးကွက်တွင် ပြောင်းစေ့ဝယ်လိုအား သိသိသာသာမြင့်တက်နိုင်

ကမ္ဘာ့ပြောင်းဈေးကွက်သို့ ပြောင်းအမြောက်အများတင်ပို့နေသည့် ယူကရိန်းနိုင်ငံသည် လတ်တလောအခြေအနေတွင် စစ်ပွဲများဖြစ်ပွားနေမှုကြောင့် သီးနှံများကောင်းစွာစိုက်ပျိုး ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဘရာဇီးလ်ပြောင်းများ၏ဝယ်လိုအားများ ပိုမိုမြင့်တက်လာနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ လက်ရှိအချိန်တွင် ရုရှနှင့်ယူကရိန်း နိုင်ငံတို့သည် ၎င်းတို့၏ပို့ကုန်များအား ကမ္ဘာ့ဈေးကွက်သို့ အကန့်အသတ်ဖြင့်သာတင်ပို့လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကမ္ဘာ့ဈေးကွက်သို့ လယ်ယာထွက်ကုန်တင်ပို့မှုတွင် ဘရာဇီးနိုင်ငံသည် တတိယမြောက် အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ရုရှနိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာ့အများဆုံးတင်ပို့သည့် ၅ နိုင်ငံစာရင်းတွင်ပါဝင်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာန(U.S. Department of Agriculture – USDA) ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ ရုရှ – ယူကရိန်း ပဋိပက္ခကြောင့် ပြည်တွင်းတွင် စားနပ်ရိက္ခာများပြတ်လပ်မှုမရှိစေရေးအတွက် နှံစားသီးနှံများ အပါအဝင် လယ်ယာထွက်ကုန်များအား ဘရာဇီးလ်နိုင်ငံမှဝယ်ယူတင်သွင်းနိုင်ရန် အရှေ့ဥရောပနိုင်ငံများကပိုမိုဆက်

သွယ်လာကြကြောင်း လယ်ယာကဏ္ဍစီးပွားရေးသတင်းများအား ထုတ်လွှင့်နေသည့် Rural Channel သတင်းဌာနမှ လေ့လာသုံးသပ်သူ Glauber Silveira က ပြောကြား ခဲ့သည်။

စားနပ်ရိက္ခာနှင့် တိရိစ္ဆာန်အစာအတွက် ပြောင်းသီးနှံပြတ်လပ်မှုဖြစ်ပေါ်မည်ကို နိုင်ငံတကာဈေးကွက်တွင် စိုးရိမ်မှုများမြင့်တက်လျက်ရှိနေကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားမြင့်တက်မည့်အလားအလာများကြောင့် ဘရာဇီးလ်နိုင်ငံသည် ပြောင်းသီးနှံအား တိုးချဲ့စိုက်ပျိုးနိုင်သည့် အခြေအနေရှိနေသော်လည်း ပိုတက်စီယမ်ဓာတ်မြေဩဇာလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယူကရိန်းနိုင်ငံ၏ ပြောင်းတင်ပို့မှုလျော့ကျမှုကြောင့် ကမ္ဘာ့ပြောင်း ဝယ်လိုအား သိသိသာသာမြင့်တက်ရန်မျှော်မှန်းထားကြောင်း Silveira က ပြောကြားခဲ့သည်။

## ပဲပုတ်စေ့ တင်ပို့နိုင်မှုများ လျှော့ကျနိုင်

ယခုမတ်လအတွင်း ပဲပုတ်စေ့တန်ချိန် ၁၃.၇၆၉ တန်တင်ပို့နိုင်ရန် ယခင်ကခန့်မှန်းခဲ့သော်လည်း လတ်တလောဖြစ်ပေါ်နေသည့်ကမ္ဘာ့အခြေအနေများကြောင့် တင်ပို့နိုင်မည့်ပဲပုတ်စေ့ပမာဏအား တန်ချိန် ၁၂.၉ သန်းအထိလျှော့ချခဲ့ကြောင်း ဘရာဇီးလ်နိုင်ငံ နှံစားသီးနှံတင်ပို့သူများအသင်း(National Association of Cereal Exporters – Anec)က ပြောကြားခဲ့သည်။

ယခုနှစ်ဖေဖော်ဝါရီလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၉.၁၁၃ သန်းနှင့် ပဲပုတ်စေ့ထွက်ကုန် တန်ချိန် ၂.၀၁၂ သန်းအားတင်ပို့နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပဲပုတ်စေ့ထွက်ကုန်တန်ချိန် ၁.၅၇၃ သန်းအားတင်ပို့ခဲ့ကြောင်း၊ ယခုနှစ်မတ်လတွင် ပြောင်း တန်ချိန် ၅၅,၀၀၀ တန် တင်ပို့ရန်မျှော်မှန်းထားပြီး ဖေဖော်ဝါရီလတွင် တန်ချိန် ၅၂၃,၃၄၂ တန်အား တင်ပို့ခဲ့ကြောင်း၊ ယခုမတ်လတွင် ဂျုံတန်ချိန် ၅၀၁,၇၃၀ တန်အား တင်ပို့နိုင်ရန်မျှော်မှန်းထားပြီး ယခင်လက တန်ချိန် ၉၂၅,၂၆၄ တန်အား တင်ပို့ခဲ့ကြောင်း၊ ယခုအပတ် မတ်လ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပဲပုတ်စေ့တန်ချိန် ၂.၈၇၄ သန်း၊ ပဲပုတ်စေ့ထွက်ကုန်တန်ချိန် ၂၀၁,၆၁၆ တန်နှင့် ဂျုံတန်ချိန် ၂၀၆,၈၉၆ တန်အားတင်ပို့ခဲ့ကြောင်း၊ မတ်လ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိကာလအတွင်း ပဲပုတ်စေ့တန်ချိန် ၃,၆၈၄ တန်၊ ပဲပုတ်စေ့အခွံတန်ချိန် ၄၅၂,၆၇၁ တန်နှင့် ဂျုံတန်ချိန် ၃၃,၄၇၃ တန်တို့အား တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း နှံစားသီးနှံတင်ပို့သူများအသင်း (Anec)က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

## ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှုသည် ၂၀၂၂ ခုနှစ်၏ ပထမ ၂ လတာကာလအတွင်း ၂၆၀ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ၂ လတာအတွင်း ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှုသည် တန်ချိန် ၉.၇ သန်းရှိခဲ့သဖြင့် ယခင်နှစ်ကာလတူတွင်တင်ပို့ခဲ့သည့် ပမာဏထက် ၂၆၀ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ပထမ ၂ လတာကာလအတွင်း ပဲပုတ်စေ့တန်ချိန် ၂.၇ သန်း တင်ပို့ခဲ့ကြောင်း လယ်ယာထွက်ကုန်ကဏ္ဍနှင့်ပတ်သက်သည့် သတင်းများအားတင်ပြနေသော Canal Rura သတင်းဌာန၏ ညွှန်ကြားရေးမှူး Giovani Ferreira က ပြောကြားခဲ့သည်။

၂၀၂၀-၂၀၂၁ သီးနှံစိုက်ပျိုးချိန်တွင် မိုးခေါင်သည့်ရာသီဥတုဖြစ်ပေါ်ခဲ့မှုကြောင့် စိုက်ပျိုးမှုများနောက်ကျခဲ့ကြပြီး သီးနှံရိတ်သိမ်းချိန်ဖြစ်သည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလ တို့တွင် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ရိတ်သိမ်းမှုများနောက်ကျခဲ့ကြကြောင်း၊ ထို့ကြောင့် ပုံမှန်အချိန်အတိုင်း သီးနှံတင်ပို့နိုင်ခြင်းမရှိခဲ့သဖြင့် ပို့ကုန်ပမာဏတွင်ကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ရာတွင် ယခု ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း ပဲပုတ်စေ့တင်ပို့မှုသည် ၂၀၁၈ ခုနှစ်ကာလတူက ပဲပုတ်စေ့တန်ချိန် ၇ သန်းကျော်တင်ပို့နိုင်ခဲ့သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း Ferreira ကပြောကြားခဲ့သည်။

လက်ရှိတင်ပို့ခဲ့သည့်ပမာဏကိုကြည့်ပါက ကမ္ဘာ့ဝယ်လိုအား မြင့်တက်နေမှုအခြေအနေကို ခန့်မှန်းသိရှိနိုင်ကြောင်း၊ ကမ္ဘာ့သီးနှံဈေးကွက်တွင် ဝယ်လိုအားမြင့်တက်မှုနှင့်အတူ သီးနှံဈေးနှုန်းများလည်းမြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ပြည်တွင်းပဲပုတ်စေ့ လက်ကျန်လည်းနည်းပါးနိုင်သည့်အခြေအနရှိကြောင်း Ferreira ကပြောကြားခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် သန်း ၁၃၀ စိုက်ပျိုးထုတ်လုပ်ရန်ခန့်မှန်းတွက်ချက်ခဲ့ပြီး ပြည်ပသို့စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှု လျော့ကျနိုင်ကြောင်း ခန့်မှန်းထားပြီး တန်ချိန် သန်း ၁၂၀ ဝန်းကျင်ရှိနိုင်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိရန်အတွက် လာမည့်ဒုတိယနှစ်ဝက်ကာလတွင် ပဲပုတ်စေ့ပြည်ပတင်ပို့မှုကို လျော့ချသွားရန်လိုကြောင်း၊ ပဲပုတ်စေ့ကုန်ကြမ်းပြတ်လပ်မှုမရှိစေရန်အတွက် ပြည်တွင်းဈေးကွက် အခြေအနေကိုမျက်ခြေမပြတ်စောင့်ကြည့်ရန်လိုကြောင်း Ferreira ကပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ပဲပုတ်စားသောက်ကုန်ပစ္စည်းများတင်ပို့မှုသည် တန်ချိန် ၃.၁ သန်းရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၅၀ ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်

ခဲ့ကြောင်း၊ ပဲပုတ်ဆီတင်ပို့မှုသည် တန်ချိန် ၃၀၀,၀၀၀ ရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၈၀ ရာခိုင်နှုန်း ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကမ္ဘာ့ဈေးကွက်တွင် သီးနှံဝယ်လိုအားများ ဆက်လက်မြင့်တက်မည့်အခြေအနေ ဖြစ်ပေါ်နေသဖြင့် ပြည်တွင်းလိုအပ်ချက်နှင့် တင်ပို့နိုင်မှုအခြေအနေများအပေါ်တွင် အလေးထားရန်လိုအပ်ကြောင်း၊ ရုရှနိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ ဂျုံအဓိကတင်ပို့သည့်နိုင်ငံဖြစ်သော်လည်း ဘရာဇီးလ်နိုင်ငံအတွက်လိုအပ်သောဂျုံများကို အာဂျင်တီးနား၊ ပါရာဂွေးနှင့်ကနေဒါနိုင်ငံတို့မှ အဓိကဝယ်ယူတင်သွင်းလျက်ရှိသဖြင့် ရုရှ- ယူကရိန်းစစ်ပွဲသည် ဘရာဇီးလ်နိုင်ငံ၏ဂျုံဝယ်ယူ ရရှိနိုင်မှုအပေါ်တွင် တိုက်ရိုက်ထိခိုက်မှုမရှိနိုင်ကြောင်း၊ သို့ရာတွင် စစ်ပွဲကြောင့် ကမ္ဘာ့ဈေးကွက်သို့ ဂျုံဝင်ရောက်မှုကျဆင်းခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းများဖြစ်ပေါ်နိုင်ကြောင်း၊ အချက်အလက်များအရ ရုရှစစ်ပွဲစတင်ချိန်မှစ၍ ဂျုံအပါအဝင် စားသုံးကုန်ပစ္စည်းဈေးနှုန်းများ သိသိသာသာမြင့်တက်လျက်ရှိနေကြောင်း Ferreira ကပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………………………

## ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း ဘရာဇီးလ်နိုင်ငံ၏ ဝက်သားတင်ပို့မှု ၁.၃ ရာခိုင်နှုန်း တိုးတက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဘရာဇီးလ်နိုင်ငံ၏ဝက်သား တင်ပို့မှုသည် တန်ချိန် ၁၄၆,၁၀၀ တန်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်ကာလတူတွင် ဝက်သားတန်ချိန် ၁၄၄,၂၀၀ တန်အား တင်ပို့ခဲ့သဖြင့် နှိုင်းယှဉ်ပါက ၁.၃ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း အသားထုတ်လုပ်သူများအသင်း(Brazilian Association of Animal Protein – ABPA)၏ ဥက္ကဋ္ဌ Ricardo Santin က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ပထမ ၂ လတာကာလအတွင်း ဝက်သားတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃၂.၂ သန်းရရှိခဲ့ပြီး ယခု ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၈.၂ သန်းရရှိခဲ့သဖြင့် နှိုင်းယှဉ်ပါက ၇.၂ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလတွင် ဝက်သားတန်ချိန် ၇၁,၅၀၀ တန်တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁၄၇.၄ သန်း ရရှိခဲ့

ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဝက်သားတန်ချိန် ၈၁,၁၀၀ တန် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၅.၇ သန်း ရရှိခဲ့သဖြင့် နှိုင်းယှဉ်ပါက တင်ပို့ခဲ့သည့် တန်ချိန်ပမာဏတွင် ၁၁.၉ ရာခိုင်နှုန်းလျှော့ကျခဲ့ပြီး ဝင်ငွေရရှိမှုတွင် ၂၀.၆ ရာခိုင်နှုန်းလျှော့ကျခဲ့ကြောင်း Ricardo Santin က ပြောကြားခဲ့သည်။

သဘော်ဂရရှိမှုအခက်အခဲနှင့် ထုတ်လုပ်မှုစရိတ်မြင့်တက်နေမှုတို့ကြောင့် ဝက်သားတင်ပို့မှုတွင် အခက်အခဲများကြုံတွေ့ရလျက်ရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံမှဝက်သားများအား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း တန်ချိန် ၅၃,၀၀၀ တန်အား တင်ပို့ခဲ့ကြောင်း၊ တရုတ်နှစ်သစ်ကူးကာလပြီးနောက် တရုတ်နိုင်ငံသို့ဝက်သားတင်ပို့သည့် ပမာဏ လျှော့ကျခဲ့သော်လည်း မကြာမီကာလတွင် ပုံမှန်စားသုံးမှုအခြေအနေသို့ရောက်ရှိနိုင်ရန် မျှော်မှန်းထားကြောင်း၊ ထို့အပြင် ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၉၆,၀၀ တန်၊ အာဂျင်တီးနားနိုင်ငံသို့ ၈,၁၀၀ တန်နှင့် စင်္ကာပူနိုင်ငံသို့ ၇,၃၀၀ တန်တို့ကိုလည်း အသီးသီးတင်ပို့ခဲ့ကြောင်း အသားထုတ်လုပ်သူများအသင်းမှ စျေးကွက်ရှာဖွေရေး ဒါရိုက်တာ Luís Rua က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………

**စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ၅၄ ရာခိုင်နှုန်းသည် ၎င်းလုပ်ငန်းတွင် Drone များအား တွင်ကျယ်စွာအသုံးပြုရန် ဆန္ဒရှိနေကြကြောင်း သုတေသနစစ်တမ်းတွင်ဖော်ပြ**

စိုက်ပျိုးရေးလုပ်ငန်းသုံး Drone နည်းပညာနှင့်ပတ်သက်၍ သုတေသနပြုစစ်တမ်း Drone Industry Situation 2022 ကိုပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၏ ၅၄ ရာခိုင်နှုန်းသည် ၎င်းတို့၏လုပ်ငန်းတွင် Drone များအားတွင်ကျယ်စွာအသုံးပြုရန်အတွက် ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိကြကြောင်း အမေရိကန်ကုမ္ပဏီ DroneDeploy ၏ သုတေသနတွေ့ရှိချက်များအားထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

နိုင်ငံပေါင်း ၄၀ ကျော်ရှိ စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့ အပါအဝင် စီးပွားရေးကဏ္ဍပေါင်း၂၀ တို့၌လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင် ၇၆၆ ဦးတို့အား ကုမ္ပဏီက သုတေသနပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၏ ၃၃ ရာခိုင်နှုန်းသည် ၎င်းတို့၏

စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးဖြန်းခြင်း၊ ခေတ်မြေသြဇာကြဲပက်ခြင်းနှင့် မြေနမူနာများရယူခြင်းတို့ဆောင်ရွက်ရာ၌ Drone နည်းပညာများကိုစတင်အသုံးပြုရန် ပြင်ဆင်လျက်ရှိကြောင်း၊ စွမ်းအင်ကုမ္ပဏီများတွင် Drone နည်းပညာအားတွင် ကျယ်စွာအသုံးပြုနေသကဲ့သို့ ဒီဂျစ်တယ် စိုက်ပျိုးရေးလုပ်ငန်းများ၏ ၆၈ ရာခိုင်နှုန်းတွင် Drone နည်းပညာများ အသုံးပြုလျက်ရှိပြီး ၂၁ ရာခိုင်နှုန်းတွင် sensor နည်းပညာများအသုံးပြု၍ စိုက်ပျိုးမြေအစိုဓာတ် စစ်ဆေးခြင်း၊ အပင်ဖျက်ပိုးမွှားများကာကွယ်ခြင်းနှင့် သီးနှံစိုက်ခင်း အခြေအနေစောင့်ကြည့်လေ့လာခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း ကုမ္ပဏီ၏သတင်းတွင် ဖော်ပြထားသည်။

Drone နည်းပညာအား ထိရောက်စွာအသုံးချနိုင်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ကုန်သက်သာခြင်း၊ လူလုပ်အားများလျှော့ချနိုင်ခြင်းနှင့် အချက်အလက်များလွယ်ကူစွာကောက်ယူနိုင်ခြင်းစသည့်အကျိုးကျေးဇူးများအပြင် သီးနှံအထွက်နှုန်းများလည်း သိသိသာသာတိုးတက်ခဲ့ကြောင်း၊ အခြားလုပ်ငန်းများထက် စိုက်ပျိုးရေးလုပ်ငန်းတွင် Automation နည်းပညာသည် အလွန်အရေးပါကြောင်းတို့ကို လုပ်ငန်းရှင်များ၏ ၅၇ ရာခိုင်နှုန်းကဖြေကြားခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းတွင် လူလုပ်မှတ်ဉာဏ်တုနည်းပညာအသုံးပြုသည့် စက်ရုပ်များသည် အလွန်အရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့် လာမည့်နှစ်အနည်းငယ်တွင် Drone နည်းပညာအသုံးပြုမှုသည် စိုက်ခင်းမြေပုံထုတ်ခြင်းများအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများ၌ တွင်တွင်ကျယ်ကျယ်အသုံးပြုလာရန် ယုံကြည်လျက်ရှိကြောင်းကို စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ၅၄ ရာခိုင်နှုန်းကဖြေကြားခဲ့ကြောင်း ကုမ္ပဏီ၏ သုတေသနတွေ့ရှိချက်သတင်းထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

……………………………………………………………………………………………………..

Agribusiness & Trade

## ထိုင်းကြက်သားစက်ရုံများသည် ဆော်ဒီသို့တင်ပို့ရန်ခွင့်ပြုချက်ရရှိခြင်း

(၁၈)နှစ်ကြာ ပြည်ပတင်ပို့မှုရပ်ဆိုင်းခဲ့ပြီးနောက် ထိုင်းကြက်သားစက်ရုံ(၁၁)ရုံတို့သည် ဆော်ဒီအာရေဗျနိုင်ငံ၏ ခွင့်ပြုချက်ကိုရရှိကာ လတ်ဆပ်သည့်အအေးခဲ(Chilled and Frozen fresh Chicken) ကြက်သားများကို မတ်လ(၁၃)ရက်နေ့မှစတင်၍ တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း၊ ဆော်ဒီအာဏာပိုင်များအနေဖြင့် အဆိုပါကြက်သားစက်ရုံများကို ယမန်နှစ်က စစ်ဆေးခဲ့ပြီးနောက် ယခုကဲ့သို့သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စမှာ ထိုင်းနိုင်ငံအတွက်သာမကဘဲ ကြက်သားထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးအတွက်သတင်းကောင်းဖြစ်ကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။ ဆော်ဒီအာရေဗျသည် လက်ရှိအားဖြင့် တစ်နှစ်လျှင် ကြက်သားတန်ချိန် (၅၉၀,၀၀၀) တင်သွင်းလျှက်ရှိကြောင်း၊ (၇၀%)ကို ဘရာဇီးမှလည်းကောင်း၊ ကျန်(၃၀%)ကို ယူကရိန်းနှင့် ပြင်သစ်မှလည်းကောင်း တင်သွင်းလျှက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါဆော်ဒီအာရေဗျနိုင်ငံ၏ ခွင့်ပြုချက်ကြောင့် ထိုင်းနိုင်ငံအနေဖြင့် ဆော်ဒီဈေးကွက်ဝေစုပိုမိုရရှိရန် အခွင့်အလမ်းများ ရရှိလာမှာဖြစ်ကြောင်း၊ မိမိအနေဖြင့် အမြဲတမ်းအတွင်းဝန်နှင့်အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့အား ပြည်တွင်းကြက်သားဈေးအပေါ်ထိခိုက်မှု အနည်းဆုံးဖြင့် ဆော်ဒီသို့ကြက်သားတင်ပို့နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍများနှင့် ထိုင်းအစ္စလာမ့်မစ်ဗဟိုကောင်စီတို့နှင့် ဆွေးနွေးပြင်ဆင်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်ကဆက်လက်၍ ၎င်းအနေဖြင့် ဆော်ဒီသို့အခြားထုတ်ကုန်များ တင်ပို့မှုအရှိန်မြှင့်တင်နိုင်ရေးကိုလည်း ရည်မှန်းထားကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် ဆော်ဒီသို့သွားရောက်လည်ပတ်ရန်လည်း စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပါသည်။

ယမန်နှစ်က ထိုင်းနိုင်ငံ၏အအေးခဲနှင့် ပြုပြင်ထားသောကြက်သားများ ပြည်ပတင်ပို့မှုမှာ တန်ချိန်အားဖြင့်(၉၁၂,၉၀၀)တန်ရှိပြီး တန်ဖိုးအားဖြင့်ဘတ်ငွေ(၁၀၂,၅၂၉) ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Phusit

Ratanakul Sereroengrit က ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ ကြက်သား တင်ပို့မှုအနေဖြင့် တန်ဖိုးအားဖြင့်ဘတ်ငွေ(၅၆.၉) ဘီလီယံရှိခဲ့ကြောင်းနှင့် ၂၀၀၃ခုနှစ်တွင် ဘတ်ငွေ (၄.၈) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းနောက်တွင် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့မှုကြောင့် ထိုင်း နိုင်ငံမှ ဆော်ဒီသို့ ကြက်သားတင်ပို့မှုမရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

Mr. Phusit ၏အဆိုအရ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် ထိုင်းပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးတိုင်ပင်ပြီး ပြည်တွင်းစားသုံးမှုနှင့် ဈေးနှုန်းတို့အပေါ်သက်ရောက်မှု အနည်းဆုံးဖြင့် ပို့ကုန်မြှင့်တင်သွားရန်မူအရ ယခုနှစ်အတွင်း ဆော်ဒီအာရေဗျသို့ ကြက်သားတင်ပို့မှု အလားအလာအပေါ်အကဲဖြတ်ရန် စောလွန်းနေသေးကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.........................................................................................................

## ရုရှား-ယူကရိန်းစစ်ပွဲသည် ငွေကြေးဖောင်းပွမှုလှိုင်းသစ်များနှင့် အတိုးနှုန်း မြင့်တက် လာနိုင်ကြောင်း The Reserve Bank of Australia ကသတိပေးလိုက်ခြင်း

ယူကရိန်းနိုင်ငံကို ရုရှားက ကျူးကျော်ဝင်ရောက်လာမှုကြောင့် ကမ္ဘာတဝှမ်း ငွေကြေး ဖောင်းပွမှုလှိုင်းသစ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း The Reserve Bank of Australia ၏ Governor Philip Lowe သတိပေးထားသည်။ ဈေးနှုန်းများ မြင့်တက်လာခြင်း၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုသည် အနာဂတ်တွင် ငွေကြေးဖောင်းပွမှု မည်မျှမြင့်မားလာနိုင်မည်ဆိုသည့် ပြည်သူ များ၏မှန်းဆချက်များကို ပြောင်းလဲသွားစေနိုင်ကြောင်းလည်း ၎င်းကသတိပေးခဲ့သည်။ ဈေးနှုန်းများ ဆက်တက်လာမည်ဟု လူအများက ယုံကြည်လက်ခံလာပါက ငွေကြေးဖောင်းပွမှု ကိုထိန်းချုပ်ရန် ဗဟိုဘဏ်များ၏ စွမ်းရည်ကို စိန်ခေါ်နိုင်သည်ဖြစ်ရာ ၎င်းသည်အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၉-၃-၂၀၂၂ ရက်နေ့တွင် ကျင်းပသည့် AFR Business Summit တွင် ဒေါက်တာ Lowe က “ယူကရိန်းစစ်ပွဲနှင့် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများသည် အထူးသဖြင့် ကုန်ပစ္စည်းများ အတွက် ဈေးနှုန်းများတက်စေမည့် ထောက်ပံ့ရေးပိုင်း ဂယက်အသစ်ကို ဖန်တီးပေးခဲ့သည်” ဟု ပြောကြားခဲ့သည်။ ဤထောက်ပံ့မှုဂယက်သည် ဗဟိုဘဏ်များ၏ ရည်မှန်းချက်များထက် ငွေကြေး

ဖောင်းပွမှုကာလကို သက်တမ်းကြာရှည်စေမည် ဖြစ်သည်။ ထိုသို့ဆိုပါက မြင့်မားသောငွေကြေး ဖောင်းပွမှုသည် ကျယ်ပြန့်ပြီး၊ တည်မြဲနိုင်သည်ဖြစ်ရာ ကြီးမားသော ငွေကြေးမူဝါဒဆိုင်ရာ တုံ့ပြန်မှု တစ်ခုကို လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒေါက်တာ Lowe က ယခုအချိန်တွင် ငွေကြေးဈေးကွက်ဈေးနှုန်းသည် မြောက်အတ္တလန္တိတ် စီးပွားရေးနိုင်ငံများတွင် အတိုးနှုန်းသည် မြင့်တက်ခြင်းမရှိဘဲ စားသုံးသူ ဈေးနှုန်းဖောင်းပွမှု (CPI) သည် ၎င်း၏ လက်ရှိမြင့်မားသောနှုန်းထားများမှ ၂ % ဝန်းကျင်သို့ ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်း ပြောကြားခဲ့သည်။

ရုရှား-ယူကရိန်းစစ်ပွဲသည် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ အဓိက ကုန်ပစ္စည်းများ အတွက်ဈေးနှုန်းများမြင့်တက်စေခြင်းဖြင့် ထောက်ပံ့ရေးဂယက်အသစ်ကို ဖြစ်ပေါ်စေခဲ့ကြောင်း ဒေါက်တာ Lowe က ပြောကြားခဲ့သည်။ ရေနံစိမ်းနှင့် အပူကျောက်မီးသွေးဈေးနှုန်းများသည် ၄၀ % အထိ မြင့်တက်နေပြီဟု လေ့လာတွေ့ရှိရပြီး၊ နီကယ်နှင့် အလူမီနီယမ်ကဲ့သို့သော အခြေခံသတ္တုများ ၏ ဈေးနှုန်းများမှာ ပို၍ပင်သိသိသာသာ မြင့်တက်လာကြောင်း ၎င်းက သုံးသပ်ထားသည်။ ဖေဖော် ဝါရီလဆန်းပိုင်းမှစတင်၍ ကမ္ဘာ့ဈေးကွက်တွင် ဂျုံဈေး ၄၀ % မြင့်တက်လာသဖြင့်စိုက်ပျိုးရေး ကုန် စည်များအပေါ်ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဥရောပရှိနိုင်ငံများအတွက် ကုန်စည်ဈေးနှုန်းများ မြင့် တက်လာခြင်းသည် ၎င်းတို့၏ကုန်သွယ်မှုနှင့် နိုင်ငံတော်ဝင်ငွေအတွက် အနုတ်လက္ခဏာ တုန်လှုပ်မှု တစ်ရပ်ဖြစ်ကြောင်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများကို နှေးကွေးနိုင်ပြီး၊ ငွေကြေးဖောင်းပွမှု နှုန်းထား မြင့်တက်လာနိုင်ကြောင်း သိရှိရသည်။

သို့သော် ဩစတြေးလျနိုင်ငံသည် ဈေးတက်နေသောကုန်စည်အများအပြားကို တင်ပို့နေ သောကြောင့် ဩစတြေးလျ၏ စီးပွားရေးအပေါ် ချက်ချင်းသက်ရောက်မှုမှာ ဥရောပနှင့် ကွာခြားမည် ဟု ဒေါက်တာ Lowe က သုံးသပ်ထားသည်။ ဩစတြေးလျ၏ ကုန်သွယ်မှုသည် လာမည့်လများ အတွင်းမြင့်တက်လာမည်ဖြစ်ပြီး၊ အရင်းအမြစ်ကုမ္ပဏီများအတွက် အမြတ်အစွန်း ပိုမိုမြင့်မားကာ အခွန်ဝင်ငွေပိုမိုရရှိစေမည့် နိုင်ငံဝင်ငွေကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ သို့သော် စားသုံးသူများသည် လောင်စာဆီနှင့် အခြားဈေးနှုန်းများ တက်လာခြင်းတို့ကို ခံစားရမည်ဖြစ်သည်။

စစ်မဖြစ်မီက ကမ္ဘာ့ထောက်ပံ့ရေး ကွင်းဆက်များသည် ပိတ်ဆို့မှုများ ဖြေလျော့သွား ကြောင်း အရိပ်အယောင်များပြသခဲ့သော်လည်း ယခုအခါရုရှားအပေါ် ပဋိပက္ခနှင့် ပိတ်ဆို့အရေးယူမှု များကြောင့် အဆိုပါအစီအစဉ်များသည် ထောက်ပံ့ရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များဖြင့် အထိန်း အသိမ်းကင်းမဲ့သွားခဲ့ကြောင်း ဒေါက်တာ Lowe က ပြောကြားခဲ့သည်။ စီးပွားရေး လုပ် ငန်းများသည်

Agribusiness & Trade

စွမ်းရည်ကန့်သတ်ချက်များကို ဖြေလျှော့ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် လုပ်ငန်းစဉ်များတွင်အပြောင်းအလဲများဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ကြောင်းနှင့် ဤတိုးတက်မှုများသည် အခြေခံအချက်များအဖြစ် ပံ့ပိုးပေးနေရာ တစ်ကမ္ဘာလုံးနှင့် သြစတြေးလျနိုင်ငံတို့အတွက် ထောက်ပံ့ရေးဆိုင်ရာ ငွေကြေးဖောင်းပွမှုဖိအားများ အချိန်နှင့်အမျှ သက်သာလာမည်ဟု မျှော်မှန်းထားသည်။

ဒေါက်တာ Lowe က သြစတြေးလျအရှေ့ဘက်ကမ်းရိုးတန်းရှိ ရေလွှမ်းမိုးကပ်ဘေးသည် ယခုနှစ်အတွင်း အချို့သောဈေးနှုန်းများအပေါ် အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အများအပြား၏ ဈေးနှုန်းများမြင့်တက်နေကာ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်နေပြီး စိုက်ပျိုးမြေဒေသတချို့ကို ဆိုးရွားစွာထိခိုက်နေကြောင်း ပြောကြားခဲ့သည်။

Westpac-Melbourne Institute က ဗုဒ္ဓဟူးနေ့တွင် နောက်ဆုံးထုတ်ပြန်လိုက်သည့် စားသုံးသူစိတ်သဘောထားစစ်တမ်းအရ စားသုံးသူ စိတ်သဘောထားသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ် အနုတ်သဘောဆောင်ကာ ကျဆင်းသွားခဲ့သည် ကိုဖော်ပြထားသည်။ အဆိုပါစစ်တမ်းကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ်လ ၄ ရက်ကြားတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ ကွင်းစလန်ပြည်နယ်အရှေ့တောင်ပိုင်းနှင့် နယူးဆောက်ဝေးလ်ပြည်နယ်မြောက်ပိုင်း ရေကြီးမှုများ၏ သက်ရောက်မှု အများးစုထည့်သွင်းနိုင်ခဲ့သော်လည်း ဆစ်ဒနီတွင် ဖြစ်ပေါ်နေသည့် လက်ရှိဘေးအန္တရာယ်အများစုအတွက် ထည့်သွင်းတွက်ချက်ရန် စောသေးကြောင်းသိရှိရသည်။ စားသုံးသူများသည် လာမည့် (၁၂) လနှင့် လာမည့် (၅) နှစ်အတွင်းတွင် စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ ပိုမိုစိုးရိမ်လာကြောင်း စစ်တမ်းက ဖော်ပြထားသည်။

AMP Investments မှ Diana Mousina က "ယခု Covid-19 သည် စားသုံးသူများအတွက် စိုးရိမ်စရာနည်းပါးသော်လည်း၊ ငွေကြေးဖောင်းပွမှု၊ အတိုးနှုန်းမြင့်တက်မှု၊ ဓာတ်ဆီဈေးနှုန်းများမြင့်တက်လာမှု၊ သြစတြေးလျတွင် ရေလွှမ်းမိုးမှုနှင့် ယူကရိန်းစစ်ပွဲများအကြောင်း သတင်းဆိုးများက စားသုံးသူများအပေါ် သက်ရောက်မှုရှိလိမ့်မည်" ဟု ပြောကြားခဲ့သည်။

The Reserve Bank of Australia ၏ Governor ဒေါက်တာ Lowe က ယခုနှစ် နှောင်းပိုင်းတွင် အတိုးနှုန်းထား တိုးမြင့်လာနိုင်ကြောင်း ခန့်မှန်းပြောဆိုထားပြီး၊ လက်ရှိတွင် အတိုးနှုန်းမှာ ၀.၁ % ဖြစ်သည်။

Source: [www.abc.net.au](http://www.abc.net.au)
ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………………………………………...

Agribusiness & Trade

## ရုရှား၏ ယူကရိန်းသို့ ကျူးကျော်မှုကြောင့် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ရုရှားသို့ ရေနံတင်သွင်းခွင့် တားမြစ်ကြောင်း ကြေညာလိုက်ခြင်း

ယူကရိန်းနိုင်ငံကို ကျူးကျော်ဝင်ရောက်မှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ရုရှား၏စီးပွားရေးကိုထိခိုက်စေသည့် ရုရှားရေနံတင်သွင်းမှုကို တားမြစ်ပိတ်ပင်လိုက်ကြောင်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ၈-၃-၂၀၂၂ ရက်နေ့တွင် ကြေညာခဲ့သည်။

သို့သော် အမေရိကန်၏ တားမြစ်ပိတ်ပင်မှုကို မည်သည့်နေ့တွင်စတင်မည်ဖြစ်ကြောင်း မသိရှိရသေးပေ။ ဥရောပသမဂ္ဂသည်လည်း စွမ်းအင်လိုအပ်ချက်အတွက် ရုရှားအပေါ် မှီခိုအားထားမှုကို တတ်နိုင်သမျှအမြန်ဆုံးဖြတ်ပစ်ရန်၈-၃-၂၀၂၂ ရက်နေ့တွင် အစီအစဉ်များကို ထုတ်ပြန်ခဲ့သည်။ ရုရှားကျူးကျော်မှုအပေါ် ကြီးမားသော ပိတ်ဆို့အရေးယူမှုတွင် ချန်လှပ်ထားခဲ့သည့် သွင်းကုန်များကို ပိတ်ဆို့ဖြတ်တောက်ရန် ယူကရိန်းသမ္မတက အမေရိကန်နှင့် အနောက်နိုင်ငံများမှ တာဝန်ရှိသူများထံ မေတ္တာရပ်ခံခဲ့ပြီးနောက် အဆိုပါလှုပ်ရှားမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

စွမ်းအင်တင်ပို့မှုများသည် ရုရှားအစိုးရထံ ငွေကြေးလည်ပတ်မှု ဆက်တိုက်စီးဆင်းနေသော်လည်း ၎င်း၏ဘဏ္ဍာရေးကဏ္ဍအပေါ် ပြင်းထန်စွာ ကန့်သတ်ချက်များရှိနေသည်။ အိမ်ဖြူတော်မှ မိန့်ခွန်းပြောကြားရာတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တားမြစ်ချက်ကြောင့် လောင်စာဆီဈေးနှုန်းများမြင့်တက်လာမည်ကို အမေရိကန်များကမြင်ရမည်ဖြစ်ကြောင်း သတိပေးခဲ့ပြီး၊ "လွတ်လပ်မှုကို စောင့်ရှောက်ကာကွယ်ရာ၌ ပေးဆပ်မှုတစ်စုံတစ်ရာရှိနိုင်မည်" ဟု ပြောဆိုခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဗြိတိန်သည် ရုရှား ရေနံနှင့် ရေနံထွက်ပစ္စည်းတင်သွင်းများမှုကို ၂၀၂၂ ခုနှစ်ကုန်တွင် ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ "ယူကရိန်းကို တရားမဝင်ကျူးကျော်ဝင်ရောက်ပြီးနောက် ပူတင်အစိုးရအတွက် နောက်ထပ် စီးပွားရေးအရထိုးနှက်ချက်တစ်ခုအနေဖြင့် ဗြိတိန်သည် ရုရှားရေနံအပေါ် မှီခိုမှုမှ ယခုတစ်နှစ်လုံးဝေးကွာသွားလိမ့်မည်" ဟု မစ္စတာဂျွန်ဆင်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လုပ်ငန်းကဏ္ဍနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် ကုမ္ပဏီများအတွက် အချိန်အလုံအလောက်ပေးကာ စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန် တစ်နှစ်တာကာလအတွင်း အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်စီးပွားရေးဝန်ကြီး Kwasi Kwarteng က စီးပွားရေးလုပ်ငန်းများ ချောမွေ့စွာကူးပြောင်းနိုင်မှုရှိစေရန် စီးပွားရေးလုပ်ငန်းများအား ယခုနှစ်အတွင်း ကျန်ရှိသည့်ကာလကို အသုံးပြုရန် တိုက်တွန်းခဲ့ပြီး၊ အစိုးရအနေဖြင့် အစားထိုးရောင်းချသူများရှာဖွေရန်အတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို

ထူထောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအကူးအပြောင်းသည် ဈေးကွက်၊ စီးပွားရေးလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကို ဗြိတိန်ဝယ်လိုအား၏ ၈ % အထိရှိသော ရုရှားသွင်းကုန်များကို အစားထိုးရန် လုံလောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတွင်းထောက်ပံ့မှု၏ ၄ % ခန့်ရှိသောဓာတ်ငွေ့များကို ရုရှားမှ ဗြိတိန်တင်သွင်းမှုကို အဆုံးသတ်နိုင်ရန် ရွေးချယ်မှုများကို စူးစမ်းရှာဖွေနေသည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

ဥရောပကော်မရှင်သည် ရုရှားဓာတ်ငွေ့အပေါ် အီးယူ၏ မှီခိုနေရမှုကို ယခုနှစ်တွင် သုံးပုံနှစ်ပုံဖြတ်တောက်ရန်နှင့် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ရုရှားလောင်စာဆီအပေါ် မှီခိုအားထားမှုကို အဆုံးသတ်ရန် အစီအစဉ်များကို အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သည်။ ဥရောပသမဂ္ဂ အမှုဆောင်အရာရှိကင်းသည် အစားထိုးထောက်ပံ့ရေးပစ္စည်းများသို့ ကူးပြောင်းပြီး သန့်ရှင်းသောစွမ်းအင်ကို ပိုမိုမြန်ဆန်စွာတိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်များကို အကောင်အထည်ဖော်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအစိုးရများတွင် အဓိကတာဝန်ရှိကြောင်း ပြောကြားခဲ့သည်။ အမေရိကန်နှင့် ကာတာကဲ့သို့သော နိုင်ငံများမှ ထွက်ရှိသည့်သဘာဝဓာတ်ငွေ့နှင့် ဓာတ်ငွေ့ရည်ပမာဏသည် ယခုနှစ်တွင် ဥရောပ၏ ရုရှားမှရရှိသော သဘာဝဓာတ်ငွေ့သုံးပုံတစ်ပုံကျော်ကို အစားထိုးနိုင်ကြောင်း ကော်မရှင်ကပြောကြားခဲ့သည်။

ဥရောပနိုင်ငံများသည် သဘာဝဓာတ်ငွေ့ကို ယူကရိန်းနိုင်ငံကိုဖြတ်လျက် ရုရှားနိုင်ငံမှပိုက်လိုင်းများဖြင့် တင်သွင်းလျက်ရှိရာ ရုရှားက အထူးစစ်ရေး စစ်ဆင်ရေးဟု ခေါ်ဝေါ်သည့် ယူကရိန်းကျူးကျော်မှုနောက်ပိုင်း ဥရောပသို့ ဓာတ်ငွေ့စီးဆင်းမှုများ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## Brent ရေနံစိမ်းဈေးကျဆင်းမှုကြောင့် ပြည်တွင်းရေနံကုမ္ပဏီများကို ထိခိုက်စေပြီး ဩစတြေးလျငွေတန်ဖိုးကျဆင်းသွားခြင်း

Brent ရေနံစိမ်းဈေးနှုန်းသည် ရက်သတ္တပတ်များစွာကြာအောင် ရောင်းဝယ်ဖောက်ကားမှုမှ ကျဆင်းလာသောကြောင့် ဩစတြေးလျရေနံထုတ်လုပ်သူများနှင့် ပြည်တွင်းသုံးငွေများကို ထိခိုက်မှု

Agribusiness & Trade

ဖြစ်ပွားလျက်ရှိသည်။ ASX 200 သည် ၁၅-၃-၂၀၂၂ ရက်နေ့တွင် ၀.၇ % အရှုံးဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့ပြီး၊ နောက်ဆုံးတွင် ၇,၀၉၈ မှတ်ဖြင့်ပိတ်သွားခဲ့သည်။ ကြီးကြီးမားမား အရှုံးပေါ်သူများထဲတွင် Champion နှင့် Chalice သတ္တုတွင်းတို့ ပါဝင်ပြီး၊ နှစ်ဦးစလုံးမှာ ၁၀ % ခန့် ဆုံးရှုံးမှုရှိကြောင်း သိရှိရသည်။

အခြားတစ်ဖက်တွင် Uniti Group သည် ဝယ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေသည့် အစီရင်ခံစာများပေါ်တွင် ၂၇ % အမြတ်ရရှိခဲ့သည်။ Beach Energy နှင့် BHP အပါအဝင်အခြား ကုမ္ပဏီများမှာ ၅ % ဆုံးရှုံးခဲ့ရပြီး၊ ၎င်းတို့နှစ်ဦးစလုံးသည် ရေနံထုတ်လုပ်မှုတွင် အကျိုးတူစီးပွားများရှိနေသည်။ ၁၅-၃-၂၀၂၂ ရက်နေ့၊ နံနက် ၈ နာရီ ၃၀ မိနစ်တွင် Brent ရေနံစိမ်းသည် တစ်စည်လျှင်အမေရိကန်ဒေါ်လာ ၁၀၆ ဝန်းကျင်အထိကျဆင်းသွားသဖြင့် ရေနံဈေးနှုန်းသည်တစ်ညလုံး ဈေးကျသွားခြင်းဖြစ်သည်။

ယူကရိန်းနှင့် ရုရှား စစ်ရေးပဋိပက္ခကြောင့် သီတင်းပတ်များအကြာ ရေနံဈေးတက်နေခဲ့ပြီး ရုရှားသည်ကမ္ဘာ့ဒုတိယအကြီးဆုံး ကုန်ပစ္စည်းထုတ်လုပ်သူဖြစ်ရာ အဆိုပါ ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံထောက်ပံ့မှုမှာ မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ ယခုမူရေနံဈေးနှုန်းမှာ ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးမှုကြောင့် ရက်ပိုင်းအတွင်းသဘောတူညီချက်မူကြမ်းများ အကောင်အထည်ဖော်နိုင်မည်ဟု နှစ်ဖက်ကိုယ်စားလှယ်အချို့၏ ပြောဆိုမှုများနှင့်အတူ ရေနံဈေးနှုန်းအမြင့်မှ ကျဆင်းခဲ့သည်။ လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများသည်စတော့ဈေးကွက်ကို ဆက်လက်မတည်မငြိမ်ဖြစ်စေလိမ့်မည် ဖြစ်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

သြစတေးလျ ရေနံအဖွဲ့အစည်း၏ အချက်အလက်များအရ ယခုအခါ နိုင်ငံတွင်း ပျမ်းမျှဈေးမှာ 92 နှင့် 98 အောက်တိန်း ဓာတ်ဆီတစ်လီတာ၏ ပျမ်းမျှဈေးနှုန်းမှာ သြစတြေးလျ ဒေါ်လာ ၁၉၇.၆ ဆင့်ဖြင့် စံချိန်တင်မြင့်မားနေကြောင်း သိရှိရသည်။ သြစတြေးလျတောင်ပိုင်း၊ အနောက်သြစတြေးလျ၊ မြောက်ပိုင်းနယ်မြေနှင့် တက်စမေးနီးယားတို့တွင် ပျမ်းမျှနှုန်းသည် တစ်လီတာလျှင် ၂ ဒေါ်လာအထက်သို့ ရောက်ရှိနေကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

Agribusiness & Trade

## သြစတြေးလျအစိုးရက အပျော်စီးသင်္ဘောများ ဆိုက်ရောက်၊ ထွက်ခွာခြင်းများကို ဧပြီလ ၁၇ ရက်အထိ တားမြစ်ထားမည်

လက်ရှိပြဋ္ဌာန်းထားသည့် သြစတြေးလျဆိပ်ကမ်းများမှ နိုင်ငံတကာ အပျော်စီးသင်္ဘောများ ဆိုက်ရောက်ခြင်းနှင့် ထွက်ခွာခြင်းအား တားမြစ်ချက်မှာ ဧပြီလ ၁၇ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း သြစတြေးလျအစိုးရသည် ဆေးဘက်ဆိုင်ရာ အကြံပြုချက်အပေါ် အခြေခံ၍ သက်တမ်းတိုးမည်မဟုတ်ကြောင်း ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဝန်ကြီးဌာနနှင့်ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနတို့က ၁၅-၃-၂၀၂၂ ရက်နေ့တွင် ပူးတွဲ သတင်းထုတ်ပြန်ထားသည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ကမ္ဘာလုံးဆိုင်ရာ COVID-19 ပျံ့နှံ့မှုအပြီး သြစတြေးလျအစိုးရသည် ဇီဝလုံခြုံရေးအက်ဥပဒေ ၂၀၁၅ အရ သြစတြေးလျနိုင်ငံသို့ နိုင်ငံတကာအပျော်စီး သင်္ဘောကြီးများဝင်ရောက်ခြင်းကို တားမြစ်ခြင်းဖြင့် အစိုးရသည် အရေးကြီးသောခြေလှမ်းတစ်ရပ်ကို လုပ်ဆောင်ခဲ့ရာ သြစတြေးလျပိုင်နက်အတွင်း COVID-19 ဝင်ရောက်မှု၊ ပေါ်ပေါက်မှုနှင့် ပျံ့နှံ့မှုကိုတားဆီးထိန်းချုပ်ရာတွင် အလွန်ထိရောက်မှုရှိသည်။

အစိုးရအဖွဲ့သည် အရှေ့ပိုင်းပြည်နယ်များနှင့် အပျော်စီးသင်္ဘော လုပ်ငန်းကဏ္ဍ၏ သင့်လျော်သောကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းနှင့် သင်္ဘောစီးရာတွင် ဘေးကင်းမှုကို ပံ့ပိုးပေးသည့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ခြင်း စသည့် အပြုသဘောဆောင်သည့်တိုးတက်မှုကို အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာ အပျော်စီးသင်္ဘောများသည် ၎င်းတို့ဆိုက်ကပ်သည့် တရားစီရင်ပိုင်ခွင့် အာဏာ၏ပြည်နယ်နှင့် နယ်မြေဆိုင်ရာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအားလုံးကို ပြည့်မီရန် လိုအပ်မည်ဖြစ်သည်။ ပြည်နယ်နှင့်နယ်မြေအာဏာပိုင်များသည် အပျော်စီးသင်္ဘောများကို လက်ခံနိုင်ရန် ၎င်းတို့၏ အသင့်အနေအထားဖြစ်မှုကို အသိပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ကျန်းမာရေးဝန်ကြီး Greg Hunt က အဆိုပါတားမြစ်ပိတ်ပင်မှုကို ခွင့်ပြုရန်ဆိုင်းငံ့သည့်ဆုံးဖြတ်ချက်သည် ဆေးဘက်ဆိုင်ရာ အကြံပြုချက်အပေါ် အခြေခံကြောင်းပြောကြားခဲ့သည်။ ဆေးဘက်ဆိုင်ရာအကြံညာဏ်များနှင့် အမျိုးသားအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပျော်စီးသင်္ဘောပိတ်ပင်မှုကို ရုတ်သိမ်းခြင်းသည် သြစတြေးလျ နိုင်ငံတကာနယ်စပ်ကို ပြန်လည်ဖွင့်လှစ်ခြင်းနှင့်ကိုက်ညီပြီး၊ COVID-19 ကပ်ရောဂါအတွက် သြစတြေးလျ၏ အရေးပေါ်တုံ့ပြန်မှုကို ပြသနေသည်။

Agribusiness & Trade

အပျော်စီးလုပ်ငန်းကဏ္ဍ mandates များတွင် ခရီးသည်များမှာကာကွယ်ဆေးထိုးနှံပြီး သူများဖြစ်ရန် လိုအပ်ခြင်း၊ သင့်လျော်သောလုပ်ငန်းလည်ပတ်မှုနှင့် ရောဂါဖြစ်ပွားမှု စီမံခန့်ခွဲမှုအစီအစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် COVID–19 ဘေးကင်းရေး အစီအစဉ်များပါဝင်ပြီး၊ ယင်းတို့မှာအပျော်စီးသင်္ဘောပေါ်တွင် COVID–19 ကူးစက်မှုအန္တရာယ်ကို လျှော့ချရာတွင်လည်း ကူညီပေးမည်ဖြစ်သည်။

ကုန်သွယ်ရေးဝန်ကြီး Dan Tehan က ဩစတြေးလျတွင် အပျော်စီးသင်္ဘောခရီးစဉ်များ ပြန်လည်စတင်ခြင်းသည်အစိုးရ၏ COVID–19တုံ့ပြန်မှုအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ အပျော်စီးသင်္ဘောများနှင့် ခရီးသည်များကို ဩစတြေးလျရေပိုင်နက်တွင် ကြိုဆိုရန်မျှော်လင့်နေပါကြောင်း ပြောကြားခဲ့သည်။

အသက် ၁၆ နှစ်အထက် ဩစတြေးလျနိုင်ငံသား ၉၄ % ကျော်သည် COVID–19 ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်သည့်အပြင် ဩစတြေးလျနိုင်ငံသား ၁၂ သန်းကျော်သည် Booster Dose ကိုပါထိုးနှံပြီးဖြစ်ကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.....................................................................................

## ဩစတြေးလျခရီးသွားများတွက် နယူးဇီလန်နိုင်ငံက နိုင်ငံတကာဝင်ထွက်ပေါက်များကို ပြန်လည်ဖွင့်လှစ်တော့မည်

နယူးဇီလန်နိုင်ငံသည် ၁၂–၄–၂၀၂၂ ရက်နေ့ ည ၁၁ နာရီ ၅၉ မိနစ်တွင် ကာကွယ်ဆေး ထိုးနှံထားသည့် ဩစတြေးလျခရီးသွားများအတွက် နိုင်ငံတကာဝင်ထွက်ပေါက်များကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Jacinda Ardern က ၁၆–၃–၂၀၂၂ ရက်နေ့ နံနက်တွင် ကြေညာခဲ့သည်။

ဝန်ကြီးချုပ်က လာမည့်ဩစတြေးလျ ကျောင်းအားလပ်ရက်များအတွက် အချိန်မီပြန်လည်ဖွင့်လှစ်ခြင်းသည် နိုင်ငံ၏စီးပွားရေးကို ရေတိုတွင် ပြန်လည်နာလန်ထူလာစေရန် ကူညီပေးမည်ဖြစ်ပြီး၊ ဆောင်းရာသီ နှင်းလျှောစီးရာသီအတွက် သတင်းကောင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

Agribusiness & Trade

ကျန်ကမ္ဘာ့နိုင်ငံများသို့ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်မှုသည် အောက်တိုဘာလမှ စတင်နိုင်ဖွယ်ရှိကြောင်း သိရှိရသည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကဲ့သို့ ဗီဇာကင်းလွတ်သော နိုင်ငံများမှ ခရီးသွားများသည် မေလ ၁ ရက်နေ့ ည ၁၁ နာရီ ၅၉ မိနစ်မှ ရောက်ရှိလာနိုင်မည်ဖြစ်သည်။ ဗီဇာကိုင်ဆောင်ထားပြီးသော အခြားသူများသည်လည်း မေလ ၁ ရက်နေ့မှစတင်၍ သီးခြားနေထိုင်ရန်မလိုဘဲ ခရီးသွားနိုင်မည်ဖြစ်သည်။ ခရီးသွားများသည် ကာကွယ်ဆေးထိုးပြီးရန် လိုအပ်မည်ဖြစ်ပြီး၊ မထွက်ခွာမီ စမ်းသပ်စစ်ဆေးမှုတွင် Negative အဖြေရရှိပါက ဆိုက်ရောက်ချိန်တွင် သီးခြားနေထိုင်ရန် မလိုအပ်ကြောင်းနှင့် စမ်းသပ်စစ်ဆေးမှုများသည် PCR၊ ကြီးကြပ်ထားသော LAMP (loop–mediated isothermal amplification၊ nucleic test) (သို့) Rapid Antigen Tests (RAT) တို့ ဖြစ်ကြောင်း သိရှိရသည်။

ခရီးသွားဧည့်သည်များ ဆိုက်ရောက်စဉ်အချိန်နှင့် (၅) ရက်(သို့)(၆) ရက်မြောက်နေ့များတွင် စမ်းသပ်ရန်အတွက် ဧည့်သည်များကို ဆိုက်ရောက်စဉ်တွင် RAT များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရှိရသည်။ နယူးဇီလန်နိုင်ငံသည် ယမန်နှစ်က ဒယ်လ်တာမျိုးကွဲပျံ့နှံ့မှုကြောင့် နိုင်ငံတကာဝင်ထွက်ပေါက်ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်များ နှောင့်နှေးခဲ့ရပြီး၊ အစီအစဉ်များစွာကို ပြောင်းလဲခဲ့ရသည်။

ယခုနှစ်အစောပိုင်းတွင် အိုမီခရွန်ဖြစ်ပွားလာသည်နှင့်တပြိုင်နက် နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် Kiwis နှင့် လက်ရှိဗီဇာ ကိုင်ဆောင်ထားသူများအတွက် သီးသန့်ခွဲထားရန်လိုအပ်ချက်များကို စတင်ဆောင်ရွက်ခဲ့သည်။ ဖေဖော်ဝါရီလတွင် အစိုးရမှကမ္ဘာလှည့်ခရီးသွားများ ဇူလိုင်လတွင်နောက်ဆုံးပြန်လည်ဝင်ရောက်နိုင်မည်ဟု ပြောကြားခဲ့သော်လည်း ယခုရက်စွဲသည် ရှေ့သို့ရွှေ့သွားဖွယ်ရှိကြောင်း သတိပေးခဲ့သည်။

လက်ရှိလုပ်ထုံးလုပ်နည်းအရ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လိုသည့် နယူးဇီလန်နိုင်ငံသားများသည် သီးခြားခွဲနေထိုင်မှုကို ကျော်လွှားရန် ကာကွယ်ဆေးထိုးနှံထားရန် လိုအပ်ပြီး၊ မထွက်ခွာမီစမ်းသပ်စစ်ဆေးမှုတွင် Negative အဖြေရရှိရန်နှင့် ဆိုက်ရောက်ပြီးပါက RAT ဖြင့် စစ်ဆေးမှုပြုလုပ်ရန်လိုအပ်ကြောင်း သိရှိရသည်။ အစိုးရသည် နိုင်ငံတကာဝင်ထွက်ပေါက်များကို အပြည့်အဝပြန်လည်ဖွင့်လှစ်ရန် ဖိအားပေးခံရလျက်ရှိသည်။

ကပ်ရောဂါမဖြစ်ပွားမီ နယူးဇီလန်သည် တစ်လလျှင် သိန်းနှင့်ချီသောဧည့်သည်များကို ကြိုဆိုနိုင်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတစ်လတည်းတွင် လူပေါင်း ၃၂၆.၀၀၀ ဦး ရောက်ရှိလာခဲ့

Agribusiness & Trade

ကြောင်း သိရှိရသည်။ ယခုသီတင်းပတ် အစောပိုင်းတွင် Tourism NZ သည် သြစတြေးလျ ခရီးသွားများကို နယူးဇီလန်နိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေး ဆွဲဆောင်ရန် ရည်ရွယ်ကာ ယင်း၏ You Tube Channel တွင် ကြော်ငြာလွှင့်တင်ခဲ့ကြောင်း သိရှိရသည်။

Source: www.smh.com.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………

**ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ**

## ဟောင်ကောင်ဒေသ၌ လတ်ဆတ်သော စားသောက်ကုန်များ တင်သွင်းမှုမှာ ကမ္ဘာ့ကပ်ရောဂါ ကာလမတိုင်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်း

ဟောင်ကောင်ဒေသ၌ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ဝန်ထမ်းအင်အား ပြတ်လပ်မှုများနှင့် အခြားသော ကဏ္ဍများ၌လည်း အဆင်ပြေချောမွေ့လာပြီ ဖြစ်သောကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်သွင်းမှုမှာ ကမ္ဘာ့ကပ်ရောဂါ ကာလမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Fresh food supply back to pre-pandemic levels - Carrie Lam " ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam က ပြောကြားခဲ့ရာတွင် တရုတ်နိုင်ငံမှ ပေးပို့သည့် ဆေးဝါးနှင့်အခြားသော ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် တန်ချိန် (၁၀,၀၀၀) ကျော်ရှိသော ကုန်ပစ္စည်းများအား ဟောင်ကောင်ဒေသအနေဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ဟောင်ကောင်ဒေသအနေဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် အခြားသောကဏ္ဍများ၌ လူအင်အားပြတ်လပ်လျက်ရှိပြီး၊ အစိုးရဝန်ထမ်း သုံးပုံတစ်ပုံမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရလျက် ရှိကြောင်း၊ ဟောင်ကောင်ဒေသ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွင်းဝန် (ဝန်ကြီး) Mr.Edward Yau ကပြောကြားခဲ့ရာတွင် တရုတ်ပြည်မကြီးမှ ပံ့ပိုးခဲ့သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ နေ့စဉ် ပံ့ပိုးပေးလျက်ရှိပြီး ဒေသရှိ ကျန်းမာရေးဝန်ထမ်းများအား Rapid Antigen tests (၂) သန်း ပံ့ပိုးပေးထားကြောင်း၊ တရုတ်ပြည်မကြီးမှ

ဆေးဘက်ဆိုင်ရာပစ္စည်း (၄၅၀,၀၀၀) ပုံးအား လှူဒါန်းခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ကပြောကြားခဲ့ရာတွင် ယခင် ရက်သတ္တပတ်ကျော်ကာလက ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ တစ်ရက်လျှင် (၅၀,၀၀၀) ကျော်ရှိခဲ့ရာမှ ယခုအခါ လျော့ကျလာပြီဖြစ်ကြောင်း၊ ၁၁-၃-၂၀၂၂ ရက်နေ့တွင် ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ကူးစက်မှု (၂၉,၀၀၀) ကျော် ရှိခဲ့ကြောင်း၊ အဆိုပါ ကူးစက်မှုများမှ (၁၈,၈၈၈) ခုမှာ Nucleic Acid Test ဖြင့် စမ်းသပ်ခဲ့ခြင်းဖြစ်ပြီး (၁၀,၄၉၃) ခုမှာ Rapid Antigen Tests ဖြင့်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးမှ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်း (၁,၀၀၀) ဦးခန့် စုဆောင်းရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

............................................................................

**ဟောင်ကောင်ဒေသသို့ တရုတ်ပြည်မကြီးမှ သားသတ်သမားများ ရောက်ရှိလာခြင်းနှင့် ဒေသခံ သားသတ်သမားအများစုမှာ ကိုဗစ်-၁၉ ရောဂါ ကင်းစင်လာပြီ ဖြစ်သောကြောင့် အသားများထုတ်လုပ်မှု ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ လာမည်ဖြစ်ကြောင်း**

တရုတ်ပြည်မကြီးမှ သားသတ်သမား(၃၈) ဦးမှာ ၇-၃-၂၀၂၂ ရက်နေ့တွင် ဟောင်ကောင်ဒေသရှိ Sheung Shui slaughterhouse သို့ရောက်ရှိလာခြင်းနှင့် ဒေသခံသားသတ်သမားများ ကိုဗစ်-၁၉ ရောဂါ ကင်းစင်လာပြီဖြစ်သောကြောင့် အသားများထုတ်လုပ်မှု ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Mainland butchers, Covid recoveries put meat in hopes for return to normal" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ စားသောက်ကုန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တစ်ကိုယ်ရည် သန့်ရှင်းရေးဌာနမှ ၇-၃-၂၀၂၂ ရက်နေ့ထုတ်ပြန်မှုတွင် သားသတ်ရုံအား ပုံမှန်ပြန်လည်ဖွင့်လှစ်ပြီး ၈-၃-၂၀၂၂ ရက်နေ့မှစတင်၍ အသားများ ပုံမှန်ပြန်လည် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် Sheung Shui ၌ လုပ်ကိုင်သော သားသတ်သမားများအတွက် ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်စစ်ဆေးသည့်နေရာ သတ်မှတ်ပေးထားမည်ဖြစ်ကြောင်း၊ အလုပ်သမားများ နေ့စဉ်စစ်ဆေးရန် Rapid Test Kits များအား အလုံအလောက် ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ အမဲသားနှင့် ဝက်သား

များ အဓိကရောင်းချပေးသည့် Ng Fung Hong သည်လည်း ၈-၃-၂၀၂၂ ရက်နေ့မှစတင်၍ လတ်ဆတ်သော ဝက်သား၊ အမဲသားနှင့် သိုးသားများ ရောင်းချမှုမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် မျှော်လင့်ထားကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသခံ သားသတ်သမားများမှာလည်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံခဲ့ရာမှ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သောကြောင့် အလုပ်သမား (၇၀) ရာခိုင်နှုန်းမှာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာနိုင်ရန် ဟောင်ကောင်ဒေသဝက်သားကုန်သည်ကြီးများ အသင်းမှလည်း မျှော်မှန်းထားကြောင်း၊ ထို့ပြင် ဟောင်ကောင်ဒေသအစိုးရ ပြောရေးဆိုခွင့်ရှိသူမှလည်း ဒေသ၌ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ လက်ကားရောင်းချမှုမှာလည်း ပုံမှန်ဈေးနှုန်းသို့ ပြန်လည်ကျဆင်းသွားပြီဟု ၆-၃-၂၀၂၂ ရက်နေ့ကကြေညာခဲ့ကြောင်း၊ တရုတ်ပြည်မကြီးမှ ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်တန်ချိန် (၁,၉၀၀) တင်သွင်းခဲ့ပြီး Choi sum နှင့် Pak Choi မုန်ညင်းထုပ်များ၏ ဈေးနှုန်းမှာ (၆၀) ကျပ်သားလျှင် ဟောင်ကောင်ဒေါ်လာ (၇.၂၀)နှင့် (၅.၄၀) ဒေါ်လာ အသီးသီးလျော့ကျခဲ့ကြောင်း၊ အေးခဲကြက်သားနှင့် ကြက်သားကောင်ရေ အရှင်များ တင်သွင်းမှုမှာ ပုံမှန်တင်သွင်းမှု၏ (၈၀) ရာခိုင်နှုန်းနှင့် (၆၀) ရာခိုင်နှုန်း အသီးသီး ပြန်လည်တင်သွင်းနိုင်ပြီဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဗျူရိုမှ ပြောကြားရာတွင်လည်း တရုတ်ပြည်မကြီးမှ ပံ့ပိုးပေးသည့် ကမ္ဘာ့ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ သိုလှောင်ရန်ဧရိယာ (၁၄၀,၀၀၀) စတုရန်းမီတာ သတ်မှတ်ထားကြောင်း စသည်ဖြင့်ရေးသား ဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

...............................................................

## ဟောင်ကောင်ဒေသ၌ Sheung Shui slaughterhouse ပြန်လည်ဖွင့်လှစ်ခဲ့မှုကြောင့် ၈-၃-၂၀၂၂ ရက်နေ့မှစတင်၍ ဝက်သားများ ပိုမိုရောင်းချနိုင်မည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ Sheung Shui slaughterhouse ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဝက်ကောင်ရေအရှင် (၂,၇၀၀) အား တရုတ်ပြည်မကြီးမှ တင်သွင်းခဲ့ပြီး ဒေသတွင်းမှ ဝက်ကောင်ရေ အရှင်များ အပါအဝင် စုစုပေါင်း (၃,၀၀၀) ရရှိမှုကြောင့် ၈-၃-၂၀၂၂ ရက်နေ့ (အင်္ဂါနေ့)မှ စတင်၍ ဝက်သားများ ပိုမို ရောင်းချနိုင်မည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့ထုတ် The Standard သတင်းစာ၌

Agribusiness & Trade

“More pork supply on Tuesday after Sheung Shui slaughterhouse reopens” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဋိမလှိုင်း မဖြစ်ပွားမီက တစ်ရက် လျှင်ဝက်ကောင်ရေ (၃,၃၀၀) ခန့်အား ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သားသတ်ရုံများရှိ အလုပ်သမားများ ကိုဗစ်ကူးစက် ခံခဲ့ရပြီးနောက် ၂၆-၂-၂၀၂၂ ရက်နေ့မှစတင်၍ သားသတ်ရုံ အားယာယီပိတ်သိမ်းခဲ့ပြီး နောက် လုပ်သား (၇၀) ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကင်းစင်သွားပြီဖြစ်သောကြောင့် လုပ်ငန်း ခွင်သို့ ပြန်လည်ဝင်ရောက်လာနိုင်ပြီဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်သမား (၃၈) ဦး လည်း သားသတ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ကူညီနိုင်ရန် ဟောင်ကောင်ဒေသသို့ ရောက်ရှိ လာပြီဖြစ်သောကြောင့် သားသတ်ရုံများ ကောင်းမွန်စွာ ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ဟောင် ကောင်ဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam က ပြောကြားခဲ့မှုတွင် ဟောင်ကောင်ဒေသ၏ စားသောက်ကုန်များ ရောင်းချမှုအား ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် တရုတ်ပြည်မကြီးမှ ကူညီပံ့ပိုးသွားမည် ဖြစ်သောကြောင့် ဒေသခံများအနေဖြင့် ကုန်ပစ္စည်းများအား အထိတ်တလန့် ဝယ်ယူခြင်းမပြုကြရန် တိုက်တွန်းပြောခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

………………………………………………

## ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုအစီအစဉ် အပြောင်းအလဲကြောင့် စီးပွားရေး လုပ်ငန်းများမှာ မရေရာသော အခြေအနေများနှင့် ကြုံတွေ့လျက်ရှိခြင်း

ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုကို ဒေသနေလူထုတစ်ရပ်လုံး အတိုင်း အတာဖြင့် ပြုလုပ်ရန်ရှိသည့် အစီအစဉ် အပြောင်းအလဲကြောင့် ဒေသရှိ စီးပွားရေးလုပ်ငန်းများမှာ မရေရာသော အခြေအနေများနှင့် ကြုံတွေ့လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Business ‘Stuck in Limbo After Testing U-Turn’” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ဆက်လက်ပျံ့နှံ့ဖြစ် ပေါ်လျက်ရှိပြီး ကပ်ရောဂါ ကန့်သတ်တားဆီးရေးဆိုင်ရာ တင်းကျပ်မှုများကြောင့် စီးပွားရေးလုပ်ငန်း များမှာ အဆင်မပြေမှုများ ဖြစ်ပေါ်လျက်ရှိပြီး ငွေကြေးကဏ္ဍတွင် မသေချာ မရေရာမှုများဖြစ်ပေါ်

လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုကို ဒေသနေ လူထုတစ်ရပ်လုံး အတိုင်းအတာဖြင့်ပြုလုပ်ရန်ရှိသည့်အတွက် လုပ်ငန်းများပြန်လည် လုပ်ကိုင်ရန် ထပ်မံနှောင့်နှေးကြန့်ကြာပြီး စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံခြင်း၊ လုပ်ငန်းများ ပိတ်သိမ်းခြင်းနှင့် အလုပ်လက်မဲ့များ အများအပြားဖြစ်ပွားနိုင်ကြောင်း၊ ကိုဗစ်-၁၉ ကန့်သတ်ချက်ဆိုင်ရာ တင်းကျပ်မှုများကြောင့် လတ်တလောတွင် လုပ်ငန်းအဆောက်အအုံ (၁၆) မျိုးအား ယာယီပိတ်သိမ်းထားရပြီး ဒေသနေလူထုတစ်ရပ်လုံး အတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုပြုလုပ်ပြီးနောက် ၂၁-၄-၂၀၂၂ ရက်နေ့တွင် ကန့်သတ်ချက်များအားရုပ်သိမ်းရန် မျှော်လင့်ထားကြောင်း၊ ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam က ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုအား ဒေသနေလူထုတစ်ရပ်လုံး အတိုင်းအတာဖြင့် ပြုလုပ်ရန် အစီအစဉ်အား ယခင်က ၂၀၂၂ ခုနှစ်၊ မတ်လတွင် ပြုလုပ်ရန် ပြောကြားခဲ့ပြီး ယခုအခါ သေဆုံးမှုနှုန်းနှင့် ပြင်းထန်သည့် ကူးစက်မှုနှုန်းများ လျှော့ချရေး အလေးထားဆောင်ရွက်မည့် မူဝါဒချမှတ်ခဲ့ပြီး အစီအစဉ်ပြောင်းလဲခဲ့ကာ စစ်ဆေးမည့်ရက် အတိအကျထုတ်ပြန်ပြောကြားခဲ့ခြင်း မရှိသဖြင့် စီးပွားရေးလုပ်ငန်းများမှာ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် ပတ်သက်၍ မသေချာ မရေရာမှုများနှင့် ကြုံတွေ့လျက်ရှိပြီး စိုးရိမ်ပူပန်မှုများရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ အလုပြင်ဆိုင် (၁၁,၀၀၀) ကျော်မှာ ၂၁-၄-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ရန် ဒေသ၏ Vaccine Pass သတ်မှတ်ချက်နှင့် ပြည့်မီဆောင်ရွက်နိုင်ရန် အပြည့်အဝပြင်ဆင်ထားပြီးဖြစ်ရာ အဆိုပါနေ့ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိပါက ဒေဝါလီခံရမည့် ဆိုင်အမြောက်အများ ရှိနိုင်ကြောင်း၊ သို့ဖြစ်ရာ ဆေးစစ်မည့်အချိန်အား အတိအကျ သိရှိလိုကြကြောင်း၊ စားသောက်ဆိုင် လုပ်ငန်းများမှာလည်း ၂၁-၄-၂၀၂၂ ရက်နေ့ တွင်စားသောက်ဆိုင်များအား (၁၈:၀၀) နာရီမှ (၂၂:၀၀)နာရီအထိ ဖွင့်လှစ်နိုင်ရေး ကန့်သတ်ချက် ဖြေလျှော့ပေးရန် မူလက မျှော်မှန်းထားခဲ့သော်လည်း ယခုအခါ ဆေးစစ်မည့် အစီအစဉ် ပြောင်းလဲမှုကြောင့် စားသောက်ဆိုင်လုပ်ငန်းများ ပြန်လည် ဖွင့်လှစ်ရန်နှင့် ပတ်သက်၍ မသေချာမှုများရှိနေကြောင်း၊ ဒေသနေ လူထုတစ်ရပ်လုံး အတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း စားသောက်ဆိုင်များမှာ ယာယီပိတ်သိမ်း ထားရမည်ဖြစ်ရာ ဆေးစစ်မည့် အချိန်ကာလ တိကျစွာမသိရှိရလျှင် ဝန်ထမ်းငှားရမ်းရန်၊ ပစ္စည်းများ ဝယ်ယူရန်နှင့် ဆိုင်ခန်းများငှားရမ်းရန် အစရှိသည့် အစီအစဉ်များ ရေးဆွဲနိုင်ခြင်း မရှိကြောင်း၊ လာမည့် ဧပြီလအတွင်းတွင် နာမည်ကြီး ကုန်အမှတ်တံဆိပ် အရောင်းဆိုင် (၂,၀၀၀) ကျော်ခန့် အပြီးပိတ်သိမ်းသွားနိုင်ကြောင်း၊ ထို့ပြင် ဒေသရှိ ရုပ်ရှင်ရုံများမှာလည်း ၂၁-၄-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်မည် မဟုတ်ဘဲ အစောဆုံးအနေဖြင့် ဇွန်လတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန်

Agribusiness & Trade

မျှော်မှန်းထားကြောင်း၊ ဒေသအစိုးရ ထောက်ပံ့ငွေအားလည်း အနည်းဆုံးရရှိထားသည့် ရုပ်ရှင်လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ရုပ်ရှင်ဖြန့်ဖြူးရေးလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းနှင့် ပြည်သူများနှင့် ဆက်သွယ်ဆက်ဆံရေး အစရှိသည့် လုပ်ငန်းကဏ္ဍများအတွက် ဒေသအစိုးရမှ ငွေကြေးထောက်ပံ့ထားခြင်း မရှိသောကြောင့် ရုပ်ရှင်လုပ်ငန်း အခြေအနေမှာ ကောင်းမွန်မှုမရှိကြောင်း၊ အဆိုပါလုပ်ငန်းမှ ဝန်ထမ်းများမှာ ၎င်းတို့ဘာသာ ရပ်တည် နေထိုင်ရလျက်ရှိကြောင်း၊ ဒေသအစိုးရမှ တိကျပြတ်သားသော သတ်မှတ်ချက်များ ချမှတ်ခြင်း မရှိပါက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အနေဖြင့် ပိတ်သိမ်းခြင်းနှင့် ဒေဝါလီခံခြင်းများ ပြုလုပ်သွားရနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ အနေဖြင့် အနာဂတ်အတွက် သေချာရေရာမှုများ မရှိပါက လုပ်ငန်းများပိတ်သိမ်းသွားကြမည့် အနေအထားရှိကြောင်း၊ ဝယ်ယူသူများမှာလည်း မြင့်မားသည့် ဈေးနှုန်းဖြင့် ဝယ်ယူလိုခြင်းမရှိဘဲ ဒေသ၏ စီးပွားရေးမှာလည်း ပြိုလဲတော့မည့် အခြေအနေတွင်ရှိကြောင်း၊ ဒေသအစားအသောက်နှင့် ကျန်းမာရေးဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူမှ ဒေသအစိုးရအနေဖြင့် ကိုဗစ်-၁၉ အခြေအနေများအား သေချာစောင့်ကြည့် စစ်ဆေးပြီး လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာ နေထိုင်မှုများနှင့် ပတ်သက်၍ အချိန်နှင့်တပြေးညီ ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ကပ်ရောဂါ ဖြစ်ပွားမှုကြာရှည်နေလျှင် ပြည်သူ့ကျန်းမာရေး စောင့်ကြည့်အကဲဖြတ်မှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှုန်းတိုးတက်မှု၊ စီးပွားရေး အခြေအနေများနှင့် ပြည်သူများမှ လက်ခံလိုက်နာဆောင်ရွက်မှု အစရှိသည်တို့နှင့် ပတ်သက်၍ သင့်လျော်သည့် ညှိနှိုင်းမှုများဖြင့် ဆောင်ရွက်မည်ဟု ပြောကြားခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………

## ဟောင်ကောင်ဒေသ၌ အရည်အသွေး ပြည့်မီသော အသိအမှတ်ပြု ကိုဗစ်-၁၉ စစ်ဆေးသည့် Test kit များအား အွန်လိုင်းမှ ရှာဖွေနိုင်ရန် စတင်ဆောင်ရွက်လျက် ရှိခြင်း

ဟောင်ကောင်ဒေသ၌ အရည်အသွေးပြည့်မီသော အသိအမှတ်ပြု ကိုဗစ်-၁၉ စစ်ဆေးသည့် Test kit များအား အွန်လိုင်းမှ ရှာဖွေနိုင်မည့် bilingual online search tool အား ဟောင်ကောင်ဒေသ စားသုံးသူရေးရာကောင်စီမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်

Agribusiness & Trade

နေ့ထုတ် The Standard သတင်းစာ၌ “Test kit search tool launched amid duds” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ bilingual online search tool တွင် Rapid antigen test product များအား ဟောင်ကောင်၊ တရုတ်ပြည်မကြီး၊ ဥရောပနှင့် အမေရိကန်နိုင်ငံ အစရှိသော အဓိကဈေးကွက်များအတွက် အာဏာပိုင်များမှ အသိအမှတ်ပြုထားသည့် Test kit ကုန်အမှတ်တံဆိပ်နှင့် ထုတ်လုပ်သူအမည်အားရိုက်၍ ရှာဖွေနိုင်ဖြစ်ကြောင်း၊ ဝယ်ယူသူများ အလွယ်တကူ ခွဲခြားသိရှိနိုင်ရန် Test kits များ၏ အမည်နှင့် ဓါတ်ပုံများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ၈-၃-၂၀၂၂ ရက်နေ့တွင် ဟောင်ကောင်ဒေါ်လာ ၄၈,၀၀၀ တန်ဖိုးရှိ Rapid test kits များနှင့် ပတ်သက်၍ တိုင်ကြားမှု (၄၈) ခု လက်ခံရရှိခဲ့ကြောင်း၊ တိုင်ကြားမှု (၃၇) ခု၊ ရာခိုင်နှုန်းအားဖြင့် (၇၀) ရာခိုင်နှုန်းကျော်မှာ အွန်လိုင်းမှရောင်းချသည့် Test kit များနှင့် ဆက်စပ်လျက်ရှိကြောင်း၊ တိုင်ကြားမှု အများစုမှာ ပစ္စည်းအရည်အသွေးကောင်းမွန်မှု မရှိခြင်းနှင့် ပို့ဆောင်မှု နှောင့်နှေးကြန့်ကြာမှုတို့နှင့် ပတ်သက်၍ တိုင်ကြားခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

Test kit ဝယ်ယူသူများအနေဖြင့် ယုံကြည်စိတ်ချရသော ဆိုင်များသို့ သွားရောက်ဝယ်ယူပြီး စားသုံးသူရေးရာကောင်စီမှ ထုတ်ပြန်ထားသော သတင်းများကိုလည်း သတိပြု၍ ဝယ်ယူရန် အရေးကြီးကြောင်း၊ Test kit တစ်ခုလျှင် ဟောင်ကောင်ဒေါ်လာ (၁၈) ဒေါ်လာမှ (၁၂၀) ဒေါ်လာအကြားရှိသည်ကို တွေ့ရှိရကြောင်း၊ Test kit ဈေးနှုန်းနှင့် စစ်ဆေးမှုရလဒ် ထိရောက်မှု ရှိ/မရှိမှာ ကျိုးကြောင်းဆီလျော်စွာ ဆက်စပ်မှုမရှိကြောင်းနှင့် တရားဝင်အသိ အမှတ်ပြုထားသော မည်သည့်စာရင်း (၅) မျိုးထဲတွင်မဆို ပါဝင်မှု ရှိ/မရှိကို စစ်ဆေး၍ ဝယ်ယူသင့်ကြောင်း၊ အဆိုပါ အသိအမှတ်ပြု စာရင်းထဲ၌မပါရှိလျှင် အရည်အသွေးကောင်းမွန်သည်ဟု အာမခံထားခြင်း မရှိကြောင်းနှင့် ဝယ်ယူသူများအနေဖြင့် အဆိုပါ Test kit နှင့် ပတ်သက်၍ မေးမြန်းစုံစမ်းသင့်ကြောင်း၊ အရေးကြီးဆုံးအချက်မှာ Test kit ၏ တုံ့ပြန်နိုင်မှုနှင့် တိကျမှုရှိခြင်းတို့ ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားမှုတွင် Test kit များတွင် အနည်းဆုံး အနေဖြင့် တုံ့ပြန်နိုင်မှု (၈၀) ရာခိုင်နှုန်းနှင့် တိကျမှု (၉၇) ရာခိုင်နှုန်း ရှိရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်စားသုံးသူရေးရာကောင်စီ ဥက္ကဋ္ဌ Mr. Paul Lam Ting-kwok က ပြောကြားရာတွင် ဟောင်ကောင်ဒေသ အနေဖြင့် ဒေသကျန်းမာရေးဌာနမှ တည်ထောင်ထားသည့် voluntary medical device administrative control system ဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် လက်ရှိ

တွင် ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ရောင်းချမှုနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ အသုံးပြုမှုတွင် တိကျသောဥပဒေရေးဆွဲ ဆောင်ရွက်မှုများ မရှိကြောင်း၊ အစိုးရ၏ လိုလားချက်များနှင့် ကိုက်ညီရန်နှင့် ဝယ်ယူသူများအနေဖြင့် ပစ္စည်းများအား တိကျစွာ ခွဲခြားဝယ်ယူနိုင်ရန် Test kit ရောင်းချသူများအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော စနစ်ဖြင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း ပြောကြားထားကြောင်း၊ Test kit များအပေါ်တွင် "CE" marking ပါရှိခြင်းဖြင့် အဆိုပါ Test kit မှာ European Union မှ စစ်ဆေးထားပြီးခြင်း မဟုတ်ကြောင်းနှင့် ဝယ်ယူသူများ အနေဖြင့် "CE" marking နှင့် ဘေးနားကပ်လျက်တွင် ဂဏန်း (၄) လုံးပါရှိမှုအား စစ်ဆေးဝယ်ယူသင့်ကြောင်း၊ Test kit ဒီဇိုင်းနှင့် ထုတ်ပိုးမှုပုံစံများမှာလည်း ဝယ်ယူသူများနှင့် သင့်လျော်မှုရှိရမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အအေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

............................................................................................................

**လောင်စာဆီကုန်ကျစရိတ်များ မြင့်တက်လာသည်နှင့်အမျှ စက်သုံးဆီဈေးနှုန်းများ ပြန်လည်ပြင်ဆင်ရန် ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်(FTI) က တောင်းဆိုခြင်း**

ထိုင်း စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FTI)က ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်မှု၏ သက်ရောက်မှုကို ပိုမိုကောင်းမွန်စွာဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းစက်သုံးဆီဈေးနှုန်းဖွဲ့စည်းပုံကိုပြန်လည်ပြင်ဆင်ပေးရန် အစိုးရကို တောင်းဆိုလိုက်ကြောင်း သိရှိရပါသည်။

ဈေးနှုန်းဖွဲ့စည်းပုံ အသစ်တစ်ခုဖန်တီးရန်အတွက် စွမ်းအင်ဌာနမှ တာဝန်ရှိသူများအနေဖြင့်မည်ကဲ့သို့သော ပြောင်းလဲမှုများပြုလုပ်သင့်သည်ကို အသေးစိတ်ဖော်ပြမထားသော်လည်း မူဝါဒရေးဆွဲသူများအား လူနေမှုစရိတ်နှင့် ဘတ်ဂျက်ကန့်သတ်ချက်များကို သေချာချိန်ဆရန်တိုက်တွန်းထားကြောင်း သိရှိရပါသည်။

အစိုးရအနေဖြင့်၎င်း၏ ဝန်ထုတ်ဝန်ပိုးကို သက်သာစေပြီး ပြည်သူအများ၏ဝန်ထုပ်ဝန်ပိုးကို တစ်ပြိုင်နက်တည်း လျှော့ချနိုင်စေရန် သေချာစေရမည်ဖြစ်ကြောင်း FTI ၏ ဒုတိယဥက္ကဋ္ဌ Jriengkrai Thiennukul ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ယခု သီတင်းပတ် အစောပိုင်းက အမေရိကန်အနေဖြင့် ရုရှားမှရေနံတင်ပို့မှုအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ရန် စဉ်းစားနေကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက်၊ ကမ္ဘာ့ရေနံဈေးနှုန်းသည် ယခုသီတင်းပတ် အစောပိုင်း

တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ(၁၃၀)သို့ အရှိန်အဟုန်ဖြင့်မြင့်တက်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်း ဆက်လက်မြင့်တက်မည်ကို စိုးရိမ်လျှက်ရှိကြပြီး မှန်ကန်သောဖြေရှင်းဆောင်ရွက်မှု လိုအပ်ကြောင်း သိရှိရပါသည်။

ရုရှားသည် ကမ္ဘာ့ထိပ်တန်းရေနံတင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်နေ့လျှင် ရေနံစည်ပေါင်း(၄-၅) သန်း(သို့မဟုတ်) ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှု၏ (၅-၆%) ဝန်းကျင်ခန့် ထောက်ပံ့ပေးနေကြောင်း Thai Oil Plc မှလေ့လာသုံးသပ်သူများထံမှ သိရှိရပါသည်။

ကမ္ဘာ့ရေနံဈေးအနေဖြင့် တစ်စည်လျှင်(၁)ဒေါ်လာ တက်လာပါက ထိုင်းနိုင်ငံ၏ပြည်တွင်းလက်လီဈေးနှုန်း အနေဖြင့် တစ်လီတာလျှင် (၀.၂၅)ဘတ်အထိ တက်သွားမည်ဖြစ်ကြောင်း Mr. Kriengkrai က ပြောကြားချက်အရ သိရှိရပါသည်။

အစိုးရအနေဖြင့် စက်သုံးဆီရန်ပုံငွေမှ ထောက်ပံ့ငွေများကို အသုံးပြုပြီး ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းများကို ထိန်းချုပ်လျှက်ရှိနေကြောင်း၊ ဒီဇယ်ဆီအထူးကုန်စည်ခွန်ကို တစ်ဝက်တိတိ အချိန်သုံးလကြာ ဖြတ်တောက်ခြင်းဖြင့် ဈေးနှုန်းများကို တစ်လီတာလျှင် ဘတ်ငွေ(၃၀) အောက်ရှိစေရန် ဆောင်ရွက်လျှက်ရှိကြောင်း၊ မော်တော်ယာဉ်သုံးစွဲသူများထံမှ ဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန်အနေဖြင့် တစ်လီတာလျှင်(၅.၉၉) ဘတ် ကောက်ခံလေ့ရှိကြောင်း သိရှိရပါသည်။

Thammasat တက္ကသိုလ်မှ ဘောဂဗေဒပညာရှင် Praipol Koomsap က အစောပိုင်းတွင် အစိုးရသည်Benzine အား (၃)ဘတ် ယာယီအခွန်ဖြတ်တောက်ပေးရန်အတွက် အကြံပြုတင်ပြခဲ့ကြောင်း၊ အီသနောနှင့် Benzine ရောထားသော Gasolineနှင့်Gasohol တို့၏ အထူးကုန်စည်ခွန်မှာ တစ်လီတာလျှင်(၅.၂-၅.၈၇) ဘတ်ရှိကြောင်းသိရှိရပါသည်။

လောင်စာရန်ပုံငွေမှာ လက်လီဈေးနှုန်းများကို ကာလကြာရှည်စွာ ထောက်ပံ့ပေးနိုင်လိမ့်မည်မဟုတ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခပြင်းထန်လာသည်နှင့်အမျှ ဒီဇယ်ဆီဈေးသည် တစ်လီတာလျှင်ဘတ်(၃၀) ကျော်လွန်လာနိုင်ပြီး Benzine သည် တစ်လီတာလျှင် (၅၀) ဘတ် ကျော်လာနိုင်ကြောင်း၊ အများသူငါ သယ်ယူပို့ဆောင်ရေးနှင့် Car-Pooling ပြုလုပ်ခြင်းတို့ဖြင့် လူအများအနေဖြင့် စွမ်းအင်ကို ပိုမိုချွေတာသင့်သည်ဟု Mr. Kriengkrai က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## လောင်စာဆီဝယ်ယူမှုအား ယွမ်ငွေဖြင့် စာချုပ်ချုပ်ဆိုနိုင်ရေး တရုတ်နိုင်ငံနှင့် ဆောင်ဒီနိုင်ငံ ဆွေးနွေးညှိနှိုင်းမှု အရှိန်အဟုန် မြင့်တက်

ဆော်ဒီအာရေဗီးယားနိုင်ငံမှ လောင်စာဆီဝယ်ယူမှုအား ယွမ်ငွေဖြင့် ပေးချေမှုအတွက် ဆော်ဒီနှင့် တရုတ် နှစ်နိုင်ငံဆွေးနွေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဒေါ်လာအစား ယွမ်ငွေဖြင့်ပြောင်းလဲဆောင်ရွက်လာမည့်အရွေ့သည် ကမ္ဘာ့ရေနံဈေးကွက်အား အမေရိကန်ဒေါ်လာလွှမ်းမိုးမှု အခြေအနေပြောင်းလဲသွားနိုင်သည်ဟု အဆိုပါကိစ္စအား ရင်းနှီးသူများက ပြောကြားခဲ့ကြောင်း၊ ဆယ်စုနှစ်များကြာ ပင်လယ်ကွေ့နိုင်ငံများ၏ လုံခြုံရေးကို အကာအကွယ်ပေးရန် အမေရိကန်နိုင်ငံ၏ကတိကဝတ်များ ပျက်ယွင်းမှုအပေါ် မနှစ်မြို့မှုများ ကြီးထွားလာသည့်အတွက် လောင်စာဆီဝယ်ယူရာတွင် ယွမ်ငွေဖြင့် ဝယ်ယူရေးအား ၆ နှစ်ကြာ ဆွေးနွေးလာခဲ့ကြပြီးနောက် ယခုနှစ်တွင် ယွမ်ငွေဖြင့်ဝယ်ယူရေးသည် အရှိန်အဟုန်မြင့် ဆွေးနွေးလာကြခြင်းဖြစ်ပြီး ဆော်ဒီနိုင်ငံအနေနှင့် စဉ်းစားလျက်ရှိကြောင်း ၁၅-၃-၂၀၂၂ ရက်နေ့ ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

ယီမင်နိုင်ငံ၏ ပြည်တွင်းစစ်တွင် အမေရိကန်နိုင်ငံမှ ကူညီထောက်ပံ့မှု ပျက်ကွက်ခြင်းနှင့် အီရန်နိုင်ငံနှင့် နျူကလီယားအစီအစဉ်နှင့်စပ်လျဉ်းသည့် သဘောတူညီချက်အပေါ် အမေရိကန်နိုင်ငံမှ ချိုးဖောက်ရန် ကြိုးပမ်းမှုအပေါ် ဆော်ဒီနိုင်ငံအနေနှင့် မနှစ်မြို့ကြောင်း၊ ယမန်နှစ်က အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်များ ပြန်လည်ရုတ်သိမ်းသွားသည့် ဖြစ်ရပ်လည်း ဆော်ဒီနိုင်ငံအားတုန်လှုပ်ချောက်ချားစေသည်ဟု အရာရှိများက ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ဆောင်ဒီနိုင်ငံ၏ လောင်စာဆီ ပို့ကုန်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကျော်ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ အဆိုပါ လောင်စာဆီအတွက် ယွမ်ငွေကြေးဖြင့် ပေးချေနိုင်ပါကတရုတ်ယွမ်ငွေသည် တန်ဖိုးပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း၊ ဆော်ဒီနိုင်ငံအနေနှင့် တစ်ရက်လျှင်အကြမ်းအားဖြင့် ရေနံစိမ်းစည်ပေါင်း ၆.၂ သန်း တင်ပို့မှုများအနက် အချို့သောပမာဏအား အမေရိကန်ဒေါ်လာအပြင် အခြားသောအရာများဖြင့် ပြောင်းလဲဆောင်ရွက်လာပါက ကြီးမားသည့် ပြောင်းလဲမှုကြီးဖြစ်လာနိုင်ကြောင်း၊ ကမ္ဘာ့လောင်စာဆီ ပို့ကုန်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာဖြင့် ပေးချေလျက်ရှိကြောင်း၊ ဆော်ဒီနိုင်ငံအနေနှင့် ၁၉၇၄ ခုနှစ်ကတည်းက လောင်စာဆီကိုအမေရိကန်ဒေါ်လာတစ်မျိုးတည်းဖြင့်သာ ရောင်းဝယ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ၎င်းတို့ငွေကြေးအား ကမ္ဘာ့ကုန်သွယ်သည့် ငွေကြေးအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ၂၀၁၈ ခုနှစ်တွင်ဆော်ဒီနိုင်ငံနှင့် လောင်စာဆီစာချုပ်များကို ယွမ်ငွေကြေးဖြင့်ဆောင်ရွက်ရန် မိတ်ဆက်ညှိနှိုင်းလာခဲ့

Agribusiness & Trade

ကြောင်း၊ အမေရိကန်နိုင်ငံက အီရန်နိုင်ငံအား နျူကလီးယားအစီအစဉ်ဖြင့် အရေးယူပိတ်ဆို့ခြင်းနှင့် ယူကရိန်းအပေါ် တိုက်ခိုက်ခြင်းအတွက် ရုရှားအားအရေးယူပိတ်ဆို့ခြင်းတို့အပေါ် ဥပမာထား၍ အမေရိကန်ဒေါ်လာအသုံးပြုခြင်းသည် အန္တရာယ်များသည့် ဆောင်ရွက်မှုအဖြစ် တရုတ်နိုင်ငံက မီးမောင်းထိုး ဖော်ပြလျက်ရှိကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းလောင်စာဆီထုတ်လုပ်သည့်နိုင်ငံများတွင် ရပ်တည်လျက်ရှိကြောင်း၊ ၁၉၉၀ ခုနှစ် အစောပိုင်းနှစ်များတွင် အမေရိကန်နိုင်ငံသည် ဆော်ဒီနိုင်ငံမှ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၂ သန်း တင်သွင်းခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တစ်ရက်လျှင် စည်ပေါင်း ၅ သိန်းအောက်သာ တင်သွင်းသည်ဟု အမေရိကန် စွမ်းအင်အချက်အလက်များ စီမံခန့်ခွဲမှုဌာနမှ ထုတ်ပြန်ထားကြောင်း ဖော်ပြထားပါသည်။

ဆော်ဒီနိုင်ငံအနေနှင့် နေ့စဉ်ရေနံစိမ်းစည်ပေါင်း သန်းပေါင်းများစွာကို အမေရိကန်ဒေါ်လာအစား ယွမ်ငွေဖြင့် ပြောင်းလဲအသုံးပြုပါက ဆော်ဒီနိုင်ငံ၏ စီးပွားရေးကို ရုတ်ချည်းပြောင်းလဲသွားနိုင်ကြောင်း၊ ဆော်ဒီမင်းသား၏ လက်ထောက်က ခိုင်မာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု မရှိသေးပဲ အစီအစဉ်ကို အလျင်အမြန်ပြောင်းလဲဆောင်ရွက်ပါက ဆော်ဒီနိုင်ငံသည် မမျှော်မှန်းနိုင်သည့် စီးပွားရေး ဆုံးရှုံးမှုဒဏ်ကို ခံစားရနိုင်သည်ဟု သတိပေးပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/saudi-arabia-considers-accepting-yuan-instead-of-dollars-for-chinese-oil-sales-11647351541

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

……………………………………………………………………………………………………

Agribusiness & Trade

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စီမံကိန်းဦးစီးဌာန**

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၂ / ၂၀၂၂)                ၂၀၂၂ ခုနှစ်၊ မတ်လ(၂၄) ရက်

| ၂၄-၃-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၁၉၅၂.၂ |
| စင်္ကာပူဒေါ်လာ | ၁၃၀၉.၆ |
| စတာလင်ပေါင် | ၂၃၄၁.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၄၆၂.၄ |
| တရုတ်ယွမ် | ၂၇၉.၀၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၂၄ |
| အိန္ဒိယရူပီး | ၂၃.၂၈၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၅.၄၉ |
| မလေးရှား ရင်းဂစ် | ၄၂၀.၄၃ |
| ဖိလစ်ပိုင်ပီဆို | ၃၃.၉၉၆ |
| ထိုင်းဘတ် | ၅၂.၈၉၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၇၄၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- ➢ မတ်လတတိယပတ်အတွင်း ဘရာဇီးလ် သီးနှံဈေးကွက်များ၌ ပဲပုတ်စေ့ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့
- ➢ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှုများ သိသိသာသာမြင့်တက်လျက်ရှိ
- ➢ ၂၀၂၂ - ၂၀၂၃ ခုနှစ်ကာလတွင် တရုတ်နိုင်ငံ၏ ပဲပုတ်စေ့သွင်းမှုပမာဏ စံချိန်တင် မြင့်တက်ဖွယ်ရှိ
- ➢ အိန္ဒိယနိုင်ငံ၌ ကုလားပဲများအား အခြေခံရည်ညွှန်းဈေးနှုန်းအောက်၌သာ အရောင်းအဝယ်ဖြစ်လျက်ရှိ
- ➢ အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းသို့ သစ်သီးဝလံတင်ပို့မှုမြှင့်တင်ရန် ကြိုးပမ်းလျှက်ရှိခြင်း (ထိုင်းနိုင်ငံ)
- ➢ ပြည်ပဆန်တင်ပို့မှု တန်ချိန်(၈) သန်းရှိမည်ဟု ခန့်မှန်းထားခြင်း (ထိုင်းနိုင်ငံ)
- ➢ ဝက်အရှင် လက်ငင်းအရောင်းအဝယ်ဈေးနှုန်းများ ဆက်လက်ကျဆင်းနေဆဲဖြစ် (တရုတ်)
- ➢ မတ်လ (၁၅)ရက်နေ့တွင် တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက် အနည်းငယ်မြင့်တက်လာ
- ➢ တရုတ် ပြည်တွင်းပဲပုပ်ဆီဈေးကွက် ခန့်မှန်းချက်
- ➢ ဆားငန်ရေစပါးမျိုးစိတ်ကို တီထွင်လိုက်သည့် တရုတ်နိုင်ငံ

- ဘယ်လ်ဂျီယံနိုင်ငံ၌ ကြက်သားနှင့် ဝက်သားဈေးနှုန်းများ သိသာစွာမြင့်တက်လာခြင်း

- သြစတြေးလျ ပို့ကုန်တင်ပို့သူများက မလေးရှား halal ကုန်သွယ်မှုဈေးကွက်သစ်သို့ ဝင်ရောက်ခြင်းမှ အကျိုးအမြတ်ရရှိရန် ကြိုးပမ်းလျက်ရှိခြင်း

- ဟောင်ကောင်ဒေသမှ တင်သွင်းသည့် နို့ထွက်ပစ္စည်းထုပ်ပိုးခွံများပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုးများ တွေ့ရှိခဲ့သောကြောင့် မကာအိုဒေသမှ အဆိုပါပစ္စည်းများအား ဖျက်ဆီးခဲ့ခြင်း

- ဟောင်ကောင်ဒေသသို့ တရုတ်ပြည်မကြီးမှ သားသတ်သမားများရောက်ရှိလာခြင်းနှင့် ဒေသခံသားသတ်သမားအများစုမှာ ကိုဗစ်-၁၉ ရောဂါကင်းစင်လာပြီဖြစ်သောကြောင့် အသားများထုတ်လုပ်မှု ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာမည် ဖြစ်ကြောင်း

- ဟောင်ကောင်ဒေသ၌ Sheung Shui slaughterhouse ပြန်လည်ဖွင့်လှစ်ခဲ့မှုကြောင့် ၈-၃-၂၀၂၂ ရက်နေ့မှစတင်၍ ဝက်သားများ ပိုမိုရောင်းချနိုင်မည်ဖြစ်ကြောင်း

- **အထွေထွေသတင်းများ**

- ဟောင်ကောင်ဒေသ စီးပွားရေးဆိုင်ရာသတင်းများ

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

- အမေရိကန်တွင် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်မားသည့်အတွက် ခက်ခဲသော မိသားစုများသည် အစားအစာဝေငှသည့်စင်တာများကို ပိုမိုမှီခိုလာ

- တောင်ကိုရီးယားနိုင်ငံ စီးပွားရေးဆိုင်ရာသတင်းများ

- ဘယ်လ်ဂျီယံနိုင်ငံ စီးပွားရေးဆိုင်ရာသတင်းများ

- သြစတြေးလျနိုင်ငံ စီးပွားရေးဆိုင်ရာသတင်းများ

## မတ်လတတိယပတ်အတွင်း ဘရာဇီးလ် သီးနှံဈေးကွက်များ၌ ပဲပုတ်စေ့ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့

ချီကာဂိုဈေးကွက်တွင် သီးနှံဈေးနှုန်းများမြင့်တက်မှုရှိခဲ့သော်လည်း အမေရိကန်ဒေါ်လာငွေတန်ဖိုးကျဆင်းနေမှုကြောင့် ဘရာဇီးလ်နိုင်ငံ၏သီးနှံဈေးကွက်များတွင် မတ်လတတိယပတ်အတွင်း၌ ပဲပုတ်စေ့ဈေးနှုန်းများ ကျရိပ်ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ မတ်လ ၁၇ ရက်နေ့တွင် အလေးချိန် ၆၀ ကီလိုဂရမ်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်၌ ၂၁၂.၀၀ ဟဲရာမှ ၂၁၀.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၂၁၁.၀၀ ဟဲရာမှ ၂၀၉.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၂၁၆.၀၀ ဟဲရာမှ ၂၁၄.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၂၀၂.၀၀ ဟဲရာမှ ၂၀၀.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Paranaguá (PR) ဈေးကွက်တွင် ၂၀၆.၀၀ ဟဲရာမှ ၂၀၅.၀၀ ဟဲရာသို့လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့ပြီး Rondonópolis (MT) ဈေးကွက်တွင် ၁၉၀.၀၀ ဟဲရာဖြင့်လည်းကောင်း၊ Dourados (MS) ဈေးကွက်တွင် ၁၉၄.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၈၅.၀၀ ဟဲရာဖြင့်လည်းကောင်း အသီးသီး ဈေးနှုန်းများတည်ငြိမ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မတ်လ ၁၇ ရက်နေ့တွင် အမေရိကန်နိုင်ငံ ချီကာဂိုစတော့ဈေးကွက်(Chicago Commo-dity Exchange – CBOT)၌ ပဲပုတ်စေ့သီးနှံကြိုပွိုင့်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၁ – ၂၀၂၂ ခုနှစ်သီးနှံရာသီအစဖြစ်သည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့အထိ ပဲပုတ်စေ့တန်ချိန် ၁,၂၅၃,၂၀၀ တန်အားတင်ပို့ခဲ့ကြောင်း၊ တင်ပို့မှုများအနက် ပဲပုတ်စေ့တန်ချိန် ၃၉၅,၅၀၀ တန်အား တရုတ်နိုင်ငံသို့တင်သွင်းခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန ( United States Department of Agriculture – USDA)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မတ်လ ၁၇ ရက်နေ့တွင် ချီကာဂိုစတော့ဈေးကွက်၌ မေလအတွက်ပဲပုတ်စေ့ကြိုပွိုင့်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁၉.၂၅ ဆင့်မြင့်တက်ခဲ့ပြီး ၁ စည်လျှင် ၁၆.၆၈ ဒေါ်လာဖြင့်လည်းကောင်း၊ ဇူလိုင်လအတွက်ကြိုပွိုင့်ဈေးနှုန်းသည် ၂၁.၂၅ ဆင့်မြင့်တက်ခဲ့ပြီး ပဲပုတ်စေ့ ၁ စည်လျှင် ၁၆.၄၇ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ပဲပုတ်စေ့ထွက်ကုန်ဈေးကွက်တွင် မေလအတွက် ပဲပုတ်ခွဲကြိုပွိုင့်ဈေးနှုန်းသည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃.၉၀ ဆင့်ပိုမိုမြင့်တက်ခဲ့ပြီး ၄၇၄.၁၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပဲပုတ်

ဆီကြိုပွဲပြင့်ဈေးကွက်တွင် ၁ ပေါင်လျှင် ၁.၀၈ ဆင့်ပိုမိုမြင့်တက်ခဲ့ပြီး ၇၄.၆၃ ဆင့်ဖြင့်လည်းကောင်း ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာတန်ဖိုးသည် ၅.၀၃၇၀ ဟဲရာဖြင့်ဈေးနှုန်းများဖြစ်ပေါ်နေကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လျက်ရှိရာ အမေရိကန်ငွေတန်ဖိုးအပေါ်တွင်လည်း ရိုက်ခတ်မှုများဖြစ်ပေါ်လျက် ရှိကြောင်း၊ ဘရာဇီးလ်ပြည်တွင်းတွင်လည်း စားသုံးသူဆနှုန်းကိန်းများ မြင့်တက်လျက်ရှိနေသဖြင့် အစိုးရဘဏ် တိုးနှုန်းများအား ပြင်ဆင်သတ်မှတ်ရန်လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဖော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………

## ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှုများ သိသိသာသာမြင့်တက်လျက်ရှိ

၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း တရုတ်နိုင်ငံသို့ အမေရိကန်နိုင်ငံမှ ပဲပုတ်စေ့တင်သွင်းမှုများ ကျဆင်းခဲ့သော်လည်း ဘရာဇီးလ်နိုင်ငံမှပဲပုတ်စေ့ ဝယ်ယူတင်သွင်းမှုများမှာ သိသိသာသာတိုးတက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း တရုတ်နိုင်ငံသည်ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့ တန်ချိန် ၃.၅၁ သန်းဝယ်ယူတင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူတွင် တန်ချိန် ၁.၀၃ သန်း ဝယ်ယူ တင်သွင်းခဲ့သဖြင့် နှိုင်းယှဉ်ပါက ၂၄၁ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း တရုတ် အကောက်အခွန် ဌာနမှစာရင်းများကိုကိုးကား၍ သတင်းတွင်ဖော်ပြထားသည်။ ယခုနှစ်တွင် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၀.၀၄ သန်းအား ဝယ်ယူတင်သွင်းခဲ့ပြီး ယခင်နှစ်ကတန်ချိန် ၁၁.၉ သန်းအားဝယ်ယူတင်သွင်းခဲ့သဖြင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဖော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

## ၂၀၂၂ - ၂၀၂၃ ခုနှစ်ကာလတွင် တရုတ်နိုင်ငံ၏ပဲပုတ်စေ့သွင်းမှုပမာဏ စံချိန်တင်မြင့်တက်ဖွယ်ရှိ

၂၀၂၂-၂၀၂၃ ခုနှစ် နှစ်နိုင်ငံကုန်သွယ်မှုတွင် တရုတ်နိုင်ငံသည်ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၀၀ သန်းအထိ ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ အဆိုပါခန့်မှန်းချက်သည် ၂၀၂၁ -၂၀၂၂ ခုနှစ်နှစ်လယ်ပိုင်းက ခန့်မှန်းတွက်ချက်ထားသည့် တန်ချိန် ၉၅ သန်းအားကျော်လွန်ခဲ့ပြီး တရုတ်နိုင်ငံအတွင်းရှိ ကြက်နှင့် ဝက်မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော တိရိစ္ဆာန်အစာများထုတ်လုပ်ရန် ပဲပုတ်စေ့ကုန်ကြမ်းလိုအပ်ချက် ပိုမိုမြင့်တက်လာနိုင်မှုကြောင့်ဖြစ်ကြောင်း အမေရိကန်နိုင်ငံစိုက်ပျိုးရေးဌာန (U.S Department of Agriculture - USDA) ၏ ခန့်မှန်းချက်အား သတင်းတွင်ဖော်ပြထားသည်။

၂၀၂၁ - ၂၀၂၂ ခုနှစ်ကာလတွင် တရုတ်နိုင်ငံသည် ပြည်တွင်းကြိတ်ခွဲမှုအတွက် ပဲပုတ်စေ့တန်ချိန် ၉၆.၅ သန်းအား အသုံးပြုခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၉၈.၅ သန်းအထိအသုံးပြုနိုင်ကြောင်း၊ ပြည်တွင်းကြိတ်ခွဲနိုင်မှုအရ တစ်နှစ်လျှင်ပဲပုတ်စေ့တန်ချိန် ၁၄၅ သန်းအထိကြိတ်ခွဲထုတ်လုပ်နိုင်သည့် အခြေအနေရှိကြောင်း USDA မှ စီးပွားရေးအရာရှိက ပြောကြားခဲ့သည်။

လာမည့် ၂၀၂၂-၂၀၂၃ ခုနှစ်ကာလကုန်ဆုံးချိန်တွင် တရုတ်နိုင်ငံ၏ ပဲပုတ်စေ့လက်ကျန်သည် တန်ချိန် ၂၆.၁ သန်းအထိ ကျန်ရှိနိုင်ရန်ခန့်မှန်းထားပြီး ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် လက်ကျန်တန်ချိန် ၂၇.၂ သန်း ကျန်ရှိရန်ခန့်မှန်းထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

.........................................................................................................

## အိန္ဒိယနိုင်ငံ၌ ကုလားပဲများအား အခြေခံရည်ညွှန်းဈေးနှုန်းအောက်၌သာ အရောင်းအဝယ်ဖြစ်လျက်ရှိ

၂၀၂၁ အိန္ဒိယနိုင်ငံတစ်ဝန်း၌-၂၂ ခုနှစ် ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးထားရှိသော ကုလားပဲများအား ရိတ်သိမ်းလျက်ရှိပြီး မဒ္ဒရာပရာဒေ့ရှ်၊ မဟာရဋ္ဌ၊ ဂူဂျရတ် တို့အပါအဝင် အဓိကစိုက်ပျိုးထုတ်လုပ်ရာ ပြည်နယ်များရှိ ကုန်စည်ဒိုင်များသို့ ဈေးကွက်ဝင်ရောက်မှု များပြားလျက်ရှိရာ အစိုးရ

ကအနိမ့်ဆုံးထား ဝယ်ယူပေးမည့် အခြေခံရည်ညွှန်းဈေးနှုန်း )MSP) အောက် ၁၅% ခန့်အထိဈေး နှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း )IPGA) မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Bimal Kothari က ယခုနှစ်တွင် ကုလားပဲအထွက်နှုန်း ကောင်းမွန်မှုရှိပြီး မဟာရဋ္ဌနှင့် ဂူဂျရတ်ပြည်နယ်တို့၌ ကုန်စည်ဒိုင်များသို့ ဈေးကွက်ဝင်ရောက်မှုသည် ပုံမှန်ထက် ၂၅% ခန့် ပိုမိုလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ကုလားပဲအတွက် သတ်မှတ်ထားသည့် MSP ဈေးနှုန်း ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီးငွေ ၅၂၃၀/- အောက် ၁၅% ခန့် လျော့နည်း၍ ရူပီး ၄၃၀၀ မှ ၄၄၀၀ အတွင်း၌သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မဟာရဋ္ဌပြည်နယ်၊ Akola ခရိုင်တွင် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကုလားပဲအသစ်များ ဈေးကွက်ဝင်ရောက်မှု မြင့်တက်လျက် ကုန်သည်များအနေဖြင့် သီးနှံပမာဏအမြောက်အမြားကို ကိုင်တွယ်နိုင်စွမ်းမရှိသဖြင့် ၂ ရက်ကြာ ဈေးကွက်ပိတ်ထားခဲ့ရကြောင်း၊ ကုလားပဲဈေးနှုန်းများမှာ လက်ရှိနှုန်းထားအောက် ဆက်လက်ကျဆင်းဖွယ် မရှိသော်လည်း တောင်သူများအကျိုးဖြစ်ထွန်းမည့် ဈေးနှုန်းအထောက်အပံ့ ဖြစ်စေရန်အတွက် အစိုးရအနေဖြင့် သီးနှံလက်ဝယ်ထားရှိသိုလှောင်နိုင်ခွင့် ကန့်သတ်ချက်အား ပယ်ဖျက်ပြီး အနာဂတ်ကာလအတွက် ကုလားပဲသီးနှံ ကြိုတင်ရောင်းဝယ်မှုကို ခွင့်ပြုပေးသင့်ကြောင်း ပြောဆိုပါသည်။

ကုန်စည်သိုလှောင်ဈေးကစားမှုများ မဖြစ်ပေါ်စေရေးနှင့် ဈေးကွက်တည်ငြိမ်မှုရှိစေရေးတို့အတွက် အိန္ဒိယအစိုးရသည် ပဲမျိုးစုံ လက်ဝယ်သိုလှောင်ထားရှိနိုင်မှုကို ကန့်သတ်လျက် ကြိုတင်ရောင်းဝယ်ခြင်းများကိုလည်း တားမြစ်ထားရာ ယခုကဲ့သို့ သီးနှံအမြောက်အမြား ထွက်ပေါ်ချိန်၌ ကုန်သည်များ၏ ဝယ်ယူရင်းနှီးမြှုပ်နှံလိုမှုမှာ လျော့ပါးလျက်ရှိသည်။ လက်ရှိကာလ၌ ကုန်သည်များအနေဖြင့် ကုလားပဲတန်ချိန် ၂၀၀ ကိုသာ အများဆုံး သိုလှောင်ထားခွင့်ရှိပြီး ကြိတ်ခွဲထုတ်လုပ်သည့် ပဲခွဲစက်လုပ်ငန်းများမှာမူ စက်စွမ်းအားပြည့် လည်ပတ်နိုင်မှု၏ ၆ လစာအထိသာ သိုလှောင်နိုင်ခွင့်ရှိသည်။

၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ်အတွက် အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မည့် အခြေအနေဒုတိယအကြိမ် ခန့်မှန်းချက်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည့် ကုလားပဲကို မူလလျာထားချက် တန်ချိန် ၁၀.၆၆ သန်းထက် ပိုမိုလျက် တန်ချိန် ၁၃.၁၂ သန်းအထိ ထွက်ရှိနိုင်မည်ဟု အိန္ဒိယအစိုးရကခန့်မှန်းထားသည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၁၇-၃-၂၀၂၂ နေ့ သတင်း ထုတ်ပြန်ချက်အရ ကုလားပဲစိုက်ဧရိယာ ဟက်တာ ၁၁၄.၉၅ သိန်း အနက် ၄၆% နှင့် ပဲနီလေး စိုက်ဧရိယာ ဟက်တာ

Agribusiness & Trade

၁၇၄၄ သိန်းအနက် ၇၁.% တို့ကို သီးနှံရိတ်သိမ်းမှု ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရ၏ MSP အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ကုလားပဲဝယ်ယူရေး လုပ်ငန်းအဆင့်ဆင့်ကိုလည်း ပြည်နယ်များ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်း အပြည့်အဝလုပ်ဆောင်နိုင်ချိန်၌ ကုလားပဲဈေးနှုန်းများမှာ တည်ငြိမ်မှုရရှိလာမည်ဟု ကုန်သည်များက ပြောဆိုလျက်ရှိကြကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်၊ Indore မြို့အခြေစိုက် အိန္ဒိယ ပဲခွဲစက်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Suresh Agarwal က ပဲစင်းငုံနှင့် ပဲတီစိမ်းတို့နည်းတူ ကုလားပဲသည်လည်း MSP ဈေးနှုန်း၏အောက်၌ အနိမ့်ကျဆုံး အခြေအနေဖြင့် ရောင်းချလျက်ရှိကြောင်း၊ သို့ရာတွင် အစိုးရ၏ MSP ဈေးနှုန်းဖြင့် စတင်ဝယ်ယူလာမှုအရ ယခုထက်ပို၍ ကုလားပဲဈေးနှုန်း ကျဆင်းဖွယ်မရှိကြောင်း ပြောဆိုပါသည်။ JLV Agro ကုမ္ပဏီမှ လုပ်ငန်းရှင် Mr. Vivek Agarwal ကလည်း ယခုနှစ် ကုလားပဲ အထွက်နှုန်းမှာ လွန်စွာကောင်းမွန်မှုရှိသကဲ့သို့ ယခင်နှစ်ဟောင်း ကုန်စည်များလက်ကျန်ရှိနေသဖြင့် ဈေးကွက်၌ အရောင်းအဝယ်အေးနေမည့် အခြေအနေဖြစ်ကြောင်း၊ အစိုးရ၏သွင်းကုန်မူဝါဒများနှင့် ဈေးကွက်ထိန်းသိမ်းမှုများအရ ပဲဈေးကွက်တစ်ခုလုံးသည် ဈေးနှုန်းဘောင်တစ်ခုအတွင်း၌သာ အတက်အကျရှိနေမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ဂူဂျရတ်ပြည်နယ် Ahmeda-bad မြို့အခြေစိုက် ပဲခွဲစက်လုပ်ငန်းရှင် Mr. Punit Bachawat ကလည်း တောင်သူများအနေဖြင့် အစိုးရဝယ်ယူရေးအဖွဲ့အစည်းဖြစ်သော အမျိုးသားစိုက်ပျိုးရေး သမဝါယမ ဈေးကွက်မြှင့်တင်မှုအသင်းချုပ်လီမိတက် (NAFED) ထံသို့ MSP ဈေးနှုန်းဖြင့် ရောင်းချရန် ၎င်းတို့၏ထုတ်ကုန်များကို ထိန်းသိမ်းထားမည့် အခြေအနေရှိပြီး ရှေ့လာမည့်ကာလ၌ ကုလားပဲ ဈေးနှုန်းများမှာ မြင့်တက်လာဖွယ်ရှိကြောင်း၊ ဂူဂျရတ်ပြည်နယ်မှ ထွက်ရှိသော ကုလားပဲ တန်ချိန် ၄ သိန်းအထိကို ဝယ်ယူရန်လျာထားရာ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းများမှာ စတင်ဆောင်ရွက် နေပြီဖြစ်ကြောင်း ပြောဆိုပါသည်။

Source: The Hindu Business Line

1. Rabi harvest in full swing; area under summer pulses rises, 17-3-2022
2. Chana rules below MSP on higher arrival, 21-3-2022

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

……………………………………………………………………………………………

Agribusiness & Trade

# အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းသို့ သစ်သီးဝလံတင်ပို့မှုမြှင့်တင်ရန် ကြိုးပမ်းလျှက်ရှိခြင်း (ထိုင်းနိုင်ငံ)

အစိုးရအနေဖြင့် ယခုနှစ်တွင် အရှေ့အလယ်ပိုင်းသို့ သစ်သီးဝလံတင်ပို့မှုအရှိန် မြှင့်တင်ရန်ကြိုးပမ်းလျှက်ရှိနေကြောင်း၊ တရုတ်နိုင်ငံ၏ Zero-Covid မူဝါဒကြောင့် ထိုင်းသစ်သီးဝလံများ တင်ပို့မှု အထူးသဖြင့် ဒူရင်းသီးများတင်ပို့မှု ဆိုးရွားလာခဲ့ပြီးသည့်နောက် သစ်သီးဝလံတင်ပို့မှုအဆင်ပြေချောမွေ့စေရေးအတွက် တရုတ်နှင့်ဆွေးနွေးညှိနှိုင်းမှုများ အရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိနေကြောင်း သိရှိရပါသည်။

အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Rachada Dhnadirek ၏အဆိုအရ အစိုးရအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနမှတစ်ဆင့် ယခုနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုကဲ့သို့သော အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ထိုင်းသစ်သီးဝလံများအား တိုးချဲ့တင်ပို့နိုင်ရန်ရည်ရွယ်ထားကြောင်း၊ အဆိုပါနိုင်ငံများအနေဖြင့် ကြက်မောက်သီး၊ မင်းဂွတ်သီး၊ လောင်ဂန်သီး၊ သရက်သီးနှင့် ဒူးရင်းသီး စသည့် ထိုင်းသစ်သီးဝလံများအတွက် ဝယ်လိုအားမြင့်မားသည့် ဈေးကွက်နိုင်ငံများဖြစ်ကြောင်း သိရှိရပါသည်။

သူမက လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန ဝန်ကြီး မစ္စတာChalermchai Sri-on အနေဖြင့် ယခင်အပတ်က လယ်ယာထွက်ကုန်နှင့် အစားအစာတင်ပို့မှုတိုးမြှင့်ရန် ယူအေအီးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ယခုနှစ်တွင် တန်ဖိုးအားဖြင့်ဘတ်ငွေ(၁၀) ဘီလီယံခန့်တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်ကြောင်း ၎င်းမှာယမန်နှစ်ကထက်(၄.၆%) တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အခြားသောမူဝါဒများတွင် ဖြန့်ဖြူးရေးအပိုင်းပံ့ပိုးမှု၊ အရည်အသွေးထိန်းချုပ်တိုးတက်မှု၊ စားသုံးမှုမြှင့်တင်ရေး၊ ထုတ်လုပ်မှုအပိုင်းအတွက် ပံ့ပိုးမှုနှင့် ကူညီကယ်ဆယ်ရေးအစီအမံများဖြစ်ကြောင်းသိရှိရပါသည်။ အစိုးရအနေဖြင့် တရုတ်နိုင်ငံ၏ Zero-Covid မူဝါဒနှင့် တင်းကြပ်စွာစစ်ဆေးကြသည့် Mohan ၊ Youyi Guan ၊ Dongxing နှင့် Ping Xiang စသည့် နယ်စပ်စစ်ဆေးရေးဂိတ်လေးခုမှ ထိုင်းသစ်သီးဝလံများ တင်ပို့မှုအဆင်ပြေချောမွေ့စေရန် တရုတ်အစိုးရနှင့် ဆွေးနွေးပြောကြားမှုများကို အရှိန်မြှင့်တင် ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

လက်ရှိအားဖြင့် တရုတ်အာဏာပိုင်များ အနေဖြင့် အဆိုပါ နယ်စပ်စစ်ဆေးရေးဂိတ်လေးခုမှ ဝင်ရောက်လာသော ထိုင်းသစ်သီးဝလံကွန်တိန်နာများအား ၎င်းတို့၏ Zero-Covid မူဝါဒနှင့်အညီ တင်းကြပ်စွာ စစ်ဆေးဆောင်ရွက်လျှက်ရှိနေကြောင်း၊ စစ်ဆေးရေး လုပ်ငန်းစဉ်များက

တင်ပို့မှုများကိုကြန့်ကြားစေကြောင်းနှင့် တစ်ခါတစ်ရံတွင်အချို့သော သစ်သီးဝလံများပုပ်သွားကြကြောင်း သိရှိရပါသည်။

ထိုင်းအစိုးရအနေဖြင့် ဒူးရင်းသီးတင်ပို့သူများအား GMPနှင့် ကိုဗစ်ကင်းစင်ကြောင်း အထောက်အထားလက်မှတ်များဖြင့် အထူးအခွင့်အရေးများပေးရန် တရုတ်နိုင်ငံသို့ တောင်းဆိုထားကြောင်း၊ ယခုအချိန်အထိဒူးရင်းသီးတင်ပို့သူ(၄၀၀)သာသင်တန်းတက်ရောက်ခဲ့ပြီး GMPလက်မှတ်နှင့် ကိုဗစ်ကင်းစင်ကြောင်း အထောက်အထားလက်မှတ်များ ရရှိထားကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်၊ လာအို နှင့်ဗီယက်နမ်နိုင်ငံများအကြား သစ်သီးဝလံတင်ပို့မှု အရှိန်မြှင့်တင်ရန်နှင့် သွင်းကုန်တင်သွင်းမှုတို့အတွက် ဘုံသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရန်နှင့် နယ်စပ်စစ်ဆေးရေးဂိတ်တိုင်းတွင် ထိုင်းသစ်သီးဝလံများပုပ်မသွားစေရန် ထိုင်းသစ်သီးဝလံများအပေါ် အကောက်ခွန်ရှင်းလင်းရေးအား အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး အစိမ်းရောင်လမ်း(Green Lane)ထားရှိနိုင်ရေးတို့အတွက် ပူးတွဲအစည်းအဝေးတစ်ရပ် ကျင်းပသွားရန်ထိုင်းနိုင်ငံမှ အဆိုပြုထားကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ဇန်နဝါရီလတွင် တရုတ်နိုင်ငံနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုအနေဖြင့် (၂၄.၃၄%) ကျဆင်းခဲ့ပြီး ဘတ်ငွေ(၁၆.၉၈) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းတွင် ထိုင်းနိုင်ငံမှ တင်ပို့မှုအနေဖြင့် (၇.၉၃) ဘီလီယံရှိခဲ့ပြီး ယမန်နှစ်ကာလတူကထက်(၆.၃၇%) ကျဆင်းခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း(၃၅.၂၄%) ကျဆင်းခဲ့ပြီး ဘတ်ငွေ(၉.၀၅)ဘီလီယံ ရှိခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသို့ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုကျဆင်းသွားမှုကြောင့် ဇန်နဝါရီလတွင် စုစုပေါင်းတစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုမှာ ယခင်နှစ်ကာလတူထက် (၁၀.၄၆%)ကျဆင်းခဲ့ပြီး ဘတ်ငွေ(၅၀.၆၉) အထိ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုအပါအဝင် နယ်စပ်ကုန်သွယ်မှု စုစုပေါင်းမှာ ဇန်နဝါရီလတွင် နှစ်အလိုက်၌(၉.၄၉%) တိုးတက်ခဲ့ပြီး ဘတ်ငွေ(၁၄၁.၀၇)ဘီလီယံ ရှိခဲ့ကြောင်း၊ ၎င်းတွင် ပြည်ပသို့ တင်ပို့မှုအနေဖြင့် ဘတ်ငွေ(၇၇.၆၉) ဘီလီယံရှိခဲ့ပြီး(၄,၅၃%) တိုးတက်ခဲ့ကြောင်း၊ သွင်းကုန် တင်သွင်းမှုမှာလည်း ဘတ်ငွေ(၆၃.၃၇)ဘီလီယံရှိခဲ့ပြီး (၁၆.၂၅%)တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ဇန်နဝါရီလတွင် နယ်စပ်ကုန်သွယ်ရေးတစ်ခုတည်းအနေဖြင့် (၂၅.၁၃%) တိုးတက်ခဲ့ကြောင်းနှင့် ဘတ်ငွေ(၉၀.၃၈) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းတွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ဘတ်ငွေ

Agribusiness & Trade

(၅၄.၄၆) ဘီလီယံရှိခဲ့ပြီး(၂၂.၇၆%) တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သွင်းကုန်တင်သွင်းမှုမှာ ဘတ်ငွေ (၃၅.၉၁) ဘီလီယံရှိခဲ့ပြီး(၂၈.၉၂%) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးမစ္စတာဂျူရင်က သစ်သီးဝလံတင်ပို့မှု အခက်အခဲများကို ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့အား ညွှန်ကြားထားကြောင်း ပြောကြားခဲ့ပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

…………………………………………………………………

## ပြည်ပဆန်တင်ပို့မှု တန်ချိန်(၈) သန်းရှိမည်ဟု ခန့်မှန်းထားခြင်း (ထိုင်းနိုင်ငံ)

ဘတ်ငွေအားနည်းခြင်း၊ ကမ္ဘာ့ဈေးကွက်ဝယ်လိုအား တိုးတက်လာခြင်းတို့ကြောင့် ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ပြည်ပဆန်တင်ပို့မှုအနေဖြင့် တန်ချိန်(၈)သန်းကျော်ရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်းဝါရင့်ကုန်သည် Chookiat Ophaswongse ၏အဆိုအရသိရှိရပါသည်။

ထိုင်း ပြည်ပဆန်တင်ပပို့သူများအသင်း ဂုဏ်ထူးဆောင်နာယကဖြစ်သူ Mr. Chookiat က ယခုနှစ် ပထမနှစ်လတွင် ထိုင်းဆန်တင်ပို့မှုသည် တန်ချိန်(၁.၅) သန်းရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူကရရှိခဲ့သောတန်ချိန်(၉၀၀,၀၀၀)နှင့် နှိုင်းယှဉ်ပါက ပိုမိုတိုးတက်များပြားကြောင်း ပြောကြားခဲ့ပါသည်။

အကယ်၍ ထိုင်းနိုင်ငံအနေဖြင့် တစ်လလျှင်ဆန်တန်ချိန်(၇၀၀,၀၀၀) ပျမ်းမျှတင်ပို့နိုင်မည်ဆိုပါက ယခုနှစ်အတွက်စုစုပေါင်းဆန်တင်ပို့မှုအနေဖြင့် အနည်းဆုံးတန်ချိန်(၈)သန်းလောက်ရှိနိုင်ကြောင်း အသင်းမှခန့်မှန်းထားကြောင်း၊ တန်ဖိုးအားဖြင့်ဆိုပါက ဘတ်ငွေ (၁၃၀) ဘီလီယံခန့်ရှိနိုင်ကြောင်း၊ ၎င်းမှာယခင်နှစ်ကရရှိခဲ့သော ဘတ်ငွေ(၁၁၀)ဘီလီယံထက် ပိုမို၍တိုးတက်လာကြောင်း Mr. Chookiat က ပြောကြားခဲ့ပါသည်။

Mr. Chookiatက ဆက်လက်၍ လက်ရှိဖြစ်ပွားနေသော စစ်ပွဲကြောင့်နှင့် ထိုင်းဘတ်ငွေကျဆင်းသွားခြင်းတို့ကြောင့် ယခုအခါထိုင်းဆန်တင်ပို့မှုအနေဖြင့် ဈေးနှုန်းမှာ အပြိုင်အဆိုင်ဖြစ်နေ

ကြောင်း၊ ထိုင်းဆန်စျေးနှုန်းမှာ ဗီယက်နမ် ဆန်စျေးနှုန်းနီးပါးဖြစ်နေကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းဆန်ဖြူ(၅%) FOB စျေးနှုန်းအနေဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၄၂၀) ဖြစ်ပြီး ဗီယက်နမ်ဆန်စျေးနှုန်းနှင့် တူညီနေကြောင်း၊ အဆိုပါစျေးနှုန်းမှာ ယခုလအစတွင် မှတ်တမ်းတင်ထားသည့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၄၀၀) ထက် ဒေါ်လာ(၂၀) ပိုများနေကြောင်း သိရှိရပါသည်။

ထိုင်း ဆန်စျေးနှုန်းကို ဗီယက်နမ်ဆန်စျေးနှုန်းနှင့် ချိန်ညှိသည့်အခါတိုင်း တူညီနေကြောင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော အာရှနိုင်ငံများမှ ဆန်တင်သွင်းသူများအနေဖြင့် ထိုင်းဆန်ကိုဝယ်ယူကြကြောင်း၊ ပို၍အရေးကြီးသည်မှာ အီရန်၊ အီရတ်တို့ကဲ့သို့သော အရှေ့အလယ်ပိုင်းရှိ ပို့ကုန်စျေးကွက်ဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျမှာ ယခုနှစ်တွင် စျေးကွက်ထဲပြန်လည်ရောက်ရှိလာကြောင်း Mr. Chookiat ၏ အဆိုအရသိရှိရပါသည်။

ဟောင်ကောင်၊ စင်္ကာပူတို့၌ ကိုဗစ်-၁၉ ဖြစ်ပွားမှုများအပြင် တရုတ်နိုင်ငံShenzhenတွင် lockdown ပိတ်ဆို့မှုများကြောင့် စားသုံးသူများအနေဖြင့် စူပါမားကက်များတွင် ထိုင်းဆန်များကိုဝယ်ယူနေကြကြောင်း၊ လက်ရှိဖြစ်ပွားနေသော စစ်ပွဲကြောင့် ဂျုံနှင့် ပြောင်းစျေးများ မြင့်တက်ခြင်းကြောင့် ထိုင်းဆန်စျေးကို ထိခိုက်စေပြီး အနည်းငယ်မြင့်တက်စေခဲ့ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

မိမိတို့အနေဖြင့် ထိုင်း ဆန်စျေးမှာ(၅%) ခန့်တက်နိုင်သည်ဟု မျှော်မှန်းထားကြောင်း (သို့မဟုတ်) ယခုနှစ်ဒုတိယ(၃) လပတ်တွင် ဆန်တစ်တန်လျှင် ဒေါ်လာ(၂၀) ခန့်မြင့်တက်နိုင်သည်ဟုခန့်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

အိန္ဒိယတွင် ဆန်လက်ကျန် အဆမတန်များပြားနေကြောင်း၊ ထိုင်းနှင့် ဗီယက်နမ်တို့တွင် ယခုနှစ် ဆန်ပိုမိုထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ၂၀၂၁/၂၀၂၂ ခုနှစ် သီးနှံရာသီအတွက် ထိုင်းဆန်စပါး ထုတ်လုပ်မှုအနေဖြင့် စပါးတန်ချိန်(၃၀-၃၂) သန်းခန့်အထိ တိုးတက်ထွက်ရှိနိုင်သည်ဟု အသင်းမှ ခန့်မှန်းထားကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## ဝက်အရှင် လက်ငင်းအရောင်းအဝယ်ဈေးနှုန်းများ ဆက်လက်ကျဆင်းနေဆဲဖြစ် (တရုတ်)

နိုင်ငံတကာ၌ ပဲပုပ်နှင့် ပြောင်းဈေးနှုန်းများ သိသိသာသာမြင့်တက်လာခြင်းကြောင့် တိရစ္ဆာန်အစာဈေးနှုန်းများ မြင့်မားလာသဖြင့် တရုတ်ပြည်တွင်း၌ ဝက်အရှင်ဈေးနှုန်းများ ဆက်လက်ကျဆင်းနေကာ၊ ဝက်မွေးမြူသူများမှာ အရှုံးနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ယခုကဲ့သို့ ဖြစ်နေခြင်းကြောင့် ဝက်မွေးမြူမှုနှုန်းများ ကျဆင်းသွားခြင်း ရှိ၊ မရှိ ဟူသည်ကိုမူ ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်ပါသည်။ များသောအားဖြင့် ဝက်မွေးမြူသူများမှာ နွေဦးရာသီပွဲတော် (တရုတ်နှစ်သစ်ကူးပွဲတော်) အတွက် ရည်ရွယ်၍ မွေးမြူကြခြင်းဖြစ်ရာ၊ ယခုအချိန်၌ ဝက်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၁၀)ယွမ်ခန့် ကျဆင်းသွားပြီး၊ ဆက်လက် ကျဆင်းဖွယ်လည်း ရှိပါသည်။

ရင်းမြစ်၊ Sunsirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..............................................................................

## မတ်လ (၁၅)ရက်နေ့တွင် တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက် အနည်းငယ်မြင့်တက်လာ

မတ်လ (၁၅) ရက်နေ့တွင် တရုတ်ပြည်တွင်းပဲပုပ်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာပြီး၊ (၁) catties လျှင် ယွမ်ငွေ(၃)ယွမ်မှ (၃.၁)ယွမ်ကြားဖြစ်ကာ၊ ဈေးနှုန်းခိုင်မာနေကြောင်း သိရပါသည်။

ပဲပုပ်ထွက်ရှိရာဒေသများတွင် ဈေးနှုန်းတက်လိုက် ကျလိုက်ဖြစ်နေပြီး၊ ကုန်သည်များလက်ထဲ၌ များစွာပိုလျှံမနေခြင်းက ဈေးနှုန်းကို ပို၍မြင့်တက်လာစေပါသည်။ ကြိုရောင်း ကြိုဝယ်ဈေးကွက် များလာခြင်းနှင့်အတူ လက်ငင်းအရောင်းအဝယ်ဈေးကွက်မှာလည်း ပြန်လည်နာလန်ထူလာပါသည်။ ရေတိုကာလတွင် တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်မှာ အမြင့်ပိုင်း၌ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းရပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..............................................................................

## တရုတ်ပြည်တွင်းပဲပုပ်ဆီဈေးကွက် ခန့်မှန်းချက်

မတ်လ (၁၅) ရက်နေ့တွင် Dachang exchange ၏ ပဲပုပ်ဆီကြိုရောင်း ကြိုဝယ်ဈေးနှုန်းမှာ (၁.၆၅) ရာခိုင်နှုန်းကျဆင်းခဲ့ကာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၂၃၀) ရှိခဲ့ပါသည်။ ကမ်းရိုးတန်းဒေသတွင် ပထမတန်းစား ပဲပုပ်ဆီဈေးကွက်ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၈၈၀)မှ (၁၁,၅၀၀) ကြားဖြစ်ပြီး၊ ယခင်နေ့ကထက် တစ်တန်လျှင် ယွမ် ၂၂၀ မှ ၂၅၀ ကြား ကျဆင်းသွားခဲ့ပါသည်။ ၎င်းတို့အနက် တရုတ်နိုင်ငံ မြောက်ပိုင်း၌ ပေါက်သည့်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၈၈၀) မှ (၁၀,၉၀၀) ကြား၊ တရုတ်နိုင်ငံအရှေ့ပိုင်း၌ ပေါက်သည့်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၉၄၀) မှ (၁၁,၄၈၀) ကြား၊ တရုတ်နိုင်ငံတောင်ပိုင်း၌ ပေါက်သည့်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၁၁,၂၈၀) မှ (၁၁,၅၀၀) ကြား အသီးသီးဖြစ်ပါသည်။ မကြာသေးမီက ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းအချို့၏ လက်အလွှဲအပြောင်းဈေးနှုန်းမှာ သိသိသာသာ တိုးတက်ခဲ့ပြီး၊ အချို့လုပ်ငန်းများ၏ ဈေးနှုန်းများမှာ မှန်ကန်လာသည်ကို တွေ့ရပါသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တရုတ်ပြည်တွင်း ပဲပုပ်ကြိတ်ခွဲမှု ကျဆင်းခဲ့သောကြောင့် ပဲပုပ်ဆီထုတ်လုပ်မှု ကျဆင်းခဲ့ပါသည်။ ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများ၏ ဖြန့်ဖြူးမှုနှုန်းမှာ ပျမ်းမျှသာ ဖြစ်ခဲ့ပြီး၊ ပဲပုပ်ဆီသိုလှောင်ထားရှိမှုမှာလည်း ဆက်လက် ကျဆင်းနေခဲ့ပါသည်။

တရုတ်နိုင်ငံရှိ အဓိကဆီစက်ရုံများ၏ ပဲပုပ်ဆီသိုလှောင်ထားရှိမှုမှာ တန်ချိန် (၇၃၀,၀၀၀) ရှိခဲ့ပြီး၊ ပြီးခဲ့သော ရက်သတ္တပတ်ကထက် တန်ချိန် (၁)သောင်းခန့် လျော့နည်းခဲ့ကာ၊ ပြီးခဲ့သည့်လကထက် တန်ချိန် (၈) သောင်း၊ ပြီးခဲ့သည့်နှစ်ကထက် တန်ချိန် (၃)သောင်းလျော့နည်းခဲ့ပါသည်။ ၎င်းသိုလှောင်မှုမှာ ပြီးခဲ့သည့် (၃)နှစ် အတွင်း ပျမ်းမျှသိုလှောင်မှုထက် တန်ချိန် (၄၅၀,၀၀၀) လျော့နည်းခဲ့ပါသည်။ တရုတ်ပြည်တွင်း ပဲပုပ်ရောင်းလိုအားမှာ တင်းကြပ်နေဆဲဖြစ်ပြီး၊ မတ်လအတွင်း ပဲပုပ်ကြိတ်သည့်ပမာဏ တိုးမြင့်နိုင်ရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် ရေတိုကာလတွင် ပဲပုပ်ဆီသိုလှောင်မှုမှာ လျော့နည်းနေဦးမည် ဖြစ်ပါသည်။

ယူကရိန်းနှင့် ရုရှားနိုင်ငံတို့အကြား စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်နေရာ ဈေးကွက်အတွင်း စိုးရိမ်ပူပန်မှုများ လျော့ကျလာခဲ့ပြီး၊ နိုင်ငံတကာရေနံစိမ်းဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၁၀၀)ခန့် လျင်မြန်စွာကျဆင်းလာပါသည်။ မလေးရှား စားအုန်းဆီမှာ တဖြည်းဖြည်း တိုးမြင့်လာပြီး၊ အင်ဒိုနီးရှား၏ ပြည်တွင်း၌ စားအုန်းဆီ သိုလှောင်မှုမှာလည်း သိသိသာသာမြင့်တက်လာပါသည်။ အင်ဒိုနီးရှားအစိုးရအနေဖြင့် စားအုန်းဆီတင်ပို့မှု ကန့်သတ်ချက်များကို ပြန်လည်ချိန်ညှိ

Agribusiness & Trade

လိမ့်မည်ဟု ဈေးကွက်အတွင်း သုံးသပ်နေကြပြီး၊ စားအုန်းဆီ ရောင်းလိုအား နောက်ပိုင်းတွင်ပြန်လည်များပြားမည်ဟု မျှော်လင့်ထားကြပါသည်။

လက်ရှိအချိန်၌ တရုတ်နိုင်ငံ၏ နေရာအများအပြားတွင် ကပ်ရောဂါဖြစ်ပွားမှုနှုန်းများပြားနေရာ ဆီဈေးနှုန်းကို ကျဆင်းလာစေပါသည်။ မတ်လနှောင်းပိုင်း၌ ပြည်တွင်းပဲပုပ်ပမာဏ အတော်များများမှာ ဟောင်ကောင်သို့ ပိုမိုရောက်ရှိလာပြီး၊ နိုင်ငံတော် အရန်သိုလှောင်မှုအတွက် ပဲပုပ်များတင်သွင်းမည့် လေလံမှာလည်း စတင်နေပြီဖြစ်ရာ၊ ပဲပုပ်ရောင်းလိုအား ကြပ်နေသည့် အခြေအနေမှာ ပြေလျော့သွားမည်ဟု မျှော်လင့်ထားပါသည်။ ပဲပုပ်ဆီ အခြေခံဈေးနှုန်းကိုးကားချက်မှာလည်း ဈေးအမြင့်ပိုင်းမှ ပြန်လည်လျှောကျ လာဖွယ်ရှိပါသည်။

ခြုံငုံ၍ သုံးသပ်ရလျှင် ရေတိုကာလ၌ တရုတ်ပြည်တွင်းနှင့် ပြည်ပတွင် ဆီရောင်းလိုအားတင်းကြပ်နေဦးမည်ဖြစ်ပြီး ဈေးနှုန်းအမြင့်ပိုင်း၌ ရှိနေဆဲဖြစ်သော်လည်း၊ ဆက်လက်ကျဆင်းတော့မည့်အရိပ်အယောင်များကို မြင်တွေ့နေရပါသည်။ ရုရှားနှင့် ယူကရိန်းတင်းမာမှု လျော့ကျလာခြင်း၊ စားအုန်းဆီထုတ်လုပ်မှု ပြန်လည်နာလန်ထူလာခြင်းနှင့် ကမ္ဘာ့မြောက်ခြမ်းဒေသများ၌ နွေဦးရာသီစိုက်ပျိုးမှုများ စတင်ခြင်းတို့မှာ ဆီဈေးမှာ အကျဖြစ်စေမည့် အဓိကအချက်များဖြစ်ကြပါသည်။

ယခုရက်သတ္တပတ်တွင် တရုတ်ပြည်တွင်း ဆီဈေးနှုန်း သိသိသာသာ ပြင်ဆင်ခဲ့ပြီး၊ ပဲဆီများနှင့် ဟင်းသီးဟင်းရွက်ဆီများအကြား ဈေးနှုန်းကွာဟချက်မှာ ကျဉ်းမြောင်းလာသည်ကို တွေ့ရပါသည်။ မတ်လ (၁၅) ရက်နေ့တွင် ပဲပုပ်ဆီ၏ အဓိကအစိတ်အပိုင်း ဖြစ်သည့် ၂၂၀၅ ၏ စာချုပ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂,၁၆၂) ဖြစ်ပြီး၊ ပြီးခဲ့သည့် ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ယွမ်ငွေ (၃၉၃) ကျဆင်းခဲ့သော်လည်း၊ ပြီးခဲ့သည့်လ၏ ဈေးနှုန်းထက် တစ်တန်လျှင် (၁၉၆) ယွမ်တက်လာကာ၊ ပြီးခဲ့သည့် နှစ်ဈေးနှုန်းထက် တစ်တန်လျှင် (၇၄၃) ယွမ် မြင့်တက်လာခြင်းဖြစ်ပါသည်။ ၂၂၀၉ ၏ စာချုပ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂,၀၂၅) ဖြစ်ကာ၊ ပြီးခဲ့သည့်ရက်သတ္တပတ်ကထက် တစ်တန်လျှင် (၄၁၅) ယွမ် ကျဆင်းခဲ့ပါသည်။ တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသများတွင် ပဲပုပ်ဆီလက်ငင်းရောင်းဝယ်သည့်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁,၈၁၀) ဖြစ်ပြီး၊ ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် တစ်တန်လျှင် (၄၃၀)ယွမ်ကျဆင်းခဲ့ကာ၊ ပြီးခဲ့သည့်လကထက် တစ်တန်လျှင် (၂၄၀)ယွမ် မြင့်တက်လာပြီး၊ ပြီးခဲ့သည့်နှစ်ကထက် တစ်တန်လျှင် (၁,၀၃၀)ယွမ် မြင့်တက်ခဲ့ပါသည်။

ရင်းမြစ်၊ National grain and oil information center

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

## ဆားငန်ရေစပါးမျိုးစိတ်ကို တီထွင်လိုက်သည့် တရုတ်နိုင်ငံ

စမ်းသပ်မှုကို တရုတ်နိုင်ငံမြောက်ပိုင်း Jinghai ဒိစတြိတ်ရှိ Bohai ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက်တွင် ပြုလုပ်နေခြင်း ဖြစ်ပါသည်။ ၎င်းနေရာ၏ ထက်ဝက်ကျော်မှာ အငန်ဓာတ်များသည့် အယ်လ်ကာလီ (alkaline)မြေမျိုးဖြစ်သဖြင့် ကောက်ပဲသီးနှံ စိုက်ပျိုး၍ မရနိုင်ခဲ့ပါ။ သို့ရာတွင် ပြီးခဲ့သည့် ဆောင်းဦးရာသီ၌ ၎င်းနေရာ၌ ဆန်ဟက်တာ (၁၀၀) စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။

ယခုတီထွင်ထားသည့် စပါးမျိုးစိတ်က ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာခြင်းကြောင့် စားနပ်ရိက္ခာစိတ်ချလုံခြုံမှုကို ခြိမ်းခြောက်နေမှု၊ ကောက်ပဲသီးနှံဝယ်လိုအား မြင့်တက်လာမှုနှင့် ကုန်ထုတ်လုပ်မှုကွင်းဆက် နှောင့်နှေးမှုများ ဖြစ်ပေါ်နိုင်မှုတို့ကို ဖြေရှင်းရန် မျှော်လင့်ချက်တစ်ရပ် ဖြစ်လာပါသည်။

ဆားငန်ရေဆန်ဟု လူသိများသည့်စပါးမျိုးမှာ အထွက်နှုန်းအရ တစ်ဧကလျှင် (၄.၆) မက်ထရစ်တန်ထွက်ရှိသဖြင့် စံသတ်မှတ်ထားသည့် စပါးမျိုးများ၏ နိုင်ငံအဆင့် ယေဘုယျအထွက်နှုန်းထက် ပိုမိုမြင့်မားပါသည်။

တရုတ်နိုင်ငံမှာ ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံရှိသော်လည်း၊ ရေသွင်းစိုက်ပျိုးမြေမှာ ကမ္ဘာ့ရေသွင်းစိုက်ပျိုးမြေ၏ (၁၀) ရာခိုင်နှုန်းခန့်သာရှိပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံက ပိုမိုကြွယ်ဝချမ်းသာလာသဖြင့် ကောက်ပဲသီးနှံစားသုံးမှုမှာလည်း လျင်မြန်စွာ မြင့်မားလာပါသည်။

ယခုတီထွင်မှုမှာ ကမ္ဘာပေါ်တွင် ပထဝီနိုင်ငံရေးတင်းမာမှုများကြောင့် သွင်းကုန်များအပေါ် အားထားနိုင်မှု ကျဆင်းလာခြင်း၊ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ပြည်တွင်းစားနပ်ရိက္ခာနှင့် စွမ်းအင်ထောက်ပံ့ပေးနိုင်မှု စိတ်ချလုံခြုံမှုရှိစေခြင်းတို့အတွက် တရုတ် တီထွင်သူများ၏ စူးစမ်းရှာဖွေမှုမှဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

နည်းပညာသစ်များ ထုတ်လုပ်ရာတွင် အရေးပါသည့် chip ပြားများနှင့် တင်စား၍ မျိုးစေ့များမှာ လယ်ယာစိုက်ပျိုးရေး၏ chip များဖြစ်ကြောင်း၊ လက်ရှိကြုံတွေ့နေသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် နှိုင်းစာပါက ဆားငန်ရေဆန်မှာ တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထုတ်လုပ်မှုကို တိုးတက်လာစေရေး ကူညီပေးနိုင်ကြောင်း Qingdao Saline-Alkali Tolerant Rice Research and Development Center မှ မန်နေဂျာ Wan Jili က မှတ်ချက်ပြု ပြောကြားပါသည်။

တရုတ်နိုင်ငံက ၁၉၅၀ ပြည့်နှစ်များမှစတင်၍ ဆားငန်ကို ခံနိုင်ရည်ရှိသည့် စပါးမျိုးအကြောင်း လေ့လာခဲ့ပြီး၊ ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံ၏ ထိပ်တန်းလယ်ယာစိုက်ပျိုးရေး သိပ္ပံပညာရှင်

မျိုးစပ်စပါးကို တီထွင်ခဲ့သည့် Yuan Longping က အလေးထားသင့်သည့် စိတ်ကူးစိတ်သန်းကို အကြံပြုခဲ့ပြီးနောက် ပိုမိုအာရုံစိုက်လာကြခြင်း ဖြစ်ပါသည်။ ဤစပါးအတွက် ရည်ရွယ်ချက်မှာ စိုက်ပျိုး၍မရနိုင်သောမြေဟက်တာ (၆.၇)သန်းကို အသုံးပြု၍ ဆန်တန်ချိန် သန်း (၃၀)ကို ထုတ်လုပ်ရန် ဖြစ်ပါသည်။ ၎င်းဆန်တန်ချိန်ဖြင့် လူဦးရေ သန်း (၈၀) ကျော်အတွက် လုံလောက်စေမည် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့က ရာစုနှစ်အကုန်တွင် ကမ္ဘာကြီး (၂) ဒီဂရီပိုမို ပူနွေးလာလျှင် ပင်လယ်ရေမျက်နှာပြင် (၅၉) စင်တီမီတာဝန်းကျင် မြင့်တက်လာစေနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ထိုသို့ ကမ္ဘာကြီးပူနွေးလာမှုက တရုတ်နိုင်ငံ၏ ကမ်းရိုးတန်းဒေသများမှ ရေများကို ကမ္ဘာ့ပျမ်းမျှနှုန်းထက် ပိုမိုလျင်မြန်စွာမြင့်တက်လာစေသည်ကို နှစ်ပေါင်း (၄၀)အတွင်း လေ့လာတွေ့ရှိခဲ့ပါသည်။ တရုတ်သမ္မတကလည်း ရာသီဥတုပြောင်းလဲမှုနှင့် ပထဝီနိုင်ငံရေးကိစ္စများကြောင့် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုကို အလေးထားဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းထားသည်။

တရုတ်နိုင်ငံတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြို့ပြအဖြစ် ပြောင်းလဲခြင်း၊ ညစ်ညမ်းခြင်းနှင့် မြေဩဇာများ အလွန်အကျွံ အသုံးပြုခြင်းတို့ကြောင့် ရေသွင်းစိုက်ပျိုးမြေများမှာ (၆)ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။ ယခုကဲ့သို့ ဆန်းသစ်တီထွင်မှုကြောင့် စိုက်ပျိုး၍ မရနိုင်ခဲ့သည့်၊ အီဂျစ်နိုင်ငံနှင့် အရွယ်အစားတူညီသည့်၊ saline နှင့် alkaline ပါဝင်မှုများပြားသည့် မြေဟက်တာ သန်း (၁၀၀)ကျော်ကို စိုက်ပျိုးနိုင်သည့် မြေများအဖြစ် ပြောင်းလဲပစ်နိုင်တော့မည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားနေကြပါသည်။ မကြာ မီအချိန်အတွင်း အစိုးရ၏ ပံ့ပိုးမှုဖြင့် စီးပွားဖြစ်စိုက်ပျိုးနိုင်တော့မည်ဟုလည်း ယုံကြည်နေပါသည်။

ရင်းမြစ်၊ Bloomberg
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

## ဘယ်လ်ဂျီယံနိုင်ငံ၌ ကြက်သားနှင့် ဝက်သားဈေးနှုန်းများ သိသာစွာ မြင့်တက်လာခြင်း

ဘယ်လ်ဂျီယံနိုင်ငံရှိ ကုန်စုံဆိုင်များ၌ ကြက်သားဈေးနှုန်းသည် ယူရို (၈) ဆင့်၊ ဝက်သားဈေးနှုန်းသည် ယူရို (၂၀) ဆင့်တို့ဖြင့် အသီးသီးမြင့်တက်ခဲ့ကြောင်း Flemish Infocentre for Agriculture

and Horticulture (VILT) ၏ အဆိုအရသိရပါသည်။ ယခုကဲ့သို့ ဈေးနှုန်း မြင့်တက်မှုများသည် တိရစ္ဆာန်အစာအတွက် ကုန်ကျစရိတ်ကို ကာမိစေရုံသာရှိသဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် ထုတ်လုပ်မှုလျှော့ချသွားရေးကို စဉ်းစားလာစေနိုင်ကြောင်း သိရပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ရုရှား-ယူကရိန်းပဋိပက္ခတို့ကြောင့် လက်ရှိတွင် ပိုလန်၊ ဂျာမနီနှင့် နယ်သာလန်စသည့် နိုင်ငံများမှ ကြက်/ဘဲများ တင်သွင်းမှုမရှိကြောင်း၊ တင်သွင်းလာသည့် အသားများကို အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများတွင် အဓိကထားအသုံးပြုခြင်းဖြစ်ပြီး၊ ၎င်း လုပ်ငန်းများသည် ယခုအခါ ဘယ်လ်ဂျီယံပြည်တွင်း၌ ထုတ်လုပ်သည့် အသားများကို ပိုမိုဝယ်ယူလာကြသည်ဟု ဆိုသည်။

ယူကရိန်းနိုင်ငံသည် ကြက်သားအဓိက ထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး၊ ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားချိန်မှစတင်၍ နိုင်ငံတကာဈေးကွက်မှ ပျောက်ကွယ်လျက်ရှိကြောင်း၊ တစ်လအတွင်း၌ ကြက်သားဈေးနှုန်းသည် မကြုံစဖူး မြင့်တက်လာခဲ့ပြီး၊ တစ်ကီလိုဂရမ်လျှင် ယူရို (၈)ဆင့်အထိ ဈေးတက်လာမှုသည် လက်ရှိအချိန်အထိတွင် အများဆုံးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြက်သားတင်သွင်းမှုကျဆင်းလာသည့်အပြင် ဘယ်လ်ဂျီယံနိုင်ငံ၏ ကြက်သား ထုတ်လုပ်မှုသည် ယမန်နှစ်ကအဆင့်အောက်တွင် ရှိနေကြောင်း သိရပါသည်။

တိရစ္ဆာန်အစာကုန်ကျစရိတ် မြင့်မားခြင်းနှင့် စွမ်းအင်ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် ဘယ်လ်ဂျီယံရှိ အသားစားကြက်မွေးမြူသူများသည် ကြက်များကို လျှော့ချမွေးမြူလာကြပြီး၊ ဖလန်းဒါးဒေသရှိ မွေးမြူရေးလုပ်ငန်းများမှ ကြက်သားထုတ်လုပ်မှုသည် မကြာသေးမီလများ၌ (၁၅) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်ဟုဆိုသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ကြက်/ဘဲ ထုတ်လုပ်သူနှင့် ဝယ်ယူသူများပါဝင်သည့် အထူးကော်မတီက အပတ်စဉ်တွေ့ဆုံညှိနှိုင်း၍ ကြက်သားဈေးနှုန်းများကို သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ၎င်းအရ ကြက်သားဝယ်ယူရရှိနိုင်မှု နိမ့်ကျနေသည့်တိုင် ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် လက်လီအရောင်းဆိုင်များအပေါ် ဈေးနှုန်းတိုးမြှင့်ရန် အခက်အခဲရှိကြကြောင်း၊ ထို့ကြောင့် အဆုံးသတ်တွင် ဈေးနှုန်းမြင့်တက်မှုကို စားသုံးသူများက ခံစားကြရကြောင်း သိရပါသည်။

တိရစ္ဆာန်အစာဈေးနှုန်းသည် လက်ရှိတွင် အလွန်မြင့်မားနေသောကြောင့် မွေးမြူထုတ်လုပ်သူများအနေဖြင့် ကုန်ကျစရိတ်ကို ကာမိစေရေးအတွက် ဈေးနှုန်းမြှင့်၍ ရောင်းချနိုင်မှသာ ဆက်လက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ အသားစားကြက်မွေးမြူသူများအတွက် ကုန်ကျစရိတ်၏ (၈၀) ရာ

ခိုင်နှုန်းခန့်သည် တိရစ္ဆာန်အစာအတွက်ဖြစ်ကြောင်း၊ တိရစ္ဆာန်အစာအတွက် အများအားဖြင့် အသုံးပြုသည့် ဂျုံဈေးနှုန်းသည် တစ်လအတွင်း (၁) တန်လျှင် ယူရို (၂၇၀) ခန့်မှ (၄၂၀) ခန့်သို့ မြင့်တက်ခဲ့ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/business/210296/price-of-chicken-and-pork-in-grocery-stores-rising-sharply

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.....................................................................................................

## သြစတြေးလျ ပို့ကုန်တင်ပို့သူများက မလေးရှား halal ကုန်သွယ်မှု ဈေးကွက်သစ်သို့ ဝင်ရောက်ခြင်းမှ အကျိုးအမြတ်ရရှိရန် ကြိုးပမ်းလျက်ရှိခြင်း

မကြာသေးမီက ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုများပြီးနောက် Halal လက်မှတ်ရထုတ်ကုန်များအတွက် ကမ္ဘာ့ဈေးကွက်သည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆနီးပါး ရောက်ရှိလာမည်ဖြစ်ပြီး၊ သြစတြေးလျ တင်ပို့သူများသည် အမြတ်အစွန်းရရှိရန် အဓိကအနေအထားတွင် ရှိနေသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သြစတြေးလျတင်ပို့သူများသည် နိုင်ငံအတွင်း သိုးသားထုတ်လုပ်မှု၏ ၇၁ % ခန့်ရှိကာ တစ်နှစ်လျှင် သြစတြေးလျဒေါ်လာ သန်း ၁၉၀ တန်ဖိုးရှိ Halal လက်မှတ်ရ သြစတြေးလျ သိုးသားများကို တင်သွင်းလျက်ရှိသည့် မလေးရှားနိုင်ငံ၏ လျင်မြန်စွာ ကြီးထွားလာသော စားသောက်ကုန်ကဏ္ဍသို့ ပိုမိုဝင်ရောက်ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။ ပို့ကုန် အခွင့်အလမ်းသစ်များသည် သြစတြေးလျကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Austrade) နှင့်မလေးရှားနိုင်ငံ Halal Development Corporation တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

Austrade မှ မလေးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အကြီးတန်းကော်မရှင်နာ Paul Sanda က သြစတြေးလျနိုင်ငံသို့ ကုန်စည်နှင့် ဝန်ဆောင်မှုများ မလေးရှားနိုင်ငံသို့တင်ပို့မှုသည် ၂၀၂၀ ပြည့်နှစ်တွင်စုစုပေါင်း ၁၀ ဘီလီယံခန့်ရှိကြောင်း၊ ဝင်ငွေများတိုးမြင့်လာမှုနှင့်အတူ စားသုံးသူများက အရည်အသွေးမြင့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှု များကိုရယူခြင်းက

မလေးရှားနှင့် အခြားနိုင်ငံများရှိ သြစတြေးလျစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ တိုးပွားလာလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အာဆီယံဒေသသည် မွတ်စလင် သန်း ၂၄၀ ဝန်းကျင်နေထိုင်လျက်ရှိပြီး၊ ကမ္ဘာတစ်ဝှမ်းတွင် Halal ဈေးကွက်သည် ၎င်း၏လက်ရှိတန်ဖိုးဒေါ်လာ ၄ ထရီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၇ ထရီလီယံအထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။ ဗစ်တိုးရီးယား အစ္စလာမ် ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အကြီးအကဲက သြစတြေးလျသည် ၂၀၂၁ ခုနှစ်တွင် အသားတင်ပို့မှု ဒေါ်လာ ၂.၃၆ ဘီလီယံကျော်ဖိုးရှိခဲ့ကြောင်း၊ Halal ဆိုသည်မှာဘာသာရေးကျမ်းဂန်အရ တရားဝင်ခွင့်ပြုထားသည့် အရာအားလုံးကို ဆိုလိုသော်လည်း မွတ်ဆလင်များအတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။ သြစတြေးလျနိုင်ငံရှိ သားသတ်ရုံအများစုသည် Halalလက်မှတ်ရရှိထားပြီး၊ မွတ်ဆလင်ကြီးကြပ်ရေးမှူးတစ်ဦးရှိရန် လိုအပ်ကြောင်း သိရှိရသည်။

မလေးရှားနှင့် အင်ဒိုနီးရှားကဲ့သို့သောနိုင်ငံများသည် ယင်းတို့အတွက် Halal သည် အရေးကြီးရုံသာမက အစားအသောက်ဘေးကင်းရေး စံနှုန်းများပါရှိသောကြောင့် သြစတြေးလျမှ အသားနှင့် နို့ထွက်ပစ္စည်းများကို တင်သွင်းကြခြင်းဖြစ်ကြောင်း သိရှိရသည်။ သြစတြေးလျနိုင်ငံသည် ဘရာဇီး၊ အာဂျင်တီးနားနှင့် အိန္ဒိယနိုင်ငံတို့ထက် မွတ်စလင်နိုင်ငံများသို့ နို့ထွက်ပစ္စည်းနှင့် red meat များကို တင်ပို့လျက်ရှိသည့် ကမ္ဘာ့ထိပ်တန်း နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မလေးရှားဈေးကွက်နှင့် ဆက်ဆံရေးအားကောင်းလာခြင်းသည် အင်ဒိုနီးရှားနှင့် အရှေ့အလယ်ပိုင်းကဲ့သို့သော ဒေသများ၏ ပို့ကုန်ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်မည့် အခွင့်အရေးရရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။ သြစတြေးလျနိုင်ငံမှ အမဲသား၊ သိုးသား၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဖျော်ရည်နှင့် နှံစားသီးနှံများကို တင်သွင်းလျက်ရှိသည်။ မလေးရှားရှိ အလှကုန်နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာ ပစ္စည်းထုတ်လုပ်သူများ၊ ဖြည့်စွက်ထုတ်လုပ်သူများကလည်း ဈေးကွက်များရှိ မွတ်ဆလင်များထံသို့ စိတ်အေးချမ်းမှု ယူဆောင်လာပေးနိုင်သည့် Halal အသိ အမှတ်ပြုလက်မှတ်ရသည့် ကုန်စည်များအပေါ် စိတ်ပါဝင်စားမှု မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………….

## ဟောင်ကောင်ဒေသမှတင်သွင်းသည့် နို့ထွက်ပစ္စည်းထုပ်ပိုးခွံများပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုးများ တွေ့ရှိခဲ့သောကြောင့် မကာအိုဒေသမှ အဆိုပါ ပစ္စည်းများအား ဖျက်ဆီးခဲ့ခြင်း

ဟောင်ကောင်ဒေသမှ တင်သွင်းသည့် နို့ထွက်ပစ္စည်း ထုပ်ပိုးခွံများပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုးများတွေ့ရှိခဲ့သောကြောင့် မကာအိုဒေသမှ အာဏာပိုင်များမှ အဆိုပါ ပစ္စည်းများအား ဖျက်စီးခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Macau destroys dairy products from Hong Kong after Covid found on packaging” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသမှ မကာအိုဒေသသို့ ၁၄-၃-၂၀၂၂ ရက်နေ့တွင် တင်သွင်းလာသော နို့ထွက်ပစ္စည်း ပလတ်စတစ် ထုပ်ပိုးခွံများအား nucleic acid test ဖြင့် မကာအိုအထူးအုပ်ချုပ်ရေးဒေသ စည်ပင်သာယာရေးဗျူရိုမှ စစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ နို့ထွက်ပစ္စည်းအုပ်စုအား ပြန်လည်စစ်ဆေးရန်နှင့် အရေးပေါ်အစီအစဉ်ဆောင်ရွက်ရန် ချက်ချင်းကြေညာခဲ့ကြောင်း၊ အဆိုပါ ပစ္စည်းများအား မကာအိုဒေသ ဈေးကွက်သို့မပို့ဆောင်မီ ဖျက်စီးခဲ့ကြောင်း၊ အဆိုပါ ပိုးတွေ့ရှိခဲ့သည့် ပစ္စည်းများနှင့် ထိစပ်ခဲ့သူများအနေဖြင့် ကျန်းမာရေးဌာနနှင့် ထပ်မံဆက်သွယ်ဆောင်ရွက်ရန် အသိပေးထားကြောင်း၊ ကွန်တိန်နာ တစ်ခုထဲတွင် အဆိုပါ ပစ္စည်းများနှင့် အတူ သယ်ဆောင်လာသော ပစ္စည်းများအား စစ်ဆေးရန်နှင့် ပတ်ဝန်းကျင်အား ပိုးသတ်ဆေးဖျန်းရန် ဆောင်ရွက်ခဲ့ကြောင်း၊ စူပါမားကတ်နှင့် အရောင်းဆိုင်များ၌ တင်သွင်းကုန်ပစ္စည်းများနှင့် ထိတွေ့ခဲ့သူများအနေဖြင့် မကြာခဏ လက်ဆေးခြင်းများနှင့် ထုပ်ပိုးခွံများအား ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ရန် စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံများအား သတိပေးပြောကြားထားကြောင်း၊ ပြည်ပမှ တင်သွင်းလာသော အေးခဲအသားများနှင့် သစ်သီးထုပ်ပိုးခွံများအား ပိုးသတ်ဆေးဖျန်းရန်နှင့် စစ်ဆေးမည့် နမူနာပစ္စည်း အရေအတွက် တိုးမြှင့်စစ်ဆေးရန် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ရက်သတ္တပတ် တစ်ပတ်လျှင် အေးခဲပစ္စည်းများ ထုပ်ပိုးထားသောသေတ္တာ (၁၀၀,၀၀၀) လုံးခန့်အား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အေးခဲအစားအသောက်များ ကိုင်တွယ်သည့် အလုပ်သမားများအနေဖြင့် (၄၈) နာရီခြား၍ nucleic acid test ဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………..

Agribusiness & Trade

## ဟောင်ကောင်ဒေသသို့ တရုတ်ပြည်မကြီးမှ သားသတ်သမားများ ရောက်ရှိလာခြင်းနှင့် ဒေသခံ သားသတ်သမားအများစုမှာ ကိုဗစ်-၁၉ ရောဂါ ကင်းစင်လာပြီဖြစ်သောကြောင့် အသားများထုတ်လုပ်မှု ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း

တရုတ်ပြည်မကြီးမှ သားသတ်သမား(၃၈) ဦးမှာ ၇-၃-၂၀၂၂ ရက်နေ့တွင် ဟောင်ကောင်ဒေသရှိ Sheung Shui slaughterhouse သို့ရောက်ရှိလာခြင်းနှင့် ဒေသခံသားသတ်သမားများ ကိုဗစ်-၁၉ ရောဂါ ကင်းစင်လာပြီဖြစ်သောကြောင့် အသားများထုတ်လုပ်မှု ပုံမှန်အခြေအနေသို့ ပြန်လည် ရောက်ရှိလာမည်ဖြစ်ကြောင်း၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Mainland butchers, Covid recoveries put meat in hopes for return to normal" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသစားသောက်ကုန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေးဌာနမှ ၇-၃-၂၀၂၂ ရက်နေ့ထုတ်ပြန်မှုတွင် သားသတ်ရုံအား ပုံမှန်ပြန်လည်ဖွင့်လှစ်ပြီး ၈-၃-၂၀၂၂ ရက်နေ့မှ စတင်၍ အသားများ ပုံမှန်ပြန်လည်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် Sheung Shui ၌ လုပ်ကိုင်သော သားသတ်သမားများအတွက် ကိုဗစ်-၁၉ ရောဂါပိုးရပ်စစ်စစ်ဆေးသည့်နေရာ သတ်မှတ်ပေးထားမည်ဖြစ်ကြောင်း၊ အလုပ်သမားများ နေ့စဉ်စစ်ဆေးရန် Rapid Test Kits များအား အလုံအလောက် ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ အမဲသားနှင့် ဝက်သားများအဓိကရောင်းချပေးသည့် Ng Fung Hong သည်လည်း ၈-၃-၂၀၂၂ ရက်နေ့မှစတင်၍ လတ်ဆတ်သော ဝက်သား၊ အမဲသားနှင့် သိုးသားများ ရောင်းချမှုမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် မျှော်လင့်ထားကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသခံ သားသတ်သမားများမှာလည်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံခဲ့ရာမှ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သောကြောင့် အလုပ်သမား (၇၀) ရာခိုင်နှုန်းမှာ လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်လာနိုင်ရန် ဟောင်ကောင်ဒေသ ဝက်သားကုန်သည် ကြီးများအသင်းမှလည်း မျှော်မှန်းထားကြောင်း၊ ထို့ပြင် ဟောင်ကောင်ဒေသအစိုးရ ပြောရေးဆိုခွင့်ရှိသူမှလည်း ဒေသ၌ လတ်ဆတ်သောဟင်းသီးဟင်းရွက်များ လက်ကားရောင်းချမှုမှာလည်း ပုံမှန်ဈေးနှုန်းသို့ ပြန်လည်ကျဆင်းသွားပြီဟု ၆-၃-၂၀၂၂ ရက်နေ့က ကြေညာခဲ့ကြောင်း၊ တရုတ်ပြည်မကြီးမှ ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက် တန်ချိန် (၁,၉၀၀) တင်သွင်းခဲ့ပြီး Choi sum နှင့် Pak Choi မုန်ညင်းထုပ်များ၏ ဈေးနှုန်းမှာ (၆၀) ကျပ်သားလျှင် ဟောင်ကောင်ဒေါ်လာ (၇.၂၀)နှင့် (၅.၄၀) ဒေါ်လာ အသီးသီးလျော့ကျခဲ့ကြောင်း၊ အေးခဲကြက်သားနှင့် ကြက်သားကောင်ရေအရှင်များ တင်သွင်းမှုမှာ ပုံမှန်တင်သွင်းမှု၏

Agribusiness & Trade

(၈၀) ရာခိုင်နှုန်းနှင့် (၆၀) ရာခိုင်နှုန်း အသီးသီး ပြန်လည်တင်သွင်းနိုင်ပြီဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဗျူရိုမှ ပြောကြားရာတွင်လည်း တရုတ်ပြည်မကြီးမှ ပံ့ပိုးပေးသည့် ကမ္ဘာ့ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ဆေးဘက်ဆိုင်ရာပစ္စည်းများ သိုလှောင်ရန် ဧရိယာ (၁၄၀,၀၀၀) စတုရန်းမီတာ သတ်မှတ်ထားကြောင်း စသည်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.......................................................................

## ဟောင်ကောင်ဒေသ၌ Sheung Shui slaughterhouse ပြန်လည်ဖွင့်လှစ်ခဲ့မှုကြောင့် ၈-၃-၂၀၂၂ ရက်နေ့မှ စတင်၍ ဝက်သားများ ပိုမိုရောင်းချနိုင်မည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ Sheung Shui slaughterhouse ပြန်လည် ဖွင့်လှစ်ခဲ့ပြီး ဝက်ကောင်ရေ အရှင် (၂,၇၀၀) အား တရုတ်ပြည်မကြီးမှ တင်သွင်းခဲ့ပြီး ဒေသတွင်းမှ ဝက်ကောင်ရေ အရှင်များ အပါအဝင် စုစုပေါင်း (၃,၀၀၀) ရရှိမှုကြောင့် ၈-၃-၂၀၂၂ ရက်နေ့ (အင်္ဂါနေ့)မှ စတင်၍ ဝက်သားများ ပိုမို ရောင်းချနိုင်မည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့ထုတ် The Standard သတင်းစာ၌ “More pork supply on Tuesday after Sheung Shui slaughterhouse reopens” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဥ္စမလှိုင်း မဖြစ်ပွားမီက တစ်ရက်လျှင် ဝက်ကောင်ရေ (၃,၃၀၀) ခန့်အား ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သားသတ်ရုံများရှိ အလုပ်သမားများ ကိုဗစ်ကူးစက် ခံခဲ့ရပြီးနောက် ၂၆-၂-၂၀၂၂ ရက်နေ့မှ စတင်၍ သားသတ်ရုံအား ယာယီပိတ်သိမ်းခဲ့ပြီးနောက် လုပ်သား (၇၀) ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကင်းစင်သွားပြီဖြစ်သောကြောင့် လုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်လာနိုင်ပြီဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်သမား (၃၈) ဦးလည်း သားသတ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ကူညီနိုင်ရန် ဟောင်ကောင်ဒေသသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် သားသတ်ရုံများ ကောင်းမွန်စွာ ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ်  Mrs. Carrie Lam က ပြောကြားခဲ့မှုတွင် ဟောင်ကောင်ဒေသ၏ စားသောက်ကုန်များ ရောင်းချမှုအား ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် တရုတ်ပြည်မကြီးမှ ကူညီပံ့ပိုးသွားမည်ဖြစ်

သောကြောင့် ဒေသခံများအနေဖြင့် ကုန်ပစ္စည်းများအား အထိတ်တလန့် ဝယ်ယူခြင်းမပြုကြရန်တိုက်တွန်းပြောခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………………………………….

## ဟောင်ကောင်ဒေသ စီးပွားရေးဆိုင်ရာသတင်းများ

**ဟောင်ကောင်ဒေသ ဇီဝနည်းပညာအဖွဲ့သည် ဒေသဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် Covid Rapid Test Kits (၂၄) မျိုးအား စစ်ဆေးခဲ့ပြီး (၉) မျိုးကိုသာလျှင် အသုံးပြုရန် ပိုမိုသင့်လျော်ကြောင်း အပြည့်အဝ ထောက်ခံခဲ့ခြင်း**

ဟောင်ကောင်ဒေသ ဇီဝနည်းပညာအဖွဲ့သည် ဒေသဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် Covid Rapid Test Kits (၂၄) မျိုးအား စစ်ဆေးခဲ့ပြီး ဒေသအစိုးရမှ ဖြန့်ဝေပေးသည့် BGI–YHLO ၊ Indicaid ၊ Jinwofu နှင့် Wondfo (၄) မျိုးအပါအဝင် စုစုပေါင်း Test Kits အမျိုးအစား (၉) မျိုးကိုသာလျှင် အသုံးပြုရန် ပိုမိုသင့်လျော်သည်ဟု အပြည့်အဝထောက်ခံခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Top rating for nine test kits as 24 pass the biotech mark" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ယခင်လက စစ်ဆေးခဲ့သည့် အဆိုပါ Covid Rapid Test Kits (၂၄) မျိုးတွင် (၁၇) မျိုးမှာ တရုတ်ပြည်မကြီးမှလည်းကောင်း၊ (၂) မျိုးမှာ စင်ကာပူနိုင်ငံမှလည်းကောင်း၊ အမေရိကန်၊ ကိုရီးယားနိုင်ငံနှင့် ထိုင်ဝမ်ဒေသတို့မှလည်း တစ်မျိုးစီ အသီးသီးတင်သွင်းခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့်(၂) မျိုးမှာ ဟောင်ကောင်ဒေသ၌ ထုတ်လုပ်သော Test Kits များဖြစ်ကြောင်း၊ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသမှ အသိအမှတ်ပြုသည့် Test Kits အမျိုးအစား (၉) မျိုးမှ (၅) ခုစီအား တုံ့ပြန်နိုင်မှု၊ တိကျမှု၊ တည်ငြိမ်မှုနှင့် အသုံးပြုရန်လွယ်ကူမှု အစရှိသည်တို့နှင့်ပတ်သက်၍ စစ်ဆေးခဲ့ကြောင်း၊ အခြားသော Test Kits အမျိုးအစားများထက် ပိုမိုကောင်းမွန်သော Test Kits အမျိုးအစား (၉) မျိုးမှာ BGI–YHLO ၊ Indicaid ၊ Jinwofu ၊ Wondfo ၊ BNIBT ၊ Camtech ၊ GP Getein ၊ Wisdom နှင့် WizBiotech အစရှိသည်တို့ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ပြည်သူများထံမှရရှိသည့် အချက်အလက်များ၊ အစိုးရအသိအမှတ်ပြုချက်နှင့် Test Kits ထုတ်လုပ်မှုအချက်အလက်ဖော်ပြချက်များအရ ထိပ်တန်းအဆင့် (၄) နေရာတွင် ပါဝင်သည့် Test Kits အမျိုးအစားများမှာ BGI-YHLO ၊ GP Getein ၊ Jinwofu နှင့် Longsee အမျိုးအစားတို့ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသဇီဝနည်းပညာအဖွဲ့ ဥက္ကဋ္ဌမှ ပြောကြားရာတွင် Covid Rapid Test Kits (၉) မျိုးအားအသုံးပြုရန် ပိုမိုသင့်လျော်ကြောင်း အသိအမှတ်ပြုထားသည်ဆိုသော်လည်း အခြားသော Test Kits အမျိုးအစားများမှာလည်း သာမန်အဆင့်အောက်နိမ့်ကျခြင်း မရှိကြောင်း၊ သို့သော် Test Kits ၏ စွမ်းဆောင်မှုများမှာ ကွဲပြားခြားနားမည်ဖြစ်ပြီး အသုံးပြုသူအရေအတွက် နည်းပါးမည်ဖြစ်ကြောင်း၊ ပစ္စည်းအမျိုးအစား မတူညီလျှင် လုပ်ဆောင်မှုများ မတူညီသောကြောင့် အသုံးပြုသူများ အနေဖြင့် ပစ္စည်းအသုံးပြုပုံ အညွှန်းစာသားများကို အသေးစိတ်သေချာ ဖတ်ရမည်ဖြစ်ကြောင်း၊ Rapid Test Kits ဖြင့် စစ်ဆေးပြီး ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသူများ အနေဖြင့် ဆေးစစ်ချက်အဖြေ မှားယွင်းမှုမရှိစေရန် အခြားသော Test Kits အမျိုးအစားများ (သို့မဟုတ်) ကိုဗစ်-၁၉ ရောဂါ စစ်ဆေးသည့် စင်တာများ၌ Nucleic acid test ဖြင့် ထပ်မံစစ်ဆေး အတည်ပြုသင့်ကြောင်း၊ ဒေသခံများအနေဖြင့် Rapid Antigen Test Kits ဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အခြေအနေအား သိရှိနိုင်ရန် ပုံမှန်စစ်ဆေးသင့်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ Rapid Antigen Test Kits များတွင် တုံ့ပြန်မှု (၈၀) ရာခိုင်နှုန်းနှင့် တိကျမှု (၉၇) ရာခိုင်နှုန်း ရှိသင့်ကြောင်း၊ ဟောင်ကောင်၊ တရုတ်ပြည်မကြီး၊ ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့မှ အသိအမှတ်ပြုထားသည့် Rapid Antigen Test Kits များ၏ ကုန်အမှတ်တံဆိပ်နှင့် ထုတ်လုပ်သူ အစရှိသည့် အဓိကအချက်အလက်များဖြင့် အွန်လိုင်းမှ ရှာဖွေနိုင်ရန် ဟောင်ကောင်စားသုံးသူရေးရာကောင်စီမှလည်း Online search tool ကို စတင်ဆောင်ရွက် ထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

Agribusiness & Trade

..........................................................

## တရုတ်ပြည်မကြီးမှလုပ်ငန်းများ အမေရိကန် ကုမ္ပဏီစာရင်းမှ ဖယ်ရှားခံရခြင်းမှာ ဟောင်ကောင်ဒေသအတွက် အကျိုးအမြတ် ရရှိစေနိုင်ခြင်း

တရုတ်ပြည်မကြီးမှ လုပ်ငန်းများ အမေရိကန် ကုမ္ပဏီစာရင်းမှ ဖယ်ရှားခံရခြင်းမှာ ဟောင်ကောင်ဒေသ ငွေကြေးဈေးကွက် ပိုမိုတိုးတက်စေပြီး ဒေသအတွက် အကျိုးအမြတ်ရရှိစေနိုင်ကြောင်း

ဟောင်ကောင်ဘဏ္ဍာရေး အတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “City 'could benefit' from US delisting of mainland firms” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် အမေရိကန်နိုင်ငံ၌ လက်ရှိစာရင်းသွင်းထားသော တရုတ်ပြည်မကြီးမှ ကုမ္ပဏီ (၂၄၀) ခုခန့်မှာ ဖယ်ရှားခံရနိုင်သည့် အနေအထားတွင်ရှိကြောင်း၊ တရုတ်ပြည်မကြီးမှ ကုမ္ပဏီအပြောက်အမြားအား အမေရိကန် ကုမ္ပဏီစာရင်းမှ ဖယ်ရှားခံရခြင်းမှာ ဟောင်ကောင်ဒေသအတွက် အကျိုးအမြတ် ရရှိစေနိုင်ကြောင်း၊ အမေရိကန်နိုင်ငံ၌ American depositary receipts (ADRs) ဖြင့် စတော့ရှယ်ယာ ရောင်းဝယ်လျက်ရှိသည့် တရုတ်ပြည်မကြီးမှ ကုမ္ပဏီ (၅) ခုမှာ အမေရိကန် စာရင်းအင်းစစ်ဆေးမှု ဥပဒေအရ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယခင်ရက်သတ္တပတ်က ပိတ်သိမ်းခဲ့ကြောင်း၊ အဆိုပါ ပိတ်သိမ်းမှုများကြောင့် ဟောင်ကောင်ဒေသအတွက် အကျိုးအမြတ်ရရှိစေနိုင်ကြောင်း ဟောင်ကောင်ဘဏ္ဍာရေးအတွင်းဝန်မှ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ပိတ်သိမ်းခဲ့သည့် ကုမ္ပဏီ (၅) ခု မှ KFC နှင့် Pizza Hut Fast-food အစရှိသည့် စားသောက်ဆိုင်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Yum China အပါအဝင် ကုမ္ပဏီ (၄) ခု မှာဟောင်ကောင်၌ ကုမ္ပဏီမှတ်ပုံတင်ခဲ့ကြောင်း၊ အဆိုပါ ကုမ္ပဏီများ ပိတ်သိမ်းရခြင်းမှာ Holding Foreign Companies Accountable Act ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၌ မှတ်ပုံတင်ထားသောကုမ္ပဏီများအနေဖြင့် (၃) နှစ်ဆက်တိုက် စာရင်းစစ်၍ မအောင်မြင်ပါက အမေရိကန် စတော့ရှယ်ယာ ကုမ္ပဏီစာရင်းမှ ဖယ်ရှားခံရရန် တွန်းအားပေးခံရခြင်းဖြစ်ကြောင်း၊ အဆိုပါ ဥပဒေအရ US Securities and Exchange Commission သည် ၂၀၂၃ ခုနှစ်တွင် အစောဆုံးအနေဖြင့် နိုင်ငံခြား စတော့ရှယ်ယာများအား ဖယ်ရှားသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ မှတ်ပုံတင်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီ (၂၅၀) ခု ရှိကြောင်း၊ ကုမ္ပဏီအများစုမှာ တရုတ်ပြည်မကြီးမှ အင်တာနက်နှင့် နည်းပညာ ကုမ္ပဏီကြီးများဖြစ်သည့် Aliibaba Group Holding ၊ JD.com နှင့် Baidu အစရှိသည့် ကုမ္ပဏီကြီးများဖြစ်ပြီး အဆိုပါ ကုမ္ပဏီများမှာလွန်ခဲ့သော (၂) နှစ်မှစတင်၍ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးအနေဖြင့် ဟောင်ကောင်ဒေသ၌လည်း ကုမ္ပဏီမှတ်ပုံတင်ထားကြောင်း၊ Alibaba သည် စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံး အနေဖြင့် ဟောင်ကောင်ဒေသ၌ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ (၁.၃) ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ အဆိုပါ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စတော့ရှယ်ယာများ အဓိက ရောင်းဝယ်သည့် အမေရိကန်နိုင်ငံ၌ ကုမ္ပဏီစာရင်းမှ ဖယ်ရှားခံရခြင်းမှ ကာကွယ်နိုင်ရန် ဟောင်ကောင်

Agribusiness & Trade

ဒေသ၌ ရင်းနှီးမြှုပ်နှံမှုမှာ ၎င်းတို့ငွေကြေးဈေးကွက်၏ (၉၀) ရာခိုင်နှုန်းအား ဟောင်ကောင်ဒေသမှ အကျိုးအမြတ်ခံစားခွင့် ရရှိနိုင်ကြောင်း၊ အချို့ကုမ္ပဏီများမှာ စတော့ရှယ်ယာ ရောင်းဝယ်မှုအတွက် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံမှု အနေဖြင့်လည်းကောင်း၊ အချို့မှာ အဓိကတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အနေဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြသဖြင့် ဟောင်ကောင်ဒေသ၏ ဈေးကွက်ကို တိုးတက်စေနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် China Renaissance မှ ထုတ်ပြန်ထားသော သုတေသနအစီရင်ခံစာတွင် အမေရိကန်နိုင်ငံ၌ ADRs  market capitalisation ၏ (၉၀) ရာခိုင်နှုန်း လုပ်ကိုင်လျက်ရှိသည့် တရုတ်ပြည်မကြီးမှ ကုမ္ပဏီများ (၂၅၀) ခုအနက် ကုမ္ပဏီ (၈၀) ခုမှာ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အနေဖြင့် လုပ်ကိုင်နိုင်ရန် Hong Kong Exchanges and Clearing ၏ လိုလားချက်များနှင့် ပြည့်မီနိုင်ကြောင်း၊ နယူးယောက်ရှိ တရုတ်ပြည်မကြီးမှ ကုမ္ပဏီအများစုမှာ ဟောင်ကောင်၌ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီစာရင်းတွင် ပါဝင်လျက်ရှိကြောင်း၊ အဆိုပါ ကုမ္ပဏီများတွင် Streaming Platform ဖြစ်သည့် iQiyi  နှင့် cloud computing firm ဖြစ်သည့် Kingsoft Cloud တို့ပါဝင်ပြီး ဟောင်ကောင်၌ Dual Listing ဆောင်ရွက်ရန် စဉ်းစားလျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………………

## ဟောင်ကောင်ဒေသနှင့် တရုတ်ပြည်မကြီးတို့အကြား နယ်စပ်ဖြတ်ကျော် ကုန်ကားမောင်းနှင်သူ ၈၀ ရာခိုင်နှုန်း အလုပ်အကိုင် ဆုံးရှုံးနိုင်ခြင်း

ရှန်းကျန့်ဒေသ၌ ကိုဗစ်-၁၉ ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များ တင်းကျပ်လျက်ရှိပြီး ရက်သတ္တပတ်ကြာ Lockdown ချမှတ်မှုကြောင့် ဟောင်ကောင်ဒေသမှ နယ်စပ်ဖြတ်ကျော် ကုန်ကားမောင်းနှင်သူ (၈,၀၀၀) ဦး၊ ရာခိုင်နှုန်းအားဖြင့် (၈၀) ရာခိုင်နှုန်းမှာ အလုပ်အကိုင် ဆုံးရှုံးနိုင်သည်ဟု ဟောင်ကောင်ဒေသ ပို့ဆောင်ဆက်သွယ်ရေးအဖွဲ့မှ ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Fears 80 pc of HK Cross– Border Truckers will be out of Work ” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသမှ ကုန်ကားမောင်းနှင်သူများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသောကြောင့် ရှန်းကျန့်ဒေသအစိုးရမှ နယ်စပ်ဖြတ်ကျော်ကုန်

ကားများ လုပ်ငန်းဆောင်ရွက်မှုအတွက် တင်းကျပ်သည့် ကန့်သတ်ချက်များအား ၁၃-၃-၂၀၂၂ ရက်နေ့ (တနင်္ဂနွေနေ့) မှစတင်၍ ချမှတ်ခဲ့ပြီး ကုန်ကားမောင်းနှင်သူ (၁၀၀) ဦးအား နည်းပညာအချက်အချာကျသည့် ရှန်းကျန့်ဒေသမှ ထွက်ခွာရန် တွန်းအားပေးခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသနှင့် ရှန်းကျန့်ဒေသအကြား ကုန်ပစ္စည်းများ တင်ဆောင်လာသည့် နယ်စပ်ဖြတ်ကျော် ကုန်ကားများ တရုတ်ပြည်မကြီးနှင့် ဝင်/ထွက် သွားလာရန် စီမံခန့်ခွဲမှုပိုမိုကောင်းမွန်စေရန် Huanggang ၊ Man Kam To ၊ Liantang နှင့် Shenzhen Bay checkpoints အစရှိသည့် နယ်စပ်ဂိတ်များကိုသာ ခွင့်ပြုသွားမည်ဟု ၁၄-၃-၂၀၂၂ ရက်နေ့က ပြောကြားခဲ့ပြီး ၁၅-၃-၂၀၂၂ ရက်နေ့တွင် Liantang ဂိတ်အား စာရင်းမှဖယ်ရှားခဲ့ပြီး Huanggang ၊ Man Kam To နှင့် Shenzhen Bay checkpoints (၃) ခုမှသာ လျှင်နယ်စပ်ဖြတ်ကျော် ကုန်ကားများသွားလာရန် ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသမှ ကုန်ကားမောင်းနှင်သူများအား ကုန်ပစ္စည်းများတင်ဆောင်ရမည့်နေရာသို့ သွားရောက်ရန် ကန့်သတ်ထားပြီး သတ်မှတ်ထားသော နယ်စပ်ဂိတ်များ၌ တရုတ်ပြည်မကြီးမှ ယာဉ်မောင်းများထံမှ ကုန်ပစ္စည်းများ လွှဲပြောင်းရယူရမည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်ပစ္စည်းများ လွှဲပြောင်းယူရန် ဟောင်ကောင်ဒေသမှ ယာဉ်မောင်း (၁,၀၀၀) ဦးခန့်ကိုသာ ခွင့်ပြုမည်ဖြစ်သောကြောင့် ဟောင်ကောင်ဒေသမှ ကုန်ကားမောင်းနှင်သူ (၈,၀၀၀) ဦး၊ ရာခိုင်နှုန်းအားဖြင့် (၈၀) ရာခိုင်နှုန်းမှာ အလုပ်အကိုင်ဆုံးရှုံးနိုင်ရာ အဆိုပါ ယာဉ်မောင်းများအား ထောက်ပံ့ပေးနိုင်ပါရန် ဟောင်ကောင်ဒေသအစိုးရသို့ စာရေးသား ပေးပို့မည်ဟု ဟောင်ကောင်ကုန်းလမ်းပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌ ကပြောကြားခဲ့ကြောင်း၊ ရှန်းကျန့်ဒေသ၌ ကူးစက်မှုအသစ် အတည်ပြုလူနာ (၆၆) ဦး တွေ့ရှိခဲ့ပြီးနောက် Citywide lockdown ချမှတ်မည်ဟု ၁၃-၃-၂၀၂၂ ရက်နေ့ (တနင်္ဂနွေနေ့)တွင် ကြေညာခဲ့ပြီးနောက် အဆိုပါ တင်းကျပ်သည့် ကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ကုန်ပစ္စည်းများအား ကုန်းလမ်းမှ နယ်စပ်ဖြတ်ကျော် သယ်ဆောင်မှု လွယ်ကူချောမွေ့စေရေး ကွမ်တုံးပြည်နယ်နှင့် ရှန်းကျန့်ဒေသမှ အာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးပြီး ကုန်ပစ္စည်းများယာယီလွှဲပြောင်းရန် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ Kwai Tsing Container Terminals နှင့် Tuen Mun River Trade Terminals တို့၌ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ဟု ဟောင်ကောင်ဒေသအစိုးရက ပြောကြားခဲ့ကြောင်း၊ ပင်လယ်ရေကြောင်းမှ ပို့ဆောင်နိုင်မှုကြောင့်လည်း လတ်ဆတ်သော စားသောက်ကုန်များနှင့် မရှိမဖြစ်လိုအပ်သော ပစ္စည်းများတိုးမြှင့်တင်သွင်း

Agribusiness & Trade

နိုင်ကြောင်း၊ ယခုလက်ရှိတွင် ဟောင်ကောင်ဒေသအတွက် ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်း အနေဖြင့် ရှန်းကျန့်ဒေသ၌ (၃) ခုနှင့် ကွမ်တုံးပြည်နယ်ရှိ မြို့ကြီးများတွင် (၆) ခု ဖွင့်လှစ်ထားပြီးနေ့ စဉ်တန်ချိန် (၁၀,၀၀၀) ကျော် တင်ပို့လျက်ရှိကြောင်း၊ ကုန်ပစ္စည်းများ ဆက်လက်သယ်ယူပို့ဆောင် နိုင်ရေး ကုန်တင်ကားမောင်းနှင်သူများအား တရုတ်ပြည်မကြီးနှင့် ဝင်/ထွက် သွားလာမှု ခွင့်ပြုနိုင်ရန် ဟောင်ကောင်ဒေသမှ အာဏာပိုင်များအနေဖြင့် ရှန်းကျန့်ဒေသမှ အာဏာပိုင်များနှင့် ဆွေးနွေးညှိ နှိုင်းသင့်ကြောင်း၊ ဟောင်ကောင်ဒေသမှ ကုန်တင်ကားမောင်းနှင်သူများအနေဖြင့် ကုန်ပစ္စည်းလွှဲ ပြောင်းမည့် ဂိတ်များ၌ ရွှေ့ပြောင်းမောင်းနှင်ရန် လျှောက်ထားပါက အဆိုပါလုပ်ငန်း ပြီးဆုံး၍ ဟောင်ကောင်ဒေသသို့ ပြန်လာလျှင် အလုပ်အကိုင် ဆုံးရှုံးနိုင်ချေရှိကြောင်း၊ ယခုလက်ရှိတွင် ကုန်ပစ္စည်းများ ပို့ဆောင်ရေး ဟောင်ကောင် နယ်စပ်ဖြတ်ကျော် ကုန်ကားမောင်းနှင်ရန် ယာဉ်မောင်း (၁၀၀၀) ဦးအား ရှန်းကျန့်ဒေသအစိုးရမှ ခွင့်ပြုထားပြီး (၅၀၀) ဦးခန့်မှာ လတ်ဆတ်သောစား သောက်ကုန်များ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း၊ ဟောင်ကောင်မှ ကုန်ကားမောင်းနှင်သူများမှာ မရေ ရာမသေချာသည့် အခြေအနေ ကြုံတွေ့ရလျက်ရှိပြီး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေကို မသိရှိရသေးကြောင်း၊ ကုန်တင်ကား (၄) စီး ပိုင်ဆိုင်သော အသေးစား ပို့ဆောင်ရေး ကုမ္ပဏီသည်လည်း ရှန်းကျန့်၌ တင်းကျပ်သည့် ကန့်သတ်ချက်များကြောင့် ဆက်လက်လုပ်ကိုင် နိုင်ရန် နည်းလမ်းရှာဖွေနိုင်ခြင်း မရှိသဖြင့် မကြာမီလုပ်ငန်းအား ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ရှန်းကျန့်ဒေသအစိုးရ အနေဖြင့် ကြိုတင်ဆွေးနွေးမှုများ မရှိခြင်း၊ ခေတ္တရွှေ့ဆိုင်းဆောင်ရွက်ရန် လမ်းကြောင်းများမပေးခြင်း အစရှိသည်တို့ကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အဆင်ပြေမှု မရှိကြောင်း၊ တရုတ်ပြည်မကြီးသို့ မဝင်ရောက်မီ စစ်ဆေးမှုပြုလုပ်ရန် Huanggang ဂိတ်၌ စောင့်ဆိုင်းခဲ့ရမှုမှာ (၂) ညတာ ကြာမြင့်ခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော် ကန့်သတ်ချက်အသစ် များကြောင့် လစဉ်ဝင်ငွေ ဟောင်ကောင်ဒေါ်လာ (၄၀၀,၀၀၀)ကျော် ဆုံးရှုံးလျက်ရှိပြီး ပုံမှန်ဝင်ငွေ မရှိ တော့ကြောင်း၊ တရုတ်ပြည်မကြီး၌ လုံလောက်သည့် ယာဉ်မောင်းများ မရှိသောကြောင့် ဟောင်ကောင် ဒေသမှ ကုန်ကားမောင်းနှင်သူများအား ကုန်ပစ္စည်းများ ကုန်ကားပေါ်သို့ တိုက်ရိုက်သွားရောက်တင် ဆောင်နိုင်ရန် ယခင်က ခွင့်ပြုထားကြောင်း၊ ကုန်ကားမောင်းနှင်သူများ အနေဖြင့် ယခင်က ဟောင် ကောင်နှင့် တုံကွမ်းသို့ အသွားအပြန် မောင်းနှင်ခြင်းအတွက် ဟောင်ကောင်ဒေါ်လာ (၁,၀၀၀) ရရှိခဲ့ ကြောင်း၊ သို့သော် ယခုအခါ ပစ္စည်းသယ်ဆောင်ရန် သတ်မှတ်ဂိတ်များအကြား မောင်းနှင်ခြင်းအတွက် တစ်ကြိမ်လျှင် ဟောင်ကောင်ဒေါ်လာ (၃၀၀) သာလျှင် ရရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါ သည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်

## ဟောင်ကောင်၌ အလုပ်လက်မဲ့များအတွက် ထောက်ပံ့ကြေးဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) လာမည့်ဗုဒ္ဓဟူးနေ့(၂၃-၃-၂၀၂၂)ရက်နေ့မှစတင်၍ လျှောက်ထားနိုင်ရန် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ အလုပ်လက်မဲ့များအတွက် တစ်ဦးလျှင် ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) သက်သာခွင့် ပထမဆုံးအကြိမ် ထောက်ပံ့မှုအား လျှောက်ထားရန် လာမည့်ဗုဒ္ဓဟူးနေ့ (၂၃-၃-၂၀၂၂) ရက်နေ့မှ စတင်၍ ရက်သတ္တပတ် (၃) ပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ထုတ် The Standard သတင်းစာ၌ "HK$ 10,000 subsidy for the jobless to open for application next Wednesday" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် အရွယ်ရောက်ပြီးသူ အချိန်ပြည့်၊ အချိန်ပိုင်းနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးချင်းစီအတွက် ထောက်ပံ့ကြေး ရရှိမည်ဖြစ်ကြောင်း၊ လျှောက်ထားသူများအနေဖြင့် မလျှောက်ထားမီ လွန်ခဲ့သောရက်ပေါင်း (၃၀) ရက်အတွင်း အလုပ်အကိုင်မရှိသူများ ဖြစ်ရမည်ဖြစ်ကြောင်း၊ အလုပ်လက်မဲ့မဖြစ်မီ ၎င်းတို့၏လစာမှာ အနည်းဆုံး ဟောင်ကောင်ဒေါ်လာ (၂,၇၀၀) မှ (၃၀,၀၀၀) အတွင်း ရရှိရမည်ဖြစ်ကြောင်း၊ ဒေသအစိုးရအနေဖြင့် ထောက်ပံ့ကြေး လျှောက်ထားမှုများ လက်ခံရရှိပြီး ရက်သတ္တပတ် (၃) ပတ်မှ (၄) ပတ်အတွင်း ထောက်ပံ့ကြေးများ ပံ့ပိုးသွားရန်ရည်ရွယ်ထားရှိကြောင်း၊ လျှောက်ထားသူများ အနေဖြင့် ယခင်က ငွေသားထောက်ပံ့ပေးခဲ့စဉ်က အသုံးပြုခဲ့သည့် ဘဏ်အကောင့်တစ်ခုတည်း (သို့မဟုတ်) အခြားမတူညီသည့် အကောင့်ကို အသုံးပြု၍ ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) လက်ခံရရှိနိုင်မည်ဖြစ်ကြောင်း၊ လျှောက်ထားမှုများအား MPF အကောင့်မှ အသိပေးအကြောင်းကြားသွားမည်ဖြစ်ပြီး MPF အကောင့် မရှိသူများအနေဖြင့် အခြားအကောင့် အသုံးပြုနိုင်ရန် အချက်အလက်များ တင်သွင်းလျှောက်ထားနိုင်ကြောင်း၊ အချက်အလက်များ မှားယွင်းဖြည့်သွင်းပါက ဥပဒေအရ ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ပြီး ထောက်ပံ့ငွေ လျှောက်ထားမှုအား ပယ်ဖျက်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………………..

## ဟောင်ကောင်ဒေသ၌ အလုပ်သမားများအား ထောက်ပံ့ငွေပေးခြင်းမှာ စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ရန် ကူညီပံ့ပိုးရာရောက်မည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ အလုပ်သမားများအား ထောက်ပံ့ငွေ ထပ်မံပံ့ပိုးပေးခြင်းမှာ စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ရန် ကူညီပံ့ပိုးရာ ရောက်မည်ဖြစ်ကြောင်း ဟောင်ကောင်ဒေသ အလုပ်သမားနှင့် လူမှုဖူလုံရေးအတွင်းဝန် (ဝန်ကြီး) Mr. Law Chi-kwong က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Employment subsidies to help business 'rebound' labor secretary” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် အလုပ်သမားများအား ထောက်ပံ့ငွေပေးသည့် အစီအစဉ်ကြောင့် ယခင်ရက်သတ္တပတ်က ခန့်မှန်းထားခဲ့သည့် အလုပ်လက်မဲ့နှုန်း (၄.၅) ရာခိုင်နှုန်းအောက် လျော့နည်းနိုင်ကြောင်း၊ ယခင်က ပံ့ပိုးခဲ့သည့် ထောက်ပံ့ငွေမှာ စီးပွားရေးလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရန် ရည်ရွယ်ပြီး ယခုအကြိမ် သက်သာခွင့် ပံ့ပိုးပေးသည့်ရန်ပုံငွေမှာ စီးပွားရေးလုပ်ငန်းများ ပြန်လည်မြင့်တက်အောင် ကူညီရန် ဖြစ်သောကြောင့် ယခင်အကြိမ်နှင့် မတူညီကြောင်း၊ ဒေသအစိုးရမှ ၁၈-၃-၂၀၂၂ ရက်နေ့တွင် ကြေညာခဲ့သည့် ၂၀၂၂ ခုနှစ်၊ မေလမှ ဇူလိုင်လအထိ (၃) လစာ ပံ့ပိုးမည့်အစီအစဉ်အသစ်မှာ အလုပ်သမားများအတွက် လစာပေးရန် အလုပ်ရှင်များအား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ယခုအကြိမ် ပံ့ပိုးပေးမည့် အစီအစဉ်အသစ်တွင် ဟောင်ကောင်ဒေါ်လာ (၃၀,၀၀၀) ကျော် ဝင်ငွေရှိသူများ အနေဖြင့် ထောက်ပံ့ငွေ ခံစားခွင့်မရှိကြောင်း၊ အချိန်ပြည့်အလုပ်သမားအတွက် တစ်လလျှင်ဟောင်ကောင်ဒေါ်လာ (၈,၀၀၀) ဖြင့် (၃) လအတွက် ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယခင်အစီအစဉ်တွင် အလုပ်သမား လစာပေးချေရန် ပံ့ပိုးခဲ့ရာ စီးပွားရေးလုပ်ငန်းများအနေဖြင့် လစာမြင့်မားသည့် အလုပ်သမားများအတွက် အသုံးပြုခဲ့ကြောင်း၊ သို့ဖြစ်ရာ ယခုသတ်မှတ်သည့် အစီအစဉ်မှာ အခြေခံ အလုပ်သမားများအတွက် ဝင်ငွေအား သတ်မှတ်ထားသည့် ပမာဏတစ်ခုအထိ ကူညီပံ့ပိုးနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ယခုနှစ်၊ နှစ်ဦးပိုင်းတွင် ဟောင်ကောင်ဒေသ၏ စီးပွားရေးနှင့် အလုပ်လက်မဲ့နှုန်းမှာ ဆက်လက်ဆိုးရွားနေမည်ဖြစ်ပြီး ယခုနှစ်နှောင်းပိုင်းတွင် ဟောင်ကောင်ဒေသ၏ ကမ္ဘာ့ကပ်ရောဂါကာကွယ်ထိန်းချုပ်မှု ပိုမိုကောင်းမွန်လာပြီး စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာနိုင်ကြောင်း၊ ထို့ပြင် အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် ကုန်ကျစရိတ်သက်သာစေရန် အခွန်လျှော့ချပေးခဲ့ကြောင်း၊ လာမည့် ဧပြီလအတွင်း ပံ့ပိုးပေးမည့် consumption vouchers အစီအစဉ်အရ ဟောင်ကောင်ဒေသခံများအတွက် ဖိအားများလျော့နည်းစေနိုင်ကြောင်း၊ ဒေသအစိုးရ၏ မူလသက်

Agribusiness & Trade

သာခွင့်အစီအစဉ်တွင် အစိုးရဌာနများ၊ အိုးအိမ်အာဏာပိုင်များနှင့် အိုးအိမ်အသိုက်အဝန်းမှ အလုပ်သမားများအတွက်သာ ပါဝင်ပြီး၊ ဆေးရုံများရှိ သန့်ရှင်းရေး အလုပ်သမားများနှင့် လုံခြုံရေးအစောင့်များအတွက် ပါဝင်မှုမရှိရာ ဒေသအစိုးရအနေဖြင့် ၎င်းတို့အား လျစ်လျူရှုထားသည်ဟု ခံစားရပြီး ဆေးရုံများမှ များစွာသော သန့်ရှင်းရေးအလုပ်သမားများနှင့် လုံခြုံရေးအစောင့်များမှာ လုပ်ငန်းမှ နုတ်ထွက်ခဲ့ကြောင်း၊ သို့ဖြစ်ရာ ဆေးရုံများမှ သန့်ရှင်းရေးဝန်ထမ်းများနှင့် စာသင်ကျောင်းများမှ လုံခြုံရေးဝန်ထမ်းများအတွက် ပံ့ပိုးပေးနိုင်ရန် အစီအစဉ်တိုးမြှင့်ရန် ဒေသအစိုးရမှ ဆုံးဖြတ်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဉ္စမလှိုင်း ဖြစ်ပွားမှုကြောင့် လုပ်ငန်းများစွာမှာ ပြင်းထန်စွာထိခိုက်ခဲ့ကြောင်း၊ ပုံမှန် အလုပ်သမားတစ်ဦးသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် Quarantine နေထိုင်ပြီး နောက်တွင် ၎င်းတို့၏ ဘဏ်အကောင့်၌ ဟောင်ကောင်ဒေါ်လာ ၁၃.၇၅ သာ ကျန်ရှိတော့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.....................................................................................................................

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

## မတ်လအတွင်း အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းပေါင်း (၁၆၀၀) ကျော်ကို ပြန်လည်စတင်ပြေးဆွဲမည့် China Southern Airlines

မတ်လ (၁၃) ရက်နေ့မှစ၍ China Southern Airlines က ကွမ်ကျိုးမှ သြစတြေးလျ၊ နယူးဇီလန်၊ မြောက်အမေရိက၊ ဥရောပ၊ အရှေ့တောင်အာရှနှင့် အခြားနိုင်ငံများသို့ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (၁၆၀၀) ကျော်ကို တဖြည်းဖြည်းပြန်လည်စတင်သွားပြီး၊ ကွမ်ကျိုးနှင့် ရှန်ဟိုင်း Pudong နှင့် ဥရောပ၊ အမေရိကနှင့် အခြားနိုင်ငံများသို့ ကုန်တင်လေကြောင်းလိုင်းများကို တိုးမြှင့်ပြေးဆွဲသွားမည်ဟု သိရပါသည်။

မတ်လ (၁၃)ရက်နေ့မှစ၍ ကွမ်ကျိုးမှ သြစတြေးလျ (ဆစ်ဒနီနှင့် မဲလ်ဘုန်း)နှင့် နယူးဇီလန် (Auckland)သို့ လေယာဉ်များ ပထမဆုံးပြန်လည်ပြေးဆွဲမည်ဖြစ်ကာ တစ်နေ့လျှင်တစ်ကြိမ် အပြန်အလှန်ပြေးဆွဲမည် ဖြစ်ပါသည်။ ၎င်းနောက် ဧပြီလမှ စတင်၍ ကွမ်ကျိုး နှင့် ဆစ်ဒနီ၊ မဲလ်ဘုန်းနှင့် Auckland သို့ ပြေးဆွဲမည့် အကြိမ်ရေကို တိုးမြှင့်သွားမည်ဖြစ်ပြီး၊ ကွမ်ကျိုးနှင့် ပတ်သ်၊ Brisbane ၊

Adelaide ၊ Christchurch မြို့များအကြား ပြေးဆွဲမှု၊ ရှန်းကျန့်မှ ဆစ်ဒနီ၊ မဲလ်ဘုန်းနှင့် အခြားလမ်းကြောင်းများသို့ ပြေးဆွဲမှုများကို တဖြည်းဖြည်းချင်း ပြန်လည်စတင်သွားမည် ဖြစ်ပါသည်။

မြောက်အမေရိကလမ်းကြောင်းများအားဖြင့် ကွမ်ကျိုးမှ Los Angeles နှင့် San Francisco သို့ လေကြောင်းလိုင်းများကို မတ်လ (၁၉)ရက်နေ့မှ တစ်ပတ်လျှင် (၃)ကြိမ် ပြန်လည်စတင်၍ မတ်လ (၂၈) ရက်နေ့နောက်ပိုင်း၌ ပြေးဆွဲသည့်အကြိမ်ရေကို တိုးမြှင့်သွားမည် ဖြစ်ပါသည်။

ဥရောပလမ်းကြောင်းများအားဖြင့် မတ်လ (၂၂) ရက်နေ့မှစကာ ကွမ်ကျိုးမှ လန်ဒန်သို့ တစ်ပတ်လျှင် (၄)ကြိမ် ပြန်လည်ပြေးဆွဲမည် ဖြစ်ပါသည်။ ကွမ်ကျိုးမှ မနီလာ၊ ဘန်ကောက်၊ ကွာလာလမ်ပူနှင့် အခြား အရှေ့တောင်အာရှမြို့များသို့လည်း ပြန်လည်ပြေးဆွဲမည် ဖြစ်ပါသည်။

ကွမ်တုန်းနှင့် Pudong တို့ကို ဥရောပနှင့် အမေရိကတို့နှင့် ဆက်သွယ်သည့် ကုန်တင်လေယာဉ် (၂၁)လိုင်းနှင့် အိုဆာကာ၊ ဟိုချီမင်းနှင့် ဟန္တိုင်းသို့ ကုန်တင်လေယာဉ် (၁၉)လိုင်းတို့ကို ထပ်မံပြေးဆွဲမည်ဖြစ်ကာ၊ မတ်လအတွင်း စုစုပေါင်း ကုန်တင်လေယာဉ်ပေါင်း (၂၅၀)ကျော်အထိ ရှိမည်ဖြစ်ပါသည်။

ကပ်ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးရှိ လေကြောင်းလိုင်းများ ဆိုးရွားစွာထိခိုက်နစ်နာခဲ့သော်လည်း China Southern လေကြောင်းလိုင်းက လုံခြုံမှုနှင့် စီမံခန့်ခွဲမှုများကို အကောင်အထည်ဖော်ဆောင်နေကြောင်း သိရပါသည်။ အပြည်ပြည်ဆိုင်ရာ လေယာဉ်များဖြင့် လိုက်ပါမည့်ခရီးသည်များကို လေယာဉ်ပေါ်မတက်မီ အပူချိန်တိုင်းတာခြင်း၊ ခရီးချိန် လေးနာရီကျော် ကြာမြင့်သည့်လေယာဉ်များပေါ်၌ ကိုယ်ပူချိန်ထပ်မံတိုင်းတာ ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

ထို့ပြင် ခရီးသည်များ၏ ကျန်းမာရေးကြေညာချက်အတွက် အီလက်ထရောနစ်နည်းလမ်းဖြင့် ကြေညာခြင်းနှင့် ကျန်းမာရေးကြေညာသည့်ကတ်များ ရရှိစေရေးအတွက် လမ်းညွှန်မှုများပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးပါသည်။

China Southern လေကြောင်းလိုင်းက လေယာဉ်နှင့် ဝန်ထမ်းများအတွက် ကပ်ရောဂါကာကွယ်ကုသရေးစီမံဆောင်ရွက်မှုများကို တင်းကြပ်စွာ အကောင်အထည်ဖော်ထားပြီး၊ လေယာဉ်ပေါ်၌ ကျွေးမွေးသည့်ဝန်ဆောင်မှုကိုလည်း လွယ်ကူရိုးရှင်းစေရန် စီစဉ်ထားပါသည်။ ၎င်းလေကြောင်းလိုင်းသည် ကာကွယ်ရေးစီမံဆောင်ရွက်မှုများကို ဆိုက်ရောက်မည့်လေဆိပ်များနှင့် ပူးပေါင်း၍ဆောင်ရွက်သွားမည်ဟု သိရပါသည်။

ရင်းမြစ်၊ Newsgd.com
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

## ဗီယက်နမ်တွင် Covid-19 လူနာအသစ်များ တိုးပွားနေဆဲဖြစ်

ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာန၏ ကြေညာချက်အရ မတ်လ (၁၆) ရက်နေ့တွင် ပြည်နယ်နှင့် မြို့ (၆၂) ခု၌ Covid-19 လူနာအသစ်ဦးရေ (၂၆၇,၅၃၄) တွေ့ရှိခဲ့ကာ၊ ၎င်းအနက် လူနာ (၆) သောင်းကျော်မှာ Nghe An မှ ဖြစ်၍၊ လူနာ (၃)သောင်းကျော်မှာ Thanh Hoa မှ ဖြစ်ကြောင်း သိရပါသည်။ မြို့တော်ဟန္တိုင်းတွင် လူနာအသစ် (၂၆,၀၀၀) ကျော် ရှိခဲ့ပါသည်။

ပြီးခဲ့သည့် (၇) ရက်အတွင်း ဗီယက်နမ်၌ တစ်နေ့လျှင် ရောဂါအသစ်ဖြစ်ပွားသူဦးရေ (၁၆၈,၉၅၄)ဦး ရှိခဲ့ပြီး၊ ရှေ့ (၇)ရက်ကာလကထက် (၃၃) ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို တွေ့ရပါသည်။ ပြီးခဲ့သည့် (၂၄) နာရီအတွင်း Covid-19 ဖြင့် ထပ်မံသေဆုံးသူ (၆၂)ဦး ရှိခဲ့ ကာ၊ (၅)ဦးမှာ ဟန္တိုင်းမှ ဖြစ်ပါသည်။

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ယနေ့အထိကပ်ရောဂါဖြင့်သေဆုံးသူဦးရေ (၄၁,၆၀၇) ဦးရှိခဲ့ပြီး၊ ရောဂါဖြစ်ပွားသူများ၏ (၀.၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ်၊ ဧပြီလအတွင်း ကပ်ရောဂါလှိုင်းမြင့်တက်ခဲ့စဉ်က လူဦးရေ (၆.၈) သန်းကျော်ကို ကူးစက်ခြင်းခံခဲ့ရပြီး၊ (၃.၅) သန်းမှာ ပြန်လည်ကောင်းမွန်ခဲ့ပြီး ဖြစ်ပါသည်။ ဗီယက်နမ်လူဦးရေ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံထားပြီး ဖြစ်သည်ဟု သိရပါသည်။

ရင်းမြစ်၊ vnexpress

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

........................................................................................

## တိုက်ရိုက်ထုတ်လွှင့်ရောင်းချသူများကို အစိုးရဌာနများက ပူးတွဲကြီးကြပ်ပေးရန် တိုက်တွန်းထား

တရုတ်နိုင်ငံရှိ တိုက်ရိုက်ထုတ်လွှင့်ရောင်းချမှုများနှင့်ဆက်စပ်၍ အဓိကအမျိုးအစား (၁၀) မျိုး၌ စားသုံးသူတိုင်ကြားမှုပေါင်း (၇)သောင်းကျော်ကို လက်ခံရရှိထားရာ၊ ထိုသို့ တိုက်ရိုက်ထုတ်လွှင့်ရောင်းချမှုများကို ကြီးကြပ်ရန် အစိုးရဌာနများဘက်သို့ ဥပဒေပညာရှင်များက တိုက်တွန်းလိုက်ပါသည်။ လက်ခံရရှိခဲ့သည့် တိုင်ကြားမှုများတွင် အတုအပ ပစ္စည်းများရောင်းချမှု၊ ကုန်ပစ္စည်း၏ လုပ်ငန်းဆောင်တာကို ပိုပိုသာသာ ချဲ့ကားပြောကြား၍ ရောင်းချမှုများ ပါဝင်နေကြောင်း သိရပါသည်။

ယခင်နှစ်အတွင်း Cyberspace Administration of China က တိုက်ရိုက်ထုတ်လွှင့်သူများနှင့် လုပ်ငန်းဆောင်ရွက်သူများမှာ အနည်းဆုံး အသက် (၁၆)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဖြစ်ကြောင်း၊ ဥပဒေချိုးဖောက်မှုများကို တိုင်ကြားနိုင်သည့်နေရာများကို ထားရှိရန်လိုကြောင်းနှင့် အမည်ပျက်စာရင်းထဲရောက်ရှိသွားသူများကို အလားတူလုပ်ငန်းများ ပြန်လည်စတင်ခြင်းမပြုစေရန် တားမြစ်ရန်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

သို့ရာတွင် အဖွဲ့အစည်းတစ်ခုတည်းက စောင့်ကြည့်ထိန်းကျောင်းခြင်းထက် ဈေးကွက်ဆိုင်ရာအာဏာပိုင်များ၊ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်ရေးနှင့် ကလေးသူငယ် ကာကွယ်ရေးအဖွဲ့အစည်းများကပါ ပူးတွဲကြီးကြပ်မှသာ ပိုမိုထိရောက်မှုရှိမည်ဖြစ်ကြောင်း Internet Society of China ၏ ဥပဒေအကြံပေး Zhao Zhanling က အကြံပြုထားပါသည်။

ဇန်နဝါရီလအတွင်း ရှန်တုန်းပြည်နယ် Rizhao Central Hospital မှ ဆရာဝန် Li ဆိုသူက တရုတ်တွင် လူကြည့်များသည့် ဗွီဒီယိုမျှဝေသည့်နေရာဖြစ်သော Bilibili ပေါ်မှ သားဖွားမီးယပ်ရောဂါဆိုင်ရာခွဲစိတ်မှုတစ်ခုကို မျှဝေခဲ့သည့်အတွက် ရာဇဝတ်မှုထိန်းသိမ်းမှု အဖြစ်သတ်မှတ်အရေးယူခဲ့ရပြီး၊ ၎င်းဆရာဝန်၏ ဆေးကုသခွင့်လက်မှတ်ကို သိမ်းယူခြင်း၊ ဆေးရုံမှ ထုတ်ပယ်ခြင်း၊ ဆေးရုံကို ယွမ် (၅)သောင်း ဒဏ်ငွေရိုက်ခြင်းတို့ဖြင့် အရေးယူ ဆောင်ရွက်ခဲ့ရသည့် သာဓက ရှိခဲ့ပါသည်။ အဆိုပါအရေးယူမှုကို သက်ဆိုင်ရာဌာနများမှ စုံစမ်းစစ်ဆေးသူ (၁၁)ဦးဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အလားတူကိစ္စရပ်များကို ထိရောက်စွာတားမြစ်နိုင်ရန် စုံစမ်းစစ်ဆေးနိုင်မည့်ဌာနများမှ ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရန် အကြံပြုထားခြင်း ဖြစ်ပါသည်။

မတ်လအစောပိုင်းတွင် တရုတ်နိုင်ငံ၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် Supreme People's Court က အွန်လိုင်းအသုံးပြုမှုများအပါအဝင် ကိစ္စရပ်များကို ကိုင်တွယ်ရမည့် လမ်းညွှန်ချက်တစ်ရပ်ကို ထုတ်ပြန်၍၊ တိုက်ရိုက်ထုတ်လွှင့်ရောင်းချမှုများမှ ဝယ်ယူလိုက်သည့်ပစ္စည်းများ အရည်အသွေးညံ့ဖျင်းပါက (သို့မဟုတ်) ပြဿနာတစ်စုံ တစ်ရာရှိပါက တာဝန်ခံပေးရန် ထုတ်လွှင့်သည့်လက်ခံနေရာနှင့် ရောင်းချသူထံသို့ တောင်းဆိုနိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။

China Internet Network Information Center မှ အချက်အလက်များအရ ၂၀၂၁ ခုနှစ်၊ ဇွန်လအထိ တရုတ်နိုင်ငံတွင် တိုက်ရိုက်ထုတ်လွှင့်ရောင်းချသူအရေအတွက် (၃၈၄) သန်း ရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၇၅.၂) ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်းနှင့် consultancy iiMedia Research

Agribusiness & Trade

မှ အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်အတွင်း တိုက်ရိုက်ထုတ်လွှင့်ရောင်းချခဲ့သည့်တန်ဖိုး ယွမ်ငွေ (၉၆၁)ဘီလီယံရှိခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.....................................................................................

## တရုတ်ပြည်တွင်းစားအုန်းဆီဈေးကွက် အခြေအနေ

မတ်လ (၁၄)ရက်နေ့တွင် ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးကွက်အတွင်း တစ်ဟုန်ထိုး ကျဆင်းခဲ့ပါသည်။ ၎င်းနေ့ရက်မတိုင်မီက ၎င်းဆီ(၂)မျိုး၏ ဈေးနှုန်းများ အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံ၏ နိုင်ငံအဆင့် အရန်သိုလှောင်ရန် မုန်ညင်းဆီနှင့် ပဲပုပ်ဆီများကို ဆက်တိုက်လေလံခေါ်ဝယ်ယူမှု ယခုကဲ့သို့စတင်၍ ကျဆင်းလာခြင်း ဖြစ်ပါသည်။ စားအုန်းဆီမှာ တစ်နေ့တည်းမှာပင် (၅) ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပြီး၊ ပဲပုပ်ဆီမှာ (၁) ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပါသည်။ သို့ရာတွင် အစိုးရ၏ ဝယ်ယူမှုများပြီးနောက် ဈေးအမြင့်ပိုင်းသို့ ပြန်လည်တက်လာဖွယ်ရှိပါသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.....................................................................................

## တရုတ်ပြည်တွင်း သကြားဈေးကွက် အခြေအနေ

မတ်လ (၉)ရက်နေ့တွင် ယူနန်ပြည်နယ်ရှိ သကြားလက်ငင်းအရောင်းအဝယ် ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၇၀၀) ဖြစ်ပါသည်။ အသစ်ထုတ်လုပ်သည့် သကြားလက်ငင်းအရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၆၉၀) မှ (၅,၇၂၀) ကြား ရှိပါသည်။ တရုတ်နိုင်ငံတွင်၂၀၂၁ – ၂၀၂၂ စိုက်ပျိုးရာသီ၌ တစ်နိုင်ငံလုံး သကြားစိုက်ပျိုးသည့်ဧရိယာမှာမူ (၁.၅) သန်းကျော် ကျဆင်းခဲ့ကာ၊ ကြံစိုက်ဧကမှု သန်း (၂၀)သာ ရှိတော့သည်ဟု ခန့်မှန်းထားပါသည်။ ၂၀၂၁ – ၂၀၂၂ အတွင်း တရုတ်တစ်နိုင်ငံလုံး၏ သကြားအထွက်နှုန်းမှာ တန်ချိန် (၁၀.၂၃) သန်းခန့်ရှိကာ ယခင်နှစ်ကထက် တန်ချိန် (၄၃၀,၀၀၀)ခန့် ကျဆင်းသွားနိုင်ကြောင်း သိရပါသည်။

ယခုအခါ တရုတ်နိုင်ငံရှိ ကြံသကြားအဓိကထွက်ရှိရာ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကြံများကို ရိတ်သိမ်းနေပြီး၊ ရာသီဥတုကလည်း ကောင်းမွန်နေပါသည်။ ကွမ်ရှီးပြည်နယ်ရှိ သကြားစက်ရုံများက မတ်လအစောပိုင်းမှ လလယ်ခန့်တွင် သကြားကြိတ်ခြင်းကို အပြီးသတ်ဆောင်ရွက်မည်ဟု ခန့်မှန်းရပါသည်။ ပြည်တွင်း၌ ပုံမှန်သကြား ထုတ်လုပ်မှုအပြီးသတ်ကာနီးနေပြီဖြစ်သောကြောင့် ပြည်တွင်းနှင့် ပြည်ပဈေးနှုန်းများ၏ ကွာဟချက်မှာ ကျယ်ပြန့်လာရာ၊ လက်ငင်းအရောင်းအဝယ်များ အလုပ်ဖြစ်လျက်ရှိသည့်အပြင် ကျန်းကျိုး သကြားကြိုရောင်း ကြိုဝယ်ဈေးကွက်လည်းဖြစ်ပေါ်နေပါသည်။ ယခုအခါ နိုင်ငံတကာ သကြားဈေးကွက် အားကောင်းနေသဖြင့် တရုတ်ပြည်တွင်း သကြားဈေးကွက်မှာလည်း အားကောင်းလာမည်ဟု ခန့်မှန်းရပြီး၊ အနာဂတ်တွင် သကြားဖြူ (အပွင့်) ဈေးဆက်လက်မြင့်တက်ဖွယ်ရှိပါသည်။ နှုန်း

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………………………

## တရုတ်ပြည်တွင်း၌ ယူရီးယားဈေးကွက် အနည်းငယ် ပြန်လည်ဦးမော့လာ

တရုတ်နိုင်ငံ၌ ကျောက်မီးသွေးကုန်ချောဈေးနှုန်းမှာ အမြင့်ပိုင်းတွင်ရှိပြီး၊ သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်း အနည်းငယ်ကျဆင်းကာ၊ ကုန်ကျစရိတ်ဘက်၌ ယေဘုယျအခြေအနေသာ ရှိနေပါသည်။ ဝယ်လိုအားဘက်တွင် လယ်ယာစိုက်ပျိုးရေးဘက်မှ ဝယ်လိုအားမှာ စောင့်ကြည့်နေဆဲဖြစ်သော်လည်း စက်မှုလုပ်ငန်းများဘက်မှ ဝယ်လိုအားတိုးမြင့်လာပါသည်။ နွေဦးရာသီထွန်ယက်ချိန်နှင့်အတူ တရုတ်ပြည်တွင်းဓာတ်မြေဩဇာ ဝယ်လိုအား အမြင့်ဆုံးအချိန် စတင်ရောက်ရှိလာတော့မည်ဖြစ်ရာ ကုန်သည်များဘက်မှ လိုက်လံဝယ်ယူနေသည့် အနေအထား ဖြစ်ပါသည်။

ဆောင်းရာသီအိုလံပစ်ပွဲတော် ပြီးစီးသွားပြီးနောက် ကွန်ပေါင်းဓာတ်မြေဩဇာစက်ရုံများက ထုတ်လုပ်မှုကို တဖြည်းဖြည်း ပြန်လည်စတင်လာကြပြီဖြစ်ပါသည်။ ရောင်းလိုအားဘက်တွင် တစ်နေ့လျှင် ယူရီးယားတန်ချိန် (၁၆၀,၀၀၀)ကျော် ရောင်းအားရှိနေရာ၊ ရောင်းလိုအားလုံလောက်ပါသည်။ ခြုံငုံကြည့်ရလျှင် ဝယ်လိုအားနှင့် ရောင်းလိုအားဘက် လုံလောက်မျှတနေပြီး၊ ထုတ်လုပ်မှုကုန်ကျစရိတ်ပိုင်းတွင် ယေဘုယျရှိနေသည့်အတွက် ယူရီးယားဈေးနှုန်း အနာဂတ်တွင် အနည်းငယ်သာတက်နိုင်မည်ဟု ခန့်မှန်းရပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

Agribusiness & Trade

## အမေရိကန်တွင် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်မားသည့်အတွက် ခက်ခဲသော မိသားစုများသည် အစားအစာဝေငှသည့်စင်တာများကို ပိုမိုမှီခိုလာ

အမေရိကန်နိုင်ငံတစ်ဝန်း လိုအပ်သူများအား အစားအစာဝေငှဖြန့်ဖြူးသည့် စင်တာများတွင် လာရောက်ယူဆောင်သူများ ပိုမိုများပြားလာကြောင်း အစားအစာဘဏ်မှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း၊ Census Household Pulse Survey data အရ အစာအစာဝေငှသည့် စင်တာများတွင် လာရောက်ယူဆောင်ကြသူများသည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ကတည်းက များပြားလာခြင်းဖြစ်ပြီး လာရောက်ယူဆောင်ကြသူများအနက် ၇.၈ ရာခိုင်နှုန်းခန့်က တစ်ခါတစ်ရံ အစားအစာလုံလုံလောက်လောက် မရရှိကြဟု စစ်တမ်းကောက်ယူရာတွင် ဖြေကြားခဲ့ကြောင်း ၂၁-၃-၂၀၂၂ ရက်နေ့ထုတ် The Washington Post တွင် ဖော်ပြထားပါသည်။

ယခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းက ကောက်ယူခဲ့သည့်စစ်တမ်းတွင် ၁၀.၂ ရာခိုင်နှုန်းသော လိုအပ်သူများက တစ်ခါတစ်ရံတွင် အစားအစာ လုံလုံလောက်လောက် မရရှိကြကြောင်းဖြေကြားခဲ့ကြကြောင်း၊ အမေရိကန်အစိုးရက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်းနှင့် ဖေဖော်ဝါရီလအစောပိုင်းတွင် ကလေးအတွက် အခွန်သက်သာခွင့် ရပ်ဆိုင်းပြီးနောက် ကလေးရှိသည့်မိသားစုများတွင် နေထိုင်ကြသည့် အရွယ်ရောက်သူများ၏ ၃၅ ရာခိုင်နှုန်းသည် ကုန်ကျစရိတ်များ ကာမိစေရန် ရုန်းကန်နေကြရသည်ဟု သန်းခေါင်စာရင်းဗျူရိုမှ ထုတ်ပြန်သည့်စာရင်းများအရ သိရကြောင်း ဖော်ပြထားပါသည်။

ငွေကြေးဖောင်းပွမှုသည် စိန်ခေါ်မှုအသစ်ဖြစ်သည်ဟု အစားအစာဘဏ်တစ်ခုဖြစ်သည့် Feeding Tampa Bay ၏အမှုဆောင်ချုပ်ဖြစ်သူ Mr. Thomaz Mantz ကပြောကြားခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသား ၃၀ - ၄၀ ရာခိုင်နှုန်းသည် အိမ်ငှားခ၊ အစားအစာနှင့် ဓာတ်ဆီဖိုးများဖြင့် ၎င်းတို့ဝင်ငွေ ကုန်ဆုံးကြကြောင်း၊ ယမန်နှစ်က ဖယ်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ အထောက်အပံ့များ၊ ကလေးများအတွက် အခွန်သက်သာခွင့်များက မိသားစုများ၏ အခက်အခဲကို အထောက်အကူ ဖြစ်ခဲ့သော်လည်း ဝင်ငွေနည်းပါးလာသည့်အတွက် ငွေကြေးခက်ခဲသည့် မိသားစုများစွာရှိနေသေးသည် ဟု Atlanta Community Food Bank ဥက္ကဌဖြစ်သူ Mr. Kyle Waide ကပြောကြားခဲ့ကြောင်း၊ မတ်လတွင် ထုတ်ပြန်ခဲ့သည့် ငွေကြေးဖောင်းပွမှု အချက်အလက်များက ဓာတ်ဆီ၊ အိမ်ငှားခနှင့် အစားအစာဈေးနှုန်းများ မြင့်တက်လာသည်ကို ဖော်ပြကြောင်း၊ ဓာတ်ဆီအညွှန်းကိန်းသည် ဖေဖော်ဝါရီလတွင် ၆.၆ ရာခိုင်နှုန်း မြင့်တာလာကြောင်း ဖော်ပြထားပါသည်။

Agribusiness & Trade

ပြည်နယ်အေဂျင်စီများ၏ အရေးပေါ် အစားအစာထောက်ပံ့ကူညီရေးအစီအစဉ်များ အတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ သုံးစွဲမည့် အထောက်အပံ့ အစီအစဉ်သစ်များ ပေးသွားမည် ဖြစ်ကြောင်း၊ အမေရိကန်၊ စိုက်ပျိုးရေးဝန်ကြီးဌာနအနေနှင့် အစားအစာဘဏ်များ လိုအပ်သည့်ကုန် စည်များ ဖြည့်ဆည်းထောက်ပံ့ပေးသည့် သီးခြားအစီအစဉ်တစ်ခုလည်း ရှိကြောင်း၊ အစာအစာဘဏ် များအနေနှင့် ခက်ခဲသည့်အခြေအနေကို ရင်ဆိုင်နေကြရသည်ကို နားလည်ပါကြောင်း စိုက်ပျိုးရေး ဝန်ကြီး Mr. Tom Vilsack ကပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://www.washingtonpost.com/business/2022/03/21/food-bank-need-surges-with-inflation/

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

...........................................................................................................................

**တောင်ကိုရီးယားနိုင်ငံ စီးပွားရေးဆိုင်ရာသတင်းများ**

## တောင်ကိုရီးယားနိုင်ငံတွင် People Power Party မှ Mr. Yoon Suk-yeol က သမ္မတအဖြစ် ရွေးကောက်ခံရခြင်း

တောင်ကိုရီးယားနိုင်ငံတွင် နောင်လာမည့်(၅)နှစ်အတွက် သမ္မတအသစ်ရွေးကောက်ပွဲကို (၉-၃-၂၀၂၂) ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့ရာ၊ အတိုက်အခံပါတီ People Power Party-PPP မှ ကိုယ်စားလှယ်လောင်း Mr. Yoon Suk-yeol ကရွေးကောက်ခြင်းခံခဲ့ရကြောင်း၊ မဲများအားလုံးကို ရေတွက်ပြီးနောက် ကွန်ဆာဗေးတစ် People Power Party-PPP မှ Mr. Yoon ကထောက်ခံမဲ၏ (၄၈.၅၆) ရာခိုင်နှုန်းကိုလည်းကောင်း၊ လက်ရှိ အာဏာရ လစ်ဘရယ် Democratic Party-DP မှ Mr. Lee Jae-myung ကထောက်ခံမဲ၏ (၄၇.၈၃) ရာခိုင်နှုန်းကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်းကို အမျိုးသားရွေးကောက်ပွဲကော်မရှင် (National Election Commission-NEC) ၏ ထုတ်ပြန်ချက်အရ သိရှိရပြီး၊ ၎င်းတို့(၂)ဦး၏ မဲရလဒ်ကွာခြားချက်သည် (၀.၇၃) ရာခိုင်နှုန်းသာရှိခဲ့ကြောင်း လေ့လာတွေ့ ရှိရပါသည်။

Mr. Yoon ကမိမိတို့၏ ကိုရီးယားသမ္မတနိုင်ငံသားတိုင်းသည် တစ်သားတည်းသာဖြစ် ကြောင်း မည်သည့်ဒေသ၊ နေရာ (သို့မဟုတ်) လူတန်းစားမရွေး ကိုရီးယားသမ္မတနိုင်ငံ၏ ပြည်သူ

ပြည်သားများအားလုံးသည် မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ တန်းတူညီမျှရှိရမည်ဖြစ်ပြီး ၎င်းတို့အား တရားမျှတစွာ ဆက်ဆံရမည်ဖြစ်ကြောင်းနှင့် မိမိအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကိုထိပ်တန်းဦးစားပေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်၌ ပါတီ၏တာဝန်ရှိသူများရှေ့မှောက်တွင်ပြောကြားခဲ့သည့်မိန့်ခွန်း၌ ၎င်းကထည့်သွင်းပြောကြား ခဲ့ပါသည်။

ထို့ပြင် Mr. Yoon က ၎င်း၏ ရွေးကောက်ပွဲအား ပြည်သူများ၏ ကြီးကျယ်သောအောင်ပွဲအဖြစ်ဖော်ပြခဲ့ပြီး၊ အမျိုးသားခေါင်းဆောင်တစ်ယောက်ဖြစ်စေသော လိုအပ်ချက်များနှင့် ပြည်သူများ၏ အသံများကို မည်သို့နားထောင်ရမည်ကို မဲဆွယ်စည်းရုံးစဉ်တွင် သင်ယူခဲ့ကြောင်း၊ ၎င်း၏ပြိုင်ဘက်များဖြစ်သည့် Mr. Lee နှင့် Ms. Sim Sang-jeung တို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ပြိုင်ပွဲသည်ပြီးဆုံးသွားပြီဖြစ်ကြောင်းနှင့် ပြည်သူများနှင့် ကိုရီးယားသမ္မတနိုင်ငံ တစ်သားတည်းဖြစ်စေရေးအတွက် မိမိတို့လက်တွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်လွှဲပြောင်းရယူပြီးနောက်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်တို့၏ အခြေခံရပ်တည်ချက်များကို လေးစားလိုက်နာကာ အတိုက်အခံပါတီနှင့်လက်တွဲ၍ ပြည်သူများအား အလုပ်အကျွေးပြုသွားမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

Mr. Yoon ရွေးကောက်ခံရခြင်းဖြင့် လူမှုဖူလုံရေးနှင့် အိမ်ခြံမြေမူဝါဒများကဲ့သို့ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးအပါအဝင် နိုင်ငံခြားရေးမူဝါဒအပေါ်တောင်ကိုရီးယားနိုင်ငံကရှေ့ဆက်ဆောင်ရွက်မည့် လမ်းညွှန်ချက်များသည်လည်း လေးနက်ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်း၊ Mr. Yoon သည် မြောက်ကိုရီးယားနိုင်ငံ၏ခြိမ်းခြောက်မှုအား တုံ့ပြန်ရန်ကြိုတင်ကာကွယ်မှုလိုအပ်နိုင်သည်ဟု ပြောကြားခဲ့ပြီး၊ အမျိုးသားလုံခြုံရေးကိုတင်းကျပ်စွာကာကွယ်ရမည်ဟု မှတ်ယူထားသူတစ်ဦးဖြစ်ကြောင်း၊ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံ၏ရန်လိုမှုကို ဟန့်တားရန်အတွက် တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်၏ THAAD ဒုံးခွင်းဒုံးစနစ်၏ ယူနစ်များကိုဖြန့်ကျက်ထားမည်ဟု ကတိပြုထားခဲ့သူတစ်ဦးလည်း ဖြစ်ကြောင်းသတင်းများက ဖော်ပြထားကြပါသည်။

Mr. Yoon အနေဖြင့်၎င်း၏သမ္မတသက်တမ်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကတိကဝတ်ပြုထားသော ကဏ္ဍကြီး (၁၀) ရပ်ရှိပြီး၊ ၎င်းတို့မှာ (၁) ကိုဗစ်-၁၉ ကြောင့် ထိခိုက်ရသောစီးပွားရေးကို ပြန်လည်နာလန်ထူရေး၊ (၂) အလုပ်အကိုင်အခွင့်အလမ်းများကို စဉ်ဆက်မပြတ်ဖန်တီးပေးရေး၊ (၃) အိမ်ရာအသစ် (၂.၅)သန်း ဖော်ဆောင်ရေး၊ (၄) အစိုးရနှင့်သမ္မတရုံးအဖွဲ့အား

"Digital Platform Government" အဖြစ်ပြောင်းလဲဆောင်ရွက်ရေး၊ (၅) နိုင်ငံ၏သိပ္ပံနှင့် နည်းပညာကဏ္ဍအား ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး၊ (၆) ကလေးသူငယ်မွေးဖွားခြင်း/ စောင့်ရှောက်ခြင်းများအတွက် ပိုမိုထောက်ပံ့ပေးရေး၊ (၇) Gender Ministry အားဖျက်သိမ်း၍ မျှတသောလူမှုအဖွဲ့အစည်းကိုဖော်ဆောင်ရေး၊ (၈) ပိုမိုကောင်းမွန်သော သံတမန်ရေးရာနှင့် လုံခြုံမှုများ ဆောင်ရွက်ရေး၊ (၉) နျူကလီးယားစွမ်းအင်ဆိုင်ရာ ထိပ်တန်းနိုင်ငံတစ်ခုဖြစ်စေရေးနှင့် ကာဗွန် သုံးစွဲမှုလျှော့ချရေးနှင့် (၁၀) မျှတကောင်းမွန်၍ ပိုမိုခေတ်မီဖွံ့ဖြိုးသော ပညာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာဝန်းကျင်သစ်ကို ဖန်တီးတည်ထောင်ရေးတို့ဖြစ်ကြပါသည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိ အောင်မြင်ခဲ့သည့် People Power Party-PPP မှ Mr. Yoon Suk-yeol သည်တောင်ကိုရီးယား နိုင်ငံ၏သမ္မတအသစ်အဖြစ် ၂၀၂၂ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် စတင်တာဝန်ထမ်းဆောင်မည် ဖြစ်ပါသည်။

Source: Yonhap News Agency

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

..........................................................................................

## တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀)ရက်နေ့ထိ ကုန်သွယ်မှု အခြေအနေ

Korea Customs Agency ၏ကုန်သွယ်မှုစာရင်းအချက်အလက်များအရ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀)ရက်နေ့ထိ လဆန်း (၁၀) ရက်တာအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ (၁၈.၇၃၅) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၂၀.၁၂၅)ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၃၈.၈၆) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပို့ကုန်တွင် ယခင်နှစ်ကာလတူထက် (၁၄.၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ သွင်းကုန်တွင် ယခင်နှစ် ကာလတူထက် (၁၅.၃) ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၁.၃၉) ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါကာလအတွင်း နိုင်ငံ၏အဓိကပို့ကုန်ဖြစ်သော ဆီမီးကွန်ဒတ်တာသည် ယခင်နှစ်ကာလတူထက် (၂၈.၅) ရာခိုင်နှုန်း၊ သံမဏိ(Steel) များသည် (၂၅.၆) ရာခိုင်နှုန်းနှင့် ရေနံထွက်ကုန်များသည် (၉၈.၈) ရာခိုင်နှုန်း အသီးသီး တိုးတက်တင်ပို့လာနိုင်ခဲ့ကြောင်း၊ အဓိက ကုန်သွယ်ဖက်များ ဖြစ်သော တရုတ်နိုင်ငံသို့ (၁၃.၅) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုသို့ (၇.၂) ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂနိုင်ငံများ

သို့ (၉) ရာခိုင်နှုန်း အသီးသီး တိုးတက်တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရှိရပြီး၊ မော်တော်ယာဉ် တင်ပို့မှုတွင် (၂၈) ရာခိုင်နှုန်းနှင့် ဆက်သွယ်ရေးပစ္စည်းတင်ပို့မှုတွင် (၁၀.၉) ရာခိုင်နှုန်းခန့် လျော့နည်း တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။

ကုန်စည်ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် သွင်းကုန်တန်ဖိုး ပိုမိုမြင့်တက်လာခဲ့ပြီး၊ ရေနံစိမ်းတင်သွင်းမှုသည် (၉၈.၈) ရာခိုင်နှုန်း၊ ဓါတ်ငွေ့တင်သွင်းမှု (၈၇) ရာခိုင်နှုန်း၊ ရေနံထွက်ကုန် တင်သွင်းမှု (၄၆.၃) ရာခိုင်နှုန်းနှင့် ဆီမီးကွန်ဒတ်တာတင်သွင်းမှု (၁၈.၈)ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအလိုက်တင်သွင်းမှုတွင် တရုတ်နိုင်ငံထံမှ (၁၈.၃) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုထံမှ (၀.၈) ရာခိုင်နှုန်းနှင့် ဆော်ဒီအာရေဗျနိုင်ငံမှ တင်သွင်းမှု (၁၀၉.၂) ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

Source: Yonhap News Agency

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

.........................................................................

## ရုရှား-ယူကရိန်း စစ်ရေးအခြေအနေ၏ရိုက်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်မှု အခြေအနေ

ရုရှားနိုင်ငံသည် ရေနံနှင့်သန့်စင်ပြီး ရေနံထုတ်ကုန်များကို ကမ္ဘာ့ရေနံဈေးကွက်သို့ အဓိက ထုတ်လုပ်တင်ပို့လျက်ရှိသည့်ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ရာ၊ ယူကရိန်းနိုင်ငံကိုရုရှားနိုင်ငံမှ ကျူးကျော်မှုအတွက် ဒဏ်ခတ်မှုအဖြစ် ရုရှားရေနံတင်သွင်းမှုကို အမေရိကန်နိုင်ငံက တားမြစ်ပိတ်ပင်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်၊ မတ်လ အစောပိုင်းကာလတွင် ၂၀၀၈ ခုနှစ် နောက်ပိုင်းကာလ၌ အမြင့်ဆုံးသောအခြေအနေအဖြစ်သို့ ထပ်မံရောက်ရှိလာခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ရုရှားရေနံစိမ်းအပေါ် အလွန်အမင်း မှီခိုနေရပြီး၊ နိုင်ငံ၏ ရေနံဓာတုစက်မှုလုပ်ငန်းတွင် အဓိကကုန်ကြမ်းများထဲမှတစ်ခုဖြစ်သည့် Naphtha လေးပုံတစ်ပုံနီးပါး၏ အရင်းအမြစ်သည် ရုရှားနိုင်ငံမှဖြစ်သောကြောင့် ရုရှား-ယူကရိန်း ပဋိပက္ခသည် ရေနံဓါတုလုပ်ငန်း လုပ်ကိုင်သော တောင်ကိုရီးယားကုမ္ပဏီများအပေါ် ကြီးမားသော သက်ရောက်မှု ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါအခြေအနေ၏ သက်ရောက်မှုအဖြစ် ကိုရီးယားအမျိုးသားရေနံကော်ပိုရေးရှင်း (Korea National Oil Corporation) ၏စာရင်းများအရ ၂၀၂၂ ခုနှစ်၊ မတ်လ ဒုတိယပတ်အတွင်း တောင်ကိုရီးယားနိုင်ငံ

တစ်နိုင်ငံလုံးရှိ ဓာတ်ဆီဆိုင်များ၏ ပျမ်းမျှဓာတ်ဆီဈေးနှုန်းသည် ကိုရီးယားဝမ် (၁,၈၄၅) မှ (၂,၀၀၀) ကျော်ဝန်းကျင် (အမေရိကန်ဒေါ်လာ ၁.၅ မှ ၂ ဝန်းကျင်ခန့်အထိ) မြင့်တက်ခဲ့ရာ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း (၇)နှစ်ကျော်တာ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၌ အမြင့်ဆုံး စက်သုံးဆီဈေးနှုန်းအခြေအနေများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စက်သုံးဆီဈေးနှုန်းများမြင့်တက်ခြင်းကြောင့် ဆက်စပ်လျက်ရှိသော Supply Chain တစ်လျှောက်ရှိ ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေလဲနှုန်းများ ဖောင်းပွမြင့်တက်လာခြင်း စသည်တို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်/ သွင်းကုန်ကဏ္ဍတွင်လည်း အဓိကအားဖြင့် သွင်းကုန်တန်ဖိုးများမြင့်တက်၍ ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀) ရက်တာထိ ကုန်သွယ်မှုတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၁.၃၉) ဘီလီယံ ဖြစ်ပေါ်လျက်ရှိပြီး၊ ကုန်သွယ်မှုကို မှီခိုအားထားရသော နိုင်ငံ၏ စီးပွားရေးအပေါ် ဖိအားများ မြင့်တက်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP) သည် (၄) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးသည့်နောက် ၂၀၂၂ ခုနှစ်အတွက် (၃) ရာခိုင်နှုန်း ဆက်လက်တိုးတက်ရန် ကိုရီးယားဗဟိုဘဏ်(The Bank of Korea – BOK) ကခန့်မှန်းထားပြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာနက (၃.၁) ရာခိုင်နှုန်းခန့် တိုးတက်ရန် မျှော်မှန်းထားပါသည်။

Source: The Korea Customs Services၊ Korea National Oil Corporation

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

……………………………………………………………

**တောင်ကိုရီးယားနိုင်ငံအား ရုရှားနိုင်ငံ၏ Unfriendly Countries List တွင် ထည့်သွင်းကြေညာခဲ့သော်လည်း Mr. Yoon Suk-yeol အား တောင်ကိုရီးယားသမ္မတအသစ်အဖြစ် ရွေးကောက်ခံရခြင်းအတွက် ရုရှားသမ္မတမှ ဂုဏ်ပြုစကားပြောကြားခဲ့မှု**

ရုရှားနိုင်ငံမှယူကရိန်းနိုင်ငံကိုကျူးကျော်မှုကြောင့် ရုရှားနိုင်ငံအား Sanctions ပိတ်ဆို့မှုများအပေါ်ထောက်ခံခဲ့သည့် အမေရိကန်၊ ဗြိတိန်၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဂျပန်၊ ယူကရိန်းနိုင်ငံများနှင့်အတူ တောင်ကိုရီးယားနိုင်ငံအား ရုရှားနိုင်ငံ၏ Unfriendly Countries List တွင် ထည့်သွင်းကြောင်းကို (၇-၃-၂၀၂၂) ရက်နေ့တွင် ရုရှားနိုင်ငံမှအတည်ပြုကြေညာခဲ့ပါသည်။ သို့သော်လည်း (၉-၃-

၂၀၂၂) ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၌ပြုလုပ်ခဲ့သော ရွေးကောက်ပွဲ၌ People Power Party-PPP မှ ကိုယ်စားလှယ်လောင်း Mr. Yoon Suk-yeol က သမ္မတအသစ်အဖြစ် မဲအနိုင်ရရှိခဲ့ရာ ရုရှားသမ္မတ Vladimir Putin မှ Mr. Yoon Suk-yeol သို့ ဂုဏ်ပြုစကား ပြောကြားခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

ရုရှားသမ္မတ Vladimir Putin က Mr. Yoon Suk-yeol အား တောင်ကိုရီးယားနိုင်ငံ၏ သမ္မတအသစ်အဖြစ် ရွေးကောက်ခံရမှုအတွက် ၎င်း၏အနွေးထွေးဆုံးဂုဏ်ပြုမှုကိုလက်ခံပါရန်နှင့် တောင်ကိုရီးယားနိုင်ငံ၏ အကြီးအကဲအဖြစ် Mr. Yoon ၏ဆောင်ရွက်ချက်များသည် ရုရှားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံနေပြည်သူများ၏ အကျိုးစီးပွား၊ ကိုရီးယားကျွန်းဆွယ်အရေးနှင့် အရှေ့တောင်အာရှဒေသ လုံခြုံရေး၊ တည်ငြိမ်ရေး၊ အကျိုးစီးပွားတို့အတွက် ရုရှား-တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးတို့ကိုမြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည်ဟုမျှော်လင့်ပါကြောင်း”ဖြင့် Kremlin website တွင်ဖော်ပြထားကြောင်း သိရှိရပါသည်။

Source: Arirang
ဝင်းပပသူ၊ စီးပွားရေးသံမှူး
ဆိုးလ်

.....................................................................

**တောင်ကိုရီးယားအစိုးရက ခရီးသွားလာမှုဆိုင်ရာ Quarantine ကန့်သတ်မှုအစီအမံများကိုဖြေလျှော့ရုပ်သိမ်းပေးမည်ဟု ကြေညာခဲ့ပြီးနောက် လေကြောင်းလိုင်းများသည် လုပ်ငန်းများပြန်လည်တိုးတက်ရန်မျှော်လင့်ချက် မြင့်မားလျက်ရှိမှု အခြေအနေ**

နိုင်ငံရပ်ခြားခရီးသွားလာမှုအတွက် ဆိုက်ရောက်ခရီးသည်များ မဖြစ်မနေဆောင်ရွက်ရသော ကိုဗစ်-၁၉ ဆိုင်ရာ Quarantine အစီအမံများကို ဖြေလျှော့ပေးမည်ဟု တောင်ကိုရီးယားအစိုးရက (၁၁-၃-၂၀၂၂) ရက်နေ့တွင် ကြေညာခဲ့ခြင်းကြောင့် လေကြောင်းလိုင်းများအနေဖြင့် လုပ်ငန်းလည်ပတ်မှုများ ပြန်လည်တိုးတက်ပွင့်လန်းလာရေးအတွက် မျှော်လင့်ချက်များ မြင့်မားလျက် ရှိပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ(၂၁) ရက်နေ့မှစတင်၍ (ကန့်သတ်နိုင်ငံများမှအပ) တောင်ကိုရီးယားနိုင်ငံနှင့် ပြည်ပနိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသဖြင့် တောင်ကိုရီးယားနိုင်ငံ၏ COOV Application တွင် ၎င်းတို့၏ကာကွယ်ဆေးထိုးပြီးကြောင်း Register ပြုလုပ်စာရင်းသွင်းထားပြီးသူများသည် မဖြစ်မနေ ဝင်ရောက်ရသည့် Quarantine အစီအစဉ်မှ ကင်းလွတ်ခွင့်ရရှိတော့မည် ဖြစ်ပါသည်။

လက်ရှိကူးစက်မှုအခြေ အနေများအရ ကန့်သတ်နိုင်ငံများစာရင်းတွင် ပါကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ယူကရိန်းနှင့် မြန်မာနိုင်ငံတို့ ပါဝင်နေသေးကြောင်း www.visitkorea.or.kr တွင် လေ့လာတွေ့ရှိရပါသည်။

ကာလရှည်ကြာလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြောင့် ခက်ခဲမှုများစွာကြုံတွေ့နေရသော လေကြောင်းလိုင်းများသည် မဖြစ်မနေ Quarantine အစီအမံများကို တောင်ကိုရီးယားအစိုးရက ဖြေလျှော့ရုပ်သိမ်းပေးလိုက်ခြင်းကြောင့် ခရီးသည်များ တိုးတက်လာမည်ဟု မျှော်လင့်လျက်ရှိကြောင်း၊ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ၎င်းတို့၏ ခရီးသွားလုပ်ငန်းဝင်ငွေများကို ကျဆင်းစေခဲ့သဖြင့် လေကြောင်းလိုင်းလုပ်ငန်းများသည် ခရီးသည်ဝယ်လိုအား ပြန်လည်ကောင်းမွန်လာစေရန် မျှော်လင့်နေကြကြောင်း၊ လတ်တလောတွင် နိုင်ငံတကာလေကြောင်း ခရီးစဉ်များ၏ (၉၀) ရာခိုင်နှုန်းနီးပါးကို ရပ်နားထားရသော်လည်း ယခုကဲ့သို့ Quarantine အစီအမံများကို အစိုးရက ဖြေလျှော့ပေးလိုက်သဖြင့် ခရီးစဉ်ပျံသန်းမှုများ ပြန်လည်စတင်နိုင်ရေးကို အထောက်အကူဖြစ်မည်ဟု မျှော်လင့်လျက်ရှိကြကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၁ ခုနှစ်အတွင်း လေကြောင်းလိုင်း လုပ်ငန်းလည်ပတ်မှု အရှုံးငွေများအနေဖြင့် Jeju Air သည် ဝမ် (၃၂၃.၄) ဘီလီယံ (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၆၂.၁ သန်း)၊ Jin Air သည် ဝမ် (၁၉၄.၂) ဘီလီယံ၊ T'way Air သည် ဝမ် (၁၅၇) ဘီလီယံ နှင့် Air Busan သည် ဝမ်(၂၀၄.၃) ဘီလီယံတို့ အသီးသီးဖြစ်ပေါ်ခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်း လေကြောင်းလိုင်းဖြစ်သော Korean Air သည် ၎င်း၏ကုန်တင်ကုန်ချလုပ်ငန်းကြောင့် နှစ်စဉ်ဝင်ငွေတွင် Surplus (ပိုငွေပြ) ခဲ့သော်လည်း ၎င်း၏ခရီးသည် တင်လုပ်ငန်းလည်ပတ်မှုမှာ လျော့ကျနေးကွေးခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် Korean Air ၏ ခရီးသည် လုပ်ငန်းသည် တန်ဖိုး ဝမ် (၁.၈၃) ထရီလီယံ ရောင်းချနိုင်ခဲ့ပြီး၊ ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက (၈၆.၀၅) ရာခိုင်နှုန်း ကျဆင်းသွားကြောင်းလေ့လာသိရှိရပါသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်၊ ဧပြီလမှစတင်၍ နိုင်ငံရပ်ခြားတွင် ကာကွယ်ဆေးထိုးနှံပြီး ၎င်းတို့၏ကာကွယ်ဆေးထိုးမှတ်တမ်းကို စာရင်းမသွင်းထားသေးသူများသည်လည်း Quarantine ဝင်ရောက်ရခြင်း အစီအစဉ်မှ ကင်းလွတ်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း၊ သို့ရာတွင် ကာကွယ်ဆေး လုံးဝ(လုံးဝ) မထိုးရသေးသူများအနေဖြင့်မူ ရောက်ရှိပြီး (၇) ရက်ကြာ Quarantine နေထိုင်ရန်လိုအပ်မည် ဖြစ်ကြောင်း၊ Quara-ntine အခြေအနေများပေါ်မူတည်၍ လေကြောင်းခရီးစဉ်များ၊ လေယာဉ်ပျံသန်းမှုများနှင့် ဗီဇာထုတ်ပေးခြင်းတို့ကို တစ်ဖြည်းဖြည်းချင်း တိုးချဲ့သွားရန် စီစဉ်ထားကြောင်း Central Disaster and Safety

Agribusiness & Trade

Countermeasures Headquarters မှပြောကြားခဲ့ပါသည်။ တစ်နည်းဆိုရသော် ယခုကဲ့သို့ တောင်ကိုရီးယားအစိုးရမှ ဖြေလျှော့ပေးမည့်မူဝါဒအရ ကိုဗစ်-၁၉ ကာကွယ်ဆေး Dose များကို သတ်မှတ်အကြိမ်အရေအတွက် ပြည့်မီစွာဖြင့် တတ်နိုင်သမျှ ထိုးထား၍ ရောဂါကာကွယ်မှု ရှိနေသည့်ကာလပတ်လုံး နိုင်ငံရပ်ခြားခရီးသွားများကို Quarantine သီးသန့်ခွဲခြားနေထိုင်ရန် မလိုအပ်တော့သဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာပြီး ခရီးသွားလာမှုများလည်း ပြန်လည် ပွင့်လန်းတိုးတက်လာမည်ဟု မျှော်လင့်ရပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ(၂၁) ရက်နေ့မတိုင်မီ လက်ရှိကာလတွင်မူ တောင်ကိုရီးယားနိုင်ငံ၏ Quarantine အာဏာပိုင်များသည် နိုင်ငံသား/ နိုင်ငံခြားသား ခရီးသွားများအား တောင်ကိုရီးယားနိုင်ငံသို့ မဝင်ရောက်မီ PCR စမ်းသပ်မှုရလဒ်ကို တင်ပြရန်လိုအပ်သေးကြောင်း၊ PCR စစ်ဆေးမှု ရလဒ်သည် Negative (-) ဖြစ်သည့်တိုင် ဆိုက်ရောက်ခရီးသည်များအနေဖြင့် တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးနောက် (၇) ရက်ကြာ Quarantine နေထိုင်ရဦးမည် ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

Source: The Korea Times

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

……………………………………………………………

**တောင်ကိုရီးယားနိုင်ငံ၌ အသက် (၅) နှစ်မှ (၁၁) နှစ်ရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို ၂၀၂၂ ခုနှစ် မတ်လအကုန်တွင် စတင်ထိုးပေးတော့မည့်အခြေအနေ**

(၁၄-၃-၂၀၂၂) ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၌ အသက် (၁၂) မှ (၁၇) နှစ်ကြားဆယ်ကျော်သက်ကလေးငယ်များအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် (Booster Dose) ထိုးပေးခြင်းကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ၊ အသက် (၅) နှစ်မှ (၁၁) နှစ်ရှိ ကလေးငယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကိုလည်း ၂၀၂၂ ခုနှစ် မတ်လအကုန်တွင် စတင်ထိုးပေးတော့မည်ဖြစ်ကြောင်း၊ Registration ဆောင်ရွက်ခြင်းကို (၁၇-၃-၂၀၂၂) ရက်နေ့မှ စတင်ဆောင်ရွက်နိုင်ကြောင်း Korea Disease Control and Prevention Agency (KCDA) မှ (၁၄-၃-၂၀၂၂) ရက်နေ့တွင် အများပြည်သူများသိရှိနိုင်စေရန် ကြေညာခဲ့ပါသည်။

အသက်(၅) နှစ်မှ (၁၁) နှစ်အရွယ်ရှိ ကလေးများသည် အရွယ်ငယ်လွန်းသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာတွင် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်ခြင်း ရှိ/ မရှိ အတွက် မိဘများ၏ပူပန်မှုများအပေါ် သတင်းမီဒီယာများ၏မေးမြန်းမှုကို KCDA မှတာဝန်ရှိသူ၏ ပြန်လည်ရှင်းလင်း ဖြေကြားချက်အရ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံတို့တွင် အဆိုပါအသက်အရွယ်ရှိ ကလေးငယ်သန်း

ပေါင်းများစွာတို့အား အောင်မြင်စွာ ထိုးပေးနိုင်ခဲ့သော Pfizer Vaccine ကို တောင်ကိုရီးယားနိုင်ငံရှိ အသက်(၅) နှစ်မှ (၁၁)နှစ် အရွယ်ရှိ ကလေးငယ်များကို ထိုးနှံပေးမည်ဖြစ်ပါကြောင်း၊ KCDA အနေဖြင့် သီးခြားသုတေသနပြုထားမှု မရှိသေးသော်လည်း အခြားသောနိုင်ငံကြီးများ၌ပင် အောင်မြင်ထိရောက်မှု ရှိခဲ့သောသာဓကများကို မျက်မြင်ဖြစ်ပါကြောင်း၊ ပုံမှန် ကျန်းမာသောကလေးများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စိတ်ချစွာထိုးနှံနိုင်ပါကြောင်း၊ ဆိုးရွားသောရောဂါအခံရှိသည့် ကလေးငယ်များကိုမူ ကိုဗစ်-၁၉ ဆေးထိုးရန်ကို အားမပေးကြောင်း၊ သို့ရာတွင် ကလေး၏ ကျန်းမာရေးအခြေအနေ၊ ရောဂါ အခံတို့ကို ဆေးမထိုးမီ ဆေးထိုးရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်နှင့်ဆွေးနွေး၍ ဆောင်ရွက်နိုင် သကဲ့သို့ မိဘ(သို့မဟုတ်) အုပ်ထိန်းသူ၏သဘောဆန္ဒအရ ကလေးအား ကာကွယ်ဆေးထိုးရန်/ မထိုးရန် ကိုလည်း ဆုံးဖြတ်ဆောင်ရွက်နိုင်ပါကြောင်း လေ့လာ သိရှိရပါသည်။

(၁၄-၃-၂၀၂၂) ရက်နေ့၊ KCDA ၏စာရင်းအချက်အလက်များအရ ကိုဗစ်-၁၉ နေ့စဉ် ရောဂါ ကူးစက်မှုသည် နေ့စဉ်ကူးစက်မှု (၃၀၉,၇၉၀)ဦး၊ သေဆုံးသူ (၂၀၀) ဦးရှိလျက် ကူးစက်မှုများသည်မြန် ဆန်စွာ မြင့်တက်လျက်ရှိသဖြင့် ပုံမှန်ကျန်းမာရေးအခြေအနေရှိသူ ကလေးငယ်များအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို မပျက်မကွက် ထိုးသင့်ကြောင်း တင်ပြလိုက်ရပါသည်။

Source: Arirang News
ဝင်းပပသူ၊ စီးပွားရေးသံမှူး
ဆိုးလ်

……………………………………………………………

## တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှုများ မြင့်တက်မှုအခြေအနေနှင့် ကျန်းမာရေး၊ စီးပွားရေး ဟန်ချက်ညီစွာ တိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေ

တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ မျိုးကွဲ Omicron ကူးစက်မှုသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါ ရီလအတွင်းတွင် နေ့စဉ်ကူးစက်မှုဦးရေ (၂၀၀,၀၀၀) ဝန်းကျင်ထိ တစ်ရိပ်ရိပ် တိုးတက်လာခဲ့သည့် နောက် ၂၀၂၂ ခုနှစ်၊ မတ်လ ဒုတိယပတ်တွင် နေ့စဉ်ကူးစက်မှုဦးရေ (၃၀၀,၀၀၀) ကျော်သို့ ရောက်ရှိလာ ခဲ့ပါသည်။ (၁၄-၃-၂၀၂၂) ရက်နေ့၊ (၀၀:၀၀) နာရီအချိန် KCDA ၏စာရင်းအချက်အလက် များအရ (၁၄-၃-၂၀၂၂) ရက်နေ့တွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု (၃၀၉,၇၉၀)ဦး၊ သေဆုံးသူ (၂၀၀) ဦး ဖြစ်ကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ပုံမှန် ပြန်လည်နာလန်ထူမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ၊ အလွန်တိုးမြင့်လာသော ကိုဗစ်-၁၉ ကူးစက်မှုများအပေါ် Social Distancing ဆိုင် ရာစည်းကမ်းများသတ်မှတ်မှုများတွင် ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် ဟန်ချက်ညီစွာတိုးတက်

Agribusiness & Trade

စေရေးအတွက် စီးပွားရေးလုပ်ငန်းဆောင်တာများ မနှောင့်နှေးစေရေး ကိုဗစ်-၁၉ ဆိုင်ရာ Social Distancing စည်းမျဉ်းများကို ဖြေလျှော့၍ သွားလာမှုများတွင် တစ်ကိုယ်ရည် ကာကွယ်မှုများကို စနစ်တကျလိုက်နာဆောင်ရွက်စေခြင်း၊ စားသောက်ဆိုင်များအပါအဝင် ဆိုင်များဖွင့်ချိန်ကို တိုးမြှင့်ပေးခြင်း၊ ကန့်သတ်နိုင်ငံများမှအပ ပြည်ဝင်ခရီးသည်ဆိုက်ရောက်မှုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်အရေအတွက် အပြည့်အဝထိုးပြီးပါက Quarantine နေထိုင်ခြင်းဆိုင်ရာများကို ရုပ်သိမ်းဖြေလျှော့ခြင်းနှင့် ကိုဗစ်-၁၉ ပိုးရှိ/ မရှိ စစ်ဆေးခြင်းတို့ကိုလည်း PCR Test စစ်ဆေးမှုအပြင် Rapid Antigen Test Kit များဖြင့် စစ်ဆေးသည့် ရလဒ်တို့ကို တောင်ကိုရီးယားအစိုးရက လက်ခံကြောင်း အတည်ပြုခွင့်ပြုပေးခဲ့ပါသည်။ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးတိုးခြင်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ၊ အသက် (၅) နှစ်မှ (၁၁) အရွယ် ကလေးငယ်များ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကို ၂၀၂၂ ခုနှစ် မတ်လ (၃၁) ရက်နေ့မှ စတင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ထိုသို့ ဖြေလျှော့မှုများဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးကဏ္ဍဘက်တွင် ဆေးရုံများ၌ ကိုဗစ်-၁၉ လူနာ များပြား၍ ကုတင်နေရာ မလောက်ငမှုများကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ပြီး၊ အမှန်တကယ် ဆေးရုံတက်ရန်လိုအပ်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုထိရောက်စွာဖြင့် ကုသမှုပေးနိုင်မည် ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍဘက်တွင်လည်း မလိုအပ်ဘဲ အလုပ်လုပ်ချိန်များ မလျော့ကျစေခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုဆိုင်ရာ နစ်နာမှုများကို ကာကွယ်နိုင်မည် ဖြစ်ပြီး၊ နိုင်ငံတော်ဘဏ္ဍာ အသုံးပြုမှုများကိုလည်း ချွေတာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကူးစက်မှုများ မြင့်တက်လျက်ရှိသော်လည်း ကာလရှည်ကြာနေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါသည် မည်သည့်အချိန်တွင် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မည်ကို မခန့်မှန်းနိုင်သဖြင့် နိုင်ငံ၏ကျန်းမာရေးနှင့် စီးပွားရေးကို ဟန်ချက်ညီစွာ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်စေရေးအတွက် အစီအမံများရေးဆွဲလျက် တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

Source: KCDA၊ Arirang News

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

………………………………………………………………………………………..

## ဘယ်လ်ဂျီယံနိုင်ငံ စီးပွားရေးဆိုင်ရာသတင်းများ

### ဘယ်လ်ဂျီယံနိုင်ငံအစိုးရက စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကို ခုသာခံသာရှိစေရေး အစီအမံများကို ချမှတ်ဆောင်ရွက်ခြင်း

ဘယ်လ်ဂျီယံနိုင်ငံ၌ စွမ်းအင်ဈေးနှုန်းမြင့်တက်နေမှုပြဿနာကို ဖြေရှင်းနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် ဘယ်လ်ဂျီယံနိုင်ငံဖက်ဒရယ်အစိုးရက သဘောတူညီခဲ့ကြောင်း သိရပါသည်။ ယင်းအစီအမံများအရ ဓါတ်ငွေ့အပေါ်ကောက်ခံသည့် တန်ဖိုးဖြည့်ခွန် (VAT) ကို၂၀၂၂ခုနှစ်၊ စက်တင်ဘာလကုန်အထိ (၂၁) ရာခိုင်နှုန်းမှ (၆) ရာခိုင်နှုန်းသို့ လျှော့ချသွားမည်ဖြစ်ပါသည်။ အနွေးပေးဆီအသုံးပြုရသည့် အိမ်ထောင်စုများအတွက်ယူရို (၂၀၀) တန်ဖိုးရှိ စွမ်းအင်အသုံးပြုခ ချက်လက်မှတ်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး၊ ဓါတ်ဆီနှင့်ဒီဇယ်ဆီတို့အတွက် ကောက်ခံသည့်အခွန်ကို တစ်လီတာလျှင် ယူရို (၁၇.၅) ဆင့် လျှော့ချပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် ဝင်ငွေနိမ့်အိမ်ထောင်စုများအတွက် စွမ်းအင်သုံးစွဲခများအား social energy tariff နှုန်းဖြင့်ပေးချေနိုင်သည့် ယာယီအစီအစဉ်အား ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိ ထပ်မံသက်တမ်းတိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံအစိုးရသည် လျှပ်စစ်ဓါတ်အားခအတွက် VATနှုန်းထားကို (၂၁) ရာခိုင်နှုန်းမှ (၆) ရာခိုင်နှုန်းသို့ ယာယီလျှော့ချထားပြီးဖြစ်ရာ ယခုအခါ ဓါတ်ငွေ့အတွက် VAT နှုန်းထားကိုပါ အလားတူ လျှော့ချခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ လျှပ်စစ်နှင့်ဓါတ်ငွေ့အတွက် VAT နှုန်းထား ယာယီလျှော့ချမည့်ကာလအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိသို့ တိုးမြှင့်ခဲ့ပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးဒေသနှင့် ဝေါလိုနီးယားဒေသတို့ရှိ အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံခန့်မှာ နေအိမ်များ၌ အနွေးဓါတ်ရရှိရန် အနွေးပေးဆီ (Heating Oil) ကိုအသုံးပြုကြရကြောင်း၊ မကြာသေးမီလများအတွင်း အနွေးပေးဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် အဆိုပါအိမ်ထောင်စုများအတွက် ယူရို (၂၀၀) တန်ဖိုးရှိ စွမ်းအင်သုံးစွဲခ ချက်လက်မှတ်များကို ပေးအပ်ရခြင်းဖြစ်ကြောင်းသိရပါသည်။

ဓါတ်ဆီနှင့် ဒီဇယ်တစ်လီတာလျှင် ယူရို (၁၇.၅) ဆင့် ယာယီအခွန်လျှော့ချ ကောက်ခံမည့် အစီအစဉ်နှင့်ပတ်သက်၍ ဘယ်လ်ဂျီယံနိုင်ငံအစိုးရက ၎င်းအစီအမံအပေါ် ၂၀၂၂ ခုနှစ်၊ ဇွန်လလယ်တွင် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ဓါတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများသည် တစ်လီတာလျှင် ယူရို(၁.၇) အောက်သို့ပြန်လည်ကျဆင်းမည်ဆိုပါက အခွန်နှုန်းထားအား ပြန်လည်မြှင့်တင်ကောက်ခံ

Agribusiness & Trade

သွားမည်ဖြစ်ကြောင်း၊ Liquefied Natural Gas (LNG) နှင့် Compressed Natural Gas (CNG) တို့နှင့်စပ်လျဉ်း၍မူ ဘယ်လ်ဂျီယံနိုင်ငံအစိုးရက အစီအမံများချမှတ်ထားခြင်းမရှိသေးကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံအစိုးရအနေဖြင့် ဝင်ငွေနိမ့်အိမ်ထောင်စုများအတွက် စွမ်းအင်သုံးစွဲခများအား social energy tariff နှုန်းဖြင့် ပေးချေနိုင်သည့်ယာယီအစီအစဉ်အပေါ် ပြန်လည်သုံးသပ်မှုများကို ၂၀၂၂ခုနှစ်၊ စက်တင်ဘာလလယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ရေးကွင်းဆက်ပြဿနာများနှင့် ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှုတို့ကြောင့် ထုတ်လုပ်မှုရပ်နားထားရသည့် ကုမ္ပဏီများအတွက် ဝန်ထမ်းများအား ယာယီအလုပ်လက်မဲ့အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်သည့် အစီအမံကို ကာလတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံအစိုးရက ၎င်းအစီအမံများအတွက် စုစုပေါင်းကုန်ကျစရိတ် ယူရို (၁.၃) ဘီလျံ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.vrt.be/vrtnws/en/2022/03/15/federal-government-agrees-on-measures-to-soften-the-blow-of-the/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.........................................................................

## ဘယ်လ်ဂျီယံနိုင်ငံရှိ Antwerp ဆိပ်ကမ်းနှင့် Zeebrugge ဆိပ်ကမ်း ပေါင်းစည်းရန် ဖလန်းဒါး ပါလီမန်က အတည်ပြုခဲ့ခြင်း

ဘယ်လ်ဂျီယံနိုင်ငံရှိ Antwerp ဆိပ်ကမ်းနှင့် Zeebrugge ဆိပ်ကမ်းတို့ကို ပေါင်းစည်းဆောင်ရွက်သွားမည့် အမိန့်ဒီကရီအား ဖလန်းဒါးဒေသဆိုင်ရာပါလီမန် (Flemish Parliament) က အတည်ပြုခဲ့ကြောင်း၊ ထိုသို့အတည်ပြုခဲ့သဖြင့် ဆိပ်ကမ်း(၂) ခုအား ပေါင်းစည်းသွားမည့် အစီအမံအား တရားဝင် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရပါသည်။

Antwerp ဆိပ်ကမ်းနှင့် Zeebrugge ဆိပ်ကမ်းပေါင်းစည်းရေးကိစ္စအား လွန်ခဲ့သည့် (၁)နှစ်အကြာခန့်က ကြေငြာခဲ့ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်း(၂) ခု တရားဝင်ပေါင်းစည်းခွင့် အမိန့်ဒီကရီအား အပြီးသတ်အတည်ပြုခြင်းကိုမူ လာမည့် ဧပြီလ ၂၂ ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ ၎င်းဆိပ်ကမ်းနှစ်ခုအား ပေါင်းစည်းလိုက်ခြင်းဖြင့် ဆိပ်ကမ်းများအား ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ပေါင်းစည်းခြင်းကြောင့် “Port of Antwerp-Bruges” သည် အထွေထွေကုန်စည်များဆိုင်ရာ အကြီးဆုံးဆိပ်ကမ်းများအနက် တစ်ခုအဖြစ်သာမက ဥရောပ၌ မော်တော်ယာဉ်များ သင်္ဘောတင်ပို့သယ်ဆောင်မှုဆိုင်ရာ အကြီးမားဆုံးဆိပ်ကမ်းနှင့် အရေးအပါဆုံးကွန်တိန်နာဆိပ်ကမ်း ဖြစ်လာစေမည်ဖြစ်ကြောင်း၊ Zeebrugge ဆိပ်ကမ်း၏ တည်နေရာအနေအထားနှင့် Antwerp ဆိပ်ကမ်း၏ စက်မှုလုပ်ငန်းဗဟိုချက်တို့ ပေါင်းစည်းထားခြင်းဖြင့် ဥရောပ၌ ဟိုက်ဒရိုဂျင်နှင့်ပတ်သက်သည့် ဦးဆောင်ဆိပ်ကမ်းတစ်ခုအဖြစ် နေရာယူလာနိုင်ကြောင်းလည်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/business/210199/flemish-parliament-adopts-decree-to-merge-ports-of-antwerp-and-zeebrugge

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

..........................................................................

## ရုရှား-ယူကရိန်း ပဋိပက္ခ၏ သက်ရောက်မှုကြောင့် နယ်သာလန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို ဖြစ်ပေါ်စေနိုင်ခြင်း

ရုရှားနှင့် ယူကရိန်းတို့အကြား လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခ၏ သက်ရောက်မှုကြောင့် နယ်သာလန်နိုင်ငံ၌ စီးပွားရေးကျကပ်ကို ဖြစ်ပေါ်စေနိုင်သည်ဟု နယ်သာလန်နိုင်ငံ၏ ဗဟိုစီမံကိန်းဗျူရို (Central Planning Bureau-CPB) က ခန့်မှန်းတွက်ချက်ထားကြောင်း nltimes.nl တွင် “Ukraine war could cause recession in Netherlands: Planning Office” ခေါင်းစဉ်ဖြင့် သတင်းရေးသားဖော်ပြထားပါသည်။ စွမ်းအင်ဈေးနှုန်းနှင့် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး၊ ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများနှင့် ပဋိပက္ခကြောင့် ကမ္ဘာ့ကုန်သွယ်မှုအပေါ် သက်ရောက်မှုများ ဆက်လက်ရှိနေမည်ဆိုပါက နယ်သာလန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် သုံးလပတ်(၂) ခုဆက်တိုက် စီးပွားရေးကျုံ့မှုဖြစ်ပေါ်နိုင်ကြောင်း CPB က ခန့်မှန်းထားပါသည်။

နယ်သာလန်ဗဟိုစီမံကိန်းဗျူရို (CPB) အနေဖြင့် ပြီးခဲ့သည့်သီတင်းပတ်က နယ်သာလန်နိုင်ငံ၏ စီးပွားရေးခန့်မှန်းချက်များကို ဖြစ်တန်စွမ်းအမျိုးမျိုးဖြင့် ထုတ်ပြန်ခဲ့ရာ ဖြစ်တန်စွမ်းတစ်ခုချင်းစီ

တွင် စီးပွားရေးတိုးတက်မှုရှိမည်ဟု ခန့်မှန်းခဲ့ပါသည်။ သို့ရာတွင် ယခုအခါ စီးပွားရေးကျကပ်ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် ခန့်မှန်းချက်ကို CPB က ထပ်မံထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

CPB က ခန့်မှန်းထားသည့် စီးပွားရေးဖြစ်တန်စွမ်းအသစ်တွင် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများသည် ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၁၀၀) ကျော်သာရှိသည့် ရေနံဈေးနှုန်းသည် လာမည့်လများတွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၁၄၀) သို့ ရောက်ရှိမည်ဟု CPB က ယူဆထားပါသည်။ ကမ္ဘာ့ကုန်သွယ်မှုသည် ဆက်လက်ကျဆင်းဖွယ်ရှိနေပြီး၊ မသေချာမရေရာမှုများကြောင့် နယ်သာလန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများ၏ သုံးစွဲမှုသည်လည်း လျော့ကျမည်ဟု ခန့်မှန်းထားပါသည်။

အဆိုပါအချက်များကြောင့် နယ်သာလန်နိုင်ငံ၏ ငွေကြေးဖောင်းပွနှုန်းကို (၈) ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်ပြီး၊ ဝယ်နိုင်စွမ်း (purchasing power) သည် (၅) ရာခိုင်နှုန်းဖြင့် ကျဆင်းနိုင်ကြောင်း သိရပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်တွင် စီးပွားရေးခိုင်မာအားကောင်းခဲ့မှုကြောင့် နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်၊ တစ်နှစ်လုံးအတိုင်းအတာတွင် (၁.၉) ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်း၊ လာမည့် ၂၀၂၃ ခုနှစ်တွင်မူ စီးပွားရေးတိုးတက်မှုသည် (၁) ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

ထိုသို့ စီးပွားရေးကျဆင်းနိုင်မှုအခြေအနေသည် အဆိုးဆုံးဖြစ်တန်စွမ်းကို စဉ်းစားထားခြင်းမဟုတ်ကြောင်း၊ ရုရှားနိုင်ငံမှ ရေနံနှင့်ဓါတ်ငွေ့များရရှိနိုင်မှု အကန့် အသတ်ရှိလာမည့် ဖြစ်တန်စွမ်းတွင် နယ်သာလန်နိုင်ငံ၏ စီးပွားရေးအပေါ် ပို၍သက်ရောက်မှုရှိလာစေနိုင်ကြောင်း၊ ယခုနှစ်တွင် စီးပွားရေးအလားအလာနှင့်ပတ်သက်၍ မသေချာမရေရာမှုများစွာ ရှိနေသည်ဟု CPB ကဆိုထားကြောင်း သတင်းတွင်ဖော်ပြထားပါသည်။ CPB က ခန့်မှန်းထားသည့် အလယ်အလတ်ဖြစ်တန်စွမ်းအခြေအနေတွင်မူ နယ်သာလန်နိုင်ငံစီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် (၅.၂) ရာခိုင်နှုန်း တိုးတက်နိုင်ပြီး၊ ဝယ်နိုင်စွမ်းသည် (၂.၇) ရာခိုင်နှုန်းသာကျဆင်းမည်ဟု သတင်းတွင် ဖော်ပြထားပါသည်။

ရင်းမြစ်- https://nltimes.nl/2022/03/16/ukraine-war-cause-recession-netherlands-planning-office

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

……………………………………………………………………………………………….

Agribusiness & Trade

## ဩစတြေးလျနိုင်ငံ စီးပွားရေးဆိုင်ရာသတင်းများ

### ဩစတြေးလျက အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ဖော်ဆောင်မည်

ဩစတြေးလျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) တို့သည် နှစ်နိုင်ငံကြားကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်ရန်နှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် အလုပ်အကိုင်နှင့် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန်အတွက် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Comprehensive Economic Partnership Agreement–CEPA) ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၁၇–၃–၂၀၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

UAEနှင့် ကုန်သွယ်မှုသဘောတူညီချက်သည် အရှေ့အလယ်ပိုင်းဒေသတွင် ဩစတြေးလျနိုင်ငံအတွက် ပထမဆုံးသော ကုန်သွယ်မှုသဘောတူညီချက်တစ်ရပ် ဖြစ်လာမည်ဖြစ်သည်။ CEPA သည်နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အရ နှစ်နိုင်ငံအကြား ခိုင်ခံ့ပြီး၊ နက်ရှိုင်းသည့် ဆက်ဆံရေးကို သိသာထင်ရှားစေမည့် အလားအလာရှိကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ဩစတြေးလျနှင့် UAE အကြား ကုန်သွယ်မှုတန်ဖိုးမှာ ဩစတြေးလျဒေါ်လာ ၆.၈ ဘီလီယံရှိပြီး၊ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုမှာ ၁၆ ဘီလီယံရှိခဲ့သည်။ ကုန်သွယ်ရေးဝန်ကြီးက အရှေ့အလယ်ပိုင်းဒေသတွင် UAE သည် ဩစတြေးလျ၏ အကြီးဆုံးသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်နိုင်ငံဖြစ်ပါကြောင်း၊ UAE သည် ဩစတြေးလျအတွက် အရှေ့အလယ်ပိုင်းသို့ ဝင်ရောက်နိုင်မည့် တံခါးပေါက်ဖြစ်ပြီး၊ ပိုမိုကြီးမားသော ကုန်သွယ်မှုမျိုးစုံ ကွဲပြားခြင်းအတွက် အခွင့်အလမ်းကို ပေးဆောင်ပါကြောင်း ပြောကြားခဲ့သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ဆောက်လုပ်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် လေ့ကျင့်ရေးဝန်ဆောင်မှုများအပါအဝင် အဓိကစီးပွားရေး လုပ်ငန်းများလည်း ပတ်လုပ်ကိုင်လျက်ရှိသော ဩစတြေးလျလုပ်ငန်းပေါင်း (၃၀၀) ကျော်ရှိရာ နှစ်နိုင်ငံအကြား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် ဩစတြေးလျ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယခုဆောင်ရွက်မည့် သဘောတူညီချက်သည် ပိုမိုကျယ်ပြန့်သော ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် နောက်ဆက်တွဲအလားအလာရှိသော လွတ်လပ်သောကုန်သွယ်မှု

သဘောတူညီချက်အတွက် အရေးပါသော တည်ဆောက်မှုတစ်ခုလည်းဖြစ်သည်။ မကြာမီကာလအတွင်း တရားဝင်ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုများ စတင်နိုင်ရေးအတွက် နှစ်နိုင်ငံလုံးမှကြိုတင်ပြင်ဆင်ဆွေးနွေးမှုများနှင့် ပြည်တွင်းညှိနှိုင်းမှုများကို အမြန်ဆုံးဆောင်ရွက်သွား ရန်သဘောတူညီခဲ့ကြသည်။ ဩစတြေးလျအစိုးရသည် UAE နှင့် သဘောတူညီချက်အရ ဩစတြေးလျစီးပွားရေးလုပ်ငန်းများအတွက် Stakeholders များ၏ အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများဆိုင်ရာ တင်ပြချက်များကို ကြိုဆိုလက်ခံလျက်ရှိကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………

## ဩစတြေးလျ၏ တရုတ်နိုင်ငံအပေါ် မှီခိုအားထားမှု အဆုံးသတ်ရေးတွင် အရေးပါသော ဓာတ်သတ္တုစီမံကိန်းများအတွက် ဒေါ်လာသန်း ၂၄၀ ကို အစိုးရက ကတိကဝတ်ပြုလိုက်ခြင်း

အနောက်နိုင်ငံစက်မှုလုပ်ငန်းများ၏ အနာဂတ်ကို ကာကွယ်ပေးရန်နှင့် တရုတ်နိုင်ငံ၏ အရေးကြီးသော ဓာတ်သတ္တုများအပေါ် လုံးဝမှီခိုအားထားမှုကို ချိုးဖျက်ရန်အတွက် ဩစတြေးလျနိုင်ငံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာတော့မည်ဖြစ်ကြောင်း သိရှိရသည်။ တရုတ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်ကုန်များ၊ မိုဘိုင်းလ်ဖုန်းများ၊ လျှပ်စစ်ကားများနှင့် အမေရိကန်ပူးတွဲတိုက်ခိုက်ရေး တိုက်လေယာဉ်များတွင် အသုံးပြုသည့် ဘက်ထရီများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတ်သတ္တုအားလုံးကို ထုတ်လုပ်ထောက်ပံ့ပေးလျက် ရှိသည်။

ဩစတြေးလျဖက်ဒရယ်အစိုးရသည် ဩစတြေးလျနိုင်ငံတွင် မြေရှားသတ္တုလုပ်ငန်းကဏ္ဍအတွက် ရန်ပုံငွေ ဩစတြေးလျဒေါ်လာ သန်း ၂၄၀ ကို အကူအညီပေးမည်ဖြစ်ကြောင်း ၁၆-၃-၂၀၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်က ပူးတွဲသတင်းကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ယင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဘတ်ဂျက်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့အရေးပါသော ဓာတ်သတ္တုထုတ်လုပ်မှု၏ ၇၀ မှ ၈၀ % ဝန်းကျင်ကို လွှမ်းမိုးထားပြီး၊ အဆိုပါထောက်ပံ့ရေးကွင်းဆက်များကို ဆက်လက်စုစည်းထားဆဲဖြစ်ကြောင်း၊ ယခုအစီအစဉ်မှာ တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို ရည်ညွှန်းခြင်းဖြစ်ကြောင်း စွမ်းအင်နှင့် စက်မှုဝန်ကြီး Angus Taylor က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Agribusiness Trade

ဩစတြေးလျနိုင်ငံတွင် မြေရှားတွင်းထွက်သတ္တုများ အမြောက်အမြားရှိသော်လည်း ယခု အချိန်အထိ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်ကို တည်ဆောက်နိုင်ခြင်းမရှိသေးပေ။ တစ်စိတ်တစ်ပိုင်း အားဖြင့် တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝေဖန်မှုများကြားမှ ခာတ်သတ္တုများကို ဈေးပေါပေါဖြင့် သန့်စင်ပေးခြင်းကြောင့်ဖြစ်သည်။ ယူကရိန်းစစ်ပွဲကြောင့်စွမ်းအင်အတွက် ရုရှား အပေါ် ဥရောပ၏ မှီခိုအားထားမှုကို ထင်ရှားစေရာ တရုတ်နိုင်ငံ၏ ဈေးကွက်လွှမ်းမိုးမှုနှင့် ပတ်သက် ၍မဟာဗျူဟာဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

အရင်းအမြစ်ဝန်ကြီး Keith Pitt က "ရုရှားသည် ဥရောပသို့ အပူကျောက်မီးသွေးနှင့် ခာတ် ငွေ့အမြောက်အမြား ပံ့ပိုးပေးလျက်ရှိကြောင်း၊ ယင်းသည် ၎င်းတို့အတွက် ဗျူဟာမြောက် စိန်ခေါ်မှု တစ်ရပ်ဖြစ်ကြောင်း၊ ဩစတြေးလျအနေဖြင့် ယင်းအနေအထားတွင် ဘယ်တော့မှ မရှိကြောင်းကို သေချာစေမှုရှိစေလိုကြောင်း၊ အချို့ဧရိယာများတွင် စုစည်းနေသည့် ထောက်ပံ့ရေးကွင်းဆက်များကို အနာဂတ်တွင် ပြတ်တောက်သွားစေလိုကြောင်း" ပြောကြားခဲ့သည်။

ဗဟိုအစိုးရက ကြေညာလိုက်သည့် ရန်ပုံငွေတွင် ဩစတြေးလျအလယ်ပိုင်းရှိ Arafura Resources မှ ဦးစီးလုပ်ကိုင်လျက်ရှိသော မြေရှားတွင်းထွက်ပစ္စည်း ခွဲထုတ်စက်ရုံအတွက် ဒေါ်လာ သန်း ၃၀ ပါဝင်ကြောင်း သိရှိရသည်။ Arafura မှ မန်နေးဂျင်း ဒါရိုက်တာ Gavin Lockyer က Aileron အနီးရှိ Nolan စီမံကိန်းသည် လေတာဘိုင်များနှင့် ဆိုလာခြမ်းများတွင် အသုံးပြုသည့် အားပြင်းသော သံလိုက်များ ပြုလုပ်ရာတွင် အသုံးပြုသည့် ကမ္ဘာ့အကြီးဆုံး neodymium–praseodymium စုစည်း သိုလှောင်မှုအတွက် ထိန်းချုပ်အသုံးချမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် ဩစတြေးလျနိုင်ငံ၏ ပထမဆုံးသော ပေါင်းစပ်စီမံကိန်းဖြစ်ပြီး၊ တရုတ်နိုင်ငံမဟုတ်သည့် ကမ္ဘာ့ဒုတိယအကြီးဆုံးမြေရှား အရင်းအမြစ်ဖြစ်ကာ ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား၏ ၅ % ကျော်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

လျှပ်စစ်ကားများနှင့် Tomahawk ခရုဇ်ဒုံးပျံများအတွက် မြေရှားများထုတ်လုပ်သည့် ဩစ တြေးလျသတ္တုတွင်းလုပ်ငန်း Lynas သည် Kalgoorlie တွင် မြေရှားသန့်စင်စက်ရုံတည် ဆောက်ရန် မကြာသေးမီက နောက်ဆုံးအတည်ပြုချက်ရရှိခဲ့ကြောင်း သိရှိရသည်။ Lynas သည် ယင်း၏လုပ်ငန်း ခွင်အချို့ကို မလေးရှားနိုင်ငံရှိ ယင်း၏ထုတ်လုပ်မှုအခြေစိုက်စခန်း ရွှေ့ပြောင်း လုပ်ဆောင်ခဲ့ပြီး၊ သဘာဝပတ်ဝန်းကျင်အဖွဲ့များ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ဈေးကွက်လွှမ်းမိုးမှုက မဟာဗျူဟာမြောက် အန္တရာယ်များဖြစ်ပေါ်စေရာ အမေရိကန်စစ်တပ်သည် တက္ကဆက်ပြည်နယ်ရှိ ပြုပြင်ထုတ်လုပ်သည့် စက်ရုံတစ်ရုံအတွက် ကနဦး ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် တရုတ်သည် အမေရိကန်နှင့် ကာလရှည်ကြာကုန် သွယ်ရေးစစ်ပွဲအတွင်း အမေရိကန်သို့ မြေရှားသတ္တုများ တင်ပို့မှုကို ပိတ်ပင်မည်ဟုခြိမ်းခြောက်ခဲ့ သည်။ အဆိုပါ ခြိမ်းခြောက်မှုသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းကဏ္ဍနှင့်အတူ စစ်လက်နက် ပစ္စည်းများထုတ်လုပ်ရေးကို ထိခိုက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

Australian Strategic Policy Institute မှ သုတေသီ John Coyne က အခြားသော မဟာ ဗျူဟာမဟာမိတ်များမှာလည်း တရုတ်နိုင်ငံ၏ ပစ်မှတ်ထားခံရကြောင်း၊ လွန်ခဲ့သည့် (၁၀) နှစ်ခန့်က တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အရေးကိစ္စများနှင့်ပတ်သက်၍ ဒဏ်ခတ်အရေးယူသည့် အနေဖြင့် ဂျပန်နိုင်ငံသို့ မြေရှားသတ္တု ထောက်ပံ့မှုကို လျှော့ချခဲ့ကြောင်း၊ အနောက်နိုင်ငံများက လည်း မဟာဗျူဟာမြောက် အန္တရာယ်ကို ဖြေရှင်းရန်အတွက် လွတ်လပ်သောဈေးကွက်တွေးခေါ်မှု ကို စွန့်လွှတ်ခဲ့ကြကြောင်း၊ ယင်းသို့ ထိခိုက်လွယ်သည့် ထောက်ပံ့မှုကွင်းဆက် ဖြစ်ပေါ်နေပါက အစိုး ရအနေဖြင့် စီးပွားရေးတွင် ဝင်ရောက်စွက်ဖက်ကာ အမျိုးသားခံနိုင်ရည် ရှိရေးကို မြှင့်တင်ပေးရန်လို အပ်ပါကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အနောက်နိုင်ငံများမှ လိုအပ်သော သတ္တုများ (သို့) သံလိုက်များကို ကောင်းမွန်စွာ ပံ့ပိုးပေးနိုင်ပြီး၊ အနောက်နိုင်ငံများမှ ထုတ်လုပ်နိုင်သည့်ထက် ဈေးနှုန်းများစွာသက် သာစွာဖြင့် ထောက်ပံ့ပေးနိုင်ကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဩစတြေးလျနှင့် တရုတ် ဝိုင်အငြင်းပွားမှု စစ်ဆေးဆုံးဖြတ်ရန် ခုံရုံးအဖွဲ့ ခန့်အပ်လိုက်ခြင်း

နိုင်ငံတကာကုန်သွယ်မှု၏ ဒိုင်လူကြီးဖြစ်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် ဩစတြေးလျ နှင့် တရုတ်နိုင်ငံတို့အကြား ဖြစ်ပွားလျက်ရှိသည့် ဝိုင်တင်ပို့မှုအပေါ် တန်ပြန်စုပုံ တင်သွင်းခွန်စည်း

ကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ စစ်ဆေးဆုံးဖြတ်ရန် panellists များ ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ABC News က ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဩစတြေးလျ ဝိုင်ပုလင်းလုပ်ငန်းအတွက် အကျိုးအမြတ်များသောဈေးကွက်တစ်ခုဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ဩစတြေးလျဒေါ်လာ ၈၉၈ သန်းတန်ဖိုးရှိ ဩစတြေးလျဝိုင်များကို တရုတ်နိုင်ငံသို့တင်ပို့နိုင်ခဲ့ရာ တင်ပို့မှုတန်ဖိုးအားဖြင့် အများဆုံးဖြစ်သည်။ သို့သော် ယမန်နှစ်မတ်လတွင် တရုတ်နိုင်ငံသည် ဩစတြေးလျဝိုင်အပေါ် တန်ပြန်စုပုံ တင်သွင်းမှုအပေါ်စည်းကြပ်ခွန်ကို ၁၁၆.၂ % မှ ၂၁၈.၄ % အကြား စည်းကြပ်ရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ တန်ပြန်စုပုံတင်သွင်းခွန်မှာ ၂ လီတာ (သို့) ယင်းထက်နည်းသော ဝိုင်ပုလင်း (သို့) ဗူးများ အတွက်သာ အကျုံးဝင်ပြီး၊ (၅) နှစ်ကြာအထိ ဆက်လက်ကောက်ခံမည် ဖြစ်သည်။

ဩစတြေးလျ စပျစ်သီးနှင့် ဝိုင် အမှုဆောင်အရာရှိချုပ် Tony Battaglene က ယခုအချိန်တွင် ဒေါ်လာသန်း ၂၀ တန်ဖိုးရှိ ဝိုင်များသည် တရုတ်နိုင်ငံသို့ ရောက်ရှိနေပြီဟု ပြောကြားခဲ့သည်။ ၎င်းက ဝိုင်အမြောက်အများတရုတ်နိုင်ငံကို တင်ပို့ရန် နည်းပညာပိုင်းအရ ဖြစ်နိုင်ခြေရှိသော်လည်း နိုင်ငံတကာဝင်ထွက်ပေါက်များတွင် နှောင့်နှေးမှုများနှင့် ကြုံတွေ့ရလျက်ရှိသောကြောင့် တရုတ်ဈေးကွက်မှာ ပိတ်ထားခြင်းခံရကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျအစိုးရသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)တွင် အငြင်းပွားမှုကို ယမန်နှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး၊ ခုံရုံးကို ကမ္ဘာတစ်ဝှမ်းရှိ အမှီအခိုကင်းသော ကျွမ်းကျင်သူ လူပုဂ္ဂိုလ် (၃) ဦး ဖြင့်ဖွဲ့စည်းထားကြောင်း သိရှိရသည်။ Mr. Battaglene က ခုံရုံးအဖွဲ့ခန့်အပ်ခြင်းအတွက် ကြိုဆိုပါကြောင်း၊ ခုံရုံးအဖွဲ့ဝင်များမှာ WTO တွင် နှစ်အတန်ကြာ အတွေ့အကြုံရှိပြီး၊ စစ်မှန်သောလွတ်လပ်သူများဖြစ်ရာ သက်သေအထောက်အထားများကို ကြည့်ရှုပြီး၊ မှန်ကန်သောနည်းလမ်းဖြင့် စီရင်ဆုံးဖြတ်မည်ဟု မျှော်မှန်းပါကြောင်း၊ ဆုံးဖြတ်ချက်မချမီ အနည်းဆုံး နောက်ထပ် (၁၂) လခန့်ကြာမြင့်နိုင်ကြောင်း ပြောကြားခဲ့သည်။

ခုံရုံးအဖွဲ့ခန့်အပ်နေချိန်တွင် ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက အဆိုပြုစာ တင်သွင်းရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် အဆိုပါ အဆိုပြုစာကို တင်သွင်းသွားမည်ဖြစ်ကြောင်းသိရှိရသည်။ တရုတ်နိုင်ငံသည် အဆိုပါ အဆိုပြုစာအပေါ် ပြန်လည်ချေပနိုင်သည့်အခွင့်အရေးရှိပြီး၊ ပထမအကြိမ် ကြားနာမှုအတွက် ယခုနှစ် ဖွန်လလောက်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် အစည်းအဝေးပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

Agribusiness & Trade

ကုန်သွယ်ရေးဝန်ကြီး Dan Tehan က ဩစတြေးလျသည် အဆိုပါပြဿနာကို ဖြေရှင်းရန် တရုတ်နိုင်ငံနှင့် နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်ရန် လမ်းဖွင့်ထားကြောင်း၊ ဩစတြေးလျအစိုးရသည် ဩစတြေးလျ ဝိုင်ထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန် ကတိပြုထားပြီး၊ ဩစတြေးလျ တင်ပို့ရောင်းချသူများ၏ အခွင့်အရေးအတွက် ရပ်တည်ရန် WTO စနစ်ကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပျစ်သီးအနီမျိုးကွဲများအတွက် ဝိုင်ထုတ်လုပ်သူများက ဈေးနှုန်းအနိမ့်များဖြင့် ကမ်းလှမ်းနေသော်လည်း စာချုပ်မရှိသော စိုက်ပျိုးသူများသည် ၎င်းတို့၏ စပျစ်သီးများကို ရောင်းချနိုင်ခြင်း မရှိသေးကြောင်း သိရှိရသည်။ Mr. Battaglene က အသီးမည်မျှ ရိတ်သိမ်းနိုင်မည်ကို မှန်းဆရခက်သော်လည်း သိသာသောပမာဏဖြစ်နိုင်ကြောင်း၊ နိုင်ငံအတွင်းရှိ စပျစ်စိုက်ပျိုးသည့် ဒေသများအားလုံးတွင် ထောက်ပံ့မှုပိုလျှံနိုင်သည့် အနေအထားသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………

## ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ကမ္ဘာတဝှမ်းတွင် အသင့်စား ခေါက်ဆွဲခြောက်ဈေးနှုန်း မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားခြင်း

ရုရှား-ယူကရိန်းစစ်ပွဲ ဂယက်သည် အင်ဒိုနီးရှားနိုင်ငံအထိ ကျယ်ပြန့်စွာ ခံစားလာရပြီး၊ နိုင်ငံ၏လူကြိုက်အများဆုံး အစားအစာဖြစ်သည့် အသင့်စားခေါက်ဆွဲခြောက်များ၏ ဈေးနှုန်းမှာမြင့်တက်နိုင်ကြောင်း လုပ်ငန်းကဏ္ဍ၏ ကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သည့်နှစ်တွင် အင်ဒိုနီးရှားသည် အသင့်စားခေါက်ဆွဲအတွက် အဓိကပါဝင်ပစ္စည်းဖြစ်သည့် ဂျုံ၏လေးပုံတစ်ပုံခန့်ကို ယူကရိန်းနိုင်ငံမှ တင်သွင်းခဲ့သည်။ ယူကရိန်းနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးဂျုံထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ ယူကရိန်းနှင့် ရုရှားတို့၏ နှစ်နိုင်ငံထုတ်လုပ်မှုသည် ကမ္ဘာ့ဂျုံတင်ပို့မှု၏ သုံးပုံတစ်ပုံခန့် ရှိသည်။ သို့သော်လည်း ယူကရိန်းနိုင်ငံ၏ ဆိပ်ကမ်းများကို ရုရှားကဝိုင်းရံထားပြီးနောက် ယူကရိန်းလယ်သမားများသည် တိုက်ခိုက်ရန်အတွက် ၎င်းတို့၏ လယ်ကွင်းများမှထွက်ခွာခဲ့ရသဖြင့် ထောက်ပံ့ရေးကွင်းဆက်တွင် ကြီးမားသော အနှောင့်အယှက်များ ဖြစ်လာဖွယ်ရှိနေကြောင်း သိရှိရသည်။

အင်ဒိုနီးရှား စားသုံးသူများအသင်း ဥက္ကဋ္ဌ Tulus Abadi က နိုင်ငံ၏လူဦးရေ သန်း ၂၇၀ သည် ခေါက်ဆွဲဈေးနှုန်းများ မြင့်တက်လာမည်ကို မျှော်မှန်းထားသင့်ကြောင်း၊ နိုင်ငံသားများ စားသုံးနေသည့် ကြက်သားခေါက်ဆွဲ (သို့) အသင့်စားခေါက်ဆွဲများ၏ ပါဝင်ပစ္စည်း ၁၀၀% ကို ပြည်ပနိုင်ငံများမှ တင်သွင်းရလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာန၏ သုတေသနဌာနခွဲအကြီးအကဲ Kasan Muhri က ပဋိပက္ခသည် ဂျုံ (သို့) ခေါက်ဆွဲခြောက်ဈေးနှုန်းများအပေါ် သိသိသာသာ သက်ရောက်မှုမရှိသေးကြောင်း၊ အင်ဒိုနီးရှားတွင် ဂျုံတန်ချိန် ၁ . ၂ သန်းခန့် ကျန်ရှိနေသေးပြီး၊ လာမည့်နှစ်လအတွက် လုံလောက်ကြောင်း၊ အသင့်စားခေါက်ဆွဲဈေးနှုန်း မြင့်တက်မည်ဟု ခန့်မှန်းထားသော်လည်း မြင့်တက်မည့်ပမာဏမှာ စစ်ပွဲကာလပေါ် မူတည်နိုင်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့အသင့်စားခေါက်ဆွဲခြောက်အဖွဲ့အစည်း၏ အချက်အလက်များအရ ဩစတြေးလျနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် စားသုံးမှု ၄၄၀ သန်းရှိရာ ကမ္ဘာပေါ်တွင် (၁၉) နိုင်ငံမြောက် စားသုံးသူဖြစ်လာသည့်အတွက် ဩစတြေးလျနိုင်ငံတွင်လည်း အသင့်စားခေါက်ဆွဲခြောက် ဈေးနှုန်းများတက်လာဖွယ်ရှိနေကြောင်း သိရှိရသည်။

ကပ်ရောဂါကာလအတွင်း ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများကြောင့် Mayora ကုမ္ပဏီ၏ အင်ဒိုနီးရှားနိုင်ငံလုပ် Bakmi Mewah အသင့်စားခေါက်ဆွဲများ၏ ဈေးနှုန်းကို ၁၅ % မှ ၂၀ % အထိ မြင့်တက်စေခဲ့ကြောင်း၊ Mayora သည် ယူကရိန်းထံမှ ဂျုံကို မဝယ်ယူသော်လည်း စစ်ပွဲသည် ကုမ္ပဏီ၏ အသင့်စား ခေါက်ဆွဲများ၏ဈေးနှုန်းကို သွယ်ဝိုက်၍ သက်ရောက်မှုရှိနိုင်ကြောင်း၊ စစ်ပွဲသည် သင်္ဘောသယ်ယူပို့ဆောင်စရိတ်ကို ပိုမိုဈေးကြီးလာစေပြီး၊ အစားအသောက်ပါဝင်ပစ္စည်းများ၏ဈေးနှုန်းကို သွယ်ဝိုက်၍ဖြစ်စေ မြင့်တက်စေနိုင်ကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံက အင်ဒိုနီးရှားနိုင်ငံကို ဂျုံကို ထောက်ပံ့ပေးနေဆဲဖြစ်ရာ လတ်တလောတွင် သက်ရောက်မှုမရှိနိုင်သေးသော်လည်း ရေရှည်တွင်မူသက်ရောက်မှု ရှိနိုင်ကြောင်းခန့်မှန်းထားသည်။ အင်ဒိုနီးရှား၏ လူကြိုက်အများဆုံး ခေါက်ဆွဲအမှတ်တံဆိပ် ထုတ်လုပ်သူ Indofood ထံသို့ ဩစတြေးလျ ABC သတင်းက မှတ်ချက်ပေးရန် တောင်းဆိုချက်ကို တုံ့ပြန်ခြင်းမရှိသေးကြောင်း သိရှိရသည်။ သို့သော်လည်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Franciscus Welirang က ယခုလအစောပိုင်းတွင် ၎င်း၏ ခေါက်ဆွဲဈေးနှုန်းများ တက်လာမည်ဟု ခန့်မှန်းပြောဆိုမှုများသည် မှန်းဆချက်များသာဖြစ်ကြောင်း၊ ကုမ္ပဏီသည် ယမန်နှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းမှ တင်သွင်းသည့် ဂျုံများရှိနေ

Agribusiness & Trade

သေးကြောင်း၊ ထောက်ပံ့မှုနှင့်စပ်လျဉ်း၍ နောက် (၂) လအထိ ပြဿနာတစ်စုံတစ်ရာ မရှိနိုင်ကြောင်းကို အင်ဒိုနီးရှားမီဒီယာသို့ ယခုလအစောပိုင်းက ပြောကြားခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့အသင့်စားခေါက်ဆွဲခြောက်အဖွဲ့အစည်း၏ အချက်အလက်များအရ ကမ္ဘာပေါ်ရှိထိပ်တန်းစားသုံးသူ (၅) ဦးအနက်မှ တစ်ဦးဖြစ်သည့် ဂျပန်နိုင်ငံမှ စားသုံးသူများမှာလည်း ကုန်ကျစရိတ်များမြင့်တက်လာကြောင်း၊ ဂျုံနှင့် စားအုန်းဆီ အပါအဝင် ပစ္စည်းများ၏ ကုန်ကျစရိတ်မြင့်တက်လာပြီး၊ အဓိက ထုတ်လုပ်သူများက ဈေးနှုန်းကို ၅ % မှ ၁၂ % အထိ မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် ထုတ်လုပ်သူများက ဇွန်လတွင် ဈေးနှုန်းမြင့်တက်မည်ဖြစ်ကြောင်း သိရှိရသည်။

ဩစတြေးလျတွင် ထုတ်လုပ်မှု တိုးလာခြင်းကြောင့် ကမ္ဘာ့ဂျုံဈေး မြင့်တက်မှုကို အနည်းငယ်ခုနှိမ်နိုင်မည်ဟု မျှော်မှန်းထားသည်။ အင်ဒိုနီးရှားသည် အစဉ်အလာအားဖြင့် ဩစတြေးလျနိုင်ငံ၏ နံပါတ်တစ် ဂျုံဈေးကွက်ဖြစ်ခဲ့ကြောင်း ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့ အမှုဆောင်အရာရှိချုပ် Dave McKeon ၏ ပြောကြားချက်အရ သိရှိရသည်။

၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များတွင် အင်ဒိုနီးရှားသည် ဩစတြေးလျတွင် မိုးခေါင်မှုကြောင့် ဂျုံတင်ပို့မှုအတွက် ယူကရိန်းအပါအဝင် ပင်လယ်နက်ဒေသကို စူးစမ်းလေ့လာခဲ့သော်လည်း ပြီးခဲ့သောနှစ်တွင် ဂျုံတင်သွင်းမှုစုစုပေါင်း၏ ၄၁ % သည် ဩစတြေးလျမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ၂၀၂၁ ခုနှစ်တွင် ဩစတြေးလျတွင် သီးနှံအထွက်နှုန်း စံချိန်တင်မြင့်တက်မှုနှင့် တင်ပို့ရန်ကြီးမားသော ပို့လျှံမှုရှိရာ အင်ဒိုနီးရှားနိုင်ငံသို့ ကောက်ပဲသီးနှံများစွာ တင်ပို့နိုင်သည့်အနေအထားတွင် ရှိနေသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဩစတြေးလျနိုင်ငံမှ ခေါက်ဆွဲအတွက် နှစ်စဉ်ဂျုံတန်ချိန် ၃ သန်းကျော်တင်သွင်းလျက်ရှိရာ ၂၀၃၀ ပြည့်နှစ်တွင် ဂျုံတန်ချိန် ၃၅၀,၀၀၀ တိုးလာနိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရှိရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဂျုံဝယ်လိုအားမှာ တိုးတက်လာနိုင်ပြီး၊ အထူးသဖြင့် ပထဝီအနေအထားအရ နှစ်နိုင်ငံနီးကပ်မှုနှင့် ဩစတြေးလျ-အင်ဒိုနီးရှား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တို့ကြောင့် ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း သိရှိရသည်။ ထို့အပြင် လက်ရှိအခြေအနေက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းရန် (သို့) ထောက်ပံ့ရေးကွင်းဆက်ကို ထိန်းသိမ်းနိုင်ရေးအတွက် ပိုမိုနီးကပ်သော ဆက်ဆံရေးကို တည်ဆောက်ရန် အားပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## ဧပြီလလယ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဝင်ထွက်ပေါက်များ ပြန်လည်ဖွင့်လှစ်မည် ဖြစ်ကြောင်း ဩစတြေးလျ ABC News က သတင်းရေးသားဖော်ပြခြင်း

နိုင်ငံခြားခရီးသွားများအား ၂ နှစ်ပိတ်ပင်ထားမှုကို ရုတ်သိမ်းလိုက်ပြီးနောက် မြန်မာနိုင်ငံသည် ၁၇-၄-၂၀၂၂ ရက်နေ့မှစတင်ကာ နိုင်ငံတကာဝင်ထွက်ပေါက်များ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဩစတြေးလျ ABC News က ၂၀-၃-၂၀၂၂ ရက်နေ့တွင် သတင်းရေးသား ဖော်ပြထားသည်။ အရှေ့တောင် အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် COVID-19 ကူးစက်မှုမြင့်တက်လာခြင်းမှ ကာကွယ်ရန် ကြိုးပမ်းမှုဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှ စတင်ကာ နိုင်ငံတကာဝင်ထွက်ပေါက်များ ပိတ်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုကော်မတီက COVID-19 ကူးစက်မှုကျဆင်းလာမှုကို ကိုးကား၍ ဧပြီလ ၁၇ ရက်မှ စတင်ကာ နိုင်ငံတကာလေကြောင်းလိုင်းများအားလုံးကို ဖွင့်လှစ်မှာဖြစ်ပြီး၊ ပုံမှန်အတိုင်း ပျံသန်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထုတ်ပြန်ချက်တွင် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရန်အတွက် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည် ဟုဖော်ပြထားသည်။

ကျန်းမာရေးဝန်ကြီးဌာနအရ ဝင်ရောက်လာသူဧည့်သည်များသည် ကာကွယ်ဆေးအပြည့်အဝထိုးနှံထားပြီးသူများဖြစ်ရန် လိုအပ်ပြီး၊ (၁) ပတ် သီးခြားနေထိုင်ရမည်ဖြစ်ကာ PCR tests စစ်ဆေးမှုကို (၂) ကြိမ် ခံယူရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ယမန်နှစ်က နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၄၀,၀၀၀ ဖြင့် အမြင့်ဆုံးရှိခဲ့ပြီး၊ သေဆုံးမှုမှာစုစုပေါင်း ၂၀,၀၀၀ ဟု မှတ်တမ်းတင်ထားကြောင်း နှင့်ခရီးသွားလုပ်ငန်းကဏ္ဍမှာမူ ကူးစက်ရောဂါကြောင့် များစွာထိခိုက်နစ်နာလျက်ရှိကြောင်း ရေးသားဖော်ပြထားသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………………………………………...

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၃ / ၂၀၂၂)　　　　　　　　　　၂၀၂၂ ခုနှစ်၊ မတ်လ(၃၁) ရက်

| ၃၁-၃-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၁၉၇၈.၂ |
| စင်္ကာပူဒေါ်လာ | ၁၃၁၃.၃ |
| စတာလင်ပေါင် | ၂၃၃၄.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၄၅၇.၀ |
| တရုတ်ယွမ် | ၂၈၀.၂၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၀၉ |
| အိန္ဒိယရူပီး | ၂၃.၃၁၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၅၈ |
| မလေးရှား ရင်းဂစ် | ၄၂၂.၇၃ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၃၇၄ |
| ထိုင်းဘတ် | ၅၃.၄၀၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၈၅၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်သွယ်မှုတွင် လယ်ယာကဏ္ဍ၌ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၉.၃ ဘီလီယံရရှိ (ဘရာဇီးလ်)
- အာဂျင်တီးနားအစိုးရက ပဲပုတ်ဆီနှင့် ပဲပုတ်စေ့ထွက်ကုန်များအပေါ်တွင် ပို့ကုန် အခွန်များတိုးမြှင့် သတ်မှတ်
- ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်များက ဆီ၊ ဂျုံမှုန့် စသည်တို့ကို အရေအတွက်ကန့်သတ်၍ ရောင်းချလျက်ရှိခြင်း
- အိန္ဒိယနိုင်ငံတွင် လာမည့် ၈ နှစ်အတွင်း ပဲမျိုးစုံ ဈေးကွက်ဝယ်လိုအား တန်ချိန် ၆ သန်းခန့် ပိုမိုများပြားလာမည်ဟု ခန့်မှန်း
- အိန္ဒိယနိုင်ငံ၌ မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့်ကာလအား တိုးမြှင့်ခြင်း
- အိန္ဒိယနိုင်ငံ၊ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်၌ ဂျုံတင်ပို့မှုမြှင့်တင်နိုင်ရန် ကုန်စည်ဒိုင် အခွန်ကင်းလွတ်ခွင့်ပြုမည်
- Fruit Logistica ပြပွဲတွင် မြန်မာကုမ္ပဏီပါဝင်ပြသမည့် အစီအစဉ်(ဂျာမနီ)
- တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ သစ်သီးဝလံနှင့် အစေ့အဆန်များတင်ပို့မှု
- တရုတ်နိုင်ငံ၏ ယူနန်ကော်ဖီစေ့ဈေး စံချိန်တင်မြင့်တက်ခဲ့ခြင်း
- သစ်သီးဝလံတင်ပို့မှု(၁၅%) တိုးတက်နိုင်သည်ဟု ဝန်ကြီးဌာနပြောကြားခြင်း (ထိုင်းနိုင်ငံ)
- ဝန်ကြီးဌာနအနေဖြင့် တိရစ္ဆာန်အစားအစာဈေးနှုန်း မြင့်တက်နေခြင်းကို

- ကိုင်တွယ်ဖြေရှင်းရန် ကတိပြုခြင်း (ထိုင်းနိုင်ငံ)
- ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ သတင်းများ

- **အထွေထွေသတင်းများ**

- ဩစတြေးလျနိုင်ငံ စီးပွားရေးဆိုင်ရာ သတင်းများ
- အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရေး နယ်မြေသတ်မှတ်ခြင်းအား မတ်လကုန်မှ စတင်ရပ်ဆိုင်းမည်
- ဥရောပနိုင်ငံများအနေနှင့် ရုရှားမှ LNG ဓာတ်ငွေ့များ တင်သွင်းနေရခြင်းကို အစားထိုးရန် အမေရိကန်နှင့် စာချုပ်ချုပ်ဆို
- တရုတ်နိုင်ငံတွင် သွားလာမှုကန့်သတ်လိုက်သည့်အတွက် အမေရိကန်တွင် ရေနံစိမ်းဈေးနှုန်းများ ၈ ရာခိုင်နှုန်းခန့်ထိ ကျဆင်း
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- ဟောင်ကောင်ဒေသ စီးပွားရေးဆိုင်ရာ သတင်းများ
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- ပြည်တွင်းကုန်ဈေးနှုန်းများမြင့်တက်လျက်ရှိနေသဖြင့် ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ငွေကြေး ဖောင်းပွမှုနှုန်း တိုးမြင့်သတ်မှတ်
- ဂျပန်မှ ရုရှားအပေါ် ချမှတ်လိုက်သည့် sanction များသည် ဂျပန်ဆူရှီဆိုင်များအပေါ် သက်ရောက်မှုများ ဖြစ်စေခဲ့
- ကုန်ဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ ပြည်တွင်းစီးပွားရေးနှီးဆွဲမှု အစီအမံသစ်များ ဖော်ဆောင်ကြရန် ဂျပန်ဝန်ကြီးချုပ် တိုက်တွန်း

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်သွယ်မှုတွင် လယ်ယာကဏ္ဍ၌ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၉.၃ ဘီလီယံရရှိ (ဘရာဇီးလ်)

ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်သွယ်မှုတွင် လယ်ယာထွက်ကုန်ကဏ္ဍ၌ ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၉.၃ ဘီလီယံရရှိခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန၏ အချက်အလက်များကိုကိုးကား၍ ဘရာဇီးလ် အသုံးချစီးပွားရေးသုတေသနဌာန(Institute of Applied Economic Research – IPEA)က မတ်လ ၂၃ ရက်နေ့သတင်းတွင် ဖော်ပြထားသည်။ ဖေဖော်ဝါရီလတွင် ဘရာဇီးလ်နိုင်ငံ၏ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀.၅ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၆၄.၅ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း၊ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၂ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း၊ ကုန်သွယ်မှုတန်ဖိုး သိသာစွာတိုးတက်လာမှုသည် ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ နေ့စဉ်မြင့်တက်လျက်ရှိနေသဖြင့် ဘရာဇီးလ်ပို့ကုန်တန်ဖိုးများ ပိုမိုရရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်း IPEA ၏ သတင်းတွင်ဖော်ပြထားသည်။

နိုင်ငံတကာသီးနှံဈေးကွက်တွင် ပဲပုပ်စေ့ဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိရာ ဖေဖော်ဝါရီလအတွင်းတင်ပို့ခဲ့သည့် ဘရာဇီးလ်နိုင်ငံ၏ပို့ကုန်တန်ဖိုးသည် ၂၀၁၉ ခုနှစ်ကာလနောက်ပိုင်းတွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ထို့အပြင် ကမ္ဘာ့ဈေးကွက်တွင် အမဲသားဈေးနှုန်းများ သိသိသာသာမြင့်တက်နေမှုနှင့် ဝယ်လိုအားရုတ်ချည်းတိုးတက်လာမှုသည် ဘရာဇီးလ် နိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအမဲသားပို့ကုန်တန်ဖိုးကို ပိုမိုမြင့်တက်စေခဲ့ကြောင်း IPEA ၏ သတင်းတွင်ဖော်ပြထားသည်။ သို့ရာတွင် ဝက်သားတင်ပို့မှု၌ တရုတ်နိုင်ငံ၏ဝယ်ယူတင်သွင်းမှုများ သိသိသာသာလျော့ကျခဲ့သည့်အပြင် ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းများကျဆင်းခဲ့သည့်အတွက် ဖေဖော်ဝါရီလတွင် ဘရာဇီးလ်နိုင်ငံ၏ဝက်သားပို့ကုန်တန်ဖိုး ကျဆင်းခဲ့ကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလတွင် ဘရာဇီးလ်နိုင်ငံမှတရုတ်နိုင်ငံသို့ဝက်သားတင်ပို့မှုသည် ၂၀၂၁ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၄၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အခြားနိုင်ငံဈေးကွက်များသို့တင်ပို့မှုတွင် ၁၂.၇ ရာခိုင် နှုန်းကျဆင်းခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ လစဉ်ကျဆင်းခဲ့သော်လည်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြန်လည်တိုးတက် လာခဲ့ကြောင်း၊ ရုရှ-ယူကရိန်းပဋိပက္ခပိုမိုဆိုးရွားလာမှုကြောင့် ကမ္ဘာ့ဈေးကွက်တွင်ကော်ဖီစေ့ ဈေးနှုန်းများမြင့်တက်လျက်ရှိသည့်အပြင် ဘရာဇီးလ်နိုင်ငံ၏ပို့ကုန်ပမာဏလည်း ပြန်လည်တိုး တက်လာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးသည် ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၇.၁

Agribusiness & Trade

ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၃.၆ ဘီလီယံ ရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြထား သည်။

ဘရာဇီးလ်နိုင်ငံ၏သွင်းကုန်ကဏ္ဍတွင် ဂျုံတင်သွင်းမှုပမာဏသည် ၁၀.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သွင်းကုန်တန်ဖိုးသည် ၂၆.၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ရုရှနှင့်ယူကရိန်းနိုင်ငံတို့ သည် ကမ္ဘာ့ဈေးကွက်သို့ ဂျုံအမြောက်အများတင်သွင်းသည့်နိုင်ငံများဖြစ်ရာ ၎င်းတို့၏ ပဋိပက္ခများ ကြောင့် ကမ္ဘာ့ဂျုံဈေးကွက်တွင် ဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြ ထားသည်။

၂၀၂၂-၂၀၂၃ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ပြည်တွင်းဂျုံစိုက်ပျိုးထုတ်လုပ်မှုသည် ၂.၆ ရာခိုင်နှုန်းအထိတိုးတက်လာရန် မျှော်မှန်းထားကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏အခြေခံအစား အစာ ဖြစ်သည့် ပေါင်မုန့်နှင့်ပါစတာများထုတ်လုပ်ရန်အတွက် ဂျုံကိုနေ့စဉ်အသုံးပြုရလျက်ရှိရာ ပြည်တွင်း ထုတ်လုပ်မှုနှင့်မလုံလောက်သဖြင့် ပြည်ပနိုင်ငံများမှ နှစ်စဉ်တင်သွင်းရလျက်ရှိကြောင်း၊ လတ်တ လောဖြစ်ပွားနေသည့် ရုရှ-ယူကရိန်းအရေးအခင်းကြောင့် ကမ္ဘာ့ဂျုံထုတ်လုပ်မှုအပေါ်တွင်အကျိုး သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ကမ္ဘာ့သီးနှံဈေးကွက်အပေါ်တွင် မသေချာမှုများ ဖြစ်ပေါ်စေ လျက်ရှိကြောင်း၊ ပြည်တွင်းတွင်လည်း လာနီညိုကြောင့် မိုးခေါင်သည့်ရာသီ ဥတုဖြစ်ပေါ်နေပြီး သီးနှံ များ၊ သကြား၊ ကော်ဖီနှင့် အသားထုတ်လုပ်မှုလုပ်ငန်းတို့တွင် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့အပြင် ရုရှနှင့်ယူကရိန်းပဋိပက္ခကြောင့် ပတ်ဝန်းကျင်နိုင်ငံများတွင် သီးနှံနှင့်ကုန်ပစ္စည်းထုတ်လုပ် မှုများရပ်တန့်သွားခြင်း သို့မဟုတ် လျှော့ကျခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ပြည်တွင်းဖူလုံမှုရှိစေရေး အတွက် ပို့ကုန်တင်ပို့ခြင်းများအား ဆိုင်းငံ့ထားကြကြောင်း၊ အကျိုးဆက်အနေဖြင့် ကမ္ဘာ့ဈေးကွက် တွင် လောင်စာစွမ်းအင်၊ သတ္တုနှင့်သီးနှံများ၏ ဈေးနှုန်းများသည် မတ်လအတွင်း သိသိသာသာမြင့် တက်လျက်ရှိနေကြောင်း IPEA ၏ သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

……………………………………………………………………

Agribusiness & Trade

## အာဂျင်တီးနားအစိုးရက ပဲပုတ်ဆီနှင့် ပဲပုတ်စေ့ထွက်ကုန်များအပေါ်တွင် ပို့ကုန်အခွန်များတိုးမြှင့် သတ်မှတ်

အာဂျင်တီးနာနိုင်ငံ သမ္မတ Alberto Fernández သည် ပြည်တွင်းကုန်စျေးနှုန်းကြီးမြင့်မှုနှင့် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်ရန်အတွက် ပဲပုတ်ဆီနှင့် ပဲပုတ်စေ့ထွက်ကုန်ပစ္စည်းတင်ပို့မှုများအပေါ် ပို့ကုန်အခွန် ၃၁ ရာခိုင်နှုန်းကောက်ခံခဲ့ရာမှ နှုန်းထားအသစ်ဖြစ်သည့် ၃၃ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါအခွန်နှုန်းထားအသစ်သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ပဲပုတ်ဆီနှင့် ပဲပုတ်စေ့ထွက်ကုန်ပစ္စည်းများ၏ ပို့ကုန်အခွန်နှုန်းထားသည် ပဲပုတ်စေ့သီးနှံအပေါ်ကောက်ခံသည့်အခွန်နှုန်းထားနှင့် အတူတူပင်ဖြစ်ကြောင်း၊ အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့စျေးကွက်သို့ပဲပုတ်ဆီနှင့် ပဲပုတ်စေထွက်ကုန်ပစ္စည်းများ အမြောက်အများတင်ပို့သည့်နိုင်ငံဖြစ်ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်ကာလအတွင်း ကမ္ဘာ့စျေးကွက်သို့ ပဲပုတ်စေ့ထွက်ကုန် ၄၁ ရာခိုင်နှုန်းနှင့် ပဲပုတ်ဆီ ၄၈ ရာခိုင်နှုန်းတို့ကိုတင်ပို့ခဲ့ကြောင်း အမေရိကန် စိုက်ပျိုးရေးဌာန(U.S. Department of Agriculture – USDA) ၏သတင်းတွင် ဖော်ပြထားသည်။

သမ္မတ Fernández ၏ ငွေကြေးဖောင်းပွမှုလျှော့ချရေးအစီအစဉ်ကို အာဂျင်တီးနားအစိုးရဝန်ကြီးဌာနများက လူမှုမီဒီယာစာမျက်နှာများအသုံးချ၍ လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးဖောင်းပွမှုလျှော့ချရေးမူဘောင်တွင် ပါဝင်သည့်အစီအမံများကို လိုက်နာအကောင်အထည်ဖော်ကြရန် ပြည်နယ်အစိုးရများနှင့်အာဂျင်တီးနားပြည်သူများအား သမ္မတ Fernández က တိုက်တွန်းလျက်ရှိကြောင်း ဌာနအကြီးအကဲဖြစ်သူ Juan Manzur ကပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် နှုန်းထားအဟောင်းဖြင့် သီးနှံများတင်ပို့ နိုင်ခြင်းမဖြစ်ပေါ်စေရန်အတွက် နိုင်ငံအတွင်း သီးနှံများစတင်ရိတ်သိမ်းချိန် ဖြစ်သည့် ယခင်ရက်သတ္တပတ်အတွင်းကတည်းက ပဲပုတ်ဆီနှင့် ပဲပုတ်ထွက်ကုန်ပစ္စည်းတင်ပို့မှုများအား ယာယီရပ်ဆိုင်းထားခဲ့ကြောင်း၊ အခွန်များတိုးမြှင့်ကောက်ခံမှုကြောင့် ၂၀၂၂ ခုနှစ်ကုန်ဆုံး ချိန်တွင် အမေရိကန်ဒေါ်လာ ၃၅၀ သန်းအထိ ဘတ်ဂျက်ဝင်ငွေများတိုးတက်ရရှိလာနိုင်ကြောင်း Manzur က ပြောကြားခဲ့သည်။

အစိုးရ၏အခွန်းနှုန်းထားတိုးမြှင့်မှုကြောင့် ပို့ကုန်ကုမ္ပဏီပေါင်း ၁၁ ခုအထိ ထိခိုက်မှုများဖြစ်ပေါ်နိုင်ပြီး ၎င်းတို့အနက်ကုမ္ပဏီ ၈ ခု၏ စုစုပေါင်းပဲပုတ်တင်ပို့မှုသည် ပဲပုတ်ပို့ကုန် စုစုပေါင်း၏

၉၅ ရာခိုင်နှုန်းရှိကြောင်း၊ သို့ရာတွင် အခွန်တိုးမြှင့်မှုသည် ဂျုံ၊ ပြောင်း၊ နေကြာနှင့် ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များအပေါ်တွင် သက်ရောက်မှုမရှိနိုင်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး Julián Domínguez က ပြောကြားခဲ့သည်။ အာဂျင်တီးနားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် လျင်မြန်စွာမြင့်တက်လျက်ရှိနေပြီး ပြည်တွင်းစားသုံးသူဆနှုန်းကိန်း(Consumer Price Index – CPI)သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ၃.၉ ရာခိုင် နှုန်းနှင့် ဖေဖော်ဝါရီလတွင် ၄.၇ ရာခိုင်နှုန်းတို့ အသီးသီးပိုမိုမြင့်တက်ခဲ့သဖြင့် ယခင်တိုးတက်နှုန်း များနှင့်နှိုင်းယှဉ်ပါက တစ်နှစ်အတွင်းမြင့်တက်သည့်ပမာဏနီးပါးဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အာဂျင်တီးနားအစိုးရသည် ပြည်တွင်းအခြေခံစားသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းကြီးမြင့်မှုများကို ထိန်းသိမ်းနိုင်ရန် ဂျုံမှုန့်ဈေးနှုန်းတည်ငြိမ်ရေးရံပုံငွေ (Wheat Stabilizer Trust Fund) အားထူထောင်ထားရှိကြောင်း၊ အဆိုပါလုပ်ဆောင်ချက်ကြောင့် ရုရှ–ယူကရိန်းပဋိပက္ခအတွင်း ပြည်တွင်းရှိ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဂျုံ၊ ပြောင်း၊ နေကြာ စသည်တို့နှင့် ၎င်းတို့၏ထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ပဋိပက္ခများစတင်ချိန်တွင် ပြည်တွင်းဂျုံဈေးနှုန်းများသည် ၃၇ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း Casa Rosada က ပြောကြားခဲ့သည်။

အစိုးရ၏အခွန်တိုးမြှင့်ကောက်ခံမှုအပေါ် အာဂျင်တီးနားလုပ်ငန်းရှင်များက ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်း၊ သမ္မတ၏ ငွေကြေးဖောင်းပွမှုလျှော့ချရေးဆောင်ရွက်ချက်သည် ပြည်တွင်းထုတ်လုပ်မှုများကိုထိခိုက်စေသည့်အပြင် လက်ရှိဖြစ်ပေါ်နေသောပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုအားလျှော့ချနိုင်ရန် ပြည်တွင်းထုတ်လုပ်မှုတိုးတက်ရေး စီမံလုပ်ဆောင်သင့်ကြောင်း Argentine Rural Society ၏ ဥက္ကဋ္ဌ Nicolás Pino က Clarín သတင်းဌာနသို့ပြောကြားခဲ့သည်။ ထို့အပြင် အစိုးရ၏အခွန်တိုးမြှင့်ကောက်ခံမှုသည် အာဂျင်တီးနားပို့ကုန်ပစ္စည်းများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုအပေါ် ထိခိုက်မှုများဖြစ်ပေါ်နိုင်ကြောင်း Argentine Soybean Chain Association ၏ ဥက္ကဋ္ဌ Luís Zubizarreta က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

..............................................................................................................

Agribusiness & Trade

## ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်များက ဆီ၊ ဂျုံမှုန့် စသည်တို့ကို အရေအတွက်ကန့်သတ်၍ ရောင်းချလျက်ရှိခြင်း

ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်ကြီးများဖြစ်ကြသော Colruyt၊ Lidl၊ Aldi နှင့် Carrefour စသည်တို့သည် ဆီ၊ ဂျုံမှုန့်စသည့် ထုတ်ကုန်များအား အရေအတွက်ကန့်သတ်၍ ရောင်းချလာကြကြောင်းသိရပါသည်။ Aldi စူပါမားကတ်က ဆီနှင့်ဂျုံမှုန့်တို့ကို ဈေးဝယ်သူတစ်ဦးလျှင် အရေအတွက် (၃) ခု အထိသာ ဝယ်ယူရန် သတ်မှတ်ထားကြောင်း၊ Colruyt စူပါမားကတ်၌ ဈေးဝယ်သူတစ်ဦးလျှင် ဆီ (၂) ပုလင်းနှင့် ဂျုံမှုန့် (၂) ထုပ်အထိသာ ဝယ်ယူရန် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရပါသည်။

ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဂျုံနှင့် နေကြာဆီတို့ကို အများဆုံးထုတ်လုပ်သည့် ကမ္ဘာ့နိုင်ငံများတွင် ပါဝင်ပါသည်။ လက်ရှိတွင်၎င်းထုတ်ကုန်များ ပြတ်လပ်မှုမရှိသေးသော်လည်း ရုရှားနှင့်ယူကရိန်းပဋိပက္ခအပေါ် စိုးရိမ်စိတ်ဖြင့် စားသုံးသူများက ပိုမိုဝယ်ယူစုဆောင်းလာကြခြင်းကြောင့် ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်နိုင်ကြောင်း ဘယ်လ်ဂျီယံရှိ စူပါမားကတ်များကဆိုသည်။ ထုတ်လုပ်သူများအနေဖြင့် ဝယ်လိုအားကိုပြည့်မီအောင်ထုတ်လုပ်နိုင်သော်လည်း ထောက်ပံ့ပို့ဆောင်ရေးပိုင်းပြဿနာကို ကြုံတွေ့နေရသဖြင့် ထုတ်ကုန်များသည် ၎င်းတို့၏ စတိုးဆိုင်များသို့ မြန်မြန်ဆန်ဆန်ရောက်ရှိနိုင်မည်မဟုတ်ကြောင်း Aldi စူပါမားကတ်က ဆိုသည်။

အလားတူ Lidl နှင့် Carrefour စတိုးဆိုင်များကလည်း ဆီနှင့် ဂျုံမှုန့်အပါအဝင် အချို့သောကုန်စည်များအား အရေအတွက်ကန့်သတ်၍ ရောင်းချမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံရှိ စူပါမားကတ်များအနေဖြင့် ၎င်းကုန်စည်များရောင်းချရမှု အမြင့်ဆုံးသို့ရောက်ရှိလာသည်ကို သတိပြုမိလာကြကြောင်း သိရပါသည်။ ယူကရိန်းနှင့် ရုရှားတို့သည် ဂျုံနှင့် နေကြာဆီတို့ကို အများအပြားထုတ်လုပ်သည့်နိုင်ငံများဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့် ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကြောင့် ၎င်းကုန်စည်များ၏ ဈေးနှုန်းမြင့်တက်လာနိုင်သည်ဟု မျှော်မှန်းထားပါသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်များသည် ဂျုံဈေးနှုန်းမြင့်လာမှု၏ အကျိုးဆက်အဖြစ် ပေါင်မုန့်ဈေးနှုန်းများမြင့်တက်လာမှုနှင့် ပစ္စည်းပြတ်လပ်မည်ကို စိုးရိမ်နေခဲ့ကြပြီးဖြစ်ရာ ဂျုံမှုန့်နှင့်ဆီကဲ့သို့သော အခြားကုန်ကြမ်းပစ္စည်းများ ပြတ်လပ်ခြင်းမရှိစေရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။

Carrefour စူပါမားကတ်အနေဖြင့် ဝယ်ယူသူများ၏ ပြောင်းလဲလာသည့် အမူအကျင့်များကြောင့် အချို့ကုန်ပစ္စည်းများ၏ ဝယ်လိုအားတိုးတက်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်၎င်း

Agribusiness & Trade

၏ စတိုးဆိုင်တစ်ဆိုင်ချင်းစီတွင် ကုန်ပစ္စည်းများ ဝယ်ယူမှုအခြေအနေကို သုံးသပ်လျက်ရှိပြီး၊ မည်သည့်ကုန်ပစ္စည်းများအပေါ် ကန့်သတ်ရောင်းချမှုများပြုလုပ်မည်ကို သက်ဆိုင်ရာစတိုးဆိုင်အပေါ်မူတည်၍ ဆုံးဖြတ်သွားနိုင်ကြောင်း သိရပါသည်။

ရင်းမြစ် – (1)https://www.vrt.be/vrtnws/en/2022/03/22/supermarkets-ration-oils-and-flour/

(2)https://www.brusselstimes.com/business/211897/aldi-and-carrefour-rationing-products-after-spike-in-demand

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## အိန္ဒိယနိုင်ငံတွင် လာမည့် ၈ နှစ်အတွင်း ပဲမျိုးစုံ ဈေးကွက်ဝယ်လိုအား တန်ချိန် ၆ သန်းခန့် ပိုမိုများပြားလာမည်ဟု ခန့်မှန်း

အိန္ဒိယနိုင်ငံ၌ လောကဆာဘလွှတ်တော်အစည်းအဝေးမှ မေးမြန်းမှုအပေါ် ၂၃-၃-၂၀၂၂ နေ့၌ စာဖြင့် ပေးပို့ပြန်ကြားရာတွင် အစိုးရမူဝါဒရေးရာကောင်စီ (NITI Aayog) ၏ လုပ်ငန်းအဖွဲ့ကပြုစုထားသော ၂၀၃၃ ခုနှစ်အထိ လယ်ယာနှင့်သားငါး ဝယ်လိုအားနှင့်ရောင်းလိုအား ခန့်မှန်းချက်အစီရင်ခံစာကို ကိုးကားလျက် ပြည်တွင်းပဲမျိုးစုံဈေးကွက်ဝယ်လိုအားသည် ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၂၂-၆.၃၂ ခုနှစ်၌ တန်ချိန် ၃၀-၂၀၂၉ သန်းရှိရာမှ ၇၂.၂၆၄ သန်း အထိ တိုးတက်လာမည်ဟု ခန့်မှန်းရကြောင်းဖြင့် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဒုတိယ ဝန်ကြီး Mr. Ashwini Kumar Choubey က ပြောကြားခဲ့ပါသည်။

၂၀၂၁ အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနက-၂၂ စိုက်ပျိုးရေးနှစ်တွင် ပဲမျိုးစုံစုစုပေါင်း တန်ချိန် ၂၆သန်းအထိ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားရာ လက်ရှိကာလ၌ ထုတ်လုပ်မှုအပိုင်းမှ အနည်း ၉၆.ငယ်ပိုမိုမည့် အခြေအနေ ရှိသော်လည်း ရှေ့လာမည့် ၈ နှစ်အတွင်း တိုးတက်လာမည့် ပဲမျိုးစုံဈေးကွက်ဝယ်လိုအား တန်ချိန် ၆ သန်းခန့်ကို ဖြည့်ဆည်းနိုင်ရေး အစိုးရက စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် အိန္ဒိယစိုက်ပျိုးရေးနှင့်တောင်သူလယ်သမားများ ဖူလုံရေး ဦးစီးဌာနသည် ဆန်စပါး၊ ဂျုံ၊ ပဲမျိုးစုံနှင့် နှံစားသီးနှံများထုတ်

လုပ်မှု တိုးတက်ရေးအတွက် အမျိုးသားစားနပ်ရိက္ခာဖူလုံရေး အစီအမံကို ဗဟိုအစိုးရအဆင့် အစီအစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအစီအမံ၏ ပဲမျိုးစုံကဏ္ဍတွင် သတ်မှတ်ထားသည့် ခရိုင်အလိုက် စိုက်ဧရိယာတိုးချဲ့မှု၊ စိုက်ပျိုးမြေ၏ မြေဆီဩဇာတိုးတက်ကောင်းမွန်စေမှု၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် သရုပ်ပြသခြင်းများဖြင့် စိုက်ပျိုးရေး နည်းပညာများလွှဲပြောင်းပေးမှု၊ အရည်အသွေးကောင်း မျိုးစေ့များနှင့် စိုက်ပျိုးရေချွေတာနိုင်မည့် လယ်ယာသုံးကိရိယာများ အသုံးပြုရေးဆွဲဆောင်မှု စသည့်လုပ်ငန်းများ ပါဝင်ကြောင်း၊ အစိုးရသည် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးအတွက် တောင်သူလယ် သမားများထံသို့ စိုက်ပျိုးစရိတ်ချေးငွေများ၊ အမတော်ကြေးများ၊ သွင်းအားစု အထောက်အပံ့များ ပေးအပ်လျက်ရှိသည့်အပြင် လယ်ယာစိုက်ပျိုးရေး အခြေခံအဆောက်အအုံ ရန်ပုံငွေ၊ ကာလရှည် ဆည်မြောင်းရန်ပုံငွေ၊ အသေးစားဆည်ရေပေးဝေရေးရန်ပုံငွေ စသည်တို့ကိုထူထောင်လျက် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယစိုက်ပျိုးရေးဌာန၏ စာရင်းများအရ ၂၀၂၁သီးနှံစိုက်ပျိုးရေးနှစ်အတွက် ပဲမျိုးစုံ ၂၂- အထွက်နှုန်းမှာ လွန်ခဲ့သော ၅ နှစ်၏ ပျမ်းမျှအထွက်နှုန်း ၁ ဟက်တာလျှင် ၈၂၀ ကီလိုဂရမ်ထက် ပိုမို လျက် ၈၈၈ ကီလိုဂရမ်နှုန်းအထိ ရရှိရန် ခန့်မှန်းထားသည်။ ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲနီလေး တို့အား ယခင် ၅ နှစ် ပျမ်းမျှအထွက်နှုန်းထက် ပိုမိုကောင်းမွန်မည်ဟု မျှော်မှန်းထားသော်လည်း ပဲစင်းငုံသီးနှံကိုမူ စိုက်ပျိုးဧရိယာ ၁ ဟက်တာလျှင် ၅၀ ကီလိုဂရမ်ခန့် လျော့ကျလျက် ၈၂၅ ကီလို ဂရမ် ဟက်တာနှုန်းသာ ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ /

Source: 1. Demand for pulses is projected to increase from 26.72 million tonnes in 2021–22 to 32.64 million tonnes in 2029–30, 23–3–2022, Press Information Bureau of India

2. Second Advance Estimates of Production of Foodgrains, Oilseeds and other Commercial Crops for 2021–22, 16–2–2022, Directorate of Economics and Statistics, Department of Agriculture, Cooperation and Farmers Welfare of India

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

## အိန္ဒိယနိုင်ငံ၌ မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့်ကာလအား တိုးမြှင့်ခြင်း

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် မတ်ပဲနှင့် ပဲစင်းငုံတို့အား ကန့်သတ်ကုန်စည်အဖြစ်မှ လွတ်လပ်စွာ (Free) တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ ပြောင်းလဲ သတ်မှတ်လျက် တင်ပို့ရာဒေသ၌ Bill of Lading ထုတ်ပေးခြင်းကို ၃၁-၃-၂၀၂၁ နေ့အထိလည်း ကောင်း၊ အိန္ဒိယဆိပ်ကမ်းများ၌ ကုန်စည်များအား ဆိပ်ကမ်းရှင်းလင်းခြင်းကို ၃၀-၆-၂၀၂၂ နေ့ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းခွင့်ပြုခဲ့ပါသည်။

ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနသည် ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒ အရ အခွင့်အာဏာအပ်နှင်းထားရှိမှုကို ကျင့်သုံးလျက် မတ်ပဲနှင့် ပဲစင်းငုံတို့အား လွတ်လပ်စွာတင် သွင်းခွင့်အား ၃၁-၃-၂၀၂၂ နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော် ငြာစာအမှတ် ၆၃/ ၂၀၁၅-၂၀၂၀ ကို ၂၉-၃-၂၀၂၂ နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

Source: Notification No.63/ 2015–2020 dated 29th March 2022 of the Ministry of Commerce and Industry of India

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.......................................................................................

## အိန္ဒိယနိုင်ငံ၊ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်၌ ဂျုံတင်ပို့မှု မြှင့်တင်နိုင်ရန် ကုန်စည်ဒိုင်အခွန် ကင်းလွတ်ခွင့်ပြုမည်

ယူကရိန်း ပဋိပက္ခကြောင့် နိုင်ငံတကာဈေးကွက်၌ သွင်းအားစုပြတ်လပ်လျက် အိန္ဒိယ-ရုရှား နိုင်ငံမှထွက်ရှိသည့် ဂျုံများအပေါ် ဝယ်လိုအားမြင့်တက်နေချိန်၌ ပြည်ပပို့ကုန်မြှင့်တင်မှုကို တွန်းအား ပေးမှုအဖြစ် ပို့ကုန်လုပ်ငန်းရှင်များ၏ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ကုန်စည်ဒိုင်များမှတစ်ဆင့် ဂျုံဝယ် ယူတင်ပို့မှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ပသို့ဂျုံတင်ပို့မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှု ဝန်ကြီးMr. Piyush Goyal နှင့် တွေ့ဆုံဆွေးနွေးရန် နယူးဒေလီမြို့သို့ရောက်ရှိနေသည့် မဒ္ဒရာပရာ ဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ် Mr. Shivraj Singh Chouhan က ၎င်းတို့ပြည်နယ်မှ ထွက်ရှိသောဂျုံများ အား ပြည်ပတင်ပို့ရာတွင် ကုန်စည်ဒိုင်အခွန် )mandi tax) ကို ကောက်ခံမည် မဟုတ်ကြောင်း၊ ပို့ကုန် လုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် တတ်နိုင်သမျှ ကူညီပံ့ပိုးမှု အားလုံးကို အစိုးရက

ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်ပတင်ပို့သူများအနေဖြင့် ကုန်စည်ဒိုင်များမှ ဂျုံဝယ်ယူတင်ပို့မှု အပြင် တောင်သူလယ်သမားများထံမှလည်း တိုက်ရိုက်ဝယ်ယူနိုင်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဂျုံတင်ပို့မှုအတွက် မီးရထားတွဲဆိုင်းများ ရရှိနိုင်ရေးကိုလည်း ရထားပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကယ်၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အဓိက ကုန်စည်ဒိုင်များတွင် ပြည်ပတင်ပို့မည်ဂျုံများ သိုလှောင်ရန် နေရာလိုအပ်ချက်ရှိပါက စရိတ်သက်သာ စွာဖြင့် ငှားရမ်းရရှိနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း အဓိကကုန်စည်ဒိုင်များတွင် ဂျုံများ၏ တန်ဖိုးမြှင့်တင်မှုနှင့် အရည်အသွေးဆိုင်ရာ ထောက်ခံချက်လက်မှတ်ထုတ်ပေးမှုများအ တွက် ဓာတ်ခွဲခန်းများနှင့် အခြေခံအဆောက်အအုံများ ရရှိနိုင်စေမည်ဖြစ်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင် များအနေဖြင့် ဒေသခံတစ်ဦးနှင့် ပူးတွဲမှတ်ပုံတင်လျက် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်ဈေးကွက်မှ ဂျုံများ ကို အင်တာနက်လေလံစနစ်ဖြင့်လည်း ဝယ်ယူရရှိနိုင်ကြောင်း စသည်ဖြင့် ၂၄နေ့တွင် ၂၀၂၂-၃- သတင်းထောက်များသို့ ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်သည် အိန္ဒိယနိုင်ငံ၌ ဂျုံစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးပြည် နယ်ဖြစ်ပြီး ၂၀၁၉ ၂၀-ဆောင်းသီးနှံရာသီ၌ စိုက်ဧရိယာ ဟက်တာ ၆၅ ၁၉၆ သိန်းမှ ဂျုံတန်ချိန် ၅. ၂၂-၂၀၂၁ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ စာရင်းများအရ နေ့အထိ တစ်နိုင်ငံလုံး ဂျုံစိုက်ဧရိယာ ၂၀၂၂-၂-၃ ဆောင်းသီးနှံရာသီတွင် ဟက်တာ ၃၄၃.၂၆၃ သိန်း အနက် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်၌ ဟက်တာ ၉၁.၉၆ သိန်း စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရှိရသည်။ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ် အစိုးရ၏ ယခုကဲ့သို့ စီစဉ်ဆောင်ရွက်မှုသည် ဂျုံတင်ပို့မှုကို တိုးတက်စေ မည့်အပြင် တောင်သူများကိုလည်း ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

Source: Madhya Pradesh govt to waive off mandi tax to boost export of wheat, 24–3–2022, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

…………………………………………………………………………………………..

## Fruit Logistica ပြပွဲတွင် မြန်မာကုမ္ပဏီပါဝင်ပြသမည့် အစီအစဉ် (ဂျာမနီ)

Fruit Logistica လတ်ဆတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြပွဲသည် နှစ်စဉ်ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် Messe Berlin က ကြီးမှူး၍ လတ်ဆတ်သီးနှံများအပြင် အစေ့အဆံများ၊ ပြုပြင်အခြောက်ခံသစ်သီးများ၊ ပန်းများ၊ အေးခဲသီးနှံများနှင့် အော်ဂဲနစ်ထုတ်ကုန်များကိုလည်း ပါဝင်ပြသသည့်ပြပွဲ ဖြစ်သည်။ ၂၀၂၂ခုနှစ်အတွက် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ On Site ပြပွဲကျင်းပရန် စီစဉ်ထားရှိမှုအား ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများကြောင့် ပြပွဲကို ၂၀၂၂ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ ၇ ရက်နေ့သို့ ရွှေ့ပြောင်းကျင်းပရန် စီစဉ်ထားပါသည်။ မြန်မာနိုင်ငံမှ မြန်မာရွှေသစ်သီးဝလံ ကုမ္ပဏီ (Myanmar Golden Produce-MGP) က ပါဝင်ပြသမည်ဖြစ်ပြီး 16 sqm (2 sides open- corner stand) ပြခန်းကို ရယူရန်စာရင်းပေးသွင်းခြင်း၊ ကျသင့်သည့် ပြခန်းနေရာနှင့် ပြခန်းတည်ဆောက်ခြင်း စရိတ်များကို ပေးသွင်းထားရှိပြီးဖြစ်ပါသည်။

ပြပွဲသည် On Site ခင်းကျင်းပြသမည်ဖြစ်သော်လည်း ဆောင်ရွက်ရမည့် လုပ်ငန်းများအားလုံးကို အွန်လိုင်းမှသာ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါသည်။ ပြပွဲတွင် ပါဝင်ပြသမည့်သူများသည် ပြခန်းနေရာရယူခြင်းအတွက် Down payment invoice ကို ၁၇.၃.၂၀၂၂ ရက်နေ့တွင် နောက်ဆုံးထားပေးသွင်းရပါသည်။ Stand construction အတွက် ပြခန်းဒီဇိုင်း ရွေးချယ်ခြင်း၊ လိုအပ်သည့် Stand equipment များရွေးချယ် မှာယူခြင်းတို့ကို Exhibitor login access ရယူ၍ Fruit Logistica ဝက်ဘ်ဆိုက်၏ BECO Web shop တွင် ကြိုက်နှစ်သက်ရာဒီဇိုင်းအမျိုးမျိုးနှင့် equipment များကို ဈေးနှုန်းများအလိုက် ရွေးချယ်ပေးသွင်းနိုင်ကာ Capital service GmbH က တာဝန်ယူဆောင်ရွက်ပြီး ၂၀.၃.၂၀၂၂ ရက်နေ့တွင် နောက်ဆုံးထားပေးသွင်းရပါသည်။ ဆက်လက်၍ Exhibitor passes များရယူခြင်း၊ အခြားသူများကို ဖိတ်ကြားနိုင်သည့် Ticket Voucher များ ဝယ်ယူခြင်း၊ Waste disposal ဝန်ဆောင်မှုအတွက် စာရင်းပေးသွင်းခြင်း၊ additional construction ticket ရယူခြင်း၊ ပြပွဲတွင် ပါဝင်ပြသမည့်အခြားကုမ္ပဏီများ၊ လာရောက် ကြည့်ရှုလေ့လာမည့်သူများနှင့် ကြိုတင်ချိတ်ဆက်တွေ့ဆုံနိုင်ရန် Fruit Logistica Online တွင် Registration ပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ထားနိုင်ပါသည်။

MGP ပြခန်းသည် Hall no(26)၊ Stand no(D-03) တွင်ဖြစ်ပြီး Down payment invoice အတွက် ပေးသွင်းခြင်းနှင့် လိုအပ်သည့် လုပ်ငန်းအဆင့်များကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ပြီးဖြစ်

Agribusiness & Trade

ပါသည်။ စီးပွားရေးသံမှူးအနေဖြင့် Fruit Logistica ဝက်ဘ်ဆိုက် သတင်းအချက်အလက်များကို အမြဲမပြတ် လေ့လာ၍ MGP နှင့် ပြပွဲတာဝန်ရှိသူများနှင့် ဆက်သွယ်ကာ လိုအပ်သည်များ ချိတ်ဆက် ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ ပြပွဲတွင် ပြသမည့် သရက်သီးတန်ဘိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ဦးစွာ မြန်မာသံရုံးသို့ ပို့ဆောင်ရန် စီစဉ်ထားရှိပြီးဖြစ်ပြီး သံရုံးမှပြပွဲသို့ ပို့ဆောင်ပေးမည် ဖြစ်ပါသည်။ ထို့အပြင် ပြခန်းတွင် အသုံးပြုရန် စားပွဲနှင့်ကုလားထိုင်များကိုလည်း BECO Web shop မှ မှာယူခြင်း မပြုဘဲ မြန်မာသံရုံးရှိပစ္စည်းများကို ပံ့ပိုးပေးနိုင်ရန်စီစဉ် ထားရှိပါသည်။ ထို့အပြင် မြန်မာသံရုံးက ပြပွဲတွင်လာရောက်ပြသမည့် မြန်မာကုမ္ပဏီအတွက် လိုအပ်သည့် ရန်ပုံငွေအချို့ ပံ့ပိုးကူညီနိုင်ရန် အစီအစဉ်ကို သံအမတ်ကြီးက ဦးဆောင်၍ဆောင်ရွက်ထားရှိခဲ့မှုအရ ဂျာမနီနိုင်ငံရှိ မြန်မာမိတ်ဆွေ များ(Friends of Myanmar) ၏ ထည့်ဝင်မှုဖြင့် Stand construction နှင့် ဆက်စပ်ပစ္စည်းများ အတွက် ကျသင့်ငွေများကို မြန်မာသံရုံး၏ Contribution အဖြစ် MGP အတွက် ပေးသွင်းထားရှိပြီး ဖြစ်ပါသည်။

Fruit Logistica ပြပွဲသို့ ၂၀၂၀ခုနှစ်တွင် နိုင်ငံပေါင်း(၉၁) နိုင်ငံမှ လာရောက်ပြသသူပေါင်း (၃၃၀၀) ကျော်နှင့် နိုင်ငံပေါင်း(၁၃၅) နိုင်ငံမှ လာရောက်လေ့လာကြည့်ရှုသူ ပေါင်း(၇၃၀၀၀)ခန့်ရှိခဲ့ ပါသည်။ ယခုနှစ် ဧပြီလ ၅ ရက်နေ့မှ ၇ရက်နေ့အထိ ကျင်းပမည့် Fruit Logistica ပြပွဲသို့ နိုင်ငံများ စွာမှ လာရောက် ပြသသူပေါင်း(၂၀၁၉) ခန့် စာရင်းပေးသွင်းထားပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများကို လျှော့ချပေးထားရာ EU approved ကာကွယ်ဆေးများထိုးနှံပြီးသူများ၊ ရောဂါသက်သာ ပျောက်ကင်းပြီးသူများ(recovery) မဟုတ်ပါက Negative result ဖြင့်လည်းဝင် ရောက် ခွင့်ပြုထားပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

………………………………………………………………………………………………

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ သစ်သီးဝလံနှင့် အစေ့အဆန်များတင်ပို့မှု

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် စိုက်ပျိုးသော သစ်သီးနှင့် အခွံမာသီးများ၏ တင်ပို့မှုပမာ ဏမှာ ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် ၁.၀၈ သန်းဝန်းကျင်ရှိပြီး စုစုပေါင်းပို့ကုန်တန်ဖိုးမှာ ယွမ် ၁၂.၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၉၁ ဘီလီယံ) ဖြင့် နိုင်ငံအတွင်း ပထမအဆင့်ဖြစ်ကြောင်း၊ ယမန်နှစ်က ယူနန်ပြည်နယ်၏ ပို့ကုန်ပမာဏနှင့် သစ်သီးဝလံနှင့် အခွံမာသီးများ၏ ပို့ကုန်တန်ဖိုး

နှစ်ခုစလုံးသည် နိုင်ငံစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ရှိပြီး နိုင်ငံနှင့် ဒေသပေါင်း ၄၀ ကျော်သို့ ရောက်သွားခဲ့ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် သစ်သီးသည် ယူနန်ပြည်နယ်၏ စိုက်ပျိုးရေးထွက်ကုန် စုစုပေါင်းတင်ပို့မှု၏ ၄၁.၆၃ ရာခိုင်နှုန်းနှင့် ပြည်နယ်၏ စိုက်ပျိုးရေးထွက်ကုန် စုစုပေါင်း၏ ၅၀.၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ မြန်မာနှင့် အင်ဒိုနီးရှား နိုင်ငံများသို့ သစ်သီးဝလံများ တင်ပို့လျက်ရှိကြောင်း အထူးသဖြင့် ယူနန်ပြည်နယ်မှ လိမ္မော်၊ စပျစ်သီးနှင့် ပန်းသီးကဲ့သို့သော သစ်သီးများကို နိုင်ငံခြားဈေးကွက်များတွင် ကြိုဆိုကြကြောင်း သိရှိရပါသည်။

ရင်းမြစ် English.yunnan.cn/html/2022/consulgeneral_0321/28732.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

.....................................................................................

## တရုတ်နိုင်ငံ၏ ယူနန်ကော်ဖီစေ့ဈေး စံချိန်တင်မြင့်တက်ခဲ့ခြင်း

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်တွင် ကော်ဖီအနာဂတ်ဈေးသည် တစ်ပေါင်လျှင် ၂၂၂.၉၅ ဆင့် ပေါက်ဈေးသို့ ရောက်ရှိနေချိန်တွင် နက်စ်လေ Nestle သည် ယူနန်တောင်သူများအား ကော်ဖီစေ့ တစ်ကီလိုဂရမ် အတွက် ၃၅ ယွမ်/ကီလိုဂရမ်ဖြင့် (၁၄-၃-၂၂) ရက်နေ့တွင် ကမ်းလှမ်းခဲ့ပြီး ၁၀ နှစ်တာကာလအတွင်း အဆိုပါနှစ်ခုစလုံးသည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ Nestle သည် ဖေဖော်ဝါရီ ၁၀ ရက်က အများဆုံးဈေး ၃၇.၆ ယွမ်/ကီလိုဂရမ် ဈေးနှုန်းဖြင့် တစ်လကျော် ယူနန်ကော်ဖီစေ့များကို ဝယ်ယူခဲ့ကြောင်း ကိန်းဂဏန်း အချက်အလက်များအရ အမေရိကန် C ကော်ဖီအမျိုးအစား အနာဂတ်ဈေးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် တစ်ပေါင်လျှင် ၂၃၈ ဆင့်ဖြင့် ပိတ်ခဲ့ပြီး လွန်ခဲ့သည့် ၁၀ နှစ်အတွင်း စံချိန်တင် မြင့်မားခဲ့ကြောင်း ၎င်းသည် ၂၀၁၉ ခုနှစ် အလားတူနေ့ထက် အဆပိုများကြောင်း နှစ်စဉ် အထွက်နှုန်း တန်ချိန် ၁၄၀,၀၀၀ ဖြင့် ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံကော်ဖီစေ့ ထုတ်လုပ်မှု၏ ၉၈ ရာခိုင်နှုန်းကျော် ထုတ်လုပ်နေကြောင်း ယူနန်ကော်ဖီအသင်းမှ အချက်အလက်များအရ သိရပါသည်။

ရင်းမြစ် [Coffee-bean price in Yunnan hits record high - News - Yunnan Express]
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

## သစ်သီးဝလံတင်ပို့မှု(၁၅%) တိုးတက်နိုင်သည်ဟု ဝန်ကြီးဌာန ပြောကြားခြင်း (ထိုင်းနိုင်ငံ)

လက်ရှိ ပို့ကုန်အတားအဆီးများကို ကိုင်တွယ်ဖြေရှင်းမှုအား အရှိန်မြှင့်တင်ဆောင်ရွက်ရန်နှင့် ကန်ထရိုက်စာချုပ်များ ကြိုတင်ချုပ်ဆိုဆောင်ရွက်ခြင်းတို့ဖြင့် အရောင်းမြှင့်တင်ကာ သစ်သီးဝလံများအား ပြည်ပတင်ပို့မှုအနေဖြင့် (၁၅%) တိုးတက်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မျှော်မှန်းထားကြောင်း သိရှိရပါသည်။

သက်ဆိုင်ရာတာဝန်ခံအရာရှိများ၊ သစ်သီးဝလံကုန်သည်များ၊ လယ်သမားများ၊ လက်လီလက်ကားကုန်သည်များ၊ အလားတူ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ အွန်လိုင်းပလက်ဖေါင်းများနှင့် ဘဏ္ဍာရေးအသင်းအဖွဲ့များပါဝင်သည့် ပူးတွဲတွေ့ဆုံသည့် အစည်းအဝေးအပြီးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ဘတ်ငွေ (၂၈၇.၅၀) ဘီလီယံတန်ဖိုးရှိသစ်သီးဝလံတင်ပို့မှု ရည်မှန်းချက်ကိုချမှတ်ခဲ့ကြောင်း၊ ၎င်းတွင် လတ်ဆပ်၊ အေးခဲနှင့် အခြောက်ခံထားသောသစ်သီးဝလံများနှင့် စည်သွပ်ထားသောသစ်သီးဝလံများပါဝင်ကြောင်း၊ အဆိုပါပမာဏတွင် ဘတ်ငွေ(၁၈၀)ဘီလီယံမှာ တရုတ်ပြည်သို့တင်ပို့မှုဖြစ်ကြောင်း နှင့်ယခင်နှစ်ကထက် (၆၅%) တိုးလာကြောင်း ပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်က ထိုင်းသစ်သီးဝလံများအား ဝယ်လိုအားများပြားခြင်းနှင့် ၂၀၂၂ ခုနှစ်သစ်သီးရာသီတွင် ထုတ်လုပ်မှုမြင့်တက်နိုင်ခြင်းတို့ကြောင့် ပို့ကုန်ရည်မှန်းချက်ကို မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပို့ကုန်မြှင့်တင်နိုင်ရန်အတွက်ဝန်ကြီးဌာနအနေဖြင့် အဓိကအားဖြင့် တရုတ်ဝယ်လက်များနှင့်တန်ချိန်(၄၅၀,၀၀၀) အထိအကျုံးဝင်သည့် ကြိုတင်စာချုပ်များမှတစ်ဆင့် သစ်သီးဝလံရောင်းချမှုမြှင့်တင်ရန် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်၏ အဆိုအရ တရုတ်နိုင်ငံအနေဖြင့် Zero-Covid မူဝါဒအရ နယ်စပ်ဂိတ်လေးခုဖြစ်သည့် Mohan ၊ Youyi Guan ၊ Dongxing နှင့် Pingxiang တို့တွင် တင်းကြပ်သောစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ ထိုင်းသစ်သီးဝလံများအား တရုတ်နိုင်ငံသို့ တင်ပို့မှုအဆင်ပြေစေရန် အကောင်းဆုံးကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ Dongxing နယ်စပ်ဂိတ်ဖွင့်လှစ်ခွင့်ရရှိရန်တရုတ်နှင့်ဆွေးနွေးမှုများအား အရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

လက်ရှိအားဖြင့် တရုတ်အာဏာပိုင်များအနေဖြင့် အဆိုပါနယ်စပ်ဂိတ်လေးခုလုံး၌ သစ်သီးကွန်တိန်နာများအားလုံးကို၎င်းတို့၏ Zero-Covid မူဝါဒအရ တင်းကြပ်စွာ စစ်ဆေးလျှက်ရှိကြောင်း

သိရှိရပါသည်။ စစ်ဆေးခြင်းလုပ်ငန်းစဉ်က တင်ပို့မှုကိုအနှောင့်အယှက်ဖြစ်စေပြီး တစ်ခါတစ်ရံတွင် သစ်သီးဝလံများ ပုပ်သိုးသွားတတ်ကြောင်း သိရှိရပါသည်။

မစ္စတာဂျူရင်က လာအိုမှတစ်ဆင့်တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့ရောင်းချမှု လွယ်ကူစေရေးအတွက် လာအိုနိုင်ငံမှအရာရှိများနှင့် ဆွေးနွေးညှိနှိုင်းမှုများအား အရှိန်မြှင့်တင်ဆောင်ရွက်နိုင်စေရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကူးသန်းရောင်းဝယ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးသံမှူးတို့အား တာဝန်ပေးအပ်ထားကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိုင်းနိုင်ငံနှင့်တရုတ်၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့အကြား သစ်သီးဝလံတင်ပို့မှုနှင့် သွင်းကုန်များတင်သွင်းမှုအရှိန်မြှင့်တင်နိုင်ရန်အတွက် ဘုံသဘောတူညီချက်တစ်ရပ် ထားရှိဆောင်ရွက်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် အထူးသဖြင့် ထိုင်းသစ်သီးဝလံများအား ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ကုန်ပစ္စည်းရှင်းလင်းမှု(Clearance) အား အရှိန်မြှင့်တင်ဆောင်ရွက်နိုင် ရန်နယ်စပ်ဂိတ်တစ်ခုစီတွင် အစိမ်းရောင်လမ်း(Green Lene) ထားရှိဆောင်ရွက်သွားရန်တို့အတွက် ပူးတွဲအစည်းအဝေးတစ်ရပ် ကျင်းပသွားရန် ထိုင်းနိုင်ငံမှ အဆိုပြုတင်ပြထားကြောင်း သိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ် သစ်သီးရာသီအတွက် စုစုပေါင်းသစ်သီးဝလံထုတ်လုပ်မှုအနေဖြင့် (၁၃%)တိုးတက်နိုင်ကြောင်းနှင့် တန်ချိန်(၅.၄၃)သန်း ရရှိလိမ့်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဒူရင်းသီး(၂၂%)၊ မင်းဂွတ်သီး(၄၃%)၊ လောင်ဂန်သီး (၇.၈%)၊ ကြက်မောက်သီး(၆%)နှင့် သရက်သီး(၅%) တို့ဖြင့် အသီးသီးတိုးတက်နိုင်ကြောင်း၊ ထုတ်လုပ်မှု၏ (၃၀%) မှာပြည်တွင်းစားသုံးရန်နှင့် ကျန်(၇၀%)မှာ ပြည်ပတင်ပို့ရန်ဖြစ်ကြောင်း သိရှိရပါသည်။

သစ်သီးဝလံပြည်ပတင်ပို့မှု ဈေးကွက်များအနက် တရုတ်နိုင်ငံမှာ ထိုင်းနိုင်ငံ၏အဓိက သစ်သီးဝလံတင်ပို့မှု ဈေးကွက်ကြီးဖြစ်ပြီး၊ စုစုပေါင်းတင်ပို့မှု၏(၆၅%)ရှိကြောင်း၊ ၎င်းနောက်တွင် အမေရိကန်(၁၀%)၊ ဟောင်ကောင်(၄%)၊ ဗီယက်နမ်(၃%)နှင့် မလေးရှား(၁%) တို့ဖြင့်အသီးသီးရှိနေကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.......................................................................

## ဝန်ကြီးဌာနအနေဖြင့် တိရစ္ဆာန်အစားအစာဈေးနှုန်း မြင့်တက်နေခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ကတိပြုခြင်း (ထိုင်းနိုင်ငံ)

ရှရှား– ယူကရိန်းပဋိပက္ခကြောင့် တဟုန်ထိုးမြင့်တက်နေသောတိရစ္ဆာန် အစားအစာဈေးနှုန်းများကို ကိုင်တွယ်ဖြေရှင်းရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကတိပြုထားကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်၏ အဆိုအရဝန်ကြီးဌာနအနေဖြင့် တိရစ္ဆာန်အစားအစာအတွက် မြင့်မားသောထုတ်လုပ်မှု စရိတ်စကကိုကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသောအစိုးရဌာနများ၊ တောင်သူလယ်သမားများ၊ အစားအစာထုတ်လုပ်သူများနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများပါဝင်သည့် ဆက်စပ်သည့်အဖွဲ့လေးဖွဲ့တို့ဖြင့် (၂၃–၃–၂၀၂၂) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသွားရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

အဆိုပြုထားသောဖြေရှင်းနည်းများတွင် သွင်းကုန်တင်သွင်းသူများအနေဖြင့် ပြည်တွင်းထွက်ပြောင်းကို(၁:၃) ဖြင့်ဝယ်ယူရန် လိုအပ်သည့်အစီအမံများအပေါ် ဝန်ကြီးဌာန၏ပြန်လည်သုံးသပ်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ အစိုးရအနေဖြင့် ပြည်တွင်းထွက်ပြောင်းနှင့် ပီလောပီနံဈေးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်ပမှဂျုံတင်သွင်းမှုအား ၂၀၁၆ ခုနှစ်မှစတင်၍ ကန့်သတ်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်တွင်းရှိတောင်သူများအပေါ် သက်ရောက်မှုများ၊ အထူးသဖြင့် ပြောင်းနှင့် ပီလောပီနံကိစ္စရပ်များ၊ ထုတ်လုပ်မှုစရိတ်မြင့်မားလာနေသည့်အတွက် မွေးမြူရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများအပါအဝင် ဆက်စပ်သည့်အချက်အားလုံးကို ထည့်သွင်း၍ စဉ်းစားမည်ဖြစ်ကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်းက ပြည်တွင်းအစားအစာကုန်ကျစရိတ်မြင့်မားမှုသည် အရေးကြီးသည့်ကုန်ကြမ်း (၃) မျိုးဖြစ်သည့်ပြောင်း၊ ဂျုံနှင့် ငါးအစာဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြည်တွင်း ပြောင်းဈေးနှုန်းမှာ ယခုအခါမြင့်မားလျှက်ရှိကြောင်း၊ တစ်ကီလိုဂရမ်လျှင် (၁၁–၁၁.၅၀) ဘတ်အထိ ရှိနေကြောင်း၊ ၎င်းမှာ ပုံမှန်ကာလများတွင်ရှိသည့် တစ်ကီလိုဂရမ်လျှင်(၆–၈) ဘတ်မှ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း မစ္စတာဂျူရင်ကပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ၎င်း၏ လယ်သမားများ၏ ဝင်ငွေအာမခံအစီအစဉ်အရ အာမခံဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင်(၈.၅၀) ဘတ်ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ပို၍အရေးကြီးသည်မှာ ရုရှား- ယူကရိန်းပဋိပက္ခက ကမ္ဘာ့ဂျုံဈေးကို မြင့်တက်စေခဲ့ကြောင်း၊ ယူကရိန်းအနေဖြင့် ကမ္ဘာ့ဂျုံတင်ပို့မှုအများဆုံးနိုင်ငံဖြစ်ခြင်းကြောင့် ကမ္ဘာ့ဂျုံဈေးကို တက်စေခဲ့ကြောင်းသိရှိရပါသည်။

မစ္စတာဂျူရင်ကလက်ရှိအချိန်တွင် သွင်းကုန်တင်သွင်းသူများအနေဖြင့် ပြည်တွင်းပြောင်းကို(၁:၃) အရဝယ်ယူရန်လိုအပ်သည့်အစီအမံများမှာ မသင့်လျော်တော့ကြောင်း၊ အစားအစာထုတ်လုပ်မှုကုန်ကျစရိတ်နှင့် မွေးမြူရေးဈေးနှုန်းများအားလျှော့ချရန်အတွက် ယာယီဖြေလျှော့ပေးရန်လိုအပ်ကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ဝန်ခံခဲ့ပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Wattanasak Sur-iam က တိရစ္ဆာန်အစာထုတ်လုပ်သူများအနေဖြင့် ဂျုံတင်သွင်းမှုအားဖြေလျှော့ပေးရန်၊ ပဲပုတ်တင်သွင်းမှုအတွက် သွင်းကုန်အခွန်(၂%) အားဖြေလျှော့ပေးရန်၊ ပြောင်းတင်သွင်းမှုအချိန်ကာလ (ဖေဖော်ဝါရီလ(၁) ရက်နေ့မှ ဩဂုတ်လ(၃၁) ရက်နေ့အထိ) အား အာဆီယံလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အရ ဖြေလျှော့ပေးရန် အစိုးရအားတောင်းဆိုထားကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ပြောင်းလိုအပ်ချက်မှာ တစ်နှစ်လျှင် တန်ချိန်(၇.၈-၈) သန်းအထိရှိပြီး ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန်(၄.၉) သန်းရှိကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.........................................................................................................

## ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ သတင်းများ

### ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဗီဇာ အစီအစဉ်အသစ်အရ ဗီယက်နမ်နိုင်ငံနှင့် နှစ်နိုင်ငံ နားလည်မှုစာလွှာ လက်မှတ်ရေးထိုးခြင်း

ဗီယက်နမ်နိုင်ငံမှ အလုပ်သမားများသည် ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဗီဇာ အစီအစဉ်အသစ်အရ ဩစတြေးလျ လယ်ယာမြေများတွင် ပထမဆုံး အလုပ်ခန့်ထားခြင်းခံရမည်ဖြစ်ကြောင်း ABC သတင်းက ၂၉-၃-၂၀၂၂ ရက်နေ့တွင် ရေးသားဖော်ပြထားသည်။ ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဗီဇာအစီအစဉ်အရ ဗီယက်နမ်နိုင်ငံနှင့် ပထမဆုံး နားလည်မှုစာလွှာကို လက်မှတ်

ရေးထိုးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး Marise Payne က ပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ ခိုင်မာပြီး၊ အကောင်းမြင်သော အစီအစဉ်ကို မျှဝေထားကြောင်း နိုင်ငံခြားရေးဝန်ကြီး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် ဗီဇာအစီအစဉ်ဖြင့် ပထမဦးဆုံးအလုပ်သမားများ မည်သည့်အချိန်တွင် ရောက်ရှိလာမည် (သို့) လုပ်သားအရေအတွက် မည်မျှအလုပ်ခန့်မည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပါ။ ထို့အပြင် ဗီယက်နမ် အလုပ်သမားများသည် ကျွမ်းကျင်လုပ်သား (သို့) ကျွမ်းကျင်မှုမရှိသောလုပ်သား မည်သည့်အမျိုးအစား လုပ်သားများဖြစ်ကြောင်းကိုလည်း ရှင်းရှင်းလင်းလင်း မသိရပေ။

စိုက်ပျိုးမွေးမြူရေးဗီဇာ အစီအစဉ်သည် လစ်ဘရယ်ပါတီနှင့် အမျိုးသားပါတီ အမတ်များအကြားတွင် နှစ်အတော်ကြာ အငြင်းအခုံဖြစ်ခဲ့သည်။ ဝန်ကြီးချုပ် Scott Morrison သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အထူးဗီဇာအတွက် ပံ့ပိုးကူညီခဲ့သော်လည်း ပြီးခဲ့သောနှစ်တွင် ဗြိတိန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်အရ အမျိုးသားပါတီသည် ဗီဇာသစ်အတွက် ခိုင်မာသော ကတိကဝတ်ကို ရရှိသွားခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးဝန်ကြီး David Littleproud က ငါးလုပ်ငန်းနှင့် သစ်တောမပါဝင်မီက သစ်သီးဝလံ ပန်းမန်ကဏ္ဍတွင် လူ ၂၀,၀၀၀ ခန့် ပြတ်လပ်နေပြီး လက်ရှိတွင် လုပ်သားလိုအပ်ချက် သိသိသာသာများပြားနေကြောင်း ပြောကြားကာ ဗီယက်နမ်နှင့် နားလည်မှုစာလွှာကို ကြိုဆိုခဲ့သည်။

ဩစတြေးလျသည် COVID–19 ကို ကိုင်တွယ်ရန် ၎င်း၏ နိုင်ငံတကာဝင်ထွက်ပေါက်များကို မပိတ်မီ ကြာမြင့်စွာကတည်းက ဩစတြေးလျ လယ်သမားများက ကျွမ်းကျင်မှုရှိသော ကျွမ်းကျင်မှုမရှိသေးသော လယ်ယာလုပ်သားများကို ခေါ်ယူရန်အတွက် ဗီဇာအသစ်တစ်ခု တောင်းဆိုခဲ့သည်။

ကပ်ရောဂါဖြစ်ပွားနေချိန်တွင် သစ်သီးဝလံပန်းမန်လ်ကဏ္ဍတွင် လုပ်သား ၂၆,၀၀၀ အပိုလိုအပ်နိုင်မည်ဟု ခန့်မှန်းထားသော်လည်း လုပ်ငန်းကဏ္ဍဆိုင်ရာ သတင်းရင်းမြစ်များက ကိန်းဂဏန်းသည် လက်ရှိတွင် ၁၀,၀၀၀ နီးပါးရှိသည်ဟု ဆိုသည်။ တစ်ချိန်တည်းမှာပင် ပစိဖိတ်နှင့် တီမောလက်စတေတို့မှ ကျွမ်းကျင်မှုမရှိသောနှင့် ကျွမ်းကျင်မှုတစ်ဝက်တစ်ပျက်ရှိသောလုပ်သားများကို ခေါ်ယူသည့် ပစိဖိတ်– ဩစတြေးလျ လုပ်သားရွှေ့ပြောင်းမှုအစီအစဉ်အရ ဩစတြေးလျအခြေစိုက် စိုက်ပျိုးမွေးမြူရေး၊ အသားထုတ်လုပ်ခြင်း၊ သက်ကြီးရွယ်အိုပြုစု စောင့်ရှောက်ရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် အလုပ်အကိုင်များလုပ်ကိုင်ရန် နောက်ထပ်အလုပ် သမား ၅၅,၀၀၀ ဦးကို အတည်ပြုပေးခဲ့ကြောင်း သိရှိရသည်။

Agribusiness & Trade

သြစတြေးလျသည် စိုက်ပျိုးမွေးမြူရေးဗီဇာ အစီအစဉ်အသစ်အတွက် အာဆီယံနိုင်ငံအနည်းငယ်နှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး၊ အင်ဒိုနီးရှားနှင့် သဘောတူညီချက်ကို မကြာမီ အပြီးသတ်နိုင်မည်ဟု ခန့်မှန်းထားသည်။

သြစတြေးလျနှင့် အင်ဒိုနီးရှားတို့သည် စိုက်ပျိုးမွေးမြူရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာလွှာတစ်ရပ်ကို ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ အပြန်အလှန်အကျိုးရှိသော ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေမည်ဟု နှစ်နိုင်ငံကတိကဝတ်ပြုထားကြောင်း သိရှိရသည်။

Sources: www.abc.net.au; www.standard.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………

## သြစတြေးလျနိုင်ငံရှိ လတ်လတ်ဆတ်ဆတ်အစားအစာများနှင့် အေးခဲထားသော အစားအစာ ဈေးနှုန်းများ လအတန်ကြာ ဆက်လက်မြင့်မားနေမည်

ယူကရိန်းစစ်ပွဲ၊ နယူးဆောက်ဝေးလ်ပြည်နယ်နှင့် ကွင်းစလန်ပြည်နယ်ရှိ ရေလွှမ်းမိုးမှုများသည် ထောက်ပံ့ပေးသွင်းသူများအပေါ် ဖိအားဆက်လက်သက်ရောက်လျက်ရှိနေရာ လာမည့်သီတင်းပတ်များအတွင်း လတ်လတ်ဆတ်ဆတ် အစားအစာများနှင့် အေးခဲထားသောအစားအစာများအတွက် ဈေးနှုန်းများ မြင့်မားနိုင်ကြောင်း ခန့်မှန်းထားသည်။

Richies IGA အမှုဆောင်အရာရှိချုပ် Fred Harrison က လတ်ဆတ်သော ဘရိုကိုလီ၏ ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ၇ ဒေါ်လာအထိ ခုန်တက်သွားပြီး၊ ပြုပြင်ထုတ်လုပ်သူများသည် အေးခဲထားသော ဟင်းသီးဟင်းရွက်များကို စူပါမားကက်များသို့ တင်သွင်းနိုင်ရန် ရုန်းကန်နေရကြောင်း၊ ရေကြီးမှုကြောင့် ဟင်းသီးဟင်းရွက်များ အရမ်းရှားပါးနေကြောင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ် (၂) ပတ်နှင့် နှိုင်းယှဉ်ပါက အထူးသဖြင့် ဂေါ်ဖီထုပ်၊ အာလူး၊ ဘရိုကိုလီတို့မှာ ၇၅ % ခုန်တက်သွားကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဈေးနှုန်းများသည် အနည်းဆုံးခြောက်လအထိ မြင့်မားနေမည်ဖြစ်ပြီး၊ အေးခဲထားသောဟင်းသီး ဟင်းရွက်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း ခန့်မှန်းထားသည်။

Agribusiness Trade

ယခင်က စျေးသက်သာသော ဟင်းသီးဟင်းရွက်များနှင့်အတူ မြင့်မားလာသော အမဲသားနှင့် သိုးသားစျေးနှုန်းများကို ခုနှိမ်နိုင်ခြင်းမရှိခြင်းကြောင့် စူပါမားကက်များသည် Red Meat စျေးနှုန်းများမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း အမဲသားစျေးနှုန်းများ သိသိသာသာ တက်လာတာကို တွေ့မြင်ခဲ့ရကြောင်း  တိရိစ္ဆာန် ပရိုတင်းများလေ့လာဆန်းစစ်သူ Angus Gidley–Baird က ပြောကြားခဲ့သည်။ လက်လီရောင်းချသူများနှင့် စားသုံးသူများသည် အတိုင်းအတာတစ်ခုအထိ ဤတိုးမြင့်လာသော စျေးနှုန်းများကို လိုက်လျောညီထွေဖြစ်စေနိုင်သော်လည်း အခြားအစားအစာ အမျိုးအစားအားလုံး၏ စျေးနှုန်းမြင့်တက်လာပါက အသားအတွက် သုံးစွဲမှုကို လျှော့ချနိုင်ကြောင်း သိရှိရသည်။

ကြက်စျေးနှုန်းများ တည်ငြိမ်နေပြီဖြစ်ကြောင်း Mr Gidley–Baird က ပြောကြားသော်လည်း ယူကရိန်းစစ်ပွဲကြောင့် မြင့်မားသော အစားအစာကုန်ကျစရိတ်သည် အနာဂတ်ထုတ်ကုန်များ၏ ကုန်ကျစရိတ်အဖြစ် ထည့်သွင်းတွက်ချက်နိုင်သည့်အတွက် စျေးနှုန်းမြင့်တက်လာနိုင်ကြောင်းသိရှိရသည်။ လောင်စာဆီစျေးနှုန်းကြီးမြင့်မှုနှင့် အခြားသွင်းအားစု ကုန်ကျစရိတ်များသည် ထောက်ပံ့ရေးကွင်းဆက်ကို ထိခိုက်စေသောကြောင့် စားသုံးသူများသည် လာမည့်လများအတွင်း အခြားမရှိမဖြစ်လိုအပ်သော ကုန်ခြောက်ပစ္စည်းများအတွက် ပုံမှန်စျေးနှုန်းတက်လာနိုင်သည်ဟု Mr Harrison က ပြောကြားခဲ့သည်။ စျေးနှုန်းအပြောင်းအလဲကို ချက်ချင်းတုံ့ပြန်လေ့ရှိသည့် အသား၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များမှအပ ကုန်ခြောက်စျေးနှုန်းများမှာမူ တိုးမြင့်လာရန် နှစ်လမှလေးလအထိ ကြာနိုင်ကြောင်း ခန့်မှန်းထားသည်။

ပစ္စည်းထောက်ပံ့ပေးသွင်းသူများက စျေးနှုန်းတိုးမြှင့်ရန်လိုအပ်ကြောင်း ထည့်သွင်းစဉ်းစားရသည့် အကြောင်းရင်းကို စူပါမားကတ်များထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။ လက်ရှိအခြေအနေများတွင် အများစုသည် စျေးနှုန်းမြင့်တက်ရန် အတည်ပြုပြီးဖြစ်နေကြသော်လည်း အကယ်၍ အတည်ပြုပါက စျေးနှုန်းတက်ရန် ရှစ်ပတ်အထိကြာမြင့်သည့် ကာလများရှိတတ်ကြောင်း သိရှိရသည်။

Woolworths မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကုမ္ပဏီသည် ပေးသွင်းသူများထံမှ လက်ကားကုန်ကျစရိတ်များ တိုးလာပြီးနောက် လက်လီစျေးနှုန်းအချို့ကို ချိန်ညှိခဲ့ကြောင်း ၊ Coke ၊ Fanta (သို့)  Red Meat တို့၏ စင်ပေါ်ရှိစျေးနှုန်းများ မြင့်တက်နေခြင်းသည် ယင်း၏ ဥပမာတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကုန်ကြမ်းစရိတ်များ တိုးမြင့်လာခြင်း၊ စွမ်းအင်စျေးနှုန်း မြင့်တက်ခြင်း

Agribusiness & Trade

နှင့် သယ်ယူစရိတ်များအပါအဝင် လက်လီရောင်းချသူများအတွက် ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများစွာရှိကြောင်း Coles စူပါမားကတ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.................................................................

## ခေတ်မြေသြဇာဈေးနှုန်း မြင့်တက်မှုကြောင့် သြစတြေးလျတောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များနှင့် ရုန်းကန်ရလျက်ရှိခြင်း

ခေတ်မြေသြဇာဈေးနှုန်းများ မြင့်မားလာခြင်းနှင့် လောင်စာဆီကုန်ကျစရိတ်များမြင့်တက်လာသဖြင့် သြစတြေးလျလယ်သမားများသည် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လိုက်မီရန် ရုန်းကန်နေရသည်။ လွန်ခဲ့သည့်ရက်သတ္တပတ်တစ်ခုတည်းတွင် ကုန်ကြမ်းများအတွက် ကုန်ကျစရိတ်သည် ၁၀ % မြင့်တက်ခဲ့သည်။ မြေသြဇာနည်းပညာ သုတေသနဌာန ဒါရိုက်တာ Mike McLaughlin က ဈေးနှုန်းမြင့်တက်ရခြင်း၏ အကြောင်းရင်းနှစ်ရပ်ရှိကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံတွင် အဓိက ခေတ်မြေသြဇာပါဝင်ပစ္စည်းများဖြစ်သည့် ပိုတက်ရှ်နှင့် ယူရီးယားသိုက်များရှိနေပြီး၊ တင်ပို့မှုတွင်အကန့်အသတ်များရှိနေသည်။ ရုရှားသည် ကမ္ဘာ့အကြီးဆုံး ခေတ်မြေသြဇာ တင်ပို့သည့်နိုင်ငံဖြစ်သော်လည်း ကုန်သွယ်ရေးပိတ်ဆို့အရေးယူမှုများကြောင့် သြစတြေးလျနိုင်ငံသို့ တင်သွင်းမှုအပေါ် ကန့်သတ်ချက်များရှိနေသည်။

စားနပ်ရိက္ခာဝယ်လိုအားက အမြဲတမ်းတိုးလာနေသည့်အတွက် ခေတ်မြေသြဇာဝယ်လိုအားကရှိနေသေးကြောင်း၊ သို့သော်ခေတ်မြေသြဇာထောက်ပံ့မှုက အကန့်အသတ်ရှိသည့်အတွက် ဈေးနှုန်းများ မြင့်တက်သွားခြင်းဖြစ်ကြောင်း၊ ဤအရာများကခေတ်မြေသြဇာကုန်ကြမ်းဈေးနှုန်းကို အမြင့်ဆုံးဖြစ်စေပြီး၊ ဂျုံဈေးနှုန်းတက်ရခြင်း၏ အကြောင်းရင်းတစ်ရပ်လည်းဖြစ်ကြောင်း ပါမောက္ခ McLaughlin က ပြောကြားခဲ့သည်။

ဘရိုကိုလီ၊ အာလူးနှင့် ဂေါ်ဖီထုပ်ကဲ့သို့ ဟင်းသီးဟင်းရွက်များ၏ ကုန်ကျစရိတ်သည် လတ်ဆတ်ပြီး အေးခဲထားသော အစားအစာများ၏ ကုန်ကျစရိတ်နှင့်အတူ မကြာမီက ၇၅ % အထိမြင့်တက်လာခဲ့သည်။ Thomas Elder Market မှ သုတေသီ Andrew Whitelaw က သြစတြေးလျ

လယ်သမားများသည် ကောက်ပဲသီးနှံဈေးနှုန်း မြင့်တက်မှုမှ အကျိုးအမြတ် မရရှိခဲ့ကြောင်း၊ စိုက်ပျိုးစရိတ်က သီးနှံဈေးနှုန်းထက် ပိုများနေကြောင်း၊ ဓာတ်မြေဩဇာ၊ ဓာတုပစ္စည်းများ၊ လုပ်သားခနှင့် ဒီဇယ်ဈေးနှုန်းများ မြင့်တက်နေပြီး၊ လယ်သမားတစ်ယောက် ရင်ဆိုင်ရမည့် အဓိကသွင်းအားစု (၄) ခုလုံးမှာ စံချိန်တင်မြင့်တက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း ပြောကြားခဲ့သည်။

ပါမောက္ခ McLaughlin က နိုင်ငံအချို့သည် ဓာတ်မြေဩဇာ အစားထိုး ထောက်ပံ့မှုများရှာဖွေနေပြီး၊ ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန် ကြိုးစားနေကြကြောင်း၊ ဓာတ်မြေဩဇာ သုံးစွဲမှုကို လျှော့ချပါက အထွက်နှုန်းနည်းလာနိုင်ပြီး၊ အထွက်နှုန်းနည်းပါက ကောက်ပဲသီးနှံဈေးနှုန်းမြင့်တက်စေရာ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချရန် ခက်ခဲကြောင်း၊ ဓာတ်ဆီဈေးတက်သည့် အခါလူများက အခြားအစားထိုးစရာများကို ရှာဖွေကြပြီး၊ လျှပ်စစ်ကား၊ သဘာဝဓာတ်ငွေ့တို့ဖြင့် အစားထိုးနိုင်သော်လည်း ဓာတ်မြေဩဇာအတွက် အစားထိုးစရာမရှိကြောင်း၊ ဓာတ်မြေဩဇာဈေးကအရမ်းကြီးမြင့်ပြီး၊ သယံဇာတရင်းမြစ်များကို ရုတ်တရက်စီးပွားရေးလုပ်နိုင်သည့်အတွက် သတ္တုတူးဖော်ရေးလုပ်ငန်းအသစ် (သို့) စက်ရုံအသစ်များ ဖွင့်လှစ်လာနိုင်ကြောင်း ခန့်မှန်းပြော ကြားထားသည်။ နိုက်ထရိုဂျင်ဓာတ်မြေဩဇာ ထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့ကို အသုံးပြုသောကြောင့် သဘာဝဓာတ်ငွေ့ဈေးကြီးမြင့်မှုကလည်း ဓာတ်မြေဩဇာဈေးကို ဆက်လက်သက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

.......................................................................

## ပြည်ပမှ တင်သွင်းမှု မြင့်တက်လာချိန်အတွင်း နဂါးမောက်သီး စိုက်ပျိုးသူများအသင်း ဖွဲ့စည်းလိုက်ခြင်း (ဩစတြေးလျ)

ဩစတြေးလျ နဂါးမောက်သီး စိုက်ပျိုးသူများသည် ပြည်ပမှတင်သွင်းမှု မြင့်တက်လာခြင်း အပါအဝင် ပြဿနာမျိုးစုံကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၎င်းတို့၏ကိုယ်ပိုင်စိုက်ပျိုးသူများအသင်းဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

ယခုအချိန်သည် နဂါးမောက်သီးရာသီချိန်ဖြစ်ပြီး၊ ကွင်းစလန်ပြည်နယ်နှင့် မြောက်ပိုင်းနယ်မြေတို့တွင် ခူးဆွတ်ရိတ်သိမ်းရန်ပြင်ဆင်လျက်ရှိသည်။ နဂါးမောက်သီး စိုက်ပျိုးသူများအသင်း (DFGA) မှ တည်ထောင်သူနှင့် စိုက်ပျိုးသူ Jim Hoa Yang Li က လုပ်ငန်းကဏ္ဍသည် ဝယ်လိုအား တိုးလာသော်လည်း တင်သွင်းလာသော သီးနှံအရေအတွက် တိုးလာခြင်းသည် စိုးရိမ်စရာဖြစ်ကြောင်း၊ တင်သွင်းလာသည့်နဂါးမောက်သီးများ၏ ပြည်တွင်းသစ်သီးဈေးကွက်အပေါ် သက်ရောက်မှုကိုအစိုးရက လျစ်လျူရှုထားကြောင်း ပြောကြားခဲ့သည်။

မြောက်ပိုင်းနယ်မြေရှိစိုက်ပျိုးသူ Marcus Karlsson က အသင်းသစ်သည် ဩစတြေးလျ စိုက်ပျိုးသော သစ်သီးများကို တင်သွင်းလာသည့် သစ်သီးများနှင့်အတူ အဆင့်တူတွင် ထားရှိခြင်းကို ပြောင်းလဲနိုင်ရန်အတွက် စည်းရုံးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ တင်သွင်းမှုများကြောင့် သက်ရောက်မှုများကြီးမားပြီး၊ လုပ်ငန်းကဏ္ဍအပေါ် ၃၀ % ခန့်ထိခိုက်နိုင်ကြောင်း၊ သဘော်ာ သယ်ဆောင်ခများ မြင့်မားသော်လည်း သွင်းကုန်များနှင့် ယှဉ်ပြိုင်နိုင်မှုမရှိကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ နဂါးမောက်သီးများသည် ၂၀၁၇ ခုနှစ်ကတည်းက ဩစတြေးလျသို့ ဝင်ရောက်လာခဲ့ပြီး၊ ယခုအခါ ဗဟိုအစိုးရက ဖိလစ်ပိုင်နိုင်ငံမှ နဂါးမောက်သီး တင်သွင်းခွင့်ပြုရန် စဉ်းစားနေပြီဖြစ်ကြောင်း သိရှိရသည်။ စိုက်ပျိုးရေးဝန်ကြီးဌာန website တွင် ဖိလစ်ပိုင်နိုင်ငံက လတ်ဆတ်သော နဂါးမောက်သီးများ ဈေးကွက်ဝင်ခွင့်တောင်းဆိုထားသည့်အတွက် Risk Analysis ကို ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံ၏ နဂါးမောက်သီးလုပ်ငန်းကဏ္ဍသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ထုတ်လုပ်မှု ၂၅၆ တန်မှ ၁၄၆၂ တန်အထိ တိုးမြင့်လာခဲ့သည်။

နဂါးမောက်သီး ထုတ်လုပ်မှုကာလသည် မေလမှ အောက်တိုဘာလအတွင်းဖြစ်ပြီး၊ စိုက်ပျိုးရာသီကိုတိုးချဲ့ရန် နည်းပညာတွင် ရင်းနှီးမြှုပ်နှံမှုဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ ဒါဝင်မြို့အနီးရှိ နဂါးမောက်သီးနှင့် သရက်သီးစိုက်ပျိုးသူတစ်ဦးက တင်သွင်းမှုများမြင့်တက်လာခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယခုအခါ အဝါရောင် နဂါးမောက်သီး အမျိုးအစားသစ်ကို စိုက်ပျိုးနိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဗီယက်နမ်နဂါးမောက်သီးများဝင်ရောက်လာရာတွင် ဈေးပြိုင်လျှော့ရောင်းခဲ့ရသောကြောင့် ဈေးကွက်ထဲ ပြန်လည်ဝင်ရောက်ကာဈေးကွက်ဝေစု ပြန်လည်ရရှိနိုင်ရေး ကြိုးစားသွားမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။

Agribusiness & Trade

ယခုရာသီသည် အဝါရောင်နဂါးမောက်သီးကို ဈေးကွက်ထဲသို့ ရောက်အောင် ပို့ပေးမည့် ပထမဦးဆုံးသော ရာသီဖြစ်ကြောင်းသိရှိရသည်။ ကွင်းစလန်ပြည်နယ်တွင် အဝါရောင်နဂါးမောက်သီးစိုက်ပျိုးသည့်ခြံအနည်းငယ်သာရှိပြီး၊ မျိုးစိတ်မှာ ရှားပါးနေသေးသော်လည်း လုပ်ငန်းကဏ္ဍ၏ အနာဂတ်အတွက် အလားအလာကောင်းများ မျှော်မှန်းထားကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………

## စစ်ပွဲအရှိန်ကြောင့် ယူကရိန်းဂျုံတန်ချိန်သန်းပေါင်းများစွာ အန္တရာယ်ရှိနေခြင်း

ပဋိပက္ခဒဏ်ခံရသောကောက်ပဲသီးနှံစိုက်တောင်သူများသည် ၎င်းတို့၏ ကောက်ပဲသီးနှံများကို မြေသြဇာမကျွေးနိုင်ပါက လာမည့်သီတင်းပတ်များအတွင်း ယူကရိန်းတွင် ဂျုံတန်ချိန် ၁၀ သန်းကျော်ဆုံးရှုံးနိုင်သည်ဟု ဈေးကွက်လေ့လာသုံးသပ်သူများက သုံးသပ်ထားကြသည်။

အင်္ဂလန်နိုင်ငံ Writtle University College မှ စိုက်ပျိုးရေး အကြီးတန်းကထိက Henry Matthews က လယ်သမားများသည် လောင်စာ၊ လုပ်အား၊ ဓာတ်မြေသြဇာ ပြတ်လပ်မှုတို့နှင့် ရင်ဆိုင်နေရပြီး၊ မကြာမီ နိုက်ထရိုဂျင်ကို အသုံးမပြုနိုင်ပါက ယူကရိန်း ဂျုံအထွက်နှုန်းမှာ ယခုနှစ်တွင် တန်ချိန် ၂၇ သန်းမှ တန်ချိန် ၁၅ သန်းသို့ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားပြီး၊ ယင်းမှာ တစ်ကမ္ဘာလုံးအတွက်ကြီးမားသော သက်ရောက်မှုဖြစ်ကြောင်းသိရှိရသည်။ ယူကရိန်းသည် ပုံမှန်အားဖြင့် ကမ္ဘာ့ဂျုံတင်ပို့မှု၏ ၁၂ % မှ ၁၄ % အထိ တိုးတက်လာပြီး၊ အများစုမှာ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ထိုနေရာများသည် စားနပ်ရိက္ခာ မဖူလုံသောဒေသများဖြစ်ပြီး၊ စားနပ်ရိက္ခာဖူလုံမှုမရှိသော လူဦးရေ၏ ၂၀ % နေထိုင်လျက်ရှိ ကြောင်းသိရှိရသည်။

ယူကရိန်းစစ်ပွဲကြောင့် စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာရန်ပုံငွေအဖွဲ့ (IFAD) က ယူကရိန်းရှိ စစ်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ အစားအစာကြပ်တည်းမှုဖြစ်ပေါ်လာနိုင်ကြောင်းနှင့် ပဋိပက္ခ၏သက်ရောက်မှုသည် တိုက်ကြီးများ တစ်ဝှမ်းတွင်တဟုန်ထိုးဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။ ယူကရိန်းတွင် ပဋိပက္ခများဆက်တိုက်ဖြစ်ပေါ်နေသောကြောင့် ဂျုံ၊ ပြောင်းနှင့် နေကြာဆီကဲ့သို့ ကမ္ဘာ့အဓိက ကောက်ပဲသီးနှံ ထောက်ပံ့မှုအပေါ်ကန့်

သတ်ထားနိုင်တာကြောင့် အစားအသောက်ဈေးနှုန်းများ တဟုန်ထိုးတက်လာပြီး ငတ်မွတ်ခေါင်းပါးမှုများဖြစ်လာမည်ကို စိုးရိမ်မိကြောင်း IFAD ဥက္ကဋ္ဌက ပြောကြားထားသည်။ ပင်လယ်နက်၏ ဤဒေသသည် ကမ္ဘာ့စားနပ်ရိက္ခာစနစ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး၊ ကမ္ဘာပေါ်တွင် ကုန်သွယ်မှုပြုလုပ်ကြသော ကယ်လိုရီ အစားအစာ၏ အနည်းဆုံး ၁၂ % ကို တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ယူကရိန်းရှိ ဂျုံသီးနှံအများစုကို ယမန်နှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စိုက်ပျိုးခဲ့ပြီး၊ ယခုအခါ ရိတ်သိမ်းခြင်းမပြုမီ အလားအလာရှိသောအထွက်နှုန်းကို ရရှိနိုင်စေရန် နိုက်ထရိုဂျင်အသုံးပြုမှု လိုအပ်နေပြီဖြစ်သည်။ နိုက်ထရိုဂျင် အများအပြားမှာ ရုရှားမှလာရောက်မည်ဖြစ်သော်လည်း ရုရှားမှ ဓာတ်မြေဩဇာတင်ပို့မှုကို ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်တားမြစ်ခဲ့သည်။ ယူကရိန်းမှလယ်သမားများသည် လာမည့်လတွင် ပြောင်းစတင်စိုက်ပျိုးရန် စီစဥ်ထားသော်လည်း မျိုးစေ့၊ လောင်စာဆီနှင့် လုပ်သားရှားပါးမှုကြောင့် သီးနှံမည်မျှ စိုက်ပျိုးရမည်ကို စိုးရိမ်မှုများ ရှိနေသည်။

ယူကရိန်းနှင့် ရုရှားတို့ နှစ်နိုင်ငံသည်ကမ္ဘာ့ဂျုံတင်ပို့မှု၏ သုံးပုံတစ်ပုံခန့် ထုတ်လုပ်လျက်ရှိသည်။ Green Square Agro Consulting ၏ ပင်လယ်နက်သီးနှံခန့်မှန်းချက်တွင် ရုရှားသည် ယခုနှစ်ရာသီတွင် ဂျုံတန်ချိန် ၈၅ သန်း စိုက်ပျိုးထားနိုင်ကြောင်း သိရှိရသည်။ ယူကရိန်းနိုင်ငံ အနေဖြင့် ဂျုံတင်ပို့နိုင်ခြင်းမရှိပါက ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်စရာဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားထားသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.................................................................................................................

## ဩစတြေးလျနိုင်ငံ စီးပွားရေးဆိုင်ရာ သတင်းများ

### ဩစတြေးလျအစိုးရက ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံမှုများအားကောင်းလာစေရန် ကနေဒါနှင့် ဘရာဇီးလ်နိုင်ငံတို့တွင် ကောင်စစ်ဝန်ချုပ်အသစ်များ ခန့်အပ်လိုက်ခြင်း

ဩစတြေးလျအစိုးရသည် ကမ္ဘာလုံးဆိုင်ရာအရေးပါသည့် ဤကုန်သွယ်မှုဗဟိုဌာနများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံမှုများ အားကောင်းလာစေရန် ကနေဒါနှင့် ဘရာဇီးနိုင်

Agribusiness & Trade

ငံတို့တွင် ကောင်စစ်ဝန်ချုပ်အသစ်များ ခန့်အပ်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့၏ ၂၁-၃-၂၀၂၂ ရက်နေ့ ပူးတွဲသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းထုတ်ပြန်ချက်အရ Mr. Josh Riley သည် ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့ရှိ ကောင်စစ်ဝန်ချုပ်နှင့် အဆင့်မြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်နာအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး၊ Mr. John Prowse သည် ဘရာဇီးလ်နိုင်ငံ၊ ဆာပိုလိုမြို့ရှိ အဆင့်မြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်နာအဖြစ် တာဝန်ယူမည်ဖြစ်သည်။

ခန့်အပ်မှုများသည် ဩစတြေးလျအစိုးရ၏ နိုင်ငံပို့ကုန်များ မြှင့်တင်ရန် ကတိကဝတ်များနှင့် နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုနှင့် သာယာဝပြောရေးတို့အတွက် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းအား သက်သေပြနေသည်။ တိုရွန်တိုနှင့် ဆာပိုလိုမြို့တို့သို့ ပြန်လည်ထွက်ခွာလာသော ကောင်စစ်ဝန်ချုပ်နှင့် အဆင့်မြင့်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်နာများဖြစ်သည့် Grayson Perry နှင့် Greg Wallis တို့ကို ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း အစိုးရကပြောကြားထားသည်။

ဤခန့်အပ်မှုသည် ဩစတြေးလျနှင့် ကနေဒါတို့အတွက် အစိမ်းရောင် ဟိုက်ဒရိုဂျင်ကဲ့သို့ သောသန့်ရှင်းသောစွမ်းအင်ဆိုင်ရာ ဖြေရှင်းမှုများတွင် အတူတကွလုပ်ကိုင်ရန် အခွင့်အလမ်းများပေးလိမ့်မည်ဖြစ်ပြီး၊ ဩစတြေးလျနိုင်ငံတွင် ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးနိုင်ကာ ကမ္ဘာတစ်ဝှမ်းရှိ ၎င်းတို့၏ ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များ အောင်မြင်စေရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………

## ဩစတြေးလျ- အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန် ဩစတြေးလျအစိုးရက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း

ဩစတြေးလျအစိုးရသည် နှစ်နိုင်ငံလုံးရှိ အလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရေးအတွက် အိန္ဒိယအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အစိုးရက အမေရိ

ကန်ဒေါ်လာသန်း ၂၈၀ ကျော် ရင်းနှီးမြှုပ်နှံထားကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အိန္ဒိယသည် အင်ဒို-ပစိဖိတ်ဒေသတွင် အရေးကြီးသောစီးပွားရေးနှင့် လုံခြုံရေးမိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယသည် ဩစတြေးလျ၏ သတ္တမအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး၊ အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးမှာ ဩစတြေးလျ ဒေါ်လာ ၂၄.၃ ဘီလီယံရှိခဲ့သည်။ ဆင္ဒမမြောက်အကြီးဆုံး ကုန်စည်နှင့် ဝန်ဆောင်မှု ပို့ကုန်ဈေးကွက်ဖြစ်ပြီး၊ တန်ဖိုးမှာဒေါ်လာ ၁၆.၉ ဘီလီယံဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယသည် ဩစတြေးလျ၏ တတိယအကြီးဆုံး ဝန်ဆောင်မှုတင်ပို့သည့် ဈေးကွက်ဖြစ်သည်။

၂၂-၃-၂၀၂၂ ရက်နေ့တွင် စတင်ဆောင်ရွက်သည့် ၂၀၃၅ ခုနှစ်အထိ အိန္ဒိယစီးပွားရေး မဟာဗျူဟာ အဆင့်မြှင့်တင်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အစိုးရသည် ဆက်ဆံရေးတွင် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများအဖြစ် အိန္ဒိယ၏ အဓိကမူဝါဒနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားကောင်းစေရန် ဒေါ်လာ ၁၆.၆ သန်းနှင့် ပိုမိုကောင်းမွန်သော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုနှင့် အိန္ဒိယနိုင်ငံတွင် Austrade တည်ရှိမှု တိုးမြင့်လာစေရေးအတွက် ပံ့ပိုးကူညီရန် ဒေါ်လာ ၈.၉ သန်းပံ့ပိုးပေးမည် ဖြစ်သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ၂၂-၃-၂၀၂၂ ရက်နေ့ညတွင် Virtual Meeting ဖြင့် တွေ့ဆုံပြီး၊ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ရန်ပုံငွေများကို ကတိကဝတ်ပြုခဲ့ကြောင်း သိရှိရသည်။

ကုန်သွယ်ရေးဝန်ကြီး Dan Tehan က ဩစတြေးလျအစိုးရသည် ဩစတြေးလျ-အိန္ဒိယစီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးတိုးမြင့်လာစေရန် ရင်းနှီးမြှုပ်နှံထားကြောင်း၊ အိန္ဒိယနှင့် ဩစတြေးလျတို့သည်ဘုံတန်ဖိုးများ၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖြည့်စွက်စီးပွားရေးများနှင့် စံပြမိတ်ဖက်များဖြစ်စေသည့် ခိုင်မာသော လူအချင်းချင်း ချိတ်ဆက်မှုများကို နှစ်နိုင်ငံမျှဝေထားကြောင်း၊ ပိုမိုခိုင်မာပြီး ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုနှင့် ပိုမိုလုံခြုံပြီး၊ ကွဲပြားသောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပုံစံများနှင့် ထောက်ပံ့ရေးကွင်းဆက်များရရှိ ရန်ကြိုးပမ်းကြသောကြောင့် အိန္ဒိယနှင့် ဩစတြေးလျတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျအစိုးရသည် အိန္ဒိယ၏ စီးပွားရေး မဟာဗျူဟာနှင့် ၎င်း၏ ရည်မှန်းချက်ကြီးသောပန်းတိုင်များဖြစ်သည့် အိန္ဒိယကို ၂၀၃၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ ထိပ်တန်းပို့ကုန်ဈေး

AgBusiness & Trade

ကွက် (၃) ခု မြောက်အဖြစ် မြင့်တင်ရန်နှင့် အိန္ဒိယကို ဩစတြေးလျ ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် အာရှတွင် တတိယအကြီးဆုံးနေရာဖြစ်လာစေရန် ကတိပြုထားဆဲဖြစ်သည်။ နှစ်နိုင်ငံစလုံးအတွက် တိုးတက်ပြောင်းလဲလာသော အခွင့်အလမ်းများကို တုံ့ပြန်သည့် (၅) နှစ်ကြာလုပ်ဆောင်ချက်အစီအစဉ်တွင် အရေးပါသော သတ္တုတွင်းထွက်များ၊ ဆိုက်ဘာနှင့် အရေးပါသော နည်းပညာ၊ သိပ္ပံပညာနှင့် ဆန်းသစ်တီထွင်မှုကဲ့သို့သော ပေါ်ထွန်းစ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် မိတ်ဖက်အသစ်များ ထူထောင်ခြင်းတို့ပါဝင်ကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..................................................................

## ဩစတြေးလျနှင့် အမေရိကန် မဟာဗျူဟာမြောက် စီးပွားရေးဆွေးနွေးပွဲ စတင်ကျင်းပမည်

ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan သည် အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Gina Raimondo နှင့် ပထမဆုံးကျင်းပမည့် မဟာဗျူဟာ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် အမေရိကန်နိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း ဩစတြေးလျကုန်သွယ်ရေးဝန်ကြီးဌာန၏၂၆-၃-၂၀၂၂ ရက်နေ့သတင်း ထုတ်ပြန်ချက်အရ သိရှိရသည်။

မဟာဗျူဟာကျသောစီးပွားရေးဆွေးနွေးပွဲများတွင် စီးပွားရေးအကျပ်ကိုင်မှု၊ အရေးပါသော ဓာတ်သတ္တုများ၊ ဒေသတွင်းထောက်ပံ့ရေးကွင်းဆက်များနှင့် အင်ဒို-ပစိဖိတ် စီးပွားရေး မူဘောင် (Indo-Pacific Economic Framework- IPEF) အတွက် အခွင့်အလမ်းများကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးနယ်ပယ်တွင်မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများ တိုးလာနေပြီး၊ ယခုဆွေးနွေးပွဲသည် အင်ဒို-ပစိဖိတ်ဒေသတွင် ဩစတြေးလျ၏ အရေးအကြီးဆုံး မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည်ဖြစ်ကြောင်း ဝန်ကြီး Dan Tehan က ပြောကြားခဲ့သည်။

ဩစတြေးလျနှင့် အမေရိကန်တို့သည် ပွင့်လင်းငြိမ်းချမ်းပြီး သာယာဝပြောသော အင်ဒို-ပစိဖိတ်ဒေသကို ပုံဖော်နိုင်ရန်နှင့် ဒေသတွင်း စီးပွားရေးအကျပ်ကိုင်မှု၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။ ဆွေးနွေးပွဲသည် ဩစတြေးလျ-အမေရိကန် နှစ်နိုင်ငံတည်

Agribusiness Trade

ဆောက်မှု၏ အရေးကြီးသော အစိတ်အပိုင်းအသစ်ဖြစ်ပြီး၊ မဟာဗျူဟာ စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေမည့် အဓိကဖိုရမ်အဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပမည်ဖြစ်ပြီး၊ ဩစတြေးလျ– အမေရိကန်ဝန်ကြီး အဆင့်ဆွေးနွေးမှုများ (Australia–US Ministerial Consultations –AUSMIN) အပါအဝင် လက်ရှိဖိုရမ်များကို အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

Mr Tehan သည် အတွင်းရေးမှူး Raimondo နှင့်အတူ အရေးပါသော ဓာတ်သတ္တုများဆိုင်ရာစားပွဲဝိုင်းဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ရန်အရေးပါသော ဓာတ်သတ္တုများနှင့် မြေရှားကဏ္ဍမှ CEO များအဖွဲ့နှင့် သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါစားပွဲဝိုင်းဆွေးနွေးပွဲတွင် ဈေးကွက်ကွာဟချက်များအား ချိတ်ဆက်ပေးရန်နှင့် အရေးပါသော ဓာတ်သတ္တု ထောက်ပံ့ရေးကွင်းဆက်များ၏ ခံနိုင်ရည်အားကိုမြှင့်တင်နိုင်မည့်အခွင့်အလမ်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဩစတြေးလျ ကုန်သွယ်ရေးဝန်ကြီးသည် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Ambassador Katherine Tai နှင့် အင်ဒို– ပစိဖိတ် စီးပွားရေးမူဘောင်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးအကျပ်ကိုင်မှုနှင့် ဈေးကွက်မဟုတ်သော အလေ့အကျင့်များကို ကိုင်တွယ်ဖြေရှင်းမှု၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှု၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကိုဆွေးနွေးရန်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရှိရသည်။ ဝန်ကြီးသည် အမေရိကန်ကွန်ဂရက်လွှတ်တော်၏ အဆင့်မြင့်အဖွဲ့ဝင်များအပြင် အမေရိကန်စီးပွားရေး အသိုက်အဝန်းနှင့်လည်း တွေ့ဆုံမည်ဖြစ်ပြီး၊ တွေ့ဆုံရာတွင် ဦးစားပေးအစီအစဉ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

Source: [www.trademinister.gov.au](http://www.trademinister.gov.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………..

## ဩစတြေးလျ အစိုးရက ခရီးသွားဧည့်သည်စီးပွားရေးကို ပြန်လည်တည်ဆောက်ရန်နှင့် ကြီးထွားတိုးတက်စေရန် ပံ့ပိုးကူညီခြင်း

ဩစတြေးလျ၏ခရီးသွားဧည့်သည်စီးပွားရေး ရေရှည်တိုးတက်မှုအတွက် ဩစတြေးလျ အစိုးရ၏ မဟာဗျူဟာသည် နိုင်ငံတစ်ဝှမ်းအလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြစ်သည်။ အစိုးရ၏ THRIVE 2030 မဟာဗျူဟာကို ၂၅-၃-၂၀၂၂ ရက်နေ့တွင် ကွင်းစလန်ပြည်နယ်ရှိ Townsville မြို့၌ စတင်ခဲ့ပြီး၊ ခရီးသွားဧည့်သည်စီးပွားရေး၏ တန်ဖိုးသည် ၂၀၃၀ ပြည့်နှစ်တွင် ဩစတြေးလျဒေါ်လာ ၂၃၀ ဘီလီယံအထိ တိုးလာနိုင်မည်ဟု မျှော်မှန်းထားသည်။

ခရီးသွားဧည့်သည်စီးပွားရေးကဏ္ဍတွင် လုပ်ငန်းလုပ်ကိုင်သူ ၃၀၀,၀၀၀ ကျော်ရှိပြီး၊ ဩစတြေးလျနိုင်ငံသားတစ်သန်းကျော်ကို တိုက်ရိုက်နှင့်သွယ်ဝိုက်၍ အလုပ်အကိုင်ရရှိစေသည်။ အစိုးရသည် THRIVE 2030 မဟာဗျူဟာအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ခရီးသွားကိုယ်စားလှယ်များနှင့် ခရီးသွားအစီအစဉ်ဝန်ဆောင်မှုပေးသူများအတွက် ဩစတြေးလျဒေါ်လာ ၇၅.၅ သန်း၊ ဩစတြေးလျနိုင်ငံသို့ နိုင်ငံတကာဈေးကွက်များမှ ခရီးသွားဧည့်သည်အသစ်များကို ပိုမိုဆွဲဆောင်ရန် သုံးနှစ်အတွင်း ဩစတြေးလျဒေါ်လာသန်း ၆၀ ကျော်၊ ခရီးသွားဧည့်သည် စီးပွားရေး၏ Online အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု Platform ကို ဦးဆောင်သည့် လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂) နှစ်ကျော်အတွင်း ဩစတြေးလျဒေါ်လာ ၂ သန်းနှင့် ဩစတြေးလျ ခရီးသွားလုပ်ငန်းသုတေသနအတွက် ဩစတြေးလျဒေါ်လာ ၄.၈ သန်းတို့ကို ရင်းနှီးမြှုပ်နှံထားကြောင်း သိရှိရသည်။

COVID-19 ကာလမတိုင်မီတွင် ဩစတြေးလျ၏ ခရီးသွားဧည့်သည်စီးပွားရေးတန်ဖိုးမှာ ဩစတြေးလျဒေါ်လာ ၁၆၆ ဘီလီယံထိရှိကြောင်း သိရှိရသည်။ အစိုးရ၏ မဟာဗျူဟာသည် အရေးကြီးသောကဏ္ဍကို အထွတ်အထိပ်သို့ ရောက်ရှိအောင် ပြန်လည်တည်ဆောက်ကာ ကြီးထွားဖွံ့ဖြိုးရန်ရေရှည်စီမံကိန်းကို ချမှတ်ထားပြီး၊ လုပ်ငန်းစဉ်တွင် အလုပ်အကိုင်များ၊ စီးပွားရေးနှင့် အခွင့်အလမ်းများကို ပိုမိုပံ့ပိုးပေးထားသည်။

ဩစတြေးလျ ခရီးသွားလုပ်ငန်းသည် အကောင်းဆုံးဆွဲဆောင်မှုများ၊ အကောင်းဆုံးလူများ၊ ခရီးသွား လုပ်ငန်းကဏ္ဍမှပံ့ပိုးပေးထားသည့် အကောင်းဆုံးလူနေမှုပုံစံတို့ဖြင့် ကမ္ဘာ့ဦးဆောင်ခရီးသွားလာရောက်လည်ပတ်သည့် နေရာအဖြစ်ရပ်တည်လျက်ရှိရာ ယခုမဟာဗျူဟာသည် ဩစတြေးလျကို အနာဂတ်တွင် ရွေးချယ်စရာနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမှုကို သေချာစေမည်ဖြစ်သည်။

THRIVE 2030 သည် လာမည့်ဆယ်နှစ်အတွင်း ခရီးသွားဧည့်သည်စီးပွားရေး၏ ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုအတွက် အစီအစဉ်ကို ချမှတ်ရာတွင် ခရီးသွားလုပ်ငန်းနှင့် အစိုးရများအား အထောက်အကူပြုရန် ရည်ရွယ်ကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………

## အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရေး နယ်မြေသတ်မှတ်ခြင်းအား မတ်လကုန်မှ စတင်ရပ်ဆိုင်းမည်

အိန္ဒိယနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့မှ စတင်၍ COVID-19 ကပ်ရောဂါ တားဆီးကာကွယ်ထိန်းချုပ်မှုဆိုင်ရာ အမိန့်နှင့်လမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှာ လျော့ပါးသက်သာလျက် ရှိနေပြီဖြစ်သောကြောင့် ၂၅-၂-၂၀၂၂ နေ့၌ နောက်ဆုံးထုတ်ပြန်ထားခဲ့သော အမိန့်အား ထပ်မံသက်တမ်းတိုးမြှင့်ခြင်း မပြုရန် အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနက ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာန၊ အတွင်းဝန် Mr. Ajay Bhalla မှ ပြည်နယ်အားလုံးရှိ အတွင်းဝန်ချုပ်များထံသို့ ဆက်သွယ်ပေးပို့သောစာတွင် လွန်ခဲ့သော ၂၄ လတာ ကာလအတွင်း နိုင်ငံတစ်ဝန်း၌ COVID-19 ကပ်ရောဂါနှင့် စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု၊ စောင့်ကြည့် ကြပ်မတ်မှု၊ ရောဂါကူးစက်ခံရသူနှင့် ထိတွေ့မှုရှိသူများအား ခြေရာခံမှု၊ လူနာများ ပြုစုကုသမှု၊ ကာကွယ်ဆေးထိုးနှံပေးမှုနှင့် ဆေးရုံများ၏ အခြေခံအဆောက်အအုံပိုင်း၌ ဖြည့်ဆည်းမှု အစရှိသော စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်များသည် သိသာစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ အလားတူ COVID-19 ကပ်ရောဂါအပေါ် တုန့်ပြန်ဆောင်ရွက်ရမည့် ပြည်သူလူထု၏ အသိအမြင် သည်လည်း မြင့်မားလာခဲ့ကြောင်း၊ ပြည်နယ်/ ပြည်ထောင်စုနယ်မြေများ၌ ကပ်ရောဂါအား စီမံခန့်ခွဲရန် အသေးစိတ်အစီအမံများချမှတ်အကောင်အထည်ဖော်မှုနှင့်အတူ ၎င်းတို့၏ ကိုယ်ပိုင်လုပ်ကိုင်နိုင်စွမ်းနှင့် စနစ်များကိုထူထောင်ထားရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမှာ လွန်ခဲ့သော ရက်သတ္တပတ် ၇ ခုအတွင်း အရေအတွက် ကျဆင်းလာခဲ့ကြောင်း၊ ၂၂-၃-၂၀၂၂ နေ့၌ တစ်နိုင်ငံလုံးတွင် ကုသမှုခံယူဆဲအတည်ပြုလူနာဦးရေမှာ ၂၃၉၁၃ ဦးသာရှိပြီး နေ့စဉ်ကူးစက်မှုနှုန်းသည်လည်း ၀.၂၈% သို့ ကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ သက်ဆိုင်သူ များအားလုံး၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုအရကာ

ကွယ်ဆေးထိုးနှံမှု အကြိမ်ရေ စုစုပေါင်း ၁၈၁၅.၆ သန်းအထိ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ သို့ဖြစ်ရာ အစိုးရ၏ ကပ်ရောဂါအပေါ် ကိုင်တွယ်ဆောင်ရွက်နိုင်မှုနှင့် ဘက်ပေါင်းစုံမှ တိုးတက်လျက်ရှိသည့် အခြေအနေကို ထည့်သွင်းစဉ်းစားလျက် ကိုရိုနာဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရေး ကန့်သတ်ချက်များကို ဆက်လက်ထားရှိခြင်း မပြုရန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း၊ သို့ရာတွင် နှာခေါင်းစည်းတပ်ဆင်အသုံးပြုမှု၊ လက်သန့်စင်မှုနှင့် လူမှုအလှမ်းဝေးနေထိုင်မှုတို့ အပါအဝင် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် COVID ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များကိုမူ ဆက်လက်လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရောဂါကူးစက်မှု အရေအတွက် တိုးမြင့်လာကြောင်း တွေ့ရှိရပါက ပြည်နယ်/ ပြည်ထောင်စုနယ်မြေအစိုးရများအနေဖြင့် ဒေသအဆင့်အလိုက် လိုအပ်သော လက်ငင်းအရေးယူ ဆောင်ရွက်မှုနှင့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု၏ ရောဂါသဘာဝအရ ပြည်သူလူထုအနေဖြင့်လည်း အခြေအနေကို မျက်ခြေမပြတ်စောင့်ကြည့် သတိပြုမှု ဆက်လက်ထားရှိရန်လိုအပ်ကြောင်းဖြင့် ဖော်ပြထားပါသည်။

၂၀၀၅ ခုနှစ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အက်ဥပဒေအရ အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနက ၂၅-၂-၂၀၂၂ နေ့၌ ထုတ်ပြန်ထားရှိသော အမိန့်သည် ၃၁-၃-၂၀၂၂ နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ၎င်းအမိန့်၌ ဒေသန္တရအစိုးရများအနေဖြင့် ရောဂါကူးစက်နိုင်သည့်ဘေးအန္တရာယ်ကိုလေ့လာဆန်းစစ်ပြီးမှသာ စီးပွားရေးနှင့် လူမှုရေးရာ လုပ်ကိုင်ဆောင်ရွက်မှုများကို ခွင့်ပြုရန်လမ်းညွှန်ထားသည်။ ထို့အပြင် ရက်သတ္တ ၁ ပတ်အတွင်း COVID-19 အတည်ပြု လူနာ တိုးတက်မှုနှုန်း ၁၀% အထက်ရှိသော နယ်မြေများ သို့မဟုတ် ဆေးရုံကုတင်နေရာ ၄၀% အထက်၌ COVID-19 အတည်ပြုလူနာ တက်ရောက်ကုသမှုခံယူနေသည့် ဒေသများကို ကန့်သတ်ဇုန်နယ်မြေများအဖြစ်သတ်မှတ်လျက် ရောဂါကာကွယ်တားဆီးထိန်းချုပ်မှုများ ဆောင်ရွက်ရန်ကိုလည်း ညွှန်ကြားထားသည်။ ယခုကဲ့သို့ ဖြေလျော့မှုသည် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည် ပတ်လုပ်ကိုင်မှုကိုပိုမိုတိုးတက်ကောင်းမွန်စေမည် ဖြစ်ပါသည်။

Source: MHA ends COVID–19 containment measures from March 31; wearing of face mask to continue, 23–3–2022, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

……………………………………………………………………………………….

## ဥရောပနိုင်ငံများအနေနှင့် ရုရှားမှ LNG ဓာတ်ငွေ့များ တင်သွင်းနေရခြင်းကို အစားထိုးရန် အမေရိကန်နှင့် စာချုပ်ချုပ်ဆို

ဥရောပနိုင်ငံများသည် ရုရှားနိုင်ငံမှ LNG ဓာတ်ငွေ့များ တင်သွင်းနေရခြင်းကို နောင်တွင် အမေရိကန်နိုင်ငံမှ LNG ဓာတ်ငွေ့များ အစားထိုးတင်သွင်းနိုင်ရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က ကြေညာခဲ့ပါသည်။ အဆိုပါစာချုပ်အရ အမေရိကန်နိုင်ငံမှ ဥရောပနိုင်ငံများသို့ ယခုနှစ်တွင် LNG ဓာတ်ငွေ့ ကုဗမီတာ ၁၅ ဘီလီယံ တင်ပို့သွားရမည်ဖြစ်ကြောင်း၊ အဆိုပါပမာဏသည် ယခင် စီစဉ်ထားသည့်ပမာဏထက်ပိုမိုသည်ဟု အိမ်ဖြူတော်က ထုတ်ပြန်ခဲ့ပါသည်။ ယမန်နှစ်က ရုရှားနိုင်ငံမှ ဂျာမနီတစ်နိုင်ငံတည်းကိုပင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၅၉ ဘီလီယံကျော်တင်ပို့ခဲ့ကြောင်း သိရပါသည်။

လွန်ခဲ့သည့် နှစ်လအတွင်း အမေရိကန်နိုင်ငံမှ LNG ဓာတ်ငွေ့တင်ပို့မှု သိသိသာသာတိုးတက်ခဲ့ကြောင်း၊ ယင်းအနက် ၇၀ ရာခိုင်နှုန်းသည် ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ယခင်က ၃၀ ရာခိုင်နှုန်း တင်ပို့ခဲ့ခြင်းထက် ပမာဏများစွာ ပိုမိုတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပ၏ စွမ်းအင်ဖြန့်ဖြူးမှုအစီအစဉ်က ၎င်း၏စွမ်းအင်သုံးစွဲမှုကို အကြီးမားဆုံးပြောင်းလဲသွားနိုင်သည်ဟု Evercore ISI သုတေသနအဖွဲ့က မကြာခင်အချိန်က ထုတ်ပြန်ခဲ့ကြောင်း သိရပါသည်။ အမေရိကန်နိုင်ငံသည် LNG ဓာတ်ငွေ့များကို ဥရောပနိုင်ငံများလိုအပ်သည့်ပမာဏထိ မထုတ်လုပ်နိုင်ဟု အချို့သောသုတေသီများက ပြောကြားခဲ့ကြောင်း၊ ဥရောပ၏ ဓာတ်ငွေ့ဝယ်လိုအားကို ပြည့်မီအောင်တင်ပို့နိုင်ရန် အခြားဝယ်လက်များမှ ပြန်လည်ဝယ်ယူတင်သွင်းသွားရန်လိုကြောင်း၊ အမေရိကန်နိုင်ငံ၏ LNG ဓာတ်ငွေ့များအား ယခင်ကပင် ရောင်းချစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သည့်အတွက် ဥရောပမှ ဝယ်လိုသူများအနေနှင့် ဈေးပိုပေးပြီး ဝယ်ယူတင်သွင်းရမည်ဖြစ်ကြောင်း သိရပါသည်။

Source: https://oilprice.com/Energy/Natural-Gas/EU-Inks-LNG-Deal-With-US-To-Replace-Russian-Gas.html

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

……………………………………………………………..

## တရုတ်နိုင်ငံတွင် သွားလာမှုကန့်သတ်လိုက်သည့်အတွက် အမေရိကန်တွင် ရေနံစိမ်းဈေးနှုန်းများ ၈ ရာခိုင်နှုန်းခန့်ထိ ကျဆင်း

တရုတ်နိုင်ငံ၊ ကိုရိုနာဗိုင်းရပ်စ် ပြန်လည်ကူးစက်ပြန့်နှံ့လာသည့်အတွက် ရှန်ဟိုင်းမြို့အပါအဝင် နေရာတစ်ချို့တွင် သွားလာမှုကန့်သတ်လိုက်သည့်အတွက် အမေရိကန်တွင် ရေနံစိမ်းဈေးနှုန်းများ ၈ ရာခိုင်နှုန်းခန့်ထိ ကျဆင်းခဲ့ကြောင်း၊ ၂၈-၃-၂၀၂၂ ရက်နေ့၊ ဈေးအဖွင့်တွင် West Texas Intermediate ရေနံစိမ်း ကြိုတင်ရောင်းဝယ်မှုဈေးသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၄.၅၀ ထိ၊ ရာခိုင်နှုန်းအားဖြင့် ၈.၂၅ ရာခိုင်နှုန်းနှင့် Brent ရေနံစိမ်း ကြိုတင်ရောင်းဝယ်မှုဈေးသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၁.၆၁ ထိ၊ ရာခိုင်နှုန်းအားဖြင့် ၇.၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း ၂၈-၃-၂၀၂၂ ရက်နေ့ထုတ် CNBC သတင်း ဝဘ်ဆိုဒ်တွင် ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ရေနံစိမ်း အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၁၅ သန်းသုံးစွဲပြီး တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၁၀.၃ သန်း တင်သွင်းကြောင်း Lipow Oil Associates ဥက္ကဋ္ဌဖြစ်သူ Mr. Andy Lipow ၏ ပြောကြားချက်အရ သိရပါသည်။

ရုရှားနိုင်ငံမှ လောင်စာဆီ အစားထိုး တင်သွင်းရောင်းချနိုင်မည့်နိုင်ငံများအား လိုလားရှာဖွေလျက်ရှိသည့် ယခုချိန်ခါတွင် တရုတ်နိုင်ငံတွင် ရှန်ဟိုင်းအပါအဝင် နေရာများတွင် သွားလာမှုကန့်သတ်တားမြစ်မှုများ ဆောင်ရွက်လာခြင်းသည် လောင်စာဆီဝယ်လိုအားအပေါ် များစွာသက်ရောက်လာစေကြောင်း Mr. Lipow က ပြောကြားခဲ့ပါသည်။ ထို့ပြင် ယူကရိန်းနှင့် ရုရှား နှစ်နိုင်ငံ နောက်ထပ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကလည်း လောင်စာဆီဈေးများ ကျဆင်းလာစေကြောင်း Commerz-bank က ပြောကြား ခဲ့ပါသည်။

ယခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းတွင် စတင်ခဲ့သည့် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် လောင်စာဆီဈေးကွက် သိသိသာသာ မတည်မငြိမ်မှုများဖြစ်ပေါ်လျက်ရှိပြီး ပဋိပက္ခစတင်သည့်နေ့မှာပင် ရေနံစိမ်း ဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော်ခဲ့ကာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ အနောက်နိုင်ငံများ၏ ရုရှားနိုင်ငံအပေါ် စီးပွားရေး အရေးယူပိတ်ပင်မှုများကြောင့် လာမည့်ဧပြီလတွင် ရုရှားနိုင်ငံ၏ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၃ သန်းကျော် ထွက်ရှိမှုအတွက် ဈေးကွက်အခက်အခဲ ဖြစ်လာနိုင်ပြီး ဝယ်သူသစ်များ ရှာဖွေရာတွင် အထူးသဖြင့် အိန္ဒိယနှင့် စာချုပ်ချုပ်ဆို ရောင်းချသွားနိုင်သည်ဟု သုတေသီများက ခန့်မှန်းကြကြောင်း၊ တရုတ်နိုင်ငံတွင် သွားလာမှု

ကန့်သတ်လိုက်သည့်အတွက် ဝယ်လိုအားကျဆင်းပြီး ရေနံစိမ်းဈေးကျဆင်းသည်ဆိုသော်လည်း ယနေ့တွင် ရေနံစိမ်း တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁၀၀ ကျော်တွင်ရှိနေသေးကြောင်း ဖော်ပြထား ပါသည်။

Source: https://www.cnbc.com/2022/03/28/oil-slides-7percent-as-shanghai-lockdown-prompts-demand-fears.html

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

……………………………………………………………………………………………

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

## နွေရာသီ ကောက်ပဲသီးနှံပြည့်မီစွာထုတ်လုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံက အားထုတ်ကြိုးပမ်းလျက်ရှိ

ယခုနှစ် နွေဦးရာသီ စိုက်ပျိုးရေးကာလအတွင်း ထုတ်လုပ်မှုပြည့်မီစေရန် လိုအပ်နေသည့် ပိုတက်ရှ်ဓာတ်မြေဩဇာများကို အရန်သိုလှောင်ထားရှိသည့်အထဲမှ မက်ထရစ်တန် ချိန် (၁)သန်းအား တရုတ်နိုင်ငံက ဈေးကွက်အတွင်း ဖြန့်ဖြူးပေးလိုက်ပါသည်။

ဤကြိုးပမ်းမှုမှာ ပြီးခဲ့သည့်နှစ် ဆောင်းဦးစိုက်ပျိုးရာသီကာလအတွင်း ရေလွှမ်းမိုးမှုများ ကြောင့် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများနှင့် ခက်ခဲမှုများကြား၌ နွေရာသီကောက်ပဲသီးနှံများ ရိတ် သိမ်းရာတွင် စိတ်ချရစေရန် တရုတ်နိုင်ငံ၏ အားထုတ်ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ် ဆောင်းဦးရာသီအတွင်း ရေကြီးရေလျှံမှုများကြောင့် ဟာပေ၊ ရှန်စီး၊ ရှန်တုန်း၊ ဟာနန်နှင့် ရှန်းရှီးပြည် နယ်များရှိ ဂျုံစိုက်ပျိုးသည့် ဟက်တာ (၇.၃၃) သန်းခန့်တွင် စိုက်ပျိုးထွန်ယက်မှုများကို လယ်သမား များက ရပ်ဆိုင်းထားခဲ့ရပါသည်။ ၎င်းဧရိယာမှာ တရုတ်နိုင်ငံရှိ စုစုပေါင်းဂျုံစိုက်ပျိုးဧရိယာ၏ သုံးပုံ တစ်ပုံခန့် ရှိပါသည်။

၂၀၂၂ ခုနှစ် ကောက်ပဲသီးနှံထုတ်လုပ်မှုကို ကီလိုဂရမ် (၆၅၀) ဘီလီယံအထက် ရောက်ရှိစေ ရေးသေချာစေရန် တရုတ်နိုင်ငံက ရည်မှန်းချက်ချမှတ်ထားပါသည်။ ရည်မှန်းထားသည့် အထွက်နှုန်း ပြည့်မီစေရန် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဘဏ္ဍာငွေကြေး အထောက်အပံ့ပေးမှုများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ပြီးခဲ့သည့်နှစ်တွင် ဗဟိုအစိုးရက စိုက်ပျိုးရေးနှင့် ရိတ်သိမ်းရေးအတွက် ပြည်နယ် (၅) ခုသို့ သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး ရန်ပုံငွေများကို တစ်ကြိမ်ထုတ်ပေးခဲ့ပြီး၊ ယွမ် (၁.၄) ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁၉.၉ သန်းခန့်) ရှိခဲ့ပါသည်။ ဂျုံစိုက်ပျိုးရေးအတွက်လည်း ယခုလအစောပိုင်း၌ ယွမ် (၁.၆) ဘီလီယံ အထောက်အပံ့ပေးခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေးသွင်းအားစုများ၏ ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် စိုက်ပျိုးတောင်သူများကို ကာကွယ်ပေးရန် တစ်သီးပုဂ္ဂလ လယ်သမားများ၊ မိသားစုလယ် ယာမြေများ၊ လယ်သမား သမဝါယမများ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ အပါအဝင်ကောက်ပဲသီးနှံထုတ်လုပ်သူများထံ ဗဟိုအစိုးရက ယွမ်ငွေ ဘီလီယံ (၂၀) ကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။

ထိုအတောအတွင်း ဆောင်းရာသီဂျုံစိုက်ပျိုးထုတ်လုပ်သည့်ပြည်နယ်များသို့ နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက လုပ်ငန်းအဖွဲ့ပေါင်း (၁၁) ဖွဲ့ကို စေလွှတ်ခဲ့ပါသည်။

နွေဦးရာသီ စိုက်ပျိုးရေးတွင် ခေတ်မီစက်ပစ္စည်းများမှာ အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သဖြင့် လယ်ထွန်စက်၊ စိုက်ပျိုးစက်၊ စပါးမျိုးစေ့ မြေချစက်နှင့် အခြားလယ်ယာစိုက်ပျိုးရေးအသုံးအဆောင်စက်ပစ္စည်းပေါင်း (၂၂) သန်းကျော်ကို အသုံးပြုကြမည်ဟုလည်း မျှော်လင့်ထားပါသည်။ တရုတ်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက လယ်သမားများ၏ ကျွမ်းကျင်မှုအတွက် သင်တန်းများပို့ချပေးခြင်း၊ လက်ကမ်းစာစောင်ပေါင်း (၃) သန်းကျော်ကို ဖြန့်ဖြူးပေးခြင်း၊ အွန်လိုင်းသင်တန်းပေါင်း (၂,၉၅၂) ခုကို ပို့ချပေးခြင်းတို့ကိုလည်း ပြုလုပ်ဆောင်ရွက်ပေးထားပါသည်။

ထိုကဲ့သို့ပြုလုပ်ပေးထားသဖြင့် ဆောင်းရာသီ ဂျုံပျိုးပင်ပေါက်များ၏ (၈၀.၈) ရာခိုင်နှုန်းမှာ စံသတ်မှတ်ထားသည့်အတိုင်း ပြည့်မီခဲ့ပြီး၊ ဆောင်းရာသီမတိုင်မီကာလထက် (၁၀.၃) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ သို့ရာတွင် ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်၏ အဆိုအရ ဂျုံသီးနှံမှာ အပူချိန်ကျဆင်းခြင်း၊ နှင်းကျခြင်း၊ မိုးခေါင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါများအပါအဝင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သိရပါသည်။ ဆိုးရွားသည့် ရာသီဥတုအခြေအနေများကို ကာမိစေရန် ဝန်ကြီးဌာနက စီမံကိန်းများ ပြုလုပ်ထားပြီး၊ ဒေသခံများကိုလည်း သင့်လျော်သည့်ပြင်ဆင်မှုများပြုလုပ်ထားကြရန် တိုက်တွန်းထားကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

Agribusiness & Trade

## အာဆီယံနိုင်ငံများမှ တရုတ်တိုင်းရင်းဆေးများ တင်သွင်းရေးအတွက် စစ်ဆေးမည့်နေရာ တစ်နေရာထပ်မံခွင့်ပြုလိုက်သည့် တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ယခုအခါ အာဆီယံနိုင်ငံများမှ တရုတ်နိုင်ငံသို့ တင်သွင်းလာသည့် တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်းများကို ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချုံးကျိုရှိ Aidian စစ်ဆေးရေးဂိတ်မှတစ်ဆင့် တင်သွင်းခွင့်ပြုလိုက်ပြီ ဖြစ်ပါသည်။ ၎င်းဆုံးဖြတ်ချက်ကို နိုင်ငံတော်ကောင်စီ၊ တရုတ်အကောက်ခွန်ဌာနနှင့် နိုင်ငံတော် ဆေးဘက်ဆိုင်ရာပစ္စည်းများ စီမံခန့်ခွဲရေးတို့မှ အတည်ပြုဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

ယခုအခါ ကွမ်ရှီးမှာ တရုတ်–အာဆီယံ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများဖွံ့ဖြိုးလာခြင်းနှင့်အတူ အာဆီယံနိုင်ငံများမှ တရုတ်တိုင်းရင်းဆေးဝါးကုန်ကြမ်းများကို တင်သွင်းရေးအတွက် အဓိကလမ်းကြောင်း တဖြည်းဖြည်းဖြစ်လာကြောင်း၊ အာဆီယံမှ တရုတ်တိုင်းရင်းဆေးကုန်ကြမ်းများကို  ကွမ်ရှီး စစ်ဆေးရေးဂိတ်များမှ တင်သွင်းသည့်ပမာဏမှာ ၂၀၂၀ ပြည့်နှစ်မှစ၍ နှစ်နှစ်ဆက်တိုက် ပထမနေရာတွင် ရှိခဲ့ကြောင်း ကွမ်ရှီးဒေသ၏ ဆေးဘက်ဆိုင်ရာပစ္စည်းများ စီမံခန့်ခွဲရေးအကြီးအကဲ Huang Chen က မှတ်ချက်ပြုပြောကြားပါသည်။

ယခုအချိန်အထိ ကွမ်ရှီးတွင် တရုတ်တိုင်းရင်းဆေးများ တင်သွင်းနိုင်သည့် စစ်ဆေးရေးဂိတ် (၅) ခု ရှိပြီဖြစ်ပါသည်။  ၎င်းတို့မှာ နန်နင်း၊ ချုံးကျိုရှိ Aidian စစ်ဆေးရေးဂိတ်နှင့် Pingxiang  ဂိတ်၊ ဖန်ချန်းကန်ရှိ Dongxing စစ်ဆေးရေးဂိတ်၊ ပိုင်စဲ့ရှိ Longbang စစ်ဆေးရေးဂိတ်များ ဖြစ်ကြပါသည်။ ၎င်းဂိတ်များတွင် မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီး ယားအပါအဝင် အာဆီယံနိုင်ငံများနှင့် လုပ်ငန်းဆောင်ရွက်လျက် ရှိပါသည်။

အနာဂတ်တွင် ရှားပါးသည့် တရုတ်တိုင်းရင်းဆေးကုန်ကြမ်းများကို တင်သွင်းရေးအတွက် ပြုပြင်ထုတ်လုပ်သည့်အခြေပြုနေရာများကို တည်ဆောက်သွားရန် ကွမ်ရှီးက အရှိန်မြှင့်တင်၍ ဆောင်ရွက်သွားမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..........................................................................

## ကုန်းတွင်းဆိပ်ကမ်းများမှ ထွက်ခွာသည့် ပို့ကုန်ပစ္စည်းများအတွက် အခွန်ငွေပြန်အမ်းသည့်စမ်းသပ်စီမံကိန်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၏ ကုန်းလမ်းဆိပ်ကမ်းမှ ထွက်ခွာရာတွင် အခွန်ငွေပြန်အမ်းသည့် စမ်းသပ်အစီအစဉ်အရ ပထမဆုံးစတင်ဆောင်ရွက်မှုကို ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပေပုပင်လယ်ကွေ့ဆိပ်ကမ်း၌ မတ်လ (၁၂) ရက်နေ့တွင် စတင်ခဲ့ပါသည်။

၎င်းစီမံကိန်းမှာ တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဌာနနှင့် နိုင်ငံတော်အခွန်အကောက် စီမံခန့်ခွဲရေးတို့၏ ဖေဖော်ဝါရီလ (၂၈) ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာချက်တွင် ပြဌာန်းထားသည့် လိုအပ်ချက်များနှင့်ပြည့်မီသော လုပ်ငန်းများက ပို့ကုန်တင်ပို့ရန် တံခါးဖွင့်ပေးခြင်း ဖြစ်ပါသည်။

၎င်းလုပ်ငန်းများမှ ကုန်စည်များသည် ရှန်းစီး (Shaanxi) ပြည်နယ်၊ ရှီအန်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေးဇုန်မှ ထွက်ခွာနိုင်ပြီး၊ ၎င်းနေရာတွင် အကောက်ခွန်ရှင်းလင်းမှုပြုလုပ်ကာ၊ တရုတ်မီးရထားနှင့် ၎င်း၏ လက်အောက်ခံဌာနများမှ ကုန်တင်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပြီး၊ ပေပုပင်လယ်ကွေ့ဆိပ်ကမ်းသို့ရောက်ရှိသည့်အခါ ပို့ကုန်တင်ပို့ရန်အတွက် ကုန်သေတ္တာများအတွင်း ထည့်သွင်း၍ တင်ပို့ရမည် ဖြစ်ပါသည်။ ရှန်းစီးတွင် အကောက်ခွန်ရှင်းလင်းမှုပြီးဆုံးသည်နှင့် ကုမ္ပဏီများက အခွန်ငွေ ပြန်လည်ရရှိရေးအတွက် လျှောက်ထားနိုင်ကြပါသည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် မတည်ငွေရင်း အသုံးပြုမှုကို အချိန်တိုတိုနှင့် အကျိုးများစေလျက်၊ ဘဏ္ဍာရေးဖိအားများကိုလည်း ဖယ်ရှားပေးပါသည်။

ယခုစမ်းသပ်အစီအစဉ်ကို တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်များရှိ ကုမ္ပဏီများပိုမိုအသုံးချလာစေရန်နှင့် ပို့ကုန်တင်ပို့မည့်ဆိပ်ကမ်းအား ပေပုပင်လယ်ကွေ့ ဆိပ်ကမ်းကိုရွေးချယ်စေရန် ကွမ်ရှီးက မျှော်လင့်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ပင်လယ်ရေကြောင်းလမ်းကုန်သွယ်ရေးစင်္ကြံအသစ်၏ ဝန်ဆောင်မှုစွမ်းရည်အား အကောင်းဆုံးဖြစ်ပေါ်လာစေရန် ကွမ်ရှီးကအရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

.....................................................................

## ရပ်ဝန်းနှင့် ပိုးလမ်းမ ရင်းနှီးမြှုပ်နှံသူ အပတ်စဉ်သတင်း

### တရုတ်ဘဏ်များကို SWIFT ဖြတ်တောက်ရန် အမေရိကန်လွှတ်တော်အမတ်များက အဆိုပြုနေ

အမေရိကန်လွှတ်တော်အမတ်များ အဆိုပြုထားသည့် "CURB CIPS Act of 2022" မှာ ကမ္ဘာတစ်ဝှမ်းသို့ ပြင်းထန်သည့်သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကာ၊ တရုတ်နိုင်ငံ၏ စီးပွားရေးလွှမ်းမိုးနိုင်မှုကို လျော့ကျစေမည် ဖြစ်ပါသည်။ အထူးသဖြင့် ၎င်းဥပဒေမှာ တရုတ်နှင့် ကမ္ဘာ့နိုင်ငံများ၏ ဘဏ္ဍာရေးသွားလာမှုများအားလုံးကို အမေရိကန်၏ ဗီတိုအာဏာအောက်သို့ ရောက်ရှိသွားစေနိုင်ပြီး၊ နောက်ပိုင်းတွင် ရုရှားနှင့် ကုန်သွယ်နေသည့် အခြားနိုင်ငံများကိုပါ တိုးချဲ့ထည့်သွင်းလာနိုင်ပါသည်။ ၎င်းဥပဒေမှာ တင်းမာမှုများကို ပိုမိုအရှိန်မြင့်လာစေမည်ဟု သုံးသပ်ရရှိပြီး၊ လက်ရှိအခြေအနေများကြောင့် ခက်ခဲလာသည့် ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုကွင်းဆက်ကို ပိုမိုဆိုးရွားလာစေနိုင်ပါသည်။

### အီရန်နိုင်ငံသို့ ကစ္စပီယန်ပင်လယ်ရပ်ဝန်းနိုင်ငံများထံမှ တင်သွင်းမှုပမာဏ(၁၉) ရာခိုင်နှုန်း မြင့်တက်ခဲ့

အီရန်နိုင်ငံသည် မကြာသေးမီက ပြီးဆုံးခဲ့သော ဘဏ္ဍာရေးနှစ် (၂၀၂၁ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့အထိကာလ) ၏ ပထမ (၁၁)လအတွင်း ကစ္စပီယန်ပင်လယ်ရပ်ဝန်းနိုင်ငံ (Caspian littoral states) (၄)နိုင်ငံဖြစ်သည့် ရုရှား၊ အဇာဘိုင်ဂျန်၊ တာ့ခ်မန်နစ္စတန်နှင့် ကာဇက်စတန်တို့ထံမှ သွင်းကုန်တင်သွင်းမှုမှာ ယခင်နှစ်ကထက် တန်ဖိုးအားဖြင့် (၅၃) ရာခိုင်နှုန်း၊ ပမာဏအားဖြင့် (၁၉) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၎င်းက ဥရောပနှင့် အာရှကို ဆက်သွယ်ထားသည့် INSTC ၏ ကုန်သွယ်မှုလမ်းကြောင်း သိသာထင်ရှားသည့် ကုန်သွယ်မှုလမ်းကြောင်းကို ပြသနေပါသည်။

### အပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ထိုင်းနှင့် ဥဇဘက်ကစ္စတန် နိုင်ငံတို့က ကြိုးပမ်းနေ

အာရှတိုက် အလယ်ပိုင်းနှင့် အရှေ့တောင်အာရှတို့အကြား နောက်ထပ်ကုန်သွယ်ရေးစကြီလမ်းကြောင်းတစ်ရပ် ဖွံ့ဖြိုးလာတော့မည့်လက္ခဏာများကြောင့် ဥဇဘက်ကစ္စတန် ကုန်သည်များအသင်းက ထိုင်းကုန်သွယ်ရေးကောင်စီနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲနေသည့် ဥဇဘက်ကစ္စတန်နိုင်ငံ**

ဥဇဘက်ကစ္စတန်နိုင်ငံက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အခြားပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သွားရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**အိန္ဒိယက ရုရှားရေနံများကို လျှော့ဈေးဖြင့် ဝယ်ယူနေပြီး၊ အခြားနည်းလမ်းဖြင့် ငွေပေးချေနိုင်မည့် လမ်းကြောင်းများကို စူးစမ်းရှာဖွေနေ**

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံစိမ်းများကို လျှော့ဈေးဖြင့် ဝယ်ယူနေပြီး၊ နှစ်နိုင်ငံအကြား ငွေပေးချေမှုများပြုလုပ်ရာတွင် အခြားနည်းလမ်းများဖြင့် ငွေပေးချေနိုင်မည့် လမ်းကြောင်းများကို စူးစမ်းရှာဖွေနေပါသည်။ သို့ရာတွင် တစ်ချိန်တည်း၌ ပထဝီအနေအထားအရ ထိစပ်နေမှု၊ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ချိန်ဆစရာများကြောင့် ယူကရိန်းပဋိပက္ခတွင် ပါဝင်နေသည့်နိုင်ငံအားလုံးနှင့် ဟန်ချက်ညီညီ မိတ်ဖက်ပြုဆောင်ရွက်နေသည့်ပုံ ပေါ်နေပါသည်။

**ရုရှားနိုင်ငံ၏ စီးပွားရေးအခြေအနေ**

မော်စကို အစုရှယ်ယာဈေးကွက် ပြန်လည်စတင်နေပြီ ဖြစ်သော်လည်း အစုရှယ်ယာဈေးနှုန်းများ ကျဆင်းနေပါသည်။ ရုရှားရူဘယ်လ်ငွေတန်ဖိုး ကျဆင်းနေခြင်းကြောင့် ကမ္ဘာပေါ်တွင် ရုရှားက လွှမ်းမိုးနိုင်သည့် ရွှေ၊ ပလက်တီနမ်၊ မြေရှားသတ္တုနှင့် စိန်တို့အပေါ် လှည့်ပြောင်းအာရုံစိုက်လာပါသည်။ ကမ္ဘာ့နိုင်ငံများ၏ ရွှေအရန်သိုလှောင်မှုများကြောင့် အမေရိကန်ဒေါ်လာမှာ ဆက်လက်ကျဆင်းလာရာ၊ ယခုဖြစ်ပွားနေသည့်အရေးကိစ္စမှာ တစ်ကမ္ဘာလုံး၏ အရေးကိစ္စ ဖြစ်လာပါသည်။

ရုရှားနိုင်ငံပိုင်ဘဏ်ဖြစ်သည့် VTB Bank က ယွမ်ငွေဖြင့် ငွေစုသည့်စာရင်းများဖွင့်လှစ်ရန် ၎င်း၏ဖောက်သည်များကို ဖိတ်ခေါ်နေပြီး၊ အများဆုံး အတိုးနှုန်း (၈) ရာခိုင် နှုန်းပေးမည်ဟု ကမ်းလှမ်းထားပါသည်။ ဘဏ်ဖောက်သည်အများအပြားက အခြားငွေကြေးများကို ရင်းနှီးမြှုပ်နှံလိုကြောင်းနှင့် ယွမ်ငွေမှာ စိတ်ဝင်စားမှုအမြင့်ဆုံးငွေကြေးဖြစ်ကြောင်း သိရပါသည်။

ရုရှားနိုင်ငံအနေဖြင့် ၎င်းကြုံတွေ့နေရသည့် များပြားလှစွာသော တားဆီးပိတ်ဆို့မှုများကြားတွင် ကမ္ဘာ့အရှေ့ပိုင်းနှင့် သယ်ယူပို့ဆောင်မှုများ တိုးတက်လာစေရန် စတင်ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုကွင်းဆက်အသစ်များကို တံခါးဖွင့်ပေးရန် လိုအပ်နေပါသည်။ ၎င်းလိုအပ်ချက်များတွင် ရုရှားနှင့် ကော့ကဆက် (Caucasus) လမ်းကြောင်းများ လည်းပါဝင်နေပြီး၊ လွယ်ကူလှသည်တော့

Agribusiness & Trade

မဟုတ်ချေ။ ထို့ကြောင့် အဇာဘိုင်ဂျန်၏ အဓိက ကစ္စပီယန်ပင်လယ်ဆိပ်ကမ်းဖြစ်သည့် Baku မှ တစ်ဆင့် ပိုမိုကောင်းမွန်စွာ ဝင်ထွက်နိုင်ရေး ဆောင်ရွက်ရန်သာ ရှိပါသည်။

**တရုတ်နှင့် ဥရောပသမဂ္ဂတို့၏ ဆက်ဆံရေး**

ယခုအခါ ရုရှားနိုင်ငံကို တားဆီးပိတ်ဆို့မှုများပြုလုပ်ထားသဖြင့် ဆိပ်ကမ်းများကိုလည်းဝင်ရောက်နိုင်ခြင်းမရှိ ဖြစ်လာသောကြောင့်၊ တရုတ်နှင့် ဥရောပသမဂ္ဂကို ချိတ်ဆက်ထားသည့် အဓိက ရထားလမ်းကြောင်းကို ကစ္စပီယန်ပင်လယ်အား အသုံးပြု၍ နည်းလမ်းစုံ သယ်ယူပို့ဆောင်မှုဖြင့် တောင်ဘက်သို့ ရွှေ့ပြောင်းဆောင်ရွက်လာရပါသည်။ လမ်းကြောင်းအသစ်အရ ကာဇက်စတန်နိုင်ငံ၊ ကစ္စပီယန် Aqtau ဆိပ်ကမ်းမှ အဇာဘိုင်ဂျန်နိုင်ငံ၊ Baku ဆိပ်ကမ်းသို့ ကစ္စပီယန်ပင်လယ်ကို ဖြတ်သန်းရန် လိုအပ်ပြီး၊ တူရကီနှင့် ပင်လယ်နက်သို့ ရထားလမ်းကြောင်းများဖြင့် ပြန်လည်ဆက်သွယ်ရမည် ဖြစ်ပါသည်။ ဥရောပသမဂ္ဂ တောင်ပိုင်းကို ဘူလ်ဂေးရီးယားနှင့် ရိုမေးနီးယားတို့ရှိဆိပ်ကမ်းများဖြင့် ထပ်မံချိတ်ဆက်ရန်လည်း လိုအပ်ရာ ၎င်းလမ်းကြောင်းမှာ ထိရောက်မှုမရှိဘဲဖြစ်နေဆဲဖြစ်ပါသည်။ ထို့ကြောင့် ဥရောပသမဂ္ဂနှင့် တရုတ်တို့က တူရကီနှင့် ဥရောပသမဂ္ဂတို့အကြား ရထားဆက် သွယ်မှုများကို တိုးတက်လာစေရေး အတူတကွတည်ဆောက်သွားရန် ကြိုးစားနေကြပါသည်။ ၎င်းကြိုးစားမှုမှာ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို ဥရောပသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ဝင်/ထွက်ပေါက် စီမံကိန်းနှင့် မိတ်ဖက်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြသနေပါသည်။

**"Eurasian Rail Alliance" ကို ပူးတွဲတည်ထောင်သွားမည့် ကာဇက်စတန်၊ အဇာဘိုင်ဂျန်နှင့် ဂျော်ဂျီယာ**

ကာဇက်စတန်၊ အဇာဘိုင်ဂျန်နှင့် ဂျော်ဂျီယာတို့က "Eurasian Rail Alliance" ကို ပူးတွဲတည်ထောင်သွားမည်ဖြစ်ပြီး၊ ဥရောပသို့ တင်ပို့ရာတွင် ရုရှားကို တစ်ထောက်နား ဖြတ်သန်းသွားခြင်းကို ရှောင်ရှားလျက်၊ ကစ္စပီယန်ကို ဖြတ်သန်းသွားသည့် အပြည်ပြည်ဆိုင်ရာလမ်းကြောင်းမှတစ်ဆင့် ဥရောပနှင့် အာရှသို့ ရထားလမ်း/ပင်လယ်ရေကြောင်းလမ်း ကုန်သေတ္တာများ ချောမွေ့စွာရောက်ရှိရေးပြုလုပ်သွားမည် ဖြစ်ပါသည်။

**စင်ကာပူအတွက် ဒစ်ဂျစ်တယ်သယ်ယူပို့ဆောင်ရေး Platform ရင်းနှီးမြှုပ်နှံမှုအသစ် ပြုလုပ်ထား**

Haulio Singapore သည် ရင်းနှီးမြှုပ်နှံသူအသစ်များဖြစ်ကြသည့် Ondine Capital နှင့် XA Network တို့နှင့်အတူ Temasek's Heliconia Capital မှ ဦးဆောင်သည့် Series A တွင် အမေရိကန်

ဒေါ်လာ (၇) သန်း တိုးမြှင့်၍ ရင်းနှီးမြှုပ်နှံလိုက်ပါသည်။ Haulio platform မှာ ၂၀၁၇ ခုနှစ်မှစ၍ ကုန်သေတ္တာ သယ်ယူပို့ဆောင်သူများကို သင်္ဘောတင်ပို့သူများနှင့် ချိတ်ဆက်ပေးထားပြီး ပေ(၂၀) ကုန်သေတ္တာပေါင်း (၂.၅) သန်းအတွက် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် တစ်နှစ်တည်း မှာပင် ကုန်သေတ္တာ (၂.၅) သန်း၏ ထက်ဝက်ကို လုပ်ငန်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကုန်ထုတ်လုပ်မှု ကွင်းဆက်ပြန်လည်နာလန်ထူလာမှုကြောင့် နှစ်ကုန်ပိုင်း၌ ဝင်ငွေကို (၃) ဆတိုးမြှင့်နိုင်မည်ဟု မျှော်လင့်ထားပါသည်။ Haulio ၏ ဝင်ငွေမှာ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၆) သန်း၊ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၄.၁)သန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ (၅.၈) သန်း အသီးသီး ရှိခဲ့ပါသည်။

ရင်းမြစ်၊ China Briefing
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.................................................................................................

## မတ်လ (၂၁) ရက်နေ့တွင် နိုင်ငံတကာ ရေနံစိမ်းကြိုရောင်း ကြိုဝယ်ဈေး သိသာစွာ မြင့်တက်လာ

မတ်လ (၂၁) ရက်နေ့တွင် နိုင်ငံတကာ ရေနံစိမ်း ကြိုရောင်းကြိုဝယ်ဈေးနှုန်း သိသာစွာမြင့်တက်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုရှိ WTI ရေနံစိမ်း အဓိကစာချုပ်ဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၁၀၉.၉၇) ဖြစ်ကာ၊ ဒေါ်လာ (၆.၆၇ မှ ၆.၈၈) ကြား မြင့်တက်ခဲ့ပါသည်။ Brent ရေနံစိမ်း ကြိုရောင်းကြိုဝယ်ဈေးနှုန်းမှ တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၁၁၁.၉၁) ဖြစ်ကာ၊ ဒေါ်လာ (၆.၈၅ မှ ၆.၅၂) ကြား မြင့်တက်ခဲ့ပါသည်။ ဥရောပမှာ ရုရှားအပေါ် အမေရိကန်၏ ရေနံတားဆီးပိတ်ဆို့မှုနောက်တွင် လိုက်ပါဆောင်ရွက်ရကောင်းနိုးနိုး မဝေခွဲနိုင်ဖြစ်နေပြီး၊ ၎င်းမသေချာမှုမှာ ဆက်လက်တိုးပွားနေဖွယ်ရှိပါသည်။ ယခင်က အီရန်က ဆော်ဒီနိုင်ငံမှ ရေနံတွင်းများအပေါ် တိုက်ခိုက်ပြီးနောက် ဖြစ်ပေါ်ခဲ့မှုများအပေါ် ချိန်ဆနေကြရာ၊ ယခု ရုရှားရေနံတင်ပို့မှု ကျဆင်းခြင်းကြောင့် ရောင်းလိုအားဘက်၌ ကြုံတွေ့ရဖွယ်ရှိလာနိုင်သည်များအပေါ် ဈေးကွက်က တစ်ဖန် အလေးထားနေရသည့် အခြေအနေမျိုး ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် ရေနံဈေးနှုန်းများ တက်လာခြင်း ဖြစ်ပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

## မတ်လ (၂၃) ရက်နေ့ရှိ စွမ်းအင်နှင့် ဆက်စပ်နေသည့်ကုန်စည်ဈေးနှုန်းသတင်းများ

**ရေနံစိမ်း**

ယူကရိန်းသမ္မတက ရုရှားနှင့်တင်းမာနေမှုများ အပြီးသတ်ရန်အတွက် NATO အဖွဲ့သို့ဝင်ရောက်ရန် ကြိုးစားတော့မည်မဟုတ်ကြောင်း ယူကရိန်းမီဒီယာသို့ ဖြေကြားပြီးနောက်၊ ရေနံစိမ်းဈေးနှုန်း ကျဆင်းခဲ့ပါသည်။ API အချက်အလက်များအရ ရေနံစိမ်း သိုလှောင်ထားရှိမှုမှာ စည်ပေါင်း (၄.၃) သန်း၊ ဓာတ်ငွေ့သိုလှောင်ထားရှိမှုမှာ စည်ပေါင်း (၆၂၆,၀၀၀) ကျဆင်းခဲ့ကာ၊ distillate oil သိုလှောင်ထားရှိမှုမှ စည်ပေါင်း (၈၂၆,၀၀၀) မြင့်တက်လာခဲ့သည်ဟု သိရပါသည်။ ရေနံဈေးနှုန်းများမှာ ရေတိုကာလတွင် များစွာမတည်ငြိမ်ဖွယ်ရှိနေပါသည်။ Trafigura အရ ဈေးကွက်တွင် ရုရှား၏ ရေနံစိမ်းနှင့် သန့်စင်ပြီးဆီများမှာ တစ်နေ့လျှင် စည်ပေါင်း (၂)သန်းမှ (၂.၅)သန်းကျ ဆုံးရှုံးသွားပြီး၊ အထူးသဖြင့် လက်တင်အမေရိကနှင့် အာဖရိကတို့မှ ဒီဇယ်ဈေးကွက်တင်းကြပ်နေသည့် အခြေအနေကြောင့် များစွာခက်ခဲနေပါသည်။

**ကတ္တရာ (Asphalt)**

မတ်လ (၂၁) ရက်နေ့တွင် Sinopec Shandong ၏ ကတ္တရာဈေးနှုန်းမှာ တည်ငြိမ်နေပြီး၊ တောင်ပိုင်းမှ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၅၀)မှ (၁၅၀) ကြား လျော့ကျသွားပါသည်။ ရှန်တုန်းရှိ Qilu Petrochemical မှာ coking material ထုတ်လုပ်သည့်ဘက်သို့ ပြောင်းလဲလိုက်ကာ၊ ကျန်သန့်စင်သည့်စက်ရုံများမှာမူ မူလအတိုင်း ထုတ်လုပ်နေပါသည်။ ကုန်ချောထုတ်လုပ်သည့်ဘက်တွင် အားနည်းနေပြီး၊ တင်ပို့မှုများ ယေဘုယျ အတိုင်းရှိနေပါသည်။ တရုတ်နိုင်ငံ အရှေ့ပိုင်းတွင်မိုးရွာသွန်းမှုများပြားနေခြင်းနှင့် ကပ်ရောဂါ အခြေအနေများကြောင့် ရောင်းလိုအား ကျဆင်းနေရာ အရောင်းအဝယ်များ အေးနေပါသည်။

**လောင်စာဆီ**

မတ်လ (၂၃) ရက်နေ့တွင် FU05 လောင်စာဆီစာချုပ်ဈေးနှုန်းမှာ တစ်တန်လျှင် (၂၇) ယွမ်တက်လာခဲ့ကာ ယွမ်ငွေ (၃,၉၉၆) ယွမ် ဈေးပေါက်ခဲ့ပါသည်။ lu06 လောင်စာဆီ အမျိုးအစားမှာမူ တစ်တန်လျှင် (၅၅) ယွမ်ကျဆင်းကာ ယွမ်ငွေ (၅,၀၉၄) ဈေးဖြစ်ပေါ်ခဲ့ပါသည်။ စင်ကာပူ၏ high sulphur ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ (၇.၁၅) ဒေါ်လာသို့ အနည်းငယ်မြင့်တက်ခဲ့ပြီး၊ low sulphur ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ (၂၄.၅) ဒေါ်လာဝန်းကျင်၌ တည်မြဲနေပါသည်။ ၎င်း(၂) မျိုး

Agribusiness & Trade

တို့ကြား၌ ဈေးနှုန်းကွာဟချက်မှာ အမေရိကန်ဒေါ်လာ (၂၁၇) ဒေါ်လာခန့် ရှိပါသည်။ ဥရောပအရှေ့ပိုင်းတွင် ပဋိပက္ခ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သဖြင့် နိုင်ငံတကာရေနံဈေးနှုန်းများမှာ ကျဆင်းခဲ့ပါသည်။ လောင်စာဆီရောင်းလိုအားမှာမူ အီရန်နှင့် ဗင်နီဇွဲလားတို့မှ ရေနံစိမ်းထုတ်ရောင်းမှုနှင့် ရုရှား၏ အနာဂတ် ပို့ကုန်တင်ပို့မှုပေါ်တွင် မူတည်နေပြီး၊ လက်တွေ့တွင် ရေနံစိမ်းရော၊ ဒုတိယအဆင့်ပစ္စည်းများရော၊ သန့်စင်ပြီး လောင်စာဆီများ တင်ပို့မှုကျဆင်းနေပါသည်။ ဝယ်လိုအားဘက်တွင် သင်္ဘောလိုင်းများ၊ ကုန်သေတ္တာများ၊ ဆီသယ်ယာဉ်များ အနည်းငယ် နည်းပါးနေပါသည်။ စွမ်းအင်ထုတ်လုပ်မှုပိုင်းတွင် အခြားနည်းလမ်းဖြစ်သည့် LNG ကုန်ကျစရိတ်များရှိနေပြီး ဆောင်းရာသီနှင့် နွေရာသီ အကြား ပြောင်းလဲအသုံးပြုရန် အာရုံစိုက်နေကြပါသည်။

ရေနံချက်စက်ရုံများတွင် ရုရှားနိုင်ငံရှိ လောင်စာဆီကုန်ကျစရိတ်များအပေါ် သတိထားစောင့်ကြည့်နေကြပြီး၊ အချို့နေရာများက ဝယ်ယူမှုများကို ပိုမိုပြုလုပ်ဖွယ်ရှိနေပါသည်။ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများမှာ ကျဆင်းခဲ့ပြီး နောက်ပိုင်းတွင် အမြင့်ပိုင်း၌ ဆက်လက်ရပ်တည်နေပါသည်။ ကုန်ကြမ်းများနှင့် hydrogenation ကုန်ကျစရိတ်များက low sulphur လောင်စာဆီဈေးနှုန်းကို သွယ်ဝိုက်၍ တွန်းအားပေးပါသည်။ ပေါင်းခံပြီးနောက် ထွက်လာသည့် အကြွင်းအကျန်များဖြင့် ထုတ်လုပ်ထားသော straight run fuel oil ဝယ်လိုအားက high sulphur ဈေးနှုန်းကို အပြောင်းအလဲ ဖြစ်စေပါသည်။ ဥရောပနှင့် အမေရိကတို့တွင် ရုရှားရေနံကို အစားထိုးရန်ရှာဖွေလာကြရာ straight run fuel အစားထိုးပစ္စည်းများ၏ ကုန်ကျစရိတ်နှင့် ဝယ်လိုအားကို တက်လာစေပါသည်။

ယခုအခါ ရာသီဥတု ပြန်လည်ပူနွေးလာကာ၊ တောင်အာရှရှိ စွမ်းအင်စက်ရုံများ၏ ဝယ်လိုအားမြင့်လာပြီဖြစ်သဖြင့် ရေနံစိမ်းမှာ အတက်အကျ များစွာဖြစ်ပေါ်နေပါသည်။ ရုရှားနှင့် ယူကရိန်းတို့၏ စေ့စပ်ညှိနှိုင်းမှုများနှင့် အီရန်နယူကလီးယား သဘောတူညီချက်တို့ကို အကောင်အထည်မဖော်ရသေးဘဲ၊ အကယ်၍အခြေအနေများ ဆက်လက်ဆိုးရွားနေခဲ့ပါက လာမည့်တတိယလေးလပတ်တွင် ရောင်းလိုအားဘက်၌ သိသိသာသာပြန်လည် မြင့်တက်လာနိုင်ဖွယ်မရှိပါ။ ရေနံစိမ်းနှင့် သန့်စင်ပြီး လောင်စာဆီ လက်ကျန်များမှာလည်း နည်းနေသဖြင့် လောင်စာဆီလိုအပ်ချက်များ ကမ္ဘာတစ်ဝှမ်းတွင် မြင့်တက်လာနိုင်ပါသည်။

**မက်သနော**

ကျင်းစုပြည်နယ်၌ မတ်လ (၂၂) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် မက်သနော လက်ငင်းအရောင်းအဝယ်ဈေးနှုန်း မြင့်တက်ခဲ့ပါသည်။ မတ်လမှ ဧပြီလအတွင်း တရုတ်ပြည်မကြီးတွင် ကုန်ကြမ်းထိန်းသိမ်းသည့်စက်များ တိုးမြှင့်မည်ဖြစ်ပြီး၊ ထုတ်လုပ်မှုမှာမူ အကန့်အသတ်ရှိနိုင်မည် ဖြစ်ပါသည်။ ပထမ(၃)လအတွင်း သွင်းကုန်ပမာဏ အကန့်အသတ်ရှိ နေသောကြောင့်၊ ဒုတိယသုံးလပတ်တွင် သွင်းကုန်မြင့်တက်ဖွယ်ရှိပါသည်။ olefins ဝယ်လိုအားမှာ ယခင်နှစ်ကထက် နည်းပါးခဲ့သော်လည်း ပြီးခဲ့သည့်လကထက် မြင့်မားခဲ့ပါသည်။ သမားရိုးကျ ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဝယ်လိုအားမှာ ပိုမိုအားကောင်း နေပါသည်။ မကြာသေးမီက ဆိပ်ကမ်းသိုလှောင်မှုမှာ အနည်းငယ်မြင့်တက်ခဲ့သည်ကိုတွေ့ရပါသည်။ မက်သနော ရောင်းလိုအားနှင့် ဝယ်လိုအားမှာ မျှတနေပြီး၊ ရေနံဈေးနှုန်းများမှာ များစွာအတက်အကျ ဖြစ်နေရာ၊ ဆက်လက်စောင့်ကြည့်ရမည့် အနေအထား ဖြစ်ပါသည်။

**LPG**

မတ်လ (၂၃) ရက်နေ့တွင် PG05 စာချုပ်ဈေးနှုန်းမှာ တစ်တန်လျှင် (၇၇) ယွမ် ကျဆင်းခဲ့ပြီး (၆,၁၀၆) ယွမ်ဖြင့် ချုပ်ဆိုခဲ့ပါသည်။ တရုတ်တောင်ပိုင်းရှိ လက်ငင်း အရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် (၅၀) မြင့်တက်ခဲ့ပြီး (၆,၈၅၀)ယွမ်မှ (၆,၈၈၀) ယွမ် ကြား ဖြစ်ပါသည်။ တရုတ်နိုင်ငံအရှေ့ပိုင်းတွင် တစ်တန်လျှင် (၆,၆၅၀) ယွမ်နှင့် ရှန်တုန်းပြည်နယ်၌ တစ်တန်လျှင် (၆,၉၁၀) ယွမ်ဖြစ်ပါသည်။

ဥရောပအရှေ့ပိုင်းတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ရေနံဈေးနှုန်းများ မတည်မငြိမ်ဖြစ်နေရာ ရေနံချက်စက်ရုံများ စတင်လည်ပတ်မှု ကျဆင်းခဲ့ပြီး၊ ပြည်တွင်း ဓာတ်ငွေ့ရောင်းလိုအားကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။ ရောင်းချသည့်နေရာများကိုမူ တိုးမြှင့်ထားမည်ဟု မျှော်လင့်ထားပါသည်။ ကပ်ရောဂါအခြေအနေများကြောင့် အချို့နေရာများ၌ ဝယ်လိုအား ကျဆင်းခဲ့ကာ၊ လောင်စာဆီများ ဖြန့်ဖြူးမှုမှာလည်း အကန့်အသတ်ရှိခဲ့ပါသည်။ ထို့ကြောင့် ဓာတုဗေဒဆိုင်ရာလုပ်ငန်းတည်ဆောက်မှုများ တိုးတက်ရန် အခက်အခဲ ရှိနေပါသည်။ ထို့ကြောင့် ခြုံငုံသုံးသပ်ရလျှင် တရုတ်နိုင်ငံ၌ PG ရောင်းလိုအားနှင့် ဝယ်လိုအား အားနည်းနေပါသည်။

Agribusiness & Trade

## Styrene ရာဘာတု

မတ်လ (၂၂) ရက်နေ့တွင် တရုတ်နိုင်ငံအရှေ့ပိုင်း၌ styrene ရာဘာတု လက်ငင်းအရောင်း အဝယ်ဈေးနှုန်းမှာ (၉,၇၀၀) ယွမ်ဖြစ်ပြီး၊ (၈၅) ယွမ် မြင့်တက်လာကာ၊ စက်ရုံများ ပြင်ဆင်မွမ်းမံမှု များပြီးနောက် စက်လည်ပတ်သည့်နှုန်းမှာ ပြန်လည်များပြားလာပါသည်။ စက်များပြင်ဆင်မွမ်းမံ သည့်အစီအစဉ်အရ စက်လည်ပတ်သည့်နှုန်းမှာ မတ်လနှောင်းပိုင်းတွင် အနည်းငယ်ကျဆင်းကာ ထုတ်လုပ်မှု နည်းပါးနေဦးမည် ဖြစ်ပါသည်။ ကုန်ချောထုတ်လုပ်မှုပိုင်းတွင်လည်း ကပ်ရောဂါအခြေ အနေများ၏ အဓိကသက်ရောက်မှုကြောင့် များစွာကျဆင်းနေပါသည်။ ထိုအချက်က သိုလှောင်ထား ရှိမှုများကို လက်ရှိအဆင့်၌ တည်ငြိမ်အောင် ထိန်းထားနိုင်ဆဲ ဖြစ်နေပါသည်။ ၎င်းအချက်များအရ ရေနံစိမ်းဈေးနှုန်းနှင့် နောက်ခံကုန်ကျစရိတ်များပေါ်မူတည်သည့် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော် ဈေးအတက်အကျလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်မည်ဟု သုံးသပ်ထားပါသည်။

## သဘာဝရာဘာ

ကမ္ဘာတစ်ဝှမ်း၌ ထုတ်လုပ်မှုလျော့ချနေသည့်ကာလ ဖြစ်နေဆဲဖြစ်သောကြောင့်၊ မတ်လမှ ဧပြီလအထိ ကာလအတွင်း ထုတ်လုပ်မှုအနိမ့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဖြစ်ကာ၊ မတ်လအတွင်း တရုတ်နိုင်ငံသို့ တင်သွင်းမည့်ပမာဏမှာလည်း လျော့နည်းမည်ဟု ခန့်မှန်းထားပါသည်။ တစ်ဖက် တွင်လည်း ရာဘာဝယ်လိုအား အလွန်လျော့နည်းနေပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း ကုန်တင်ယာဉ် ကြီးများ၏ ကားတာယာအစားထိုးမှုများ နည်းပါးခဲ့ခြင်း၊ ရေနံဈေးနှုန်း ကြီးမြင့်နေခြင်းနှင့် ကပ်ရော ဂါကာကွယ်ရေးကန့်သတ်ချက်များကြောင့် သယ်ယူပို့ဆောင်မှုများ နှောင့်နှေးနေခြင်းတို့မှာ ရာဘာ ဈေးကွက်နှောင့်နှေးစေသည့် အချက်များ ဖြစ်ပါသည်။ တာယာရောင်းလိုအားပိုင်းတွင် မော်တော် ယာဉ်အသစ်များ ထုတ်လုပ်ရန် chip များ ပြတ်လတ်နေဆဲဖြစ်သဖြင့် ထုတ်လုပ်မှု လျော့ကျနေပါ သည်။ ပြီးခဲ့သည့်လအတွင်း သံမဏိတာယာများထုတ်လုပ်မှုနှုန်းမှာ (၁၀) ရာခိုင်နှုန်းထပ်မံကျဆင်းခဲ့ ကာ (၅၂) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ အလားတူကာလနှင့်နှိုင်းယှဉ်ပါက ပိုမိုလျော့ နည်းခဲ့ပါသည်။ ထို့ကြောင့် ရာဘာဈေးနှုန်း နည်းပါးနေသော်လည်း ဝယ်လိုအားဘက်၌ အခြေအနေ ဆက်လက်ဆိုးရွားနေဆဲဖြစ်ကြောင်း တွေ့ရှိပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

## တရုတ်ပြည်တွင်း ဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းများ၏ ဈေးကွက်အခြေအနေ

**Monoammonium Phosphate**

မတ်လ (၂၄) ရက်နေ့တွင် Jiyuan Wanyang Fertilizer Co., Ltd. က monoammonium phosphate အမှုန့်များကို တစ်တန်လျှင် (၃,၅၀၀) ယွမ်ဖြင့် ရောင်းချရန် ကမ်းလှမ်းခဲ့ပြီး၊ ၎င်းဈေးနှုန်းမှာ ယာယီတည်ငြိမ်နေပါသည်။ စုစုပေါင်း ရရှိနိုင်သည့်ပမာဏမှာ တစ်နှစ်လျှင် တန်ချိန် (၂)သိန်းဖြစ်ပြီး၊ တစ်နေ့လျှင် တန် (၄၀၀) ထွက်ရှိပါသည်။

၎င်းနေ့ရက်၌ Anhui Sirte ၏ monoammonium phosphate (55%) အတွက် စက်ရုံဈေးမှာ တစ်တန်လျှင် (၃,၆၀၀) ယွမ် ဖြစ်ပြီး၊ ဈေးနှုန်းယာယီတည်ငြိမ်နေကာ ပုံမှန်ထုတ်လုပ်နေပါသည်။ စုစုပေါင်း ရရှိနိုင်သည့်ပမာဏမှာ တစ်နှစ်လျှင် တန်ချိန် (၉)သိန်းဖြစ်ပြီး၊ တစ်နေ့လျှင် တန် (၂,၀၀၀) ထွက်ရှိပါသည်။

**Granular Diammonium Phosphate**

မတ်လ (၂၄)ရက်နေ့တွင် Hubei Yihua Chemical Co., Ltd. ၏ granular diammonium phosphate (64%) အတွက် စက်ရုံဈေးမှာ တစ်တန်လျှင် (၃,၆၄၀)ယွမ် ဖြစ်ပါသည်။ စုစုပေါင်းရရှိနိုင်သည့်ပမာဏမှာ တစ်နှစ်လျှင် တန်ချိန် (၂.၁)သန်းဖြစ်ပြီး၊ တစ်နေ့လျှင် တန် (၅,၈၀၀) ထွက်ရှိပါသည်။

၎င်းနေ့တွင် Shanghai Shijian Industrial Co., Ltd. က စက်မှုလုပ်ငန်းသုံး grade diammonium phosphate (98%)အတွက် ကမ်းလှမ်းသည့်ဈေးနှုန်းမှာ တစ်တန်လျှင် (၁၁,၄၀၀) ယွမ်ဖြစ်ပြီး၊ ဈေးနှုန်းယာယီတည်ငြိမ်နေပါသည်။

**ယူရီးယား**

မတ်လ (၂၄) ရက်နေ့တွင် ရှန်တုန်းပြည်နယ်ရှိ ယူရီးယား လက်ငင်းဈေးနှုန်းမှာ ယခင်နေ့က ထက်မြင့်တက်ခဲ့ပါသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပျမ်းမျှယူရီးယား အထွက်နှုန်းမှာ (၁၆၀,၆၀၀)တန်ဖြစ်ကာ၊ ပြီးခဲ့သည့်လကထက် တန်ချိန် (၂၀၀)၊ ပြီးခဲ့သည့်နှစ်ကထက် တန်ချိန် (၆၀၀) ပိုမိုခဲ့ပါသည်။ ရှန်းစီးပြည်နယ်တွင် သဘာဝပတ်ဝန်းကျင် ဆိုင်ရာကာကွယ်မှုများ၏ သက်ရောက်မှုကြောင့် ရေတိုကာလတွင် ထုတ်လုပ်မှုများကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။ တရုတ်

Agribusiness & Trade

ပြည်တွင်း၌ လယ်ယာစိုက်ပျိုးရေးဝယ်လို အားမြင့်မားသည့်ကာလသို့ ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်ပါသည်။ ဥပဒေအရ စစ်ဆေးသည့်မူဝါဒ၏ သက်ရောက်မှုကြောင့် ဓာတ်မြေဩဇာတင်ပို့မှုကို ဆက်လက်ကန့်သတ်ထားဖွယ် ရှိပါသည်။ မကြာသေးမီက စီးပွားရေးလုပ်ငန်းများ၏ လက်ဝယ်ရှိ ဓာတ်မြေဩဇာများမှာလည်း ကျဆင်းလာသည်ဟု သိရပါသည်။ ရေတိုကာလ ရောင်းလိုအားကျ ဆင်းလာခြင်းနှင့် ဝယ်လိုအား အဘက်ဘက်ကရှိနေခြင်းတို့ကြောင့် ယူရီးယားဓာတ်မြေဩဇာမှာ တက်ရိပ် ပြနေပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................................................

## ဟောင်ကောင်ဒေသ စီးပွားရေးဆိုင်ရာ သတင်းများ

### ဟောင်ကောင်ဒေသ၌ ဖေဖော်ဝါရီလအတွင်း ကုန်စျေးနှုန်းများ လွန်ကဲစွာမြင့်တက်ခဲ့ပြီး ဟင်းသီးဟင်းရွက်များ ပြတ်လပ်မှုအပေါ် ဝေဖန်ပြစ်တင် ပြောကြားလျက်ရှိခြင်း

ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကုန်စျေးနှုန်း (၁.၆) ရာခိုင်နှုန်းမြင့် တက်ခဲ့ကြောင်း၊ အဆိုပါ မြင့်တက်ခဲ့သည့် အဓိကအကြောင်းအရင်းမှာ လတ်ဆတ်သော ဟင်းသီး ဟင်းရွက်များ၏ စျေးနှုန်းများ ရုတ်တရက် မြင့်တက်ခဲ့ခြင်း ကြောင့်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Inflation worsens in Feb, with vegetables to blame" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြ ထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ စာရင်းအင်းနှင့် ကိန်းဂဏန်းဌာနမှ တနင်္လာနေ့ (၂၁-၃-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုန်စျေးနှုန်းညွှန်းကိန်းအရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၏ ကုန်စျေးနှုန်းမှာ ဇန်နဝါရီလ၏ ကုန်စျေးနှုန်း (၁.၂) ရာခိုင်နှုန်းထက် မြင့်မားလျက်ရှိ သော်လည်း ခန့်မှန်းထားသည့် (၂) ရာခိုင်နှုန်းအောက် လျော့နည်းဆဲဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော် ဝါရီလအစောပိုင်းတွင် ဟောင်ကောင်နှင့် ရှန်းကျန့်ဒေသအကြား နယ်စပ်ဖြတ်ကျော် ကုန်တင်ကား မောင်းနှင်သူများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရရာ ယာဉ်မောင်းများ နယ်စပ်ဒေသ၌ ပိတ်မိခဲ့ ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကင်းစင်ပြီးပြန်လည်ကောင်းမွန်ရန်နှင့် လုပ်ငန်းခွင်သို့ပြန်လည်ဝင်

ရောက်ရန် ရက်သတ္တပတ် အနည်းငယ်ကြာ စောင့်ဆိုင်းရသောကြောင့် လတ်ဆတ်သောဟင်းသီးဟင်းရွက်ဈေးနှုန်းမှာ (၃) ဆ မြင့်တက်ခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဒေသအစိုးရပြောရေးဆိုခွင့်ရှိသူမှ ပြောကြားခဲ့ရာတွင် ယခင်နှစ် ဖေဖော်ဝါရီလလယ်ပိုင်းနှင့် ယခုနှစ်ဖေဖော်ဝါရီလအစောပိုင်းမှာ တရုတ်နှစ်သစ်ကူးကာလနှင့် တိုက်ဆိုင်လျက်ရှိပြီး နှစ်စဉ်ကိန်းဂဏန်းစာရင်းများအား နှိုင်းယှဉ်ကြည့်ရာတွင် ပထမ (၂) လ အတွင်းတွင် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှကုန်ဈေးနှုန်း မြင့်တက်မှုမှာ (၁.၅) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အခြေခံ စားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ မြင်တက်သကဲ့သို့ ပို့ဆောင်ဆက်သွယ်ရေးနှင့် အဝတ်အထည် ဈေးနှုန်းများမှာလည်း မြင့်တက်ခဲ့ကြောင်း၊ တရုတ်ပြည်မကြီးမှ စားသောက်ကုန်များ ပြန်လည်တင်သွင်းမှု ပုံမှန်ဆောင်ရွက်နိုင်ခြင်းသည် စားသောက်ကုန် ဈေးနှုန်းများအပေါ် ဖိအားများကိုထိန်းချုပ်ပေးနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..........................................................................

## ဟောင်ကောင်ဒေသ၌ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် ဖိုရမ်လက်ခံကျင်းပပြုလုပ်မည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်ရန် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ(၂၀၀) ဦးအထိခန့်အား ဖိတ်ကြားမည်ဖြစ်ပြီး ဟောင်ကောင်ဒေသအား စီးပွားရေး အချက်အချာကျသည့်ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခြင်းဖြင့် Rugby games အား ကြည့်ရှုနိုင်မည်ဖြစ်ပြီး တရုတ်ပြည်မကြီးသို့လည်း သွားရောက်နိုင်မည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “HK looks to host forum for foreign investors” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသွားမည်ဟု ဟောင်ကောင်ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ပြောကြားခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလက စတင်၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဉ္စမလှိုင်း ဖြစ်ပွားလျက်ရှိခြင်းအား ကိုင်တွယ်ဖြေရှင်းနေရပြီး ကူးစက်မှု စုစုပေါင်း

(၁) သန်းကျော်နှင့် သေဆုံးသူ (၆,၀၀၀) ဦး ကျော်ရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ထိန်းချုပ်မှုဆိုင်ရာ တင်းကျပ်သည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန်နှင့် ပတ်သက်၍ ယခုရက်သတ္တပတ်အတွင်း ဟောင်ကောင်ဒေသအစိုးရမှ ကြေညာခဲ့ကြောင်း၊ အမေရိကန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်နှင့် ဖိလစ်ပိုင် အစရှိသည့် (၉) နိုင်ငံမှ လေယာဉ်များ လာရောက်မှုအား ကန့်သတ်ထားခဲ့မှုအား ၁-၄-၂၀၂၂ ရက်နေ့မှစတင်၍ ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ခရီးသွားများအနေဖြင့် ဟောင်ကောင်သို့ ရောက်ရှိလာချိန်တွင် အနည်းဆုံး Quarantine (၁) ပတ်နေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီး၊ မကာအိုနှင့် ထိုင်ဝမ်ဒေသတို့မှ လာရောက်ခြင်း မဟုတ်လျှင် ဟောင်ကောင်ဒေသ၌ နေထိုင်ခွင့်ရရှိထားသူများ အနေဖြင့် ဟောင်ကောင်ဒေသသို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ခရီးသွားများလာရောက်ရန် နယ်မြေဖြတ်ကျော်မှု ပြန်လည်ဖွင့်လှစ်ပေးမည့်ကာလအား ဟောင်ကောင်ဒေသအစိုးရအနေဖြင့် အတိအကျ ပြောကြားထားခြင်း မရှိသေးကြောင်း၊ ဟောင်ကောင်ဒေသနှင့် နယ်နမိတ် ထိစပ်လျက်ရှိသည့် တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်များအား ၂၀၂၀ ပြည့်နှစ်မှ စတင်၍ ပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်ကုန်တွင် အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည်ဟု RTHK နှင့် အင်တာဗျူးတွင် ပြောကြားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် Rugby Seven အားကစားပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခွင့်အလမ်းကို အသုံးချ၍ အဆင့်မြင့် နိုင်ငံတကာ ငွေကြေးဖိုရမ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖိုရမ်တွင် နိုင်ငံတကာနှင့် တရုတ်ပြည်မကြီးမှ ထိပ်တန်း ငွေကြေးအသင်းအဖွဲ့များမှတက်ရောက်သူ (၁၀၀) ဦး နှင့် (၂၀၀) ဦး အတွင်းရှိ အရေအတွက် ဖြင့်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အခြေအနေအပေါ် မူတည်၍ ရင်းနှီးမြှုပ်နှံသူများ ကိုယ်တိုင်လာရောက် တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ပြီး Rugby matches အား ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဖိုရမ်တွင် ရင်းနှီးမြှုပ်နှံသူများ အကြား တစ်ဦးနှင့် တစ်ဦး အတွေ့အကြုံ ဖလှယ်ဆွေးနွေးနိုင်မည် ဖြစ်သည်ဟု ပြောကြားကြောင်း ဖြင့် ရေးသားဖော်ပြထားပါသည်။

ဆက်လက်၍ ၎င်းမှဟောင်ကောင်ဒေသသို့ ရင်းနှီးမြှုပ်နှံသူများ ကိုယ်တိုင်လာရောက် ကြည့်ရှုခြင်းအားဖြင့် မြေပြင်အခြေအနေအမှန်ကို သိရှိနိုင်မည်ဖြစ်ပြီး သတင်းမီဒီယာများတွင် ဖော်ပြထားမှုများမှာ ကောလဟာလများဟု သိရှိနိုင်ကြောင်း၊ ဒေသ၌ စီးပွားရေးလုပ်ငန်းမျိုးစုံ ကောင်းမွန်စွာလုပ်ကိုင်နိုင်ပြီး စီးပွားရေး ဝန်းကျင်ကောင်းများရှိကြောင်းကို သိရှိနိုင်ပြီး ဒေသ၌ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြင့်တင် လုပ်ကိုင်သွားရန် ယုံကြည်မှု ရှိမည်ဖြစ်ကြောင်း၊ အဆိုပါကာလ၌ တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်များကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ရာ ရင်းနှီးမြှုပ်နှံသူများ အနေ

ဖြင့် တရုတ်ပြည်မကြီး၏ မဟာပင်လယ်ကွေ့ ဒေသစီမံကိန်းတွင် ပါဝင်သည့် ဒေသများသို့သွား ရောက်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါ မတိုင်မီကာလက အဆိုပါဒေသ၌ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား သူများရှိကြောင်း၊ အဆင့်မြင့်ဖိုရမ် ကျင်းပပြုလုပ်နိုင်ပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ခရီးစဉ်တစ်ခု ထဲဖြင့် ဟောင်ကောင်ဒေသနှင့် မဟာပင်လယ်ကွေ့ဒေသတို့သို့ သွားရောက်နိုင်မည် ဖြစ်ကြောင်း၊ ဘဏ္ဍာရေး အတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ၂၃-၂-၂၀၂၂ ရက်နေ့တွင် ကျင်းပပြု လုပ်ခဲ့သည့် ဘဏ္ဍာရေးစီမံချက် မိန့်ခွန်းပြောကြားခဲ့ရာတွင် ဒေသအစိုးရအနေဖြင့် နည်းပညာကဏ္ဍ တွင် ပိုမိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး မဟာပင်လယ်ကွေ့ဒေသ စီမံကိန်းအောက်တွင် အခွင့်အလမ်း ကောင်းများရှာဖွေ သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်ဟု ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.........................................................................

## ဟောင်ကောင်ဒေသ၏စီးပွားရေး ကျဆင်းလျက်ရှိမှုအား အနည်းငယ်သက်သာခွင့် ရရှိစေရေး ပံ့ပိုးပေးနိုင်ရန် ကိုဗစ်-၁၉ ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များ

ဟောင်ကောင်ဒေသ၏ စီးပွားရေး တိုးတက်လာစေရန် ကိုဗစ်-၁၉ ထိန်းချုပ်မှုဆိုင်ရာ ကန့် သတ်ချက်များ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဖြေလျှော့ပေးမှုမှာ ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ် ပွားခဲ့စဉ်ကတည်းက ကျဆင်းလျက်ရှိသော ဒေသ၏ စီးပွားရေးကို သက်သာစေရန် လုံလောက်မှု ရှိမည်မဟုတ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Easing of restrictions to provide only limited relief to city's listless economy” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဒေသအစိုးရအနေဖြင့် အပန်းဖြေနေရာများအား ပြန်လည်ဖွင့် လှစ်ခွင့်ပြုခြင်း၊ စားသောက်ဆိုင်များအား ညပိုင်းတွင် ရောင်းချခွင့်ပြုခြင်း၊ လူအရေအတွက် များပြားစွာ ဖြင့် အုပ်စုဖွဲ့ စုဝေးခွင့်တို့အား ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်းများစွာမှ လေယာဉ်များ လာရောက်မှုအား ပိတ်ပင်ထားခဲ့မှုအား ရုပ်သိမ်းခြင်းကို ၂၁-၃-၂၀၂၂ ရက်နေ့က ကြေညာခဲ့ကြောင်း၊ နိုင်ငံတကာမှ ခရီးသည်များ ဟောင်ကောင်သို့ဆိုက်ရောက်ရှိချိန်တွင် လည်း Quarantine (၂) ပတ် နေထိုင်ရန် ယခင်က သတ်မှတ်ထားခဲ့ရာမှ ယခုအခါ Quarantine (၁) ပတ်နေထိုင်ရန် လျှော့ချပေးခဲ့ကြောင်း၊ စားသောက်ဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများအတွက် များစွာ

လိုအပ်လျက်ရှိသည့် ဖြေလျှော့ပေးမှုများ ပံ့ပိုးနိုင်ခဲ့ကြောင်း၊ သို့သော် ယခုပထမ သုံးလပတ်အတွင်း စီးပွားရေး ကျဆင်းမှုအား ရှောင်ရှားနိုင်ရန် ကာကွယ်ပေးနိုင်မှု မရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ လက်လီရောင်းချမှုနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများမှာ လပေါင်းများစွာ ကျဆင်းလျက်ရှိပြီး အလုပ်လက်မဲ့ အရေအတွက်မှာလည်း ဆိုးရွားလာကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည် နာလန်ထူရန်မှာလည်း နယ်စပ်ဖြတ်ကျော်မှုများ အထူးသဖြင့် တရုတ်ပြည်မကြီးနှင့် ဖွင့်လှစ်ရန် မှီတည်လျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ အနေဖြင့် လာမည့်ဧပြီလတွင် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ထိန်းချုပ်မှုများ ဖြေလျှော့ပေးလျှင်ပင် ပထမနှစ်ဝက်ကာလ၏ စီးပွားရေးမှာ အားရစရာ မကောင်းနိုင်ဟု Natixis SA Asia Pacific မှ Chief Economist ဖြစ်သူ Ms. Alicia Garcia Herrero က ပြောကြားခဲ့ကြောင်း၊ အဆိုပါ ကာလအတွင်းတွင် စီးပွားရေး ကျဆင်းလျက်ရှိ မည်ဖြစ်ကြောင်း၊ ခရီးသွားများ ဝင်ရောက်လာမှု အလားအလာများရှိနိုင်ပြီး တရုတ်ပြည်မကြီးနှင့် ဖြတ်သန်းသွားလာမှုများ ပြန်လည်ဖွင့်လှစ်မှုမှာ အချိန်အနည်းငယ် ကြာမြင့်နိုင်ကြောင်း၊ Ms. Alicia Garcia Herrero က ခန့်မှန်းထားရာတွင် ကိုဗစ်-၁၉ သက်သာခွင့်ဆိုင်ရာ ပံ့ပိုးထောက်ပံ့ပေးမှုများကြောင့် ယခုနှစ်အတွင်း စီးပွားရေးတိုးတက်မှု (၁.၅) ရာခိုင်နှုန်းမှ (၂) ရာခိုင်နှုန်းအတွင်း ရှိနိုင်ကြောင်း၊ ၂၁-၃-၂၀၂၂ ရက်နေ့က ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးမှုများ မကြေညာမီက Bloomberg survey မှ စီးပွားရေးပညာရှင်က ဟောင်ကောင်ဒေသစီးပွားရေး (၂.၃) ရာခိုင်နှုန်း တိုးတက်နိုင်သည်ဟု ခန့်မှန်းခဲ့ကြောင်း၊ အဆိုပါ ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့သည့် အပြောင်းအလဲကြောင့် အကျိုးအမြတ်များရရှိနိုင်ရန် အချို့သောစီးပွားရေး လုပ်ငန်းအုပ်စုများကလည်း မျှော်မှန်းလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသရှိ International Chamber of Commerce က ပြောကြားခဲ့ရာတွင် Quarantine နေထိုင်ရန် ကန့်သတ်ချက်များမှာ အတားအဆီးများအနေဖြင့် ဆက်လက်ရှိနေဆဲ ဖြစ်သောကြောင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း ခရီးသွားများအတွက် ခက်ခဲလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသရှိ Dutch Chamber of Commerce မှ လည်း ပြောကြားခဲ့ရာတွင် ဟောင်ကောင်ဒေသအစိုးရမှ ကိုဗစ်-၁၉ ရောဂါ ဖြေလျှော့ပေးမှုများ ယခင်က ပယ်ဖျက်ခဲ့ပြီးကတည်းက စီးပွားရေးလုပ်ငန်းများမှာ ရှင်းလင်းပြတ်သားသည့် စီမံချက်များ သိရှိလိုခဲ့ကြကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ရုတ်တရက်မြင့်တက်ခဲ့ပြီး စားသောက်ဆိုင်များအား ည (၁၈:၀၀) နာရီနောက်ပိုင်း ဖွင့်လှစ်ရန် တားမြစ်ပိတ်ပင်ခဲ့မှုများနှင့် စားပွဲဝိုင်းတစ်ခုလျှင် (၂) ဦးသာထိုင်၍ စားသောက်ခွင့်ပြုခြင်း အစရှိသည်တို့ အပါအဝင် လူမှုအသိုက်

Agribusiness & Trade

အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်ချက်များကြောင့် စားသောက်ဆိုင်လုပ်ငန်းမှာ အဆိုးရွားဆုံးထိခိုက်ခဲ့ကြောင်း၊ အဆိုပါ ကန့်သတ်ချက်များ အားတစ်လကျော် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးနောက် အချို့သော စားသောက်ဆိုင် (၃,၅၀၀) ခန့်မှာ ကုန်ကျစရိတ်များ လျှော့ချရန် ဆိုင်များအား ယာယီပိတ်သိမ်းထားခဲ့ရာ အလုပ်လက်မဲ့နှုန်းများ လျှော့ကျခဲ့သည်ဟု Hong Kong Federation of Restaurants and Related Trades ၏ President ဖြစ်သူ Mr.Simon Wong က ပြောကြားခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam က ၂၁-၃-၂၀၂၂ ရက်နေ့တွင် ပြောကြားခဲ့ရာ၌ လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာ နေထိုင်ရန် နည်းဥပဒေများ၊ စားသောက်ဆိုင်များအားည (၂၂:၀၀) နာရီ မတိုင်မီအထိ ဖွင့်လှစ်ခွင့်ပြုပြီး စားပွဲဝိုင်း တစ်ခုလျှင် လူ(၄) ဦးအထိထိုင်၍ စားသောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းတို့နှင့် ပတ်သက်၍ ၂၁-၄-၂၀၂၂ ရက်နေ့မှ စတင်၍ အဆင့်လိုက် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း၊ ကန့်သတ်ချက်များအား လာမည့် (၃) လအတွင်း ထပ်မံ၍ ဆက်လက်ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖြေလျှော့ပေးမှုများမှာ လုပ်ငန်းများ ထိခိုက်မှုအား လျှော့နည်းသက်သာစေရန် ပံ့ပိုးကူညီနိုင်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများမှ မျှော်လင့်လျက်ရှိကြောင်း၊ လာမည့်ရက်သတ္တပတ်အတွင်း ဖြေလျှော့မှုများအား အကောင်အထည်ဖော်နိုင်မည်ဆိုပါက စောလျင်စွာ ပြန်လည်နာလန်ထူနိုင်မည်ဖြစ်ရာ ဒေသအစိုးရအတွက် အလုပ်လက်မဲ့နှုန်း မြင့်တက်မှုဖိအားများ လျှော့နည်းစေနိုင်ပြီး စီးပွားရေးလုပ်ငန်းအမျိုးမျိုး အထူးသဖြင့် စားသောက်ဆိုင်လုပ်ငန်းများအတွက် ဖိအားများ လျှော့ကျနိုင်ကြောင်း၊ ဟောင်ကောင်ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Paul Chan က ၂၀-၃-၂၀၂၂ ရက်နေ့တွင်ပြောကြားခဲ့ရာ၌ ဟောင်ကောင်ဒေသအလုပ်လက်မဲ့နှုန်းမှာ ဆိုးရွားနိုင်ပြီး ဒေသစီးပွားရေးမှာ ပထမသုံးလပတ်အတွင်း လျှော့နည်းနိုင်ကြောင်း၊ ဒုတိယသုံးလပတ် စီးပွားရေးခန့်မှန်းချက်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေမှာ အဓိကအချက်ဖြစ်ကြောင်း၊ ဟောင်ကောင်ရှိ German Chamber of Commerce မှ ပြောကြားရာတွင်လည်း နိုင်ငံတကာမှရောက်ရှိ လာသူများအတွက် Quarantine နေထိုင်ရန် လျှော့ချမှုများနှင့် ကန့်သတ်ချက်များ ဖြေလျှော့ပေးမှုများသည် ဟောင်ကောင်ဒေသသို့ နိုင်ငံတကာခရီးသွားများလာရောက်မှုမြင့်တက်ရန် ယုံကြည်မှုရှိကြောင်း၊ ဟောင်ကောင်ဒေသရှိ European Chamber of Commerce မှလည်း အဆိုပါ ဖြေလျှော့ပေးမှုများကို ကြိုဆိုပါကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ထူးခြားသည့် ဒေသတစ်ခုဖြစ်သောကြောင့် ဟောင်ကောင်ဒေသ၌ ကုန်ပစ္စည်းများ ရောင်းချမှုများ မြင့်တက်လာပါက စီးပွားရေး ပြန်လည်မြင့်တက်လာမည်မှာ သေချာကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်

## ဟောင်ကောင် ဆိပ်ကမ်းများ၌ ကုန်သေတ္တာများ ပိတ်ဆို့မှုကြောင့် ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးမှု ကွင်းဆက်တွင် မရေရာမှုများ ပိုမိုဖြစ်ပေါ်လျက်ရှိခြင်း

ဟောင်ကောင်ဒေသနှင့် ရှန်းကျန့်မြို့တို့၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု မြင့်တက်လျက်ရှိသောကြောင့် ကိုဗစ်-၁၉ ဖြစ်ပွားမှု ထိန်းချုပ်ရန် ဒေသအာဏာပိုင်များ၏ ကန့်သတ်ချက်များကြောင့် နွေရာသီကာလအလွန် အမေရိကန်သို့ ကုန်ပစ္စည်းများ တင်ပို့မည့်အပေါ် အခက်အခဲများဖြစ်ပွားလျက်ရှိကြောင်း၊ ယခုရက်သတ္တပတ်အတွင်း ဟောင်ကောင်ဒေသနှင့် ရှန်းကျန့်မြို့တို့ရှိ ဆိပ်ကမ်းများ၌ ကုန်သေတ္တာများ ပြည့်ကျပ်ပိတ်ဆို့မှု အမြင့်ဆုံး ဖြစ်ပွားလျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ "Jammed ports threaten more supply chain chaos" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် လွန်ခဲ့သော(၂) နှစ်ကျော်က စတင်၍ ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများ ဖြစ်ပွားခဲ့ရာနေ့းကွေးစွာ ပြန်လည် နာလန်ထူလာလျက်ရှိရာမှ တရုတ်ပြည်မကြီး၌ ယခုနောက်ဆုံးအကြိမ် ချမှတ်ခဲ့သည့် lockdown သည် ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးမှု ကမ္ဘာ့ကွင်းဆက်ကို ထိခိုက်စေနိုင်သည့် အဓိကအချက် ဖြစ်နိုင်ကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများ၏ စွမ်းရည်လျော့ကျလာခြင်း၊ ဆိပ်ကမ်းများ၌ ပိတ်ဆို့မှုများ ပိုမိုမြင့်တက်လာခြင်းနှင့် ပို့ဆောင်ခနှုန်းထားများ မြင့်တက်လာမှုတို့နှင့် ပတ်သက်၍ ကြိုတင်ခန့်မှန်းထားပြီး ပြင်ဆင်ထားသင့်ကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည်မကြီးမှ အာဏာပိုင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ လုံးဝကင်းစင်ရေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် Lockdown ချမှတ်ခြင်း၊ လူအများအပြားအား ကိုဗစ်-၁၉ စစ်ဆေးခြင်း (mass testing) ၊ အစိုးရ Quarantine စင်တာများ၌နေထိုင်ရန် တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ရှန်းကျန့်ဒေသ၌ ရက်သတ္တပတ်ကြာ ကာလရှည် Lockdown ချမှတ်ထားမှုအားဖြေလျော့ပေးပြီး ဆိပ်ကမ်းအား ဖွင့်ပေးထားခဲ့သော်လည်း အလုပ်သမားများမှာ mass testing ပြုလုပ်ရလျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သက်ရောက်မှုများ ဖြစ်ပွားစေပြီး ဆိပ်ကမ်းများ၌ ပိတ်ဆို့မှုများ မြင့်တက်လျက်ရှိကြောင်း၊ ကမ္ဘာ့စတုတ္ထအလုပ်အများဆုံး ဆိပ်ကမ်းဖြစ်ပြီး တရုတ်ကုန်ပစ္စည်းများအား အမေရိကန်နိုင်သို့တင်ပို့ရန် သင်္ဘောအများအပြား ဆိုက်ရောက်သည့် ရှန်းကျန့်ဆိပ်ကမ်းပြင်ပ၌ ကွန်တိန်နာသင်္ဘောများစွာ ရပ်တန့်ထားရကြောင်း၊ အဆိုပါ ကွန်တိန်နာသင်္ဘောများ ပိတ်ဆို့မှုကြာရှည်နေမည်ဆိုပါက Lockdown ချမှတ်ခြင်းကြောင့် ဆိပ်ကမ်းများ၌ ကွန်တိန်နာပို့ဆောင်မှုများနှောင့်နှေးကြန့်ကြာနေမည်ဖြစ်ပြီး အမေရိကန်နိုင်ငံသို့ ကုန်ပစ္စည်း သင်္ဘောတင်ပို့မှုအပေါ် ကြီးမား

သည့်သက်ရောက်မှုများ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ သဘော်ဖြင့် ကုန်စည်ပို့ဆောင်ခြင်း နှောင့်နှေးကြန့်ကြာမှု၊ ပိတ်ဆို့မှုများနှင့် ပို့ဆောင်ခနှုန်းထားများ မြင့်တက်လာမှုကြောင့် ရေရှည်တွင် အဆင်မပြေမှုများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ကုန်ပစ္စည်းများ တင်ပို့ရန် ၂၀၂၂ ခုနှစ်တွင် စီမံချက်များ ကြိုတင်ချမှတ်ထားရန် လိုအပ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်နှင့် ရှန်းကျန့်ဆိပ်ကမ်း နှစ်ခုစလုံးမှာ လပေါင်းများစွာ ဆိပ်ကမ်းများ၌ကွန်တိန်နာသဘော်ာ ပိတ်ဆို့မှုများနှင့် ကြုံတွေ့ရလျက်ရှိပြီး ဆိပ်ကမ်းနှစ်ခုလုံးတွင် သဘော်ာ (၇၀၀) ကျော် ကျောက်ချ၍ ကုန်ပစ္စည်း ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သဘော်ာဖြင့်ကုန်စည်အမြောက်အမြားပို့ဆောင်ခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် Kompasu မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း၊ ယခုလက်ရှိ နှောင့်နှေးကြန့်ကြာမှုများမှာ ၂၀၂၁ ခုနှစ်၊ ဇွန်လက ရှန်းကျန့်မြို့ရှိ Yantian Port ၌ အလုပ်သမားများ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရက်သတ္တပတ် (၂) ပတ်ကြာ ယာယီပိတ်ထားခဲ့မှုများကြောင့် သဘော်ာကွန်တိန်နာ (၃၀၀) စင်းအပေါ်သက်ရောက်ခဲ့ကြောင်း၊ ကွန်တိန်နာများ ပို့ဆောင်မှု ကမ္ဘာ့အများဆုံး ဆိပ်ကမ်းဖြစ်သည့် ရှန်ဟိုင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ မြင့်တက်လျက် ရှိသော်လည်း ရှန်ဟိုင်းဆိပ်ကမ်းမှာ ၂၆-၃-၂၀၂၂ ရက်နေ့အထိ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအစိုးရမှလည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုများ တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၌ ယခင်နှစ်၊ ဧပြီလနှင့် နှိုင်းယှဉ်လျှင် ကွန်တိန်နာသဘော်ာများ ရောက်ရှိမှု (၁၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံဆိပ်ကမ်း၌ ကွန်တိန်နာသဘော်ာများရောက်ရှိမှု (၆.၂) ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ သဘော်ာကုမ္ပဏီအများစုအတွက် မတ်လမှာ ကုန်ပစ္စည်း ပို့ဆောင်မှုများသည့် အရေးကြီးသည့်ကာလဖြစ်ကြောင်း၊ Lockdown ချမှတ်ခြင်းကြောင့် ထုတ်လုပ်မှု နှေးကွေးခြင်းသာမက ကုန်ပစ္စည်းပို့ဆောင်မှုကိုပါ သက်ရောက်စေနိုင်ကြောင်း၊ Shenzhen၊ Qingdao နှင့် Ningbo ဆိပ်ကမ်းတို့၌ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ သဘော်ာဖြင့် ကုန်ပစ္စည်းပို့ဆောင်ခနှုန်းများ ၁၂ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအကြား လျော့ကျခဲ့ကြောင်း၊ သို့သော် Lockdown ချမှတ်မှုများ ပြန်လည်ရုပ်သိမ်းလျှင် အဆိုပါပို့ဆောင်ခ လျော့ကျမှုမှာ ကြာရှည်စွာ မဖြစ်နိုင်ကြောင်း၊ တရုတ်နိုင်ငံ၌ ဆိပ်ကမ်းများ ပုံမှန်ပြန်လည်လုပ်ဆောင်ပါက ကွန်တိန်နာများ ပို့ဆောင်ရန် ဖိအားများ ပိုမိုမြင့်တက်လာနိုင်ကြောင်း၊ သို့ဖြစ်ရာ မကြာမီလအနည်းငယ်အတွင်း ကွန်တိန်နာဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ

### တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ အထူးကုန်စည်များ တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ရောက်ရှိခြင်း

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ ထိုင်းနိုင်ငံသို့ ယူနန် အီး-ကူးသန်းရောင်းဝယ်ရေးဖြင့်ကုန်ပစ္စည်းများတင်ပို့ခြင်းကို (၁၄-၃-၂၂)တွင် အစပြု ဆောင်ရွက်ခဲ့ကြောင်း တန်ဖိုးအားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၅၁၁၀၀ တန်ဖိုးရှိသော နေ့စဉ်သုံးပစ္စည်း အရေအတွက်ပေါင်း ၄၂,၂၀၀ ကို ယူနန်- လာအို မီးရထားလမ်းမှတစ်ဆင့် ပထမဆုံးတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

ရင်းမြစ် [Yunnan special goods bound for Thailand via China-Laos rail - News - Yunnan Express]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

………………………………………………………………….

### တရုတ်နိုင်ငံသည်စိမ်းလန်းသော ကတိကဝတ်ကိုပြည့်မီရန် စွမ်းအင်သစ်ထုတ်လုပ်မှု အရှိန်မြှင့် ဆောင်ရွက်လျက်ရှိခြင်း

တရုတ်နိုင်ငံသည် ကာဗွန်နည်းသောဖွံ့ဖြိုးတိုးတက်မှု ကတိကဝတ်ပြုထားရှိမှုကြောင့် ဖေဖော်ဝါရီလကုန်တွင် တပ်ဆင်ထားသည့် ဆိုလာစွမ်းအင် ကီလိုဝပ် သန်း ၃၂၀ သို့ ရောက်ရှိခဲ့ပြီး ကာဗွန်နည်းသော ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်လုပ်ဆောင်နေသောကြောင့် တစ်နှစ်ထက်တစ်နှစ် ၂၂.၇ ရာခိုင်နှုန်း တိုးလာသည်ဟု အမျိုးသားစွမ်းအင် စီမံခန့်ခွဲရေးအဖွဲ့က တနင်္လာနေ့တွင်ပြောကြားခဲ့ကြောင်း၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ နိုင်ငံ၏ ဆိုလာစွမ်းအင်ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှု ယွမ် ၉ ဒသမ ၄ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၄၈ ဘီလီယံ) ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၅၃ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း အလားတူကာလတွင် မဟာဓာတ်အားလိုင်းစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု ယွမ်ငွေ ၃၁.၃ ဘီလီယံအထိ ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၃၇.၆ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း ဖေဖော်ဝါရီလတစ်လတည်းတွင် တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် ၆၂၃.၅ ဘီလီယံကီလိုဝပ်နာရီသို့ရောက်ရှိရန် ၁၆.၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ယင်းတို့အနက် တတိယအဆင့် စက်မှုလုပ်ငန်း၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၇.၄ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ပေါင်းစပ်လျှပ်စစ်ဓာတ်အား ဈေးကွက်စနစ် စတင်တည်ဆောက်ရန်ရည်မှန်းထားပြီး ဓာတ်အားအရင်းအမြစ်ခွဲဝေမှုကို ကျယ်ပြန့်စွာလုပ်ဆောင်နိုင်စေရန်နှင့် ဓာတ်အားစနစ်၏ တည်ငြိမ်မှုနှင့် လိုက်လျော ညီထွေမှုတို့ကိုမြှင့်တင်ရန် ရည်မှန်းထားကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် yunnan.cn/html/2022/consulgeneral_0322/28747.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………

## တရုတ်နိုင်ငံတွင် ထုတ်လုပ်မှုတည်ငြိမ်စေရန် လုပ်ငန်းခွင်များတွင် အမျိုးမျိုးသော ကူးစက်ရောဂါ ထိန်းချုပ်ရေး အစီအမံများကို အကောင်အထည်ဖော်လျက်ရှိခြင်း

တရုတ်နိုင်ငံသည် အဓိကစီးပွားရေးလုပ်ငန်းများ၏ အလုပ်ရုံများတွင် ထုတ်လုပ်မှုတည်ငြိမ်စေရန်နှင့် နိုင်ငံတစ်ဝှမ်း အဓိကပရောဂျက်များ တည်ဆောက်သည့် စက်ရုံများတွင် ကွဲပြားသောကူးစက်ရောဂါ ထိန်းချုပ်ရေး အစီအမံများကို အကောင်အထည် ဖော်ဆောင်ရွက်နေခဲ့ပါကြောင်း တရုတ်နိုင်ငံသည် လွန်ခဲ့သည့် နှစ်နှစ်ကျော်အတွင်း၊ လျင်မြန်သောတုံ့ပြန်မှု၊ အစုလိုက်အပြုံလိုက် စစ်ဆေးခြင်းနှင့် ကြီးမားသော ကာကွယ်ဆေးထိုးခြင်း တို့ပါရှိသော တရုတ်နိုင်ငံ၏ တက်ကြွသော COVID–သုညပေါ်လစီသည် နိုင်ငံအတွင်း အစုလိုက်အပြုံလိုက် သေဆုံးမှုကို ကာကွယ်ပေးရုံသာမက Teslas စက်ရုံများမှ ထုတ်ကုန်များမှ မျက်နှာဖုံးများအထိ ကမ္ဘာတစ်ဝှမ်းရှိ စားသုံးသူများထံပေးပို့နိုင်စေကြောင်း အာမခံနိုင်ကြောင်း ဖေါ်ပြထားပါသည်။

ရင်းမြစ်– Englishyunnan.cn/html/2022/consulgeneral_0329/28827.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………

## စိန်ခေါ်မှုများရင်ဆိုင်ရန် သော့ချက်သည် စည်းလုံးညီညွတ်မှုဖြစ်ကြောင်း တရုတ်နိုင်ငံ ထိပ်တန်းနိုင်ငံရေး အကြံပေးပုဂ္ဂိုလ်ပြောကြား

၂၀၂၂ခုနှစ်၊ မတ်လ (ယခုလ) အစောပိုင်းတွင်ကျင်းပခဲ့သော တရုတ်နိုင်ငံ၏ CPPCC ၏ ၁၃ ကြိမ်မြောက် အမျိုးသားကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကို တရုတ်နိုင်ငံ၊ ဘေဂျင်းတွင်ကျင်းပခဲ့ပါသည်။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌလည်းဖြစ်သည့် တရုတ်သမ္မတ Xi Jinping သည် အခြားသော တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပါသည်။

CPPCC ၏ ၁၃ ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ ထိပ်တန်းနိုင်ငံရေး အကြံပေးပုဂ္ဂိုလ် Wang Yang က ကမ္ဘာတဝှမ်း 'လျင်မြန်သောအပြောင်းအလဲများ' ကြားတွင် သဟဇာတဖြစ်မှုကို မြှင့်တင်ရန်၊ ပြောင်းလဲနေသော ကမ္ဘာကြီးနှင့် လေးနက်သော အသွင်ကူးပြောင်းမှုများ ရင်ဆိုင်နေရချိန်တွင် တရုတ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုကိုမြှင့်တင်ရန် တောင်းဆိုခဲ့ပြီး "တရုတ်နိုင်ငံရဲ့ သားသမီးတွေအားလုံးကြား စည်းလုံးညီညွတ်မှု အားကောင်းလာရေးဟာ ခေတ်သစ်မှာ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံရဲ့ သမိုင်းဝင်တာဝန်ဖြစ်ပါတယ်ဟု အလုပ်ကိစ္စအစီရင်ခံတင်ပြစဉ် အမျိုးသားအဆင့် နိုင်ငံရေးအကြံပေး ၂၀၀၀ ခန့်ကို မှာကြားခဲ့ပါသည်။

စည်းလုံးညီညွတ်မှုသည် CPPCC ပေါက်ဖွားလာသော အရင်းမြစ်ဖြစ်ပြီး ကျွန်ုပ်တို့၏အဖွဲ့အစည်းကို ဆက်လက်ရှင်သန်စေမည့် စွမ်းအင်ရင်းမြစ်ဖြစ်သည်" ဟု Wang က ပြောကြားပြီး သမိုင်းတစ်လျှောက် အဆင့်များစွာတွင် CPPCC သည် တရုတ်လူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုကိုမြှင့်တင်ရန် အရေးကြီးသောပံ့ပိုးမှုများ ပြုလုပ်ခဲ့ကြောင်း ယနေ့ ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း " ရပြီး တရုတ်နိုင်ငံသည် လူသားသမိုင်းမမြင်နိုင်သော လျင်မြန်သောပြောင်းလဲမှုများကို တွေ့ကြုံနေတွင် ကြုံခဲ့ဖူးသမျှ လက်တွေ့တွင် အထူးခြားဆုံး ဆန်းသစ်တီထွင်မှုလုပ်ငန်းစဉ်ကို ရင်ဆိုင်နေရသည်ဟု ၎င်းက ပြောကြားခဲ့သည်။ "

၂၀၂၂ ခုနှစ်အတွက် တရုတ်နိုင်ငံ၏အဓိကပစ်မှတ် (၈)ခုရှိပြီး ယင်းတို့မှာ–

(က) GDP တိုးတက်မှု ရည်မှန်းချက် ၅.၅% ဝန်းကျင်တွင်

(ခ) Consumer price Index CPI ကို ၃% ဝန်းကျင်တွင် ထိန်းသိမ်း

(ဂ) မြို့ပြအလုပ်သစ် ၁၁ သန်းကျော် ဖန်တီးရန်

(ဃ) သီးနှံ(စပါးစသည်)အထွက် မက်ထရစ်တန် သန်း ၆၅၀ ကျော်ရှိရန်

(င) လိုငွေနှင့် ဂျီဒီပီ အချိုးသည် ၂.၈ ရှိရန် (ယခင်နှစ်ထက်အနည်းငယ် နိမ့်ကျသည်)

(စ) အခွန်ပြန်အမ်းငွေနှင့် ဖြတ်တောက်မှု စုစုပေါင်း ယွမ် ၂.၅ ထရီလီယံရှိရန်

(ဆ) ဈေးကွက်ချဲ့ထွင်ရန် ဆက်လက်လုပ်ဆောင်ရန်နှင့်

(ဇ) ယွမ်ငွေလဲနှုန်းကို ယေဘုယျအားဖြင့် တည်ငြိမ်အောင်ထားရန် တို့ဖြစ်ပါသည်။

ရင်းမြစ်များ (၁) Unity key to meet challenges – Chinadaily.com.cn

(၂) Posters: China's main targets for 2022 – Chinadaily.com.cn

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

........................................................................................................

**ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ**

## ဘယ်လ်ဂျီယံနိုင်ငံ၌ Airplane Boarding Tax ကောက်ခံမှုသည် ၁-၄-၂၀၂၂ ရက်တွင် စတင် အသက်ဝင်မည်

ခရီးတိုပျံသန်းသည့်လေယာဉ်များဖြင့် ခရီးသွားလာခြင်းထက် ရထားစသည်တို့ဖြင့် ခရီးသွားလာခြင်းကို တွန်းအားပေးဆောင်ရွက်နိုင်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံ၌ လေကြောင်းဖြင့် ခရီးသွားမည့်သူများအတွက် အခွန်သစ်အဖြစ် Airplane Boarding Tax ကောက်ခံမှုသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်၍ အသက်ဝင်မည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ အခွန်သည် ဘယ်လ်ဂျီယံနိုင်ငံတွင်းရှိ လေဆိပ်များအားလုံးအတွက် အကျုံးဝင်မည်ဖြစ်ပြီး၊ (၅၀၀) ကီလိုမီတာအကွာအဝေးထက် မကျော်လွန်သော ခရီးလမ်းကြောင်းများကို လေယာဉ်ဖြင့်သွားလာမည့် ခရီးသည်များသည် အခွန် (၁၀) ယူရိုကို ပေးဆောင်ရမည်ဖြစ်ကြောင်း သိရပါသည်။ ဥရောပစီးပွားရေးနယ်မြေ (European Economic Space) အတွင်းရှိ ယူနိုက်တက်ကင်းဒမ်း (သို့မဟုတ်) ဆွစ်ဇာလန်နိုင်ငံတို့သို့ လေယာဉ်ဖြင့် ခရီးသွားသူများသည် (၂) ယူရိုကို အခွန်အဖြစ်ပေးဆောင်ရမည်ဖြစ်သည်ဟု ဆိုသည်။

ဥရောပနိုင်ငံများပြင်ပရှိ ကီလိုမီတာ (၅၀၀) ထက်ပို၍ ကွာဝေးသော နေရာဒေသများသို့လမ်းကြောင်းရှည်ပျံသန်းသည့် လေယာဉ်များဖြင့် စီးနင်းလိုက်ပါသည့် ခရီးသည်များအနေဖြင့် လေယာဉ်တစ်ကြိမ်စီးနင်းမှုအတွက် (၄) ယူရို အခွန်ကျသင့်မည်ဖြစ်ကြောင်းသိရပါသည်။ Air Belgium၊

ဘရပ်ဆဲလ်လေကြောင်း (Brussels Airlines) နှင့် TUI တို့က ထိုသို့ အခွန်သစ်ကောက်ခံမည့်ကိစ္စအပေါ် မလိုလားမှုကို ပြသကြကြောင်း၊ အထူးသဖြင့် လေကြောင်းခရီးသွားကဏ္ဍအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်မှ ပြန်လည်နာလန်ထူလာစေရေး ကြိုးပမ်းနေရသည့် အချိန်တွင် အခွန်သစ်ကောက်ခံမှုသည် ကြိုဆိုဖွယ်မဟုတ်ကြောင်း ဖော်ပြကြသည်ဟု သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/belgium/213061/new-plane-boarding-tax-takes-effect-from-1-april

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

……………………………………………………………………………..

## ယူကရိန်းပဋိပက္ခကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးကျဆင်းမှု ဆိုးရွားစွာဖြစ်စေနိုင်ဖွယ် မရှိဟု ခန့်မှန်းထားခြင်း

ရုရှားနှင့် ယူကရိန်းပဋိပက္ခသည် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးအပေါ် မလွဲမသွေသက်ရောက်မှုရှိသော်လည်း ယင်းကြောင့် စီးပွားရေးကျကပ်ဖြစ်ပေါ်မှုဆီသို့ ဦးတည်စေလိမ့်မည် မဟုတ်ဟု ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားဘဏ် (National Bank of Belgium) က ခန့်မှန်းထားကြောင်း flandersnews.be ဝက်ဘ်ဆိုဒ်တွင် “National Bank says that the war in Ukraine should not cause a serious recession in Belgium” ခေါင်းစဉ်ဖြင့် သတင်းရေးသား ဖော်ပြထားပါသည်။

ရုရှား- ယူကရိန်း ပဋိပက္ခဖြစ်ပွားနေချိန်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးအပေါ် ယင်းပဋိပက္ခ၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစား၍ နောက်ဆုံးရ မေခရိုစီးပွားရေးခန့်မှန်းချက်ကို ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားဘဏ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးသည် ယခင်ခန့်မှန်းထားသည်ထက် တိုးတက်မှုလျော့ကျနိုင်ပြီး၊ ယာယီအားဖြင့် သိသိသာသာ စီးပွားရေးတုံ့နှေးမှုဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။ ၂၀၂၂ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် ဘယ်လ်ဂျီယံ၏ စီးပွားရေးသည် အနုတ်လက္ခဏာဖြင့် တိုးတက်မှုကို ကြုံတွေ့ရနိုင်သည်ဟု ခန့်မှန်းထားသော်လည်း ၂၀၂၂ ခုနှစ် တစ်နှစ်လုံးအတွက်မူ (၂.၄) ရာခိုင်နှုန်းဖြင့် စီးပွားရေးတိုးတက်နိုင်ကြောင်း၊ ယခင်ခန့်မှန်းထားသည့် စီးပွားရေးတိုးတက်မှုနှုန်း (၂.၆) ရာခိုင်နှုန်းထက် (၀.၂) ရာခိုင်နှုန်းလျော့နည်း၍ တိုးတက်နိုင်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားဘဏ်က ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို သိသိသာသာပြင်ဆင်လျှော့ချ၍ ခန့်မှန်းထားကြောင်း၊ မူလက ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၂.၄) ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာမှ ယခုအခါ (၁.၅) ရာခိုင်နှုန်းဖြင့်သာ တိုးတက်မည်ဟု လျှော့ချခဲ့ကြောင်း သိရပါသည်။ ရုရှား- ယူကရိန်းပဋိပက္ခကြောင့် ငွေကြေး ဖောင်းပွမှုအပေါ် အားကောင်းသော သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ သိသာစွာမြင့်တက်လာသည့် ငွေကြေးဖောင်းပွနှုန်းသည် မူလခန့်မှန်းသည်ထက် ပို၍နှေးကွေးစွာဖြင့် ပြန်လည်ကျဆင်းဖွယ်ရှိနေကြောင်း၊ ယခုနှစ်အကုန်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် (၅) ရာခိုင်နှုန်း ဝန်းကျင်ရှိနိုင်ကြောင်း၊ တစ်နှစ်လုံးအတိုင်းအတာဖြင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာမူ (၇) ရာခိုင်နှုန်းခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

လက်ရှိ ခန့်မှန်းချက်များအရ ကာလရှည် လုပ်ခ-ကုန်ဈေးနှုန်း မြင့်တက်မှုစက်ဝန်း (wage-price spiral) ကို ဖြစ်ပေါ်စေနိုင်မည်မဟုတ်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားနေခြင်း ဖိအားသည် လာမည့် (၂)နှစ်တွင် လျော့ကျသွားမည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်က ကောက်ချက်ချထားပါသည်။ အဆိုပါ ခန့်မှန်းချက်များ မှန်ကန်ပါက ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှုမြင့်မားခြင်းနှင့် စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းတို့ အတူဒွန်တွဲနေသည့် stagflation ကို ကြုံတွေ့ရမည်မဟုတ်ကြောင်း သိရပါသည်။ ၂၀၂၂ ခုနှစ်အတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ ဘတ်ဂျက်လိုငွေပြမှုသည် ဂျီဒီပီ၏ (၄.၄) ရာခိုင်နှုန်း ရှိနိုင်ပြီး၊ ကာလလတ်တွင် မသေချာမရေရာမှု များစွာရှိနေကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်က ခန့်မှန်းထားသည်ဟု ဖော်ပြထားပါသည်။

ရင်းမြစ် - https://www.vrt.be/vrtnws/en/2022/03/28/national-bank-says-that-the-war-in-ukraine-should-not-cause-a-se/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## စူပါမားကတ်များ၌ ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့တစ်ရပ်ကို ဘယ်လ်ဂျီယံနိုင်ငံအစိုးရက ဖွဲ့စည်းခြင်း

ရုရှား-ယူကရိန်း ပဋိပက္ခ၏ သက်ရောက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်များ၌ ကုန်ပစ္စည်းပြတ်လပ်မှုမဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်အတွက် လယ်ယာထွက်စားသောက်ကုန်ဆိုင်

ရာလုပ်ငန်းအဖွဲ့ (agri-food task force) အား ဘယ်လ်ဂျီယံဖက်ဒရယ်အစိုးရက ဖွဲ့စည်းထား ကြောင်း သိရပါသည်။ အဆိုပါလုပ်ငန်းအဖွဲ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးဆိုင်ရာဝန်ကြီးဖြစ် သူ Pierre-Yves Dermagne၊ စိုက်ပျိုးရေးဆိုင်ရာဝန်ကြီး David Clarinval နှင့် စားသုံးသူကာကွယ် ရေးဆိုင်ရာ State Secretary ဖြစ်သူ Eva De Bleeker တို့ပါဝင်ပြီး၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးရေး အသင်းအဖွဲ့များ၊ စားသောက်ကုန်နှင့် ကုန်သွယ်ရေးဆိုင်ရာအသင်းချုပ်များနှင့် ပူးပေါင်း၍ စား သောက်ကုန်ထုတ်လုပ်မှုကွင်းဆက်တွင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများဖြေရှင်းခြင်း၊ လုပ်ငန်း အစီအမံများ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု သိရပါသည်။

စားသောက်ကုန်လုပ်ငန်းကဏ္ဍ၌ ကုန်ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်လာနိုင်ခြင်းမှ စားသုံးသူများ နှင့် ကုမ္ပဏီလုပ်ငန်းများအား ကာကွယ်ပေးရန် အလွန်အရေးကြီးသည်ဟု Eva De Bleeker က ပြော ကြားပါသည်။ စားသောက်ကုန်ရောင်းချသည့် စတိုးဆိုင်များအနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခ၏ သက်ရောက်မှုကြောင့် ပေါင်မုန့်နှင့် ကောက်နှံထုတ်ကုန်များဈေးတက်လာခြင်း၊ ကိုဗစ်-၁၉ ကပ်ရော ဂါစတင်ဖြစ်ပွားချိန်ကကဲ့သို့ ကုန်ပစ္စည်းများကို စိုးရိမ်စိတ်ဖြင့် ဝယ်ယူစုဆောင်းမှုများ ရှိလာသဖြင့် အချို့ဆိုင်များသည် ခွဲတမ်းသတ်မှတ်၍ ရောင်းချရခြင်းစသည်တို့ကို ကြုံတွေ့လာရကြောင်း သိရပါ သည်။

ယူကရိန်းနိုင်ငံသည် နေကြာဆီကို အီးယူသို့ အဓိကတင်ပို့လျက်ရှိပြီး၊ အီးယူတွင် နေကြာဆီ စားသုံးမှု၏ (၃၅) ရာခိုင်နှုန်းမှ (၄၀) ရာခိုင်နှုန်းဝန်းကျင်ကို ယူကရိန်းနိုင်ငံမှ တင်ပို့ကြောင်း၊ ယခုအခါ နေကြာဆီရှားပါးမှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ အာလူးချောင်းကြော်ရောင်းချသည့် ဆိုင်များ၊ အချဉ် နှစ် (mayonnaise, mustard) ထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခက်အခဲ ဖြစ်လာပြီး၊ ရည် မှန်းချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး စိုးရိမ်မှုများရှိလာသည်ဟု ဆိုသည်။

အသစ်ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့အနေဖြင့် အဆိုပါလုပ်ငန်းများအတွက် ဖြစ်နိုင်ဖွယ် ဖြေရှင်းနည်းအဖြစ် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ပါဝင်ပစ္စည်းများကို အစားထိုး အသုံး ပြုရေး နည်းလမ်းကို အကြံပြုနိုင်သော်လည်း ဘယ်လ်ဂျီယံနိုင်ငံနှင့် အီးယူတို့၏ စားသောက်ကုန်တံ ဆိပ်ကပ်ဖော်ပြခြင်းဆိုင်ရာ တင်းကျပ်သောစည်းမျဉ်းများရှိနေကြောင်း၊ ထို့ပြင် စားသောက်ကုန်တံ ဆိပ်များအား ကြိုတင်၍ ရိုက်နှိပ်ထားခြင်းဖြစ်ရာ ကုမ္ပဏီလုပ်ငန်းများအနေဖြင့် တံဆိပ်ကပ်ဖော်ပြ ခြင်းကို ရုတ်တရက် ပြောင်းလဲရန် မလွယ်ကူကြောင်း သိရပါသည်။

Agribusiness & Trade

ကုန်ကြမ်းပစ္စည်းရှားပါးမှုအခက်အခဲကို ဖြေရှင်းနိုင်ရေးနည်းလမ်းအဖြစ် ပါဝင်ပစ္စည်းများကို ပြောင်းလဲအသုံးပြုနိုင်သော်လည်း ထိုသို့ဆောင်ရွက်မည်ဆိုလျှင် အချို့သော ထုတ်ကုန်များအတွက် တံဆိပ်ကပ်ဖော်ပြမှုကို အမြဲတမ်းအားဖြင့် ပြောင်းလဲဖော်ပြရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စည်းမျဉ်းသတ်မှတ်ချက်များအား ပြောင်းလွယ်ပြင်လွယ် ဆောင်ရွက်ပေးရန်နှင့် အရေးပါသောဖော်ပြချက်ဖြစ်သည့် ဓါတ်မတည့်မှုဖြစ်စေနိုင်သည့်ပစ္စည်း ပါဝင်ခြင်း ရှိ/မရှိ ကိုသာ အလေးထားဆောင်ရွက်ပေးရန် စားသောက်ကုန်ဘေးကင်းလုံခြုံမှု ထိန်းချုပ်ရေး သက်ဆိုင်ရာ အာဏာပိုင်များကို တောင်းဆိုထားကြောင်း Eva De Bleeker က ပြောကြားသည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်း ကဏ္ဍအနေဖြင့် ယူကရိန်းအရေးကိစ္စမဖြစ်ပွားမီကပင် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမြင့်တက်မှုနှင့် အထွေထွေကုန်စည်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ဖိအားများကို ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ယင်းအခက်အခဲများအပြင် လုပ်သားကုန်ကျစရိတ်မြင့်တက်လာမှုကြောင့် စားသောက်ကုန်ထုတ်လုပ်ငန်းများအနေဖြင့် သမိုင်းဝင် အမြတ်အစွန်းကျဆင်းမှုကို ကြုံတွေ့ခဲ့ရကြောင်း၊ ကုန်ဈေးနှုန်းနှင့် လိုက်ပါချိန်ညှိသည့် (Wage Indexation) ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ လုပ်သားအတွက် ကုန်ကျစရိတ်မှာ အီးယူ၌ တတိယအမြင့်ဆုံးဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/belgium/213739/government-launches-task-force-to-avoid-empty-shelves-in-supermarkets

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## ပြည်တွင်းကုန်ဈေးနှုန်းများမြင့်တက်လျက်ရှိနေသဖြင့် ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ငွေကြေး ဖောင်းပွမှုနှုန်း တိုးမြှင့်သတ်မှတ်

ပြည်တွင်းကုန်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ် နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းအား ၁၁ ကြိမ်မြောက် တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ငွေကြေးဈေး ကွက်၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်၏ စားသုံးသူဆနှုန်းကိန်း (Broad Consumer Price Index - IPCA) အား ၆.၈၆ ရာခိုင်နှုန်း သတ်မှတ်ကြောင်း ဘရာဇီးလ်ဗဟိုဘဏ်က မတ်လ ၂၈ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ စားသုံးသူဆနှုန်း

ကိန်းအား မတ်လပထမပတ် တွင် ၅.၆ ရာခိုင်နှုန်းဖြစ်ပေါ်ရန်ခန့်မှန်းခဲ့ပြီး ယခင်အပတ်အတွင်းတွင် ၆.၅၉ ရာခိုင်နှုန်းအထိ တိုးမြှင့် ခန့်မှန်းခဲ့သည်။

စားသုံးသူဆန္ဒနှုန်းကိန်းတွက်ချက်ရန်အတွက် လိုအပ်သော စီးပွားရေးဆိုင်ရာအချက်အလက် ညွှန်းကိန်းများကို ဈေးကွက်ဆိုင်ရာအဖွဲ့အစည်းပေါင်း ၁၀၀ ကျော်မှရယူခဲ့ကြောင်း၊ ညွှန်းကိန်းများအရ ၂၀၂၃ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းပိုမိုမြင့်တက်နိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုနှုန်းအား ယခင်အပတ်က ၃.၇၅ ရခိုင်နှုန်းအားခန့်မှန်းခဲ့ပြီး ယခုအပတ်တွင် ၃.၈ ရာခိုင်နှုန်းသို့တိုးမြှင့်ခန့်မှန်းထားကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းအား ၂၀၂၃ ခုနှစ်တွင် ၃.၅၁ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၃.၂ ရာခိုင်နှုန်း အသီးသီးတို့အား ၂၀၂၂ ခုနှစ်၊ မတ်လပထမအပတ်တွင်ခန့်မှန်းထားကြောင်း သတင်း၌ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွက် ပြည်တွင်းအသားတင်ထုတ်ကုန် (GDP)တိုးတက်မှုနှုန်းအား ၀.၅ ရာခိုင်နှုန်းပိုမိုတိုးတက်ရန်ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် ၁.၃ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၂ ရာခိုင်နှုန်းတိုးတက်ရန် ခန့်မှန်းထားကြောင်း သတင်းတွင်ဖော်ပြထားသည်။ အစိုးရ၏ အခြေခံဘဏ်တိုးနှုန်း(Selic)သတ်မှတ်ချက်အား ၁၃ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ကြောင်း၊ မတ်လ ၁၆ ရက်နေ့တွင် အစိုးရငွေကြေးမူဝါဒကော်မတီ(Monetary Policy Committee – Copom)က အစိုးရဘဏ်များ၏ အခြေခံဘဏ်တိုးနှုန်းအား ၁၀.၇၅ ရာခိုင်နှုန်းမှ ၁၁.၇၅ ရာခိုင် နှုန်းသို့တိုးမြှင့်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ဘဏ်တိုးနှုန်းကြိုတင်ခန့်မှန်းရာတွင် ၂၀၂၃ ခုနှစ် နှစ်ကုန်ချိန်၌ ၉ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၇.၅ ရာခိုင်နှုန်းသို့ ပြန်လည်လျှော့ချနိုင်ကြောင်း ခန့်မှန်းထားသည်။

နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းသည် နေ့စဉ်ကျဆင်းလျက်ရှိနေပြီး ယခင်အပတ်က ၁ ဒေါ်လာလျင် ၅.၃၀ ဟဲရာရှိခဲ့ရာမှ ယခုအပတ်တွင် ၅.၂၅ ဟဲရာအောက်သို့ကျဆင်းလျက်ရှိကြောင်း၊ နိုင်ငံခြားငွေဈေးကွက်ကြိုတင်ခန့်မှန်းရာတွင် အမေရိကန် ၁ ဒေါ်လာတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ၅.၂၂ ဟဲရာနှင့် ၂၀၂၄ ခုနှစ်တွင် ၅.၂၀ ဟဲရာ တို့ဖြစ်ပေါ်နိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

Agribusiness & Trade

## ဂျပန်မှ ရုရှားအပေါ် ချမှတ်လိုက်သည့် sanction များသည် ဂျပန်ဆူရှီဆိုင်များအပေါ် သက်ရောက်မှုများ ဖြစ်စေခဲ့

ဂျပန်နိုင်ငံမှ ရုရှားနိုင်ငံအပေါ် ချမှတ်လိုက်သည့် ပိတ်ဆို့မှု (sanction) များကြောင့် ဂျပန်ပြည်တွင်းရှိ ဆူရှီစားသောက်ဆိုင်များနှင့် ရေထွက်ကုန်တင်သွင်းသူများအပေါ် နောက်ဆက်တွဲအကျိုးဆက်အဖြစ် သက်ရောက်မှုရှိကြောင်း သိရပါသည်။

ဂျပန်ပြည်တွင်းရှိ ကဏန်းဈေးကွက်အကျပ်အတည်း အစပြုနေပြီဖြစ်ကြောင်း၊ ရေထွက်ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းဟု ဂျပန်နိုင်ငံတွင် တစ်ချိန်က ကမ္ဘာ့ရေထွက်ကုန်များ အကြီးအကျယ်ရောင်းချသော ဈေးကွက်တစ်ခုဖြစ်ခဲ့သည့် Tsukiji ဈေးဟောင်းရှိ Saito ငါးဆိုင်မှ တာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။

ဆူရှီစားသောက်ဆိုင်ပါ တွဲဖက်ဖွင့်လှစ်ထားသည့် ၎င်း Saito ငါးဆိုင်မှ တာဝန်ရှိသူ၏ပြောကြားချက်အရ ကဏန်းဈေးနှုန်းများသည် ယခုမတ်လ အစပိုင်းမှစတင်ကာ ၂၀ % အထိ မြင့်တက်လာကြောင်း၊ ၎င်းတို့ဆိုင်တွင်ရောင်းချသည့် ကဏန်းအများစုမှာ ပြည်တွင်းထွက် ကဏန်းများဖြစ်ကြသော်လည်း ရုရှားနိုင်ငံအပေါ် ချမှတ်လိုက်သည့် ပိတ်ဆို့မှုများ၏ သက်ရောက်မှုကြောင့် ရုရှားနိုင်ငံမှ ရေထွက်ကုန်တင်သွင်းမှုကို ပိတ်ပင်ပြီးနောက် ပြည်တွင်းကဏန်းဈေးနှုန်းများပါ မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

ဂျပန်နိုင်ငံ၏ ငါးလုပ်ငန်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဂျပန်သို့တင်သွင်းနေသည့် ကဏန်းများ၏ ၆၀ % သည် ရုရှားနိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း သိရပါသည်။ အခြားသော ပင်လယ်စာရောင်းချသည့် လုပ်ငန်းငယ်လေးများသည်လည်း အလားတူ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း၊ ငါးဥများကို အသုံးပြုကာ ထမင်းလုံးများနှင့်ဖြစ်စေ၊ စပါကတီအနှစ်ဆော့စ်နှင့်ဖြစ်စေ ထည့်သွင်းတွဲဖက်စားသုံးနိုင်သော ဂျပန်ရိုးရာ စားသောက်ကုန် Mentaiko ကို အဓိက ထုတ်လုပ်သည့် Fukuya စားသောက်ကုန်လုပ်ငန်းသည် ရုရှားနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို အဓိကမှီခိုနေရပါသည်။

လတ်တလော၌ Fukuya စားသောက်ကုန်လုပ်ငန်းအနေဖြင့် အကျပ်အတည်းများစွာသက်ရောက်မှုမရှိသေးသော်လည်း ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ သွင်းကုန်များအပေါ် ရေရှည်ကန့်သတ်ပိတ်ပင်မှုများချမှတ်မည်ဆိုပါက ဈေးနှုန်းများမြင့်တက်လာသည့် သက်ရောက်မှုများ ဖြစ်ပေါ်လာမည်ဟု Fukuya ၏ကိုယ်စားလှယ်က ပြောကြားခဲ့ပါသည်။

ပင်လယ်ထွက်ကုန်စျေးနှုန်းများ မြင့်တက်လာခြင်း၊ ပင်လယ်ရေတွင် အဆိပ်အတောက်များ ပါဝင်မှုမြင့်တက်လာသည့် ဒီရေနီပြဿနာ (red tide) နှင့် ရုရှား-ယူကရိန်းအကျပ်အတည်း၏ သက်ရောက်မှုကြောင့် ကုန်ကြမ်းများ ပြတ်လပ်လာမှုအခက်အခဲကို ရှောင်ရှားနိုင်ရန် ဂျပန်ဆူရှီစားသောက်ဆိုင်များအနေဖြင့် မီနူးအသစ်များ ဖော်ဆောင်ရန် ပြင်ဆင်နေကြောင်း သိရပါသည်။

ပင်လယ်အတွင်း အန္တရာယ်ဖြစ်စေနိုင်သည့် ရေညှိပင်များ ထိန်းမနိုင်သိမ်းမရ ပွားများလာခြင်းကြောင့် ဒီရေနီပြဿနာကို ဖြစ်ပေါ်စေပြီး ပင်လယ်နေခရုများ၊ ရေသတ္တဝါများနှင့် ငှက်များကို ထိခိုက်စေနိုင်ပါသည်။ ဟော့ကိုင်းဒိုးကမ်းရိုးတမ်းတွင် ဒီရေနီပြဿနာနှင့် ရင်ဆိုင်နေရသည့်အတွက် ၎င်းဒေသတွင် ဆော်လမွန်နှင့် အခြားပင်လယ်ရေထွက်ကုန်များ ရှားပါးမှုနှင့် ရင်ဆိုင်နေရပါသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် နော်ဝေးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁.၂၆ ဘီလီယံ တန်ဖိုးရှိကော့ဒ်ငါး၊ ဆော်လမွန်ငါးနှင့် အခြားရေထွက်ကုန်များကို တင်ပို့ခဲ့ပြီး အာရှဒေသ၏ ဝယ်လိုအားမြင့်မားသည့်အတွက် ယခင်နှစ်မှ တင်ပို့မှုထက် ၃၀ % တိုးတက်လာခြင်းဖြစ်ကြောင်း သိရပါသည်။

အဆိုပါပမာဏသည် နော်ဝေးနိုင်ငံ၏ ကာလတူ ပင်လယ်စာပို့ကုန်တန်ဖိုးမှတ်တမ်းများတွင် အမြင့်မားဆုံးတန်ဖိုးဖြစ်ကြောင်း နော်ဝေးနိုင်ငံ၊ Seafood Council ၏ အမှုဆောင်အရာရှိချုပ် ဖြစ်သူ Renate Larsen ကပြောကြားခဲ့ပါသည်။ သို့သော် လတ်တလော ရုရှားနှင့်ယူကရိန်း အကျပ်အတည်းသည် အနာဂတ် ကမ္ဘာ့ရေထွက်ကုန်စီးဆင်းမှုအပေါ် များစွာသက်ရောက်လာနိုင်ကြောင်း၊ ကမ္ဘာ့လေကြောင်းခရီးစဉ်များသည် ရုရှားနှင့်ယူကရိန်းဒေသတွင်း လေပိုင်နက်အတွင်း ပျံသန်းမှုများလျော့ချထားသည့်အတွက် အာရှဒေသသို့ ကုန်စည်စီးဆင်းမှုများ (အထူးသဖြင့်) လတ်ဆတ်သည့် ကုန်စည်များအတွက် များစွာ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ https://asia.nikkei.com.
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

…………………………………………………………………………

Agribusiness & Trade

## ကုန်ဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ ပြည်တွင်းစီးပွားရေးနှိုးဆွမှု အစီအမံသစ်များ ဖော်ဆောင်ကြရန် ဂျပန်ဝန်ကြီးချုပ် တိုက်တွန်း

ရုရှားနှင့်ယူကရိန်းတို့အကြား ပဋိပက္ခဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် ဂျပန်နိုင်ငံ၌စွမ်းအင်၊ ကုန်စည်နှင့် နံ့စားသီးနှံဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရှိ အိမ်ထောင်စုများအပေါ် အကျပ်အတည်းသက်ရောက်မှု လျော့ပါးစေရန် စီးပွားရေးနှိုးဆွမှုအစီအမံများကို ဧပြီလနှောင်းပိုင်းမှ စတင်ကာ ဆောင်ရွက်သွားကြရန် ဝန်ကြီးများအား မတ်လ ၂၉ ရက်၊ အင်္ဂါနေ့တွင် တိုက်တွန်း ပြောကြားခဲ့ပါသည်။

အဆိုပါအစီအမံများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါသက်ရောက်မှုမှ နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူစေရန် ရည်မှန်းထားသည့်အပြင် ရေနံစိမ်းဈေးနှုန်းများ မြင့်မားလာမှုအပေါ်သက်ရောက်မှုလျော့ပါးစေရန်၊ ပင်မစားသောက်ကုန်များပံ့ပိုးပေးရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ရန်ပုံငွေထောက်ပံ့ပေးရန်နှင့် ဝင်ငွေနည်းပါးပြီး ပံ့ပိုးမှုလိုအပ်သူများအား ပံ့ပိုးကူညီမှုဆောင်ရွက်ရန်စသည် လုပ်ငန်းစဉ် ၄ ရပ်အပေါ် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Kishida မှ အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

စွမ်းအင်နှင့် နံ့စားသီးနှံဈေးနှုန်းများ မြင့်တက်လာခြင်းသည် မကြာသေးမီရက်ပိုင်းအတွင်းက ပြည်တွင်း တစ်စိတ်တစ်ပိုင်းအရေးပေါ်ကြေငြာချက် ရုတ်သိမ်းထားသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်လာစေပါသည်။

ဂျပန်နိုင်ငံသည် ၂၀၂၂ ဘဏ္ဍာနှစ်အတွက် စီးပွားရေးပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ရန်အတွက် စံချိန်တင်ဘတ်ဂျက်အဖြစ် ယန်း ၁၀၇.၆၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၈၁ ဘီလီယံ) ကို လတ်တလောအတည်ပြုခဲ့ပါသည်။

၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက် ချမှတ်ထားသည့် ဘတ်ဂျက်ယန်း ၅ ထရီလီယံနှင့် အခြားသောအရေးပေါ်အသုံးစရိတ်များအတွက် လျာထားသည့် အရန်ရန်ပုံငွေယန်း ၅၀၀ ဘီလီယံတို့ကို ဘဏ္ဍာရေးကဏ္ဍနှိုးဆွမှုအစီအမံများအဖြစ်သုံးစွဲရန် ဝန်ကြီးချုပ် Kishida က ညွှန်ကြားခဲ့ပါသည်။

ပထမဦးစားပေးအနေဖြင့် အသုံးစရိတ်သုံးစွဲမည့် အစီအစဉ်ကို အလျင်အမြန် တင်ပြကြရန်နှင့် စီးပွားရေးနှိုးဆွမှုအစီအမံများအတွက် အရန်ရန်ပုံငွေများကို အသုံးပြုကြရန် ဝန်ကြီးချုပ်ကမတ်လ ၂၈ ရက်၊ တနင်းလာနေ့တွင် ပြောကြားခဲ့ကြောင်း သိရပါသည်။

Agribusiness & Trade

လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(LDP) ၏ အငယ်တန်းညွှန့်ပေါင်းမိတ်ဖက်ပါတီဖြစ်သည့် ခိုမေးတိုးပါတီ (Komeito) သည် အပိုဘတ်ဂျက်ကိုရေးဆွဲပြီး အကျပ်အတည်းဖြစ်နေသည့် စားသုံးသူများကို ပံ့ပိုးမှုများ တိုးချဲ့ဆောင်ရွက်ရန် လုံလောက်သည့်ရန်ပုံငွေရရှိရေးကို အဆိုပြုထားပါသည်။

ဂျပန်ပြည်တွင်း၌ ကုန်ဈေးနှုန်းများ မြင့်မားလာခြင်းအပြင် အခြားရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်မှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ယန်းငွေတန်ဖိုး ကျဆင်းလာမှုကြောင့် သွင်းကုန်အတွက် ကုန်ကျစရိတ်များ မြင့်တက်လာပြီး သယံဇာတရှားပါးသည့် ဂျပန်နိုင်ငံအတွက် ခေါင်းခဲစရာကိစ္စတစ်ခုဖြစ်လာပါသည်။ သို့သော် ယန်းငွေတန်ဖိုး ကျဆင်းခြင်း၏ အားသာချက်အဖြစ် ပြည်ပသို့ ပို့ကုန်များတင်ပို့သည့် လုပ်ငန်းရှင်များအတွက် အမြတ်ငွေတိုးပွားသည့် အကျိုးကျေးဇူးကို ရရှိစေပါသည်။

စီးပွားရေးနှီးဆွေမှုအစီအမံများတွင် ပါဝင်သည့် အရေးပါသည့် အချက်အနေဖြင့် Kishida ၏ အယ်လ်ဒီပီ (LDP) ပါတီနှင့် ခိုမေးတိုး (Komeito) ပါတီတို့သည် ယခင်နှစ်အစောပိုင်းကထက် ပင်စင်ငွေ ၀.၄ % လျော့ကျသွားသည့် ပင်စင်စားများအတွက် ယခုဧပြီလတွင် ယန်း ၅,၀၀၀ စီ တစ်ကြိမ်တည်းသော ပံ့ပိုးငွေအဖြစ် ဖြန့်ဝေပေးရန် အစီအစဉ်ကို သဘောတူခဲ့ကြပါသည်။

သို့သော် အတိုက်အခံလွှတ်တော်အမတ်များက ထိုသို့ဆောင်ရွက်ခြင်းသည် ယခုနှစ်နွေရာသီတွင်ကျင်းပမည့် အထက်လွှတ်တော် ရွေးကောက်ပွဲမတိုင်မီ အကြီးတန်းမဲဆန္ဒရှင်များကိုဆွဲဆောင်ရန် ကြိုးပမ်းမှုအဖြစ် ရှုမြင်ကာ ဝေဖန်ခဲ့ကြောင်း သိရပါသည်။

ဝန်ကြီးချုပ် Kishida သည် ဧပြီလကုန်အထိ ဓာတ်ဆီလက်လီဈေးနှုန်းများ လျှော့ချရန်အတွက် ဓာတ်ဆီလက်ကားရောင်းချသူများကို တစ်လကြာ ထောက်ပံ့ကြေးများ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

ရင်းမြစ်။ https://japantoday.com. နှင့် https://www.japantimes.co.jp.

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

……………………………………………………………………………………………………

Agribusiness & Trade